ပတ္တမြားငမောက်စာပေ

# မြတ်ဗုဒ္ဓနှင့် မြတ်သာသနာ

ဦးဝမ်ထိန်



ပတ္တမြားမောက်စာပေ

ပဟုသုတသည်တန်ခိုး

ဤလောက၌ ~
မြတ်ဗုဒ္ဓပေါ်ထွန်းလာသောကြောင့်
မြတ်ဓမ္မသည် ပေါ်ထွန်းလာရ၏။
မြတ်ဗုဒ္ဓနှင့်မြတ်ဓမ္မတို့ပေါ်ထွန်းလာသောကြောင့်
မြတ်သံဃာသည် ပေါ်ထွန်းလာရ၏။
ထိုမြတ်ရတနာသုံးပါးတို့ ပေါ်ထွန်းလာသောကြောင့်
ထေရဝါဒမြတ်သာသနာတော်သည် ပေါ်ထွန်းလာရ၏။
ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးကားကြီးမားလှပေစွ။

အမှတ် ၂၈၂၂၁
ရက်စွဲ ၈.၁.၁၄
သုတေသနစာကြည့်တိုက်

# မြတ်ဗုဒ္ဓ

နှင့်

# မြတ်သာသနာ

ဦးဝမ်ထိန်

# မြတ်ဗုဒ္ဓနှင့်မြတ်သာသနာ

ပထမအကြိမ်

အုပ်ရေ – ၁၀၀၀

အောက်တိုဘာလ ၊ ၂၀၁၂ ခုနှစ်

တန်ဖိုး – ၂၅၀၀ ကျပ်

| | |
|---|---|
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ဦးကျော်စိန် (၀၂၉၀၉)<br>ကျောက်စိမ်းအော့ဖ်ဆက်၊<br>၁၇၁၊ ၃၃–လမ်း၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ဦးစိုးတင့်<br>ရွှေပြည်သာစာပေ<br>မန္တလေးကျောင်းတိုက်၊<br>(၆/၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊<br>ရန်ကုန်မြို့။ |
| မျက်နှာဖုံးဒီဇိုင်း | အောင်ဖြိုးသူ (STARS) |
| ကွန်ပျူတာစာစီ | ကောင်း |
| စာအုပ်ချုပ် | ကိုရဲထွန်း |

ဖြန့်ချိရေး

ပြည်လုံးကျွတ်ဖြန့်ချိရေး

အမှတ် ၁၆၈၊ ၃၃လမ်း၊ ရန်ကုန်မြို့။

ဆိုင်ဖုန်း – ၃၈၆၄၀၈၊ ၀၉ ၅၁–၁၄၀၈၆၊ ၀၉–၇၃၀၄၉၁၂၄

အိမ်ဖုန်း – ၃၉၅၀၁၁၊ ၀၉ ၅၁–၁၄၀၈၇

E-mail Address : Kyihtwepadamya@gmail.com

"ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း"

(CIP) ၂၉၄.၃

ဦးဝမ်ထိန်

မြတ်ဗုဒ္ဓနှင့်မြတ်သာသနာ/ဦးဝမ်ထိန်–ရန်ကုန်။

ပတ္တမြားငမောက်စာပေ၊ ၂၀၁၂။

၂၄၄–စာ၊ ၁၄.၅ × ၂၄.၅ စင်တီ။

(၁) မြတ်ဗုဒ္ဓနှင့်မြတ်သာသနာ

# မာတိကာ


* နိဒါန်း ၁၂

အပိုင်း (၁) စုဒ္ဒရတနာ

၁။ အလောင်းတော်သုမေဓာရှင်ရသေ့ ဗျာဒိတ်ခံယူတော်မူခြင်း ၂၀

၂။ အလောင်းတော်သုမေဓာသည် ဘုရားဖြစ်ရန်ပါရမီတော်များကို ဆင်ခြင်တော်မူခြင်း။ ၂၂

၃။ အလောင်းတော်သုမေဓာရှင်ရသေ့အကြောင်း ၂၄

၄။ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း ၂၆

၅။ မြတ်သောအကျင့်ကို ကျင့်တော်မူခြင်း ၂၆

၆။ ဘုရားအလောင်းတော်နတ်သား ပဋိသန္ဓေနေတော်မူခြင်း ၂၇

၇။ ကြည့်ခြင်းကြီးငါးပါးကို ကြည့်တော်မူခြင်း ၂၈

၈။ မိဖုရားကြီး အိပ်မက်,မက်တော်မူခြင်း ၂၉

၉။ ပုဗ္ဗနိမိတ်ကြီး (၃၂)ပါး ထင်လာခြင်း ၃၀

၁၀။ သီရိမဟာမာယာဒေဝီ၏အိပ်မက်ကို ပုဏ္ဏားတို့က နိမိတ်ဖတ်လျှောက်ထားခြင်း ၃၂

၁၁။ အလောင်းတော်ဖွားမြင်တော်မူခြင်း ၃၂

၁၂။ နတ်ပြဟ္မာအပေါင်း တခဲနက်ပူဇော်လာကြခြင်း ၃၃

၁၃။ အလောင်းတော်ကြုံးဝါးသောစကားတော်၏ ပုဗ္ဗနိမိတ်များ ၃၄

၁၄။ ဖွားဖက်တော်(၇)ဦး ၃၅

၁၅။ ကာဠဒေဝီလရသေ့အကြောင်း ၃၅

၁၆။ ရသေ့ကြီး ရယ်ခြင်းနှင့်ငိုခြင်း ၃၆

၁၇။ အလောင်းတော်မင်းသား ခေါင်းဆေးမင်္ဂလာ၊ အမည်ပေးမင်္ဂလာ အခမ်းအနား ကျင်းပပြုလုပ်၍ လက္ခဏာနိမိတ်တို့ကို ဖတ်ကြားခြင်း ၃၆

၁၈။ မယ်တော်သီရိမဟာမာယာနတ်ရွာလားတော်မူခြင်း ၃၈
၁၉။ အလောင်းတော်မင်းသား၏ မဟာပုရိသလက္ခဏာတော်ကြီး (၃၂)ပါး ၃၈
၂၀။ လက္ခဏာတော်ငယ်(၈၀) ၄၀
၂၁။ အလောင်းတော်မြတ်၏ယောကျ်ားမြတ်လက္ခဏာတော်ကြီး(၃၂)ပါးကို
ရတော်မူခြင်း၏ ရှေးကပြုခဲ့သောကောင်းမှုကံများ ၄၂
၂၂။ အလောင်းတော်၏ဆွေတော်မျိုးတော်များ ၄၆
၂၃။ အလောင်းတော်မင်းသားအတွက် အထိန်းတော်များခန့်ထားစီမံခြင်း ၄၇
၂၄။ အလောင်းတော်မင်းသားအား မိထွေးတော်ဂေါတမီက နို့ချိုတိုက်ကျွေး
မွေးမြူ စောင့်ရှောက်တော်မူခြင်း ၄၇
၂၅။ သုဒ္ဓေါဒနမင်းကြီး လယ်ထွန်မင်္ဂလာပွဲပြုလုပ်ကျင်းပခြင်း ၄၈
၂၆။ အလောင်းတော်မင်းသား အာနာပါနပထမဈာန်ကို
ဝင်စားရရှိတော်မူခြင်း ၄၉
၂၇။ အလောင်းတော်မင်းသားရေကစားရန် သိကြားမင်းက မင်္ဂလာ ၅၀
ရေကန်တော်ကို ဖန်ဆင်းပေးတော်မူခြင်း။
၂၈။ အလောင်းတော်မင်းသားစံမြန်းရန် နန်းပြာသာဒ်သုံးဆောင်ကို ၅၀
ဆောက်လုပ်စေခြင်း။
၂၉။ အလောင်းတော် လေးအတတ်ကို ပြတော်မူခြင်း ၅၁
၃၀။ လေးအတတ်ခင်းကျင်းရန် နေရာအခမ်းအနားပြင်ဆင်ခြင်း ၅၂
၃၁။ မြားရေးငယ်(၁၂)မျိုးကို ပြတော်မူခြင်း ၅၃
၃၂။ မြားရေးကြီး(၄)ပါး ၅၄
၃၃။ ထုထည်ကြီး(၇)မျိုး ၅၅
၃၄။ အလောင်းတော်ထီးနန်းသိမ်းပိုက်၍ မင်းအဖြစ်သို့ ရောက်တော်မူခြင်း ၅၅
၃၅။ နိမိတ်ကြီး လေးပါး မြင်တော်မူခြင်း ၅၆
၃၆။ ကိသာဂေါတမီသည် အလောင်းတော်ကိုမြင်၍ ဥဒါန်းကျူးရင့်ခြင်း ၅၈
၃၇။ အလောင်းတော် တောထွက်တော်မူခြင်း ၅၈
၃၈။ အလောင်းတော် ရဟန်းပြုတော်မူခြင်း ၆၀
၃၉။ အလောင်းတော်ရဟန်းသူမြတ် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူခြင်း ၆၁
၄၀။ အလောင်းတော် ဒုက္ကရစရိယာ ကျင့်တော်မူခြင်း ၆၃
၄၁။ ပဉ္စဝဂ္ဂီငါးဦး အလောင်းတော်ထံရောက်ရှိလာကြခြင်း ၆၄
၄၂။ အကျင့်လမ်းစဉ်အမှန်ကို ထိုးထွင်း၍ သိတော်မူခြင်း ၆၆
၄၃။ ပဉ္စဝဂ္ဂီငါးဦးတို့ အလောင်းတော်ထံမှ ထွက်ခွာသွားကြခြင်း ၆၇

၄၄။ အိပ်မက်ကြီးငါးပါးကို မြင်မက်တော်မူခြင်း ၆၇

၄၅။ သုဇာတာသတို့သမီး ဃနာနို့ဆွမ်းကပ်လှူခြင်း ၆၈

၄၆။ ဃနာနို့ဆွမ်းကို ဘုန်းပေးတော်မူခြင်း ၆၉

၄၇။ အပရာဇိတပလ္လင်ထက်၌ထိုင်ကာ ဈာန်ဝင်စားတော်မူခြင်း ၇၀

၄၈။ မာရ်နတ်မင်း၏စစ်ကို အောင်နိုင်တော်မူခြင်း ၇၁

၄၉။ ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း ၇၃

၅၀။ မြတ်စွာဘုရား ဥဒါန်းကျူးရင့်တော်မူခြင်း ၇၈

၅၁။ ဘုရားဖြစ်တော်မူသောအခါ များစွာသော အံ့ဖွယ်တို့ဖြစ်ပေါ်လာခြင်း ၇၈

၅၂။ အလောင်းတော်မြတ်၏ ဆည်းပူးအားထုတ်တော်မူခဲ့သော ပါရမီတော်များ အကျိုးပေးခြင်း ၇၉

၅၃။ သတ္တ သတ္တာဟ ခုနစ်ဌာနစ်နေတော်မူခြင်း ၈၁

၅၄။ ဓမ္မစကြာတရားတော်ဟောကြားတော်မူခြင်း ၈၂

၅၅။ ဗုဒ္ဓမြတ်စွာဘုရား၊ ဘုရားဖြစ်တော်မူပြီးနောက် ဓမ္မရတနာ၊ သံဃရတနာများ ဆက်လက်ပေါ်ပေါက်လာခြင်း ၈၃

၅၆။ မောနေယျရဟန်း အရှင်နာလကသည် မြတ်စွာဘုရားထံရောက်လာခြင်း ၈၄

၅၇။ မြတ်စွာဘုရားကပိလဝတ်ပြည်သို့ ကြွချီတော်မူခြင်း ၈၈

၅၈။ ၄၅-ဝါကာလပတ်လုံး နတ်လူပြဟ္မာသတ္တဝါတို့အား ကယ်မချွေချွတ်တော်မူခြင်း ၉၂

၅၉။ မြတ်စွာဘုရား(၄၅)ဝါအတွင်း ဝါကပ်သီတင်းသုံးတော်မူခဲ့သော ကျောင်းတော်နှင့် နေရာများ ၉၆

၆၀။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း ၉၇

၆၁။ မြတ်စွာဘုရား၏ အလောင်းတော်ကို မီးပူဇော်၍ ဓာတ်တော်များဝေမျှကိုးကွယ်ကြခြင်း ၁၀၂

၆၂။ မြတ်ဗုဒ္ဓ၏ ဂုဏ်တော်(၉)ပါး ၁၀၂

၆၃။ ဗုဒ္ဓ၏ဂုဏ်တော်ကိုပွားများရခြင်းကြောင့် ခံစားရသောအကျိုး ၁၀၅

၆၄။ ဗုဒ္ဓ၏ဉာဏ်တော်များ ၁၀၆

၆၅။ ဝင်္ဂတော် (၁၂) ပါး ၁၀၇

၆၆။ ဘုရားအလောင်းတော်သုံးမျိုး ၁၀၈

၆၇။ မြတ်ဗုဒ္ဓဝင်ဖြစ်တော်စဉ် ၁၀၉

၆၈။ နှစ်ကျိပ်ငါးဆူကုန်သော မြတ်စွာဘုရားတို့၏ ဗုဒ္ဓဝင်အကျဉ်းချုပ် ၁၁၁

၆၉။ ဂေါတမမြတ်စွာဘုရားအလောင်းတော် ဗျာဒိတ်ခံယူခဲ့ပုံ ၁၁၄

## အပိုင်း(၂) ဓမ္မရတနာ


| | | |
|---|---|---|
| ၁။ | ဓမ္မရတနာ | ၁၁၅ |
| ၂။ | အမြဲထာဝရအရေးထားပူဇော်အပ်သော တရားတော် | ၁၁၇ |
| ၃။ | တရားဟူသောအဓိပ္ပာယ်အနှစ်ချုပ် | ၁၁၇ |
| ၄။ | တရားတော်၏ဂုဏ်တော်ကို ပွားများရခြင်း၏အကျိုး | ၁၁၈ |
| ၅။ | တရားအလှူတရားပူဇော်နည်း | ၁၁၉ |
| ၆။ | ဓမ္မ၏အဓိပ္ပာယ်ကို တစ်နည်းအားဖြင့်ဖွင့်ဆိုခြင်း | ၁၁၉ |
| ၇။ | တရားတော်၏ဂုဏ်တော်(၆)ပါး | ၁၂၀ |
| ၈။ | ကုသလကမ္မပထ တရား(၁၀)ပါး | ၁၂၀ |
| ၉။ | အကုသလ ကမ္မပထ တရား(၁၀)ပါး | ၁၂၂ |
| ၁၀။ | ပုညကြိယဝတ္ထု (၁၀)ပါး | ၁၂၂ |
| ၁၁။ | အကုသိုလ်စေတသိက်(၁၄)ပါး | ၁၂၃ |
| ၁၂။ | ကုသိုလ်စေတသိက်(၁၉)ပါး | ၁၂၄ |
| ၁၃။ | ဖဿ (၆)ပါး | ၁၂၅ |
| ၁၄။ | ဝေဒနာ (၆)ပါး | ၁၂၅ |
| ၁၅။ | တဏှာ (၆)ပါး | ၁၂၅ |
| ၁၆။ | စေတနာ (၆)ပါး | ၁၂၆ |
| ၁၇။ | သမထဘာဝနာ | ၁၂၆ |
| | (၁) ကသိုဏ်း (၁၀)ပါး | ၁၂၇ |
| | (၂) အသုဘ (၁၀)ပါး | ၁၂၇ |
| | (၃) အနုဿတိ (၁၀)ပါး | ၁၂၈ |
| | (၄) အပ္ပမညာ (၄)ပါး | ၁၂၉ |
| | (၅) အာဟာရေ ပဋိကူလသညာ (၁)ပါး | ၁၂၉ |
| | (၆) စတုဓာတုဝဝတ္ထာန် (၁)ပါး | ၁၂၉ |
| | (၇) အာရုပ္ပ (၄)ပါး | ၁၂၉ |
| ၁၈။ | မိမိ၏စရိုက်ကိုလိုက်၍ ကမ္မဋ္ဌာန်းတို့ကို ရွေးချယ်ခြင်း | ၁၃၀ |
| ၁၉။ | ဈာန်လမ်းစဉ် | ၁၃၁ |
| ၂၀။ | ဈာန်နှင့်ဈာန်ရခြင်းဟူသော အဓိပ္ပာယ် | ၁၃၁ |
| ၂၁။ | စရိုက်(၆)ပါးနှင့် ရွေးချယ်သင့်သော ကမ္မဋ္ဌာန်း | ၁၃၂ |
| ၂၂။ | ဝသီဘော် (၅)ပါး | ၁၃၃ |
| ၂၃။ | ဓာတ်ကြီး (၄)ပါး | ၁၃၃ |

၂၄။ လက္ခဏာရေး ၃ ပါး ၁၃၄

၂၅။ ရုပ် ၄ မျိုး ၁၃၄

၂၆။ ပဋိသန္ဓေ ၃ မျိုး ၁၃၄

၂၇။ ပိဋကသုံးပုံ ၁၃၄

၂၈။ ပိဋကသုံးပုံကိုရေတွက်မှတ်သားနည်း နောက်တစ်နည်း ၁၃၇

၂၉။ ဗောဓိပက္ခိယတရား (၃၇)ပါး ၁၃၈

(၁) သတိပဋ္ဌာန် (၄)ပါး

(၂) သမ္မပ္ပဓါန် (၄)ပါး

(၃) ဣဒ္ဓိပါဒ် (၄)ပါး

(၄) ဣန္ဒြေ (၅)ပါး

(၅) ဗိုလ် (၅)ပါး

(၆) ဗောဇ္ဈင် (၇)ပါး

(၇) မဂ္ဂင် (၈)ပါး

၃၀။ သုတ္တန်တရားတော် ၁၄၀

၃၁။ ဝိနည်းတရားတော် ၁၄၁

၃၂။ အဘိဓမ္မာတရားတော် ၁၄၃

၃၃။ ဓမ္မစကြာတရားတော်၏အနှစ်ချုပ် ၁၄၅

၃၄။ အနတ္တလက္ခဏသုတ်တရားတော်အနှစ်ချုပ် ၁၄၉

၃၅။ ဒုက္ခခပ်သိမ်းကင်းငြိမ်းရာအမှန်ပြည်နိဗ္ဗာန် ၁၅၁

၃၆။ ဝိပဿနာဘာဝနာ ၁၅၃

၃၇။ သတိပဋ္ဌာန်နည်းဖြင့် ရှုမှတ်ခြင်း ၁၅၅

၃၈။ နီဝရဏတရား ၅ ပါး ၁၅၆

၃၉။ ဝိပဿနာ ဉာဏ်စဉ် ၁၀ ပါး ၁၅၆

၄၀။ ဝိပဿနာ သမ္မာဒိဋ္ဌိ ၁၅၇

၄၁။ အမြတ်ဆုံးသော ရှုမှတ်ပွားများ၍နေခြင်း ၁၅၈

၄၂။ မြတ်စွာဘုရားဟောကြားအပ်သော မဟာသတိပဋ္ဌာန သုတ်တော်လာ ဝိပဿနာရှုမှတ်နည်း ၁၅၈

၄၃။ မဂ္ဂင်(၈)ပါး၏ သဘောအချုပ် ၁၆၂

၄၄။ မဂ်ဉာဏ်ပေါ်ပေါက်လာပုံ ၁၆၄

၄၅။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် ပယ်ရမည့်တရားများ ၁၆၅

၄၆။ ကိလေသာ (၁၀)ပါးကို အဆင့်သုံးဆင့်ခွဲပြခြင်း ၁၆၆

၄၇။ ပရမတ္ထတရား ၄–ပါး ၁၆၇
၄၈။ ဝိညာဏ်များ ပေါ်ပေါက်လာပုံ ၁၆၈
၄၉။ အာရုံ ၆ ပါး ၁၆၉
၅၀။ ဝိညာဏ် ၆ ပါး ၁၆၉
၅၁။ ပဋ္ဌာန်းဒေသနာတော်အကျဉ်းချုပ် ၁၇၀
၅၂။ ပဋိစ္စသမုပ္ပါဒ်တရားတော်အကျဉ်းချုပ် ၁၇၇
၅၃။ ဥပေက္ခာ(၁၀)ပါး ၁၇၉
၅၄။ မီး(၁၁)ပါး ၁၈၀
၅၅။ စရိယ(၃)မျိုး ၁၈၁
၅၆။ မဟာဘိသမယ ဓမ္မသဘင်ကြီးများ ၁၈၁
၅၇။ ကိလေသာကို ပယ်နည်းများ ၁၈၃
၅၈။ မြတ်စွာဘုရား နောက်ဆုံးဟောကြားတော်မူခဲ့သော တရားတော်များ ၁၈၄
(၁) မြတ်စွာဘုရား သုဘဒ်ရဟန်းကြီးအား မိန့်ကြားသောတရားတော်
(၂) မြတ်စွာဘုရား အရှင်အာနန္ဒာအား မိန့်ကြားသောတရားတော်
(၃) မြတ်စွာဘုရား ရဟန်းတို့အား မိန့်ကြားသော တရားတော်
၅၉။ သာသနာတော်ကို စောင့်ထိန်းတော်မူခဲ့ကြသော သံဃာတော် အရှင်မြတ်များ၏ သံဂါယနာ အကြိမ်ကြိမ်တင်တော်မူခဲ့ကြပုံ ၁၈၅
၆၀။ တတိယသံဂါယနာတင်ပြီးနောက် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုအဖွဲ့များ စေလွှတ်ခြင်း ၁၉၁

## အပိုင်း(၃) ထံဃရတနာ

၁။ သံဃ ရတနာ ၁၉၂
၂။ အတိုင်းမသိကြီးမားလှသည့် သံဃဂုဏ်တော်များ ၁၉၃
၃။ သံဃာနှင့်ကျင့်ဝတ်သိက္ခာပုဒ်များ ၁၉၄
၄။ သံဃာကို ရည်မှန်းပြီး လှူဒါန်းရသော ကုသိုလ်အကျိုးကြီးမားပုံ ၁၉၅
၅။ သံဃာတော်အရှင်မြတ်တို့၏ သာသနာတော်ကို စောင့်ရှောက်ခဲ့ကြပုံ ၁၉၆
၆။ စံတော်ဝင်အရိယာ သံဃာတော်များ ၁၉၇
(၁) အရှင်သာရိပုတ္တရာ မထေရ် ၁၉၈
(၂) အရှင်သာရိပုတ္တရာ မထေရ်၏ ရှေးအကြောင်း ၂၀၁
(၃) အရှင်မဟာ မောဂ္ဂလာန် မထေရ် ၂၀၃
(၄) အရှင်သာရိပုတ္တရာနှင့်အရှင်မဟာမောဂ္ဂလာန်မထေရ်တို့၏ ရှေးအကြောင်း ၂၀၄

(၅) အရှင်မဟာကဿပ မထေရ် ၂၀၆
(၆) အရှင်ဥရုဝေလ ကဿပ မထေရ် ၂၀၈
(၇) အရှင်အနုရုဒ္ဓါမထေရ် ၂၀၉
(၈) အရှင်မန္တာဏိပုတ္တ-ပုဏ္ဏ မထေရ် ၂၁၁
(၉) အရှင်သီဝလိ မထေရ် ၂၁၃
(၁၀) အရှင်သုဘူတိ မထေရ် ၂၁၄
(၁၁) အရှင်ဝက္ကလိ မထေရ် ၂၁၅
(၁၂) အရှင်ရာဟုလာမထေရ်နှင့် အရှင်ရဋ္ဌပါလမထေရ် ၂၁၆
(၁၃) အရှင်အာနန္ဒာ မထေရ် ၂၁၈
(၁၄) အရှင်ဗာဟိယ-ဒါရုစီရိယမထေရ် ၂၂၂
(၁၅) အရှင်ဥပါလိမထေရ် ၂၂၃
(၁၆) အရှင်နန္ဒမထေရ် ၂၂၄
(၁၇) အရှင်ကာဠုဒါယီမထေရ် ၂၂၅
(၁၈) အရှင်ဗာကုလ မထေရ် ၂၂၇
(၁၉) အရှင်ရာဓ မထေရ် ၂၂၈
(၂၀) အရှင်ဒဗ္ဗ မထေရ် ၂၂၉
(၂၁) အရှင်ရေဝတ မထေရ် ၂၂၉
(၂၂) အရှင် ကစ္စည်း မထေရ် ၂၃၀
(၂၃) ဂေါတမမြတ်စွာဘုရားလက်ထက် ဧတဒဂ်ဘွဲ့ရ-ရဟန္တာ
မထေရ်မြတ် (၄၁)ဦး ၂၃၁
(၂၄) မြတ်စွာဘုရား၏ ဧတဒဂ်ထားခြင်းခံရသော ရဟန်းမိန်းမ(၁၃)ဦး ၂၃၃
(၂၅) ဂေါတမမြတ်စွာဘုရားလက်ထက် လက်ျာရံ-ရဟန္တာမထေရ်(၄၀) ၂၃၄
(၂၆) ဂေါတမမြတ်စွာဘုရားလက်ထက် လက်ဝဲရံ-ရဟန္တာမထေရ်(၄၀) ၂၃၅
(၂၇) ဘုရားရှင်၏ ဧတဒဂ်ထားခြင်းခံရသော လူပုဂ္ဂိုလ် ၂၃၆
(ယောက်ျား) (၁၀)ယောက်
(၂၈) ဘုရားရှင်၏ ဧတဒဂ်ထားခြင်းခံရသော လူပုဂ္ဂိုလ် ၂၃၆
(မိန်းမ) (၁၀)ယောက်

<u>နောက်ဆက်တွဲ</u>

▲မြန်မာနိုင်ငံနှင့်ဗုဒ္ဓသာသနာ ၂၃၇
▲မှီငြမ်းပြုစာအုပ်စာတမ်းများ ၂၄၁

# နိဒါန်း

လောကသုံးခွင် ဘုံအပြင်ဝယ် တစ်ဆူတည်းဖြစ်တော်မူသော သဗ္ဗညုမြတ်စွာ ဘုရားရှင်သည် သတ္တဝါတို့၏ သန္တာန်ထဲ၌ စိုးမိုးချုပ်ချယ်မင်းမူလျက် နှိပ်စက်ညှဉ်းဆဲနေသော ကိလေသာဟူသမျှကို ဖယ်ရှားငြိမ်းသတ်ကာ ထာဝရ ငြိမ်းချမ်းသောနေရာသို့ လမ်းညွှန်ပို့ဆောင်နိုင်သည့် တစ်ဦးတည်းသော ပုဂ္ဂိုလ်မြတ်ကြီးလည်း ဖြစ်ပေသည်။

ထိုမြတ်စွာဘုရားသည် မဟာသက္ကရာဇ်(၁၀၃)ခုနှစ်တွင် ဗုဒ္ဓစင်စစ် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် (၄၅)ဝါကာလပတ်လုံး မရေမတွက်နိုင်အောင် များပြားလှသည့် လူနတ်ဗြဟ္မာသတ္တဝါတို့အား သံသရာရေအလျဉ်ထဲမှ ဆယ်ထုတ်ကယ်တင်ပြီး မဟာသက္ကရာဇ် (၁၄၈)ခုနှစ်တွင် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့လေပြီ။

မြတ်စွာဘုရားသည် သတ္တဝါအပေါင်းတို့၏ စီးပွားချမ်းသာအကျိုးငှာ ဤလောက၌ ဖြစ်ထွန်းပေါ်ပေါက်လာပြီးနောက် သတ္တဝါတို့ ရှိခိုးပူဇော်ဆည်းကပ်နိုင်ကြစေရန်ဘုရားတည်းဟူသော ဗုဒ္ဓရတနာသည် ပေါ်ထွန်းခဲ့လေသည်။ ထိုမြတ်စွာဘုရားသည် သတ္တဝါတို့၏ရင်ထဲ၌ လောင်မြိုက်နှိပ်စက်နေသော ကိလေသာ အပူမီးကို ငြိမ်းသတ်နိုင်ရန်အလို့ငှာ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်ပရိယတ်ဟုဆိုအပ်သော (၁၀)ပါးသော တရားတော်မြတ်ကို ဟောကြားညွှန်ပြ ဆုံးမတော်မူခဲ့ပြန်ရာ ဤလောက၌ ဒုတိယရတနာမြတ်ဖြစ်သော ဓမ္မရတနာသည် ပေါ်ထွန်းခဲ့လေသည်။ ထိုဗုဒ္ဓရတနာ၊ ဓမ္မရတနာတို့နှင့်အတူ တ(တိ)ယရတနာဖြစ်သော သံဃရတနာသည်လည်း ပေါ်ထွန်းခဲ့ပြန်လေသည်။

ထို့ကြောင့် သံသရာတွင် ကြုံဆုံရန်ခက်ခဲလှသော၊ ဗုဒ္ဓ၊ ဓမ္မ၊ သံဃဟူသော အသ(ုံး)ပင် ကြားရန်ခက်ခဲလှသော၊ ကိုယ်တိုင် ဆည်းကပ်ကိုးကွယ်နိုင်ရန်အဖို့မူကား လွန်စွာ(ခက်)ယဉ်းလှသော မြတ်ဗုဒ္ဓ၏သာသနာမြတ်ကြီးနှင့် ကြုံဆုံခွင့်ရကြသည့် ကျွန်ုပ်တို့အဖို့ အတိုင်း မသိဝမ်းမြောက်ဂုဏ်ယူဖွယ်ကောင်းလှပေသည်။ ဝမ်းမြောက်ဂုဏ်ယူနေရုံမျှနှင့် လုံလောက်ဦးမည်မဟုတ်သေး။ ထိုဗုဒ္ဓရတနာကို ကိုးကွယ်ဆည်းကပ်တတ်ရန် ဓမ္မရတနာကို ကိုယ်တိုင်နှလုံးအိမ်ထဲထည့်၍ ကျင့်သုံးဆောက်တည်တတ်ရန်၊ သံဃရတနာကို "အနုတ္တရံ ပုညခေတ္တံလောကဿ"ဟူသော ဂုဏ်တော်နှင့်အညီ သံဃာတော်တို့၌ ကောင်းမှုမျိုးစေ့များကို စိုက်ပျိုးကြဲချတတ်ရန် အရေးကြီးလှပေသည်။

သို့မှသာလျှင် –

ဗုဒ္ဓေါလောကေ သမုပ္ပန္နော ဟိတာယသဗ္ဗပါဏိနံ

ဓမ္မောလောကေ သမုပ္ပန္နော သုခါယသဗ္ဗပါဏိနံ

သံဃောလောကေ သမုပ္ပန္နော ပုညခေတ္တံအနုတ္တရံ–ဟူသော ဘုရားဟော ဂါထာတော်နှင့်အညီ အကျိုးထူးများကို ရရှိခံစားနိုင်ကြပေမည်။

ဤအကျိုးထူးတရားများကို ရရှိခံစားနိုင်ကြစေခြင်းငှာ ဤစာအုပ်ကို အပတ်တကုတ်ရေးသားပြုစုခဲ့ရပေသည်။ ဗုဒ္ဓရတနာတည်းဟူသော ဂေါတမမြတ်စွာဘုရား၏ ဘုရားမဖြစ်မီဘဝနှင့် ဘုရားဖြစ်ပြီးဘဝ အခြေအနေ၊ ဘုရားအဖြစ်သို့ ရောက်တော်မူပုံ၊ သတ္တဝါတို့အား အစဉ်သနားသဖြင့် ညွှန်ပြကယ်မစောင့်ရှောက်တော်မူပုံ၊ ဝိနည်း၊ သုတ္တန်၊

အဘိဓမ္မာတရားဒေသနာတို့ကို ဟောကြားထုတ်ဖော်ခြင်း၊ ပဉ္စဝဂ္ဂီရဟန်းငါးဦးမှအစ များစွာသော အရိယာသံဃာတော်များ ဖြစ်ထွန်းပေါ်ပေါက်စေခြင်းတို့ဖြင့် ဤလောက၌ ဓမ္မရတနာနှင့် သံဃရတနာတို့ ဆက်လက်ပေါ်ပေါက်စေတော်မူခဲ့ပုံတို့ကို ရတနာသုံးပါး၌ သက်ဝင်ယုံကြည်သူ၊ သူတော်ကောင်းတို့ လွယ်လင့်တကူ ဖတ်ရှုကြည်ညို၊ လိုက်နာ ကျင့်ကြံနိုင်ရန် ဖော်ပြထားပေသည်။

မြတ်ဗုဒ္ဓ၏ဖွားတော်မူပုံကအစ ပရိနိဗ္ဗာန်စံဝင်တော်မူပုံအထိ သိသင့်သိထိုက်သော အဖြစ်တော်စဉ်တို့ကို မကျဉ်းမကျယ် သာမန်စာဖတ်သူတို့ သိနားလည်စေရန် ရည်ရွယ် ရေးသားထားသဖြင့် **ဗုဒ္ဓဝင်**အနေဖြင့်လည်းကောင်း၊ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန် ပရိယတ်ဟု ဆိုအပ်သော (၁၀)ပါးသော တရားတော်နှင့် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာဟူ သော ပိဋကတ်တော်များ၊ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူသော ပရမတ္ထတရား(၄)ပါး၊ သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓါန်လေးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်(၈)ပါး စသော ဗောဓိပက္ခိယတရား(၃၇)ပါး၊ သမထ၊ ဝိပဿနာကျင့်စဉ်များ၊ ဝိပဿနာဉာဏ်စဉ်များ စသဖြင့် ဓမ္မဆိုင်ရာ အကြောင်းရပ်များကို ဖော်ပြထားသဖြင့် **ဓမ္မလမ်းညွှန်**အနေဖြင့်လည်း ကောင်း၊ မြတ်စွာဘုရား၏သာသနာတော်တွင် အရှင်ကောဏ္ဍညစသော ပဉ္စဝဂ္ဂီ မထေရ် မြတ်များ၊ ယသ သူဌေးသားနှင့်အပေါင်းပါတို့ ရဟန်းပြုရာမှ ပေါ်ထွန်းလာသော ယသ မထေရ်နှင့်အခြား မထေရ်များ၊ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန် စသော အဂ္ဂသာဝကကြီးများ၊ အရှင်မဟာကဿပမထေရ်၊ အရှင်အာနန္ဒာမထေရ်၊ အရှင်အနုရုဒ္ဓါ မထေရ် စသော ဧတဒဂ်ဘွဲ့ရမထေရ်ကြီးများအကြောင်းနှင့် မြတ်စွာဘုရားပရိနိဗ္ဗာန်စံဝင် ပြီးနောက် သာသနာတော်အဓွန့်ရှည်ကြာတည်တံ့နိုင်စေရန် မထေရ်အရှင်မြတ်ကြီးများက ပိဋကတ်တော်များကို သံဂါယနာပွဲ(၆)ကြိမ် ကျင်းပကာ မြတ်စွာဘုရားဟောကြားတော် မူအပ်သည့် မူရင်းအတိုင်းရှိစေရန် အားထုတ်ကြိုးပမ်းခဲ့ကြပုံများ စသည်တို့ကိုပါ ထည့်သွင်းဖော်ပြထားသဖြင့် မြတ်စွာဘုရားလက်ထက်ရှိ မထေရ်မြတ်ကြီးများ၏ ကြည်ညိုဖွယ် **အတ္ထုပ္ပတ္တိ**အဖြစ်လည်းကောင်း ဖတ်ရှုနိုင်ကြမည်ဖြစ်ပေသည်။

မည်သို့ဆိုစေ ဤစာအုပ်ကို **"မြတ်ဗုဒ္ဓနှင့်မြတ်သာသနာ"**ဟု အမည်ပေးထား သည့်အတိုင်း ဗုဒ္ဓရတနာ၊ ဓမ္မရတနာ၊ သံဃရတနာတို့၏ ဂုဏ်တော်မြတ်များကို ကြည်ညို ပွားများရင်း ဗုဒ္ဓသာသနာတော်ကြီးဟု ဆိုအပ်သော "မကောင်းမှုမှရှောင်ကြဉ်ခြင်း၊ ကောင်းမှု နှင့် ပြည့်စုံစေခြင်း၊ စိတ်နှလုံးဖြူစင်စွာထားရှိခြင်း" ဟူသည့် အဆုံးအမများ၊ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာဟူသော ဘုရားဟောပိဋကတော်များ၊ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ ဟူသော သင်ယူ၊ ကျင့်ကြံ၊ ထိုးထွင်းသိမြင်ခြင်းဆိုင်ရာ သာသနာပြုလုပ်ငန်းများ ကို ကျင့်ကြံထိန်းသိမ်းစောင့်ရှောက်လိုသည့် ကုသိုလ်စိတ်များပေါ်ပေါက်လာရာမှ လူချမ်းသာ၊ နတ်ချမ်းသာနှင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြမည်မှာ အမှန်ပင်ဖြစ်ပါ သတည်း။

ဦးဝမ်ထိန်

# ကျေးဇူးမှတ်တမ်း

လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးကို ပေးစွမ်းနိုင်မည့် ဤ **"ဖြတ်ဗုဒ္ဓနှင့်ဖြတ်သာသနာ"** စာအုပ်ကို မြင့်မြတ်သောစိတ်၊ မှန်ကန်သော သဒ္ဓါစေတနာဖြင့် စီစဉ်ရိုက်နှိပ်ထုတ်ဝေပေးသော ရန်ကုန်မြို့၊ ပတ္တမြားငမောက်စာပေမှ တာဝန်ခံ ဆရာ ဦးကြည်ထွေးနှင့်ဒေါ်ဝင်းသန္တာတို့အား အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

*စာရေးသူ*

# ဗုဒ္ဓရတနာ

"မြတ်စွာဘုရား"ဟူသော ဗုဒ္ဓရတနာသည် လူပြည်၌လည်းကောင်း၊ နတ်ပြည်၌လည်းကောင်း၊နဂါးပြည်၊ဂဠုန်ပြည်တို့၌လည်းကောင်းရှိရှိသမျှသောရတနာအပေါင်းတို့ထက် တုနှိုင်းဖွယ်မမြင်၊ တန်ဖိုးရှိလှသော အမြတ်ဆုံးရတနာတစ်ပါးဖြစ်ပေ၏။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးအား တွေ့ဆုံဖူးမြင်ခွင့်ရရန်မဆိုထားနှင့်။ မြတ်စွာဘုရား ဟောကြားအပ်သော တရားတော်ကို နာကြားခွင့်ရရန်မဆိုထားနှင့်။ မြတ်စွာဘုရား(ဗုဒ္ဓ) ဟူသော အသံမျှကိုပင် ကြားခွင့်ရရန် လွန်စွာခက်ခဲလှ၏။

## မဟာကပ္ပိနမင်းကြီးနှင့် မြတ်စွာဘုရားဟူသော အသံတော်

ကုက္ကုဋဝတီပြည်ကြီးကို အစိုးရသော မဟာကပ္ပိနမင်းကြီးသည် တစ်နေ့သော အခါ အမတ်တစ်ထောင်ခြံရံလျက် ဥယျာဉ်တော်သို့ ထွက်လာ၏။ ထိုအခါ ခရီးမှ ပြန်လာကြကုန်သော ကုန်သည်ငါးရာတို့အား ရှေ့တော်သို့ခေါ်ယူကာ "အမောင်တို့ ... အဘယ် အရပ်မှ လာကြသနည်း"ဟု မေးသောအခါ ကုန်သည်တို့က ဤနေပြည်တော်မှ ယူဇနာ (၁၂၀)ဝေးသော သာဝတ္ထိပြည်မှ လာကြပါ၏ဟု ပြန်လည်လျှောက်ထားကြ၏။

မင်းကြီးကတစ်ဖန်ဆက်၍ "အမောင်တို့ ... ထိုသာဝတ္ထိပြည်၌ တစ်စုံတစ်ခုသော သတင်းထူးသတင်းဆန်းကို ကြားသိခဲ့ကြပါသလော"ဟု မေးမြန်း၏။ ထိုအခါ ကုန်သည်တို့က "အရှင်မင်းကြီး ... ထိုသာဝတ္ထိပြည်အရပ်၌ မြတ်စွာဘုရားရှင်သည် ပွင့်ထွန်းတော်မူ နေပါသည်"ဟု လျှောက်ထားလေလျှင် –

မင်းကြီးသည် ထိုခဏ၌ပင် ပီတိငါးမျိုးကိုယ်လုံးဖြိုးလျက် တစ်စုံတစ်ရာကိုမျှ မမှတ်သားနိုင်တော့ဘဲ ခေတ္တမျှ ငြိမ်သက်သွားပြီးနောက် "အမောင်တို့ ... အဘယ်သို့သော သတင်းစကားကို လျှောက်ထားလိုက်ကြသနည်း"ဟု မေးမြန်းရာ ကုန်သည်တို့ကလည်း "အရှင်မင်းကြီး–လောက၌ မြတ်စွာဘုရားသည် ပွင့်ထွန်းတော်မူနေပါသည်"ဟု ထပ်မံ လျှောက်ထားကြကုန်၏။

မင်းကြီးသည် နှစ်ကြိမ်မြောက်လည်းကောင်း၊ သုံးကြိမ်မြောက်လည်းကောင်း၊ လေးကြိမ်မြောက်လည်းကောင်း မေးတော်မူရာ မိမိနားကိုပင် မယုံနိုင်သဖြင့် တစ်ဖန် ဆက်၍ "အမောင်တို့ ... အဘယ်သို့သော သတင်းစကားကို လျှောက်ထားလိုက်ကြသနည်း"ဟု မေးမြန်း၏။ ကုန်သည်တို့ကလည်း ရှေးနည်းအတူပင် "အရှင်မင်းကြီး ... ယခုအခါလောက၌ မြတ်စွာဘုရားသည် ပွင့်ထွန်းနေတော်မူပါသည်"ဟု ထပ်မံ လျှောက်ထားလေသော် "အမောင်တို့– အမောင်တို့အား ဤသတင်းကို လျှောက်ထားကြသည့် အတွက် အသပြာတစ်သိန်း ငါဆုတော်ပေးသနားတော်မူမည်ဟု မိန့်တော်မူ၏။

မဟာကပ္ပိနမင်းကြီးလည်း ကိုယ်လုံးအနှံ့တစိမ့်စိမ့်ပေါ်ထွက်လာသော အေးချမ်းငြိမ်းသက်သန့်ရှင်းသည့် ပီတိအဟုန်ကြောင် ထိုဗုဒ္ဓဟူသည့် မြတ်စွာဘုရား၏ ရုပ်ပုံလွှာသည် ရှေ့တွင် ပေါ်ထွက်လာကာ ရင်နှင့်အမျှသော ဦးခိုက်ပူဇော်ခြင်းများစွာဖြင့် မတုန်မလှုပ်ငြိမ်သက်စွာ လက်အုပ်ချီရပ်နေလေ၏။

ခဏကြာလျှင် မင်းကြီးသည် ကုန်သည်တို့ဘက်လှည့်၍ "အမောင်တို့ … ငါသည် မြတ်စွာဘုရားပွင့်တော်မူနေကြောင်း ကြားသိရပြီဖြစ်၍ ထိုမြတ်စွာဘုရားအထံတော်သို့ ယခုပင်သွားပါတော့အံ့။ ရွှေနန်းတော်သို့ တစ်ဖန် မပြန်တော့ပြီ။ ထိုမြတ်စွာဘုရားထံ၌ ရဟန်းပြုတော့အံ့" ဟုဆိုကာ ထိုခဏမှာပင် မြတ်စွာဘုရား သီတင်းသုံးရာဆီသို့ ရည်မှန်းပြီးတောထွက်သွားလေတော့၏။

## အနာထပိဏ်သူဌေးနှင့် မြတ်စွာဘုရားတူသောအသံတော်

နောင်အခါ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်ကြီး၏ ဒါယကာဖြစ်လာမည့် အနာထပိဏ်သူဌေးသည် သာဝတ္ထိမြို့မှ ရာဇဂြိုဟ်သို့ရောက်လာရာ မိတ်ဆွေဝိသာလသူဌေးထံမှ မြတ်စွာဘုရားဟူသော အသံကိုကြားရ၍ ဝမ်းမြောက်ခြင်း ပီတိတို့သည် ဖြစ်ကုန်၍ ချက်ချင်းပင် "အချင်းဝိသာလ–ဘုရားဟူသော သတင်းစကားကို ကြားရုံမျှပင် အတိဒုလ္လဘရခဲတောင်းပင် ဖြစ်ပေသည်။ ထိုထက်ပို၍ မြတ်စွာဘုရားသက်တော်ထင်ရှားရှိကြောင်းကို သိရပြန်သဖြင့်လည်း အဆရာထောင်မက ဝမ်းသာပါ၏။ ငါတို့၏ လူအဖြစ်ကိုရခြင်းသည် ကောင်းမြတ်လှပေစွ။ ယခုပင် ငါ့အား သဗ္ဗညုမြတ်စွာဘုရားထံပို့ပေးပါလော့"ဟု တောင်းပန်၏။

ဝိသာလသူဌေးသည် ထိုစကားကိုကြားလျှင် "အချင်း–အနာထပိဏ်၊ ယနေ့ကား အချိန်မဟုတ်ပြီ။ နက်ဖြန်နံနက် မိုးသောက်လတ်သော် သဗ္ဗညုမြတ်စွာဘုရားသည် ငါတို့အိမ်သို့ ကြွလာအံ့။ ထိုအခါမှ အားရအောင် သင်ဖူးမြင်ပါလော့"ဟုဆိုလေလျှင် အနာထပိဏ်သူဌေးလည်း နက်ဖြန်နံနက်တွင် ငါသည် မြတ်စွာဘုရားရှင်ကို ဖူးမြင်ရပေတော့အံ့–ဟု ငါးပါးသော ပီတိတို့ဖြင့် ထုံလျက် မြတ်စွာဘုရားဂုဏ်ကျေးဇူးတော်ကို အောက်မေ့၍ အိပ်လေ၏။

အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားအား ဖူးတွေ့လိုသော စိတ်ဆန္ဒသည် ကြီးမားပြင်းထန်လေရကား အိပ်မပျော်နိုင်ဘဲ တတိယယံသို့ ရောက်လေသော် မိုးလင်းပြီးဟူသောအမှတ်ဖြင့် မြတ်စွာဘုရားရှိရာသို့ ထွက်ခဲ့၏။ သူဌေးလည်း လွင်တီးခေါင်၌ စင်္ကြံကြွနေသော မြတ်စွာဘုရားနှင့်တွေ့၍ တရားနာရသောအခါ သောတာပတ္တိဖိုလ်၌ တည်လေ၏။

## ကာဠီအမျိုးသမီးနှင့်မြတ်စွာဘုရားတူသောအသံတော်

ရာဇဂြိုဟ်ပြည်၌ ကာဠီမည်သော အမျိုးသမီးသည်ရှိ၏။ အရွယ်ရောက်လေသော် ကုရရဃရမြို့၌ အမျိုးသားတစ်ဦးနှင့် အိမ်ထောင်ကျ၍ ကိုယ်ဝန်ရှိသောအခါ သားကို မွေးဖွားရန် မိဖများရှိရာ ရာဇဂြိုဟ်ပြည်သို့ ပြန်လာလေ၏။ တစ်နေ့သော် ကာဠီအမျိုးသမီး သည် ဖွားမြင်အံ့သော ကိုယ်ဝန်၏ပင်ပန်းခြင်းကို ပယ်ဖျောက်ရန်အလို့ငှာ အိမ်ပြာသာဒ် ထက်သို့တက်၍ လေညှင်းခံကာရပ်နေ၏။

ထိုစဉ်တွင် ပြာသာဒ်အထက် ကောင်းကင်ယံ၌ သာတာဂိရနတ်မင်းကြီးနှင့် ဟေမဝတနတ်မင်းနှစ်ပါးတို့သည် တွေ့ဆုံကာ သာတာဂိရနတ်မင်းက ဟေမဝတနတ်မင်း အား "အဆွေနတ်မင်း–ယခုအခါ လောကသုံးခွင်ဘုံအပြင်၌ ခပ်သိမ်းသောတရားအပေါင်း ကို ကိုယ်တော်တိုင်သိမြင်တော်မူပေသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ပွင့်ထွန်း တော်မူ၍ ဣသိပတနမည်သော မိဂဒါဝုန်တောကြီးတွင် ဓမ္မစကြာတရားတော်ကိုဟော တော်မူလျက်ရှိနေ၏။ ထိုမြတ်စွာဘုရားထံသွား၍ ဝဋ်ဒုက္ခမှလွတ်မြောက်ရာအမှန် နိဗ္ဗာန် ရောက်ကြောင်း တရားကို လျှောက်ထားမေးမြန်းရန် သွားကြပါစို့"ဟု ပြောလိုက်သော အသံကို ကြားလိုက်ရသောအခါ ထိုကာဠီအမျိုးသမီးသည် မြတ်စွာဘုရားဟူသော ပုဂ္ဂိုလ်မြတ်ကြီး၏ ဂုဏ်တော်များကို အထပ်ထပ်အခါခါပွားများဆင်ခြင်ရင်းနှင့်ပင် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဤသို့လျှင် မြတ်ဗုဒ္ဓ၏အခါမလင့်အကျိုးပေးနိုင်သော တရားတော်မြတ်ကို နာကြားရခြင်းကို မဆိုထားနှင့် "မြတ်စွာဘုရား"ဟူသောအသံကို တစ်ပါးသူထံမှတစ်ဆင့် ကြားရုံမျှနှင့်ပင် သောတာပတ္တိဖိုလ်၌တည်စေကာ အရိယာအဖြစ်သို့ ရောက်အောင် ပို့ဆောင်ပေးနိုင်ပါပေ၏။ အံ့ချီးဖွယ်ကောင်းပေစွ။

## ဗုဒ္ဓ၏ဂုဏ်တော်ကို အောက်မေ့ပွားများရခြင်း၏အကျိုး

မြတ်စွာဘုရား၏ အရဟံအစရှိသော ဂုဏ်တော်များကို အဖန်တလဲလဲပွားများရ သော အကျိုးသည် ကြီးမားလှ၏ဟု မြတ်စွာဘုရားသည် နန္ဒရသေ့ဘဝမှ ရဟန္တာဖြစ် လာသော "သုဘူတိ"မထေရ်မြတ်အား အကြောင်းပြု၍ ဤသို့ဟောကြားတော်မူခဲ့၏။

"ထိုနန္ဒရသေ့သည် လွန်လေပြီးသော ပဒုမုတ္တရာဘုရားရှင်လက်ထက်အခါက ရသေ့ အဖြစ် ဘုရားရှင်အား ပန်း၊ သစ်သီးတို့ကို ကပ်လှူပူဇော်ခဲ့၏။ ထိုအခါ ဘုရားရှင်က–

နန္ဒရသေ့ – သင်သည် ဘာဝနာတကာတို့ထက် အမြတ်ဆုံးဖြစ်သော ဗုဒ္ဓါနုဿတိ ဘာဝနာကို စီးဖြန်းပါလော့။ ဗုဒ္ဓါနုဿတိဘာဝနာကို စီးဖြန်းရသော ကောင်းမှုကြောင့် သင်သည် ကမ္ဘာသုံးသောင်းပတ်လုံး နတ်ပြည်၌မွေ့လျော်ရအံ့။ နတ်တို့ကို အစိုးရသော သိကြားမင်းအကြိမ်ပေါင်း(၈၀)၊ စကြဝတေးမင်း အကြိမ်ပေါင်း(၁၀၀၀)ဖြစ်ရအံ့။

ပဒေသရာဇ်မင်းအဖြစ်ကား မရေမတွက်နိုင်အောင် ဖြစ်ရအံ့။ သင်သည် ဘဝကြီးငယ်တို့၌ အသုံးအဆောင်ဥစ္စာရတနာတို့ကိုပြည့်စုံစွာ ရရှိပြီး ကုဋေရှစ်ဆယ်သောဥစ္စာကိုစွန့်၍ ရဟန်းပြုပြီးလျှင် "သုဘူတိ"အမည်ဖြင့် တေဒဂ် ရဟန္တာမြတ် ဖြစ်လတ္တံ့။"ဟု ဗျာဒိတ်စကား မြွက်ကြားတော်မူခဲ့၏။ မြတ်စွာဘုရား၏ ဂုဏ်တော်ကို ပွားများရသော ဂုဏ်ကျေးဇူးသည် ကြီးမားလှပေစွ။

## မြတ်စွာဘုရား၏အတုမရှိသော ဂုဏ်တော်များ

ပွင့်တော်မူကြပြီးကုန်သော မြတ်စွာဘုရားတို့၏ဂုဏ်တော်တို့ကား ရေတွက်၍ မကုန်နိုင်အောင် များပြားလှပေ၏။ အလုံးစုံသော ဘုရားဂုဏ်တော်များကို မဆိုထားနှင့်၊ "အရဟံ" ဂုဏ်တော်တစ်ခုတည်းကိုပင် အကျယ်ဖွင့်ဆိုရလျှင် ပိဋကတ်သုံးပုံထက်ပင် ကျယ်ဝန်းများပြားဖွယ်ရာရှိ၏။ ထို့အတူ တစ်ဆူသောမြတ်စွာဘုရားက တစ်ဆူသော မြတ်စွာဘုရား၏ "အရဟံ"ဂုဏ်တော်ကို အခြားစကားကိုမဆိုဘဲ တစ်ကမ္ဘာပတ်လုံးကုန်အောင် ချီးကျူးထုတ်ဖော်ပြောဆိုတော်မူသည့်တိုင်အောင် ကမ္ဘာသာ ကုန်ဆုံးသွားဖွယ်ရာရှိ၏။ ဘုရားရှင်၏ "အရဟံ"ဂုဏ်တော်ကား ကုန်ဖွယ်ရာမရှိ–ဟု ကျမ်းဂန်တို့၌ မိန့်ဆိုထားကြ၏။

ယနေ့ ကျွန်ုပ်တို့ပွားများအောက်မေ့နေကြသော "အရဟံ" အစ "ဘဂဝါ"အဆုံး (၉)ပါးသော ဂုဏ်တော်တို့သည် ဆောင်လွယ်၊ သိလွယ်၊ မှတ်လွယ်ရုံဖွင့်ဆိုထားသည့် ဂုဏ်တော်များဖြစ်ပါ၏။ သို့သော် ကျဉ်းလွန်း၊ တိုတောင်းလွန်းသည်ဟုမဆိုသာ။ အရဟံ–ဟူသော ဂုဏ်တော်တစ်ပါးတည်းကိုပင် အကြိမ်ကြိမ်အောက်မေ့ပွားများကာ နှလုံးအိမ်ထဲ၌ ထာဝရစွဲမြဲထားနိုင်ပါလျှင် လွန်စွာကြီးမားသော အကျိုးများကို ရရှိခံစားနိုင်ကြမည်သာ ဖြစ်၏။

ထိုဂုဏ်တော်(၉)ပါးကား –

၁။ အရဟံဂုဏ်တော် – (၁) အရဟံ =ပူဇော်အထူးကိုခံယူတော်မူထိုက်သော မြတ်စွာဘုရား။
(၂) အ–ရဟံ =ဆိတ်ကွယ်ရာ၌မကောင်းမှုကို ပြုတော်မမူသောမြတ်စွာဘုရား။
(၃) အရ–ဟံ =ကိလေသာဟူသမျှကိုပယ်တော်မူပြီးသောမြတ်စွာဘုရား – ဟူ၍
သုံးမျိုးခွဲ၍ ဆင်ခြင်ပွားများရာ၏။

၂။ သမ္မာသမ္ဗုဒ္ဓေါဂုဏ်တော် – ခပ်သိမ်းကုန်သော တရားအပေါင်းကို မဖောက်မပြန် ကိုယ်တော်တိုင် သိမြင်တော်မူသော မြတ်စွာဘုရား။

၃။ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော် – အသိဉာဏ်ရော အကျင့်တရားပါ ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

၄။ သုဂတဂုဏ်တော် – (၁) သုဂတ =ကောင်းသောစကားကို ပြောဆိုတော်မူတတ်သောမြတ်စွာဘုရား။

(၂) သုဂတ =ကောင်းသောနိဗ္ဗာန်သို့ ကြွသွားတော်မူသော မြတ်စွာဘုရား။

(၃) သုဂတ =ကောင်းစွာ လာတော်မူသော မြတ်စွာဘုရား – ဟူ၍ သုံးမျိုးခွဲ၍ ဆင်ခြင်ပွားများရာ၏။

၅။ လောကဝိဒူဂုဏ်တော် – လောကအားလုံးကို အကုန်အစင်သိမြင်တော်မူသော မြတ်စွာဘုရား။

၆။ အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော် – ဆုံးမထိုက်သော သတ္တဝါများကို ဆုံးမရာ၌ အတုမရှိတော်မူသော မြတ်စွာဘုရား။

၇။ သတ္ထာဒေဝမနုဿာနံဂုဏ်တော် – လူနတ်ဗြဟ္မာသတ္တဝါအားလုံးတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား။

၈။ ဗုဒ္ဓဂုဏ်တော် – သစ္စာလေးပါးတရားမြတ်ကို ကိုယ်တော်တိုင် သိမြင်၍ သူတစ်ပါးတို့အားလည်း သိစေတော်မူတတ်၊ ဟောကြားတော်မူတတ်သော မြတ်စွာဘုရား။

၉။ ဘဂဝါဂုဏ်တော် – ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

ဤသို့သော မြတ်စွာဘုရား၏ တုမနိူင်းသာသော ဂုဏ်တော်များကို အဓိပ္ပာယ်ရှိရှိ၊ အနှစ်သာရကိုသိ၍ ရွတ်ဆိုခြင်း။ နှလုံးသွင်းပွားများခြင်းတို့ကို ကျင့်ဆောင်နိုင်မှသာလျှင် ဗုဒ္ဓရတနာတော်မြတ်ကို ဦးထိပ်တင်ထားသူအဖြစ် ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာစလုံး၌ ကြီးမြတ်သောအကျိုးထူးတရားများကို ခံစားနိုင်ကြမည်ဖြစ်၏။

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ကြီးမြတ်သော လုံ့လဝီရိယရှိတော်မူသော၊ လူနတ်ဗြဟ္မာတို့ထက် လွန်ကဲမြင့်မြတ် အထွတ်အထိပ်ဖြစ်တော်မူသော၊ အလုံးစုံသော တရားအပေါင်းတို့ကို ဆရာမကူ သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် သိမြင်တော်မူသော၊ မြတ်စွာဘုရားကိုလည်းကောင်း၊ ဝေနေယျသတ္တဝါအပေါင်းတို့အား ကောင်းစွာဟောကြားတော်မူအပ်သော တရားတော်မြတ်ကိုလည်းကောင်း၊ တရားတော်မြတ် ပဋိပတ်ကျင့်စဉ်အတိုင်း မှန်ကန်ဖြောင့်မတ်စွာ ကျင့်ကြံအားထုတ်ကြကုန်သော အရိယာသံဃာတော် အရှင်မြတ်တို့ကိုလည်းကောင်း ရိုသေမြတ်နိုးစွာ ရှိခိုးပါ၏။

## အပိုင်း (၁)

# ဗုဒ္ဓရတနာ

### ၁။ အလောင်းတော် သုမေဓာရှင်ရသေ့ဗျာဒိတ်ခံယူတော်မူခြင်း

ဤဘဒ္ဒကမ္ဘာမှပြန်၍ ရေတွက်သည်ရှိသော် လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်းအထက်၌ သာရမဏ္ဍမည်သော ကမ္ဘာသည်ရှိ၏။ ထိုကမ္ဘာတွင် (၁)တဏှင်္ကရာမြတ်စွာဘုရား (၂)မေဓင်္ကရာမြတ်စွာဘုရား (၃)သရဏင်္ကရာမြတ်စွာဘုရား (၄)ဒီပင်္ကရာမြတ်စွာဘုရားတို့သည် အစဉ်အတိုင်း ပွင့်တော်မူကုန်၏။ ထိုဒီပင်္ကရာမြတ်စွာဘုရားပွင့်တော်မူသောအခါ ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် သုမေဓာမည်သောရသေ့ဖြစ်၏။

ဒီပင်္ကရာမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ရောက်တော်မူပြီးနောက် ဓမ္မစကြာတရားတော်မြတ်ကို ဟောကြားတော်မူ၏။ မြတ်စွာဘုရားသည် လူနတ် ဗြဟ္မာသတ္တဝါတို့အကျိုးငှာ ဒေသစာရီလှည့်လည်တော်မူလျက် ရမ္မာဝတီပြည်သုဒဿနကျောင်းတော်ကြီး၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ရမ္မာဝတီပြည်သားတို့သည် ကြီးကျယ်စွာသော "အသဒိသမဟာဒါနကြီး"ကို စီရင်ကြပြီးလျှင် မဏ္ဍပ်ကနားထိုးခြင်း၊ မဏ္ဍပ်အတွင်း တင့်တယ်စွာပြင်ဆင်ခြင်း၊ ရေဖြည့်အိုးများတည်ခြင်း၊ ငှက်ပျောပင်များစိုက်ခြင်း၊ မဏ္ဍပ်အထက်၌ ဗိတာန်မျက်နှာကြက်ခြင်း၊ ရတနာပန်းဆိုင်းများ ချိတ်ဆွဲခြင်းတို့ကို အဆန်းတကြယ်ပြင်ဆင်ကြကုန်၏။

မြတ်စွာဘုရားကြွချီရာ မင်းလမ်းမကြီး ဝဲယာနှစ်ဖက်တို့၌လည်း တင်းတိမ်ကန့်လန့်ကာ ကာရံခြင်း၊ တန်ဆာဆင်ခြင်း၊ မြေဖို့ခြင်း၊ ညွန်ပျောင်းထူထပ်၍ မညီညွတ်သောမြေအရပ်၌ ညီညွတ်စေပြီး သဲဖြူခင်းခြင်း၊ ငှက်ပျောပင်စိုက်ခြင်း စသည့်ဝေယျာဝစ္စများကို စီမံပြုလုပ်ကြကုန်၏။

ထိုအချိန်တွင် သုမေဓာရှင်ရသေ့သည် မိမိနေရာကျောင်းသင်္ခမ်းမှ ရမ္မာဝတီပြည်သို့ ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူစဉ် ရမ္မာဝတီပြည်သားတို့၏ ရွှင်လန်းဝမ်းမြောက် ပီတိလျှမ်းမောက်လျက် တစ်ယောက်တစ်လက် နှစ်သက်ကြည်ဖြူ ညီတူလက်တွဲလျက် မင်းလမ်းမကြီးအား အဆန်းတကြယ် စီမံဆောင်ရွက်နေကြသည်ကို မြင်တော်မူသော် အကြောင်းမည်သို့ရှိသည်ကို စူးစမ်းလိုသဖြင့် ကောင်းကင်ထက်မှ ဆင်းသက်ပြီး သင့်တင့်သောနေရာ၌ရပ်လျက် လူအပေါင်းတို့အား အဘယ်မည်သောပုဂ္ဂိုလ်အားရည်စူးပြီး လမ်းမကြီးကို ရှင်းလင်းသုတ်သင်တန်ဆာဆင်နေကြသနည်းဟု မေးမြန်းတော်မူ၏။

ထိုအခါ ရမ္မာဝတီပြည်သားတို့သည် "အို ... သုမေဓာ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည် ဤလောက၌ ပွင့်ထွန်းပေါ်ပေါက်နေချေပြီ။ ထိုမြတ်စွာဘုရားသည် နက်ဖြန်တွင် ဤလမ်းခရီးအတိုင်း ကြွချီလာမည်ဖြစ်၍ ဤလမ်းမကြီးအား အဆန်းတကြယ် စီမံဆောင်ရွက်နေကြခြင်းဖြစ်သည်။"ဟု ပြန်လည်ပြောကြားကြလေသော် သုမေဓာရှင်ရသေ့သည် နှစ်သက်ဝမ်းမြောက်ထိတ်လန့်ခြင်း သံဝေဂပြင်းစွာဖြစ်၍ ဤသို့ ကြံစည်တော်မူ၏။

"ငါသည် ဤဒီပင်္ကရာမြတ်စွာဘုရားနှင့်တွေ့ကြုံရ၍ ဘုရားပွင့်တော်မူရာအခါ ကောင်းအခွင့်ကောင်းကိုရခဲ့ပေပြီ။ ဤအခါ အခွင့်ကောင်းကြီးကို လက်လွှတ်ကျော်လွှန်သွားရန်မသင့်ချေ။ လယ်ယာမြေကောင်းသဖွယ်ဖြစ်သော ဒီပင်္ကရာမြတ်စွာဘုရား ထံမှောက်၌ ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးကြဲချရပေတော့အံ့" ဟု ရွှင်လန်းဝမ်းမြောက်သော စိတ်သည် တဖွားဖွားပေါ်ပေါက်လာရကား ဦးစီးဆောင်ရွက်နေကုန်သော လူအပေါင်းတို့အား "ငါ့အားလည်း ခရီးလမ်းသုတ်သင်ရှင်းလင်းရာ၌ တစ်ကွက်တစ်နေရာကိုပေးကြပါကုန်"ဟုတောင်းခံလေ၏။ လူအပေါင်းတို့လည်း မညီမညွတ် ရွှံ့ဗွက်ထူရာတစ်နေရာကို သုတ်သင်ရှင်းလင်းရန် ပေးကြကုန်၏။

သုမေဓာရှင်ရသေ့သည် အဝေးမှသယ်ယူလာသည့် မြေကောင်းမြေသန့်တို့ဖြင့် ထိုနေရာကို ဖို့မံပြုပြင်လေ၏။ သို့ရာတွင် ထိုလမ်းကို သုတ်သင်ပြုပြင်၍ မပြီးသေးမီပင် ဘုန်းတော်ကြီးတော်မူသော ဒီပင်္ကရာမြတ်စွာဘုရားသည် နောက်တော်ပါ ရဟန္တာလေးသိန်းနှင့်အတူ ထိုလမ်းမကြီးအတိုင်း ကြွချီတော်မူလာ၏။ နတ်လူအပေါင်းတို့သည်လည်း ရွှင်လန်းဝမ်းမြောက်သောစိတ်ဖြင့် လက်အုပ်ချီကြိုဆိုကြပြီး တူရိယာမျိုးစုံကို တီးမှုတ်လျက် နောက်တော်ပါးမှ လိုက်လာကြကုန်၏။

သုမေဓာရှင်ရသေ့သည် ရောင်ခြည်တော်ကွန့်မြူးလျက် ကြွချီတော်မူလာသော မြတ်စွာဘုရားအား ဖူးမြင်ရလေလျှင် ကြီးမားသော သဒ္ဓါဟုန်ဖြင့် "ငါသည် ဤမြေကို ညီညာပြန့်ပြူးရန်အားထုတ်ခဲ့ပါသော်လည်း ညီညာချောမွေ့စေရန် မတတ်နိုင်ခဲ့ချေ။ ဤသို့ မစွမ်းဆောင်နိုင်ခြင်းသည်ပင် ငါ့အားအခွင့်ကောင်းဖြစ်ချေတော့သည်။ ယနေ့တွင် ငါသည် မြတ်စွာဘုရားထံမှောက်တွင် အသက်ကိုစွန့်လွှတ်၍ ကောင်းမှုကိုပြုရပေတော့အံ့။ မြတ်စွာဘုရားနှင့်ရဟန္တာလေးသိန်းတို့သည် ငါ၏ကျောပြင်ကို တံတားသဖွယ်နင်း၍

ကြွတော်မူပါစေ။ ငါ၏ခန္ဓာကိုယ်သည် မှန့်မှုန့်ညက်ညက်ကြေလျှင် ကြေစေတော့။ ဤကောင်းမှုသည် ငါ့အား ဧကန်အကျိုးကြီးစွာပေးတော့အံ့”ဟု ဆုံးဖြတ်ပြီးလျှင် မြေပြင်ပေါ် အလျားမှောက်ဝပ်ချကာ မြတ်စွာဘုရားအား “အရှင်ဘုရား–တပည့်တော်၏ ကျောပြင်ကို တံတားအမှတ်ဖြင့် နင်းကြွတော်မူပါဘုရား”ဟု လျှောက်ထားကာ လက်အုပ်ချီလျက်နေလေ၏။

ထိုစဉ်တွင် သုမေဓာရှင်ရသေ့၏ စိတ်တွင် ဒီပင်္ကရာမြတ်စွာဘုရားကဲ့သို့ ဘုရားဖြစ်လိုသောဆန္ဒသည် အလွန်ပြင်းပြစွာ ဖြစ်ပေါ်လျက်ရှိလေ၏။ တစ်ချိန်တည်းမှာပင် သုမိတ္တာမည်သော သူဌေးသမီးသည် လူပရိသတ်နှင့်အတူ မြတ်စွာဘုရား၏ ရှေ့တော်မှောက်သို့ရောက်လာရာ ယူဆောင်လာသော ကြာပန်းရှစ်ခိုင်အနက် ငါးခိုင်ကို သုမေဓာရှင်ရသေ့အားပေးအပ်၍ ကျန်သုံးခိုင်ကို မြတ်စွာဘုရားအား လှူဒါန်းကာ ဤသုမေဓာရှင်ရသေ့ ဘုရားဖြစ်ရန်အလို့ငှာ ပါရမီတော်တို့ကို ဖြည့်ကျင့်နေစဉ်ကာလအတွင်း တပည့်တော်သည် အရှင်၏ပါရမီဖြည့်ဖက် ဖြစ်ရပါစေသတည်းဟု ဆုပန်လေ၏။

အလောင်းတော် သုမေဓာရှင်ရသေ့သည်လည်း သုမိတ္တာသူဌေးသမီးပေးသော ကြာပန်းငါးခိုင်ကို မြတ်စွာဘုရားအား လှူဒါန်းလျက် ပရိသတ်အလယ်၌ပင် “သမ္မာသမ္ဗောဓိ” ဘုရားအဖြစ် ဆုပန်တော်မူလေ၏။ ထိုအခါ မြတ်စွာဘုရားက –

“သုမေဓာရသေ့မြတ်–သင်သည် ဤကမ္ဘာမှ ရေတွက်သော် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း လွန်မြောက်သောအခါ ဘဒ္ဒမည်သော ကမ္ဘာ၌ ဂေါတမမည်သော ဘုရားစင်စစ်ဧကန်ဖြစ်လတ္တံ့”ဟု ဗျာဒိတ်တော်စကားမြွက်ကြားတော်မူလေ၏။

ဤသို့ဖြင့် ဂေါတမဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ရှေးအထက် ကမ္ဘာတစ်သိန်းကာလပွင့်တော်မူခဲ့သော ဒီပင်္ကရာမြတ်စွာဘုရားအထံတော်တွင် နှုတ်ဖြင့် ဘုရားဆုကို ပန်ဆင်ခြင်းမပြုဘဲ စိတ်ဖြင့်သာလျှင် ဘုရားဖြစ်လိုသော ဆန္ဒကိုပြင်းပြထက်သန်စွာ ထားရှိလျက် ဗျာဒိတ်တော်ပန်းကို ခံယူပန်ဆင်တော်မူခဲ့လေသတည်း။

## ၂။ အလောင်းတော် သုမေဓာသည် ဘုရားဖြစ်ရန် ပါရမီတော်များကို ဆင်ခြင်တော်မူခြင်း

အလောင်းတော်သည် ဒီပင်္ကရာမြတ်စွာဘုရား၏ ဗျာဒိတ်တော်မြတ်ကို ကြားသိရလေလျှင် ကြီးစွာသော ဝမ်းမြောက်ရွှင်လန်းခြင်းတို့သည် ဖြစ်ကုန်၏။ မြတ်စွာဘုရားသည် ရဟန္တာလေးသိန်းနှင့်အတူ ဆက်လက်ကြွသွားတော်မူသောအခါ အလျားမှောက်ရာမှထ၍ ဘုရားဖြစ်ရန် အကြောင်းဖြစ်သော ပါရမီတော်များကို ဆင်ခြင်ရန် နတ်လူတို့ကြဲဖြန့်ပူဇော်ထားသော ပန်းပုံကြီးထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၏။

ထိုအခါ နတ်ပြဟ္မာအပေါင်းတို့သည် ဝမ်းမြောက်စွာ ချီးကျူးအားပေးစကားတို့ကို ပြောကြားကြကုန်၏။ တစ်ချိန်တည်းမှာပင် လောကဓာတ်ကြီး တစ်ခုလုံးသည် ပူအိုက်ခြင်း၊ အေးချမ်းခြင်းတို့မှ ကင်းလွတ်ခြင်း၊ တိတ်ဆိတ်ငြိမ်သက်ခြင်း၊ လေပြင်းမုန်တိုင်း မတိုက်ခတ်၊ မြစ်ရေတို့သည် မစီးဘဲ ငြိမ်သက်ခြင်း၊ ကြည်းပန်း၊ ရေပန်းတို့တစ်ပြိုင်နက်တည်းပွင့်ကြခြင်း၊ သီးကြခြင်း၊ ရှိသမျှသော ရတနာတို့သည် အစွမ်းကုန်ထွန်းလင်းတောက်ပခြင်း၊ တူရိယာအမျိုးမျိုးတို့ မြည်ကုန်ခြင်း၊ ပန်းမိုးရွာချခြင်း၊ ငရဲမီးတို့ငြိမ်းကုန်ခြင်း စသော နိမိတ်ကြီး ၃၂ ပါးတို့သည် ထင်ကုန်၏။

ထို့နောက် အလောင်းတော်သည်ဘုရားအဖြစ်ကို ပြုတတ်ကုန်သော တရားတို့ကို စူးစမ်းရှာဖွေအံ့ဟု စိတ်တော်ကိုပြဌာန်းလျက် ပါရမီဆယ်ပါးတရားမြတ်ကို ဆင်ခြင်တော်မူကာ မိမိကိုယ်ကို ဤသို့ဆုံးမတော်မူ၏။

(၁) အမောင်သုမေဓာ–သင်သည် ဘုရားဖြစ်ရန်အလိုရှိလျှင် လှူဒါန်းစွန့်ကြဲခြင်းဟူသော ဒါနပါရမီတော်ကို ရှေးဦးစွာဖြည့်ကျင့်အားထုတ်လေလော့။

(၂) အမောင်သုမေဓာ–သင်သည် သဗ္ဗညုတဉာဏ်တော်ကို အလိုရှိလျှင် ဤနှစ်ခုမြောက်သော သီလပါရမီကိုဖြည့်ကျင့်အားထုတ်ပါလော့။

(၃) အမောင်သုမေဓာ–သင်သည် သဗ္ဗညုတဉာဏ်တော်ကို အလိုရှိငြားအံ့။ ဤသုံးခုမြောက်သော နိက္ခမပါရမီကို ဖြည့်ကျင့်အားထုတ်ပါလော့။

(၄) အမောင်သုမေဓာ–သင်သည် သဗ္ဗညုတဉာဏ်တော်ကို အလိုရှိငြားအံ့။ ဤလေးခုမြောက်သော ပညာပါရမီကို ဖြည့်ကျင့်အားထုတ်ပါလော့။

(၅) အမောင်သုမေဓာ–သင်သည် သဗ္ဗညုတဉာဏ်တော်ကို အလိုရှိငြားအံ့။ ဤငါးခုမြောက်သော ဝီရိယပါရမီကို ဖြည့်ကျင့်အားထုတ်ပါလော့။

(၆) အမောင်သုမေဓာ–သင်သည် သဗ္ဗညုတဉာဏ်တော်ကို အလိုရှိငြားအံ့။ ဤခြောက်ခုမြောက်သော ခန္တီပါရမီကို ဖြည့်ကျင့်အားထုတ်ပါလော့။

(၇) အမောင်သုမေဓာ–သင်သည် သဗ္ဗညုတဉာဏ်တော်ကို အလိုရှိငြားအံ့။ ဤ ခုနစ်ခုမြောက်သော သစ္စာပါရမီကို ဖြည့်ကျင့်အားထုတ်ပါလော့။

(၈) အမောင်သုမေဓာ–သင်သည် သဗ္ဗညုတဉာဏ်တော်ကို အလိုရှိငြားအံ့။ ဤရှစ်ခုမြောက်သော အဓိဋ္ဌာန်ပါရမီကို ဖြည့်ကျင့်အားထုတ်ပါလော့။

(၉) အမောင်သုမေဓာ–သင်သည် သဗ္ဗညုတဉာဏ်တော်ကို အလိုရှိငြားအံ့။ ဤကိုးခုမြောက်သော မေတ္တာပါရမီကို ဖြည့်ကျင့်အားထုတ်ပါလော့။

(၁၀) အမောင်သုမေဓာ–သင်သည် သဗ္ဗညုတဉာဏ်တော်ကို အလိုရှိငြားအံ့။ ဤ ဆယ်ခုမြောက်သော ဥပေက္ခာပါရမီကို ဖြည့်ကျင့်အားထုတ်ပါလော့။

ဤသို့ အလောင်းတော်သူမြတ်သည် ပါရမီဆယ်ပါးအလုံးစုံကို သုံးသပ်ဆင်ခြင်တော်မူပြီးသော် ဤသို့တစ်ဖန် ဆင်ခြင်ပြန်တော်မူ၏။

ဤလောက၌ အလောင်းတော်ကြီးများ ဖြည့်ကျင့်ဆည်းပူးအပ်သည့် သဗ္ဗညုတဉာဏ်ကို ရင့်သန်စေသော တရားတို့ကား ဤဆယ်ပါးတို့ဖြစ်ကုန်၏။ ဤပါရမီဆယ်ပါးသည် အထက်ကောင်းကင်၌လည်းကောင်း၊ မြေကြီးထဲ၌လည်းကောင်း၊ အရပ်မျက်နှာတို့၌လည်းကောင်း ရှိကြသည်မဟုတ်၊ မိမိနှလုံးသားအတွင်း၌သာ ကောင်းစွာတည်ရှိနိုင်၏။

အမောင်သုမေဓာ–ဘုရားဖြစ်ကြောင်း ဤတရားဆယ်ပါးကို မတိမ်းမစောင်းမြဲမြဲစွာ ဖြည့်ကျင့်ပေလော့ဟု ဒါနပါရမီ၊ သီလပါရမီ၊ နိက္ခမပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာန်ပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီတို့ကို အနုလောမအစဉ်အားဖြင့်လည်းကောင်း၊ ပဋိလောမ အစဉ်အားဖြင့်လည်းကောင်း၊ အလယ်မှစ၍ နှစ်ဖက်၌ ဆုံးစေသောနည်းဖြင့်လည်းကောင်း၊ အစွန်းနှစ်ဖက်မှ အစပြုကာ အလယ်မှဆုံးစေသောနည်းဖြင့်လည်းကောင်း ဆင်ခြင်သုံးသပ်တော်မူ၏။

ဤသို့ဖြင့် သုမေဓာအရှင်သူမြတ် ဆင်ခြင်သုံးသပ်တော်မူလေသော် မဟာပထဝီမြေကြီးသည် ကြီးစွာသောအသံဖြင့် ပြင်းစွာတုန်လှုပ်ကာ ကောင်းချီးပေးလေ၏။

## ၃။ အလောင်းတော် သုမေဓာရှင်ရသေ့အကြောင်း

ဤကမ္ဘာမှ ပြန်လည်၍ ရေတွက်သည်ရှိသော် လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်းအထက်ကာလ၌ အမရဝတီမည်သော ပြည်ကြီးသည်ရှိ၏။ ထိုပြည်ကြီးကား အစာရေစာပေါများခြင်း၊ ဆင်သံ၊ မြင်းသံ၊ သီချင်း ဂီတသံတို့ဖြင့် သာယာဖွယ်ရှိခြင်း၊ နတ္ထွက်လှပသော ရောင်စုံပန်းအလှရှုခင်းတို့နှင့် ပြည့်စုံခြင်း၊ ရောင်းဝယ်ဖောက်ကားသွားလာလှုပ်ရှားလျက် စီးပွားဥစ္စာခနေ ကုံလုံကြွယ်ဝခြင်း၊ ရတနာအမျိုးမျိုးနှင့်ပြည့်စုံပြီး ဘုန်းကံကြီးမားသူတို့ ပျော်စံရာဌာနဖြစ်ခြင်း စသောဂုဏ်ထူးဝိသေသနှင့် ပြည့်စုံရကား နှလုံးမွေ့လျော်ဖွယ်ကောင်းလှ၏။

ထိုပြည်တွင် သုမေဓာမည်သော ပုဏ္ဏားသည် နေထိုင်၏။ ထိုပုဏ္ဏားကား အမျိုးမြတ်သော ဗြဟ္မဏဇာတ်ရှိ၏။ ရုပ်အဆင်းအင်္ဂါတင့်တယ်၏။ ပညာရှိ၏။ ဗေဒင်၊ အလင်္ကာ၊ ပုရာဏ်၊ သဒ္ဒါကျမ်းတို့၌ ကျွမ်းကျင်၏။ သုမေဓာ၏မိဘနှစ်ပါးတို့ကား သူငယ်စဉ်ကလေးဘဝကပင် ကွယ်လွန်ခဲ့ကြ၏။ ကျန်ရစ်သောများပြားလှသည့် ဥစ္စာရတနာတို့ကို ဘဏ္ဍာစိုးကြီးက စာရင်းဇယားနှင့်စောင့်ရှောက်ထိန်းသိမ်းခဲ့ရာ သုမေဓာပညာရှိ ခုနစ်နှစ်သားအရွယ်သို့ရောက်လတ်သောအခါ ထိုထိုသော ဥစ္စာပစ္စည်းတို့ကို ဘဏ္ဍာစိုးကြီးက ပြန်လည်ပေးအပ်လေ၏။

ထိုသို့များလှသော ဥစ္စာပစ္စည်းတို့ကိုမြင်ရသောအခါ သုမေဓာသည် ဤသို့အကြံဖြစ်၏။

"ငါ၏ အမိ၊ အဘ၊ အဘိုးအဘွားတို့ ဤမျှများပြားလှသော ဥစ္စာပစ္စည်းများကို ရှာဖွေစုဆောင်း၍ ကွယ်လွန်သွားကြလေပြီ။ ပစ္စည်းဥစ္စာတစ်ပြားတစ်ကျပ်ကိုမျှ မယူဆောင်သွားနိုင်ကြလေတကား။ ငါသည်ကား ထိုပစ္စည်းများကို ကွယ်လွန်သွားရာသို့ တစ်ပြားတစ်ကျပ်မျှမကျန် ယူဆောင်သွားနိုင်အောင် ကြံဆောင်သင့်လှ၏"

တစ်ဖန်ဆက်လက်၍ – ငါသည် –

(၁) ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ သေရခြင်း ဆင်းရဲတို့မှ ကင်းငြိမ်းရာ နိဗ္ဗာန်ကို ရှာမှီးပါအံ့။

(၂) ထိုနိဗ္ဗာန်သို့သွားရာ ခရီးလမ်းကောင်းကို ရှာမှီးပါအံ့။

(၃) ဆင်းရဲခြင်းရှိလျှင် ချမ်းသာခြင်းသည် လောက၌ အထင်အရှားရှိသကဲ့သို့ ထို့အတူ ဝဋ်ဒုက္ခ၏ဖြစ်ရခြင်းတရား ထင်ရှားရှိလျှင် ဝဋ်ဒုက္ခမဖြစ်ခြင်းသည်လည်း ကေန်ရှိရမည်ဖြစ်၏။ ထိုဝဋ်ဒုက္ခတို့ ကင်းလွတ်ရာနိဗ္ဗာန်ကို အလိုရှိ၏။

(၄) မကောင်းမှုအကုသိုလ်တရားသည် လောကတွင် ကေန်ရှိလျှင် ကောင်းမှုကုသိုလ်တရားသည်လည်း ကေန်ရှိရမည်ဖြစ်၏။ ထို့အတူ ပဋိသန္ဓေနေရခြင်းရှိလျှင် ပဋိသန္ဓေနေခြင်းကင်းငြိမ်းရာ နိဗ္ဗာန်သည်လည်းရှိရမည်ဖြစ်၏။ ထိုနိဗ္ဗာန်ကို အလိုရှိ၏။

(၅) အမြိုက်နိဗ္ဗာန်တည်းဟူသော တစ်ဘက်ဆည်ကန်ကြီးရှိပါလျက် ထိုနိဗ္ဗာန်တစ်ဘက်ဆည်ကန်ကြီးကို ရှာမှီးခြင်းမပြုလျှင် ထိုမရှာမှီးခြင်းသည် နိဗ္ဗာန်တည်းဟူသော တစ်ဘက်ဆည်ကန်ကြီး၏အပြစ်မဟုတ်။ မရှာမှီသူ၏ အပြစ်သာဖြစ်၏။

(၆) ထို့ကြောင့် ငါသည် ဥစ္စာပစ္စည်းများနှင့် ဤခန္ဓာကိုယ်ကြီးကိုစွန့်ကာ နိဗ္ဗာန်တည်းဟူသော ရွှေပြည်ကြီးသို့ ချမ်းသာစွာသွားပေတော့အံ့။

ဤသို့လျှင် ဥစ္စာပစ္စည်းနှင့်ခန္ဓာကိုယ်၏အပြစ်ကို မြင်တော်မူသော သုမေဓာပညာရှိသည် တောထွက်၍ တရားရှာမှီးရန်ကြံစည်ကာ ဘုရင်မင်းမြတ်ထံသွား၍ မိမိ၏ဥစ္စာတို့ကိုသိမ်းပိုက်တော်မူပါရန် လျှောက်ထားလေ၏။ ဘုရင်မင်းမြတ်သည် "သင်၏ဥစ္စာကို ငါအလိုမရှိ၊ သင်အလိုရှိသည့်အတိုင်း ပြုလေတော့" ဟု ငြင်းပယ်လိုက်သဖြင့် သုမေဓာသည် ဥစ္စာလိုသူ၊ ကိုးကွယ်ရာမရှိသူတို့အား ထိုပစ္စည်းဥစ္စာတို့ကို တွန့်တိုမှုမရှိ ရက်ရောစွာ လှူဒါန်းလိုက်လေတော့သည်။

## ၄။ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

အလုံးစုံသောဥစ္စာတို့ကို စွန့်လှူပြီးသောအခါ သုမေဓာသည် ဟိမဝန္တာသို့ ရှေးရှုကာ တောထွက်တော်မူလာ၏။ ထိုအခါ တာဝတိံသာပြည့်ရှင်သိကြားမင်းသည် ထိုအကြောင်းကိုသိလေသော် ဝိသုကြုံနတ်သားအား "အမောင်ဝိသုကြုံ–တောထွက်လာသူ သုမေဓာရသေ့မြတ် သီတင်းသုံးရန်သင့်တင့်လျောက်ပတ်သော ကျောင်းသခ်မ်းတစ်ဆောင်ကို ဖန်ဆင်းပေးပါချေလော့" ဟု စေလွှတ်လိုက်၏။

ဝိသုကြုံနတ်သားလည်း ကောင်းပါပြီဟု ဝန်ခံ၍ ဓမ္မိကတောင်တစ်နေရာ၌ နှလုံးမွေ့လျော်ဖွယ်သစ်ရွက်မိုးကျောင်းနှင့် စင်္ကြံကိုဖန်ဆင်းကာ အတွင်းနံရံထက်၌–"ရှင်ရဟန်းပြုလို၍ တောထွက်လာသူ မည်သူမဆို ဤကျောင်းနှင့်ပရိက္ခရာတို့ကို ယူငင်သုံးစွဲ၍ ရဟန်းပြုကုန်လော့"ဟူသော စာတန်းကို ချိတ်ဆွဲထားလေ၏။

သုမေဓာပညာရှိသည် မိမိအတွက် စိတ်ချမ်းသာစွာနေထိုင်နိုင်ရန် သင့်လျော်လျောက်ပတ်မည့်နေရာကိုရှာဖွေရင်း ဝိသုကြုံနတ်သားဖန်ဆင်းအပ်သော ကျောင်းသခ်မ်းအနီးသို့ရောက်လာလေ၏။ သုမေဓာပညာရှိသည် ထိုကျောင်းသခ်မ်းကလေးကိုမြင်သောအခါ "ဤနေရာသည် တရားအလို့ငှာ တောထွက်လာသော ငါ့အား သင့်တော်လေစွတကား"ဟု အောက်မေ့၍ အတွင်းသို့ဝင်ပြီးကြည့်သောအခါ "ရှင်ရဟန်းပြုလို၍ တောထွက်လာသူ မည်သူမဆို ဤအသုံးအဆောင်တို့ကို ယူငင်သုံးစွဲကာ ရဟန်းပြုကုန်လော့" ဟူသော စာတန်းကိုမြင်ရလေ၏။ သုမေဓာပညာရှိလည်း "ဤနေရာမှာပင် ရှင်ရဟန်းပြုပေတော့အံ့"ဟု ဆုံးဖြတ်ကာ လျှော်တေသင်္ကန်းကိုဝတ်ဆင်၍ ရှင်ရဟန်းအဖြစ်သို့ ရောက်ခဲ့လေ၏။

## ၅။ မြတ်သောအကျင့်ကို ကျင့်တော်မူခြင်း

သုမေဓာရှင်ရသေ့သည် မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်၍ အတောင်ခြောက်ဆယ်ရှိသော စင်္ကြံအတွင်း၌ လူးလာခေါက်တုံ့ အပြန်ပြန်အခါခါ စင်္ကြံလျှောက်နေတော်မူ၏။ ထိုအခါ မိမိ၏မြင့်မြတ်သော ရသေ့အသွင်ကိုကြည့်ပြီး

"ယနေ့တွင် ငါ၏စိတ်နှလုံးအလိုသည် အထွတ်အထိပ်သို့ရောက်ပြီ။ ငါ၏ရသေ့အသွင်သည် တင့်တယ်လှပေစွ။

ရှင်ရသေ့အဖြစ်ကို ဘုရား ပစ္စေကဗုဒ္ဓါအစရှိသော ပညာရှိသူမြတ်ကြီးအားလုံးတို့ ချီးမွမ်းအပ်ပေ၏။

ငါသည် လူအဖြစ်တည်းဟူသော အနှောင်အဖွဲ့ကို ပယ်အပ်ပြီ။

ရွတ်ထွေးပူလောင်လှသော ကာမနယ်မှလည်း လွတ်မြောက်ပေပြီ။

ငါသည် မြင့်မြတ်သာလွန်သော ရဟန်းအဖြစ်ကို ရအပ်ပေပြီ။

ရဟန်းတရားကို ငါသည် ပွားများအားထုတ်ပါတော့အံ့။

အလောင်းတော်သည် ဤသို့ဝမ်းမြောက်စွာ ရွေရွတ်ကြုံးဝါးတော်မူပြီး ရဟန်းတရားကိုအားထုတ်ရန် ခိုင်မာသော သန္နိဋ္ဌာန်ကို ခိုင်မာစွာချလိုက်လေ၏။

သုမေဓာရသေ့မြတ်သည် အမြတ်တရားကို ကျင့်ကြံအားထုတ်ရင်း ဆွမ်းအလို့ငှာ ရွာအတွင်းလှည့်လည်ဆွမ်းခံခြင်းဖြင့်လည်းကောင်း၊ မိမိအနီး အလိုလိုကြွေကျနေကုန်သော သစ်သီးများကို ကောက်ယူခြင်းဖြင့်လည်းကောင်း၊ မျှတစေပြီး ထခြင်း၊ ထိုင်ခြင်း၊ စင်္ကြံသွားခြင်းဟူသော ဣရိယာပုထ်သုံးပါးဖြင့်သာလျှင် လျောင်းစက်ခြင်းကို အလျဉ်းပြုတော်မမူဘဲ ကမ္မဋ္ဌာန်းတရားကို မနေမနားအားထုတ်တော်မူလေသော် ခုနစ်ရက်အတွင်းမှာပင် လောကီဈာန်ရှစ်ပါး၊ အဘိညာဉ်ငါးပါးတို့ကို ဖြစ်စေတော်မူ၏။

၄။ ဘုရားအလောင်းတော် နတ်သား ပဋိသန္ဓေနေတော်မူခြင်း

ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် လွန်လေပြီးသည့် မဟာကပ်ပေါင်း အသင်္ချေယျတို့တွင် ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့အား ကိုယ်တိုင်ဖူးမြင်ရ၍ ဓမ္မဒေသနာများကို ကြားနာရသဖြင့် ဘုရားဖြစ်လိုသည့်ဆန္ဒ ပြင်းပြထက်သန်လှ၍ နှုတ်ရေစိတ်ပါ ဆုပန်လျက် မြတ်သောပါရမီများကို ဖြည့်ကျင့်တော်မူခဲ့လေသည်။ ထိုမှတစ်ဖန် လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့၏ ထံမှောက်တွင် နိယတဗျာဒိတ်ကို ခံယူလျက် ပါရမီတော်များကို ဖြည့်ကျင့်တော်မူခဲ့ရာ ဤဘဒ္ဒကမ္ဘာသို့ ရောက်လာလေ၏။

ဤကမ္ဘာမှာပင် အလောင်းတော်သည် မဟာသမ္မတမင်း၊သုဒဿနဝရမန္ဓာတ်မင်း၊ မဃဒေဝမင်း၊ နေမိမင်း၊ တေမိမင်း၊ သိဝိရာဇ်မင်းတို့မှအစ ဝေဿန္တရာမင်းအဆုံး သုံးဆယ့်ငါးခုသောဘဝတို့၌ တစ်ကြိမ်စီ ဖြစ်တော်မူခဲ့၏။

အလောင်းတော်သည် ဝေဿန္တရာမင်းအဖြစ်မှ စုတေလေသော် တုသိတာနတ်ပြည်၌ သေတကေတုမည်သော နတ်မင်းဖြစ်လေ၏။ သေတကေတုနတ်မင်းသည် နတ်တို့၏ အရေအတွက်အားဖြင့် နှစ်ပေါင်းလေးထောင်၊ လူတို့အရေအတွက်အားဖြင့် နှစ်ပေါင်း ငါးဆယ့်ခုနစ်ကုဋေ၊ ခြောက်သန်းစေ့အောင် နတ်စည်းစိမ်ကိုခံစားပြီးသော် ဘုရားအဖြစ်သို့ရောက်တော်မူရန်အလို့ငှာ နတ်အဖြစ်မှစုတေ၍ သက္ကတိုင်း၊ ကပိလဝတ်ပြည့်ရှင် သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားခေါင်ကြီး မဟာမာယာမိဖုရားကြီး၏ ဝမ်းကြာတိုက်တော်၌ ပဋိသန္ဓေ စွဲနေတော်မူလေ၏။

## ၇။ ကြည့်ခြင်းကြီးငါးပါးကို ကြည့်တော်မူခြင်း

အလောင်းတော်နတ်သားသည် ဤသို့ ပဋိသန္ဓေစွဲနေခြင်း မပြုမီ ဘုရားဖြစ်ထိုက်သောကာလ၊ ဘုရားဖြစ်ရာ ကျွန်းဒီပ၊ ဘုရားဖြစ်ရာအရပ်၊ ဖြစ်ရအံ့သော အမျိုးအနွယ်၊ မယ်တော်၏အသက်အပိုင်းအခြားတည်းဟူသော ကြည့်ခြင်းကြီးငါးပါးကို ကြည့်တော်မူ၏။

ကြည့်ခြင်းကြီးငါးပါးကို ကြည့်ပုံမှာ ဤသို့တည်း။

၁။ လူတို့၏အသက်တစ်သိန်းတမ်းမှ အထက်ကာလသည် အသက်ရှည်လွန်းသည်ဖြစ်ရာ လူတို့အတွက် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏာကာလတို့ကွာဝေးလှသဖြင့် လက္ခဏာရေးသုံးပါးနှင့်စပ်သော တရားစကားကို ဟောပြောသော်လည်း အကျိုးမဲ့သာဖြစ်သောကြောင့် မြတ်စွာဘုရားတို့ ပွင့်တော်မူမြဲမဟုတ်ချေ။ အသက်တစ်ရာတမ်းမှ ဆုတ်ယုတ်လာသည့်ကာလသည်လည်း လောဘ၊ ဒေါသ၊ မောဟတရားတို့ အားကြီးသောကြောင့် တရားဟောသော်လည်း အကျိုးမဲ့သာဖြစ်၍ မြတ်စွာဘုရားတို့ ပွင့်မြဲမဟုတ်ချေ။ အသက်တစ်သိန်းတမ်းမှ တစ်ရာတိုင်သောကာလသည်သာလျှင် ဘုရားပွင့်ခြင်းငှာသင့်၏။

၂။ စကြာဝဠာအတွင်းရှိ လေးရပ်သောကျွန်းတို့တွင် မြင်းမိုရ်တောင်၏လက်ျာရှိ ယူဇနာတစ်သောင်းကျယ်ဝန်းသော ဇမ္ဗူဒိပ်ကျွန်းသည်သာလျှင် မြတ်စွာဘုရားတို့ပွင့်ရာ ကျွန်းဒီပဖြစ်၏။

၃။ ထိုဇမ္ဗူဒီပကျွန်းအတွင်း တောင်မြောက်အလျားအားဖြင့် ယူဇနာသုံးရာ၊ အရှေ့အနောက်အနံအားဖြင့် ယူဇနာနှစ်ရာ့ငါးဆယ်၊ အဝန်းယူဇနာကိုးရာရှိသော အရှေ့အရပ်ရှိ ဂဇင်္ဂလနိဂုံးရွာ၊ အရှေ့တောင်သို့လားသော် သလ္လာဝတီမြစ်၊ တောင်သို့လားသော် သေတကဏ္ဏိကနိဂုံးရွာ၊ အနောက်သို့လားသော် ထူဏမည်သော ပုဏ္ဏားရွာ၊ မြောက်သို့လားသော် ဥသီရဒ္ဓဇတောင်၊ ဤနယ်နိမိတ်ငါးရပ်တို့ဖြင့် ပိုင်းခြားအပ်သော မဇ္ဈိမဒေသသည်သာလျှင် မြတ်စွာဘုရားတို့ ပွင့်တော်မူမြဲအရပ်ဖြစ်၏။

၄။ သက္ကတိုင်း ကပိလဝတ်ပြည်ကို အစိုးရသော သုဒ္ဓေါဒနမင်းကြီးသည် မဟာသမ္မတမင်းမှ ဆင်းသက်လာသော မင်းမျိုးအစစ်ဖြစ်၍ ထိုမင်းမျိုးတွင်သာ မြတ်စွာဘုရားတို့ ပွင့်ခြင်းငှာသင့်၏။

၅။ ထိုမင်း၏ မိဖုရားကြီးသည် ကိုးပါးသော အယုတ်တရားတို့မှကင်းလျက် ပဉ္စသီလမွေရှိပြီး အာယုပရိစ္ဆေဒသည်လည်း ဆယ်လအထက် ခုနစ်ရက်သာကြွင်းတော့သဖြင့် ထိုမိဖုရားကြီးသည်သာလျှင် ငါ၏အမိဖြစ်ခြင်းငှာထိုက်၏။ အလောင်းတော်မြတ်သည် ဤငါးပါးသော ကြည့်ခြင်းတို့ဖြင့် ကြည့်

တော်မူ၍ ဘုရားဖြစ်ရန်အကြောင်းညီညွတ်သဖြင့် နတ်တို့၏တောင်းပန်မှုကို ဝန်ခံ၍ သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားခေါင်ကြီး သီရိမဟာမာယာ၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေစွဲနေတော်မူခြင်း ဖြစ်ပေ၏။

အလောင်းတော် သေတကေတုနတ်သားသည် လူအဖြစ် ပဋိသန္ဓေစွဲမှီရန် စုတေချိန်ရောက်လာသောအခါ ကပိလဝတ်ပြည်၊ သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားကြီး သီရိမဟာမာယာဒေဝီသည် သက်တော်ငါးဆယ့်ငါးနှစ်ကျော်အရွယ်သို့ ရောက်နေချေပြီ။ ထိုအချိန်သည် လူတို့သမုတ်အပ်သော မဟာသက္ကရာဇ် ၆၇ ခု၊ ဝါဆိုလပြည့်နေ့ဖြစ်၏။ မိဖုရားကြီးသည် နံနက်စောစောကပင် နံ့သာရေမိုးချိုးပြီးလျှင် လေးသိန်းကုန်သော အသပြာတို့ကို စွန့်၍ ကြီးစွာသော အလှူကိုပေးတော်မူ၏။ ထို့နောက် နံနက်ပွဲတော်စာကို သုံးဆောင်ပြီးသော် ဆရာကာလ ဒေဝီလရသေ့ထံ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဥပုသ်သီလတော်မြတ်ကို ခံယူကာ အသရေရှိသော တိုက်ခန်းသို့ဝင်၍ ဥပုသ်သီတင်းဆောက်တည်တော်မူ၏။

## ၈။ မိဖုရားကြီး အိပ်မက် မက်တော်မူခြင်း

မိဖုရားကြီးသည် ထိုလပြည့်နေ့ည ပစ္ဆိမယံ၌ အိပ်ပျော်နေစဉ် အလောင်းတော် ပဋိသန္ဓေတည်နေလာမည့်အကြောင်း ရှေ့ပြေးပုဗ္ဗနိမိတ်ဖြစ်သော အောက်ပါအိပ်မက်ကို မြင်မက်တော်မူ၏။

၁။ စတုမဟာရာဇ်နတ်မင်းကြီးလေးပါးသည် မိဖုရားကြီး(မိမိ)အား ထမ်းချီလျက် ဟိမဝန္တာ အနဝတတ်အိုင် (အနောတတ်အိုင်)သို့ ဆောင်ကျဉ်းကာ ယူဇနာခြောက်ဆယ်ရှိသော ဆေးဒါန်းမြင်းသီလာကျောက်ဖျာအပြင်ရှိ အင်ကြင်းပင်ကြီးအောက်၌ ထားကြကုန်၏။

၂။ ထို့နောက် ထိုစတုမဟာရာဇ်နတ်မင်းကြီးတို့၏ နတ်မိဖုရားတို့သည် လာလတ်ကုန်၍ မိဖုရားကြီး(မိမိ)အား အနဝတတ်အိုင်သို့ဆောင်ယူ၍ ရေချိုးသန့်စင်ပေးကြကုန်၏။

၃။ ရေချိုးပြီးသော် နတ်ဝတ်တန်ဆာ၊ နံ့သာပန်းမန်တို့ဖြင့် တင့်တယ်စွာ ဝတ်ဆင်လိမ်းကျံပန်ဆင်စေကာ အနဝတတ်အိုင်အနီးရှိ ငွေတောင်ကြီး၏ အတွင်း ဗိမာန်တိုက်ခန်းတွင် အရှေ့အရပ်ကို ဦးခေါင်းပြု၍အိပ်စေ၏။

၄။ ထိုခဏတွင် ဆွတ်ဆွတ်ဖြူ၍ မြတ်သော ဆင်ဖြူတော်သည် လာလတ်၍ ဗိမာန်အတွင်း ဝင်ရောက်ကာ မိဖုရားကြီး(မိမိ)အား လက်ျာရစ်လှည့်လည်ပြီးမှ မိဖုရားကြီး(မိမိ)၏လက်ျာနံပါးကို ဖောက်ထွင်းလျက် ဝမ်းကြာတိုက်တော်တွင်းသို့ ဝင်ရောက်ခဲ့၏။

မိဖုရားကြီးအိပ်မက် မက်နေစဉ်ခဏ၌ အလောင်းတော်နတ်သားသည် တုသိတာနတ်ပြည် နန္ဒဝန်ဥယျာဉ်တွင် လှည့်လည်ခံစားနေရင်းနှင့်ပင် နတ်သက်ကြွေကာ မယ်တော်၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေဖွဲ့နေတော်မူလေ၏။ မိဖုရားကြီးအိပ်မက်သောနေ့ကား မဟာသက္ကရာဇ် (၆၇)ခုနှစ် ဝါဆိုလပြည့် ကြာသပတေးနေ့ မိုးသောက်ချိန်ကာလပင်ဖြစ်လေသည်။

## ၉။ ပုဗ္ဗနိမိတ်ကြီး (၃၂)ပါး ထင်လာခြင်း

အလောင်းတော် ပဋိသန္ဓေ ယူတော်မူသည်နှင့်တစ်ပြိုင်နက် ဓမ္မတာအတိုင်း ဘုရားအလောင်းတော် ပဋိသန္ဓေတည်နေပြီးဖြစ်ကြောင်း တင်ကြိုသိရှိနိုင်ရန် ပုဗ္ဗနိမိတ် (ရှေ့ပြေးနိမိတ်) ၃၂ပါးတို့သည် ထင်လာကုန်၏။

ထိုပုဗ္ဗနိမိတ် (၃၂)ပါးကား –

၁။ တစ်သောင်းသော စကြာဝဠာတိုက်၌ ထိန်လင်းသောအလင်းရောင်ကြီးသည် ပြန့်နှံ့စွာ ပေါ်ထွက်လာ၏။

၂။ မျက်စိနှစ်ကွင်း အလင်းမရသူများသည် ထိုခဏ၌ မြင်ကုန်၏။

၃။ နားပင်းသူများသည် အသံကိုကြားကြရကုန်၏။

၄။ အ–သောသူများသည် စကားပြောနိုင်ကြကုန်၏။

၅။ ကုန်းကွကောက်ခွင်သောကိုယ်ရှိသူများသည် ဖြောင့်မတ်သောကိုယ်ရှိလာကုန်၏။

၆။ ခြေဆွံ့၍ မလျှောက်နိုင်သူတို့သည် ကောင်းစွာသွားလာနိုင်ကြ၏။

၇။ နှောင်ဖွဲ့ခြင်းခံရသူတို့သည် အနှောင်အဖွဲ့မှ လွတ်မြောက်ကြကုန်၏။

၈။ ငရဲဘုံတို့၌ ငရဲမီးတို့သည် ငြိမ်းကုန်၏။

၉။ ပြိတ္တာဘုံ၌ ဆာလောင်မွတ်သိမ်းခြင်းတို့သည် ငြိမ်းကုန်၏။

၁၀။ တိရစ္ဆာန်တို့ကား ဘေးအန္တရာယ်တစ်စုံတစ်ရာသည်မရှိ၊ လွတ်မြောက်ကြကုန်၏။

၁၁။ ရောဂါရှိသူတို့သည် ရောဂါတို့မှ ပျောက်ကင်းကြကုန်၏။

၁၂။ သတ္တဝါခပ်သိမ်းတို့သည် အချင်းချင်းချစ်ဖွယ်သောစကားကို ပြောဆိုကြကုန်၏။

၁၃။ မြင်းတို့သည် ရွှင်လန်းမြူးထူးကြကုန်၏။

၁၄။ ဆင်တို့သည် သာယာစွာ မြည်ကြကုန်၏။

၁၅။ စည်စောင်းညှင်းပသာစသည်တို့သည် မတီးမှုတ်ဘဲ မြည်ကုန်၏။

၁၆။ လူတို့၏လက်ကောက်၊ ခြေကျဉ်းစသော အဆင်တန်ဆာတို့သည် မထိမခိုက်ဘဲ အလိုလိုအသံမြည်ကုန်၏။
၁၇။ အလုံးစုံသော အရပ်မျက်နှာမြင်ကွင်းတို့သည် သန့်ရှင်းကြည်လင်စွာရှိကုန်၏။
၁၈။ နူးညံ့သိမ်မွေ့သော လေပြေလေညှင်းတို့သည် သတ္တဝါတို့အားအေးချမ်းခြင်းကို ဖြစ်စေလျက် ဖြေးညှင်းသာယာစွာ တိုက်ခတ်လာကုန်၏။
၁၉။ အခါမဟုတ်သော မိုးကြီးသည် ရွာသွန်း၏။
၂၀။ ရေတို့သည် မဟာပထဝီမြေကြီးမှ အလိုလိုစိမ့်ထွက်ကာ ထိုထို၌ စီးသွားကုန်၏။
၂၁။ ငှက်များသည် ကောင်းကင်၌ မပျံသန်းကြ။
၂၂။ တသွင်သွင်စီးဆင်းနေသော မြစ်တို့သည် ပကတိရပ်တန့်နေကြကုန်၏။
၂၃။ မဟာသမုဒ္ဒရာရေသည် ငန်သောအရသာမရှိ၊ ချိုမြိန်လာ၏။
၂၄။ အလုံးစုံသော ရေကန်ရေအိုင်တိုင်း၌ ကြာမျိုးငါးပါးတို့သည် ဖုံးလွှမ်းကာ ဖူးပွင့်လာကြကုန်၏။
၂၅။ အလုံးစုံသော ကျည်းပန်းရေပန်းတို့သည် တစ်ပြိုင်တည်းဖူးပွင့်ကြကုန်၏။
၂၆။ သစ်ပင်တို့၏ ပင်လုံးပင်စည်တို့၌ ပန်းတို့သည် အဆန်းတကြယ် ပွင့်ဖူးကြကုန်၏။
၂၇။ သစ်ပင်တို့၏ အခက်အလက်တို့၌ ပန်းတို့သည် အဆန်းတကြယ်ပွင့်ကြကုန်၏။
၂၈။ သစ်ပင်တို့၏ အနွယ်၌ နွယ်ပန်းတို့သည် အဆန်းတကြယ် ဖူးပွင့်ကြကုန်၏။
၂၉။ ဒဏ္ဍပဒုမမည်သော အရိုးတံပန်းတို့သည် ကုန်းမြေတစ်ခွင် ကျောက်ဖျာအပြင်ကိုဖောက်ထွင်းကာ ခုနစ်ဆင့်ထပ်၍ ပေါ်ထွက်လာကုန်၏။
၃၀။ ကောင်းကင်၌ ပဒုမ္မာကြာပန်းတို့သည် အောက်သို့တူရူမျက်နှာမူ၍ တွဲရရွဲပွင့်ကြကုန်၏။
၃၁။ အရပ်ထက်ဝန်းကျင်မှ မိုးတို့သည် တဖြိုင်ဖြိုင် ရွာသွန်းကြ၏။
၃၂။ ကောင်းကင်၌ နတ်တူရိယာ အမျိုးမျိုးတို့သည် မတီးမမှုတ်ပါဘဲ မြည်ကုန်၏။

ဤသို့သော ပုဗ္ဗနိမိတ် ၃၂ ပါးတို့သည် အလောင်းတော်မြတ် ပဋိသန္ဓေယူတော်မူသည်နှင့်တစ်ပြိုင်နက် အံ့ဖွယ်သရဲထူးကဲစွာ ထွက်ပေါ်လာကြကုန်၏။

## ၁၀။ သီရိမဟာ မာယာဒေဝီ၏ အိပ်မက်ကို ပုဏ္ဏားတို့က နိမိတ်ဖတ်လျှောက်ထားခြင်း

နောက်တစ်နေ့ မိုးသောက်လျှင် သီရိမဟာ မာယာဒေဝီသည် သုဒ္ဓေါဒနမင်းကြီး အား မိမိ၏ အိပ်မက်အကြောင်းကို လျှောက်တင်သောအခါ မင်းကြီးသည် မိမိ၏ပညာရှိ ပုဏ္ဏားတို့အား "ထိုအိပ်မက်ကား အကျိုးအပြစ် မည်သို့ရှိသည်ကို ဖတ်ကြားလျှောက်တင် ကုန်လော့"ဟု မိန့်တော်မူ၏။

ပညာရှိ ပုဏ္ဏားတို့လည်း "မြတ်သောမင်းကြီး၊ စိုးရိမ်ပူပန်ခြင်းမရှိပါလင့်။ ယခုအခါ မိဖုရားကြီး၌ ပဋိသန္ဓေတည်နေလေပြီ။ ထိုပဋိသန္ဓေနေလာသူကား မိန်းမမဟုတ်၊ ယောကျ်ားစင်စစ်ဖြစ်ပေ၏။ အရှင်မင်းကြီးအား သားတော်သည် ဖြစ်ထွန်းလတ္တံ့။ ထိုသား တော်ကား သာမညယောကျ်ားမဟုတ်။ အိမ်ရာတည်ထောင် လူ့ဘောင်၌ နေလျှင် လေး ကျွန်းသနင်းစကြာဝတေးမင်းသည် ဖြစ်အံ့။ အကယ်၍ အိမ်ရာမထောင် လူ့ဘောင်ကို ပယ်ခွာပြီးတောထွက်၍ ရဟန်းပြုငြားအံ့။ လောကသုံးပါး၏အထွတ်အထိပ်ဖြစ်တော်မူ သော သဗ္ဗညုတဉာဏ်တော်ရှင်ဗုဒ္ဓ စင်စစ်ဖြစ်လတ္တံ့."ဟု ရဲဝံ့ပြတ်သားစွာ လျှောက်ထား ကြကုန်၏။

ထိုနေ့မှစ၍ စတုမဟာရာဇ်နတ်မင်းကြီးလေးယောက်တို့သည် သန်လျက်လက် နက်စွဲကိုင်၍ မိဖုရားကြီးအားကောင်းစွာ စောင့်ရှောက်ကြကုန်၏။ မိဖုရားကြီးသည် ရွှေ နန်းတော်ကျက်သရေတိုက်ခန်း၌ ခြွေရံသင်းပင်းများစွာဖြင့် သန့်ရှင်းချမ်းသာစွာ စံနေ တော်မူ၏။ အလောင်းတော်သည်လည်း ပတ္တမြားရတနာသီသော သန္တာနီကြိုးကဲ့သို့လည်း ကောင်း၊ ဖန်တကောင်းအတွင်း ထည့်သွင်းအပ်သည့် ပုလဲရတနာ၊ ပုလဲရုပ်ကဲ့သို့လည်း ကောင်း၊ တရားဟောပလ္လင်ထက်၌ ထိုင်နေသော တရားဟောပုဂ္ဂိုလ်ကဲ့သို့လည်းကောင်း၊ မယ်တော်၏ ဝမ်းကြာတိုက်၌ ထက်ဝယ်ရှေးရှုလျက်နေတော်မူ၏။ ထိုသို့နေတော်မူသည် ကို မယ်တော်နှင့်တကွ လူအပေါင်းတို့သည် ကောင်းစွာမြင်တွေ့နိုင်ကြကုန်၏။

## ၁၁။ အလောင်းတော် ဖွားမြင်တော်မူခြင်း

အလောင်းတော်သည် မယ်တော်ဝမ်းကြာတိုက်အတွင်း၌ ပဋိသန္ဓေတည်တော် မူ၍ ဆယ်လ(ရက်ပေါင်း ၂၈၅ရက်)စေ့ရောက်သော် မိဖုရားကြီးသည် ခမည်းတော် မယ်တော်တို့စံရာ ဒေဝဒဟပြည်သို့ သွားရောက်လိုသော ဆန္ဒသည် ပေါ်ပေါက်လာသဖြင့် ထိုအကြောင်းကို မင်းကြီးအား သွားခွင့်ပြုရန်ခွင့်တောင်းလေ၏။ သုဒ္ဓေါဒနမင်းကြီးလည်း ခွင့်ပြုတော်မူ၍ ကပိလဝတ်ပြည်မှ ဒေဝဒဟပြည်တို့အကြား ယူဇနာငါးရာရှိသော ခရီးကို

သန့်ရှင်းညီညွတ်စေ၍ ရေချမ်းအိုး၊ တံခွန်၊ ကုက္ကားတို့နှင့်တကွ မဏ္ဍပ်များကို အဆန်း တကြယ်စီရင်စေ၏။

မိဖုရားကြီးသည် စစ်အင်္ဂါလေးပါးဝန်းရံလျက် ရွှေထမ်းစင်ပေါ်စီးကာ ထွက်ကြွ တော်မူလာရာ နှစ်ပြည်ထောင်အကြားရှိ လုမ္ဗိနီအင်ကြင်းတောသို့ ဆိုက်ရောက်လာလေ ၏။ ထိုအချိန်သည် နွေလည်းမမည် မိုးလည်းမပီသေးသောအချိန်အခါသမယဖြစ်သော ကြောင့် လုမ္ဗိနီဥယျာဉ်ကြီးသည် ပင်လုံးကျွတ်ပွင့်နေသော အင်ကြင်းပန်းများနှင့်အတူ သာမောဖွယ်ကောင်းလှကား ခေတ္တဝင်ရောက်ရပ်နားလိုသော နှလုံးတော်ရှိသည်ဖြစ်၍ ရွှေထမ်းစင်ထက်မှ အသာအယာဆင်းကာ အင်ကြင်းပင်အောက်သို့ ဝင်တော်မူ၏။

ထိုခဏတွင် အင်ကြင်းခက်တို့သည် မိဖုရားကြီး၏အလိုကို ကြိုတင်သိရှိနေဘိသကဲ့ သို့ မိဖုရားကြီး၏ရှေ့တော်သို့ အလိုလိုကိုင်းညွတ်လာကုန်၏။ မိဖုရားကြီးသည် ထိုအင် ကြင်းခက်ကို လှမ်းယူဆွဲကိုင်လိုက်သည်နှင့်တစ်ပြိုင်နက် သုံးဆယ့်နှစ်ပါးသော နိမိတ်တို့ သည် ထင်လာကုန်လျက် မိဖုရားကြီး၏ ဝမ်းထဲမှ ကမ္ဘာလေသည် လှုပ်ရှားလာလေ၏။ ထိုအခါ အသင့်ပါလာသော အထိန်းတော် ကိုယ်လုပ်တော်တို့သည် မိဖုရားကြီးသားတော် ဖွားမြင်နိုင်ရန် အင်ကြင်းပင်ကြီး၏အနီးတွင် တင်းတိမ်အရံများကို ကာရံပေးကြကုန်၏။

မိဖုရားကြီးသည် မြဲမြံသော သတိဖြင့် တင်းတိမ်အရံအတွင်းသို့ဝင်ပြီးလျှင် အင် ကြင်းခက်ကိုကိုင်ဆွဲလျက်ပင် အလောင်းတော်သည် မယ်တော်၏ဝမ်းကြာတိုက်အတွင်းမှ ကောင်းစွာ ဖွားသန့်စင်တော်မူလေ၏။ ထိုအခါ ကောင်းကင်ထက်မှ ပူနွေးသောရေအယဉ် ချမ်းအေးသောရေအယဉ် နှစ်သွယ်တို့သည် တစ်ပြိုင်နက်တည်းပေါင်းဆုံ၍ မယ်တော်နှင့် အလောင်းတော်မင်းသားတို့အပေါ် သွန်းလောင်းပေးကြကုန်၏။ ထိုနေ့သည်ကား မဟာ သက္ကရာဇ် ၆၈ ခု၊ ဂိမှန္တဥတု၊ ကဆုန်လပြည့် သောကြာနေ့ပင်ဖြစ်လေသည်။

## ၁၂။ နတ်ဗြဟ္မာအပေါင်း တခဲနက်ပူဇော်လာကြခြင်း

ဘုရားအလောင်းတော် ဖွားမြင်တော်မူသည်ကို သိရှိကြကုန်သော စကြာဝဠာ တိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့သည် အုတ်အော်သောင်းသဲ၊ ရှဲရှီးကြွေကြော်၊ ဝမ်းမြောက်ခြင်းကြီးစွာဖြင့် ကောင်းချီးပေးကြကုန်၏။ ရဟန္တာဗြဟ္မာကြီးလေးယောက် တို့သည် ရတနာရွှေကွန်ရက်ဖြင့်လည်းကောင်း၊ စတုမဟာရာဇ်နတ်မင်းကြီးလေးယောက် တို့သည် နူထွတ်ချောမွေ့သော သစ်နက်ရေဖြင့်လည်းကောင်း၊ လူမင်းသားလေးယောက် တို့သည် အတိုင်းမသိ အဖိုးထိုက်သော ဘွဲ့ဖြူပုဆိုးဖြင့်လည်းကောင်း ခံယူပူဇော်လာကြ ကုန်၏။

ထို့နောက်တွင် အလောင်းတော်သည် မြေကြီးထက်သို့ဆင်းသက်တော်မူ၍ အရှေ့ အရပ်ကိုမျက်နှာမူကာ ရပ်တော်မူသည်ရှိသော် မရေမတွက်နိုင်သော နတ်ဗြဟ္မာအပေါင်း

တို့သည် "အလုံးစုံသော လောကဓာတ်အတွင်း၌ အရှင့်သားနှင့်တူသောသူ၊ အရှင့်သား ထက်သာလွန်သောသူ၊ မရှိပြီ" ဟု ကောင်းချီးပေးကြကုန်၏။ တစ်ချိန်တည်းမှာပင် ဗြဟ္မာကြီးသည် ထီးဖြူကိုအုပ်ကာလျက်၊ သုယာမနတ်မင်းသည် သားမြီးယပ်ကိုခတ်လျက်၊ တစ်ပါးသောနတ်တို့သည် သန်လျက်၊ ခြေနင်း၊ သင်းကျစ်တို့ကိုစွဲကိုင်လျက် ကောင်းချီးကြွေးကြော် ပူဇော်ကြကုန်၏။

ထိုအခါ အလောင်းတော်မြတ်သည် အရှေ့အရပ်မှ မြောက်အရပ်သို့ လှည့်တော်မူလျက် ခုနစ်ဖဝါးသွား၍ မတ်မတ်ရပ်တော်မူပြီးလျှင်–

ငါသည် လောကသုံးပါးတွင် အမြတ်ဆုံးဖြစ်၏။

ငါသည် လောကသုံးပါးတွင် အကြီးဆုံး၊ အလွန်ကဲဆုံးဖြစ်၏။

ငါသည် လောကသုံးပါးတွင် အချီးမွမ်းအပ်ဆုံးဖြစ်၏။

ငါသည် ယခုပဋိသန္ဓေနေရခြင်းကား ငါ့အဖို့နောက်ဆုံးဖြစ်၏။

ငါသည် နောက်ထပ်တစ်ဖန် ဘဝသစ်၌ဖြစ်ရခြင်းသည် မရှိတော့ပြီ။ – ဟု ကြုံးဝါးကျူးရင့်တော်မူရာ လူနတ်ဗြဟ္မာအပေါင်းတို့သည် ဝမ်းမြောက်ခြင်းပီတိအဟုန်ဖြင့် ကောင်းချီးပေးလာကြကုန်၏။

## ၁၃။ အလောင်းတော် ကြုံးဝါးသောစကားတော်၏ ပုဗ္ဗနိမိတ်များ

၁။ ခြေတော်အစုံဖြင့် မဟာပထဝီမြေကြီးထက်၌ ရပ်တော်မူခြင်းသည် ဣဒ္ဓိပါဒ်လေးပါးကိုရရန် ရှေ့ပြေးနိမိတ်ဖြစ်၏။

၂။ မြောက်အရပ်သို့ မျက်နှာမူခြင်းသည် သတ္တဝါအလုံးကို လွှမ်းမိုးစိုးအုပ်ရန် ရှေ့ပြေးနိမိတ်ဖြစ်၏။

၃။ ခုနစ်ဖဝါးလှမ်းခြင်းသည် ဗောဇ္ဈင်ခုနစ်ပါးတရားတော်မြတ်ကို ရရှိရန် ရှေ့ပြေးနိမိတ်ဖြစ်၏။

၄။ နတ်တို့၏ ထီးဖြူဆောင်းခြင်းခံရခြင်းသည် အရဟတ္တဖိုလ်ကိုရရှိရန် ရှေ့ပြေးနိမိတ်ဖြစ်၏။

၅။ မင်းမြောက်တန်ဆာ ငါးပါးကိုရခြင်းသည် ဝိမုတ္တိငါးမျိုးတို့ဖြင့် ကျွတ်လွတ်ရန် ရှေ့ပြေးနိမိတ်ဖြစ်၏။

၆။ အရပ်ဆယ်မျက်နှာကို အပိတ်အပင်အတားအဆီးမရှိ ကြည့်မြင်တော်မူရခြင်းသည် ပိတ်ပင်တားမြစ်ခြင်းမရှိသော အနာဝရဏဉာဏ်တော်ကိုရဖို့ရန် ရှေ့ပြေးနိမိတ်ဖြစ်၏။

၇။ ငါသည် လောကသုံးပါးတွင် အမြတ်ဆုံး၊ အကြီးအကဲဆုံး၊ အချီးမွမ်းအပ်

ဆုံးဖြစ်၏ဟု ကြုံးဝါးမြွက်ဆိုတော်မူခြင်းသည် မြတ်သောဓမ္မစကြာတရားတော်ကို ဟောကြားတော်မူမည့်နိမိတ်ဖြစ်၏။

၈။ ငါ၏ ယခုပဋိသန္ဓေသည် နောက်ဆုံးဖြစ်၏။ ငါ့အား ဘဝသစ်တစ်ဖန်ဖြစ်ရခြင်းသည် မရှိတော့ပြီ–ဟု ကြုံးဝါးခြင်းသည် အနုပါဒိသေသပရိနိဗ္ဗာန်ဝင်စံငြိမ်အေးရန် ရှေ့ပြေးနိမိတ်ဖြစ်၏။

## ၁၄။ ဖွားဖက်တော်ခုနစ်ဦး

ဘုရားအလောင်းတော် ဖွားတော်မူသောအချိန်နှင့် တစ်ချိန်တည်းတွင် ဖွားဖက်တော်ခုနစ်ဦးတို့သည် ဖွားမြင်ပေါ်ပေါက်လာကုန်၏။ ထိုဖွားဖက်တော်ခုနစ်ဦးကား–

၁။ ဘဒ္ဒကစ္စာနာမည်ယသောဓရာမင်းသမီး
၂။ အာနန္ဒာမင်းသား
၃။ ဆန္နအမတ်
၄။ ကာဠုဒါယီအမတ်
၅။ ကဏ္ဍကမြင်း
၆။ မဟာဗောဓိညောင်ပင်
၇။ ရွှေအိုးကြီးလေးလုံး – တို့ ဖြစ်ကြကုန်၏။

## ၁၅။ ကာဠဒေဝီလရသေ့အကြောင်း

ကပိလဝတ်ပြည့်ရှင် သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားခေါင်ကြီး သိရိမဟာမာယာဒေဝီသည် အလောင်းတော်မြတ်ကို ဖွားမြင်တော်မူကြောင်း ကြားသိကြရကုန်သော သိကြားနတ်ဗြဟ္မာအပေါင်းတို့သည် "ဖွားမြင်တော်မူသည့် သတို့သားသည် ညောင်ဗုဒ္ဓဟေပင်ရင်း၌ ဘုရားစင်စစ်ဖြစ်တော်မူမည်ဖြစ်၍ ငါတို့သည် တရားတော်ကို နာကြားရပေတော့အံ့–ဟု ဝမ်းမြောက်ပျော်ရွှင်ကခုန်နေကြကုန်၏။ ထိုအချိန်တွင် တာဝတိံသာနတ်ပြည်သို့ ကြွရောက်နေသော ကာဠဒေဝီလရသေ့သည် ကိုယ်တိုင်တွေ့မြင်သိရှိရ၍ အကြောင်းစုံကိုမေးမြန်းသိရှိရလေလျှင် နတ်ပြည်မှလျင်စွာ ဆင်းသက်လာပြီး သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်သို့ရောက်လာ၏။

ရသေ့ကြီးလည်း သုဒ္ဓေါဒနမင်းကြီးအား မေးမြန်း၍အကြောင်းစုံကိုသိရလေလျှင် ထိုသူငယ်ကို ငါမြင်လိုသည်ဟုဆို၏။ မင်းကြီးသည် သားတော်ကိုဆောင်ယူ၍ မိမိ၏ ရင်

ခွင်၌ထားပြီးမှ ရသေ့ကြီးအား ရှိခိုးစေရန် လက်နှစ်ဖက်ကိုယှက်စေလျှင် အလောင်းတော် မင်းသား၏ ဖဝါးတော်အစုံသည် လျှပ်ပြည်စက်ကဲ့သို့ ပျံတက်၍ ရသေ့ကြီး၏ဦးခေါင်း ထက်၌တည်လေ၏။ ရသေ့ကြီးသည် ဤသို့သော အံ့ဖွယ်သရဲထူးကဲသောအဖြစ်ကို မြင်လေလျှင် ထ၍မင်းသားငယ်အားရှိခိုး၏။ ဘခင်မင်းကြီးသည်လည်း ရသေ့ကြီးနည်းတူ သားတော်ကို လက်အုပ်ချီရှိခိုးလေ၏။

(သုဒ္ဓေါဒနမင်းကြီး၏သားတော်အား ပထမအကြိမ်ရှိခိုးခြင်းဖြစ်၏။)

## ၁၆။ ရသေ့ကြီး ရယ်ခြင်းနှင့်ငိုကြွေးခြင်း

ကာဠဒေဝီလရသေ့ကြီးသည် ရှေ့နောက်ကမ္ဘာလေးဆယ်စီကို မြင်နိုင်စွမ်းရှိသည့် ပုဗ္ဗေနိဝါသဉာဏ်ကိုရရှိထားသည့်အားလျော်စွာ ယနေ့ဖွားမြင်စမင်းသားငယ်၏ လက္ခဏာကြီးငယ်ကိုမြင်ရသောအခါ ဘုရားစင်စစ်ဧကန်ဖြစ်မည်ကို သိရှိတော်မူ၍ ယနေ့တွင် ဤသူမြတ်အား ငါဖူးတွေ့ရပေပြီဟု ရွှင်ကြည်သောစိတ်ဖြင့် ပြုံးရယ်တော်မူ၏။ ထို့နောက် တစ်ဖန် မိမိ၏ အာယုပရိစ္ဆေဒ အသက်အပိုင်းအခြားကို ဆင်ခြင်ပြန်သောအခါ မိမိသည် ဤမင်းသားဘုရားအဖြစ်သို့မရောက်မီ သေလွန်၍ အထက် အရူပဘုံ၌ဖြစ်လတ္တံ့ဟုမြင်၍ ဘုရားဖြစ်သည့်နေ့တိုင်အောင် ငါမနေရဟု ဝမ်းနည်းကာ သည်းစွာငိုကြွေးပြန်လေ၏။

ထိုသို့ကာဠဒေဝီလရသေ့ကြီး ငိုကြွေးသည်ကိုလည်းကောင်း၊ ရယ်ခြင်းကိုလည်း ကောင်းမြင်ရသော် မင်းကြီးသည် ထိုအကြောင်းကိုမေးလျှောက်လေလျှင် ရသေ့ကြီးက "တကာတော်မင်းကြီး–သင်၏ သားငယ်သည် ဘုရားစင်စစ် ဧကန်ဖြစ်အံ့။ ထိုသို့သော အလောင်းတော်သူမြတ်ကိုမြင်ရ၍ ဝမ်းမြောက်လှသောကြောင့် ငါရယ်၏။ သို့ရာတွင် ဤ မင်းသားငယ် ဘုရားဖြစ်သောအခါ ငါကွယ်လွန်ပြီးဖြစ်၍ တရားတော်ကို မနာရတော့ပြီ။ ဤသို့အကျိုးမဲ့ဖြစ်ရမည်မြင်၍ ငါငိုကြွေး၏"ဟုဆို၍ မိမိ၏နေရာသို့ ပြန်ကြွသွား၏။

## ၁၇။ အလောင်းတော်မင်းသား ခေါင်းဆေးမင်္ဂလာ၊ အမည်ပေးမင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်၍ လက္ခဏာနိမိတ်တို့ကို ဖတ်ကြားစေခြင်း။

အလောင်းမင်းသား ဖွားမြင်တော်မူပြီးနောက် ငါးရက်မြောက်သောနေ့၌ သုဒ္ဓေါဒနမင်းကြီးသည် သားတော်၏ ဦးခေါင်းဆေးခြင်းမင်္ဂလာနှင့်အမည်ပေးမင်္ဂလာပွဲကို ပြုလုပ်ကျင်းပလို၍ စံနန်းတော်တစ်ခုလုံးကို တင့်တယ်လှပစွာ စီရင်ပြင်ဆင်စေတော်မူ၏။

တောင်ဇလပ်နံ့သာ၊ လေးညှင်းနံ့သာ၊ ကုက္ကုမံနံ့သာ၊ ပန်းညိုနံ့သာ ဟူသော နံ့သာလေးမျိုးကို လိမ်းကျံစေခြင်း၊ နေဇာမြက်၊ ဆန်၊ မုံညှင်းစေ့၊ မုလေးငုံ၊ ဆန်ပန်းပေါက်ပေါက်ဟူသော ပန်းငါးမျိုးကို ကြဲဖြန့်စေခြင်းတို့ကို ပြုစေ၏။

ထို့နောက်တွင် ဗေဒင်သုံးပုံတို့၌ တစ်ဖက်ကမ်းရောက်တတ်မြောက်ကုန်သော ပုဏ္ဏား ပညာရှိ တစ်ရာ့ရှစ်ယောက်တို့ကို ပင့်ဖိတ်လျက် ကောင်းစွာခင်းထားအပ်သော နေရာ၌ထိုင်စေလျက် အနံ့အရသာနှင့်ပြည့်ဝသော နို့ယနာဘောဇဉ်ကို ကျွေးမွေးတော်မူ၍ ပုဏ္ဏားတို့အား ပူဇော်သက္ကာရများ ဆောင်နှင်းပြီးသော် မင်းကြီးသည် သားတော်မင်းသားငယ်၏ လက္ခဏာနိမိတ်ကို စစ်ဆေးမေးမြန်းတော်မူ၏။

ထိုအခါ တစ်ရာ့ရှစ်ယောက်သော ပုဏ္ဏားတို့တွင် ထင်ရှားသော ရာမ၊ ဓဇ၊ လက္ခဏ၊ ဇောတိမန္တ၊ ယည၊ သုဘောဇ၊ သုယာမ ဟူသော ပုဏ္ဏားခုနစ်ယောက်တို့က လက်နှစ်ချောင်းကိုမြှောက်၍ "အရှင့်သားတော်မြတ်သည် ကျွန်းလေးကျွန်းကို ပိုင်စိုးသော စကြာမင်းသော်လည်း ဖြစ်လတ္တံ့။ သို့မဟုတ် လူတွင်ထင်ရှားဘုရားသော်လည်း ဖြစ်လတ္တံ့."ဟု အဓိပ္ပာယ်နှစ်မျိုးတွက်သော စကားဖြင့်လျှောက်တင်ကြ၏။ ကျန်ပုဏ္ဏားတို့အထဲမှ သုဒတ္တမည်သော ပုဏ္ဏားငယ်တစ်ယောက်ကမူ "အရှင့်သားတော်မြတ်သည် သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီးများ၊ ရှစ်ဆယ်သော လက္ခဏာငယ်၊ အံ့ဖွယ်တစ်ဆယ့်နှစ်ဖြာ၊ တစ်ရာ့ရှစ်ကွက်သော စက်တော်အစုံပါရှိသူဖြစ်၍ သုံးဆယ့်တစ်ဘုံဝယ် တစ်ယောက်သောသူမျှ အတုမရှိ၊ အသဒိသအစစ် ဓမ္မရာဇ်ထွတ်ထားသဗ္ဗညုဘုရားဧကန် ဖြစ်တော်မူလတ္တံ့."ဟု လက်ညှိုးတစ်ချောင်းကိုထောင်ပြီးလျှင် တိကျပြတ်သားစွာ လျှောက်ထားလေ၏။

ထိုစကားကိုကြားလေသော် ခမည်းတော်မင်းကြီးသည် "ငါ့သားတော်သည် အဘယ်မည်သောအကြောင်းကိုမြင်၍ လူ့ဘောင်ဖယ်ခွာတောထွက်ပါအံ့နည်း"ဟု မေးတော်မူပြန်ရာ ကောဏ္ဍညနွယ်ဝင် သုဒတ္တပုဏ္ဏားငယ်သည် "အရှင့်သားတော်သည် သူအို၊ သူနာ၊ သူသေ၊ ရဟန်းတည်းဟူသော နိမိတ်ကြီးလေးပါးကိုမြင်၍ တောထွက်လိမ့်မည်"ဟု လျှောက်လေ၏။

သုဒ္ဓေါဒနမင်းကြီးကား သားတော် ဘုရားစင်စစ်ဖြစ်မည်ဆိုသော စကားမကြားလို ကျွန်းငယ်နှစ်ထောင်အရံနှင့်တကွ လေးကျွန်းလုံးကို အစိုးရသော စကြာမင်းအဖြစ်ကိုသာ ဖြစ်လိုမြင်လိုသောကြောင့် သားတော်၏ရဟန်းအဖြစ်နှင့် တောထွက်ခြင်းဌာ သံဝေဂရနိုင်ဖွယ်အကြောင်းအရာများ လုံးဝမရှိရန်ရည်ရွယ်ပြီး ပြည်တွင်းပြည်ပ တစ်ဂါဝုတ်မျှသော အရပ်အတွင်း၌ သူအို၊ သူနာ၊ သူသေ၊ ရဟန်းအသွင်ကို မဆိုထားနှင့် အသံမျှပင်မကြားရဟု ကြပ်တည်းစွာ အမိန့်ထုတ်၍ စောင့်ရှောက်ထားလေ၏။

ထိုသို့ပြုလုပ်ပြီးသော် မင်းကြီးသည် မင်းသားငယ်၏အမည်နာမကို ပုဏ္ဏားများနှင့်တိုင်ပင်ကာ ရွေးချယ်တော်မူရာ "ခပ်သိမ်းသောလူနတ်တို့၏ အလိုကိုပြီးငြိမ်းစေတတ်သူ မင်းသား"ဟု အဓိပ္ပာယ်ရသည့် "သိဒ္ဓတ္ထကုမာရ"ဟူသော အမည်ကိုမှည့်ကြကုန်၏။

စုဝေးရောက်ရှိလာကြကုန်သော ဆွေတော်မျိုးတော်အပေါင်းတို့သည်လည်း မင်းသားတစ်ယောက်စီကို အပ်နှံထားကြကုန်ရာ မင်းသားငယ်သည် အသိန်းအသောင်းမကသော အထိန်းအယ၊ မောင်းမအခြွေအရံများစွာနှင့်တကွ ချမ်းသာစွာနေရလေသတည်း။

## ၁၈။ မယ်တော်သီရိမဟာမာယာ နတ်ရွာလားတော်မူခြင်း

အလောင်းတော်ကို ဖွားမြင်ပြီးနောက် ခုနစ်ရက်စေ့လတ်သော် မယ်တော်သီရိမဟာမာယာဒေဝီမိဖုရားကြီးသည် ဘုရားလောင်း မယ်တော်တို့၏ ဓမ္မတာနှင့်အညီ လူ့ဘဝမှစုတေ့ကာ တုသိတာနတ်ပြည်၌ သန္တုသိတနတ်သားအမည်ဖြင့် နတ်မင်းဖြစ်လေ၏။

## ၁၉။ အလောင်းတော် မင်းသား၏ မဟာပုရိသ လက္ခဏာတော်ကြီး (၃၂)ပါး

အလောင်းတော်မင်းသားငယ်သည် ဘုန်းရှင်ကံရှင်ယောကျ်ားမြတ်ဖြစ်ကြောင်း အမှတ်အသားလက္ခဏာတော်ကြီးသည် (၃၂)ပါးရှိကုန်၏။ ယင်းတို့ကား -

၁။ ညီညွတ်သော ဖဝါးတော်ရှိခြင်း
၂။ တစ်ရာ့ရှစ်ကွက်လက္ခဏာအင်္ဂါအမှတ်အသားများ ပါရှိခြင်း
၃။ ရှည်လျားသော ဖနောင့်တော်ရှိခြင်း
၄။ ရှည်၍သွယ်သော ခြေချောင်းတော်လက်ချောင်းတော်ရှိခြင်း
၅။ နူးညံ့သိမ်မွေ့သော ခြေဖဝါးတော် လက်ဖဝါးတော်ရှိခြင်း
၆။ စိပ်သော ခြေချောင်းလက်ချောင်းတော်များရှိခြင်း
၇။ စဉ်းငယ်မြင့်သော ခြေဖမျက်တော်ရှိခြင်း
၈။ ဇေကီမည်သော သားကောင်၏ သလုံးမြင်းခေါင်းနှင့်တူသော သလုံးမြင်းခေါင်းတော်ရှိခြင်း
၉။ ရပ်တော်မူလျက်ပင် ကိုယ်တော်ကို မကိုင်းညွတ်ဘဲ လက်ဖဝါးတော်နှစ်ဘက်ဖြင့် ပုဆစ်ဒူးဝန်းတော်နှစ်ဖက်ကို သုံးသပ်ထိတွေ့နိုင်ခြင်း
၁၀။ အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ယောကျ်ားနိမိတ်ရှိတော်မူခြင်း
၁၁။ သိင်္ဂီနိတ်ရွှေစင်အဆင်းကဲ့သို့ ဝါဝင်းသောအရေတော်ရှိခြင်း
၁၂။ မြူအညစ်အကြေးမလိမ်းမကပ်နိုင်သည့် သိမ်မွေ့သောအရေတော်ရှိခြင်း

၁၃။ မွေးညင်းတွင်းတစ်တွင်းလျှင် မွေးညင်းတော်တစ်ပင်စီသာ ပေါက်ရောက်ခြင်း

၁၄။ အဖျားကော့သော မွေးညင်းတော်ရှိခြင်း

၁၅။ ဗြဟ္မာမင်း၏ကိုယ်ကဲ့သို့ ဖြောင့်မတ်သောကိုယ်ရှိခြင်း

၁၆။ ခြေဖမိုးတော်၊ လက်ဖမိုးတော်၊ ပခုံးတော်နှင့် လည်ကုပ်တော်ဟုဆိုအပ်သော ခုနစ်ဌာနတို့၌ ပြည့်ဖြိုးသောအသားတော်ရှိခြင်း

၁၇။ ခြင်္သေ့မင်း၏ ကိုယ်ရှေ့ပိုင်းကဲ့သို့ ပြည့်ဝသည့် ကိုယ်တော်ရှိခြင်း

၁၈။ ပြည့်ဖြိုးစင်ကြယ်သော ကျောက်ကုန်းတော်ရှိခြင်း

၁၉။ ပညောင်ပင်အဝန်းကဲ့သို့ လုံးချောသော ကိုယ်တော်ရှိခြင်း

၂၀။ ညီညွတ်လုံးဝန်းသော လည်တိုင်တော်ရှိခြင်း

၂၁။ နှမ်းစေ့မျှပမာဏရှိသော အစာအာဟာရသည်ပင် လျှာဖျား၌တင်ထားစားမျိုလိုက်လျှင် တစ်ကိုယ်လုံး စိမ့်ဝင်ပျံ့နှံ့သွားစေနိုင်သည် လျှာတော်ရှိခြင်း

၂၂။ ခြင်္သေ့မင်း၏ မေးကဲ့သို့ ပြိုးရောင်သန်းနေသည့် မေးတော်ရှိခြင်း

၂၃။ သွားတော်ချောင်းရေ (၄၀)အစေ့အငရှိတော်မူခြင်း

၂၄။ ညီညွတ်သော သွားတော်များရှိခြင်း

၂၅။ သွားတော်များ မကွဲမကြာစေ့စပ်စွာရှိခြင်း

၂၆။ သောက်ရှူးကြယ်ပမာ စင်ကြယ်ဖြူဝင်းလျက် အရောင်တလက်လက်ထွက်သည့် စွယ်တော်လေးဆူရှိခြင်း

၂၇။ ရှည်လျားနူးညံ့၍ ပြန့်သောလျှာတော်ရှိခြင်း

၂၈။ ဗြဟ္မာမင်း၏ အသံကဲ့သို့ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အသံတော်ရှိခြင်း

၂၉။ လွန်စွာ ညိုကြည်သော မျက်လုံးတော်ရှိခြင်း

၃၀။ နူးညံ့နုထွတ်သည့် မျက်မွေးတော်ရှိခြင်း

၃၁။ မျက်မှောင်တော်နှစ်ဖက်အလယ်ချက်၌ ပေါက်ရောက်သော ဥဏ္ဏာလုံမွေးရှင်တော်ရှိခြင်း

၃၂။ နဖူးတော်ဝယ် ရွှေပြားကပ်စီထားသကဲ့သို့ သင်းကျစ်တော်အသားလွှာပါရှိခြင်းတို့ ဖြစ်ကြကုန်၏။

အလောင်းတော်သည် ဤသို့ ထူးခြားဆန်းကြယ်သော လက္ခဏာတော်ကြီး (၃၂)ပါးကို ဘဝပေါင်းများစွာက ပြုခဲ့သော ဒါနစသော ပါရမီတော်အဟုန်၊ ကုသိုလ်ကောင်းမှုအရှိန်တို့ကြောင့် ရရှိတော်မူခြင်းဖြစ်၏။

## ၂၀။ လက္ခဏာတော်ဝယ်ရှစ်ဆယ်

အလောင်းတော်မြတ်သည် ဆိုအပ်ပြီးသော မဟာပုရိသယောကျ်ားမြတ်လက္ခဏာတော် (၃၂)ပါးနှင့်အတူ ယင်းတို့၏ အခြံအရံဖြစ်ကုန်သော လက္ခဏာတော်ရှစ်ဆယ်တို့ကိုလည်း ရရှိတော်မူ၏။ ယင်းတို့ကား –

၁။ စေ့စပ်သော လက်ချောင်းခြေချောင်းတော်ရှိခြင်း
၂။ အရင်းမှအဖျားသို့တိုင် သွယ်ပျောင်းသောလက်ချောင်းခြေချောင်းရှိတော်မူခြင်း
၃။ လုံးသော လက်ချောင်းခြေချောင်းများရှိခြင်း
၄။ နီမြန်းသော လက်သည်းခြေသည်းများရှိခြင်း
၅။ မြင့်သော၊ ချွန်းသော၊ ညွတ်သော လက်သည်းခြေသည်းတော်ရှိခြင်း
၆။ သိမ်မွေ့ပြေပြစ်သော လက်သည်းခြေသည်းတော်ရှိခြင်း
၇။ မချိုင့်မမို့ မထင်ရှားသော ဖမျက်တော်ရှိခြင်း
၈။ အဖျားညီညွတ်သော ခြေချောင်းများရှိခြင်း
၉။ ဆင်မင်းကဲ့သို့ စံပယ်စွာသွားတော်မူခြင်း
၁၀။ ခြင်္သေ့မင်းကဲ့သို့ စံပယ်စွာသွားတော်မူခြင်း
၁၁။ ဟင်္သာမင်းကဲ့သို့ စံပယ်စွာသွားတော်မူခြင်း
၁၂။ နွားမင်းဥသဘကဲ့သို့ စံပယ်စွာသွားတော်မူခြင်း
၁၃။ လက်ျာရစ်လည်၍ သွားတော်မူခြင်း
၁၄။ ရှုချင်စဖွယ် တင့်တယ်သော ပုဆစ်ဒူးဝန်းရှိတော်မူခြင်း
၁၅။ ပြည့်စုံအောင်မြင်သော ယောကျ်ားနိမိတ်ရှိခြင်း
၁၆။ လက်ျာရစ်လည်သော အရေးအကြောင်းမပေါက်မပျက်သော ချက်တော်ရှိခြင်း
၁၇။ နက်သောချက်တော်ရှိခြင်း
၁၈။ လက်ျာရစ်လည်သော အရေးအကြောင်းရှိသည့်ချက်တော်ရှိခြင်း
၁၉။ ဆင်နှာမောင်းနှင့်တူသော ပေါင်တော်လက်ရုံးတော်ရှိခြင်း
၂၀။ သန့်ရှင်းစင်ကြယ်သော ကိုယ်တော်အနေအထားရှိခြင်း
၂၁။ အထက်နှင့်အောက်ပြေပြစ်သော ကိုယ်တော်ရှိခြင်း
၂၂။ အစဉ်အတိုင်း ရွှေ့ရွှေ့တက်သောကိုယ်တော်ရှိခြင်း
၂၃။ မချိုင့်မမို့သော ကိုယ်တော်ရှိခြင်း
၂၄။ မတွန့်မလိပ်သော ကိုယ်တော်ရှိခြင်း
၂၅။ မှဲ့ချေးစသည်တို့ ကင်းသော ကိုယ်ရှိခြင်း
၂၆။ အစဉ်အတိုင်း ပြိုးပြိုးပြက်သော ကိုယ်ရှိခြင်း

၂၇။ အထူးသဖြင့် စင်ကြယ်သောကိုယ်ရှိခြင်း
၂၈။ ကုဋေတစ်ထောင်သော ကာဠာဝက ဆင်တို့၏အားကိုဆောင်နိုင်သော အားတော်ရှိခြင်း
၂၉။ ရွှေခြူန်းကဲ့သို့ မြင့်တက်သော နှာခေါင်းတော်ရှိခြင်း
၃၀။ နီမြန်းသော သွားဖုံးသားရှိခြင်း
၃၁။ စင်ကြယ်သော သွားတော်ရှိခြင်း
၃၂။ သိမ်မွေ့ပြေပြစ်သော သွားတော်ရှိခြင်း
၃၃။ စင်ကြယ်သောမျက်စိဣန္ဒြေရှိခြင်း
၃၄။ လုံးသောစွယ်တော်ရှိခြင်း
၃၅။ နီမြန်းသော နှုတ်ခမ်းတော်ရှိခြင်း
၃၆။ ရှည်သော ခံတွင်းတော်ရှိခြင်း
၃၇။ နက်သော လက္ခဏာအရေးအသားများရှိခြင်း
၃၈။ ရှည်သော လက္ခဏာအရေးအသားများရှိခြင်း
၃၉။ ဖြောင့်သော လက္ခဏာအရေးအသားများရှိခြင်း
၄၀။ နှစ်လိုဖွယ်သဏ္ဌာန်ရှိသည့် လက္ခဏာအရေးအသားရှိခြင်း
၄၁။ ထက်ဝန်းကျင်ဝန်းဝိုင်းသော ကိုယ်တော်ရောင်ရှိခြင်း
၄၂။ ပြည့်ဖြိုးသော ပါးပြင်ရှိတော်မူခြင်း
၄၃။ ရှည်လျားပြန့်ကျယ်သော မျက်ကွင်းတော်မျက်လုံးတော်ရှိခြင်း
၄၄။ ငါးမျိုးသောအဆင်းဖြင့် အလွန်ကြည်လင်သော မျက်လုံးတော်ရှိခြင်း
၄၅။ အဖျားညွတ်သော မျက်တောင်မျက်မွေးတော်ရှိခြင်း
၄၆။ နူးညံ့ပါးလွှာနီမြန်းသော လျှာတော်ရှိခြင်း
၄၇။ ရှည်လျားတင့်တယ်နှစ်လိုဖွယ်သော နားတော်ရှိခြင်း
၄၈။ အဖုအထစ် အထုံးအဖွဲ့ကင်းသော အကြောတော်ရှိခြင်း
၄၉။ မချိုင့်မမိုသော အကြောတော်ရှိခြင်း
၅၀။ လုံးဝန်းသော ထီးသဖွယ်တင့်တယ်သော ဦးခေါင်းတော်ရှိခြင်း
၅၁။ ရှည်လျားပြန့်ကျယ်တင့်တယ်သော နဖူးတော်ရှိခြင်း
၅၂။ ပြုပြင်ရန်မလို လှပသည့် မျက်မှောင်မျက်ခုံးတော်ရှိခြင်း
၅၃။ နူးညံ့သိမ်မွေ့သော မျက်မှောင်မျက်ခုံးတော်ရှိခြင်း
၅၄။ ညွတ်ညွတ်တက်သော မျက်မှောင်မျက်ခုံးတော်ရှိခြင်း
၅၅။ ကြီးသောမျက်မှောင်မျက်ခုံးတော်ရှိခြင်း
၅၆။ ရှည်သွယ်သော မျက်မှောင်မျက်ခုံးတော်ရှိခြင်း
၅၇။ သိမ်မွေ့သော ကိုယ်တော်ရှိခြင်း
၅၈။ အလွန်ချမ်းအေးသော ကိုယ်တော်ရှိခြင်း

၅၉။ အလွန်ထွန်းပသော ကိုယ်တော်ရှိခြင်း
၆၀။ အညစ်အကြေးကင်းသော ကိုယ်တော်ရှိခြင်း
၆၁။ မစေးသော ကိုယ်တော်ရှိခြင်း
၆၂။ သိမ်မွေ့ပြေပြစ်သော ကိုယ်တော်ရှိခြင်း
၆၃။ မွှေးကြိုင်သော ကိုယ်တော်ရှိခြင်း
၆၄။ ညီညွတ်သော မွေးညင်းတော်ရှိခြင်း
၆၅။ မစေးသော မွေးညင်းတော်ရှိခြင်း
၆၆။ မွေးညင်းတိုင်း မွေးညင်းတိုင်းသည် လက်ျာရစ်လည်၍ တည်ရှိခြင်း
၆၇။ ညိုသော မွေးညင်းတော်ရှိခြင်း
၆၈။ လုံးသော မွေးညင်းတော်ရှိခြင်း
၆၉။ သိမ်မွေ့သော မွေးညင်းတော်ရှိခြင်း
၇၀။ အလွန်သိမ်မွေ့သော ထွက်သက်ဝင်သက်ကိုဆောင်ခြင်း
၇၁။ မွှေးကြိုင်သော ခံတွင်းတော်ရှိခြင်း
၇၂။ မွှေးကြိုင်သော ဦးထိပ်တော်ရှိခြင်း
၇၃။ အလွန်မဲနက်သော ဆံတော်ရှိခြင်း
၇၄။ လက်ျာရစ်လည်သော ဆံတော်ရှိခြင်း
၇၅။ ပင်ကိုတင့်စံ တည်ဟန်ကောင်းသော ဆံတော်ရှိခြင်း
၇၆။ သိမ်မွေ့နူးညံ့သော ဆံတော်ရှိခြင်း
၇၇။ မရောယှက်သော ဆံတော်ရှိခြင်း
၇၈။ အတိုအရှည်တူမျှသော ဆံတော်ရှိခြင်း
၇၉။ အစေးမထိုင်းသော ဆံတော်ရှိခြင်း
၈၀။ ဦးထိပ်၌တည်သော ကေတုမာလာ ရောင်လျှံတော်ဖြင့် ဆန်းကြယ်တော်မူခြင်း

ဤသို့အားဖြင့် အံ့ဖွယ်ဆန်းကြယ်အသွယ်သွယ်သော ယောက်ျားမြတ်၏ရစ်ဆယ်သော လက္ခဏာယ်များနှင့် ပြည့်စုံတော်မူပါပေ၏။

## ၂၁။ အလောင်းတော်မြတ်၏ ယောက်ျားမြတ်လက္ခဏာတော်ကြီး (၃၂)ပါးကို ရတော်မူခြင်း၏ ရှေးကပြုခဲ့သော ကောင်းမှုတံများ

၁။ ခြပုန်းပိုးရှု စသည့်သတ္တဝါတို့ကို သတ်ဖြတ်ညှဉ်းဆဲခြင်းမရှိ၊ ပါဏာတိပါတကံကို လုံခြုံအောင် စောင့်ထိန်းခဲ့သော အလောင်းတော်မြတ်သည် ဖနောင့်၊ လက်

ချောင်း၊ ခြေချောင်းများသွယ်လျပြီး ကိုယ်တော်ဖြောင့်မတ်ခြင်း လက္ခဏာတော်ကိုရ၍ ရန်သူတို့၏ တုတ်၊ ဓား လက်နက်တို့ဖြင့် သတ်ခြင်းငှာမတတ်နိုင်၊ ဘေးဘျမ်းမရှိ ပကတိအသက်ရှည်ခြင်းအကျိုးကို ရတော်မူ၏။

၂။ မြတ်စွာဘုရားအား ချိုမြိန်ကောင်းမြတ်သော အစာအာဟာရကို ဆက်ကပ်ခဲ့ရသော ကုသိုလ်ကံကြောင့် အလောင်းတော်မြတ်သည် ခြေဖမိုး၊ လက်ဖမိုးတော်၊ ပခုံးတော်၊ လည်ကုပ်တော်၊ ညှပ်ရိုး၊ လက်ရုံး၊ ရင်တော်တို့၌ ဆူဖြိုးတင့်တယ်သော လက္ခဏာတော်ကိုရတော်မူ၍ ထူးမြတ်သော အရသာရှိသည့် အာဟာရများကို သုံးဆောင်ရသောအကျိုးကို ရတော်မူ၏။

၃။ သူတစ်ပါးအားနှုတ်အားဖြင့်လည်းကောင်း၊ လက်အားဖြင့်လည်းကောင်း ပေးကမ်းချီးမြှင့်ခြင်း၊ ချိုသာသောစကားကိုဆိုခြင်း ဟူသော ကံကိုပြုခဲ့သောကြောင့် အလောင်းတော်မြတ်သည် ရွှေဇာကွန်ရက်ခက်ကဲ့သို့ လက်ချောင်းခြေချောင်းတော်ရှိခြင်း၊ လက်ဖဝါး၊ ခြေဖဝါးတော်နူးညံ့ခြင်းဟူသော လက္ခဏာတော်ကို ရရှိ၍ ပရိသတ်အခြံအရံရှိခြင်းဟူသော အကျိုးကိုရရှိတော်မူ၏။

၄။ အလောင်းတော်သည် ရှေးရှေးဘဝတို့၌ သမ္ဖပ္ပလာပဝါစာခေါ် ပြိန်ဖျင်းသောစကားကိုမဆို မှန်ကန်ဖြောင့်မတ်တရားနှင့်လျော်ညီသော စကားကိုသာဆိုခဲ့၏။ ထိုကုသိုလ်ကံကြောင့် မြူမလိမ်းသော၊ မြင့်သော ဖမျက်တော်ရှိခြင်း၊ အဖျားကော့သော မွေးညင်းတော်ရှိခြင်းဟူသည့် လက္ခဏာတော်ကိုရတော်မူ၏။

၅။ အလောင်းတော်သည် မိမိထံရောက်လာသူ တပည့်တို့အားနှုတ်မှုပညာ၊ လက်မှုပညာ၊ ကိုယ်ကျင့်သိက္ခာများကိုကောင်းစွာ သွန်သင် သင်ပြခဲ့၏။ ထိုကောင်းမှုကံကြောင့် ဤဘဝတွင် ဧဏီမည်သော သားကောင်၏ သလုံးခေါင်းနှင့်တူသော လုံးလျားတင့်တယ်ပြည့်ကြွယ်သော သလုံးတော်ရှိခြင်း ဟူသည့်လက္ခဏာတော်ကို ရတော်မူ၏။

၆။ အလောင်းတော်သည် ဆရာအရှင်သူမြတ်တို့ထံ ဆည်းကပ်၍မှီဝဲကျင့်သုံးအပ်သောကုသိုလ်၊ အကုသိုလ်တရားများကို လိုလားစွာမေးမြန်းသင်ယူခဲ့သောကြောင့် ဤဘဝတွင် သိမ်မွေ့သော အရေတော်ရှိခြင်းဟူသော လက္ခဏာတော်ကိုရရှိတော်မူ၏။

၇။ အလောင်းတော်သည် ဖြစ်လေရာဘဝတို့၌ ဒေါသအမျက်နည်း၏။ ထိုဒေါသကိုလည်း အလွယ်တကူ ထိန်းနိုင်၏။ စိတ်ပူပန်ခြင်းနည်းပါး၏။ နူးညံ့သိမ်မွေ့သော အခင်းအရုံ၊ အဝတ်အထည်ကို လှူခဲ့၏။ ထိုကောင်းမှုကြောင့် ရွှေရောင်ကဲ့သို့ ဝါဝင်းသော အဆင်းရှိခြင်းဟူသည့် လက္ခဏာတော်ကို ရရှိတော်မူ၏။

၈။ အလောင်းတော်သူမြတ်သည် ရှေးရှေးဘဝတို့၌ ဘုရားဖြစ်ကြောင်း ကောင်းမှုကုသိုလ်များကို တစ်ဦးတစ်ယောက်မျှ တားမြစ်ဖျက်ဆီး၍မရနိုင်အောင် ကြံ့ခိုင်မြဲမြံစွာ ဖြည့်ကျင့်အားထုတ်တော်မူခဲ့၏။ ထိုကုသိုလ်ကံကြောင့် ဖဝါးတော်သည်

ရွှေခြေနင်းပမာ ညီညာခြင်းဟူသော လက္ခဏာတော်ကိုရရှိတော်မူ၏။

၉။ အလောင်းတော်သူမြတ်သည် ရှေးရှေးဘဝများစွာတို့က သတ္တဝါတို့အား ချမ်းသာရာရအောင်၊ ကြောက်ရွံ့ထိတ်လန့်ခြင်းမှ လွတ်မြောက်အောင် စောင့်ရှောက်ကယ်တင်တော်မူခဲ့၏။ အခြံအရံနှင့်တကွသော အလှူဒါနကို ပြုတော်မူခဲ့၏။ ဤကောင်းမှုကြောင့် ဖဝါးတော်အပြင်၌ တစ်ရာ့ရှစ်ကွက်စက်လက္ခဏာပါရှိခြင်းဟူသော လက္ခဏာတော်ကို ရရှိတော်မူ၏။

၁၀။ အလောင်းတော်သူမြတ်သည် ကွဲကွာနေသော အဆွေအမျိုး၊ မိတ်ဆွေခင်ပွန်းတို့ကို အညီအညွတ်ဖြစ်အောင် စေ့စပ်ညှိနှိုင်းဆောင်ရွက်တော်မူခဲ့၏။ ဤကောင်းမှုကြောင့် အအိမ်နှင့်ဖုံးလွှမ်းအပ်သော ယောက်ျားမြတ်နိမိတ်ရှိတော်မူခြင်းလက္ခဏာတော်ကို ရရှိတော်မူ၏။

၁၁။ အလောင်းတော်သူမြတ်သည် ရှေးရှေးသောဘဝတို့၌ "ဤသူကား ဤမျှသော ပူဇော်သက္ကာရကိုခံထိုက်၏"ဟု အရည်အချင်းအလိုက် သင့်ဂြိုဟ်ချီးမြှောက်တော်မူခဲ့၏။ ဤကောင်းမှုကြောင့် အလံအရပ်ညီမျှ၍ ရပ်တော်မူလျက် မညွတ်ဘဲ ဒူးဝန်းတော်ကို သုံးသပ်တော်မူနိုင်ခြင်းဟူသော လက္ခဏာတော်ကို ရရှိတော်မူ၏။

၁၂။ အလောင်းတော်သူမြတ်သည် ရှေးဘဝများစွာတို့၌ လူအပေါင်းတို့၏အကျိုးစီးပွားကိုအလိုရှိသည်နှင့်အညီ ရွက်ဆောင်ပေးခဲ့၏။ ဤကောင်းမှုကြောင့် ခြင်္သေ့မင်း၏ရှေ့ပိုင်းကိုယ်ကဲ့သို့ အောင်မောင်းပြည့်ဝသည့် ကိုယ်တော်ရှိခြင်းဟူသော လက္ခဏာတော်ကြီးကို ရရှိတော်မူ၏။

၁၃။ အလောင်းတော်သူမြတ်သည် ရှေးရှေးသောဘဝတို့၌ သတ္တဝါတို့အား ဓားလှံ လက်နက်တစ်စုံတစ်ရာဖြင့် ညှင်းပန်းနှိပ်စက်ခြင်း မပြုခဲ့ချေ။ ထိုကောင်းမှုကြောင့် အရသာကြော (၇၀၀၀)တို့သည် အဖျားထောင်၍ လည်၌စွပ်လျက်ရှိခြင်းဟူသော လက္ခဏာကို ရရှိတော်မူ၏။

၁၄။ အလောင်းတော်သူမြတ်သည် ရှေးရှေးဘဝများစွာတို့၌ သတ္တဝါတို့အပေါ်တွင် အမျက်ထွက်ကာ မျက်လုံးတော်ကိုပြူး၍လည်းကောင်း၊ စွေစောင်း၍လည်းကောင်း၊ ငြူစူလို၍လည်းကောင်း ကြည့်တော်မမူခဲ့။ ထိုကုသိုလ်ကံကြောင့် မျက်လုံးတော်အလွန်ညို၍ နုနယ်သိမ်မွေ့သော မျက်တောင်တော်ရှိခြင်းဟူသည် လက္ခဏာတော်ကို ရရှိတော်မူ၏။

၁၅။ အလောင်းတော်သည် ရှေးရှေးသောဘဝတို့၌ ကိုယ်နှုတ်နှလုံးကိုစင်ကြယ်စွာ စောင့်ထိန်း၍အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ အမိအဖတို့ကိုလုပ်ကျွေးခြင်းတို့ကို ပြုခဲ့၏။ ထိုကောင်းမှုကြောင့် နဖူးတော်၌ သင်းကျစ်ရွှေပြားတပ်စီထားသကဲ့သို့ သင်းကျစ်တော်အသားလွှာပါး ရှိခြင်းဟူသော လက္ခဏာတော်ကို ရတော်မူ၏။

၁၆။ အလောင်းတော်သူမြတ်သည် ရှေးရှေးဘဝများစွာတို့က မဟုတ်မမှန်သော မုသားစကားကို မည်သည့်အခါမျှမပြော၊ ဟုတ်မှန်သောစကားကိုသာ ဆိုခဲ့၏။ မြဲမြံခိုင်ခန့်သောစကားရှိတော်မူ၏။ ထိုကောင်းမှုကံကြောင့် မွေးတွင်းတော် တစ်ခု တစ်ခု၌ မွေးညင်းတော်တစ်ပင်စီနှင့် နဖူးတော်၌ ဥဏ္ဏာလုံမွေးရှင်တော်ပါ ရှိခြင်းဟူသော လက္ခဏာတော်ကို ရတော်မူ၏။

၁၇။ အလောင်းတော်သူမြတ်သည် ရှေးရှေးဘဝများစွာတို့က အချင်းချင်းရန်ပွားစေသော ကုန်းချောစကားပြောခြင်းမှ ရှောင်ကြဉ်၍ အချင်းချင်းညီညွတ်၍ မေတ္တာပွားစေသောစကားကိုသာ ဆိုခဲ့၏။ ထိုကောင်းမှုကံကြောင့် သွားတော်ချောင်းရေ လေးဆယ်အစေ့အငရှိခြင်း၊ မကျဲမကျာစေ့စပ်စွာရှိခြင်းဟူသော လက္ခဏာတော်ကို ရတော်မူ၏။

၁၈။ အလောင်းတော်သူမြတ်သည် ရှေးရှေးဘဝတို့၌ ရန့်ရင်းကြမ်းတမ်းသောစကားကိုမဆို၊ ကြားနာသူစိတ်နှလုံးပွားစေတတ်သည့် ယဉ်ကျေးသောစကားကိုသာ ဆိုခဲ့၏။ ထိုကောင်းမှုကံကြောင့် ရှည်လျားနူးညံ့သော လျှာတော်ရှိခြင်းနှင့်အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အသံတော်ရှိခြင်းဟူသည့် လက္ခဏာတော်ကို ရတော်မူ၏။

၁၉။ အလောင်းတော်သူမြတ်သည် ရှေးရှေးသောဘဝတို့၌ အကျိုးမဲ့၊ အနှစ်မရှိသော ပြိန်ဖျင်းသည့် (သမ္ဖပ္ပလာပ)စကားကိုမဆို၊ ဟုတ်မှန်၍အကျိုးရှိသည့်စကားကိုသာ ဆိုခဲ့၏။ ထိုကုသိုလ်ကံကြောင့် လဆန်း(၁၂)ရက်လ၊ ခြင်္သေ့မင်း၏ ပြည့်ဖြိုးသော မေးတော်ရှိခြင်းဟူသည့် လက္ခဏာတော်ကို ရရှိတော်မူ၏။

၂၀။ အလောင်းတော်သူမြတ်သည် ရှေးရှေးဘဝများစွာက ယုတ်မာစဉ်းလဲသော အသက်မွေးမှု (မိစ္ဆာဇီဝ)ကို ရှောင်ကြဉ်၍ မှန်ကန်တရားသော အသက်မွေးမှုဖြင့် အသက်မွေးတော်မူခဲ့၏။ ထိုကောင်းမှုကံကြောင့် ညီညွတ်သော သွားတော်ရှိခြင်း၊ စင်ကြယ်ဖြူဝင်းသော စွယ်တော်လေးဆူရှိခြင်းဟူသည့် လက္ခဏာတော်ကြီးကို ရရှိတော်မူ၏။

ဤသို့လျှင် အလောင်းတော်သူမြတ်သည် ရှေးရှေးသောဘဝအဆက်ဆက်က ပြုခဲ့တော်မူသော ကုသိုလ်ကံပါရမီတော်အဟုန်တို့ကြောင့် ယခုဘဝတွင် သူတကာများနှင့်မတူထူးခြားအံ့အဲဆန်းကြယ်သည့် (၃၂)ပါးသော ယောက်ျားမြတ်တို့၏ လက္ခဏာတော်ကြီးတို့သည် အလောင်းတော်၏ကိုယ်၌ တစ်ပြိုင်နက်တည်း ဖြစ်ထွန်းပေါ်ပေါက်လာကုန်၏။

## ၂၂။ အလောင်းတော်၏ ဆွေတော်မျိုးတော်များ

၁။ ကပိလဝတ်ပြည့်ရှင် ဇယသေနမင်း*၁ ၏သားတော် သီဟဟနုမင်းသားနှင့်ဒေဝဒဟပြည့်ရှင် အဥ္စနမင်း နှမတော်ဘဒ္ဒကစ္စာနာတို့ စုံဖက်ရာတွင် –

(၁) သုဒ္ဓေါဒနမင်းသား

(၂) သုက္ကောဒနမင်းသား

(၃) ဓောတောဒနမင်းသား

(၄) သက္ကောဒနမင်းသား

(၅) အမိတောဒနမင်းသား ငါးပါးနှင့်

(၆) အမိတာမင်းသမီး

(၇) ပါလိတာမင်းသမီး နှစ်ပါး၊ ပေါင်းခုနစ်ပါးဖွားမြင်၏။

၂။ အဥ္စနမင်းနှင့်ဇယသေနမင်း သမီးတော် ယသောရောတို့ စုံဖက်ရာတွင်–

(၁) သီရိမဟာမာယာမင်းသမီး

(၂) မဟာပဇာပတိဂေါတမီမင်းသမီး–နှစ်ပါးနှင့်

(၃) ဒဏ္ဍပါဏိမင်းသား

(၄) သုပ္ပဗုဒ္ဓမင်းသား နှစ်ပါး၊ ပေါင်း လေးပါးဖွားမြင်၏။

၃။ သီဟဟနုမင်း သားတော် သုဒ္ဓေါဒနမင်းနှင့်အဥ္စနမင်း သမီးတော် သီရိမဟာမာယာတို့ စုံဖက်ရာတွင်–

(၁) အလောင်းတော်သိဒ္ဓတ္ထကုမာရမင်းသားကို ဖွားမြင်၏။ သီဟဟနုမင်းသားတော် သုဒ္ဓေါဒနမင်းနှင့် အဥ္စနမင်း သမီးတော် မဟာပဇာပတိဂေါတမီမင်းသမီး (သီရိမဟာမာယာ၏ ညီမတော်)တို့ စုံဖက်ရာတွင်

(၁) ဇနပဒကလျာဏီမင်းသမီး

(၂) နန္ဒမင်းသားတို့ ဖွားမြင်၏။

၄။ အဥ္စနမင်း သားတော် သုပ္ပဗုဒ္ဓနှင့် သီဟဟနုမင်းသမီးတော် အမိတာမင်းသမီးတို့စုံဖက်ရာတွင်–

(၁) ဘဒ္ဒကစ္စာနာမင်းသမီး

(၂) ဒေဝဒတ္တမင်းသားတို့ ဖွားမြင်၏။

၅။ သုဒ္ဓေါဒနမင်း သားတော် သိဒ္ဓတ္ထမင်းသားနှင့် သုပ္ပဗုဒ္ဓ၏သမီးတော် ဘဒ္ဒကစ္စာနာ မင်းသမီးတို့ စုံဖက်ရာတွင်–

(၁) ရာဟုလာမင်းသားကို ဖွားမြင်၏။

ဤကား အလောင်းတော်၏ ခမည်းတော် မယ်တော်၊ နှစ်ဖက်သော ဆွေတော်မျိုးတော်တို့ပေတည်း။

* ၁ မဟာဗုဒ္ဓဝင် (ဒု–တွဲ) အနုဒီပနီ၌ ဇေယျာသေနမင်းဟု ဖော်ပြသည်။

## ၂၃။ အလောင်းတော်မင်းသားအတွက် အထိန်းတော်များခန့်ထားစီမံခြင်း

အလောင်းတော်မင်းသားကို ဖွားမြင်ပြီးနောက် သုဒ္ဓေါဒနမင်းကြီးသည် သားတော်အား နိမိတ်ဖတ်ခြင်း၊ အမည်ပေးခြင်း မင်္ဂလာများကို ပြုတော်မူ၏။ တစ်ဖန် အလောင်းတော်မင်းသားအား နို့ရည်တိုက်ကျွေးခြင်း၊ ထိန်းချီယုယခြင်း၊ ရေချိုးခြင်း၊ နံ့သာအမွှေးအကြိုင်များ လိမ်းကျံခြင်း၊ ဝတ်စားဆင်ယင်ခြင်း စသည့်အလုပ်ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှာ အထိန်းတော်မိန်းမ၊ အထိန်းတော်ယောက်ျားတို့ကို ရွေးချယ်ခန့်ထားတော်မူ၏။ ရုပ်ရည်ရူပကာလှပတင့်တယ်ခြင်း၊ ကျန်းမာခြင်း၊ အလုပ်၌ ကျွမ်းကျင်လိမ္မာခြင်း၊ ယုယပိုက်ထွေးမှု၌ လိမ္မာခြင်းဟူသော အရည်အချင်းတို့နှင့်ပြည့်စုံသူများထဲမှ ရွေးချယ်စိစစ်ကာ အထိန်းတော်မိန်းမပေါင်း(၂၄၀) ရှိ၏။

ထို့ပြင် အထိန်းတော်မိန်းမများကို ကြီးကြပ်ကွပ်ကဲရန် အမတ်(၆)ကျိပ်ကိုလည်းကောင်း၊ အထိန်းတော်တို့၏ အစေအပါး ယောက်ျား(၆)ကျိပ်ကိုလည်းကောင်း တစ်ဖန်ခန့်ထားတော်မူ၏။

အထိန်းတော်မိန်းမ(၂၄၀)တို့တွင် (၆)ကျိပ်ကုန်သော အထိန်းတော်မိန်းမတို့သည် အလောင်းတော်မင်းသားအား နို့ချိုတိုက်ကျွေးကြရကုန်၏။ အခြား(၆)ကျိပ်ကုန်သော အထိန်းတော်မိန်းမတို့ကား အလောင်းတော်မင်းသားအား နံ့သာရေမိုးချိုးပေးကာ အဝတ်တန်ဆာများဆင်မြန်းပေးကြရကုန်၏။ အခြား(၆)ကျိပ်သော မိန်းမတို့မှာ အလောင်းတော်မင်းသားအား အလှည့်ကျချီပိုးထိန်းယကြရကုန်၏။ ထိုမှ ကျန်(၆)ကျိပ်သော မိန်းမတို့ကား ထိုအထိန်းတော်မိန်းမများထံမှ လက်ပြောင်းကာ တစ်ရင်ခွင်မှ တစ်ရင်ခွင်သို့ပြောင်းရွှေ့ယုငင်ပိုက်ချီကြရကုန်၏။ ထို့ကြောင့် အလောင်းတော်မင်းသားငယ်အား ဆိုခဲ့သောတာဝန်များကို ဆောင်ရွက်ပေးရသူ အထိန်းတော်မိန်းမ(၂၄၀)နှင့် ကြည့်ရှုကြပ်မတ်ရသူ အမတ်(၆၀)၊ အစေအပါးယောက်ျား(၆၀)တို့ကိုပေါင်းသော် အထိန်းအယကိစ္စဆောင်ရွက်ရသူ မိန်းမ၊ ယောက်ျားပေါင်း (၃၆၀) တို့ ဖြစ်ကြကုန်၏။

## ၂၄။ အလောင်းတော်မင်းသားအား မိထွေးတော်ဂေါတမီက နို့ချိုတိုက်ကျွေးမွေးမြူစောင့်ရှောက်တော်မူခြင်း

အလောင်းတော်မင်းသားသည် ရှေးကပြုခဲ့သော ဘုန်းကံပါရမီတော်အဟုန်တို့ကြောင့် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် မင်းသားငယ်၏ ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်နှင့် စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ပျက်ကွက်လစ်ဟင်းမှုမရှိစေဘဲ အမှုတော်ထမ်းဆောင်နိုင်ရန် နို့ထိန်းမိန်းမ၊ ယောက်ျားများနှင့် ကြီးကြပ်ကွပ်ကဲသူအမတ်များကို ခန့်အပ်တာဝန်ပေးခဲ့၏။

ဤကဲ့သို့ အခြွေအရံများစွာနှင့် စောင့်ရှောက်ထားသော်လည်း မယ်တော်၏ညီမ အရင်းဖြစ်သူ မဟာပဇာပတိဂေါတမီမိဖုရားသည် အလောင်းတော်အပေါ် မိမိရင်၌ဖြစ် သော သားအရင်းပမာ စောင့်ရှောက်ပေးတော်မူ၏။ မိထွေးတော်သည် မင်းသားအား နို့ချိုတိုက်ကျွေးရန် နို့ထိန်းတို့အားတာဝန်ပေးပြီးဖြစ်သော်လည်း မိမိသာလျှင် ကိုယ်တိုင် နို့ချိုတိုက်ကျွေးစောင့်ရှောက်တော်မူ၏။

မိထွေးတော်သည် အလောင်းတော်မင်းသားအား ကိုယ်တိုင်မွေးသောသားအရင်း ထက် ချစ်ခင်ခြင်းလွန်ကဲသည်ဖြစ်ရကား သားအရင်းဖြစ်သူ နန္ဒမင်းသားငယ်အား တစ်ပါး သော နို့ထိန်းတို့ထံအပ်ထားပြီး မိမိကိုယ်တိုင် ထိန်းယပြုစုစောင့်ရှောက်တော်မူသော ကြောင့် မင်းသားငယ်သည် များစွာသော ခြွေရံသင်းပင်းတို့အလယ်တွင် ချမ်းသာစွာ ကြီးပြင်းခဲ့ရလေ၏။

## ၂၅။ သုဒ္ဓေါဒနမင်းကြီး လယ်ထွန်မင်္ဂလာပွဲပြုလုပ်ကျင်းပခြင်း

လွန်လေပြီးသော မင်းကောင်းမင်းမြတ်တို့သည် ပြည်သူအများ စားနပ်ရိက္ခာ ပေါများစေရန်ရည်ရွယ်ပြီး မိုးဦးကာလ စိုက်ပျိုးရေးရာသီဦးအစတွင် မင်းခမ်းမင်းနားနှင့် တကွ လယ်ထွန်မင်္ဂလာပွဲကို ကြီးကျယ်ခမ်းနားစွာ ကျင်းပလေ့ရှိကုန်၏။ ထိုအစဉ်အလာ နှင့်အညီ သုဒ္ဓေါဒနမင်းကြီးသည် တစ်ခုသော မိုးဦးကာလ နေ့တစ်နေ့တွင် လယ်ထွန် မင်္ဂလာပွဲကြီးကို ကြီးကျယ်စွာ ကျင်းပလေ၏။

ထိုနေ့တွင် ကပိလဝတ်ပြည်တစ်ပြည်လုံးကို နတ်ပြည်နတ်ဗိမာန်ကဲ့သို့ တန်ဆာ ဆင်ကြကုန်၏။ အလုပ်သမားလယ်သမားတို့နှင့် ပြည်သူအားလုံးသည် သစ်လွင်သော ဝတ်စားတန်ဆာဝတ်ဆင်လျက် ပန်းမန်နံ့သာများ လိမ်းကျံကာ နန်းရင်ပြင်ဆီသို့ စုဝေး ရောက်ရှိလာကြကုန်၏။ လယ်ထွန်မင်္ဂလာ ကျင်းပမည့်ဌာနတွင် ထွန်တုံးပေါင်းတစ် ထောင်ကို အသင့်ပြင်ဆင်ချထားကုန်၏။ ထွန်တုံးပေါင်းတစ်ထောင်မှာ မင်းနှင့်မှူးမတ်တို့ စီးနင်းမောင်းနှင်ရန် ထွန်တုံး (၈၀၀)၊ လယ်တော်သားများ စီးနင်းရန် ထွန်တုံး(၂၀၀)တို့ ဖြစ်ကြကုန်၏။

သုဒ္ဓေါဒနမင်းကြီးသည် မင်္ဂလာအချိန်ကျလာသောအခါ မှူးမတ်အပေါင်းခြံရံလျက် မင်္ဂလာလယ်တော်သို့ ကြွချီတော်မူလာ၏။ လယ်ထွန်မင်္ဂလာ အစီအစဉ်အရ ပထမဦးစွာ ဘုရင်မင်းမြတ်သည် ရွှေထွန်တုံးကို ဤမှာဘက်မှ ထိုမှာဘက်သို့ ရောက်ရုံမျှသာ စီးနင်း မောင်းနှင်ပြီး ကျန်ငွေထွန်တုံး(၇၉၉)တုံးကို မှူးမတ်များက စီးနင်းမောင်းနှင်ကြကုန်၏။

လယ်တော်သားတို့မှာကား ကျန်ထွန်တုံး(၂၀၀)ကို စီးနင်း၍ လယ်တော်အနှံ့အစေ့အစပ်၊ ကွက်လပ်မကျန်အောင် ထွန်ယက်ပေးကြကုန်၏။ ပြည်သူများသည် မင်းကြီး၏ လယ်ထွန်မင်္ဂလာပွဲကြီးကို အားပေးကြည့်ရှုရန် တခဲနက်ရောက်ရှိလာကြပြီး ဝိုင်းအုံကြည့်ရှုကြရာ လယ်ထွန်မင်္ဂလာပွဲကြီးသည် လွန်စွာကြီးကျယ်စည်ကားလှပေ၏။

## ၂၆။ အလောင်းတော်မင်းသား အာနာပါနဝထမဈာန်ကို ဝင်စားရရှိတော်မူခြင်း

သုဒ္ဓေါဒနမင်းကြီးသည် လယ်ထွန်မင်္ဂလာပွဲတော် ကျင်းပရာနေရာဆီသို့ ကြွလာသောအခါ သားတော်မင်းသားငယ်ကိုပါ ယူဆောင်ကာ ကျင်းပရာ လယ်တော်အနီးရှိ အရိပ်ကောင်းသော သပြေပင်အောက်တွင် ကမ္ဗလာခင်းနီးကောင်းစွာခင်း၍ သိပ်ထားလေ၏။ အထက်နှင့်နံဘေးတစ်ဝိုက်တွင်လည်း ဗိတာန်နှင့်ကန့်လန့်ကာများဖြင့် ပြင်ဆင်ကာရံထားကြကုန်၏။ ဤသို့ ပြုလုပ်စီမံထားပြီးလျှင် လိုက်ပါလာကြသော အထိန်းအယအစောင့်အရှောက်တို့သည် လယ်ထွန်မင်္ဂလာပွဲကြီးကို ကြည့်ရှုရန်အလို့ငှာ သွားကြကုန်၏။

ထိုအခါသမယတွင် အလောင်းတော်မင်းသားသည် အနီးအပါး၌ လူတစ်စုံတစ်ဦးကိုမျှ မမြင်ရသောအခါ နေရာမှထ၍ ငြိမ်သက်တည်ကြည်စွာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလျက် ထွက်လေဝင်လေကို အာရုံပြုရှုမှတ်သော အာနာပါနဿတိ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းတော်မူရာ ရူပါဝစရပဌမဈာန်ကို ဝင်စားရရှိတော်မူ၏။

လယ်ထွန်မင်္ဂလာပွဲသို့သွား၍ လှည့်လည်ကြည့်ရှုနေကြသော အထိန်းအယများသည် အတန်ငယ်ကြာသောအခါ မင်းသားငယ်အား သတိရလာကြပြီး မင်းသားငယ်ရှိရာ သပြေပင်ရိပ်ဆီသို့ အပြေးအလွှား ရောက်ရှိလာကြကုန်၏။ ထိုအခါ အထိန်းတော်တို့သည် မင်းသားငယ်၏ ထူးခြားဆန်းကြယ်လှသော မြင်ကွင်းကို မြင်ကြရ၍ အံ့ဩသွားကြကုန်၏။ မင်းသားငယ်သည် အိပ်နေရာမှ ထထိုင်ကာ တင်ပလ္လင်ဖွဲ့ခွေစံနေတော်မူသည်ကိုလည်းကောင်း၊ အပေါ်မှ အုပ်မိုးထားသည့်သပြေပင်၏ အရိပ်သည် ကောင်းကင်ထက်ရှိ နေဝန်းကြီးကသာ တရွေ့ရွေ့ မြင့်တက်လာသော်လည်း ထိုအရိပ်ကား မပြောင်းမလဲ၊ ပကတိတည်မြဲစွာရှိနေသည်ကိုလည်းကောင်း မြင်ကြရကုန်ရာ ထိုအံ့ဖွယ်သရဲထူးကဲသော အဖြစ်ကို အထိန်းအယတို့သည် မင်းကြီးထံ သွားရောက်ကာ လျှောက်ထားကြကုန် ၏။

ထိုသတင်းကိုကြားသော် မင်းကြီးလည်း ဆောလျင်စွာ လာလတ်၍ ကြည့်ရှုတော်မူလေသော် ထူးခြားသည့် ပြာဋိဟာ နှစ်ပါးကိုမြင်ရသောအခါ အံ့ဩခြင်းကြီးစွာဖြင့် –

"အို ... ချစ်သား၊ ချစ်သားအား ခမည်းတော်သည် ရှိခိုးပါ၏" ဟုဆိုကာ ကန်တော့လေ၏။ * ၁

(သုဒ္ဓေါဒနမင်းကြီး၏ သားတော်အား ဒုတိယအကြိမ် ရှိခိုးခြင်းဖြစ်၏။)

## ၂၇။ အလောင်းတော်မင်းသား ရေတစားရန် ထိကြွားမင်းထ မင်္ဂလာရေကန်တော်ကို ဖန်ဆင်းပေးတော်မူခြင်း

အလောင်းတော်မင်းသားသည် ကြီးကျယ်များပြားလှသော အထိန်းအယ အခြွေအရံတို့အလယ်တွင် ချမ်းမြေ့ပျော်ရွှင်စွာ စံစားရင်း ခုနစ်နှစ်အရွယ် သူငယ်ဘဝသို့ ရောက်လာလေ၏။ ထိုအခါ ခမည်းတော်မင်းကြီးသည် သား၏ချစ်ခြင်းဖြင့် သားတော် ကစားမြူးထူးရန် မင်္ဂလာရေကန်တော်ကို စီစဉ်တူးဖော်ရန် မှူးမတ်များနှင့်တိုင်ပင်ကာ လျှော်ကန်သင့်မြတ်သောနေရာကို ရွေးချယ်သတ်မှတ်တော်မူ၏။

ထိုအကြောင်းကို သိကြားမင်းသည် သိတော်မူလေသော် ဘုန်းတော်ကြီးသော အလောင်းတော်မင်းသားအဖို့ လူတို့ဖန်တီးတူးဖော်သောရေကန်သည် မသင့်လျော် မလျောက်ပတ်၊ နတ်တို့ ဖန်ဆင်းအပ်သော မင်္ဂလာရေကန်တော်သည်သာလျှင် သင့်မြတ် ပေ၏ဟု ကြံစည်ကာ ဝိသုကြံနတ်သားအား နတ်ရေကန်တော်ကို ဖန်ဆင်းချေ–ဟု စေခိုင်းတော်မူ၏။ ဝိသုကြံနတ်သားလည်း မင်းသားကစားမြူးထူးရန်အံ့ဘွယ်ဆန်းပြား ထူးခြားသော မင်္ဂလာရေကန်တော်ကို စောင်းတန်းလှေကား၊ လက်ကိုင်တန်း၊ လက်ရုံး တိုင်၊ ရွှေလှေ၊ ငွေလှေ၊ ပတ္တမြားလှေ၊ သန္တာလှေ၊ ရေပက်ခွက်များနှင့်တကွ ကြာမျိုးငါးပါး နှင့် ဖုံးလွှမ်းစေကာ ပျော်မွေ့ဖွယ်ရာ အတင့်အတယ်ညတွင်းချင်းမှာပင် စီမံဖန်ဆင်းပေး လေ၏။

နောက်တစ်နေ့ နံနက်မိုးသောက်သောအခါ လူအပေါင်းတို့သည် ခမ်းနားကြီး ကျယ် အံ့ဖွယ်သရဲထူးခြားသော ရေကန်တော်ကြီးကို မြင်လေလျှင် "ဤရေကန်တော်သည် အလောင်းတော်မင်းသား ယောကျ်ားမြတ်အတွက် သိကြားမင်း ဖန်ဆင်းအပ်သော ရေကန်တော်ဖြစ်ရာ၏" ဟု သုဒ္ဓေါဒနမင်းကြီးအား ဝမ်းမြောက်စွာ လျှောက်ထားကြကုန် ၏။ မင်းကြီးလည်း ထိုရေကန်တော်ကြီးကို မြင်လေသော် "ငါ့သားတော်၏ ဘုန်းတန်ခိုး အာနုဘော်ကြောင့် ဤရေကန်တော်ကို နတ်သိကြားတို့ ဖန်ဆင်းအပ်သည်ဖြစ်ရာ၏"ဟု ဝမ်းမြောက်ရွှင်လန်းခြင်း ဖြစ်တော်မူ၏။

* ၁ ။ ပထမအကြိမ်တွင် အလောင်းတော်မင်းသား ကာဠ ဒေဝိလရသေ့၏ ဦးခေါင်း ထက်၌ ရပ်တော်မူသည်ကို မြင်၍ ရှိခိုးခြင်းဖြစ်၏။

## ၂၈။ အလောင်းတော်မင်းသား စံမြန်းရန် နန်းပြာသာဒ်သုံးဆောင်တို့ ဆောက်လုပ်စေတော်မူခြင်း

အလောင်းတော်မင်းသားသည် ဤသို့ မင်းသားငယ်၏ စည်းစိမ်ကို ခံစားလျက် သက်တော် တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်လာလေ၏။ ထိုအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ယခုအခါ ငါ၏သားတော်အား နေ့မိုးဆောင်း ကာလသုံးပါးစလုံး

တွင် အလဲအလှယ်စံတော်မူရန် ပြာသာဒ်သုံးဆောင် ဆောက်လုပ်ရသော် သင့်တော်ပေစွ- ဟု အကြံဖြစ်ပေါ်လာ၏။ မင်းကြီးသည် နေပြည်တော်အတွင်းရှိ ဗိသုကာ၊ လက်သမား၊ ပန်းရန်၊ ပန်းချီ၊ ပန်းပု အတတ်တို့၌ တတ်မြောက်ကုန်သော သူတို့ကို ခေါ်ယူ၍ ကောင်းမြတ်သောအချိန်အခါ၌ ကောင်းမြတ်သော မြေအပြင်တွင် လှပဆန်းကြယ်တင့်တယ်သော နန်းပြာသာဒ်သုံးဆောင်ကို ဆောက်လုပ်ရန် စီမံတော်မူ၏။ ဗိသုကာ၊ လက်သမား၊ ပန်းချီပန်းပု စသော ပညာသည်တို့ကလည်း မင်းကြီး၏အမိန့်တော်အတိုင်း ကြီးကျယ်ခမ်းနားလှသည့် နန်းပြာသာဒ်ကြီးသုံးဆောင်ကို လှပဆန်းကြယ်တင့်တယ်စွာ ဆောက်လုပ်ကြ၏။

ထိုနန်းမကြီးသုံးဆောင်မှာ အလျား၊ အနံ၊ အမြင့် အရွယ်အစားချင်းတူတူဖြစ်ကြပြီး နွေမိုးဆောင်း ဥတုသုံးပါးနှင့် လိုက်ဖက်အောင် ဘုံအဆင့်ဆင့်နှင့်အခန်းများ၊ တံခါးများနှင့်တကွ လှပတင့်တယ်နေချင့်စဖွယ်ကောင်းလှပေ၏။ ထို့ပြင် ထိုနန်းပြာသာဒ်သုံးဆောင်ကို ဆောင်းကာလစံမြန်းရန် နန်းပြာသာဒ်အား ရမ္မဟူ၍လည်းကောင်း၊ နွေကာလ စံမြန်းရန် ပြာသာဒ်အား သုရမ္မ ဟူ၍လည်းကောင်း၊ မိုးကာလ စံမြန်းရန် ပြာသာဒ်ကို သုဘဟူ၍လည်းကောင်း အသီးသီးအမည်ပေးထားလေ၏။

## ၂၉။ အလောင်းတော်လေးအတတ်တို ပြတော်မူခြင်း

အလောင်းတော်မင်းသားသည် ဤသို့ခမ်းနားကြီးကျယ်လှသည့် မင်းသားငယ်၏ စည်းစိမ်ကို ခံစားတော်မူစဉ် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် ဤသို့သော အကြံဖြစ်၏။ "ယခု ငါ၏သားတော်သည် တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်ခဲ့လေပြီ။ သားတော်အား ကပိလဝတ်ပြည်အလုံးကို ပိုင်စိုးသော ထီးဖြူဆောင်းမင်းတစ်ပါးအဖြစ် မင်းစည်းစိမ်ခံစားနေသည်ကို မြင်လိုသည်။ ထို့ကြောင့် သားတော်အား ထီးဖြူစိုက်ဆောက်မင်းအဖြစ် တင်မြှောက်ရပေတော့အံ့" ဟု အကြံတော်ဖြစ်လာသည်နှင့်အညီ ဆွေတော်မျိုးတော်သာကီဝင်မင်းအပေါင်းတို့အား – "ဆွေတော်မျိုးတော်အပေါင်းတို့- ယခုအခါ ငါ၏သားတော် သိဒ္ဓတ္ထမင်းသားသည် အရွယ်တော်ကြီးမြောက် တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်ခဲ့လေပြီ။ တစ်ဆယ့်ခြောက်နှစ်မြောက်အရွယ်သို့ ရောက်ပြီးသော သားတော်အား အဂ္ဂမဟေသီမိဖုရားခေါင်ကြီးနှင့်တကွ ခပ်သိမ်းကုန်သော အဆောင်အယောင်များနှင့်အတူ တိုင်းပြည်အလုံးကို လွှဲယူအပ်နှင်းထီးဖြူဆောင်းမင်းအဖြစ် တင်မြှောက်ရိုးထုံးစံရှိသည်နှင့်အညီ ငါကိုယ်တော်သည် သားတော်အား မင်းအဖြစ် တင်မြှောက်တော်မူလိုသည်။ အားလုံးသော သာကီဝင်မင်းအပေါင်းတို့သည် မိမိတို့၏ အရွယ်ရောက်ပြီးကုန်သော သမီးပျိုများကို ငါ၏နန်းတော်အရောက် ပို့ဆောင်ဆက်သကြကုန်လော့"–ဟု သဝဏ်လွှာအသီးသီးကို ပေးပို့တော်မူလေ၏။

သဝဏ်လွှာပါ သတင်းစကားကို ကြားကြကုန်သော သာကီဝင်မင်းအပေါင်းတို့ လည်း "ဤသိဒ္ဓတ္ထမင်းသားသည် ရှုချင်စဖွယ်တင့်တယ်သော ရုပ်အဆင်းသာရှိ၍ ယောကျ်ားတို့တတ်အပ်သော အတတ်ပညာဟူ၍ကား တစ်စုံတစ်ရာမရှိ၊ မိဖုရားမောင်းမ တို့အား ကျွေးမွေးစောင့်ရှောက်ရန် တတ်နိုင်မည်မဟုတ်။ ယခုအခါ ခမည်းတော်ဖြစ်သူ သုဒ္ဓေါဒနမင်းကြီးက ငါတို့ထံ သမီးကညာတောင်းခံလာသည်မှာ အရာမဟုတ်၊ မပေးပို့ နိုင်ပါ"ဟု ငြင်းဆန်စကားဖြင့် ပြန်ကြားလိုက်ကြလေ၏။

သာကီဝင်မင်းအသီးသီးက တုံ့ပြန်လာသောစကားများကို ကြားသိတော်မူသော အခါ သုဒ္ဓေါဒနမင်းကြီးသည် သားအတွက် မခံမရပ်နိုင်ဖြစ်၍ ထိုအကြောင်းကို သားတော် အလောင်းမင်းသားအား ပြောကြားသောအခါ အလောင်းတော်မင်းသားသည် ခမည်း တော်မင်းကြီးအား – "အကျွန်ုပ်သည် အခြားသူတို့ကဲ့သို့ အတတ်ပညာ တစ်စုံတစ်ရာကို သင်ကြားရန်မလိုပါ။ ယခုအခါ ဆွေတော်မျိုးတော်အပေါင်းတို့က ကျွန်ုပ်အား မည်သို့ သော အတတ်ပညာမျိုးကို ပြသရန်အလိုရှိကြပါသနည်း။ ထိုပညာကို ကျွန်ုပ်ပြပါအံ့"ဟု မေးမြန်းရာ မင်းကြီးက "ချစ်သား – ယခုအခါ ဆွေတော်မျိုးတော်တို့အား ဗိုလ်တစ် ထောင်တင် လေးအတတ်ကို ပြသင့်ပါ၏"ဟု ဆို၏။

ထိုအခါ အလောင်းမင်းသားသည် "သို့ဖြစ်လျှင် ကျွန်ုပ်သည် ဤနေ့မှ ခုနစ်ရက် မြောက်သောနေ့၌ ထိုလေးအတတ်ကို ပြပါအံ့။ ထိုအကြောင်းကို အများသိရှိနိုင်စိမ့်သော အခါ ရွှေမြို့တော်အတွင်း စည်လည်မောင်းခတ်၍ အကြောင်းကြား ကြေညာပါလေ လော့" ဟု ခမည်းတော်အား လျှောက်ထား၏။ ခမည်းတော်မင်းကြီးလည်း မင်းသားမှာ သည့်အတိုင်း မြို့တော်နေပြည်သူအား သိရှိရန် အသိပေးကြေညာလိုက်လေ၏။

## ၃၀။ လေးအတတ်ခင်းကျင်းရန် နေရာအခမ်းအနား ပြင်ဆင်ခြင်း

သုဒ္ဓေါဒနမင်းကြီးသည် သားတော်မင်းသား လေးအတတ်ကို ပြနိုင်ရန်နေရာကို ကြီးကျယ်ခမ်းနားစွာ ပြင်ဆင်လေ၏။ မင်းကြီးနှင့်မိဖုရားများ၊ ဆွေတော်မျိုးတော် သာကီဝင်မင်းတို့နှင့် သားတော်သမီးတော်များ၊ မှူးမတ်စစ်သည်တော်များ၊ မောင်းမ မိဿံအခြွေအရံများစသည်ဖြင့် ဂုဏ်သိန်အဆင့်အတန်းအလိုက် ထိုင်ရန် နေရာ အသီးသီးကို အတင့်အတယ် စီမံဆောင်လုပ်စေ၏။ လေးအတတ်ပြပွဲကို လာရောက် ကြည့်ရှုအားပေးကြမည့် ပြည်သူပြည်သားများ ပျော်ရွှင်ချမ်းမြေ့စွာ ကြည့်ရှုနိုင်ရေးအတွက် မြေပြင်တစ်ခုလုံးအား ဆူးငြောင့်ခလုတ်အတားအဆီးများမရှိအောင် အထူးသုတ်သင် ရှင်းလင်းထားစေ၏။

ထိုသို့ တင့်တယ်သောနေရာထိုင်ခင်းတို့ကို စီစဉ်ပြီးနောက် ခုနစ်ရက်ခေ့ရောက် သောအခါ သုဒ္ဓေါဒနမင်းကြီးနှင့် သာကီဝင်မင်းများ၊ သားတော်သမီးတော်များ၊ မှူးမတ်

များ၊ မောင်းမ မိဿံအခြွေအရံများသည် နံနက်မိုးသောက်သည်နှင့် မကြာမီပင် အခမ်းအနားကျင်းပမည့်နေရာသို့ အလောင်းတော်မင်းသား လေးအတတ်ပြသည်ကို ကြည့်ရှုအားပေးရန် ရောက်လာကြကာ မိမိတို့နေရာအသီးသီးတွင် ထိုင်နေကြကုန်၏။ ကြည့်ရှုအားပေးရန် ရောက်လာကြကုန်သော ပြည်သူပြည်သားပရိသတ်တို့ကား သူထက်ငါ နေရာဦးရရန် ထိုထက်စော၍ပင် ရောက်လာကြကာ ပြိုင်ပွဲကွင်းကြီး၏ တစ်ဘက်တစ်ချက်တွင် နေရာယူလျက် အလောင်းတော်မင်းသား ထွက်ကြွလာသည်ကို စောင့်ဆိုင်းနေကြကုန်၏။

ထိုအချိန်တွင် အလောင်းတော်မင်းသားသည် ပရိသတ်ရှေ့သို့ ရောက်ရှိလာပြီး မင်းချင်းယောက်ျားတို့ ဆက်သသော ဗိုလ်ခြေတစ်ထောင်တင်လေးကြီးကို ရတနာပလ္လင်ထက်၌ ထိုင်လျက်ပင် လှမ်းယူကာ လေးညို့ကိုလက်ဖြင့် ဆွဲငင်ညှိလိုက်လေ၏။ လေးညို့ညှိရာမှ "ဒေါင်ဒေါင်ဒင်ဒင်"မြည်လျက် ထွက်လာသောအသံတို့သည် ကပိလဝတ်နေပြည်တော်အလုံး ဖုံးလွှမ်းလျက်ပွဲတင်ထပ်ကာ ကောင်းကင်ကြီးတစ်ခုလုံးအား ပြင်းထန်သော အသံကြီးနှင့်အတူ မြည်ဟိန်း၍သွားလေ၏။

ထိုအသံကိုကြားရသူ လူအပေါင်းတို့လည်း အထိတ်တလန့်ဖြစ်ကာ အုတ်အော်သောင်းသဲ စိတ်ထင်ရာစွဲ၍ မေးမြန်းစုံစမ်းကြကုန်၏။ ထိုအသံကို အချို့က မိုးခြိမ်းသံ၊ အချို့က တောင်ပြိုသံ စသည်ဖြင့် မှန်းဆပြောဆိုကြသကဲ့သို့ အခြေအနေကို သိရှိသူတို့မှာ ထိုအသံကား အခြားမဟုတ်၊ အလောင်းတော်မင်းသား၏ ဗိုလ်ခြေတစ်ထောင်တင်လေးတော်ကိုတင်ပြီးလျှင် လေးညို့ ညှိခတ်ရာမှ ထွက်ပေါ်လာသော အသံပင်တည်း-ဟု ဆိုကြကုန်၏။

ထိုအခါ အလောင်းတော်မင်းသားအား အထင်သေးအမြင်သေး ဖြစ်နေကြကုန်သော ဆွေတော်မျိုးတော်သာကီဝင်မင်းအပေါင်းတို့သည် အလောင်းတော်၏လေးညို့ညှိခတ်သံကိုကြားကြကုန်သော် အားရဝမ်းမြောက်လက်ပန်းပေါက်ခတ်မျှ အားပေးချီးကျူး ကြကုန်၏။

## ၄၁။ မြားရေးဝယ် (၁၂)မျိုးတို ပြတော်မူခြင်း

အလောင်းတော်သည် လေးတော်ကိုညှိပြီးသော် ပထမဦးစွာ မြားရေးဝယ် (၁၂)မျိုးကို အစီအစဉ်အတိုင်း ပြတော်မူ၏။ ထိုမြားရေးဝယ်(၁၂)မျိုးကား –

(၁) တစ်ဘက်မှ ပစ်လိုက်သောမြားအလာကို မိမိ၏မြားတစ်စင်းတည်းဖြင့် ဆီးကာ ဖယ်ရှားပုတ်ချသော သရပဋိဗာဟနမြားရေးအတတ်

(၂) တစ်ကြိမ်တည်းပစ်လိုက်သောမြားဖြင့် ရည်မှန်းရာပစ်မှတ်ကို စက်ဝန်းအသွင် ထိမှန်စေပြီးမှ မိမိလက်တွင်းသို့ပြန်လာသော စက္ကဝေဓိမြားရေးအတတ်

(၃) နွယ်တန်းကဲ့သို့ တန်းနေသော မြားတန်းဖြစ်အောင် ပစ်ခြင်းဟူသော သရလဋ္ဌိ မြားရေးအတတ်

(၄) ကြိုးတစ်ချောင်းပမာ တစ်ဆက်တည်းဖြစ်နေအောင် ပစ်ခြင်းဟူသော သရရဇ္ဇု မြားရေးအတတ်

(၅) မြားတို့ကို ပြာသာဒ်သဏ္ဌာန် ထင်အောင် ပစ်ခြင်းဟူသော သရပါသာဒ မြားရေးအတတ်

(၆) မြားတို့ကို စောင်းတန်းသဏ္ဌာန်ထင်အောင် ပစ်ခြင်းဟူသော သရသောပါန မြားရေးအတတ်

(၇) မြားတို့ကို မဏ္ဍပ်သဏ္ဌာန် ထင်အောင်ပစ်ခြင်းဟူသော သရမဏ္ဍပ မြားရေးအတတ်

(၈) မြားတို့ကို တံတိုင်းသဏ္ဌာန်ပေါ်အောင် ပစ်ခြင်းဟူသော သရပါကာရ မြားရေးအတတ်

(၉) မြားတို့ကို လေးထောင့်ရေကန်သဏ္ဌာန်ထင်အောင် ပစ်ခြင်းဟူသော သရပေါက္ခရဏီ မြားရေးအတတ်

(၁၀) မြားတို့ကို ပဒုမ္မာကြာပွင့်ချပ်ကဲ့သို့ထင်အောင် ပစ်နိုင်ခြင်းဟူသော သရပဒုမမြားရေးအတတ်

(၁၁) ရှေးကပစ်လိုက်သောမြားကို နောက်မြားဖြင့်မှန်အောင် ပစ်ခြင်းဟူသော သရဝေဓိ မြားရေးအတတ်

(၁၂) မိုးရွာချနေသည်နှင့်တူအောင် မြားတို့ကိုပစ်ခြင်းတည်းဟူသော သရဝဿ မြားရေးအတတ် – တို့ ဖြစ်လေ၏။

ထိုသို့ မြားရေးငယ်(၁၂)မျိုးကို ရင်သပ်ရှုမော အံ့ဩဖွယ်ကောင်းလောက်အောင် ပြသပြီးသော် အလောင်းတော်မင်းသားသည် မြားရေးကြီး(၄)မျိုးကို ဆက်၍ပြပြန်၏။

## ၄၂။ မြားရေးကြီး(၄)ပါး

(၁) လျှပ်တစ်ပြက်အတွင်း လိုရာပစ်မှတ်ကို မလွဲစေနဲ တည့်တည့်မှန်အောင် အချက်ပေါင်းများစွာ ပစ်နိုင်ခြင်းဟူသော အက္ခဝေဓိ မြားရေးကြီးအတတ်

(၂) လွန်စွာသေးငယ်သော သားမြီးမွေးမျှင်ကို ခရမ်းသီးစသော အမှတ်ဖြင့် ထက်ဝက်ဇဟိုဖောက်ထွင်းသွားအောင် ပစ်ခတ်နိုင်သော ဝါလဝေဓိ မြားရေးကြီးအတတ်

(၃) ရှေးကပစ်လိုက်သော မြားအဆက်ဆက်ကို နောက်ကပစ်လိုက်သော

မြားအဆက်ဆက်ဖြင့် ချက်တိုင်းမှန်အောင် ပစ်နိုင်ခြင်းဟူသော သရဝေဓိ မြားရေးကြီးအတတ်

(၄) ပစ်မှတ်ကို မျက်စိဖြင့်မကြည့်ဘဲ အသံကိုနားထောင်၍ မှန်အောင် ပစ်ခွင်းနိုင်ခြင်းဟူသော သဒ္ဒဝေဓိ မြားရေးကြီးအတတ်-တို့ဖြစ်ကုန်၏။
တစ်ဖန် မြား၏ထိမှန်မှုစွမ်းအားကို ပြသရန်အလို့ငှာ ထုထည်ကြီး(၇)မျိုးကိုလည်း ဆက်၍ ပစ်ပြပြန်၏။

## ၃၃။ ထုထည်ကြီး (၇)မျိုး

(၁) သားရေထုထည် (စမ္မကာယ)
(၂) သစ်တုံးထုထည် (ဒါရုကာယ)
(၃) ကြေးပြားထုထည် (လောဟကာယ)
(၄) သံပြားထုထည် (အယောကာယ)
(၅) သဲထုထည် (ဝါလိက ကာယ)
(၆) ရေထုထည် (ဥဒကကာယ)
(၇) ပျဉ်ချပ်ထုထည် (ဖလကကာယ) - တို့ ဖြစ်ကုန်၏။

## ၃၄။ အလောင်းတော်မင်းသား ထီးနန်းသိမ်းပိုက်၍ မင်းအဖြစ်သို့ ရောက်တော်မူခြင်း

ဤသို့ ထူးတင့်ဆန်းကြယ်အံ့ဖွယ်ဆန်းပြားလှသော လေးအတတ်ကို အလောင်းတော်သည် ပြသပြီးသောအခါ တစ်ဦးတစ်ယောက်သော သာကီဝင်မင်းကမျှ အလောင်းတော်မင်းသားအား အထင်အမြင်သေးခြင်း၊ ရှုတ်ချကဲ့ရဲ့ခြင်းတို့ကို မပြုဝံ့ကြတော့ဘဲ ရှေးကထက်လွန်စွာ အလောင်းတော်မင်းသားအပေါ် လိုလားနှစ်သက်လာကြကုန်လျက် သာကီဝင်မင်းအပေါင်းတို့သည် မိမိတို့၏သမီးကညာများကို လှပတင့်တယ်စွာ တန်ဆာဆင်ပြီးလျှင် အလောင်းတော်မင်းသားထံ ပို့ကြကုန်၏။

ထိုအခါ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် သာကီဝင်မင်းအပေါင်းနှင့် ရှစ်သောင်းကုန်သော ဆွေတော်မျိုးတော်အပေါင်းတို့ ခြံရံလျက် အလောင်းတော်မင်းသား၏ ကြီးစွာသော ရာဇာဘိသိက်မင်္ဂလာပွဲကြီးကို ကျင်းပလေ၏။ အလောင်းတော်မြတ် သိဒ္ဓတ္ထ

မင်းသားသည် များမြောင်လှစွာသော ပရိသတ်အလယ်၌ ရာဇပလ္လင်ထက်တွင် ထီးဖြူတော်အုပ်မိုးကာ အဘိသိက်သွန်းလောင်းခြင်းကို ခံတော်မူ၏။ အဘိသိက်ခံယူပြီးသည်နှင့် အလောင်းတော်သည် ဥကင်တော်မြတ်ပြာသာဒ် ရွှေနန်းကို သိမ်းမြန်းကာ တင့်တယ်မြင့်မြတ်သော မင်းအဖြစ်သို့ ရောက်တော်မူ၏။

အဘိသိက်ခံ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးကား ယသောဓရာမင်းသမီးဖြစ်ပြီး လျှင် အခြားလေးသောင်းကုန်သော မင်းသမီးတို့မှာမူ ယသောဓရာမင်းသမီး၏ အခြံအရံများဖြစ်ကြကုန်၏။ ထိုအချိန်မှစ၍ အလောင်းတော်မင်းသားသည် မိဖုရားခေါင်ကြီး ယသောဓရာမင်းသမီးနှင့်အတူ ရွှေမိုးဆောင်း ရာသီသုံးမျိုး၌ အလဲအလှယ်စံနေရန် တည်ဆောက်ထားသည့် နန်းမသုံးဆောင်တွင် ကြီးစွာသောမင်းစည်းစိမ်တော်ကို ချမ်းမြေ့စွာ ခံစားစံစားလျက်နေတော်မူ၏။

## ၃၅။ နိမိတ်ကြီးလေးပါးမြင်တော်မူခြင်း

အလောင်းတော်သည် မင်းအဖြစ်သို့ရောက်၍ မင်း၏စည်းစိမ်ကို ကောင်းစွာ ခံစားတော်မူလျက် တစ်ဆယ့်နှစ်နှစ်သောကာလသည် ကုန်လွန်လာခဲ့၏။ အလောင်းတော်သည် တစ်နေ့သောအခါတွင် ဥယျာဉ်တော်သို့ အပန်းဖြေထွက်ရန် စိတ်သည် ပေါ်ပေါက်လာရာ ရထားထိန်းသည် ကောင်းစွာဆင်ယင်အပ်သော ရထားပေါ်တွင် စီးနင်းကာ ဥယျာဉ်တော်သို့ ထွက်လာလေ၏။

နန်းတော်မှ ဥယျာဉ်တော်သို့ ထွက်ကြွလာစဉ် မရောက်မီလမ်းခရီးအကြား၌ မင်းသားသည် ယခုအခါ ဘုရားအဖြစ်သို့ ရောက်ရှိရန် အချိန်တန်ပြီဖြစ်ကြောင်း ကောင်းစွာသိရှိကြကုန်သော နတ်တို့သည် မင်းသားတောထွက်၍ ရဟန်းပြုရန် ရှေ့ပြေးနိမိတ်ကိုပြရန် တိုင်ပင်ကာ ဆံဖြူသွားကျိုး၊ ခါးရိုးကိုင်းလျက် တောင်ဝှေးကိုထောက်လျက် ကတုန်ကယင်လျှောက်လှမ်းလာသူ သူအိုပုံဟန် ဖန်ဆင်းပြသကြကုန်၏။ ထိုသူအိုကိုမူ အလောင်းတော်နှင့်ရထားထိန်းမှတစ်ပါး မည်သူမျှ မမြင်ကြရချေ။

အလောင်းတော်သည် ထိုသူအိုကိုမြင်သောအခါ ယခင်အခါက တစ်ကြိမ်မျှပင် မမြင်ဖူးသဖြင့် မည်သူမည်ဝါဖြစ်ကြောင်း ရထားထိန်းအား မေးလေ၏။ ရထားထိန်းလည်း ထိုသူကား သူအိုဖြစ်ကြောင်း လျှောက်ထား၍ သိရှိတော်မူရာ "ငါသည်လည်း ဤသူအိုကဲ့သို့ တစ်နေ့တွင် မုချအိုရအံ့"ဟု ပြင်းစွာတုန်လှုပ်သော သံဝေဂစိတ်သည် ဖြစ်ပေါ်လာ၍ ထိုအရပ်မှပင် နန်းတော်သို့ ပြန်လာခဲ့၏။

တစ်ဖန် လေးလကြာပြန်သောအခါ အလောင်းတော်သည် ယခင်ကကဲ့သို့ ဥယျာဉ်တော်သို့ထွက်ကြွတော်မူပြန်၏။ ထိုအခါ လမ်းခရီးအကြားတွင် နတ်တို့ ဖန်ဆင်းအပ်သော

ရောဂါဖိစီး၍ သေလုနီးပါးဖြစ်နေသည့် သူနာကိုတွေ့ရပြန်၏။ ထိုအကြောင်းကိုမေး၍ သူနာဖြစ်ကြောင်း ရထားမှူးက ပြောကြားသောအခါ ရှေးကကဲ့သို့ပင် "ငါလည်း တစ်နေ့တွင် ဤသူကဲ့သို့ နာရအံ့"ဟု သတိသံဝေဂရပြီး ထိုနေရာမှပင် နန်းတော်သို့ ပြန်လာခဲ့၏။

ဤသို့ဖြင့် လေးလပတူသောအချိန်သည် ကုန်လွန်သွားပြန်၏။ တစ်နေ့တွင် အလောင်းတော်သည် ဥယျာဉ်တော်ကစားရန် ထွက်ကြွလာပြန်၏။ လမ်းခရီးတွင် နတ်တို့ဖန်ဆင်းထားသည့် ဖူးဖူးယောင်ယောင် ပုပ်ပွ၍ မြင်မကောင်းအောင်လဲကျသေဆုံးနေသော သူသေကိုတွေ့ရပြန်၏။ ထိုအခါ အလောင်းတော်သည် ရှေးကကဲ့သို့ပင် ရထားမှူးအား မေးမြန်း၍ သူသေဖြစ်သည်ကို သိရသဖြင့် "ငါလည်း ဤသူကဲ့သို့ တစ်နေ့တွင် သေရအံ့"ဟု သံဝေဂကြီးစွာရကာ လမ်းခုလတ်ကပင် နန်းတော်သို့ လှည့်၍ပြန်ခဲ့ပြန်၏။

နောက်တစ်ဖန် လေးလပတူသော အချိန်တို့သည် ကုန်လွန်သွားပြန်၏။ တစ်နေ့တွင် အလောင်းတော်သည် ဥယျာဉ်ကစားလိုသောစိတ် ဖြစ်ပေါ်လာပြန်ရာ ရထားစီးပြီး ဥယျာဉ်တော်သို့ ထွက်လာပြန်၏။ ဥယျာဉ်တော်သို့မရောက်မီ နတ်တို့ဖန်ဆင်းပြထားအပ်သော တည်ငြိမ်အေးချမ်းသောအသွင်ကို ဆောင်သည့် ရဟန်းကို မြင်ရပြန်၏။ အလောင်းတော်သည် ရှေးကကဲ့သို့ ထိုသူသည် မည်သူပေနည်းဟု မေးမြန်းရာ ရထားမှူးက ရဟန်းဖြစ်ကြောင်း ပြန်လည်လျှောက်ထား၏။ ထိုအခါ အလောင်းတော်သည် ရဟန်းအား ကြည်ညိုသောစိတ်သည် ပြင်းပြစွာပေါ်လာသဖြင့် ထိုရဟန်းထံသွား၍ "အသင်သည် မည်သူပေနည်း၊ မည်သည့်အမှုကို ပြုပါသနည်း။ သင်၏ ဦးခေါင်းနှင့်ဝတ်စားတန်ဆာတို့သည် အခြားသူတို့နှင့်မတူပါတကား" ဟု မေးမြန်းစုံစမ်းလေ၏။

နတ်တို့ဖန်ဆင်းပြသအပ်သော ရဟန်းသည် "ကျွန်ုပ်ကား ရဟန်းဟုခေါ်ပါသည်။ ကုသိုလ်ကမ္မပထဆယ်ပါးကို ကျင့်လို၍ ဖန်ရည်စွန်းသောအဝတ်ကို ဝတ်၍ အိမ်ရာမထောင်၊ လူ့ဘောင်မှ ထွက်မြောက်ခဲ့သူ ဖြစ်သည်"ဟု ပြန်ကြားသည်ကို ကြားရသောအခါ ထိုသူကဲ့သို့ ရဟန်းပြုလိုသည့်စိတ်သည် ဖြစ်ပေါ်လာကာ "ငါသည် ယနေ့ပင် ရဟန်းပြုတော့ပါအံ့"ဟု အဓိဋ္ဌာန်ပြုပြီးလျှင် ဥယျာဉ်တော်သို့ ဆက်၍ ကြွသွားတော်မူ၏။

ဥယျာဉ်တော်သို့ရောက်သော် အလောင်းတော်သည် ဥယျာဉ်အတွင်း လှည့်လည်ကာ မင်္ဂလာရေကန်၌ ရေချိုးသန့်စင်တော်မူပြီး မင်္ဂလာကျောက်ဖျာထက်တွင် တင့်တယ်စွာ စံနေတော်မူ၏။ ထိုအကြောင်းကို သိတော်မူသော သိကြားမင်းသည် အလောင်းတော်၏ အသရေတော် ပိုမိုတင့်တယ်ရှုချင်စဖွယ်ဖြစ်အောင် ဝိသုကြုံနတ်သားအား နတ်ဝတ်တန်ဆာများကို ဆင်ယင်ပေးစေ၏။ ထိုနောက် မကြာမီပင် နေဝင်သွားပြီဖြစ်သဖြင့် အလောင်းတော်လည်း နန်းတော်သို့ ပြန်ကြွတော်မူလာ၏။

## ၃၆။ ကိသာဂေါတမီ အလောင်းတော်ကိုမြင်၍ ဥဒါန်းကျူးရင့်ခြင်း

အလောင်းတော်သည် ဥယျာဉ်တော်မှ နန်းတော်သို့ ကြွဝင်လာတော်မူသောအခါ သာကီဝင်မင်းသမီး ကိသာဂေါတမီသည် ပြာသာဒ်အထက်၌နေပြီး အလောင်းတော်ကို မြင်သောအခါ နှစ်သက်ဝမ်းမြောက်ခြင်းသည်ဖြစ်၍ ဤသို့ ဥဒါန်းကျူးလေ၏။

"ဤအလောင်းတော်မြတ်ကဲ့သို့ တင့်တယ်ထူးမြတ်သောသားကို ဖွားမြင်ရသော ထိုဘုန်းရှင်ကံရှင်မိခင်သည် သားကိုကြည့်၍ ဝမ်းမြောက်ပျော်ရွှင် ရင်တွင်ချမ်းမြေ့ငြိမ်းအေး ရလေလိမ့်တကား။

ဤအလောင်းတော်သားထူးသားမြတ်ကို မြင်ရသည့် ကံထူးသော ဘခင်သည် သားကိုကြည့်၍ ဝမ်းမြောက်ပျော်ရွှင်ရင်တွင် ချမ်းမြငြိမ်းအေးရပေလိမ့်တကား။

ဤယောက်ျားပီသ၍ နှစ်လိုဖွယ်ကောင်းသော ယောက်ျားမြတ်၏ဇနီးကြင်ယာ ဖြစ်ရသော ကံထူးသူအိမ်ရှင်မသည် ကြည်သာရွှင်ပြုံး ပီတိဖုံး၍ နှလုံးချမ်းမြငြိမ်းအေးရလေလိမ့်တကား။"

အလောင်းတော်မင်းသားသည် ဤသို့သော ကိသာဂေါတမီ၏ဥဒါန်းဂါထာကို ကြားရလေသော် "ဤမင်းသမီးသည် ငါ့အား ငြိမ်းအေးခြင်းဓာတ်နှင့်ဆက်စပ်၍ သာယာနာပျော်ဖွယ်သောစကားကို ဆိုပေ၏။ ငါ့အား ငြိမ်းအေးခြင်းဓာတ်ကို ရှာဖွေရန် သတိပေးနေဘိ၏။ ငြိမ်းအေးခြင်းဓာတ်ကို အရှာရန် လမ်းညွှန်ပေးနေသကဲ့သို့လည်း ရှိ၏။"ဟု ယုံကြည်တော်မူ၍ အဖိုးတစ်သိန်းထိုက်သော လည်ဆွဲတော်ကို ဖြုတ်၍ မင်းသမီးထံပို့စေ၏။ မင်းသမီးလည်း ငါ့အား မင်းသားသည် တိမ်းညွတ်သော စိတ်ရှိသည်ဖြစ်၍ ဤလည်ဆွဲတန်ဆာကို ပို့စေခြင်းဖြစ်ရာ၏"ဟု အားရဝမ်းမြောက်ခြင်းဖြစ်လေ၏။

## ၃၇။ အလောင်းတော် တောထွက်တော်မူခြင်း

အလောင်းတော်မင်းသားသည် နန်းတော်သို့ ပြန်ရောက်လေသော် ကျက်သရေရှိသော ရွှေနန်းပြာသာဒ်ထက်သို့တက်၍ ထီးဖြူကနက်ဖြန့်ကျက်လျက် ကောင်းစွာခင်းထားအပ်သော နေရာပလ္လင်ထက်၌ စံနေတော်မူ၏။ ထိုအချိန်တွင် များစွာသော ကခြေသည်တို့သည် ထိန်ညီးစွာ ထွန်းညှိထားအပ်သော ဆီမီးရောင်အောက်တွင် အထူးထူးသော စည်၊ ညှင်း၊ စောင်း၊ ဗုံ၊ မောင်း စသည်တို့ကို တီးမှုတ်လျက် သီဆိုကပြ တီးမှုတ် ဖြေဖျော်ကြကုန်၏။

ထိုသို့ငြိမ့်ညောင်းသာယာစွာ သီဆိုကခုန်တီးမှုတ်လျက်ဖျော်ဖြေနေကြကုန်သော အမျိုးမျိုးသော ကိလေသာအာရုံတို့သည် အလောင်းတော်၏နှလုံးသားကို ဆွဲဆောင်

ညှိုငင်ခြင်းမရှိရကား အလောင်းတော်သည် ပလ္လင်ထက်၌ပင် အိပ်ပျော်ခြင်းသို့ ရောက်လေ၏။ ထိုအခါ ကခြေသည်အပေါင်းတို့သည် "ငါတို့အား အလောင်းတော်သည် စိတ်မဝင်စား မကြည့်ရှု မူး၍အိပ်စက်နေချေပြီ။"ဟု သီဆိုတီးမှုတ်ကပြဖျော်ဖြေမှုအားလုံးကိုရပ်၍ စည်မောင်း စသည့်တူရိယာတို့ကိုပိုက်လျက် အိပ်ကြကုန်၏။

အလောင်းတော်မင်းသားသည် ညဦးယံလွန်လေသော် အိပ်စက်နေရာမှ နိုးလာပြီး ထိုမှဤမှ လှည့်လည်ကြည့်ရှုသောအခါ အသီးသီးအိပ်ပျော်နေကြကုန်သော ကခြေသည်တို့ကိုမြင်လေ၏။ ထွန်းညှိထားသော မီးအိမ်တို့၏အလင်းရောင်အောက်တွင် အချို့မှာ ဟောက်လျက်၊ အချို့မှာ အံသွားကြိတ်လျက်၊ အချို့မှာ တစောင်းအနေအထားဖြင့် သွားရည်များယိုလျက်၊ အချို့မှာ ခံတွင်းဟလျက်၊ စက်စက်ယိုသော အရိအရွဲ သလိပ်တို့ဖြင့် လိမ်းကျံလျက်၊ အချို့မှာ တစ်ဦး၏ကိုယ်ပေါ်တစ်ဦး၏ခြေလက်များတင်လျက်၊ ဖရိုဖရဲ အိပ်နေကြကုန်၏။

ထိုမြင်ကွင်းကိုမြင်သောအခါ အလောင်းတော်သည် သုသေကောင်များစွန့်ပစ်ထားရာ သုသာန်တစပြင်ကြီးပမာ စိတ်တွင်ထင်လာ၍ ရွံရှာထိတ်လန့်ခြင်းကြီးစွာဖြစ်ပြီးလျှင် "ကာမဂုဏ်တရားတို့သည် နှိပ်စက်လေစွတကား၊ ယုတ်မာလေစွတကား၊ ညဦးယံအခါက နတ်သမီးလေးများသဖွယ် လှပတင့်တယ်ရှုချင်စဖွယ်ရှိသော ကခြေသည်ကလေးများသည် အဘယ်ဆီသို့ ရောက်ကုန်လေကြသနည်း။ သာယာနာပျော်ဖွယ်သော ဂီတသံစဉ်တို့သည် အဘယ်သို့ ရောက်ကုန်ကြလေသနည်း။ ဤနှိပ်စက်တတ်၍ ယုတ်မာသောတရားတို့သည် ငါ့အား အချိန်ကာလကြာညောင်းစွာ ညှဉ်းပမ်းနှိပ်စက်ခဲ့ကြလေပြီတကား။ ထိုကာမဂုဏ်တို့နှင့် ငါသည် ဆက်၍မနေတော့ပြီ။ ယနေ့ပင်လျှင် ထိုကာမဂုဏ်တို့မှ လွတ်မြောက်အောင် မြတ်သောတောထွက်ခြင်းကို ပြုပေတော့အံ့" ဟု သလွန်ပေါ်မှ ဆင်းကာ တံခါးခုံကို ဦးခေါင်းခု၍ အိပ်နေသော ဆန္နအမတ်ဆီသို့ လျှောက်လှမ်းလာလေ၏။ ဆန္နအမတ်ကိုနှိုး၍ နိုးလာသောအခါ မြင်းဇောင်းသို့သွား၍ ကဏ္ဍကမြင်းတော်ကို ယခုပင် ကချေလော့ဟု မိန့်တော်မူ၏။

ဆန္နအမတ်လည်း ကကြိုးတန်ဆာတို့ကိုယူကာ ကဏ္ဍက မြင်းထံလာသည်ကို မြင်လေလျှင် အလောင်းတော်မင်းသားတောထွက်အံ့သည်ဖြစ်လတ္တံ့ဟု ကြိုတင်သိရှိသဖြင့် ကဏ္ဍကမြင်းသည် ဝမ်းမြောက်ရွှင်လန်းသောစိတ်ဖြင့် ပြင်းစွာဟီလေ၏။ ထိုဟီသံသည် ကပိလဝတ်ပြည်အလုံးအား ဖုံးလွှမ်း၍သွားသော်လည်း နတ်တို့ တန်ခိုးကြောင့် မည်သူတစ်ဦးတစ်ယောက်ကမျှ မကြားကြကုန်။

ထိုသို့ ဆန္နအမတ် ကဏ္ဍကမြင်းတော်ဆီသို့ သွားနေစဉ် အလောင်းတော်သည် ယမန်နေ့ကဖွားသစ်စ သားတော်ရာဟုလာအား ခေတ္တခဏကြည့်ရှုလိုသည်ဖြစ်၍ မိဖုရားအဆောင်တော်သို့ ထွက်သွားလေလျှင် မိဖုရားယသော်ဓရာသည် သားတော်လေး၏ ထိပ်ထက်၌ လက်ကိုထား၍ အိပ်ပျော်နေသည်ကို မြင်ရလေ၏။ ထိုအခါ အလောင်းတော်သည် သား၏ချစ်ခြင်းဖြင့် သားတော်အား ခေတ္တချီမပိုက်ထွေး၍ ကြည့်ရှုရန်စိတ်သည်

ရတ်တရက် ဖြစ်ပေါ်လာရာ အကယ်၍ မိဖုရား နိုးခဲ့သော် ငါ၏တောထွက်ရန်အကြံသည် ပျက်လေအံ့ဟု တွေးမိသဖြင့် ရပ်လျက်သာကြည့်ပြီး ထိုနေရာမှ လျင်မြန်စွာ ပြန်ထွက်လာကာ အသင့်စောင့်ဆိုင်းနေသော ကဏ္ဍကမြင်းပေါ်သို့တက်လျက် တောထွက်လာလေ၏။ ထိုနေ့ ထိုအချိန်သည်ကား မဟာသက္ကရာဇ် ၉၇-ခုနှစ်၊ ဝါဆိုလပြည့်၊ တနင်္လာနေ့၊ ညသန်းခေါင်ယံအချိန်ဖြစ်လေသတည်း။

မိုလ်တစ်ထောင်အားဖြင့် ဖွင့်မှ ပွင့်နိုင်သော မြို့တံခါးကြီးသည် သာမန်လူအင်အားဖြင့် မဖွင့်နိုင်သော်လည်း နတ်တို့ကအသင့်ဖွင့်ထားပြီးဖြစ်၍ အလောင်းတော်ထွက်ကြွလာသောအခါ တံခါးဖွင့်စရာမလိုဘဲ အလောင်းတော်သည် ကဏ္ဍကမြင်း၊ ဆန္နအမတ်တို့နှင့်အတူ မြို့ပြင်သို့ ရောက်လာလေ၏။ ထိုအခါ မာရ်နတ်သည် အလောင်းတော်၏ ရှေ့တွင်လာရပ်ပြီး "သိဒ္ဓတ္ထမင်းသား ... အဘယ်ကြောင့် ဆင်းရဲခြင်းငှာ ကြွဘိသနည်း။ ယနေ့မှ ခုနစ်ရက်လွန်သော် စကြာရတနာသည် သင့်ထံသို့ရောက်၍ ကြီးကျယ်သော စကြာဝတေးမင်း စည်းစိမ်ကို ခံစားရပေတော့အံ့။ နန်းတော်သို့သာပြန်ပြီး စကြာမင်းစည်းစိမ်ကို ခံစားလေတော့"ဟု အလောင်းတော်၏ တောထွက်ခြင်းကို တားမြစ်လေ၏။

ထိုအခါ အလောင်းတော်လည်း "ဟယ် ... မာရ်နတ်၊ ငါ့ကိုမတားပါလင့်။ ငါသည် ထိုစကြာမင်းစည်းစိမ်ကို အလိုမရှိပြီ။"ဟု ဆိုကာ ဆက်လက်ထွက်တော်မူရာ ခရီးအတန်ကွာသို့ ရောက်လေသော် မိမိ၏ ကပိလဝတ်ပြည်ကြီးကို ပြန်လည်ကြည့်ရှုလိုသော စိတ်သည် ပေါ်လာ၍ ကြည့်ရှုလိုက်ရာ ကပိလဝတ်ပြည်ကြီးသည် အိုးထိန်းစက်ကဲ့သို့လည်ကာ အလောင်းတော်၏ရှေ့တူရူဆီသို့ တည်လာလေ၏။ ထိုနောက် ဆက်လက်ထွက်တော်မူလာရာ တစ်ညအချိန်အတွင်းမှာပင် ယူဇနာသုံးဆယ်သောခရီးသည် ပေါက်ခဲ့၍ ရှစ်ဥသဘာကျယ်သော အနော်မာ မြစ်ကမ်းဆီသို့ ရောက်လာ၏။ ကဏ္ဍကမြင်းတော်လည်း ဤမှာဘက်ကမ်းမှပင် ထိုမှာဘက်ကမ်းသို့ လေ၏လျင်မြန်သောအဟုန်ဖြင့် ခုန်၍ကူးသွားလေ၏။

## ၃၈။ အလောင်းတော်ရဟန်းပြုတော်မူခြင်း

ငွေရောင်ပမာ ဖြူဖွေးသော သဲသောင်ပေါ်သို့ ရောက်လေသော် အလောင်းတော်သည် မြင်းတော်ထက်မှ ဆင်းသက်ပြီး ကိုယ်တွင်ဆင်မြန်းထားသော ဝတ်စားတန်ဆာများကို ချွတ်လဲတော်မူကာ ဤဝတ်လဲတော်များကို ယူဆောင်၍ ကဏ္ဍကမြင်းနှင့်အတူ နေပြည်တော်သို့ ပြန်လေတော့ဟု ဆန္နအမတ်အား မိန့်တော်မူ၏။ တစ်ဖန် အလောင်းတော်သည် မကိုင်ရှနှင့်တကွသော ဆံကျင်တော်ကို သံလျက်ဖြင့် ဖြတ်တော်မူ၍ "ငါသည် ဘုရားစင်စစ် ဧကန်ဖြစ်မူ ဤဆံတော်သည် မြေသို့မကျဘဲ အထက်ကောင်းကင်၌

တည်နေစေသတည်း”ဟု အဓိဋ္ဌာန်ပြုလျက် ကောင်းကင်ထက်သို့ လွှင့်မြှောက်တော်မူ လိုက်လေ၏။ ထိုအခါ အလောင်းတော်၏ ဆံတော်သည် အထက်တစ်ယူဇနာလောက် သောနေရာ၌ ပန်းဆိုင်းသဖွယ်တည်နေလေ၏။

ထိုဆံတော်ကို သိကြားမင်းသည် ရတနာပန်းတောင်းဖြင့် ခံယူလျက် တာဝတိံသာ နတ်ပြည်သို့ ယူဆောင်၍ “စူဠာမဏိစေတီတော်”ကို တည်ထားလေ၏။ ထို့အတူပင် ကဿပဘုရားရှင်လက်ထက်တော်က မိတ်ဆွေဖြစ်ခဲ့ဖူးသော ဃဋိကာရ ဗြဟ္မာမင်းသည် အလောင်းတော်၏ ရဟန်းပြုလိုသော အကြံတော်ကို သိတော်မူ၍ ပရိက္ခရာရှစ်ပါးနှင့် တကွ ကြာသက်န်းအစုံကို ကိုယ်တိုင်ဆောင်ယူလာကာ ဤကြာသက်န်းဖြင့် ရဟန်းပြု တော်မူပါလော့”ဟု ဆက်ကပ်လေ၏။ အလောင်းတော်မြတ်လည်း ထိုသက်န်း ပရိက္ခရာ ကို ဆင်မြန်း၍ ဝတ်လဲတော်ကို ချွတ်တော်မူ၏။ ဗြဟ္မာမင်းလည်း ထိုဝတ်လဲတော်ကို ဗြဟ္မာပြည်သို့ ယူဆောင်သွားပြီး ဒုဿစေတီတော်ကိုတည်၍ ကိုးကွယ်ထားလေ၏။

ဆန္နအမတ်သည် အလောင်းတော်က မိမိ၏ ဝတ်စားတန်ဆာတို့ကိုယူကာ ကဏ္ဍကမြင်းတော်နှင့်အတူ နေပြည်တော်သို့ပြန်ရန် အမိန့်ပေးလိုက်သည်ကို သူ၏အရှင် အလောင်းတော်နှင့်ခွဲပြီးမနေလိုသဖြင့် နေပြည်တော်သို့မပြန်ဘဲ အတူနေခွင့်ပြုရန် ခွင့်တောင်းသော်လည်း အလောင်းတော်က ခွင့်မပေးချေ။ ရှေးနည်းအတိုင်း နေပြည်တော် သို့ပြန်ရန်သာ အမိန့်ပေးသဖြင့် ကဏ္ဍကမြင်းတော်နှင့်ပြန်ရလေ၏။

ဆန္နအမတ်နှင့် ကဏ္ဍကမြင်းတော်တို့သည် အနော်မာမြစ်ကမ်းတစ်ဘက်သို့ ရောက်သောအခါ သခင်ဖြစ်သူ အလောင်းတော်နှင့်ခွဲခွာခဲ့ရသည်ကို ကဏ္ဍကမြင်းသည် ဖြေဆည်နိုင်ခြင်းမရှိ၊ ကြေကွဲဝမ်းနည်းခြင်းကြီးစွာ ခံစားရ၍ နှလုံးကွဲကာ သေလေ၏။ ဆန္နအမတ်လည်း ကဏ္ဍကမြင်းတော်၏အလောင်းကို ကောင်းစွာသင်္ဂြိုဟ်ပြီးနောက် ဦးစွာ မိမိသခင် အလောင်းတော်နှင့် အသက်ရှင်လျက် ခွဲခွာခဲ့ရပြီး ယခုတစ်ဖန် မိတ်ဆွေ ဖြစ်သည့် ကဏ္ဍကမြင်းတော်နှင့် သေကွဲခွဲခွာခဲ့ရပြန်ရာ နှလုံးကွဲလုမတတ် ပြင်းစွာခံစား လျက် နေပြည်တော်သို့ မပြန်ချင်ပြန်ချင်နှင့် ပြန်လာခဲ့တော့၏။

## ၃၉။ အလောင်းတော် ရဟန်းသူမြတ် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူခြင်း

အလောင်းတော်ရဟန်းသူမြတ်သည် အနော်မာမြစ်ကမ်းမှ မနီးမဝေး၌ရှိသော အနုပိယမည်သည့် သရက်ဥယျာဉ်သို့ ရောက်လာ၏။ ထိုဥယျာဉ်တွင် ခုနစ်ရက်ကာလ ပတ်လုံး ချမ်းသာစွာနေတော်မူ၏။ ခုနစ်ရက်လွန်သော် ထိုမှ ယူဇနာသုံးဆယ်ကွာဝေး သော ရာဇဂြိုဟ်ပြည်သို့ ဝင်တော်မူ၏။ ဆွမ်းခံချိန်ရောက်သောအခါ အလောင်းတော် သည် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံဝင်လာရာ ရာဇဂြိုဟ်ပြည်သားတို့သည် အလောင်း

တော်ရဟန်း၏ ငြိမ်သက်သောဣန္ဒြေ၊ နှစ်လို့ဖွယ်သောရုပ်အသွင်ကို မြင်တွေ့ကြရကုန်သည်ဖြစ်၍ တစ်မြို့လုံးသည် အုတ်အော်သောင်းတင်း အဖုံဖုံအမျိုးမျိုးချီးကျူးပြောဆိုကြကုန်၏။

ရာဇဂြိုဟ်ပြည်ရှင် ဘုရင်ဗိမ္ဗိသာရသည် ဖြစ်အင်ထူးကဲ မြင်တွေ့ရခဲသော အလောင်းတော်ရဟန်းအကြောင်းကို ကြားသိရသောအခါ ပြာသာဒ်ပေါ်တက်၍ ထိုရဟန်းအားကြည့်ရှုရာ အံ့ဖွယ်သရဲထူးကဲလေရကား လူလော၊ နတ်လော၊ နဂါးလောဟု ဝေခွဲမရသဖြင့် မင်းချင်းတို့အား သွားရောက်ကြည့်ရှုစေလေ၏။

မင်းချင်းတို့လည်း အလောင်းတော်ကြွချီရာနောက်သို့ လိုက်ကြကုန်သော် မြို့တော်အရှေ့ ပဏ္ဍဝတောင်ရိပ်တွင် ထိုင်တော်မူကာ သပိတ်ကိုဖွင့်၍ ဆွမ်းဘုန်းပေးတော်မူသည်ကို မြင်ကြရကုန်၏။ အလောင်းတော်သည် သပိတ်တော်အတွင်းရှိ ဆွမ်းကို ကြည့်၍ မိမိစားသုံးမြဲထမင်းဟင်းလျာများနှင့် နှိုင်းယှဉ်မိသဖြင့် အူအသည်းများလန်ကာ အန်ချင်သလိုဖြစ်လာလေ၏။ ထိုအခါ အလောင်းတော်မြတ်သည် "သင်သည် အာဟာရကို မျှတစွာ သုံးဆောင်၍ ဘဝ၏ဆုံးရာကို ရှာအံ့ဟု မင်းချမ်းသာကို စွန့်၍လာခဲ့သည်မဟုတ်လော။ ဤရွံ့စရာအပုပ်တို့ဖြင့် ပြည့်နှက်နေသော ခန္ဓာကို တန်ဆာဆင်ရာ၌ အဘယ်ကြောင့် ရောင့်ရဲခြင်းမရှိရလေသနည်း"ဟု မိမိကိုယ်ကိုဆုံးမကာ ဆွမ်းကို ဘုန်းပေးတော်မူ၏။

ထိုအကြောင်းကို တွေ့မြင်ကြကုန်သော မင်းချင်းတို့သည် ဗိမ္ဗိသာရမင်းကြီးအား ပြန်လည်လျှောက်ထားကြလေလျှင် မင်းကြီးသည်။ ထိုပုဂ္ဂိုလ်အား စုံစမ်းလိုသည်ဖြစ်၍ အလောင်းတော်ရှိရာဆီ ရောက်လာရာ မိမိ၏မိတ်ဆွေ သုဒ္ဓေါဒနမင်းကြီး၏သားတော် သိဒ္ဓတ္ထမင်းသားဖြစ်ကြောင်း သိရှိရလေ၏။ ထိုအခါ မင်းကြီးသည် အလောင်းတော်ရဟန်းအား "အရှင်သည် အသက်အရွယ်နုနယ်ငယ်ရွယ်သေးသူဖြစ်၍ မင်းစည်းစိမ်ကို ခံစားတော်မူပါဦး။ တောထွက်ခြင်းအမှုကို မပြုပါနှင့်။ ကပိလဝတ်သို့ မပြန်လိုသော် မိမိ၏ ရာဇဂြိုဟ်ပြည်တစ်ဝက်ကိုခွဲ၍ ယူတော်မူပါ"ဟု လျှောက်ထားသောအခါ အလောင်းတော်သည် "မင်းကြီး-ထိုမင်းစည်းစိမ်ကာမဂုဏ်ချမ်းသာသည် ကိလေသာကို ပွားရာအကြောင်းသာ ဖြစ်၏။ မစင်တွင်းမှ ပိုးလောက်၊ တံတွေးကဲ့သို့ ရွံရှာဖွယ်ဖြစ်၏။"ဟု ပြန်လည်မိန့်ကြားရာ မင်းကြီးလည်း သာဓုခေါ်တော်မူပြီးလျှင် "အရှင်သိဒ္ဓတ္ထ၊ တရားကို ဖြောင့်မတ်စွာ ကျင့်ပါလော့။ ဘုရားစင်စစ်ဧကန်ဖြစ်တော်မူလျှင် ကျွန်ုပ်၏ပြည်သို့ ဦးစွာကြွချီတော်မူလာရန် ဖိတ်မန္တကပြုပါ၏"ဟု လျှောက်ထား၏။ အလောင်းတော်သည် "ကောင်းပြီ"ဟု ဝန်ခံတော်မူ၏။

## ၄၀။ အလောင်းတော် ဒုက္ကရစရိယာကျင့်တော်မူခြင်း

ဒုက္ကရစရိယာဟူသည် အရေမျှ ကြွင်းစေ၊ အကြောမျှ ကြွင်းစေ၊ အသွေးအသားတို့ ခန်းခြောက်စေ၊ ဤအလုပ်ဖြင့် ငါသည် ရည်မှန်းရာပန်းတိုင်ရောက်အောင် လုပ်မည်ဟူသော စိတ်ဓာတ်ဖြင့် သာမန်လူတို့ ပြုနိုင်ခဲသော အကျင့်မြတ်ကို ဆိုပါသည်။

အလောင်းတော်မြတ်သည် ဗိမ္ဗိသာရမင်းကြီးအား ဝန်ခံစကားပြောကြားတော်မူပြီးသော် ထိုနေရာမှ အစဉ်အတိုင်းကြွချီတော်မူလေသော် တစ်ခုတည်းသော တောအုပ်သို့ ရောက်လာ၏။ ထိုတောအုပ်တွင် လောကီစျာန်ကို စီးဖြန်းအားထုတ်နေသော အာဠာရ ရသေ့ကြီးသည် ရှိ၏။ ထိုကာလာမ မျိုးနွယ် အာဠာရသေ့ထံကပ်၍ စျာန်သမာပတ်ကို နီးနှောကာ အားထုတ်ရာ မကြာမီပင် လောကီစျာန်ခုနစ်တန်ကို ရတော်မူ၏။ .

အလောင်းတော်မြတ်သည် ပါရမီဉာဏ်ရင့်သန်ပြီးသူဖြစ်သည့်အတိုင်း မိမိရရှိပြီးသော စျာန်သမာပတ်တို့ကို ဤသို့ပြန်၍ ဆင်ခြင်မိပြန်၏။ "ဤလောကီသမာပတ်စျာန် ခုနစ်ပါးတို့ကား ဝဋ်ဆင်းရဲ၌ အကျုံးဝင်သော တရားအစုသာ ဖြစ်၏။ ဝဋ်ဆင်းရဲမှ လွတ်မြောက်၍ ခပ်သိမ်းသော ကိလေသာတရားတို့ကို ချုပ်ငြိမ်းရန်အလို့ငှာ မတတ်နိုင်" ဟု ထိုလောကီစျာန်တို့၏အပြစ်ကို မြင်လာ၏။ ထို့ကြောင့် အာဠာရ ရသေ့ကြီးထံမှ ဖဲခွာ၍ ဥဒကရသေ့ကြီးထံရောက်လာရာ ထိုရသေ့ကြီး၏အယူဝါဒကျင့်စဉ်ကို သင်ယူတော်မူ၏။

အလောင်းတော်သည် ထိုကျင့်စဉ်အတိုင်း ကျင့်တော်မူရာ မကြာမီပင် လောကီသမာပတ်ရှစ်ရပ်တို့ကို ကိုယ်တိုင်ရရှိတော်မူ၏။ သို့ရာတွင် အလောင်းတော်သည် မိမိရရှိအပ်သော သမာပတ်တို့ကို ဆင်ခြင်ပြန်သော် "ဤငါရရှိသော လောကီသမာပတ်စျာန် ရှစ်ပါးတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်စေခြင်းငှာ တတ်နိုင်မည်မဟုတ်၊ ကိလေသာ ချုပ်ငြိမ်းရန်လည်း မဖြစ်နိုင်"ဟု အကြံဖြစ်ကာ ထိုဥဒက ရသေ့ကြီးထံမှ ထွက်ခွာသွားပြန်၏။

အလောင်းတော်မြတ်သည် ဝဋ်ဆင်းရဲမှ လွတ်ကင်းပြီး ကိလေသာငြိမ်းခြင်းငှာ တတ်နိုင်သောလမ်းစဉ်သည် ဧကန်ရှိရမည်။ ထိုလမ်းစဉ်ကို မတွေ့၊ တွေ့အောင်ရှာမည်ဟု စိတ်ဆုံးဖြတ်ကာ ဆက်လက်ထွက်ခွာလာရာ မဂဓတိုင်း၊ ဉရုဝေလတောအနီးရှိ သေနာနိဂုံးသို့ရောက်တော်မူခဲ့၏။ ထိုဥရုဝေလတောအုပ်သည် တရားရှာမှီးသူများ၊ သူတော်စင်များအတွက် နှလုံးမွေ့လျော်ဖွယ်ရာ သစ်ပင်၊ မြေပြင်၊ စိမ့်စမ်း၊ သဲပြင်များနှင့်ပြည့်စုံသည် သာမက ဆွမ်းခံရန်လွယ်ကူသည့် ရွာငယ်ကလေးများလည်း ရှိလေသည်။ ထို့ကြောင့် အလောင်းတော်မြတ်သည်။ "ဤနေရာသည် ကမ္မဋ္ဌာန်းတရားအားထုတ်ရန် အသင့်တော်ဆုံးဖြစ်၏"ဟု ဆုံးဖြတ်ကာ ထင်းခြောက်သစ်ခတ်သစ်ရွက်များဖြင့် ကျောင်းသခ်မ်းငယ်လေးတစ်ဆောင်ကို ဆောက်လုပ်ပြီးလျှင် ထိုတောအုပ်အတွင်းမှာပင် ကမ္မဋ္ဌာန်းအလုပ်ကို ကြိုးစားအားထုတ်လျက်နေတော်မူ၏။

ထိုသို့ ကမ္မဋ္ဌာန်းတရားကို ကြိုးစားအားထုတ်နေစဉ် အလောင်းတော်သူမြတ်၏ စိတ်သန္တာန်၌ –

(၁) ရေ၌စိမ်ထားအပ်သော ထင်းစိုကြီးကို မည်မျှပင် အားထုတ်၍ မီးပွတ်တံဖြင့် ပွတ်သော်လည်း မီးမဖြစ်နိုင်ဘဲ ပွတ်သူယောကျ်ားသာလျှင် ပင်ပန်းဆင်းရဲရသကဲ့သို့လည်းကောင်း၊

(၂) ကုန်း၌တင်ထားအပ်သော ထင်းစိုကြီးကို မီးအလို့ငှာ မည်မျှပင်အားထုတ်၍ ပွတ်တိုက်ပါသော်လည်း မီးသည် ဖြစ်မလာဘဲ ပွတ်သူယောကျ်ားသည်သာလျှင် ပင်ပန်းဆင်းရဲရသကဲ့သို့လည်းကောင်း – ဝတ္ထုအာရုံကာမဂုဏ်များ ကင်းစင်ခြင်းမရှိဘဲ ကိလေသာအညစ်အကြေးများ လိမ်းကျံထားသူတို့သည် ကမ္မဋ္ဌာန်းတရားကို မည်သို့ပင်ကြိုးစားအားထုတ်သော်လည်း ပင်ပန်းရုံမျှသာဖြစ်ပြီး ဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်မည်ကား မဟုတ်ချေ။

(၃) အကယ်၍ ထိုသို့မဟုတ်ဘဲ ရေနှင့်ကင်းကွာ၍ ကုန်းပေါ်၌ထားအပ်သော ထင်းတုံးခြောက်ကြီးကို မီးပွတ်သောအခါ မီးသည် အလွယ်တကူဖြစ်ပေါ်လာသကဲ့သို့ ထို့အတူပင် ကာမဂုဏ် ကိလေသာတို့ ကင်းကွာ၍ ကာမတဏှာခြောက်သွေ့ညှိုးလျော်ထက်သန်ခြင်းမရှိဘဲ ရဟန်းတရားကို အားထုတ်သော် မဂ်ဖိုလ်ကို ရနိုင်ပေ၏ – ဟု စိတ်အကြံတို့သည် ဖြစ်ကုန်၏။

ထိုသို့ မိမိဉာဏ်တွင် ဖြစ်ပေါ်လာသည်နှင့်အညီ ဝဋ်ဆင်းရဲအပေါင်းမှ ကင်းလွတ်ကြောင်းတရားများကို အလောင်းတော်မြတ်သည် ကြိုးကုတ်အားထုတ်တော်မူလေ၏။

## ၄၀။ ပဉ္စဝဂ္ဂီငါးဦးတို့ အလောင်းတော်ထံသို့ရောက်ရှိလာကြခြင်း

အလောင်းတော်ဖွားမြင်စကာလ၌ အလောင်းတော်မင်းသား၏လက္ခဏာတော်ကို ဖတ်ခဲ့သော ပုဏ္ဏားခုနစ်ယောက်တို့သည် မိမိတို့နေရာအရပ်သို့ ရောက်လေလျှင် သားများကိုခေါ်၍ သုဒ္ဓေါဒနမင်းကြီး၏သားတော် သိဒ္ဓတ္ထမင်းသားသည် ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်။ ထိုမင်းသားဘုရားဖြစ်သောအခါ အဆုံးအမခံ၍ ရဟန်းပြုကြကုန်ဟု မှာကြားခဲ့ကြ၏။ ထိုပုဏ္ဏားတို့သည် ကံအားလျော်စွာ သေလွန်သွားကြရာ ကောဏ္ဍညအနွယ် သုဒတ္တပုဏ္ဏားတစ်ယောက်သာလျှင် အသက်ရှင်ကျန်ရစ်၏။

ထိုသုဒတ္တပုဏ္ဏားသည် အလောင်းတော်ရဟန်းပြု၍ တောထွက်သွားလေပြီဟူသော သတင်းစကားကို ကြားရသောအခါ အခြားပုဏ္ဏားသားလေးယောက်နှင့်အတူ ရဟန်းပြု၍ အလောင်းတော်ရှိရာ ဉရုဝေလတောသို့ ရောက်လာကြကုန်၏။ ထိုရဟန်းငါးဦးကို ပဉ္စဝဂ္ဂီငါးဦး (ငါးယောက်ရှိသော အစု)ဟု ခေါ်ဆိုကြ၏။ ၎င်းတို့ကား –

(၁) ကောဏ္ဍည
(၂) ဝပ္ပ
(၃) ဘဒ္ဒိယ
(၄) မဟာနာမ်
(၅) အဿဇိ – တို့ ဖြစ်ကြကုန်၏။

ထိုပဉ္စဝဂ္ဂီငါးဦးတို့သည် ဘုရားဖြစ်ရန်အလို့ငှာ ကမ္မဋ္ဌာန်းတရားကို အားထုတ်ကျင့်ကြံနေသော အလောင်းတော်အား ကောင်းမြတ်သော စေတနာ မေတ္တာဖြင့် တံမြက်လှဲခြင်း၊ သောက်ရေသုံးရေခပ်ခြင်း၊ ကျောင်းသခ်မ်းကိုပြုပြင်စောင့်ရှောက်ပေးခြင်း၊ လုပ်ကျွေးပြုစုခြင်းတို့ကို ပြုလုပ်ကာ လှည့်လည်နေထိုင်ကြကုန်၏။

အလောင်းတော်မြတ်သည် မေတ္တာဘာဝနာပွားများခြင်း၊ သေနနိဂုံးသို့ဝင်ကာ ဆွမ်းခံလှည့်လည်ခြင်းအမှုတို့ကို ပြုလုပ်ရင်း နေ့ရက်ပေါင်းများကို ကုန်လွန်စေခြင်းကို ကျေနပ်အားရခြင်းမရှိဘဲ ဤဆွမ်းခံလှည့်လည်ခြင်းအမှုကိုပြု၍ ဆွမ်းကိုမှီဝဲနေခြင်းသည် ငါ့အား အဘယ်အကျိုးရှိအံ့နည်း။ ငါလိုသော သဗ္ဗညုတဉာဏ်တော်ကို ရနိုင်မည်မဟုတ်"ဟု အကြံတော်ဖြစ်၍ ဆွမ်းလှည့်လည်ခံခြင်းကိုရပ်၍ တောအုပ်အတွင်း အလိုလိုကြွေကျနေသော သစ်သီးများကို မှီဝဲသုံးဆောင်ကာနေလေ၏။ အလောင်းတော်သည် ဤသို့ ခြိုးခြံစွာနေရသည်ကို အားမရသေးဘဲ ကိုယ်တော်မြတ်မှီခိုနေရသော သစ်ပင်မှ ကြွေကျသော အသီးကိုသာ မှီဝဲမျှတ၍ နေပြန်၏။

ဤသို့ အစားအစာကို ခြိုးခြံ၍ အပြင်းအထန်အားထုတ်လေသော် အတွင်းဓာတ်ခံအင်အားများနည်းပါးလွန်းသောကြောင့် လက်ကတီးကြားမှ ချွေးတို့ ယိုစီးခြင်း၊ ဝင်လေထွက်လေကို ချုပ်တီးထားခြင်း၊ ခံတွင်း၊ နား၊ နှာခေါင်းတို့မှ လေများ အပြင်မထွက်အောင် ချုပ်တီးထားခြင်း၊ နေရာမှမထ၊ ငြိမ်သက်စွာ အဖန်တလဲလဲ စွဲမြဲစွာရှုမှတ်ခြင်းတို့ကြောင့် အလောင်းတော်၏ခန္ဓာကိုယ်သည် ပူလောင်ခြင်း၊ နာကျင် ကိုက်ခဲခြင်းတို့ကြောင့် ပင်ပန်းနွမ်းလျနေရကား အလောင်းတော်သည် စင်္ကြံအတွင်းမှာပင် လဲကျစွာ မူးမေ့သွားတော့၏။

နတ်တို့သည် ဤသို့ အလောင်းတော်မူးလဲသွားသည်ကို မြင်ရသည်ရှိသော် အလောင်းတော်မြတ် သေချေပြီဟု ထင်မှတ်သဖြင့် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးထံသွားကာ ထိုအကြောင်းကို ပြောကြားကြကုန်၏။ သုဒ္ဓေါဒနမင်းကြီးသည် ထိုအကြောင်းကို ကြားလေသော် "ငါ့သားတော်သည် ဘုရားအဖြစ်သို့ မရောက်ဘဲ သေမည့်သူမဟုတ်။ ငါ့သားတော်သေပြီဟူသောသတင်းသည် မဖြစ်နိုင်"ဟု ငြင်းဆန်လိုက်လေ၏။

အလောင်းတော်မြတ်သည် မူးမေ့သွားရာမှ တစ်ဖန် ပြန်၍သတိရကာ မိမိ၏ ပြင်းထန်လှသောအကျင့်ကို ပြန်၍ ဆင်ခြင်တော်မူရာ "ငါသည် ဤကဲ့သို့သော ပြင်းထန်ခက်ခဲသောအကျင့်ကို ခြောက်နှစ်တိုင်အောင် ကျင့်ခဲ့လေပြီ။ ငါဖြစ်လိုသော ဘုရားအဖြစ်သို့ကား မရောက်သေး၊ ထိုထက်တင်းလျက် အစာအာဟာရကို လုံးဝမှီဝဲခြင်းမပြုဘဲ ဆက်၍ ကျင့်ရသော် ကောင်းပါအံ့"ဟု ကြံမိ၏။ ဤသို့ ကျင့်သော် ငါ့ခန္ဓာသည် အာဟာရ

မမှီဝဲရဘဲ ရပ်တည်နိုင်မည်ကားမဟုတ်ဟု ဆင်ခြင်မိပြန်သဖြင့် အစာအာဟာရကို မျှတရုံသာမှီဝဲတော်မူ၏။

အလောင်းတော်သည် တစ်နေ့တာအတွက် ပဲပြုတ်ရည် တစ်လက်ခုပ်မျှသာ မှီဝဲသုံးဆောင်တော်မူရာ ကြာလတ်သော် အလောင်းတော်၏ အင်္ဂါကြီးငယ်တို့သည် ပိန်ချုံးညှိုးလျှော်ခြောက်သွေ့ကာ ယခင်က ရွှေအဆင်းကဲ့သို့ တင့်တယ်လှသော အဆင်းတော်သည် ပျောက်ကွယ်သွားလေ၏။ သို့သော် အလောင်းတော်၏ ကြံ့ခိုင်မြဲမြံသော စိတ်ဓာတ်သည်ကား လုံးဝကျဆင်းသွားခြင်းမရှိ၊ ဆက်၍သာ တည်ရှိနေပေ၏။

## ၄၂။ အကျင့်လမ်းစဉ်အမှန်ကို ထိုးထွင်း၍ သိတော်မူခြင်း

အလောင်းတော်သည် ဤမျှ ပြင်းထန်သောအကျင့်ဖြင့် ဘုရားအဖြစ်သို့ ရောက်ရန် ကြိုးစားအားထုတ်နေသော်လည်း ဘုရားအဖြစ်ရောက်ခြင်းငှာ မတတ်နိုင်သည်ကို ဆင်ခြင်မိပြန်ရာ အလောင်းတော်ဉာဏ်တွင် ဤသို့သော အကြံသည် ဖြစ်ပေါ်လာ၏။

"ငါသည် ဤပြင်းထန်လှသော ဒုက္ကရ စရိယာအကျင့်ဖြင့် သဗ္ဗညုတဉာဏ်တော်ကို မရရှိနိုင်ခဲ့ချေ။ သို့သော် သဗ္ဗညုတဉာဏ်ရကြောင်း အကျင့်မြတ်သည်ကား ဧကန်ရှိရမည်ဖြစ်၏။ ငါသည် သုဒ္ဓေါဒနမင်းကြီး လယ်ထွန်မင်္ဂလာပြုစဉ်ကာလ၌ သပြေပင်ရိပ်၌ ထိုင်ကာ အာနာပါန ပဋ္ဌမဈာန်ကို ဝင်စားဖူးလေပြီ။ ထိုအာဏာပါန ပဋ္ဌမဈာန်လမ်းကြောင်းသည် ငါ့အား စိတ်နှလုံးစင်ကြယ်စေပြီး အေးချမ်းမှုကို ဖြစ်စေ၏။ ထိုအကျင့်သည်သာလျှင် သဗ္ဗညုတဉာဏ်ရအံ့သောအကြောင်း ဖြစ်ပေမည်။ ထို့ကြောင့် ဤညှိုးနွမ်းပင်ပန်းနေသည့် ခန္ဓာကိုယ်ကို မုန့်၊ ပဲ၊ ထမင်း အာဟာရတို့ကို မှီဝဲပြီး တစ်ဖန် စိုပြည်လန်းဆန်းလာစေပြီးမှ ထိုအာနာပါန သမာဓိဈာန်ကို ရအောင်အားထုတ်ရပါမူ ကောင်းလေစွ"ဟု ပြတ်သားစွာ ကြံစည်ဆုံးဖြတ်တော်မူ၏။

ထိုနေ့မှစ၍ အလောင်းတော်သူမြတ်သည် ဆွမ်းခံလှည့်လည်နေကျဖြစ်သော သေနာနိဂုံးရွာသို့ ဆွမ်းခံဝင်၍ ရသမျှသော ဆွမ်းအာဟာရတို့ကို သုံးဆောင်တော်မူ၏။ ဤသို့ အာဟာရကို ပြန်လည်သုံးဆောင်ခြင်းကြောင့် အလောင်းတော်မြတ်၏ ကိုယ်အဆင်းသည် မကြာမီအတွင်းမှာပင် ပြန်လည် စိုပြည်လန်းဆန်းလာကာ မဟာပုရိသ ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီးငယ်တို့သည် နဂိုပကတိအတိုင်း နုပျိုဝင်းဝါ၊ ကြည်လင်သန့်ရှင်း၍လာကုန်၏။

## ၄၃။ ပဥ္စဝဂ္ဂီငါးဦးတို့ အလောင်းတော်ထံမှ ထွက်ခွာသွားကြခြင်း

အလောင်းတော်မြတ်သည် ဤသို့တစ်ဖန် ဆွမ်းအာဟာရကို ပြန်လည်သုံးဆောင်၍ ရုပ်အဆင်းပြန်လည်ပြည့်ဖြိုးတင့်တယ်လာသည်ကို မြင်တွေ့ကြရကုန်သော အလုပ်အကျွေး ပဥ္စဝဂ္ဂီငါးဦးသည် ဤသို့ အကြံဖြစ်ကြကုန်၏။

"ရဟန်းဂေါတမသည် ဤကဲ့သို့ ခက်ခဲပြင်းထန်သော အကျင့်ကို ကျင့်ဆောင်အားထုတ်သောအကျင့်ကို စွန့်၍ ပစ္စည်းလာဘ်လာဘပေါများသောအကျင့်ကို ကျင့်ကြံလေပြီ။ ဤမျှ ကြိုးစားကျင့်ဆောင်သော်မှ ဘုရားအဖြစ်သို့ မရောက်ခဲ့ချေ။ ယခုသော်အဘယ်မှာလျှင် ဘုရားဖြစ်နိုင်အံ့နည်း"ဟု အလောင်းတော်အား အပြစ်မြင်ကာ စွန့်ခွာသွားကြပြီး ထိုမှ တစ်ဆယ့်ရှစ်ယူဇနာကွာဝေးသော ဣသိပတနမိဂဒါဝုန်တောသို့ ရောက်သွားကြကုန်၏။

## ၄၄။ အိပ်မက်ကြီး ငါးပါးတို့ မြင်မက်တော်မူခြင်း

ပဥ္စဝဂ္ဂီငါးဦးတို့ အလောင်းတော်ထံမှ ထွက်ခွာသွားပြီးနောက်တွင် အလောင်းတော်သည် ဆိတ်ငြိမ်မှုကို ပိုမိုရရှိကာ ကမ္မဋ္ဌာန်းအလုပ်ကို စွဲမြဲထက်သန်စွာ ပြုလုပ်နိုင်သဖြင့် သမာဓိသည် မြဲမြံတိုးတက်လာလေ၏။ ဤကဲ့သို့ တစ်ပါးတည်း သီတင်းသုံးနေထိုင်တော်မူပြီး (၁၅)ရက်ခန့်ကြာသောအခါ အလောင်းတော်သည် တစ်ညသ၌ထူးခြားသော အိပ်မက်ကြီးငါးပါးကို မြင်မက်တော်မူ၏။ ထိုအချိန်သည် မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လဆန်း (၁၄)ရက်၊ အင်္ဂါနေ့ ညသန်းခေါင်ကျော် မိုးသောက်ယံတွင်ဖြစ်လေသည်။

အလောင်းတော်၏ အိပ်မက်ကြီး ငါးပါးကား -

၁။ အလောင်းတော်သည် မဟာပထဝီမြေပြင်ကြီးကို အိပ်ရာပြု၍ ယူဇနာငါးရာရှိသော ဟိမဝန္တာတောင်ကို ခေါင်းအုံးပြုလျက် လက်တော်ကို အရှေ့နှင့်အနောက်သမုဒ္ဒရာအပြင်ထက်၌ထားပြီးသော် ခြေတော်အစုံကို တောင်သမုဒ္ဒရာ၌ထားလျက် စက်တော်မူရသည်ဟု မြင်မက်ခြင်း။

၂။ နီမြန်းသောအဆင်းရှိသည့် တိရယမည်သော မြက်သည် ချက်တော်မှ ဖောက်ထွက်၍ အထက်ဘဝဂ်သို့တိုင်အောင် တက်ရောက်သွားသည်ဟု မြင်မက်ခြင်း။

၃။ ဖြူသောအဆင်းရှိသော ပိုးလောက်တို့သည် ခြေထောက်ဖျားမှ ပုဆစ်ဒူးခေါင်းတိုင်အောင် တရွရွ တက်ရောက်ကြသည်ဟု မြင်မက်ခြင်း။

၄။ နီညိုရွှေရော်-လေးမျိုးသောအဆင်းရှိသည့် ငှက်လေးမျိုးတို့သည် အရပ်

လေးမျက်နှာမှ ပျံသန်းလာကြပြီး ခြေတော်ရင်းသို့ ရောက်သောအခါ အားလုံးသည် အဖြူချည်းသာ ဖြစ်ကုန်သည်ဟု မြင်မက်ခြင်း။

၅။ ကြီးစွာသော မစင်တောင်ထက်တွင် လူးလာခေါက်တုံ့ စင်္ကြံလျှောက်နေသော်လည်း မစင်သည် အနည်းငယ်မျှပင် လိမ်းကပ်ခြင်းမရှိဟု မြင်မက်ခြင်း – တို့ဖြစ်လေသည်။

ထိုအိပ်မက်ကြီး ငါးပါးကို မြင်မက်၍ အိပ်ရာမှ နိုးလေသော် အလောင်းတော်မြတ်သည် "ဤ ငါ၏ အိပ်မက်သည်ကား ထူးလေစွတကား။ ငါ၏အိပ်မက်တို့သည် သဗ္ဗညုတဉာဏ်ရအံ့သော ပုဗ္ဗနိမိတ်ဖြစ်၏။ မဂ္ဂင်ရှစ်ပါးတရားတော်မြတ်ကို လူနတ်တို့အား ဟောကြားရအံ့သော ပုဗ္ဗနိမိတ်ဖြစ်၏။ တရားတော်ကို အလိုရှိကြကုန်သော လူအပေါင်းတို့၏ ဝတ်ဆင်းကော်ရော် ပူဇော်အထူးကို ခံယူအံ့သော ပုဗ္ဗနိမိတ်ဖြစ်၏။ အမျိုးကောင်းသားတို့သည် မြတ်စွာဘုရား၏ သာသနာတော်အတွင်း ဝင်ရောက်၍ ရဟန်းပြုကြကာ အရဟတ္တဖိုလ်သို့ ရောက်ကြရအံ့သော ပုဗ္ဗနိမိတ်ဖြစ်၏။ ဘုရားဖြစ်တော်မူသောအခါ ပစ္စည်းလေးပါး စသည်တို့၌ တွယ်တာကပ်ငြိခြင်းမရှိဘဲ သုံးဆောင်တော်မူအံ့သော ပုဗ္ဗနိမိတ်ဖြစ်၏"ဟု အိပ်မက်ငါးပါးတို့၏ နိမိတ်ကို ကိုယ်တော်တိုင် ဖတ်တော်မူ၏။

## ၄၅။ သုဇာတာသတို့သမီး ဃနာနို့ဆွမ်း တစ်လှူခြင်း

အလောင်းတော်မြတ်သည် "ယနေ့တွင် ငါသည် ဘုရားစင်စစ် ကေန်ဖြစ်တော့အံ့"ဟု ဆင်ခြင်ဆုံးဖြတ်လျက် မိုးသောက်ယံ၌ ဆွမ်းခံဝင်အံ့သောငှာ သပိတ်သင်္ကန်းတို့ကို ပြင်ဆင်လေ၏။ မိုးကောင်းစွာ မလင်းမီကပင် သေနနိဂုံးရွာသို့ ထွက်ကြွလာကာ ထိုရွာအနီးရှိ ကြီးစွာသော ညောင်ပင်ရင်း၌ ကိုယ်တော်၏အရောင်ဖြင့် ထွန်းလင်းတောက်ပစေလျက် ထိုင်နေတော်မူ၏။

ထိုသေနနိဂုံးရွာ၌ သေနာနီမည်သော သူဌေးကြီး၏ သမီး သုဇာတာသည်ရှိ၏။ သုဇာတာအရွယ်ရောက်လေလျှင် ထိုညောင်ပင်ကြီးသို့ လာလတ်၍ "အရှင်ညောင်စောင့်နတ်မင်းကြီး၊ ကျွန်ုပ်သည် အမျိုးဇာတ်တူ သူဌေးအိမ်သို့ ရောက်ရှိ၍ ပထမအကြိမ်ကိုယ်ဝန်ရှိသောအခါ သားယောကျ်ားကို ရပါငြားအံ့။ ထိုအခါ အရှင်နတ်မင်းအား နို့ဃနာဖြင့် ပူဇော်ပါအံ့"ဟု ဆုတောင်းလေ၏။

ထိုသုဇာတာအမျိုးသမီးသည် အရွယ်ရောက်သောအခါ အိမ်ထောင်ကျ၍ သားဦးကို ဖွားမြင်လေ၏။ ဤသို့ သားဦးဖွားမြင်ခြင်းသည် ညောင်စောင့်နတ်၏စောင်မမှုကြောင့် ဖြစ်သည်ဟု ယုံကြည်ကာ သုဇာတာသည် နှစ်စဉ် ကဆုန်လပြည့်နေ့ရောက်တိုင်း ညောင်စောင့်နတ်အား ဃနာနို့ဆွမ်းဖြင့် ပူဇော်မြဲဖြစ်သည့်အတိုင်း ယနေ့တွင်လည်း ကဆုန်

လပြည့်နေ့ဖြစ်၍ သုဇာတာသည် ဃနာနို့ကို ကောင်းစွာစီမံချက်ပြုတ်ပြီးလျှင် ထိုဃနာနို့ ဆွမ်းကိုတင်လှူရန် စီစဉ်လေ၏။ ထို့ကြောင့် နံနက်စောစောကပင်လျှင် ပုဏ္ဏာမည်သော ကျွန်မအား ညောင်ပင်ရင်းတစ်ဝိုက် သန့်ရှင်းရေးလုပ်ထားရန် စေခိုင်းလိုက်၏။ ကျွန်မ လည်း ညောင်ပင်သို့ရောက်လေသော် ညောင်ပင်ရင်း၌ ညောင်ပင်တစ်ခုလုံး ထွန်းလင်းစေ လျက် ထိုင်နေတော်မူသော အလောင်းတော်ကို မြင်တွေ့သောအခါ အံ့ဩထူးဆန်း ရွှင်လန်းအားရသောစိတ်ဖြင့် အိမ်သို့ပြန်လာပြီးလျှင် ထိုအကြောင်းကို သုဇာတာ သူဌေး သမီးအား ပြောကြားလေ၏။

သုဇာတာလည်း "ငါတို့အရှင်နတ်မင်းသည် ယနေ့တွင် အတုမရှိသော အသရေ တော်ဖြင့် ကိုယ်ထင်ပြ၍ စံနေတော်မူသည်တကား၊ အံ့ဖွယ်ရှိပေစွ"ဟု အားရဝမ်းသာစွာ ဖြင့် အသပြာတစ်သိန်းထိုက်သော ရွှေခွက်၌ ဃနာနို့ဆွမ်းကို ထည့်လျက် ညောင်ပင်ကြီးရှိ ရာသို့ အခြွေအရံများနှင့်အတူ ရောက်လာလေ၏။ သုဇာတာသည် ငြိမ်သက်သော ဣန္ဒြေ ဖြင့် ထိုင်နေတော်မူသော အလောင်းတော်သူမြတ်အား တွေ့မြင်သောအခါ အတိုင်းထက် လွန် ဝမ်းမြောက်လျက် ရွှေခွက်နှင့်တကွသော ဃနာနို့ဆွမ်းကို ပူဇော်ဆက်ကပ်လိုက်လေ ၏။

## ၄၆။ ဃနာနို့ဆွမ်းကို ဘုန်းပေးတော်မူခြင်း

အလောင်းတော်သူမြတ်သည် ဃနာနို့ဆွမ်းကို ရွှေခွက်နှင့်တကွ ခံယူပြီးလျှင် နေရာမှထကာ ညောင်ပင်ကြီးကို လက်ျာတစ်ပတ်လှည့်လည်ပြီးသော် မနီးမဝေး၌ရှိသော နေရဥ္ဇရာမြစ်ကမ်းဆီသို့ ကြွတော်မူလာ၏။ နေရဥ္ဇရာမြစ်ကား ဘုရားအလောင်းတော်တို့ ရေချိုးရာနေရာဖြစ်သည်နှင့်အညီ အလောင်းတော်သည် ရေချိုးဆိပ်သို့ဆင်း၍ ရေချိုး တော်မူ၏။ ရေချိုးတော်မူပြီးသော် ဆိပ်ကမ်းမှ တက်၍ အရိပ်ကောင်းသော သစ်ပင်ရိပ်၌ အရှေ့အရပ်သို့ မျက်နှာမူကာ ထိုင်နေတော်မူလျက် ဃနာနို့ဆွမ်းကို ဘုန်းပေးတော်မူ၏။

အလောင်းတော်သည် ဃနာနို့ဆွမ်းဘုန်းပေးတော်မူပြီးသော် ရွှေခွက်ကိုကိုင်ပြီး လျှင် "အကယ်၍ ငါသည် ဤယနေ့တွင်ပင် ဘုရားအဖြစ်သို့ရောက်ခြင်းငှာ စွမ်းနိုင်ပါမူ ဤရွှေခွက်သည် မြစ်ညာသို့ ဆန်တက်သွားပါစေသား"ဟု အဓိဋ္ဌာန်ပြုကာ မြစ်ထဲသို့ မျှောလိုက်လေ၏။ ရွှေခွက်သည်လည်း အဓိဋ္ဌာန်တော်နှင့်အညီ မြစ်ညာသို့ ဆန်တက်ကာ အတောင်ရှစ်ဆယ်အကွာအဝေးသို့ရောက်သောအခါ မြစ်ရေထဲ၌ နစ်မြုပ်သွားလေ၏။ ရွှေခွက်သည် ကာဠနဂါးမင်းစံရာ ဗိမာန်သို့ရောက်၍ ဤကမ္ဘာ၌ ပွင့်တော်မူပြီးကုန်သော ကကုသန်၊ ကောဏာဂုံ၊ ကဿပ ဟူသော ဘုရားသုံးဆူတို့၏ အသုံးပြုအပ်သော ရွှေခွက် သုံးလုံးတို့ကို ထိခတ်ကာ ထိုရွှေခွက်တို့၏အောက်၌ တည်နေလေ၏။ ထိုအခါ ကာဠနဂါး

သည် အိပ်ရာမှနိုး၍ "မနေ့ကပင် ဘုရားတစ်ဆူပွင့်ခဲ့ပြီးပြီ၊ ယခုတစ်ဖန် ဘုရားပွင့်ပြန်လေပြီတကား"ဟု ညည်းညူမြည်တမ်းလေ၏။

အလောင်းတော်လည်း ထိုနေ့အဖို့၌ မွေ့လျော်ဖွယ်ရှိသော အင်ကြင်းတော၌ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်၍ လောကီစျာန်သမာပတ်ရှစ်ပါး၊ အဘိညာဏ်ငါးပါးတို့ကို ဖြစ်စေတော်မူလျက် ညနေချမ်းအခါ၌ နေရဉ္ဇရာမြစ်သို့ ဆင်းကာ ရေချိုးပြန်လေ၏။ ရေသန့်စင်ပြီးသော် နတ်တို့ ဖန်ဆင်းအပ်သော လမ်းခရီးဖြင့် မဟာဗောဓိပင်ရှိရာသို့ ရှေးရှုကြွသွားတော်မူ၏။

## ၄၇။ အပရာဇိတပလ္လင်ထက်၌ထိုင်ကာ ဈာန်ဝင်စားတော်မူခြင်း

အလောင်းတော်သည် မဟာဗောဓိမဏ္ဍိုင်ဆီသို့ ကြွတော်မူလာရာ လမ်း၌ သောတ္ထိယမည်သော မြက်ထမ်းသည်နှင့်တွေ့၍ မြက်ထမ်းသည်,သည် အလောင်းတော်အား မြက်ရှစ်ဆုပ်ကို ကပ်လှူလေ၏။ အလောင်းတော်သည် ထိုမြက်တို့ကို ခံယူ၍ ဗောဓိပင်သို့ ကပ်ပြီးလျှင် မြက်များကို ဖြန့်ရန်အလို့ငှာ အရပ်မျက်နှာများကို ကြည့်ရှုဆင်ခြင်တော်မူ၏။ ဗောဓိပင်၏ တောင်၊ အနောက်၊ မြောက်အရပ်တို့၌ ရပ်တော်မူလိုက်သောအခါ မဟာ ပထဝီမြေကြီးသည် စောင်းထောင်၍သွားလေ၏။ တစ်ဖန် အရှေ့အရပ်၌ ရပ်တော်မူသောအခါ မဟာပထဝီမြေကြီးသည် ပကတိအတိုင်း ညီညာလျက်ရှိသဖြင့် ဤအရပ်ကား ဘုရားဖြစ်ရာဌာန မှန်ပေပြီဟု နှလုံးပိုက်ကာ ရှစ်ဆုပ်သောမြက်ကို ကြဲဖြန့်လိုက်လေ၏။ ထိုအခါ တစ်ဆယ့်လေးတောင်အပြန့်ကျယ်သော အပရာဇိတပလ္လင်တော်ကြီးသည် ပေါ်ပေါက်လာလေ၏။ အလောင်းတော်မြတ်သည် ထိုပလ္လင်ထက်သို့ တက်၍ ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူပြီး အာနာပါနစျာန်ကိုပင် ဝင်စားလျက် "ဘုရားမဖြစ်က ဤနေရာက ငါမထတော့ပြီ"ဟု အဓိဋ္ဌာန်ကာ မြဲမြံကြံ့ခိုင်သော ဝီရိယဖြင့် နေတော်မူ၏။

ထိုအခါ သိကြားမင်းသည် ဝိဇယုတ္တုခရုသင်းကို မှုတ်လျက်၊ ကာဠနဂါးမင်းသည် ဂါထာတစ်ထောင်တို့ဖြင့် ကောင်းချီးပေးလျက်၊ ဗြဟ္မာမင်းသည် ထီးဖြူမိုးလျက်၊ သုယာမနတ်မင်းကြီးသည် သားမြီးယပ်ကိုခတ်လျက်၊ သန္တုသိတနတ်မင်းကြီးသည် ပတ္တမြားယပ်ဖြင့်ခတ်လျက်၊ ပဥ္စသိက္ခနတ်မင်းကား ဗေလုဝနတ်စောင်းကိုတီးလျက် အလောင်းတော်မြတ်အား ပူဇော်ကြကုန်၏။

## ၄၈။ မာရ်နတ်မင်း၏စစ်ကို အောင်နိုင်တော်မူခြင်း

ထိုသို့ နတ်သိကြား ဗြဟ္မာမင်းတို့က အလောင်းတော်မြတ်အား ပစ္စည်းအမျိုးမျိုးတို့ဖြင့် ပူဇော်နေကြစဉ် ဝသဝတီ နတ်ပြည်မှ မာရ်နတ်မင်းသည် (မာရ်နတ်မင်းဟု ဆိုရသော်လည်း ဝသဝတီနတ်ပြည်ကို အစိုးရသော နတ်မင်းမဟုတ်။ နတ်မိုက်နတ်ယုတ်တသင်းကို စည်းရုံးကာ ကုသိုလ်ကောင်းမှုပြုသူများအား မိုက်မဲယုတ်မာစွာ ဖျက်ဆီးနေသော နတ်မိစ္ဆာတစ်ဦးသာ ဖြစ်၏။)အလောင်းတော်မြတ် ဘုရားအဖြစ်သို့ရောက်၍ ဘုံသုံးပါးမှ လွတ်မြောက်သွားမည်ကို မလိုလားသောကြောင့် များစွာကုန်သော စစ်သည်အပေါင်းတို့နှင့်အတူ လက်နက်မျိုးစုံကိုင်ဆောင်ပြီး အလောင်းတော်အား ကိုက်ခိုက်ရန် ရောက်လာကြကုန်၏။

မာရ်နတ်မင်းနှင့် စစ်သည်တို့သည် ကြောက်မက်ဖွယ်ရာအဆင်း၊ ပုံသဏ္ဍာန်၊ အသံကြီးများနှင့်အတူ အလောင်းတော်အနီးသို့ ရောက်လာသောအခါ အလောင်းတော်အား ပူဇော်နေကြကုန်သော ဗြဟ္မာမင်း၊ သိကြားမင်း၊ ကာဠနဂါးမင်းနှင့် နတ်ပရိသတ်အပေါင်းတို့သည် ထိတ်လန့်ကုန်လျက် ပြေးထွက်သွားကုန်သည်ရှိသော် ဇောဓိပင်ရင်းရှိ ရွှေပလ္လင်ထက်တွင် အလောင်းတော်မြတ်တစ်ပါးတည်းသာ ထိုင်နေတော်မူ၏။

မာရ်နတ်စစ်သည်တို့သည် အလောင်းတော်၏ရှေ့တည့်တည့်မှဝင်လာရန် မစွမ်းနိုင်ရကား အလောင်းတော်၏အနောက်မှလည်းကောင်း၊ မြောက်မှလည်းကောင်း၊ ချီတက်လာကြကုန်၏။ ထိုအခါ မာရ်နတ်သည် "ဤသိဒ္ဓတ္ထမင်းသားအား လက်နက်(၉)ပါးဖြင့် ပစ်လွှတ်ကာပြေးလေအံ့"ဟု ကြံစည်၍–

(၁) ကြီးစွာသော လေပွေမုန်တိုင်းကြီးကို ဖန်ဆင်း၍တိုက်ခိုက်၏။
(၂) မိုးသည်းထန်စွာ ရွာသွန်း၍ ကြီးစွာသောရေအယဉ်ကြီးဖြင့် အလောင်းတော်အား ဖုံးလွှမ်းသွားရန် တိုက်ခိုက်၏။
(၃) ကျောက်တုံးကျောက်ခဲ မိုးကြီးရွာချကာ တိုက်ခိုက်၏။
(၄) ဓား၊ လှံ၊ လက်နက် မိုးကြီးရွာချကာ တိုက်ခိုက်၏။
(၅) မီးကျီးမီးခဲ မိုးကြီးရွာချလျက် တိုက်ခိုက်၏။
(၆) ပြာပူမိုးကြီးရွာသွန်းကာ တိုက်ခိုက်၏။
(၇) သဲပူမိုးကြီးရွာချကာ တိုက်ခိုက်၏။
(၈) ညွန်ပူမိုးကြီးမိုးချကာ တိုက်ခိုက်၏။
(၉) အမှောင်တိုက်ကြီးဖန်ဆင်းကာ တိုက်ခိုက်၏။

ဤကဲ့သို့ မာရ်နတ်ယုတ်သည် အလောင်းတော်မြတ်အား ဝိုင်းရံပိတ်ဆို့လျက် ကြောက်မက်ဖွယ်သော လက်နက်ကြီး(၉)မျိုးဖြင့် တိုက်ခိုက်လေသော် အလောင်းတော်ကား လုံးဝကြောက်ရွံ့ထိတ်လန့်မှုမရှိ၊ ပကတိငြိမ်သက်လျက် ထိုင်နေတော်မူပြီး ဤသို့ ကြံစည်ဆင်ခြင်ပြန်၏။

ဤမျှ များပြားလှသည့် မာရ်နတ်စစ်သည်တို့သည် ငါတစ်ဦးတည်းကိုသာ ရည်မှန်း၍ တိုက်ခိုက်လာ၏။ ငါ့ဘက်မှ ဖေးမကူညီပေးမည့် အမိအဖအဆွေအမျိုးတို့သည် ငါ့၌ မရှိကုန်။ ငါဘဝအဆက်ဆက်က ဆည်းပူးအားထုတ်ခဲ့သော ပါရမီဆယ်ပါးတရားတို့သည် သာလျှင် ငါ့မိငါ့ဖ၊ ငါ့အဆွေအမျိုး၊ ပရိသတ်အခြံအရံများ ဖြစ်ကြကုန်၏။ ထိုပါရမီဆယ်ပါး လက်နက်ဖြင့်ပင် ငါသည် ဤမာရ်နတ်၏ရန်ကို ဖြိုခွင်းအံ့”ဟု စိတ်ဆုံးဖြတ်တော်မူ၏။

ထိုအခါ မာရ်နတ်သည် မိမိလက်နက်(၉)မျိုးဖြင့် အလောင်းတော်အား အပြင်းအထန်တိုက်ခိုက်ပါသော်လည်း တစ်စုံတစ်ရာသော အန္တရာယ်မရှိ။ ပကတိငြိမ်သက်စွာ ထိုင်နေတော်မူသည်ကို မြင်သောအခါ ဒေါသအမျက်ပြင်းစွာထွက်လျက် “သိဒ္ဓတ္ထရဟန်း၏ ဦးခေါင်းကို ထောင်းထောင်းပြတ်ကြေအံ့”ဟု စက်လက်နက်ကိုတစ်ဖန် ပစ်လွှတ်ပြန်၏။ သို့သော် မြင်းမိုရ်တောင်ကြီးကိုပင် နှစ်ခြမ်းခွဲနိုင်စွမ်းရှိသည့် လက်နက်သည် အလောင်းတော်မြတ်အား မည်သည့်အန္တရာယ်မျှ မပြုနိုင်ဘဲ ခြေသုတ်ပုဆိုးပမာ ကျလာလေ၏။

တစ်ဖန် မာရ်နတ်သည် အလောင်းတော်အား တစ်မျိုးလှည့်ပြီး အရေးဆိုပြန်၏။ ပထမဦးစွာ မာရ်နတ်က အဘယ်ကြောင့် သူပိုင်သော အပရာဇိတပလ္လင်ပေါ်မှာ လာပြီး ထိုင်ရသနည်းဟု မေးရာ အလောင်းတော်က မာရ်နတ်အား “ဟယ်–မာရ်နတ်–ဤပလ္လင်သည် သင်၏ပလ္လင်ဖြစ်ကြောင်း အထောက်အထားသက်သေပြနိုင်ပါသလော”ဟု မေးသော် မာရ်နတ်က သူ၏ များလှသော စစ်သည်တို့သည် သူ၏သက်သေဖြစ်ကြောင်း လက်မောင်းကိုဆန့်တန်း၍ ကြွေးကြော်လိုက်ရာ အားလုံးက သက်သေခံဖြစ်ကြောင်း မြေပြိုလုမတတ် အော်ဟစ်ထောက်ခံကြကုန်၏။

ထိုစကားကိုကြားသော် အလောင်းတော်သည် “မာရ်နတ်–ဤပလ္လင်တော်သည် ငါ၏ ဘဝပေါင်းများစွာက ဖြည့်ကျင့်ခဲ့သည့် ပါရမီတို့၏အဟုန်ဖြင့် ငါရခဲ့ပေ၏။ ထိုစကား မှန်ကန်ကြောင်း ဤမဟာပထဝီမြေကြီးက သက်သေပြုပါလိမ့်မည်။ ဤမဟာ ပထဝီမြေကြီးသည် သက်သေအရာ၌ တည်စေသတည်း”ဟု မြေကြီးကို လက်ညှိုးထိုးပြီး မိန့်တော်မူ၏။ ထိုသို့ သက်သေတည်မိန့်ဆိုလိုက်သည်နှင့်တစ်ပြိုင်နက် မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ပမာ ချာချာလည်ပြီး မာရ်နတ်နှင့်စစ်သည်တို့လည်း အလောင်းတော်အား အရှုံးပေးကာ ထွက်ပြေးကုန်၏။ ထိုအခါ နတ်ဗြဟ္မာအပေါင်းတို့သည် စုဝေးရောက်ရှိလာကြပြီး မာရ်နတ်ကို အောင်နိုင်သွားသော အလောင်းတော်ကို ဝမ်းမြောက်စွာ ပူဇော်ကြကုန်၏။

# ၄၉။ ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း

အလောင်းတော်မြတ်သည် ထိုနေ့တစ်နေ့လုံးတွင် မာရ်နတ်နှင့် စစ်သည်အပေါင်းတို့အား ဖြိုဖျက်ရှင်းလင်းအောင်မြင်တော်မူပြီးနောက် နေဝင်ခါနီး မှောင်ရီပျိုးစအချိန် ရောက်လတ်သော် ဒေဝပုတ္တမာရ်ကို အောင်မြင်တော်မူ၏။ ထိုအချိန်အခါသမယကား မဟာသက္ကရာဇ်(၁၀၃)ခုနှစ် ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ဖြစ်လေ၏။

အလောင်းတော်မြတ်သည် ဒေဝပုတ္တမာရ်ကို အောင်မြင်တော်မူပြီးနောက် နတ်ဗြဟ္မာတို့၏ ထိုမျှ များပြားသော ပူဇော်မှုများကို တွေ့မြင်ရသော်လည်း ၎င်းတို့အပေါ်၌ ကပ်ငြိတွယ်တာမှုသည် အလျဉ်းမရှိဘဲ မိမိ အားထားသက်ဝင်ရာ တရားတော်ကိုသာ လျှင် ဆက်လက်ဆင်ခြင်သုံးသပ်တော်မူ၏။ စိတ်တော်သည်လည်း နီဝရဏတရားများ ကင်းစင်၍ အလွန်သန့်ရှင်းလျက်ရှိနေ၏။ ထိုနောက် အာနာပါန ကမ္မဋ္ဌာန်းကို မြဲမြံသော သတိဖြင့် ဆင်ခြင်အောက်မေ့ရင်း စိတ်တော်သည် အထူးကြည်လင်လာရာမှ ရူပါဝစရ ပဌမစျာန်ကိုဝင်စားတော်မူ၏။

ရူပါဝစရ ပဌမစျာန်ကို ဝင်စားနေတော်မူသော အလောင်းတော်၏ ကိုယ်နှင့်စိတ်သည် အလွန်သန့်ရှင်းစင်ကြယ်နေသောကြောင့် ဗျာပါဒ၊ ကာမစ္ဆန္ဒ၊ ဥဒ္ဓစ္စ ကုက္ကုစ္စ၊ ထိနမိဒ္ဓ၊ ဝိစိကစ္ဆာဟူသော နီဝရဏ ငါးပါးသည်လည်း လွန်စွာကင်းလျက် တည်နေသည့်ပြင် တည်ငြိမ်ခြင်း၊ သန့်ရှင်းခြင်း၊ ကြည်လင်ခြင်း၊ ချေးညှော်ကင်းခြင်း၊ ညစ်နွမ်းမှုမရှိခြင်း၊ နူးညံ့ခြင်း၊ အမှုဋ္ဌခန့်ခြင်း၊ ကြံ့ခိုင်မြဲမြံခြင်းဟူသော အင်္ဂါ(၈)ပါးနှင့်လည်း ပြည့်စုံနေ၏။

ထို့ကြောင့် အလောင်းတော်သည် ရူပါဝစရ ဒုတိယစျာန်ကို တိုးမြှင့်ဝင်စားတော်မူပြန်ရာ ဝိတက်နှင့်ဝိစာရဟူသော စိတ်လှုပ်ရှားမှုတို့သည် လုံးဝကင်းစင်လျက်နေလေ၏။ တစ်ဖန် သမာဓိအင်အားပြည့်ဝလျက် တည်ငြိမ်ခိုင်မာလာသဖြင့် အလောင်းတော်သူမြတ်သည် မိမိကိုယ်ကို ကျေနပ်နှစ်သိမ့်သော ပီတိသုခတို့ကို တိုးမြှင့်ခံစားနေပြန်၏။

အလောင်းတော်သည် ရူပါဝစရ ဒုတိယစျာန်ကို ဝင်စားနေရသော်လည်း တစ်ဘက်ကလည်း မိမိ၏ ကမ္မဋ္ဌာန်းအပေါ် လျှော့ပါးမှုမရှိစေဘဲ ထိုစျာန်မှတစ်ဆင့် ရူပါဝစရ တတိယစျာန်ကို တိုးတက်ဝင်စားပြန်၏။ ထိုအချိန်တွင် အလောင်းတော်၏စိတ်သည် ပီတိများကွယ်ပျောက်သွားပြီး သုခဝေဒနာ၏ အထွတ်အထိပ်ကို ခံစားနေရင်းနှင့်ပင် တစ်ဖန် သုခဝေဒနာကို ပယ်စွန့်လျက် အညီအမျှ လျစ်လျူရှုသောစျာန်နှင့် ဥပေက္ခာ စေတသိက်နှင့်ပြည့်စုံလျက် သတိသည် အလွန်ကောင်းမွန်ပြီး ဉာဏ်တော်သည် အလွန် ထက်မြက်နေပေ၏။

ထိုမှတစ်ဖန် အလောင်းတော်သည် ရူပါဝစရ တတိယစျာန်မှ စတုတ္ထစျာန်အဆင့်ကို တိုးမြှင့်ဝင်စားပြန်ရာ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်သော တရားများသည်လည်း သူ၏စိတ်တွင် လွန်စွာ သန့်ရှင်းစင်ကြယ်လျက်ရှိနေ၏။ ထိန မိဒ္ဓစသော နီဝရဏတရားများ ကင်းစင်နေသောကြောင့် အလောင်းတော်၏စိတ်သည် အရောင်တလက်လက်ထွက်ပြီး ဖြူစင်၍

နေ၏။ ထိုအချိန်တွင် ဝိစာရ စသော ရန်ရင်းကြမ်းတမ်းသော ဈာန်အင်္ဂါများမှ လွန်မြောက်သွားသောကြောင့် အလောင်းတော်၏စိတ်သည် အထူးစင်ကြယ်နူးညံ့နေ၏။ ဝသီဘော်ငါးပါးကို နိုင်နင်းပြီးဖြစ်သည့်အတွက် တန်ခိုးကို ထုတ်ဖော်နိုင်သော သတ္တိသည် ဖြစ်ပေါ်လာရာ ဆန္ဒကို ထုတ်ဖော်နိုင်ရန် အသင့်ဖြစ်နေ၏။ ထိုအခါ အလောင်းတော်သည် လိုချင်သည့် အဘိညာဏ်ကို ရစေရန်စိတ်တော်ကို ညွှတ်လိုက်လျှင် အလွယ်တကူ ရလာနိုင်ပြီဖြစ်၍ ရှေးကဖြစ်ဖူး၊ ခံစားဖူး၊ တွေ့ကြုံဖူးသော အတိတ်ဘဝများကို မြင်နိုင်စွမ်းသော ပုဗ္ဗေနိဝါသအဘိညာဏ်ကို ရရှိလာ၏။ ပုဗ္ဗေ နိဝါသညာဏ်ခေါ် ပဌမ ဝိဇ္ဇာညာဏ်ကို အလောင်းတော်သည် မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ကဆုန်လပြည့်နေ့ညဦးယံတွင် ရရှိတော်မူလေ၏။

ပုဗ္ဗေနိဝါသညာဏ်တော်ကို ရတော်မူပြီးသော် အလောင်းတော်သည် ထိုညာဏ်ဖြင့် အတိတ်ဖြစ်ရပ် ဘဝ ဇာတ်လမ်းများစွာကို ဆက်၍ဆင်ခြင်လိုက်သောအခါ သက္ကာယဒိဋ္ဌိနှစ်ဆယ်နှင့်တကွသော မောဟတရားကိုပယ်သတ်ပြီးဖြစ်၍ တစ်ဖန် သတ္တဝါတို့၏ ကုသိုလ်ကံ၊ အကုသိုလ်ကံများကို ဝေဖန်သိမြင်လိုသော ညာဏ်ကိုရဖို့ရန် စိတ်ကိုညွှတ်လိုက်ရာ ဒိဗ္ဗစက္ခုညာဏ်ထူးကို ရတော်မူပြန်၏။ ဒိဗ္ဗစက္ခုညာဏ်ကား သတ္တဝါတို့၏ စုတိပဋိသန္ဓေကို သိမြင်သော ညာဏ်၊ သို့မဟုတ် ကံအားလျော်စွာ လားရောက်ကြကုန်သော သတ္တဝါတို့၏ အကြောင်းရင်း အခြေခံ ကုသိုလ်ကံ၊ အကုသိုလ်ကံနှင့်ထိုကံတို့၏ အကျိုးဆက်ကြောင့် သတ္တဝါတို့ ဆင်းရဲရပုံ၊ ချမ်းသာရပုံတို့ကို မြင်တော်မူသော ညာဏ်ကိုဆိုလို၏။

ဤဒိဗ္ဗစက္ခုအဘိညာဏ်တော်ဖြင့် အလောင်းတော်သည် "သတ္တဝါတို့သည် မိမိတို့ပြုသောကံကို အကြောင်းပြု၍ ဖြစ်ကြပုံ၊ သုဂတိဘုံ၊ ဒုဂတိဘုံတို့၌ ခံစားရပုံ"တို့ကို ရှင်းလင်းပြတ်သားစွာသိတော်မူ၏။ ဤဒိဗ္ဗစက္ခုညာဏ်တော်ကို အလောင်းတော်သည် ကဆုန်လပြည့်နေ့ည သန်းခေါင်ယံအချိန်တွင် ရတော်မူ၏။ ယင်းညာဏ်တော်ကို ဒုတိယ ဝိဇ္ဇာညာဏ်ဟုခေါ်၏။

ဤသို့ဖြင့် ဒါနပါရမီ၊ သီလပါရမီစသော ပါရမီကောင်းမှုကုသိုလ်အစုစုတို့ဖြင့် ကိလေသာဟူသမျှကို ရှင်းလင်းသုတ်သင်ပြီးသော အလောင်းတော်မြတ်သည် ထိုကဆုန်လပြည့်နေ့ည နောက်တစ်နေ့မိုးသောက်ယံအချိန်တွင် ဝိပဿနာတရားတော်ကို ဆက်ပြီးအားထုတ်တော်မူ၏။

ဒိဗ္ဗစက္ခု ညာဏ်တော်ကို ရပြီးတော်မူသော အလောင်းတော်မြတ်သည် သတ္တဝါတို့၏ သေခြင်းတရားကို အခြေခံပြီး ဤသို့စဉ်းစားနေတော်မူပြန်၏။ သတ္တဝါတို့ သေကြသည်မှာ အဘယ်ကြောင့်နည်း။ ထိုအခါ အလောင်းတော်၏ ညာဏ်တွင် ဤမည်သော အကြောင်းကြောင့် သေရကြောင်း ဖြစ်ပေါ်လာ၏။

ဇာတိဟူသော မွေးဖွားခြင်းကြောင့် သေရ၏။

ဇာတိသည် ဘဝ (ဖြစ်ခြင်း)ကြောင့် ဖြစ်လာရ၏။

ဘဝသည် ဥပါဒါန်(စွဲလမ်းမှု)ကြောင့် ဖြစ်လာရ၏။

ပဋ္ဌာန်ပြုံးငှေ့ဟောက်ဓာပေ

ဥပါဒါန်သည် တဏှာ(တပ်မက်မှု)ကြောင့် ဖြစ်လာရ၏။
တဏှာသည် ဝေဒနာ (ခံစားမှု)ကြောင့် ဖြစ်လာရ၏။
ဝေဒနာသည် ဖဿ(တိုက်ဆိုင်တွေ့ထိခြင်း)ကြောင့် ဖြစ်လာရ၏။
ဖဿသည် အာယတန(အာရုံခြောက်ပါး)ကြောင့် ဖြစ်လာရ၏။
အာယတနသည် နာမရူပ(နာမ်ရုပ်)ကြောင့် ဖြစ်လာရ၏။
နာမရူပသည် ဝိညာဉ်ကြောင့် ဖြစ်လာရ၏။
ဝိညာဉ်သည် သင်္ခါရကြောင့် ဖြစ်လာရ၏။
သင်္ခါရသည် အဝိဇ္ဇာကြောင့် ဖြစ်လာရ၏။

ဤသို့ဖြင့် အလောင်းတော်သည် ပဋိစ္စသမုပ္ပါဒ် အင်္ဂါ(၁၂)ပါးတည်းဟူသော ဝိပဿနာတင်ရှုရမည့်တရားအစုကို ကောင်းစွာသိမြင်လာ၏။ ထိုမှတစ်ဖန် အလောင်းတော်သည် ထိုပဋိစ္စသမုပ္ပါဒ်တရားအစု (၁၂)ပါးကို အနုလုံအားဖြင့် ဤသို့ဆင်ခြင်ပြန်၏။

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏။
သင်္ခါရကြောင့် ဝိညာဉ်ဖြစ်၏။
ဝိညာဉ်ကြောင့် နာမ်ရုပ်တို့ဖြစ်၏။
နာမ်ရုပ်တို့ကြောင့် အာယတန ခြောက်ပါးဖြစ်၏။
အာယတနခြောက်ပါးကြောင့် ဖဿဖြစ်၏။
ဖဿကြောင့် ဝေဒနာဖြစ်၏။
ဝေဒနာကြောင့် တဏှာဖြစ်၏။
တဏှာကြောင့် ဥပါဒါန်ဖြစ်၏။
ဥပါဒါန်ကြောင့် ဘဝဖြစ်၏။
ဘဝကြောင့် ဇာတိဖြစ်၏။
ဇာတိကြောင့် ဇရာ၊ ဗျာဓိ၊ မရဏတို့ ဖြစ်၏။

ဤသို့ ဆင်ခြင်မိသောအခါ အလောင်းတော်၏ဉာဏ်၌ ဤသို့ ပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ်အရ ကြောင်းကျိုးဆက်သွယ်၍ ဖြစ်နေရခြင်းသည် သာယာနှစ်သက်စရာစွဲလမ်းတပ်မက်ဖွယ်ရာ တစ်စုံတစ်ခုမျှမရှိဘဲ ဆင်းရဲခြင်းဒုက္ခအစုသာ ဖြစ်ကြောင်း ထင်ရှားစွာ သိမြင်လာ၏။

တစ်ဖန် အလောင်းတော်မြတ်သည် ပဋိစ္စသမုပ္ပါဒ်အစုတရား(၁၂)ပါးကို ပဋိလုံ (ပြောင်းပြန်)အားဖြင့် ဆင်ခြင်တော်မူပြန်၏။

ဇာတိမရှိလျှင် ဇရာ၊ ဗျာဓိ၊ မရဏ မရှိနိုင်။
သင်္ခါရ (ပြုလုပ်မှု) မရှိလျှင် ဘဝအသစ် မဖြစ်နိုင်။
ဥပါဒါန် (စွဲလမ်းမှု) မရှိလျှင် သင်္ခါရမရှိနိုင်။
တဏှာ (တပ်မက်မှု) မရှိလျှင် ဥပါဒါန် မရှိနိုင်။
ဝေဒနာ (ခံစားမှု) မရှိလျှင် တဏှာ မဖြစ်နိုင်။

ဖဿ (အာရုံတွေ့ထိမှု) မရှိလျှင် ဝေဒနာ မဖြစ်နိုင်။
အာယတန (အာရုံခြောက်ပါး) မရှိလျှင် ဖဿမဖြစ်နိုင်။
နာမ်ရုပ်မရှိလျှင် အာယတန မရှိနိုင်။
ဝိညာဏ်မရှိလျှင် နာမ်ခန္ဓာ၊ ရုပ်ခန္ဓာ မရှိနိုင်။
နာမ်ခန္ဓာ၊ ရုပ်ခန္ဓာ မရှိလျှင် ဘဝပါ ချုပ်ငြိမ်းတော့၏။

ထိုနောက်တစ်ဖန် အလောင်းတော်မြတ်သည် –

ဘဝမရှိလျှင် နာမ်ရုပ်မရှိနိုင်။
နာမ်ရုပ်မရှိလျှင် အာယတနမရှိနိုင်။
အာယတနမရှိလျှင် ဖဿမရှိနိုင်။
ဖဿမရှိလျှင် ဝေဒနာမရှိနိုင်။
ဝေဒနာမရှိလျှင် တဏှာမရှိနိုင်။
တဏှာမရှိလျှင် ဉပါဒါန်မရှိနိုင်။
ဉပါဒါန်မရှိလျှင် ဘဝမရှိနိုင်။
ဘဝမရှိလျှင် ဇာတိမရှိနိုင်။
ဇာတိမရှိလျှင် ဇရာ၊ ဗျာဓိ၊ မရဏတို့ မရှိနိုင်။

ဇရာ၊ ဗျာဓိ၊ မရဏတို့မရှိလျှင် ဆင်းရဲဒုက္ခမဖြစ်နိုင်။ ထိုအခါ ဆင်းရဲဒုက္ခဟူသမျှ ချုပ်ငြိမ်းသွားမည်မှာ ဧကန်ဖြစ်၏ဟု ဆင်ခြင်မိပြန်၏။

အလောင်းတော်မြတ်သည် ပဋိစ္စသမုပ္ပါဒ်အင်္ဂါ(၁၂)ပါး အစုကို ဝိပဿနာဉာဏ်ကို ဖြစ်စေပြီးလျှင် အာနာပါနစတုတ္ထဈာန်ကို တစ်ဖန်ဝင်စားတော်မူပြန်၏။ တစ်ဖန် ထိုဈာန်မှ ထ၍ ခန္ဓာငါးပါးတရားအစုတို့၌ ဉဒယဗ္ဗယဉာဏ်အစရှိသော အထက် ဝိပဿနာဉာဏ်များကို လွယ်ကူစွာ ဖြစ်စေတော်မူ၏။ ထိုအခါ နောက်ဆုံးအနုလောမဉာဏ်အဆင့်သို့ ရောက်လတ်သော် အလောင်းတော်မြတ်သည် မဂ္ဂဝီထိစိတ်အစဉ်တွင် အပါအဝင်ဖြစ်သည့် ပရိကံ၊ ဉပစာ၊ အနုလုံဟူသော သစ္စာနုလောမဉာဏ်တော်သုံးပါးဖြင့် သစ္စာလေးပါး အမှန်တရားကို ဖုံးလွှမ်းထားသည် အဝိဇ္ဇာမောဟအမှောင်ကြီးကို ဖယ်ရှားရှင်းလင်းလိုက်သောအခါ သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုတော်မူလေ၏။

ထိုသို့သောတာပတ္တိမဂ်သို့ ရောက်တော်မူသောကြောင့် အလောင်းတော်မြတ်၏ သန္တာန်၌ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသဟူသော ကိလေသာသုံးရပ်တို့သည် အမြစ်ပြတ်ကင်းကွာ၍ သွားတော့၏။ ထိုနောက်တွင် သောတာပတ္တိမဂ်ကို ဆင်ခြင်ခြင်း၊ သောတာပတ္တိဖိုလ်ကို ဆင်ခြင်ခြင်း၊ မဂ်ဖိုလ်တို့၏အာရုံဖြစ်သော နိဗ္ဗာန်ကို ဆင်ခြင်ခြင်း၊ ထိုသောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ကိလေသာတို့ကိုဆင်ခြင်ခြင်း၊ သောတာပတ္တိမဂ်ဖြင့် မပယ်ရသေးသော ကိလေသာတို့ကို ဆင်ခြင်ခြင်းဟူသော ပစ္စဝေက္ခဏာဉာဏ်တော် ငါးပါးဖြင့် ဆင်ခြင်တော်မူ၏။

ဤသို့ ဆင်ခြင်တော်မူပြီးသော် အလောင်းတော်မြတ်သည် တစ်ဖန်ထပ်၍ ဥဒယဗ္ဗယဉာဏ်အစရှိသော ဝိပဿနာဉာဏ်စဉ်များကို ပွားများပြန်ရာ မကြာမီပင် နှစ်ဆင့်မြောက်ဖြစ်သည့် သကဒါဂါမိမဂ်ဖိုလ်သို့ ရောက်တော်မူ၏။ ထိုအခါ ထိုမဂ်ဖြင့်ပင် ရုန့်ရင်းသော ကာမနှင့်ဗျာပါဒ ကိလေသာတို့သည် အကြွင်းမဲ့ပြတ်လေတော့သည်။

သကဒါဂါမိဖိုကို ရရှိတော်မူပြီးသောအခါ အလောင်းတော်သည် ရှေ့နည်းတူ ပစ္စဝေက္ခဏာဉာဏ်တော်ဖြင့် သကဒါဂါမိဖိုလ်၏အာရုံဖြစ်သော နိဗ္ဗာန်၊ ထိုမဂ်ဖြင့် ပယ်ပြီးသော ကိလေသာ၊ မပယ်ရသေးသော ကိလေသာတို့ကို ဆင်ခြင်ပြီးလျှင် တစ်ဖန်ထပ်၍ ဝိပဿနာပွားပြန်သော် မကြာမီသုံးဆင့်မြောက်သော အနာဂါမိမဂ်ဖိုလ်သို့ ရောက်တော်မူ၏။ ထိုမှစ၍ အလောင်းတော်၏ သန္တာန်၌ သိမ်မွေ့သော ကာမရာဂကိလေသာ၊ ဗျာပါဒကိလေသာတို့သည် အကြွင်းမဲ့ပြတ်လေတော့၏။

အလောင်းတော်သူမြတ်သည် အနာဂါမိမဂ်ဖိုလ်ကိုရတော်မူပြီးသော် ရှေ့နည်းတူ ရအပ်ပြီးသော အနာဂါမိမဂ်၊ အနာဂါမိဖိုလ်၊ နိဗ္ဗာန်နှင့်တကွ ပယ်ပြီးသော ကိလေသာ၊ ကြွင်းကျန်သော ကိလေသာတို့ကို ပစ္စဝေက္ခဏာဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူကာ တစ်ဖန် ဝိပဿနာ ဉာဏ်စဉ်များကို ပွားများအားထုတ်ပြန်သည်တွင် လေးဆင့်မြောက်ဖြစ်သော အရဟတ္တမဂ်၊ အရဟတ္တဖိုလ်သို့ ရောက်တော်မူ၏။ ထိုအရဟတ္တမဂ်ဖြင့် ရာဂကိလေသာ၊ မာနကိလေသာ၊ ဥဒ္ဓစ္စကိလေသာ၊ အဝိဇ္ဇာကိလေသာတို့ကို အမြစ်ပါမကျန် ဖယ်ရှားတော်မူပြီးလျှင် အလောင်းတော်၏ သန္တာန်၌ ဝါသနာအငွေ့အသက်နှင့်တကွ တစ်ထောင့်ငါးရာကိလေသာ တရားအလုံးအစုံသည် ကင်းပြတ်ကုန်ဆုံးခြင်းသို့ ရောက်ကုန်၏။

အလောင်းတော်မြတ်၏စိတ်သည် ထိုအချိန်တွင် အထူးစင်ကြယ်သန့်ရှင်း၍နေရာမှ ပဋိသမ္ဘိဒါဉာဏ်တော်လေးပါး၊ အသာဓာရဏဉာဏ်တော်ခြောက်ပါး၊ ဝေသာရဇ္ဇဉာဏ်တော်လေးပါး၊ ဗုဒ္ဓဉာဏ်တော် တစ်ဆယ့်လေးပါး၊ အာဝေဏိကဂုဏ်တော်တစ်ဆယ့်ရှစ်ပါး အစရှိသော မြတ်စွာဘုရားရှင်တို့၏ ဂုဏ်ကျေးဇူးတော်နှင့်တကွ အလုံးစုံကို အဆီးအတားမရှိ သိမြင်တော်မူသည့် သဗ္ဗညုတဉာဏ်တော်ကြီးကိုပါ ရတော်မူလျက် နံနက်မိုးသောက်ကာလ အရုဏ်တက်ချိန်တွင် ဗုဒ္ဓစင်စစ်ဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

မှတ်ချက်။ ။ အလောင်းတော်မြတ်သည် သေနာနိဂုံးမှ သူဌေးသမီးသုဇာတာ ပေးလှူသော ဃနာနို့ဆွမ်းကို ရွှေဖလားနှင့်တကွ ခံယူတော်မူသည့် မဟာသက္ကရာဇ် (၁၀၃)ခုနှစ် ကဆုန်လပြည့် မိုးသောက်ချိန်မှစ၍ သဗ္ဗညုတဉာဏ်တော်ရတော်မူ၍ ဘုရားဖြစ်တော်မူသည့် ကဆုန်လပြည့်ကျော် တစ်ရက်နေ့အကူး နံနက်အရုဏ်တက်ချိန်အထိ တရားတော်ကို ဆင်ခြင်လျက် ရူပါဝစရ ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန် အဆင့်ဆင့်ကို ဝင်စားကာ ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်နှင့် နောက်ဆုံးတွင် သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူပုံတို့ကို တိပိဋကရေဆရာတော်ကြီး၏ မဟာဗုဒ္ဓဝင်အတွဲ(၂) စာမျက်နှာ ၂၈၂ မှ ၃၄၂ တွင် အကျယ်ဖတ်ရှုကြည့်ညိုနိုင်ပါသည်။

## ၅၀။ မြတ်စွာဘုရား ဥဒါန်းကျူးရင့်တော်မူခြင်း

မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ကြီးနှင့်တကွ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသောအခါ မြတ်စွာဘုရား၏ သန္တာန်တော်၌ ကြီးစွာသော နှစ်သက်အားရဝမ်းမြောက်ခြင်းဖြစ်ရကား ဘုရားအဆူဆူတို့ ကျူးရင့်တော်မူမြဲ ဓမ္မတာဖြစ်သော "အနေကဇာတိသံသာရ" အစရှိသည့် ဂါထာတော်ကို ကျူးရင့်တော်မူ၏။

ဂါထာတော်၏ အဓိပ္ပာယ်ကား -

"ငါသည် ရှည်လျားကြီးစွာသော သံသရာဝဋ္ဋဒုက္ခမှ လွတ်မြောက်ခဲ့ရလေပြီ။ ငါသည် အလွန်မြတ်လှစွာသော သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်ကို ရလေပြီ။ ကြီးကျယ်စွာသော အောင်ပွဲကြီးကိုလည်း ရရှိခဲ့ပြီးလေပြီ။ ဘဝသံသရာအဆက်ဆက်၌ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏတို့ဖြင့် တရစ်ပတ်ပတ် နှိပ်စက်အပ်သော ခန္ဓာအိမ်ကို တည်ဆောက်သောလက်သည် တရားခံ အစစ်အမှန်ကို အဖန်ဖန်တလဲလဲ စူးစမ်းရှာဖွေခဲ့သော်လည်း ထိုတဏှာလက်သမားကို ငါသည် မတွေ့မမြင်ခဲ့ရသဖြင့် သံသရာဝဋ္ဋဆင်းရဲချားရဟတ်ထဲ၌ မရပ်မနားပြေးလွှားကျင်လည်ခဲ့ရလေပြီ။

ငါသည် ယခုအခါ သဗ္ဗညုတဉာဏ်တော်ကို ရခဲ့ပြီဖြစ်၍ ထိုတဏှာယောက်ျားလက်သမားအား ဒိဋ္ဌထင်ထင် ငါမြင်ရလေပြီ။ ထိုတဏှာယောက်ျားသည် ငါ့အား နောက်ထပ်တစ်ဖန် ခန္ဓာအိမ်သစ်ကို မတည်ဆောက်နိုင်တော့ပြီ။ ခန္ဓာအိမ်တည်းဟူသော ဘုံကွန်းပြောက်၏ထုပ်လျှောက်ဒိုင်းမြားကိလေသာတရားတို့ကို ယခုအခါ ငါသည် စိစိညက်ညက်ချိုးဖျက်အပ်ကုန်ပြီ။ အဝိဇ္ဇာတည်းဟူသောအိမ်၏အထွတ်ကို မှုန့်မှုန့်ကြေမွငါ ဖျက်ဆီးအပ်လေပြီ။ ကိလေသာအညစ်အကြေးကင်းစင်သော ငါ၏စိတ်အစဉ်သည် သင်္ခါရတရားတို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို ဆိုက်ရောက်သက်ဝင် မျက်မှောက်ပြုအပ်လေပြီ။

ဤသို့ဖြင့် မြတ်စွာဘုရားသည် စိတ်တော်ဖြင့် ဥဒါန်းကျူးရင့်တော်မူ၏။

## ၅၁။ ဘုရားဖြစ်တော်မူသောအခါ များစွာသောအံ့ဖွယ်တို့ ဖြစ်ပေါ်လာခြင်း

အလောင်းတော်သူမြတ်သည် သဗ္ဗညုတဉာဏ်တော်ကို ရရှိ၍ ဘုရားစင်စစ်ဖြစ်တော်မူချိန်တွင် စကြာဝဠာလောကကြီးတစ်ခုလုံးသည် မည်သည့်အချိန်အခါနှင့်မျှမတူအောင် လှပတင့်တယ်ဆန်းကြယ်လျက် အံ့ဖွယ်သော အခြင်းအရာတို့သည် ဖြစ်ပေါ်ကုန်၏။

၁။ အရှေ့စကြာဝဠာအနားရေး၌ စိုက်ထောင်အပ်သော တံခွန်ကုက္ကားတို့၏ အရောင်တို့သည် အနောက်စကြာဝဠာအနားရေး၌ တည်ကုန်၏။

၂။ အနောက်စကြာဝဠာအနားရေး၌ စိုက်ထောင်အပ်သော တံခွန်ကုက္ကားတို့၏ အရောင်တို့သည် အရှေ့စကြာဝဠာအနားရေး၌တည်ကုန်၏။
၃။ တောင်အရပ်စကြာဝဠာအနားရေး၌ စိုက်ထောင်အပ်သော တံခွန်ကုက္ကားတို့၏အရောင်တို့သည် မြောက်အရပ်စကြာဝဠာအနားရေး၌ တည်ကုန်၏။
၄။ မြောက်အရပ်စကြာဝဠာအနားရေး၌ စိုက်ထောင်အပ်သော တံခွန်ကုက္ကားတို့၏အရောင်တို့သည် တောင်အရပ်စကြာဝဠာအနားရေး၌ တည်ကုန်၏။
၅။ မြေအပြင်၌ စိုက်ထောင်ထားအပ်သော တံခွန်ကုက္ကားတို့၏အရောင်တို့သည် ဗြဟ္မာ့ပြည်ကို စိုက်လျက်တည်ကုန်၏။
၆။ ဗြဟ္မာ့ပြည်၌ ဖွဲ့ယှက်အပ်သော တံခွန်ကုက္ကားတို့၏အရောင်များသည် မြေအပြင်ကို ခိုက်လျက်တည်ကုန်၏။
၇။ အပွင့်ပွင့်ကုန်သော သစ်ပင်တို့သည် တပြိုင်နက်တည်းပွင့်ကြကုန်၏။
၈။ အသီးသီးကုန်သောအပင်တို့သည် တပြိုင်နက်တည်းသီးကြကုန်၏။
၉။ ပင်စည်၊ အခက်၊ နွယ်တို့မှ ထွက်လာကြကုန်သော ပန်းတို့သည် အဆန်းတကြယ်ပွင့်ကြကုန်၏။
၁၀။ ကောင်းကင်ထက်မှ ပန်းခိုင်များသည် အပင်ကိုမမြင်ရဘဲ တွဲလျားကျလျက်တည်ကုန်၏။
၁၁။ အဆင့်ဆင့်ထပ်နေသော ပဒုမ္မာကြာပန်းတို့သည် မြေအောက်ကျောက်ဖျာကြီးကို ဖောက်ခွဲပြီး ထိုးထွက်ပွင့်ပေါ်လာကြကုန်၏။
၁၂။ ထိုအချိန်၌ စကြာဝဠာတိုက်တစ်သောင်းသည် သေသပ်၊ အဆင်ပြေစွာ ခင်ထားအပ်သော ပန်းမွေ့ရာအခင်းကြီးကဲ့သို့ တည်ရှိနေ၏။

ဤသို့ဖြင့် အလောင်းတော်မင်းသား ဖွားတော်မူစဉ်က နိမိတ်ကြီး(၁၂)ပါးသည် အစဉ်အတိုင်းဖြစ်ပေါ်လာသကဲ့သို့ ယခု ဘုရားစင်စစ်ဖြစ်တော်မူသောအခါ၌လည်း တံခွန်၊ ကုက္ကား၊ ပန်းမန်၊ သစ်သီး၊ အပွင့်အဖူးတို့သည် စကြာဝဠာတိုက်တစ်သောင်းကို တသိမ့်သိမ့်တုန်စေလျက် ထူးခြားဆန်းကြယ်စွာ ဖြစ်ပေါ်ကြကုန်၏။

## ၅၂။ အလောင်းတော်မြတ်၏ ဆည်းပူးအားထုတ်တော်မူခဲ့သော ပါရမီတော်များအကျိုးဝေးခြင်း

အလောင်းတော်မြတ်သည် ဘုရားဖြစ်ရန်အလို့ငှာ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလအတွင်းဖြည့်ဆည်းအားထုတ်တော်မူခဲ့သည့် ပါရမီတော်များသည် အလောင်းတော်မြတ်၏ နောက်ဆုံးဘဝ၊ ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ–

(၁) ဒါနပါရမီကောင်းမှုအစုစုတို့သည် အလောင်းတော်၏သန္တာန်၌ လောဘ ကိလေသာများ မရှိလေရော့သလားဟု ထင်ရလောက်အောင် လွန်စွာနည်းပါးအောင် အကျိုးပေး၏။

(၂) သီလပါရမီ၊ ခန္တီပါရမီ၊ မေတ္တာပါရမီတို့သည် အမျက်ထွက်ခြင်း၊ ပြစ်မှားခြင်းတို့ကို တားမြစ်တော်မူလျက် မေတ္တာရေချမ်းသွန်းဖြန်းခြင်းဖြင့် မနာလိုမှု၊ ဝန်တိုမှု၊ ပူပန်သောကများ ကင်းရှင်းနည်းပါးအောင် အကျိုးပေး၏။

(၃) ပညာပါရမီတော်သည် မောဟကိုပယ်ဖြတ်တော်မူပြီး ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ မာနတို့မှကင်းလျက် အရာရာကို သိမြင်ခြင်း၊ သည်းခံခြင်း၊ သနားကြင်နာခြင်းတို့နှင့် ပြည့်စုံလျက် ပညာဉာဏ်ကြီးမြတ်သူတစ်ဦးဖြစ်လာစေသည်သာမက သာမန်လူတို့ မကြုံဖူးသော သဗ္ဗညုတဉာဏ်တော်ကြီးကို ရရှိတော်မူသည်အထိ အကျိုးပေး၏။

(၄) နေက္ခမ္မ ပါရမီတော် (တောထွက်ခြင်း) သည် စည်းစိမ်ဥစ္စာကို ရက်ရောစွာ စွန့်လှူကာရဟန်းပြုလျက် တောအရပ်၌ ဈာန်သမာပတ်ကို ဖြစ်စေတော်မူပြီးလျှင် နီဝရဏတရားများကို ပယ်ဖျောက်တော်မူနိုင်အောင် အကျိုးပေး၏။

(၅) သစ္စာပါရမီတော်သည် ချွတ်ယွင်းလွဲမှားသော မိစ္ဆာဝါစာစကားများကို ဖယ်ရှားကာ မှန်ကန်ဖြောင့်မတ်သော စကားကို ဆိုနိုင်ရန် အကျိုးပေး၏။

(၆) ဝီရိယပါရမီတော်သည် အလောင်းတော်၏ စိတ်တော်ကို ကုသိုလ်ကောင်းမှုတို့၌ အမြဲတစေမွေ့လျော်လျက် ထကြွလုံ့လရှိအောင် အကျိုးပေး၏။

(၇) ထို့ပြင်ဒါနပါရမီသည် ကိုယ်တော်မြတ်၏ဘဝ၌ မရှိစကားမကြားရဘဲ စည်းစိမ်ဥစ္စာတို့သည်လည်းကောင်း၊ အခြံအရံတို့သည်လည်းကောင်း လိုသောအခါ အခက်အခဲမရှိ ရရှိသုံးဆောင်နိုင်အောင် အကျိုးပေး၏။

ထိုထိုသော ပါရမီတော်များကို အလောင်းတော်သည် ဘုရားဖြစ်ရန်ဟူသော ဦးတည်ချက်တစ်ခုတည်းကိုသာလျှင် ရည်သန်တောင့်တကာ ဖြည့်ကျင့်ခဲ့ရခြင်းကြောင့် ကိုယ်တော်မြတ်သည် ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ ထိုပါရမီတော်များသည် သူ့ထက်ငါအပြိုင် အကျိုးပေးကြသည်ဖြစ်၍ မဟာပုရိသလက္ခဏာတော်ကြီး(၃၂)ပါး၊ လက္ခဏာတော်ငယ်(၈၀)တို့နှင့်တကွ မဂ်ဉာဏ်လေးပါးရရှိအောင် အကျိုးပေးတော်မူ၏။

ဤသည်တို့ကား အလောင်းတော်သူမြတ် တုသိတာနတ်ပြည်မှ စုတေ၍ သက္ကတိုင်း၊ ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားခေါင်ကြီး သီရိမဟာမာယာဒေဝီ၏ ဝမ်းကြားတိုက်တွင် ပဋိသန္ဓေယူချိန်မှ သဗ္ဗညုတဉာဏ်တော်ရှင် သမ္မာသမ္ဗုဒ္ဓဘုရားစင်စစ်ဖြစ်တော်မူသည့်အချိန်ထိ ဂေါတမဗုဒ္ဓမြတ်စွာဘုရား၏ သိမှတ်ကြည်ညိုဖွယ်ရာအကြောင်းအရာများပင် ဖြစ်ပါ၏။

## ၅၃။ ထတ္တသတ္တာဟ ခုနစ်ဌာနစံနေတော်မူခြင်း

မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် အခြားတစ်ပါးသော နေရာဒေသများသို့ ကြွချီတော်မူခြင်း မပြုသေးဘဲ ဗောဓိပင်နှင့် ရွှေပလ္လင်ရှိရာ အနီးအနားတစ်ဝိုက်ရှိ နေရာခုနစ်နေရာတွင် ခုနစ်ရက်စီ သီတင်းသုံး၍နေတော်မူ၏။ ၎င်းကို သတ္တသတ္တာဟ ခုနစ်ဌာနဟုခေါ်ဆို၏။ ယင်းခုနစ်ဌာနကား –

၁။ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသော် မဟာဗောဓိပင်နှင့်လေးထောင်ကွာအရှေ့မျက်နှာ၌ တည်နေသော ပလ္လင်ထက်တွင် ထက်ဝယ်ဖွဲ့ခွေနေတော်မူ၍ ဖလသမာပတ်ကိုဝင်စားကာ ခုနစ်ရက်ပတ်လုံးနေတော်မူ၏။ ထိုအရပ်သည် ပလ္လင်္ကသတ္တာဟမည်၏။

၂။ ထိုနောက် ရွှေပလ္လင်ထက်မှ ထတော်မူ၍ ဗောဓိပင်၏အရှေ့မြောက်ဘက် တစ်ဆယ့်လေးလံကွာအရပ်၌ ရပ်တော်မူလျက် ငါသည် ဤဗောဓိရပ်ခွင် ရွှေပလ္လင်ဝယ် သဗ္ဗညုတဉာဏ်တော်ကြီးကို ရပေသည်တကားဟု မမိုတ်သော မျက်စိဖြင့် ကြည့်ရှုကာ ခုနစ်ရက်ပတ်လုံးစံနေတော်မူ၏။ ထိုအရပ်သည် အနိမိသသတ္တာဟမည်၏။

၃။ ထိုသို့ပလ္လင်တော်ကို တစိမ့်စိမ့် ကြည့်တော်မူပြီးနောက် ရွှေပလ္လင်တော်နှင့် အနိမိသအကြား အတောင်နှစ်ဆယ်ရှိသောအရပ်ကို အလယ်ထား၍ အရှေ့မှသည် အနောက်သို့ အတောင်ခြောက်ဆယ်ရှည်သော ရတနာစင်္ကြံကို ဖန်ဆင်းလျက် ခုနစ်ရက်ပတ်လုံး စင်္ကြံကြွတော်မူ၏။ ထိုအရပ်သည် ရတနာစင်္ကမသတ္တာဟမည်၏။

၄။ ထိုနောက် မဟာဗောဓိပင်မှ အနောက်မြောက်အတောင်လေးဆယ်အကွာတွင် ရတနာခုနစ်ပါးအတိပြီးသော၊ နတ်တို့ ဖန်ဆင်းအပ်သော ရတနာရွှေအိမ်၌ထက်ဝယ်ဖွဲ့ခွေနေတော်မူလျက် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ပိဋကတ်တော်များကို သုံးသပ်ဆင်ခြင်ရာ ပဋ္ဌာန်းကျမ်းသို့ ရောက်လျှင် ထက်ဝန်းကျင်ကိုယ်တော်မှ ခြောက်ပါးသောရောင်ခြည်တော်တို့သည် ပြိုးပြိုးပြက်ပြက်ထွက်၍ အနန္တစကြာဝဠာတိုင်အောင် ပြန့်စေလျက် ခုနစ်ရက်လုံးလုံးစံပယ်တော်မူလေ၏။ ထိုအရပ်သည် ရတနာဃရ သတ္တာဟမည်၏။

၅။ ထိုနောက် မဟာဗောဓိပင်မှ အရှေ့မျက်နှာရှိ အဇပါလညောင်ပင်ရင်းသို့ ကပ်တော်မူ၍ ခုနစ်ရက်လုံးလုံးစံနေတော်မူ၏။ ထိုအရပ်သည် အဇပါလ သတ္တာဟမည်၏။

၆။ ထိုမှတစ်ဖန် မဟာဗောဓိပင်၏အရှေ့တောင်မျက်နှာရှိ မုစလိန္ဒာမည်သော အိုင်အနီးရှိ ကျည်းပင်ရင်း၌ ဖလသမာပတ်ဝင်စား၍ ခုနစ်ရက်လုံးလုံးနေတော်မူ၏။ ထိုအရပ်သည် မုစလိန္ဒသတ္တာဟမည်၏။

ပတ္တာမြားငယောက်တာပေ

၇။ ထိုနောက် တစ်ဖန် မဟာဗောဓိမှ တောင်ဘက်မျက်နှာ၊ အလံလေးဆယ် အကွာရှိ လင်းလွန်းပင်ရင်း၌ ခုနစ်ရက်လုံးလုံးစံနေတော်မူ၏။ ဤအရပ်သည် ရာဇာယတနသတ္တာဟမည်၏။

ဤသို့ဖြင့် မြတ်စွာဘုရားသည် သတ္တသတ္တာဟခုနစ်ရက်ခုနစ်လီ၊ ၄၉–ရက်လုံးလုံး ခံတွင်းဆေးခြင်း၊ မျက်နှာသစ်ခြင်း၊ ကိုယ်လက်သုတ်သင်ခြင်း၊ ရေချိုးခြင်း၊ ဆွမ်းဘုဉ်းခြင်း၊ ရေသုံးဆောင်ခြင်း၊ လျောင်းစက်ခြင်းကိစ္စများမရှိဘဲ ဈာန်ချမ်းသာ၊ ဖိုလ်ချမ်းသာဖြင့်သာ နေတော်မူ၏။

## ၅၄။ ဓမ္မစကြာတရားတော် ဟောကြားတော်မူခြင်း

မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်ရတော်မူ၍ ဘုရားအဖြစ်သို့ရောက်တော်မူပြီးနောက် သဟမ္ပတိဗြဟ္မာကြီး၏ သတ္တဝါအပေါင်းတို့အား တရားဟောတော်မူပါရန် လျှောက်ထားတောင်းပန်ချက်အရ "ငါကား အဘယ်သူအား ရှေးဦးစွာ တရားဟောရပါမည်နည်း အဘယ်သူသည် ငါဟောကြားအပ်သော တရားကို လျင်မြန်စွာ သိပါမည်နည်း" ဟု ကြံစည်ဆင်ခြင်တော်မူ၏။ ထိုအခါ အာဠာရဂိုဏ်းဆရာကြီးအား ရှေးဦးစွာ တရားဟောရမူ ကောင်းလေစွ"ဟု အကြံအစည်ဖြစ်တော်မူ၏။ ထိုနောက် ထိုအာဠာရ ရသေ့ကြီး အဘယ်မှာရှိအံ့နည်းဟု ဆင်ခြင်ပြန်သော် ရသေ့ကြီးသည် လွန်ခဲ့သော ခုနစ်ရက်ကပင် စုတိပြတ်ကြွေ သေလွန်ပြီးလျှင် အာကိဉ္စညာယတနဘုံ၌ ဖြစ်သည် ကို သိမြင်တော်မူ၏။

တစ်ဖန် မြတ်စွာဘုရားသည် ဥဒကဂိုဏ်းဆရာကြီးအား တရားဟောကြားရန် ဆင်ခြင်မိပြန်သော် ထိုဥဒကရသေ့ကြီးသည် ညသန်းခေါင်အချိန်ကပင် ကွယ်လွန်၍ နေဝသညာနာ သညာယတနဘုံ၌ဖြစ်သည်ကို သိမြင်တော်မူ၏။ ထိုမှတစ်ဖန် မြတ်စွာဘုရားသည် မိမိအား အနီးကပ်ခစားလုပ်ကျွေးဖူးကြကုန်သော ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့အား တရားဟောရပါမူ ကောင်းလေစွဟု ဆင်ခြင်မိပြန်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့ရှိရာ မိဂဒါဝုန်တောကြီးသို့ ကြွသွားပြီး ဗောဓိမဏ္ဍိုင်အနီးမှာပင် ဆွမ်းခံလှည့်လည်ကာ ဝါဆိုလဆန်း(၁၄)ရက်နေ့တိုင်အောင် နေတော်မူပြီးနောက် ဝါဆိုလပြည့်နေ့သို့ရောက်သောအခါ ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားတော်မြတ်ကို ဟောကြားတော်မူ၏။ ထိုအချိန်ကား ၁၀၃–ခုနှစ်၊ ဝါဆိုလပြည့် စနေနေ့ ညနေချမ်းကာလ၊ နေအဝင်၊ လအထွက် သာယာကြည်နူးဖွယ်ကောင်းလှသည့်အချိန်အခါသမယပင် ဖြစ်လေ၏။

မြတ်စွာဘုရားသခင် ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူပြီးသောအခါ ပဉ္စဝဂ္ဂီငါးဦးထဲမှ အရှင်ကောဏ္ဍညသည် ဒေသနာအဆုံး၌ သောတာပတ္တိဖိုလ်၌ တည်လေ၏။ ဓမ္မစကြာတရားတော် ဟောတော်မူစဉ် ပဋိသန္ဓေနေတော်မူသောအခါ၊ ဖွားမြင်တော်မူသောအခါ၊ ဘုရားဖြစ်တော်မူသောအခါများမှာကဲ့သို့ပင် အံ့ဘွယ်သရဲထူးကဲသော နိမိတ်ကြီး(၃၂)ပါးသည် ထင်လာကြကုန်၏။

မြတ်စွာဘုရားသည် ထိုမိဂဒါဝုန်တောခ၌ပင် ဝါကပ်တော်မူတော်မူ၍ ကျန်ပဉ္စဝဂ္ဂီလေးပါးတို့အား ဆွမ်းခံမကြွဘဲ အဆုံးအမပြဲဝါဒ ဆက်လက်ပေးတော်မူရာ ဝါဆိုလပြည့်ကျော်(၁)ရက်နေ့တွင် ဝပ္ပမထေရ်သည်လည်းကောင်း၊ ဝါဆိုလပြည့်ကျော်(၂)ရက်နေ့တွင် ဘဒ္ဒိယ မထေရ်သည်လည်းကောင်း၊ ဝါဆိုလပြည့်ကျော်(၃)ရက်နေ့တွင် မဟာနာမမထေရ်သည်လည်းကောင်း၊ နောက်တစ်နေ့ ဝါဆိုလပြည့်ကျော်(၄)ရက်နေ့တွင် အဿဇိမထေရ်သည်လည်းကောင်း သောတာပတ္တိဖိုလ်သို့ အသီးသီးရောက်ကြကုန်၏။

ထိုသို့ပဉ္စဝဂ္ဂီငါးဦးတို့သည် သောတာပတ္တိဖိုလ်သို့ အသီးသီးရောက်တော်မူကြပြီးနောက်တစ်နေ့ ဝါဆိုလပြည့်ကျော်(၅)ရက်နေ့တွင် မြတ်စွာဘုရားသည် အနတ္တလက္ခဏာသုတ်တော်ကို ဟောတော်မူရာ ပဉ္စဝဂ္ဂီငါးဦးတို့သည် အာသဝေါကုန်ခန်း၍ ရဟန္တာများအဖြစ်သို့ ရောက်ကြကုန်၏။

## ၅၅။ ဗုဒ္ဓမြတ်စွာဘုရားဖြစ်တော်မူပြီးနောက် ဓမ္မရတနာ၊ သံဃာ့ရတနာများ ဆက်လက်ပေါ်ပေါက်လာခြင်း

မြတ်စွာဘုရားသည် ဗောဓိပင်နှင့်ရွှေပလ္လင်ထက်၌ ဗုဒ္ဓစင်စစ်ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ဓမ္မစကြာတရားတော်နှင့် အနတ္တလက္ခဏာသုတ်တော်တို့ကို ပဉ္စဝဂ္ဂီငါးပါးတို့အား ဟောကြားတော်မူခြင်းဖြင့် ဓမ္မရတနာသည် ဤလောက၌ ပေါ်ပေါက်လာခဲ့၏။ ထို့အတူ ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိဟူသော ပဉ္စဝဂ္ဂီ ရဟန္တာအရှင်မြတ်ငါးပါးအမှူးပြုသော သံဃာရတနာသည်လည်း ပေါ်ပေါက်လာခဲ့၏။

တစ်ဖန် မြတ်စွာဘုရားသခင်သည် မိဂဒါဝုန်တောမှာပင် ဝါကပ်သီတင်းသုံးနေထိုင်တော်မူစဉ် ဗာရာဏသီ သူဌေးကတော်သုဇာတာ (မြတ်စွာဘုရားအား ဃနာနို့ဆွမ်းကပ်လှူသူ)၏ သား ယသသည်လည်းကောင်း၊ ယသသူဌေးသား၏ သူငယ်ချင်းဟောင်းငါးကျိပ်လေးဦး(၅၄)ဦးတို့သည်လည်းကောင်း၊ မြတ်စွာဘုရားထံရောက်၍ တရားတော်ကို နာကြားရသဖြင့် အာသဝေါကုန်ခန်း ရဟန္တာအရှင်မြတ်များအဖြစ်သို့ ရောက်လာကြကုန်

၏။ ထို့ကြောင့် ထိုအချိန်တွင် မြတ်စွာဘုရား၏ သာသနာတော်၌ မြတ်စွာဘုရားအား အမှူးထား၍ ပဥ္စဝဂ္ဂီငါးပါး၊ အရှင်ယသတစ်ပါး၊ အရှင်ယသ၏ သူငယ်ချင်းမိတ်ဆွေ (၅၄)ပါး၊ စုစုပေါင်း ခြောက်ကျိပ်တစ်ပါး(၆၁)ပါးတို့သည် ပေါ်ထွန်းလာကြကုန်၏။

မြတ်စွာဘုရားသည် ရဟန္တာခြောက်ကျိပ်(၆၀)ပါးအား ခေါ်တော်မူပြီးလျှင် ရဟန်းတို့– သင်တို့သည် အစ၊ အလယ်၊ အဆုံး သုံးပါးသော ဂုဏ်တို့နှင့်ပြည့်စုံ၍ အနက်၊ သဒ္ဒါပုဒ်ပါဠိ အက္ခရာတို့နှင့်ပြည့်စုံသော တရားတော်ကို နတ်လူတို့အား ထင်ရှားပြကြကုန်လော့။ ငါသည်လည်း ဤမိဂဒါဝုန်တောမှာ ဆက်၍မနေဘဲ ဥရုဝေလ ကဿပညီနောင် ရှင်တစ်ထောင်တို့ကို ချေချွတ်တရားဟောရန် ဥရုဝေလတောအုပ်ရှိရာသို့သွားပေအံ့ဟု သာသနာပြုစေလွှတ်စကား မိန့်ကြားကာ ဥရုဝေလတောအုပ်သို့ ကြွသွားတော်မူ၏။

မိဂဒါဝုန်နှင့် ဥရုဝေလတောအုပ်တို့အကြားတွင် ကပ္ပါသိကမည်သော တောအုပ် အတွင်းရှိ တစ်ခုသောသစ်ပင်ရင်း၌ မြတ်စွာဘုရားသည် ခေတ္တသီတင်းသုံးနေထိုင်တော်မူစဉ် မိန်းမပျောက်ကို လိုက်လံရှာဖွေနေကြသည့် ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်တို့နှင့်တွေ့တော်မူရာ ကောင်းမြတ်သောတရားဒေသနာတော်ကို အစဉ်အတိုင်းဟောတော်မူ၏။ ထိုအခါ မင်းသားသုံးကျိပ်တို့သည် ကြည်လင်သောစိတ်ရှိတော်မူကြ၍ တရားတော်၏အဆုံးတွင် အရဟတ္တဖိုလ်၌ တည်ကြကုန်၏။ ဤသို့ဖြင့် ဤလောက၌ ရဟန္တာပေါင်း ကိုးကျိပ် (၉၀ ပါး) တို့သည် ပေါ်ပေါက်လာကြကုန်၏။

ထိုမှဆက်လက်၍ မြတ်စွာဘုရားသည် ဥရုဝေလတောအုပ်သို့ ဆက်လက် ကြွချီတော်မူရာ ဂိုဏ်းဆရာကြီးများဖြစ်ကြကုန်သော ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပဟူသော ရသေ့ညီနောင်သုံးဦးတို့အား တရားရေအေးတိုက်ကျွေး၍ ချေချွတ်တော်မူပြန်၏။ ထိုအခါ နောင်တော် ဥရုဝေလကဿပနှင့် တပည့်ငါးရာတို့သည်လည်းကောင်း၊ ညီလတ်နဒီကဿပနှင့် တပည့်သုံးရာတို့သည်လည်းကောင်း၊ ညီငယ် ဂယာကဿပနှင့် တပည့်နှစ်ရာတို့သည်လည်းကောင်း အာသဝေါတရားများကင်းစင်သော ရဟန္တာများ အဖြစ်သို့ ရောက်ကြကုန်၏။ ဤသို့ဖြင့် ဤလောက၌ မြတ်စွာဘုရားအပါအဝင် ရဟန္တာ သံဃာတော်(၁၀၉၁)ပါးတို့သည် ပေါ်ပေါက်လာကြရာ လူနတ်ဗြဟ္မာဝေနေယျသတ္တဝါတို့အတွက် ကိုးကွယ်ဆည်းကပ်ရန် ဗုဒ္ဓရတနာ၊ ဓမ္မရတနာ၊ သံဃာရတနာဟူသော အတိုင်းမသိမွန်မြတ်သည့် ရတနာသုံးပါးသည် ပေါ်ထွန်းလာလေတော့၏။

## ၅၆။ ဓောနေယျရဟန်းအရှင်နာလကထံသည် မြတ်စွာဘုရားထံရောက်လာခြင်း

မြတ်စွာဘုရားသည် ဝါဆိုလပြည့်နေ့တွင် ဓမ္မစကြာတရားတော်ကိုလည်းကောင်း၊ လပြည့်ကျော်(၅)ရက်နေ့တွင် အနတ္တလက္ခဏသုတ္တန်ကိုလည်းကောင်း ဟောကြားတော်မူပြီး နောက် ဝါဆိုလပြည့်ကျော်(၇)ရက်နေ့သို့ ရောက်လာသောအခါ မောနေယျအကျင့်ကို

ကျင့်မည့် နာလကမည်သောရသေ့သည် မြတ်စွာဘုရား၏အထံတော်သို့ ရောက်လာလေ၏။

နာလကရသေ့၏အကြောင်းကား ဤသို့ဖြစ်လေ၏။

နာလကသည် လွန်ခဲ့သည့်(၃၅)နှစ်က အလောင်းတော်နှင့်တွေ့ဆုံခဲ့ရသော ကာလဒေဝိလရသေ့၏တူ ဖြစ်၏။ ကာလဒေဝိလရသေ့သည် အလောင်းတော်မင်းသား၏ လက္ခဏာတော်ကိုကြည့်၍ ဗုဒ္ဓစင်စစ်ကေန်ဖြစ်မည်ကို သိမြင်ခဲ့သည်နှင့်အညီ မိမိ၏တူဖြစ်သူ နာလကရသေ့အား အလောင်းတော်ဘုရားဖြစ်မည့်အချိန်ကို စောင့်ဆိုင်းမျှော်မှန်းလျက် မြတ်စွာဘုရားအထံတော်၌ တရားနာယူရန်မှာကြားခဲ့၏။

နာလကရသေ့လည်း ဘုရားပွင့်မည့်အချိန်ကို စောင့်ဆိုင်းမျှော်လင့်နေစဉ် နတ်များ လာရောက်ပြောကြားသည့်သတင်းစကားကို ကြားသိရလေ၏။ ထိုအခါ မိမိနေရာ ဟိမဝန္တာမှာ မိဂဒါဝုန်တောသို့ ရောက်လာလေ၏။

မြတ်စွာဘုရားသည် "နာလကရသေ့သည် ယနေ့ရောက်လာလိမ့်မည်။ ထိုနာလကရသေ့အား မောနေယျအကျင့်ကို ဟောကြားပေအံ့"ဟု မျှော်လင့်ကာ မြင့်မြတ်သော ဘုရားနေရာ၌ ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူသည်ကို ဖူးမြင်ရလေလျှင် နာလကရသေ့သည် မြတ်စွာဘုရားအား ရိုသေစွာရှိခိုးပြီး "အညာတမေတံ ဝစနံ" အစရှိသော နှစ်ဂါဖြင့် ရွတ်ဆိုလျှောက်ထားလေ၏။

အဓိပ္ပာယ်ကား – ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ကျွန်ုပ်အား လွန်ခဲ့သော (၃၅)နှစ်က ပြောဆိုမှာကြားခဲ့သော ဦးရီးတော်ကာလဒေဝိလရသေ့၏ စကားသည် မှန်ကန်လှပါ၏။ ကျွန်ုပ်သိလိုသောအကြောင်းကို မေးမြန်းလျှောက်ထားလိုပါ၏။ အရှင်ဘုရား– အိမ်ရာမထောင်၊ ရဟန်းဘောင်သို့ ကပ်ရောက်ပြီးနေထိုင်သော ရဟန်း၏ မဂ်ဉာဏ်လေးပါးသို့ရောက်ကြောင်း ကောင်းမြတ်သော အကျင့်ကို ကျွန်ုပ်အား ဟောကြားတော်မူပါဘုရား" ဟူ၍ ဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် အရှင်နာလကအား "မောနေယျံ တေ ဥပညိဿံ" အစရှိသော (၂၃)ဂါထာပါ မောနေယျအကျင့်ကို ဟောတော်မူ၏။ ထို(၂၃)ဂါထာ၏ အဓိပ္ပာယ်လိုချင်းအချုပ်ကား ဤသို့ဖြစ်လေ၏။

၁။ သင်သည် ဆည်းပူးအပ်သောကောင်းမှုကုသိုလ်ရှိသူဖြစ်၍ ကြီးစွာသော ဝီရိယဖြင့် မိမိကိုယ်ကို ကြံ့ခိုင်စွာထားပြီးလျှင် အားထုတ်ပါလော့။

၂။ လူများအပေါ် ချစ်ခြင်း၊ မုန်းခြင်းမရှိ၊ အညီအမျှစိတ်ကိုထားကာ မြို့ရွာနှင့် စပ်သော ကိလေသာအယုတ်တရားများကို ဖယ်ရှားနိုင်ရန် အားထုတ်ပါလော့။

၃။ မီးလျှံပမာ လောင်ကျွမ်းစေတတ်သော၊ ကိလေသာတို့၏ တမန်တော်နှင့်တူသော မိန်းမများ၏ လှည့်ဖြားဆွဲဆောင်ခြင်းမှ လွတ်မြောက်အောင် အားထုတ်ပါလော့။

၄။ ကာမဂုဏ်အာရုံအမျိုးမျိုးကို ရှောင်ကြဉ်ပြီး မမြတ်သော မေထုန်အကျင့်ကို ဝေးစွာရှောင်ရှားနိုင်ရန်အားထုတ်ပါလော့။

၅။ သတ္တဝါတို့အပေါ် ကိုယ်ချင်းစာတရားထား၍ တဏှာမကင်းသေးသော ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်နှင့်တဏှာလောဘကင်းပြီးသော ရဟန္တာတို့ကို ကိုယ်တိုင်သတ်ခြင်း၊ သူတစ်ပါးအားသတ်ရန်စေခိုင်းခြင်းတို့ကို ရှောင်ကြဉ်၍ ပါတိမောက္ခသံဝရ သီလကို မြဲမြံစွာစောင့်ထိန်းပါလော့။

၆။ ပစ္စည်းလေးပါး၌ တွယ်တာကပ်ငြိခြင်းမရှိ အာဇီဝပါရိသုဒ္ဓိသီလကို စောင့်ထိန်းပါလော့။

၇။ အစာအာဟာရ၌ အတိုင်းအရှည်ပမာဏကို သိခြင်းစသော ပစ္စယသန္နိဿိတ သီလကို မြဲမြံစွာ စောင့်ထိန်းပါလော့။

၈။ ဆွမ်းခံလှည့်လည်ခြင်း၊ ဆွမ်းစားခြင်း ကိစ္စပြီးသောအခါ လူတို့နှင့် ရောနှောနေထိုင်ခြင်းမပြုဘဲ တောသို့ဝင်ပြီး သင့်ရာနေရာ၌ ထိုင်ပါလော့။

၉။ ထိုတောအရပ်၌ပင် မဖြစ်သေးသော လောကီဈာန်ကို ဖြစ်စေပြီး ထိုမှတစ်ဖန် သောတာပတ္တိမဂ်စသည်နှင့်ယှဉ်သော လောကုတ္တရာဈာန်ကို ဖြစ်စေပြီးလျှင် မိမိကိုယ်ကို လွန်စွာရွှင်လန်းနှစ်သက်စေလျက် ဈာန်ဝင်စားကာ နေပါလော့။

၁၀။ မိမိတို့အိမ်သို့မပင့်မဖိတ်ဘဲ အိမ်စဉ်လျှောက်၍ ဆွမ်းမခံမီ ရဟန်းရှိရာသို့ လာ၍ ဟင်းခွက်ပေါင်းများစွာဖြင့် လောင်းလှူလာသော အဘိဟာရဆွမ်းမျိုးကို မခံယူဘဲ ရှောင်ကြဉ်ပါလော့။

၁၁။ ရွာအတွင်းသို့ဝင်ရောက်ရသောအခါ ဒါယကာ၊ ဒါယိကာမများနှင့်ရောနှောဆက်ဆံခြင်း၊ ဆွမ်းအာဟာရကို ရရှိဖို့ရန် နိမိတ်ပြသွယ်ဝိုက်သော စကားကို ပြောဆိုခြင်း မပြုမိအောင် စောင့်ထိန်းပါလော့။

၁၂။ ရွာအတွင်းသို့ ဆွမ်းခံဝင်သောအခါ ဆွမ်းရခြင်း၊ မရခြင်းအဲပေါ် မည်သို့မျှ တုံ့ပြန်ခံစားမှုမရှိ၊ သစ်ပင်ကို ချဉ်းကပ်ပြီးလျှင် သစ်သီးရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ မုန်းချစ်မပြုလျစ်လျူပြုလျက် ထိုသစ်ပင်ကို ဖဲခွာသွားသော ယောကျ်ားကဲ့သို့ ကျင့်နိုင်ရန် ကြိုးစားပါလော့။

၁၃။ ရွာတွင်းသို့ ဆွမ်းခံဝင်သောအခါ လှူဒါန်းမှု အနည်းငယ်မျှသာဟူ၍ ကဲ့ရဲ့ ရှုတ်ချခြင်းမပြုဘဲ သူ–အကဲ့သို့နေနိုင်အောင် ကြိုးစားပါလော့။

၁၄။ ဆိုအပ်ပြီးသော ဆွမ်းခံကျင့်ဝတ်နှင့်ပြည့်စုံလျှင် ထိုမျှလောက်ဖြင့် တင်းတိမ်ရောင့်ရဲမှုကိုမပြုဘဲ ထိုထက်သာလွန်မြင့်မြတ်သော ပဋိပတ်အကျင့်ကို ကျင့်ကြံအားထုတ်ပြီးစီးစေရန် ကြိုးစားပါလော့။

၁၅။ ဤသို့သော အကျင့်ပဋိပတ်ဖြင့် အရဟတ္တဖိုလ်သို့ရောက်အောင် ကျင့်ကြံ

အားထုတ်ပြီးသော အကြင်မောနေယျရဟန်းအား ရာဂကြောင့်ဖြစ်သော ပူလောင်မှု၊ ဒေါသကြောင့်ဖြစ်သော ပူလောင်မှုများသည် အနည်းငယ်မျှပင် မရှိတော့ချေ။ မောနေယျအကျင့်ဟူသည် သင်ထင်သည့်အတိုင်း ကျင့်ကြံအားထုတ်ရန် လွယ်ကူသည့်အလုပ်မဟုတ်သောကြောင့် ကြိုးစားပြီး အားထုတ်ပါလော့။

၁၆။ မိစ္ဆာဇီဝနည်းလမ်းဖြင့် ရလာသော ပစ္စည်းလေးပါးတို့ကို မှီဝဲသုံးစွဲခြင်းမပြုဘဲ ဝမ်းရေးအတွက်ရသတဏှာကို ပယ်ခွာစောင့်ရှောက်ပါလော့။

၁၇။ ကိလေသာ၊ တဏှာ ဒိဋ္ဌိတို့ဖြင့် ဘဝကြီးငယ်တို့၌ မမှီတွယ်ဘဲ သုံးပါးသိက္ခာ သာသနာတည်းဟူသော မြတ်သောအကျင့်ကိုသာလျှင် လဲလျောင်းအားထားသူဖြစ်အောင် ကြိုးစားပါလော့။

၁၈။ အဖော်မမှီး တစ်ကိုယ်တည်းသာ ဆိတ်ငြိမ်စွာနေလျက် ရဟန်းတို့ချဉ်းကပ်ရာ (၃၈)ပါးသော ကမ္မဋ္ဌာန်းအာရုံကို အဖန်ဖန်ကြိုးကုတ်အားထုတ်ပါလော့။

၁၉။ သူတော်ကောင်းတို့၏ ကောင်းချီးမြွက်ဖော်ကြွေးကြော်သံကို ကြားရသည်ရှိသော် စိတ်ပြန့်လွင့်ခြင်းမရှိ၊ ပကတိတည်ကြည်လျက် ဤမောနေယျအကျင့်သည် သံသရာမှလွတ်မြောက်ကြောင်း လမ်းကြောင်းအမှန်ဖြစ်သည်ဟု ယုံကြည်လျက် ထိုအကျင့်ကိုသာ အကြိမ်ကြိမ်ပွားများလျက်နေလေလော့။

၂၀။ "ငါသည် မောနေယျအကျင့်ကို ဖြည့်ကျင့်သူဖြစ်၏"ဟု စိတ်တွင် ပြန့်လွင့်တုန်လှုပ်မှုမရှိဘဲ မြစ်ကြီးတို့သည် မလှုပ်မယှက်၊ အသံမထွက်ဘဲ စီးသွားကုန်ကြသကဲ့သို့ မိမိကိုယ်ကို နှိမ့်ချလျက် ဆိတ်ဆိတ်သာလျှင်နေလေလော့။

၂၁။ ၂၂။ ၂၃။ ဤသုံးဂါထာသည် မောနေယျအကျင့်မြတ် ပဋိပတ်နှင့်စပ်သော တရားဒေသနာတော်ကို အဆုံးသတ်ရန် မြတ်စွာဘုရားက ညွှန်ပြဟောကြားခြင်းဖြစ်၏။ သူမိုက်တို့သည် မပြည့်သောအိုးနှင့်တူ၍ စကားကိုအကျိုးရှိ၊ မရှိ ဝေဖန်ဆန်းစစ်ခြင်းပြုဘဲ တဘောင်ဘောင်ပြောတတ်ကြကုန်၏။ ပညာရှိသူတော်ကောင်းတို့မှာမူ ရေပြည့်အိုးနှင့်တူ၏။ စကားကို တဘောင်ဘောင်မပြော။ ဆိုရေးရှိ၍ အကျိုးရှိမှ ပြောတတ်ကြကုန်၏။

မြတ်စွာဘုရားသည် တရားဟောရန်အားထုတ်ရသည်ဖြစ်၍ များစွာသော စကားကို ပြောဟောရကုန်၏။ မြတ်စွာဘုရား၏စကားတော်သည် အနက်သဒ္ဒါနှင့်ပြည့်စုံ၍ အကျိုးစီးပွားနှင့်ယှဉ်၏။ ပြန့်လွင့်ခြင်း တုန်လှုပ်ခြင်းမရှိ။ အသိဉာဏ်ပညာဖြင့် ပိုင်းခြားသိမြင်လျက် ကောင်းမြတ်သောတရားကိုသာလျှင် ဟောကြားခြင်းဖြစ်၏။ အနှစ်မပါသော စကားများကို ပြောဟောနေခြင်းမဟုတ်။ ထိုသို့ ခွဲခြားသိမြင်၍ ဟောကြားအပ်သော

မြတ်စွာဘုရား၏တရားတော်ကို နာကြား၊ လိုက်နာ၊ ကျင့်ကြံကြိုးကုတ်အားထုတ်သော မောနေယျရဟန်းသည် အရဟတ္တဖိုလ်သို့ ဧကန်ရောက်နိုင်၏ဟု အထူးညွှန်ကြားဆုံးမ ဟောကြားခြင်းဖြစ်ပါ၏။

ဤသို့လျှင် အရှင်နာလက မထေရ်သည် ထပ်မံ၍ မြတ်စွာဘုရားအား ဖူးမြင်လို သောဆန္ဒ၊ နောက်တစ်ဖန် တရားနာလိုသောဆန္ဒ၊ နောက်ထပ်တစ်ဖန် မြတ်စွာဘုရား အား မေးမြန်းလျှောက်ထားလိုသောဆန္ဒတည်းဟူသော အလိုနည်းခြင်းသုံးပါးနှင့်ပြည့်စုံ သူဖြစ်၍ တရားကို နာယူပြီးသည်နှင့် တစ်ပြိုင်နက် တောင်ခြေတောရပ်သို့ဝင်၍ မောနေ ယျအကျင့်ကို ကျင့်တော်မူ၏။ ခုနစ်လကြာသောအခါ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

အရှင်နာလကမထေရ်သည် ထိုနေ့မှာပင်လျှင် မိမိ၏အာယုသင်္ခါရကုန်တော့မည်ကို သိမြင်တော်မူရာ ကိုယ်ကို သန့်ရှင်းစင်ကြယ်အောင် ရေချိုးပြီး သင်္ကန်း၊ သင်းပိုင်၊ ခါးပန်း ကြိုးတို့ကို သပ်ရပ်ညီညာစွာ ဝတ်တော်မူပြီးလျှင် မြတ်စွာဘုရားသီတင်းသုံးရာ၊ ရာဇဂြိုဟ် ပြည်ဘက်သို့ မျက်နှာမူလက်အုပ်ချီလျက် ဟင်္ဂုလကမည်သောတောင်ကိုမှီ၍ ရပ်တော်မူ လျက်သာလျှင် ပရိနိဗ္ဗာန်စံဝင်တော်မူလေ၏။

## ၅၇။ မြတ်စွာဘုရား ကပိလဝတ်ပြည်သို့ ကြွချီတော်မူခြင်း

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော် မူစဉ် သုဒ္ဓေါဒနမင်းကြီးသည် အမတ်တစ်ယောက်ကိုခေါ်၍ မြတ်စွာဘုရားအား ကပိလ ဝတ်ပြည်သို့ ကြွရောက်ပါရန် ပင့်လျှောက်ခိုင်း၏။ "အရှင့်ခမည်းတော်သည် အိုမင်းသော အရွယ်သို့ရောက်ပြီဖြစ်၍ မတွေ့မမြင်ရသည်မှာ ကြာပြီဖြစ်သော သားတော်အား ဖူးမြင် လိုသဖြင့် ခမည်းတော်ရှိရာ ကပိလဝတ်ပြည်သို့ ကြွချီတော်မူပါ"ဟူသော စကားကိုလည်း လက်ဆောင်းပါးလိုက်၏။

အမတ်လည်း ယောကျ်ားအခြံအရံတစ်ထောင်နှင့်အတူ ရာဇဂြိုဟ်ပြည်သို့သွားလေ ၏။ ထိုအမတ်သည် မြတ်စွာဘုရားထံသို့ရောက်လေသော် မြတ်စွာဘုရား တရားဟော နိုက်နှင့်ကြုံ၍ ပရိသတ်အစွန်းတစ်နေရာတွင်ထိုင်ပြီး တရားတော်ကိုနာလေရာ ဒေသနာ တော်အဆုံးတွင် အရဟတ္တဖိုလ်သို့ ယောကျ်ားတစ်ထောင်နှင့်အတူရောက်ကြကုန်၏။ ရဟန္တာဖြစ်ပြီးသော အရိယာတို့သည် အလုံးစုံသောကိစ္စတို့၌ လျစ်လျူရှုမြဲဖြစ်ရကား မိမိအား သုဒ္ဓေါဒနမင်းကြီး မှာကြားလိုက်သောစကားကို မြတ်စွာဘုရားအားမလျှောက် ကြားဘဲနေလေ၏။

မင်းကြီးလည်း စေလွှတ်လိုက်သောအမတ်တို့ မပြန်လာသဖြင့် တစ်ဖန် လိမ္မာ သော အခြားအမတ်တစ်ယောက်အား ရှေးနည်းအတူ လွှတ်လိုက်ပြန်၏။ ထိုအမတ်လည်း

မြတ်စွာဘုရားထံသို့ရောက်၍ ရှေးအမတ်ကဲ့သို့ ပရိသတ်နှင့်တကွ ရဟန္တာဖြစ်ကုန်ကြ၍ မြတ်စွာဘုရားအား တစ်စုံတစ်ရာ လျှောက်ထားခြင်းမရှိဘဲ ဆိတ်ဆိတ်သာနေ၏။ သုဒ္ဓေါဒနမင်းကြီးလည်း လိမ္မာသောအမတ်တို့ကို ကိုးကြိမ်တိုင်တိုင် ထပ်ကာထပ်ကာ စေလွှတ်ပါသော်လည်း သတင်းစကားမျှပင် ပြန်လည်မကြားရလေလျှင် ယခုအခါ ငါသည် အဘယ်သူအား စေလွှတ်ရွက်ဆောင်နိုင်အံ့နည်းဟုကြံစည်ကာ စကားပြောဆိုခြင်း၌ လိမ္မာသော ကာဠုဒါယီအမတ်ကို မြင်တော်မူ၏။

ထိုအခါ မင်းကြီးသည် ကာဠုဒါယီအမတ်အား "သင်သည် ငါ့သားဘုရားကို ဖူးမြင်ရအောင် ပင့်ဆောင်နိုင်ပါမည်လော"ဟု မေးလေလျှင် ကာဠုဒါယီက "မြတ်သောမင်းကြီး ကျွန်ုပ်ရဟန်းပြုရပါမူ တတ်နိုင်ပါ၏"ဟု လျှောက်လေ၏။ မင်းကြီးလည်း "ကာဠုဒါယီ၊ သင်ရဟန်းပြုလိုကပြုလေ၊ ငါ့သားဘုရားကိုသာမြင်ရအောင် ပင့်ဆောင်ပါလော့"ဟု ခွင့်ပြုတော်မူသဖြင့် ကာဠုဒါယီသည် အမတ်တစ်ထောင်နှင့်အတူ မြတ်စွာဘုရားထံသို့ရောက်၍ ရှေးအမတ်များနည်းတူ ဧဟိဘိက္ခုရဟန်းချည်း ဖြစ်ကြကုန်၏။

ကာဠုဒါယီသည် ရဟန်းအဖြစ်သို့ရောက်သောအခါ ရှေးအမတ်များကဲ့သို့မဟုတ်မူ၍ မိမိအားမှာကြားသော မင်းကြီး၏စကားကို မြတ်စွာဘုရားအားလျှောက်ထားရန် အချိန်ကို ငံ့လင့်၍နေလေ၏။ ထိုမှ ခုနစ်ရက်၊ ရှစ်ရက်မြောက်လေလျှင် တပေါင်းလပြည့်အခါသမယနှင့် ကြုံကြိုက်သဖြင့် တပေါင်းလ၏ သာယာတင့်တယ်ပုံကို ဂါထာခြောက်ဆယ်တို့ဖြင့် ချီးမွမ်းလျက် သုဒ္ဓေါဒနမင်းကြီး၏ သတင်းစကားကို မြတ်စွာဘုရားအား လျှောက်ထား၍ ဆွေတော်မျိုးတော်တို့အား ချီးမြှောက်ခြင်းငှာ ကပိလဝတ်ပြည်သို့ ကြွချီတော်မူပါမည့်အကြောင်း လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် သုဒ္ဓေါဒနမင်းကြီး၏ ပင့်လျှောက်ချက်ကို လက်ခံတော်မူ၍ မဂဓတိုင်းသား သံဃာတစ်သောင်း၊ ကပိလဝတ် မြို့သားသံဃာတစ်သောင်း၊ ပေါင်း သံဃာတော်နှစ်သောင်းနှင့်အတူ တပေါင်းလပြည့်ကျော်(၁)ရက်နေ့မှာပင် ရာဇဂြိုဟ်ပြည်မှစတင်ထွက်ကြွတော်မူ၏။

ယင်းသို့မြတ်စွာဘုရားကြွတော်မူလျှင် ကာဠုဒါယီမထေရ်သည် သုဒ္ဓေါဒနမင်းကြီး ထံ ကောင်းကင်ခရီးဖြင့် ကြွသွား၍ သတင်းပို့လေ၏။ မြတ်စွာဘုရားသည် ယူဇနာခြောက်ဆယ်ဝေးကွာသောခရီးကို တစ်နေ့လျှင် တစ်ယူဇနာကြွ၍ နှစ်လကြာသောအခါမှ ကပိလဝတ်ပြည်သို့ ရောက်လေ၏။

မြတ်စွာဘုရားကြွချီလာတော်မူမည့်အကြောင်း ကြိုတင်သတင်းရထားသော သုဒ္ဓေါဒနမင်းကြီးနှင့် ဆွေတော်မျိုးတော်အပေါင်းတို့သည် မြတ်စွာဘုရားနှင့်သံဃာတော်များသီတင်းသုံးနေထိုင်ရန် မွေ့လျော်ဖွယ်အရပ်၌ နိဂြောဓာရုံကျောင်းကို ဆောက်လုပ်လှူဒါန်းကြရာ မြတ်စွာဘုရားအမှူးရှိသော သံဃာတော်တို့သည် ထိုကျောင်း၌ သီတင်းသုံးနေတော်မူ၏။

မြတ်စွာဘုရားအား တွေ့မြင်ကြိုဆိုနေကြသော သာကီဝင်မင်းသားတို့သည် "ဤသိဒ္ဓတ္ထမင်းသားကား ငါတို့တူ၊ ငါတို့ညီ၊ ငါတို့သားအရွယ်သာဖြစ်၏။ ငါတို့အောက်ငယ်စွာ၏။ ငါတို့ရှိခိုးရန် မထိုက်"ဟု မာန်မာနဝင့်ကြွားကုန်သည်ဖြစ်၍ ငယ်သူများကိုသာ ရှေ့တင်၍သွားစေပြီး မိမိတို့မှာ ရှိမခိုးဘဲ နောက်နား၌သာ ထိုင်နေကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဆွေတော်မျိုးတော်တို့၏ မာန်မာနကိုချိုးနှိမ်လိုသဖြင့် စံတော်မူရာ ပလ္လင်ထက်၌ စတုတ္ထဈာန်ကိုဝင်စားတော်မူ၍ ကောင်းကင်ထက်သို့တက်ပြီးသော် မီးရေအစုံ တန်ခိုးပြာဋိဟာကိုပြတော်မူကာ မြတ်စွာဘုရား၏ ခြေဖဝါးတော်မှ ခြေမှုန့်တို့သည် သာကီဝင်အပေါင်းတို့၏ ဦးခေါင်းထက်သို့ကျကုန်၏။ အံ့ဖွယ်သူရဲထူးကဲသော ယမိုက်ပြာဋိဟာကိုမြင်ကြရလေလျှင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် မြတ်စွာဘုရား၏ခြေတော်ကိုဦးတိုက်၍ "သားတော်မြတ်စွာဘုရား၊ ဤအခါကား ဘခင်၏ တတိယအကြိမ်မြောက် လက်အုပ်ချီမိုးရှိခိုးခြင်းပါတည်း"ဟု လျှောက်ကြားကာ ရှိခိုးလေ၏။ ခမည်းတော်၏ ရှိခိုးခြင်းကို တွေ့မြင်ကြကုန်သော ဆွေတော်မျိုးတော်သာကီဝင်မင်းတို့သည်လည်း မာန်မာနများချကာ ဦးနှိမ်ရှိခိုးကြကုန်၏။

ထိုအချိန်တွင် ကောင်းကင်ထက်မှ ပေါက္ခရဝဿခေါ် မိုးကြီးသည်ရွာချလေ၏။ ထိုမိုးကား အချို့သောသူအားသာ စိုစွတ်ကုန်၏။ အချို့ကိုကား မစိုစွတ်ကုန်။ ပရိသတ်တို့လည်း ထိုအကြောင်းကို အံ့သြစွာပြောဆိုနေကြရာ မြတ်စွာဘုရားသည် ဤပေါက္ခရမိုးသည် ယခု ဤတစ်ကြိမ်၌သာရွာသည်မဟုတ်၊ လွန်လေပြီးသော နှစ်ပေါင်းခုနစ်ကုဋေခြောက်သန်းကျော်ကာလ၊ ဝေဿန္တရာမင်းဖြစ်စဉ်ကပင် ရွာသွန်းခဲ့ဖူးပြီဖြစ်ကြောင်း မြွက်ကြားပြီး ဂါထာတစ်ထောင်တို့ဖြင့် စီခြယ်အပ်သော ဝေဿန္တရာဇာတ်တော်ကြီးကို ဟောကြားတော်မူ၏။ အချိန်ကား မဟာသက္ကရာဇ် ၁၀၅–ခု၊ ကဆုန်လပြည့်ကျော် အင်္ဂါနေ့ ညချမ်းကာလတွင် ဖြစ်လေ၏။

မြတ်စွာဘုရားသည် ထိုညလွန်၍ မိုးသောက်လေသော် ရှေးလွန်လေပြီးသော နောင်တော်ဘုရားတို့သည် ဖွားတော်မူရာပြည်သို့ကြွတော်မူလျှင် ဆွမ်းခံ၍ ဘုန်းပေးမြဲဖြစ်သော ဓမ္မတာတော်ကို ဆင်ခြင်မိသည်ဖြစ်၍ ထိုနေ့နံနက်တွင် သံဃာတော်နှစ်သောင်းနှင့်အတူ မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူ၏။ ထိုသို့မြတ်စွာဘုရား ဆွမ်းခံဝင်လာကြောင်းကို ကြိုတင်သိနှင့်ပြီးသော ယသောဓရာမိဖုရားသည် "ခါတိုင်းဆိုလျှင် မောင်တော်မင်းသားသည် သိကြားမင်း၏အသရေကဲ့သို့ ရွှေထမ်းစင်နှင့်အစဉ်သွားမြဲဖြစ်ပါလျက် ယခုကဲ့သို့ ခွက်လက်စွဲ၍ ဆွမ်းခံလာသည်မှာ တင့်တယ်ပါ၏လော"ဟု နန်းပြတင်းကိုဖွင့်၍ မျှော်ကြည့်သောအခါ "ရောင်ခြည်တော် ခြောက်သွယ်တို့သည် ကိုယ်တော်မှ ပြိုးပြိုးပြက်ပြက်ထွက်၍ သင်းကျစ်တော်မှ ဘဝါးတိုင်အောင် ရှုမရဲ ကြည့်မဝနိုင်လောက်သော ဘုရား၏ အသရေတော်ကိုမြင်တွေ့လိုက်ရသည်တွင် လွမ်းမောကြည်ညွတ် မြတ်နိုးလှသော ပရိဒေဝမီးသည် လောင်၍လာလေ၏။ ထို့နောက်တွင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးထံသွား၍ "အရှင့်သားသည် မိဘသားမယားများကိုမျှ အားမနာ၊ အိမ်တကာလှည့်၍ စားစရာကိုတောင်းခံနေသည်မှာ ကောင်းလေသလော"ဟု လျှောက်ထားလေ၏။

သုဒ္ဓေါဒနမင်းကြီးလည်း ထိုစကားကိုကြား၍ တုန်ရင်ထိတ်လန့်သောနှလုံးရှိတော်မူ၍ ချက်ချင်းပင် နန်းထက်မှဆင်းသက်ကာ မြတ်စွာဘုရားအား "အရှင်ဘုရား၊ အဘယ်ကြောင့် ကျွန်ုပ်အား အရှက်ခွဲပါသနည်း။ ဤနှစ်သောင်းမျှသော သံဃာတော်တို့ကို တကာတော်မကျွေးနိုင်ဟုထင်ပါသလော"ဟု လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားသည် "ခမည်းတော်မင်းကြီး၊ ဤသို့ဆွမ်းခံခြင်းသည် ငါတို့အနွယ်အဆက်ဆက်၏ ပြုမြဲဓမ္မတာပေတည်း"ဟု ရပ်လျက်ပင် မိန့်ကြားတော်မူရာ ထိုဂါထာတော်၏အဆုံးတွင် မင်းကြီးသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ မင်းကြီးလည်း သပိတ်တော်ကိုလှမ်းယူ၍ နန်းထက်သို့ ပင့်ဆောင်သွားရာ မြတ်စွာဘုရားသည် နန်းဆောင်တွင်းရှိ ရာဇပလ္လင်ထက်သို့တက်၍ ထိုင်နေတော်မူပြီးလျှင်–

"ဓမ္မဉ္စရေသုစရိတံ၊ နနံဒုစ္စရိတံစရေ"အစရှိသော ဂါထာတော်ကို ဟောတော်မူရာ မင်းကြီးသည် သကဒါဂါမိဖိုလ်သို့ရောက်လေ၏။ အနီးရှိ မိထွေးတော်ဂေါတမီသည်လည်း သောတာပတ္တိဖိုလ်၌ တည်လေ၏။

မြတ်စွာဘုရားသည် ဘခင်မင်းကြီး လှူဒါန်းကျွေးမွေးအပ်သော ဆွမ်းကိုလက်ခံဘုန်းပေးတော်မူပြီးသောအခါ နန်းတွင်းရှိ မောင်းမမိသံ ခြွေရံသင်းပင်းတို့သည် မြတ်စွာဘုရား၏ရှေ့တော်မှောက်သို့ ရောက်လာကြကုန်သော်လည်း ယသောဓရာမိဖုရားကား ထွက်လာခြင်းမရှိသဖြင့် အခြွေအရံတို့က "သခင်မ– သခင်မ၏ မောင်တော်ဘုရားသည် ယခုအခါ နန်းမဆောင်ထက်သို့ကြွရောက်လာကာ ယခုအခါ ဆွမ်းဘုန်းပြီးလေပြီ။ သခင်မကိုယ်တိုင်ထွက်ကြွ၍ ဦးတင်ပူဇော်ဖူးမြော်ပါလော့"ဟု တိုက်တွန်းလျှောက်ထားကြကုန်၏။ ထိုအခါ ယသောဓရာမိဖုရားက "အကယ်၍ ကျွန်ုပ်ကျေးဇူးရှိသည်ကို ထောက်မြော်စာနာ၍ သနားတော်မူလျှင် ကိုယ်တော်တိုင် ဤအဆောင်သို့ ကြွလာပါအံ့"ဟု မိန့်ကြားသည်ဖြစ်၍ အခြွေအရံတို့လည်း မြတ်စွာဘုရားထံသွား၍ ထိုအကြောင်းကို လျှောက်ထားကြကုန်၏။

ထိုအကြောင်းကို သိတော်မူသဖြင့် မြတ်စွာဘုရားသည် နှစ်ဦးသော အဂ္ဂသာဝကတို့နှင့်အတူ ယသောဓရာတိုက်ခန်းသို့ဝင်တော်မူရာ "ယနေ့ ယသောဓရာမင်းသမီးအား အလိုရှိတိုင်းရှိခိုးစေ၊ မတားဆိုကြလင့်"ဟု မိန့်တော်မူ၍ ခင်းထားအပ်သော ရတနာသလွန်ထက်၌ စံနေတော်မူ၏။ ထိုအခါ ယသောဓရာသည် ပင်ပန်းကြီးစွာလာလတ်၍ မြတ်စွာဘုရား၏ ခြေဖမျက်တော်ကို လက်ဖြင့်ပိုက်ထွေးလျက် ဖမိုးတော်ထက်၌ မျက်နှာကိုထား၍ ဖဝါးတော်မြတ်ကိုခြင်းရာစကားတစ်ခွန်းမျှမဆို အားရပါးရ နမ်းရှုံ့လေ၏။ မျက်ရည်တို့သည်လည်း မဆည်နိုင် မတန့်နိုင် ဖြိုင်ဖြိုင်စီးလျက် ရှိုက်ကြီးတငင်၊ ပန်းပင်လှိုက်ဖို၊ ငိုယိုကာ ဆံပင်ပါးတို့ဖြင့် ပွတ်သပ်၍ အထပ်ထပ်ရှိခိုးလေ၏။

ဤသို့သော နှလုံးကွဲမျှ ဆို့နင့်ကြေကွဲဖွယ် မြင်ကွင်းကိုမြင်ရသောအခါ ယောက္ခမခမည်းတော်မင်းကြီးက ဤသို့ဝင်ရောက်ကာ မြတ်စွာဘုရားအားလျှောက်ထားလေ၏။

"အရှင်ဘုရား–ကျွန်ုပ်၏ သမီးတော်သည် သားကြီးဘုရားအား ဤမျှပင် မြတ်နိုးနှစ်သက်လေးမြတ်ပါပေသည်။ သားကြီးဘုရား တောရပ်မှီရန် ထွက်သွား၍ ဤနန်းဆောင်ထဲ၌ မရှိတော့သော်လည်း ရှိတော်မူစဉ်ကကဲ့သို့ပင် ပြုမြဲဝတ်ကို မချွတ်ယွင်းစေဘဲ နေ့စဉ် ညတိုင်းပြု၍နေပါသည်။ သားဘုရားသည် တောအရပ်၌ ဖန်ရည်စွန်းသော အဝတ်ကိုဝတ်ပြီဟုကြားသည့်အချိန်မှစ၍ ဖန်ရည်စွန်းသော အဝတ်ကိုသာဝတ်ပါသည်။ သားဘုရားသည် တစ်နေ့တွင် တစ်ထပ်တည်းသာစားသည်ဟု ကြားရချိန်မှစပြီး တစ်ထပ်တည်းသာ စားပါသည်။ သားဘုရားသည် မြတ်သောအခင်းနေရာကို ပယ်သည်ဟုကြားသည်မှစ၍ နိမ့်သောညောင်စောင်း၌သာ အိပ်ပါသည်။ သားဘုရားသည် ပန်းနံ့သာအမွှေးအထုံတို့ကို ပယ်၍နေသည်ဟု ကြားသည်မှစ၍ အမွှေးအထုံ၊ ပန်းနံ့သာတို့ကို မြတ်နိုးခုံမင်ခြင်းမရှိ ပကတိရိုးရိုးမျှသာနေပါသည်။ အခြားတစ်ပါးသော ဆွေမျိုးမင်းသားတို့က ကြင်နာလေးမြတ်စွာ မွေးမြူပါအံ့ဟု သတင်းစကားပါးကြသော်လည်း တစ်ယောက်ကိုမျှ ပြန်၍ မကြည့်၊ သားဘုရားအပေါ်၌ ဤမျှ သစ္စာစောင့်သိပါပေသည်။"

ဤသို့ ခမည်းတော်မင်းကြီးက ချွေးမတော်ယသော်ဓရာ၏ ဂုဏ်ကျေးဇူးများကို ချီးကျူးလျှောက်ထားလေသော် မြတ်စွာဘုရားသည် "ယသော်ဓရာသည် ယခုဘဝမှာသာ မဟုတ်သေး၊ ရှေးအခါ ဟိမဝန္တာ၌ စန္ဒကိန္နရီဖြစ်သော ဘဝ၌ပင်လျှင် ငါဘုရားအား လေးမြတ်ကြင်နာဖူးလေပြီ"ဟု မိန့်ကြားကာ စန္ဒကိန္နရီဇာတ်ကို ဟောကြားတော်မူ၏။

မြတ်စွာဘုရား ကပိလဝတ်ပြည်သို့ ဒေသစာရီ ကြွချီတော်မူစဉ် ဆွေတော်မျိုးတော်နှင့် ပရိသတ်တို့အား ဝေဿန္တရာဇာတ်တော်ကိုလည်းကောင်း၊ မဟာဓမ္မပါလဇာတ်တော်ကိုလည်းကောင်း၊ စန္ဒကိန္နရီဇာတ်ကိုလည်းကောင်း၊ အရှင်သာရိပုတ္တရာမထေရ်မြတ်၏ လျှောက်ထားတောင်းပန်ချက်အရ မဟာဗုဒ္ဓဝင်ကိုလည်းကောင်း ဟောကြားတော်မူ၏။

## ၅၈။ ၄၅–ဝါကာလဝတ်လုံး လူနတ်ဗြဟ္မာသတ္တဝါတို့အား ကယ်မချေချွတ်တော်မူခြင်း

မြတ်ဗုဒ္ဓသည် ဘုရားဖြစ်တော်မူရန်အလို့ငှာ ပါရမီတော်များကို စတင်ကျင့်တော်မူစဉ်ကပင် လောကတ္ထစရိယ၊ ဉာတတ္ထစရိယ၊ ဗုဒ္ဓတ္ထစရိယ ဟူသော စရိယသုံးသွယ်ကို ချမှတ်ကာ ဖြည့်ကျင့်တော်မူခဲ့၏။ လူနတ်ဗြဟ္မာသတ္တဝါတို့ အကျိုးကို ပထမဦးစွာထားရှိ၍ မိမိကိုယ်တိုင် ဘုရားဖြစ်တော်မူရေးကို နောက်တွင်ထားရှိခဲ့သည်ကို ထောက်လျှင် မြတ်ဗုဒ္ဓ၏ လူနတ်ဗြဟ္မာသတ္တဝါတို့အား ကယ်မချေချွတ်တော်မူလိုသော ဆန္ဒတော်သည် မည်မျှပြင်းပြထက်သန်တော်မူကြောင်း သိရှိနိုင်ပါ၏။

ထို့ကြောင့် မြတ်ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ကို ရတော်မူ၍ ဘုရားစင်စစ်ဖြစ်တော်မူသည့်အချိန်မှစ၍ ပရိနိဗ္ဗာန်စံတော်မူခါနီး အချိန်ထိ ပဉ္စဝဂ္ဂီရဟန်းငါးဦးအစ သုဘဒ္ဒ ပရဗိုဇ်ရဟန်းကြီးအဆုံး ကြီးမားသော မဟာကရုဏာတော်ကြီးဖြင့် နေ့မအားညမနား ကယ်မချွေချွတ်တော်မူခဲ့၏။ ဤသို့ (၄၅)ဝါသော ကာလပတ်လုံး ဝေနေယျသတ္တဝါအကျိုးကို ရွတ်ဆောင်တော်မူနိုင်ခဲ့သော မြတ်ဗုဒ္ဓ၏မဟာကရုဏာတော်၊ ဆန္ဒတော်၊ လုံ့လဝီရိယတော်တို့သည် မည်မျှကြီးမားတော်မူကြောင်း သိရှိကြည်ညိုနိုင်ကြပါ၏။

မြတ်ဗုဒ္ဓသည် ဘုရားမဖြစ်မီကာလဘဝများစွာကပင်လျှင် အများသတ္တဝါ အကျိုးဆောင်ရွက်လိုသော ဆန္ဒသည်ပြင်းပြ ထက်သန်ခဲ့သည်မဟုတ်။ မိမိကိုယ်တိုင်ဘုရားအဖြစ်သို့ ရောက်တော်မူလာသောအခါ ထိုဆန္ဒတော်သည် လွန်စွာထက်သန်ပြင်းပြလာရကား တပည့်သာဝကရဟန်းတို့ကိုပါ ဝေနေယျသတ္တဝါတို့အား အရပ်တကာလှည့်လည်၍ တရားဟောကြားကယ်မချွေချွတ်ကြရန် အလေးအနက်တိုက်တွန်းတော်မူခဲ့၏။

တစ်နေ့သောအခါ မြတ်ဗုဒ္ဓသည် အရှင်ကောဏ္ဍညဦးဆောင်သော ရဟန္တာခြောက်ကျိပ်တို့အား ခေါ်တော်မူပြီးလျှင် ဤသို့ညွှန်ကြားမိန့်မှာတော်မူ၏။

"ရဟန်းတို့–သင်တို့သည် မြောက်မြားလှစွာသော လူနတ်ဗြဟ္မာသတ္တဝါတို့၏ လောကီ၊ လောကုတ္တရာချမ်းသာစီးပွား ကောင်းကျိုးတရားဖြစ်ပွားရန် အရပ်မျက်နှာဒေသစာရီ လှည့်လည်သောအားဖြင့် တစ်နေ့လျှင် တစ်ယူဇနာအလွန်ဆုံးထား၍ သွားကြကုန်လော့။ လမ်းတစ်ကြောင်း၌ ရဟန်းနှစ်ပါးပေါင်း၍ မသွားကြကုန်လင့်။

ရဟန်းတို့– သင်တို့သည် အစ၊ အလယ်၊ အဆုံး သုံးပါးအစုံကောင်းခြင်းဂုဏ်နှင့်ပြည့်စုံလျက် အနက်နှင့်လည်းပြည့်စုံ၊ သဒ္ဒါပုဒ်ပါဠိအက္ခရာနှင့်လည်း ပြည့်စုံသောတရားကိုဟောကြားကြကုန်လော့။ အပိုအလိုမရှိ၊ ထက်ဝန်းကျင်ပြည့်စုံသော၊ ဒုစရိုက်အညစ်အကြေးမှ ကင်းဝေးစင်ကြယ်သော သီလ၊ သမာဓိ၊ ပညာ သုံးပါးသိက္ခာ သာသနာတည်းဟူသော မြတ်သောအကျင့်ကို နတ်လူတို့အား ထင်ရှားပြကြကုန်လော့။

ရဟန်းတို့– ငါသည်လည်း ဤမိဂဒါဝုန်တောမှာပင် အလုပ်အကြွေးဒါယကာတို့၏ ပစ္စည်းလေးပါးဖြင့် အပြုအစုကိုခံယူကာ နေလိမ့်မည်မဟုတ်။ ရသေ့ညီနောင်ရှင်တစ်ထောင်တို့ကို ချွေချွတ်တရားဟောရန် ဥရုဝေလတောအုပ်ရှိရာ သေနနိဂုံးသို့သွားပေအံ့"

ဤမိန့်မှာချက်ကိုကြည့်လျှင် မြတ်ဗုဒ္ဓ၏ လူနတ်ဗြဟ္မာသတ္တဝါတို့အား ကယ်မချွေချွတ်တော်မူလိုသော ဆန္ဒတော်သည် မည်မျှကြီးမားတော်မူကြောင်းကို သိသာနိုင်ပါ၏။ ထို့ကြောင့် မဟာကရုဏာရှင်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ၄၅–ဝါသော ကာလပတ်လုံးလှည့်လည်ကာ လူနတ်ဗြဟ္မာတို့၏ အကျိုးစီးပွားအလို့ငှာ တရားရေအေးတိုက်ကျွေးလျက် ကယ်မချွေချွတ်တော်မူခြင်းဖြစ်၏။

မြတ်ဗုဒ္ဓသည် အနာထပိဏ်သူဌေး၊ ဝိသာခါကျောင်းအစ်မကြီး၊ ဗိမ္ဗိသာရမင်းကြီးစသော ဒါယကာများ ဆောက်လုပ်လှူဒါန်းအပ်သော ကျောင်းတော်ကြီးများ၌သာ

သီတင်းသုံးနေထိုင်တော်ခြင်းမရှိဘဲ အခြားတစ်ပါးသော ဒေသသို့ကြွရောက်ကာ သီတင်းသုံးနေထိုင်တော်မူခဲ့၏။ ၄၅–ဝါအတွင်း အများဆုံးသီတင်းသုံးတော်မူခဲ့သော ကျောင်းတော်များမှာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကြီးတွင် (၁၉)ဝါ၊ ပုဗ္ဗာရုံကျောင်းတော်တွင် (၅)ဝါ၊ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်တွင် (၅)ဝါ တိုင်တိုင် သီတင်းသုံးတော်မူခဲ့ပြီး ကျန်သော (၁၆)ဝါကို မိဂဒါဝုန်တော၊ စာလိယတောင်၊ ပါလိလေယျကတောအုပ်၌ ပလလည်းဆင်မင်း၏ အလုပ်အကျွေးကိုခံယူလျက် အင်ကြင်းပင်ရင်း၊ အင်္ဂါသယဇနပုဒ်၊ ဝေဠုဝရွာ၊ တာဝတိံသာနတ်ပြည် စသည့်အရပ်တို့တွင် သီတင်းသုံးနေထိုင်တော်မူခဲ့၏။ ၄၅–ဝါမြောက် နောက်ဆုံးဝါကို ဝေဠုဝရွာ၌ သီတင်းသုံးတော်မူခဲ့၏။

မြတ်ဗုဒ္ဓသည် ဤ ၄၅–ဝါသော ကာလပတ်လုံး ထိုကျောင်းတော်၊ တော၊ တောင်၊ ဇနပုဒ်၊ ရွာ၊ သစ်ပင်ရင်းတို့၌ သီတင်းသုံးနေထိုင်လျက် လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းအား တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးတော်မူကာ အချို့ကို သောတာပတ္တိဖိုလ် အချို့ကို သကဒါဂါမိဖိုလ်၊ အချို့ကို အနာဂါမိဖိုလ်၊ အချို့ကို အရဟတ္တဖိုလ်သို့ ဆိုက်ရောက်စေပြီး အို၊ နာ၊ သေဘေး သံသရာဝဋ်ဆင်းရဲအတွင်းမှ ကယ်မထုတ်ဆောင်တော်မူခဲ့၏။ ထိုစဉ်ကာလအတွင်း သုတ္တန်ဒေသနာတော်၊ ဝိနည်း၊ ဒေသနာတော်၊ အဘိဓမ္မာဒေသနာတော်များကို ဟောကြားတော်မူခဲ့ရာ ထိုတရားတော်များကို တပည့်သာဝက ရဟန်းတို့သည် အလေးအမြတ်မှတ်သားနာယူကာ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ ဟူသော သာသနာတော်သုံးရပ်၏ အခြေခံအုတ်မြစ်ကို ခိုင်ခံ့မြဲမြံစွာချမှတ်တော်မူခဲ့၏။

ကြီးမားသော လုံ့လရှိတော်မူသော မြတ်ဗုဒ္ဓသည် နေ့တွင်သာမက ညအချိန်၌ပင်လျှင် သတ္တဝါတို့အား တရားဒေသနာများကို ဟောကြားတော်မူလေ့ရှိရာ လဲလျောင်း၊ နားနေရသော အချိန်သည်နည်းပါးလှ၏။ ညဦးယံတွင် လူပုဂ္ဂိုလ်များ၊ သန်းခေါင်ယံတွင် နတ်များ၊ မိုးသောက်ယံတွင် ဗြဟ္မာများကို အကြောင်းအားလျော်စွာ ဆုံးမဟောကြားတော်မူပြီး ကိုယ်တော်တိုင်မူကား မိုးသောက်ယံ၌ ခဏသာလျှင် လဲလျောင်းနားနေတော်မူ၏။

မြတ်ဗုဒ္ဓသည် သတ္တဝါတို့အား ချေချွတ်ရန်တရားဟောရာ၌ ကိုယ်တော်တိုင်ကြွသွား၍လည်းကောင်း၊ ဂန္ဓကုဋိတိုက်တော်အတွင်း၌နေလျက်ပင် အဓိဋ္ဌာန်ဖြင့် ရောင်ခြည်တော်လွှတ်၍ နိမ္မိတရုပ်ပွားတော်ကြွရောက်ကာ ဟောကြားတော်မူလေ့ရှိသည် သာမက တစ်ခါတစ်ရံ ဆွမ်းခံဝင်နေစဉ် အချိန်၌ပင် ဟောကြားတော်မူ၏။ တစ်ခါတစ်ရံတွင်မူ ချေချွတ်တော်မူမည့် ပုဂ္ဂိုလ်လာရာ ခရီးလမ်းခုလတ်ရှိ သစ်ပင်ရင်း၌ တစ်ပါးတည်းထိုင်ကာ စောင့်ဆိုင်းတော်မူလေ့ရှိ၏။

ချေချွတ်ဟောကြားတော်မူရာ၌လည်း ထိုပုဂ္ဂိုလ်၏ပါရမီခံအနအရင့်ကိုလိုက်၍ စရိုက်နှင့်လျော်ညီစွာ ဟောတော်မူလေ့ရှိရာ ရန်သူများရှိရာနေရာ၊ ကွဲရဲ့ရှုတ်ချရန်စောင့်ဆိုင်းနေကြသည့်နေရာ၊ အချင်းချင်းပစ်ခတ်သတ်ပုတ်ကာ သွေးချောင်းစီးရတော့မည့် ရန်ပွဲရှိသည့်နေရာ တို့ကိုပင် အပင်ပန်းခံတော်မူလျက် တစ်ပါးတည်းကြွသွားတတ်ပါ၏။

ဟောကြားချေချွတ်တော်မူခဲ့သော ပုဂ္ဂိုလ်များမှာ စုံလှ၏။ နာဠာဂီရိဆင်၊ နန္ဒောပနန္ဒနဂါးမင်း၊ အာဠာဝကဘီလူး၊ အင်္ဂုလိမာလ၊ စိဉ္စမာနစသော လူပုဂ္ဂိုလ်များ၊ ဗကဗြဟ္မာစသည်တို့အား ကြီးမားသော မေတ္တာတော်၊ ကရုဏာတော်၊ တန်ခိုးတော်တို့ဖြင့် ဆုံးမတော်မူခဲ့၏။

ထို့မျှသာမက နေ့စဉ်စုဝေးမြဲဖြစ်သော ရဟန်းများ၏ ဓမ္မသဘင်အစည်းအဝေးနှင့် ရဟန်းတော်တစ်ပါးစီကို အကြောင်းပြုပြီး ဝိနည်းသိက္ခာပုဒ်များ ပညတ်ခြင်း၊ ဆုံးမလမ်းညွှန်ခြင်း၊ အတိတ်ကိုဆောင်၍ ဟောကြားခြင်းတို့ကိုလည်း ကြွရောက်ချီးမြှင့်တော်မူ၏။ သွန်သင်ဆုံးမဟောကြားရာ၌ ရောင့်ရဲနိုင်ခြင်းမရှိသည့်အလျောက် နောက်ဆုံးအချိန် ပရိနိဗ္ဗာန် စံဝင်အံ့ဆဲဆဲ၌ပင် သုဘဒ္ဒပရိဗိုဇ်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို လက်ခံတွေ့ဆုံကာ တရားဟောချေချွတ်တော်မူခဲ့သည်ကိုကြည့်လျှင် မြတ်ဗုဒ္ဓ၏ကရုဏာတော်၊ မေတ္တာတော်၊ ဝီရိယတော်တို့သည် မည်မျှကြီးမားကြောင်း သတိပြုနိုင်ကြပါ၏။

ဤသို့မြတ်ဗုဒ္ဓသည် ဘုရားအဖြစ်သို့ရောက်မူသည့်အချိန်မှစ၍ ပရိနိဗ္ဗာန်စံဝင်တော်မူသည့်နေ့တိုင်အောင် (၄၅)ဝါကာလပတ်လုံး မနားမနေ ကြိုးမားသောလုံ့လတော်ဖြင့် သတ္တဝါတို့အား သံသရာရေအလျဉ်ကြောမှ ကယ်ဆယ်ထုတ်ဆောင်တော်မူခြင်းနှင့် အတူ သာသနာတော်အရှည် တည်တံ့ခိုင်မြဲရေးအတွက် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များကို ဟောကြားကာ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓခေါ်သော သာသနာတော်သုံးရပ်၏ အခြေခံကိုချမှတ်တော်မူခြင်းတို့ဖြင့် လူနတ်ဗြဟ္မာ သတ္တဝါတို့၏အကျိုးကို ရွက်ဆောင်တော်မူခဲ့၏။

၄၅–ဝါသော ကာလပတ်လုံး ကြိုးစားအားထုတ်ကာ မနေမနားတည်ဆောက်ခဲ့ရသော မြတ်ဗုဒ္ဓ၏သာသနာတော်ကြီးသည် အလိုရှိတော်မူသည့်အတိုင်း ပြီးမြောက်အောင်မြင်တော်မူခဲ့ပြီဖြစ်ကြောင်းကို မြတ်စွာဘုရားကိုယ်တော်တိုင် ရဟန်းတို့အား မိန့်ကြားတော်မူခဲ့သော ဩဝါဒအရ သိရှိနိုင်ပါ၏။

"ချစ်သားရဟန်းတို့– ငါဘုရားသည် သင်တို့၏အကျိုးစီးပွားအလို့ငှာ သုတ်၊ ဝိနည်း အဘိဓမ္မာတည်းဟူသော သာသနာကိုကောင်းစွာထားအပ်ပြီ။ ထိုတရားတို့ကို သင်တို့မြဲမြဲစွာသင်ကြား၍ အဖန်တလဲလဲ ပွားများကြလေကုန်။ ဤသို့ပွားများကြသော် ငါဘုရားသာသနာတော်သည် ရှည်မြင့်စွာ ထွန်းပ၍ သိဿာနုသိဿပရမ္ပရ လူနတ်အများတို့သည် အကျိုးစီးပွားများခြင်းငှာ ဖြစ်လေရာ၏။ သာသနာတော်၏ ကာလအရှည်တည်ထွန်းပေရာသော အကြောင်းတရားကား သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး ဤတရားအစုပင်တည်း။ ထိုတရားတို့ကိုလည်း အထူးထူးသော ပရိယာယ်အားဖြင့် သင်တို့အားဟောကြားအပ်ပြီ။ ဤတရားတို့ကို အဖန်တလဲလဲ နှလုံးသွင်းကာ သင်္ခါရတရားတို့၏ ကုန်တတ်ပျက်တတ်သော သဘောကိုရှုကြကုန်လော့။ ငါဘုရားသည် ဤလမှနောက်သုံးလမြောက်လွန်သဖြင့် ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့."

ဤသို့ဖြင့် ဗုဒ္ဓရတနာဟူသော မြတ်ဗုဒ္ဓသည် ၄၅-ဝါသော ကာလပတ်လုံးကြီးမားသော ကရုဏာတော်၊ လုံ့လတော်တို့ဖြင့် လူနတ်ဗြဟ္မာသတ္တဝါတို့အကျိုးငှာ တရားရေအေး တိုက်ကျွေးတော်မူလျက် သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူသော ပိဋကသုံးပုံ ဓမ္မရတနာကိုလည်းကောင်း၊ စောင့်ထိန်းအပ်သည့် ဝိနည်းသိက္ခာပုဒ်များနှင့်တကွ ကျစ်လျစ်ခိုင်မာသော သံဃာရတနာကိုလည်းကောင်း၊ လူနတ်ဗြဟ္မာတို့အကျိုးစီးပွားအတွက် ကောင်းမွန်မြဲမြံစွာ တည်ထွန်းဖြစ်ပေါ်စေပြီး နောက်မြင့်မြတ်သော ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့လေသတည်း။

## ၅၉။ မြတ်စွာဘုရား (၄၅)ဝါအတွင်း ဝါကစ်သီတင်းသုံးတော်မူခဲ့သော ကျောင်းတော်နှင့်နေရာများ

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူသည့် မဟာသက္ကရာဇ်(၁၀၃)ခုနှစ်မှ ပရိနိဗ္ဗာန် ပြုတော်မူသည့် မဟာသက္ကရာဇ်(၁၄၈)ခုနှစ်အတွင်း (၄၅)ဝါကာလပတ်လုံး ဝေနေယျသတ္တဝါများအား ကြီးမားသော မဟာကရုဏာတော်ကြီးဖြင့် တရားရေအေး တိုက်ကျွေးပြီး ကယ်ချွတ်နိုင်ရန်အလို့ငှာ အောက်ပါကျောင်းတော်များနှင့်နေရာများတွင် လှည့်လည်သီတင်းသုံးတော်မူခဲ့သည်။

- ပထမဝါကို ဗာရာဏသီပြည် မိဂဒါဝုန်တော၊ နန္ဒိယဝိဟာရ၌လည်းကောင်း၊
- ဒုတိယဝါကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌လည်းကောင်း၊
- တတိယဝါကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌လည်းကောင်း၊
- စတုတ္ထဝါကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌လည်းကောင်း၊
- ပဉ္စမဝါကို ဝေသာလီပြည် မဟာဝုန်တော ဇရပ်ကျောင်း၌လည်းကောင်း၊
- ဆဋ္ဌမဝါကို မကုဋ္ဌတောင် ချယားတော၌လည်းကောင်း၊
- သတ္တမဝါကို တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း၌လည်းကောင်း၊
- အဋ္ဌမဝါကို ဘဂ္ဂတိုင်း သံသုမာရဂီရိပြည် အင်္ဂါသဃဇနပုဒ်အနီး၌လည်းကောင်း၊
- နဝမဝါကို ကောသမ္ဗီပြည် ဃောသိတာရုံ၊ ကုက္ကုတာရုံ၊ ပါဝါရိကာရုံကျောင်းသုံးရပ်တို့၌လည်းကောင်း၊
- ဒသမဝါကို ပါလိလေယျကတောအုပ်၌ ပလလည်းဆင်မင်း၏အလုပ်အကျွေးကိုခံယူ၍ အင်ကြင်းပင်ရိပ်တွင်လည်းကောင်း၊
- ဧကာဒသမဝါကို နာဠမည်သော ပုဏ္ဏားရွာအနီး နာဠိကာရုံကျောင်း၌လည်းကောင်း၊

- ဒွါဒသမဝါကို ဝေရဥ္စတိုင်းအနီး နာဠေရုအမည်ရှိ ဘီလူးစောင့်ရှောက်အပ်သော တမာပင်ရင်း၌လည်းကောင်း၊
- တေရသမဝါကို စာလီယတောင်၌လည်းကောင်း၊
- စုဒ္ဒသမဝါကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌လည်းကောင်း၊
- ပန္နရသမဝါကို ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌လည်းကောင်း၊
- သောဠသမဝါကို အာဠဝီပြည်အနီး မဟာဝုန်ကျောင်း၌လည်းကောင်း၊
- သတ္တရသမဝါကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌လည်းကောင်း၊
- အဋ္ဌာရသမဝါကို စာလီယတောင်၌လည်းကောင်း၊
- ဧကူနဝီသတိမဝါကို စာလီယတောင်၌လည်းကောင်း၊
- ဝီသတိမဝါကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌လည်းကောင်း၊
- ဧကဝီသဝါမှစ၍ (၁၉)ဝါတိုင်တိုင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌လည်း ကောင်း၊
- စတ္တာလီသဝါမှ (၅)ဝါတိုင်တိုင် ပုဗ္ဗာရုံကျောင်း၌လည်းကောင်း၊
- နောက်ဆုံး(၄၅)ဝါမြောက်ဝါကို ဝေဠုဝရွာ၌လည်းကောင်း အသီးသီးဝါကပ် သီတင်းသုံးတော်မူခဲ့၏။

## ၆၀။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း

လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်းကာလတိုင်အောင် လောကအကျိုး၊ ဆွေမျိုး ဉာတကာအကျိုး၊ မိမိကိုယ်တိုင်ဘုရားဖြစ်ရန် အကျိုးတို့ရရှိရန်အလို့ငှာ ပါရမီ(၁၀)ပါး အပြားသုံးဆယ်ကိုဖြည့်ကျင့်ခဲ့တော်မူပြီး မဟာသက္ကရာဇ်(၁၀၃)ခုနှစ် ဝါဆိုလပြည့်နေ့၌ သဗ္ဗညုတရွှေဉာဏ်တော်ပိုင်ရှင် ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူခဲ့၏။

ဘုရားအဖြစ်သို့ရောက်တော်မူပြီးနောက် (၄၅)ဝါတိုင်တိုင် လူနတ်ဗြဟ္မာသတ္တဝါ အပေါင်းတို့အား ကြီးမားသောမဟာကရုဏာတော်ဖြင့် တရားရေအေးတိုက်ကျွေးကာ သံသရာတစ်ဘက်ကမ်းဖြစ်သော နိဗ္ဗာန်ရွှေပြည်မြတ်ဆီသို့ မဂ္ဂင်(၈)ပါးတည်းဟူသော ဖောင်ကူးတို့ဖြင့် အရောက်ပို့ဆောင်တော်မူပြီးနောက် ကိုယ်တော်မြတ်သည် သက်တော် (၈၀)၊ အိုမင်းသောအရွယ်သို့ ရောက်တော်မူခဲ့လေ၏။

တစ်နေ့သ၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်မှ ဂင်္ဂါမြစ်သို့အစဉ်လျှောက်ကာ ဒေသစာရီကြွချီတော်မူလာရာ ဝေသာလီပြည်အနီးရှိ စာပါလစေတီနှင့်မနီးမဝေးအရိပ် ကောင်းသော သစ်ပင်ရင်းသို့ကြွ၍ နေတော်မူ၏။ ထိုအခါ မာရ်နတ်မင်းသည် မြတ်စွာ

ဘုရားရှေ့တော်မှောက်သို့ရောက်လာပြီး "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်မြတ်သည် ပရိနိဗ္ဗာန်ပြုရန် အချိန်တန်ပါပြီ၊ ယခုအခါ ပရိနိဗ္ဗာန်ပြုတော်မူပါလော့"ဟု လျှောက်ထားခဲ့ရာ မြတ်စွာဘုရားက "ငါ၏ တပည့်သားသံဃာတော်တို့သည် ထူးမြတ်သော တရားအရာ၌ မလိမ္မာကုန်သေး၊ သင်ကြားအပ်သော ပရိယတ်လည်းမများသေး၊ လောကုတ္တရာနှင့်လျော်ညီစွာ မကျင့်ကြံနိုင်သေး၊ သူတစ်ပါးအားဟောကြားသင်ပြခြင်းငှာ လည်းမစွမ်းဆောင်နိုင်သေး၊ ထိုမျှလောက်သောကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန်မဝင်လိုသေး"ဟု မိန့်ကြားခဲ့ဖူးပါသည်။ ယခုအခါ၌ကား အရှင်ဘုရား၏တပည့်သံဃာအပေါင်းတို့ကား လိမ္မာကြကုန်ပြီ။ ပရိယတ္တိလည်း ပြည့်စုံပြီ။ ကိုယ်တိုင်လည်း ကျင့်ကြံနိုင်ကြကုန်ပြီ။ ပိဋကတ်သုံးပုံကိုဆောင်နိုင်ပြီး သူတစ်ပါးအားလည်း ဟောပြောသင်ပြနိုင်ကြကုန်ပြီ။ ယခုအခါ ပရိနိဗ္ဗာန်ပြုချိန်တန်ပြီဖြစ်၍ ပရိနိဗ္ဗာန်စံဝင်တော်မူပါလော့"ဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ရှေးနောင်တော်ဘုရားတို့၏ ဓမ္မတာအရ အာယုသင်္ခါရသည် အဘယ်မျှတည်နိုင်သနည်းဟု ဆင်ခြင်သော် ပွင့်သောကာလ လူတို့၏သက်တမ်း၊ ငါးဖို့ပြု၍ လေးဖို့မျှသာတည်တော်မူကြသည်ကို မြင်တော်မူရာ "ဟယ်...မာရ်နတ်သင်မစိုးရိမ်လင့်၊ ငါသည် မကြာမြင့်မီပင် ပရိနိဗ္ဗာန်စံဝင်တော်မူအံ့၊ ဤနေ့မှ သုံးလလွန်မြောက်သောအခါ ငါဘုရားသည် ပရိနိဗ္ဗာန်ပြုအံ့"ဟု မိန့်တော်မူခဲ့၏။

ထို့နောက်တွင် မြတ်စွာဘုရားသည် ကူဋာဂါရအရပ်သို့ ကြွသွားတော်မူပြီး အရှင်အာနန္ဒာအား ဝေသာလီပြည်အတွင်းရှိ ရဟန်းအပေါင်းတို့ တညီတညွတ်တည်း စည်းဝေးစေကုန်လော့ဟု မိန့်တော်မူကာ ရဟန်းအပေါင်းတို့ စည်းဝေးကြကုန်သည်ရှိသော် ခင်းအပ်သောနေရာ၌ထိုင်နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် အရေးကြီးလှသော ဩဝါဒတော်ကိုပေးလိုသည်ဖြစ်၍ ဤသို့မိန့်တော်မူ၏။

"ချစ်သားရဟန်းတို့–ငါဘုရားသည် သင်တို့အကျိုးငှာ သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူသော သာသနာကို ကောင်းစွာထားအပ်ကုန်ပြီ။ ထိုတရားတို့ကို သင်တို့သည်မြဲမြဲစွာ သင်ကြား၍ အဖန်တလဲလဲပွားများကြကုန်လော့။ ဤသို့ပွားများကြကုန်သည်ရှိသော် ငါဘုရား၏ သာသနာသည် ကြာရှည်လေးမြင့်စွာတည်၍ လူနတ်တို့၏ အစီးအပွားအလို့ငှာ ဖြစ်လေရာ၏။ သာသနာတော်၏ ကာလကြာမြင့်စွာ တည်ထွန်းရသောအကြောင်းတရားတို့ကား–သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါးတည်းဟူသော တရားအစုပင်တည်း။ ထိုတရားတို့ကို ငါသည်အထူးထူးသော ပရိယာယ်အားဖြင့် သင်တို့အားဟောကြားညွှန်ပြခဲ့လေပြီ။ ဤတရားတို့ကို အဖန်တလဲလဲ နှလုံးသွင်းကာ သင်္ခါရတရားတို့၏ ကုန်တတ်၊ ပျက်တတ်သော သဘောကို ရှုကြကုန်လော့။ ငါဘုရားသည် ဤလမှနောက်သုံးလလွန်မြောက်သော် ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့"ဟု အသိပေး မိန့်ကြားတော်မူ၏။ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကိုခေါ်တော်မူ၍ သံဃာတော်အပေါင်းနှင့်အတူ ဘဏ္ဍုဂါမသို့ ကြွသွားလေ၏။

ထိုမှတစ်ဖန် မြတ်စွာဘုရားသည် ပါဝါပြည်သို့ဆက်လက်ကြွချီတော်မူရာ စုန္ဒမည်သော ဒါယကာ၏ သရက်ဥယျာဉ်သို့ဝင်ရောက်သီတင်းသုံးနေတော်မူ၏။ စုန္ဒဒါယကာလည်း မြတ်စွာဘုရားအမှူးပြုသော သံဃာတော်တို့အား အိမ်သို့ပင့်ဖိတ်ကာ ဆွမ်းကျွေးရာ ဝက်ပျိုသားကိုဝယ်၍ အသွယ်သွယ်သော ဟင်းခတ်အမွှေးအကြိုင်တို့ကိုထည့်ကာ ဝမ်းမြောက်ဝမ်းသာ ဆက်ကပ်လှူဒါန်းလေ၏။

စုန္ဒကပ်လှူသော ဝက်ပျိုသားဟင်းလျာသည် အဆီအဆိမ့်တို့နှင့်ပြည့်နှက်နေသည့်ပြင် နတ်တို့ကလည်း နတ်သုဒ္ဓါများထည့်ထားသည်ဖြစ်ရာ အလွန်ဆိမ့်အီရကား အစာကြေရန်ခဲယဉ်းကြောင်း သိတော်မူရာ မြတ်စွာဘုရားသည် ထိုဝက်ပျိုသားဟင်းကို ရဟန်းတို့အားမစားသုံးစေဘဲ တွင်းတူး၍ မြေမြှုပ်ပစ်ရန် ညွှန်ကြားတော်မူ၏။ မြတ်စွာဘုရားကိုယ်တိုင်သည်ကား ထိုဝက်ပျိုသားဟင်းကိုပင် အလေးအမြတ်ထား၍ ဘုန်းပေးတော်မူ၏။

မြတ်စွာဘုရားသည် ဆွမ်းကိစ္စပြီးစီး၍ သီတင်းသုံးရာ ဥယျာဉ်တော်သို့ပြန်ကြွသွားသည်ရှိသော် ပြင်းထန်စွာသော ဝမ်းသွေးသွန်သော ဝေဒနာသည် ဖြစ်ပေါ်လာ၏။ ထိုအခါ အရှင်အာနန္ဒာကို ခေါ်တော်မူ၍ "ချစ်သားအာနန္ဒာ၊ ဤပါဝါပြည်၌နေ၍ မသင့်သေး၊ ကုသိနာရုံပြည်သို့သွားကြကုန်အံ့"ဟု မိန့်တော်မူကာ သံဃာတော်များနှင့်အတူ ကြွသွားတော်မူ၏။

ခရီးတစ်ဝက်ဖနာအကွာအဝေးသို့ရောက်သောအခါ အားအင်ကုန်ခမ်း၍ ပင်ပန်းတော်မူသဖြင့် ချမ်းကြည်စွာသောရေကို ဆောင်ယူပါလော့ဟု မိန့်ကြားကာ အရှင်အာနန္ဒာ ဆောင်ယူလာသောရေကို သောက်သုံးတော်မူမှ မွတ်သိပ်ခြင်းသည် ပြေလေ၏။ (နွံနှစ်မွှေထားသကဲ့သို့ နောက်ကျိနေသောရေကို သပိတ်တော်ဖြင့် ခပ်လိုက်သည်နှင့်ပကတိအေးမြစိမ်းကြည်သောရေကောင်းရေသန့်အဖြစ်သို့ ပြောင်းသွား၏။)

ထိုမှဆက်လက်၍ ကြွတော်မူရာ ကုသိနာရုံပြည်အနီးရှိ အင်ကြင်းဥယျာဉ်သို့ရောက်လာလေ၏။ ထိုအခါ မြတ်စွာဘုရားသည် မလ္လာမင်းတို့နေခြင်းဌာ ခင်းထားအပ်သော ရတနာညောင်စောင်းကိုမြင်လျှင် အရှင်အာနန္ဒာအား "အာနန္ဒာ–ငါဘုရားသည် အားတော်ကုန်ခမ်း၍ ပင်ပန်းလှချေပြီ။ ဤညောင်စောင်းကိုယူ၍ အင်ကြင်းပင်စုံတို့၏ အကြား၌ မြောက်အရပ်ကို ဦးခေါင်းထားကာ လျင်စွာခင်းလေလော့"ဟု မိန့်တော်မူ၏။ မြတ်စွာဘုရားလည်း ထိုညောင်စောင်းထက်တွင် ခြင်္သေ့မင်းကဲ့သို့ ဖြည်းညှင်းသာယာစွာ လက်ျာနံတောင့်ဖြင့် လျောင်းတော်မူ၏။

ထိုစဉ်တွင် အရှင်အာနန္ဒာသည် ဤသို့နားတော်လျှောက်လေ၏။

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား ဤကုသိနာရုံပြည်သည် မကြီးမကျယ် တိုင်းငယ်မျှသာဖြစ်ပါသည်။ စမ္ပာနဂိုရ်ပြည်၊ ရာဇဂြိုဟ်ပြည်၊ သာဝတ္ထိပြည်၊ သာကေတပြည်၊ ကောသမ္ဗီပြည်၊ ဗာရာဏသီပြည်တို့သည် မဟာရာဇဌာနီပြည်ကြီးများဖြစ်ကြ၍ ထိုပြည်တို့၌သာလျှင် မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံဝင်စေလိုပါသည်။ မြတ်စွာဘုရားလည်း

"အာနန္ဒာ–ဤကုသိနာရုံပြည်သည် ငါကိုယ်တော် သုဒဿန စကြာမင်းဖြစ်သောအခါ ကုသဝတီဟူသောအမည်ဖြင့် စည်ပင်ဝပြောကြီးကျယ်သော မဟာရာဇဓာနီဖြစ်ဖူးပြီ"ဟု အစချီကာ သုဒဿနစက္ကဝတ္တိသုတ်တော်ကို ဟောတော်မူပြီး ထိုရတနာပလ္လင်ထက်၌ပင် လျောင်းစက်နေတော်မူ၏။

ရတနာပလ္လင်တော်၏ ဝဲယာ၊ ရှေ့နောက်၌တည်ကုန်သော အင်ကြင်းပင်ပျိုတို့သည်လည်းကောင်း၊ ဟိမဝန္တာနှင့်စကြာဝဠာတိုက်တွင်းရှိ သစ်ပင်၊ ပန်းပင်တို့သည်လည်းကောင်း ဘုရားသခင် ပရိနိဗ္ဗာန်စံတော်မူခြင်းကို ကြိုတင်သိနေဘိသကဲ့သို့ သူ့ထက်ငါအပြိုင် ဘုရားသခင်အား ဦးညွတ်လျက် ဖူးပွင့်ကြကာ သင်းကြည်မွေးပျံ့သော ဝတ်မှုန်တို့ကိုကြဲချပူဇော်ကြကုန်၏။ ထို့အတူ သိကြား၊ ကုမ္ဘဏ်၊ ဂဠုန်၊ နဂါးစသော နတ်တို့သည် အချို့မှာ ပန်းဝတ်ပန်းမှုန်တို့ဖြန့်ကြဲ၍လည်းကောင်း၊ အချို့မှာ စောင်း၊ ညှင်း၊ ပဘာ၊ တူရိယာများကို တီးမှုတ်၍လည်းကောင်း၊ ပူဇော်ကြကုန်၏။ တစ်ဆယ့်နှစ်ယူဇနာတိုင် ကျယ်သောအရပ်၌ အထပ်ထပ်စည်းဝေးရောက်ရှိလာကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့သည်လည်း "ကောင်းသောစကားကိုဆိုတတ်သော မြတ်စွာဘုရားသည် ယခုအခါ နိဗ္ဗာန်စံဝင်တော်မူတော့မည်တကား"ဟု ဆံပင်ဖရိုဖရဲ ကြဲဖြန့်လျက် တမ်းတမ်းတတ ငိုကြွေးကြလေ၏။

ထိုအချိန်တွင် ဘုရားသခင်သည် အနာဂတ်သာသနာတော်အတွက် သံဃာတော်တို့အား မှာကြားဆုံးမထိုက်သော တရားစကားကို အရှင်အာနန္ဒာအား ဆိုဆုံးမလျက်နေ၏။ အရှင်အာနန္ဒာလည်း ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ဤသို့သဘောရှိသော သံဃာတော်တို့အား မှာကြားဆုံးမအပ်သောတရားဒေသနာတော်ကို ငါ့အားဟောကြားအပ်ပြီ။ ဤညဉ့်၌ ဧကန်နိဗ္ဗာန်စံဝင်တော့မည်ကား မချွတ်ရာ။ နက်ဖြန်မှစ၍ ငါ့အား သွန်သင်ဆုံးမလမ်းပြသော ဆရာသည်မရှိတော့ပြီဟု ဝမ်းနည်းကြေကွဲကာ ဘုရားရှင်အနီးမှခွာ၍ စရပ်၏တံခါးတိုင်ကို ကိုင်လျက်ငိုကြွေးလေ၏။

မြတ်စွာဘုရားသည် အရှင်အာနန္ဒာအားခေါ်တော်မူပြီး "ခပ်သိမ်းကုန်သောတရားတို့၏ မမြဲသောသဘော၊ ဆင်းရဲသောသဘောတို့ကို ညွှန်ပြဆုံးမပြီးနောက် "ချစ်သားအာနန္ဒာ၊ ကုသိနာရုံပြည်သို့ဝင်၍ မလ္လာမင်းတို့အား–ဘုရားသခင်သည် ယနေ့ညလွန်၍ မိုးသောက်သောအခါ ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့ဟု အကြောင်းကြားပါလော့"ဟု မိန့်တော်မူရာ အရှင်အာနန္ဒာလည်း မှာတော်မူသည့်အတိုင်း ပြောကြားလေ၏။

မလ္လာမင်းတို့လည်း ထိုအကြောင်းကိုကြားရသောအခါ ငိုကြွေးမြည်တမ်း၍ သားမယား အဆွေအမျိုးတို့နှင့်အတူ ရောက်လာကြကုန်၏။ မလ္လာမင်းတို့လည်း အရှင်အာနန္ဒာ စီစဉ်ပေးသည့်အတိုင်း တစ်ဖွဲ့စီဝင်၍ ဘုရားသခင်အား ရှိခိုးပူဇော်ကြကုန်၏။ ထိုစဉ်မှာပင် မြတ်စွာဘုရားထံရောက်လာသော သုဘဒ်ပရိဗိုဇ်အား တရားဟောတော်မူကာ ရဟန္တာအဖြစ်သို့ ရောက်စေ၏။

ပဋ္ဌာပြားပေါက်တာပေ

ထို့နောက် မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ခေါ်တော်မူပြီး "အာနန္ဒာ ငါ၏ သားတော်များဖြစ်ကြသော သံဃာအပေါင်းတို့သည် ငါဘုရားလွန်ပြီဟု မထင်မှတ်ကြကုန်လင့်။ ငါဘုရားသည် အကြင်သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတို့ကို (၄၅)ဝါလုံးလုံး ဟောတော်မူခဲ့လေပြီ။ ဝိနည်းတရားတော်ကိုလည်း ပညတ်ခဲ့လေပြီ။ ထိုအလုံးစုံသောသုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတို့သည် ငါဘုရားလွန်သဖြင့် သင်တို့၏ဆရာဖြစ်လတ္တံ့၊ ထို့ကြောင့် ငါဘုရားရှိသည်သာဟု ကောင်းစွာမှတ်အပ်၏"ဟု မိန့်ကြားတော်မူ၏။

ဤသို့ အရှင်အာနန္ဒာအား မှာကြားဆုံးမအပ်သော တရားတို့ကိုမှာကြားပြီးနောက် စုဝေးလာကြကုန်သော ရဟန်းတို့ကိုခေါ်တော်မူ၍ သာသနာတော်အတွက် အရေးကြီးလှသော မြတ်စွာဘုရား၏ အဆုံးစွန်သောစကားကို ဟောကြားတော်မူ၏။

ထိုစကားသည်ကား "ဟန္ဒဒါနိဘက္ခဝေ အာမန္တယာမိဝေါ၊ ဝယဓမ္မာသင်္ခါရာ၊ အပ္ပမာဒေနသမ္ပာဒေထ" ဟူ၍ ဖြစ်၏။

အဓိပ္ပာယ်ကား -

"ရဟန်းတို့-ယခုအခါ၌ ငါသည်အကျဉ်းအားဖြင့် မှာထားဟောကြားပေအံ့။ ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့ ပြုပြင်စီရင်၍ ဖြစ်သမျှသော သင်္ခါရတရားတို့သည် ပျက်စီးကုန်ဆုံးတတ်သော သဘောရှိကုန်၏။ သင်တို့သည် (ထိုတရားအစု၏ ပျက်စီးကုန်ဆုံးတတ်သောသဘောကို ရှုမှတ်ဆင်ခြင်လျက်) မမေ့မလျော့မပေါ့မဆသဖြင့် ကောင်းစွာပြည့်စုံစေပါလော့"ဟူသတည်း။

မြတ်စွာဘုရားသည် ဤသို့မိန့်ကြားဆုံးမတော်မူပြီးသော် ပဌမဈာန်မှ အစ စတုတ္ထဈာန်၊ ထိုမှ အာကိဉ္စညာယတနဈာန်၊ နေဝသညာနာသညာယတနဈာန်အဆင့်ဆင့်ကို ဝင်စားတော်မူပြီး နိရောဓသမာပတ်ကိုဝင်စားတော်မူ၏။ တစ်ဖန် ထိုဝင်စားတော်မူသော နိရောဓသမာပတ်မှ ထတော်မူ၍ နေဝသညာနာသညာယတနဈာန်၊ ထိုမှ အာကိဉ္စညာယတနဈာန်၊ ထိုမှ ပဌမ ဈာန်တိုင်အောင် ဝင်စားတော်မူ၏။ တစ်ဖန် ထိုပဌမဈာန်မှထ၍ ဒုတိယဈာန်၊ ထို့နောက် ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့ကို ဝင်စားတော်မူ၏။ ထိုစတုတ္ထဈာန်မှထ၍ ဈာန်အင်္ဂါတို့ကို ဆင်ခြင်တော်မူသော ပစ္စဝေက္ခဏာဇောတို့သည် အကြိမ်များစွာ ဖြစ်ကုန်၏။ ထို့နောက် သမာပတ်ကိုဝင်စားတော်မူပြီး စတုတ္ထဈာန်အင်္ဂါကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၏အဆုံး၌ အလုံးစုံသော သင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာ နိရောဓေစွာကို အာရုံပြု၍ ပရိနိဗ္ဗာန်စံဝင်တော်မူလေ၏။ ထိုနေ့သည်ကား မဟာသက္ကရာဇ်(၁၄၈)ခု၊ ကဆုန်လပြည့်အင်္ဂါနေ့ပင် ဖြစ်ပေသတည်း။

## ၆၁။ မြတ်စွာဘုရား၏အလောင်းတော်ကို မီးပူဇော်၍ ဓာတ်တော်များကို ဝေမျှကိုးကွယ်ကြခြင်း

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူကြောင်းကို ကြားသိရသောအခါ မလ္လာမင်းလေးပါးတို့သည် ကုသိနာရုံပြည်သချိုင်းတော်၌ မြတ်စွာဘုရား၏အလောင်းတော်ကို မီးပူဇော်ရန် အသင့်ပြင်ထားသော စန္ဒကူးထင်းပုံပေါ်တင်၍ မီးတိုက်ကြကုန်၏။ ထင်းပုံကိုကား မီးမစွဲချေ။ မြတ်စွာဘုရား၏ တတိယသာဝကကြီးဖြစ်သော အရှင်မဟာကဿပ မထေရ်ရောက်လာ၍ အလောင်းတော်ကို ပူဇော်ကန်တော့ပြီးမှသာ မီးစွဲလောင်လေ၏။ မီးလောင်ပြီးသော် စွယ်တော်လေးဆူ၊ ညှပ်ရိုးတော်နှစ်ဆူ၊ နဖူးသင်းကျစ်တော်တစ်ဆူ၊ ဤခုနစ်ဆူသည် မပြိုမကွဲတည်ကုန်၍ ကြွင်းသောကိုယ်တော်မှာ ပဲနောက်ပမာဏ၊ ဆန်ကျိုးပမာဏ၊ မုန်ညင်းစေ့ပမာဏတို့ဖြင့် အသီးသီး စိတ်ဖြာ၍တည်ကုန်၏။ စုစုပေါင်း ရှစ်စိတ်ပမာဏမျှ တည်ကုန်၏။

မြတ်စွာဘုရား၏ ကိုယ်တော်မှကျသော ဓာတ်တော်များကို ဆည်းကပ်ကိုးကွယ်လိုသော အဇာတသတ်မင်း၊ လိစ္ဆဝီမင်း၊ မလ္လာမင်း၊ အလ္လကပ္ပပြည်ဗလမင်း၊ ကောလိယမင်းတို့နှင့်ဝေဌဒီပတိုင်းမှ ပုဏ္ဏားများစသော ခုနစ်ပြည်ထောင်မင်းတို့သည် ဓာတ်တော်များ ပူဇော်ထားရှိရာသို့ ရောက်လာကြကုန်၍ ဓာတ်တော်တို့ကို တောင်းကုန်၏။ မပေးလျှင် စစ်ပြုမည်ဟု ခြိမ်းခြောက်ကြကုန်၏။

ထိုသို့ မင်းအချင်းချင်း ကြုံးဝါးငြင်းခုံကြရာ ထိုမင်းတို့၏ဆရာဖြစ်ဖူးသော ဒေါဏမည်သော ပုဏ္ဏားသည်လာလတ်၍ မင်းများအား တရားပြဆုံးမ၍ ငြိမ်းအေးကြကုန်သော် ဒေါဏပုဏ္ဏားကိုယ်တိုင် ဓာတ်တော်များကို (၈)ပုံ (၈)စုခွဲ၍ ဝေငှပေးလေ၏။ ထိုထိုသော မင်းတို့လည်း မိမိတို့ရရှိသော ဓာတ်တော်များကို ပင့်ဆောင်ကာ မိမိတို့ပြည်၌ စေတီများ တည်၍ ကိုးကွယ်ကြကုန်၏။

ဗုဒ္ဓရတနာ၊ မြတ်ဗုဒ္ဓ၏ ဗုဒ္ဓဝင်အကျဉ်း ဤတွင်ပြီးဆုံးလေသတည်း။

## ၆၂။ မြတ်ဗုဒ္ဓ၏ ဂုဏ်တော် ၉ ပါး

မြတ်ဗုဒ္ဓသည် လောကသုံးပါးတွင် တုနှိုင်းဖွယ်မရှိ ထူးကဲမြင့်မြတ်သူ မဟာပုရိသ ယောက်ျားမြတ်တစ်ဆူဖြစ်သည်နှင့်အညီ အောက်ပါဂုဏ်တော်(၉)ပါးတို့နှင့် ပြည့်စုံတော်မူပါပေ၏။

၁။ အရဟံ ဂုဏ်တော်

လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့၏ ဦးခိုက်ပူဇော်ခြင်းအထူးကို ခံယူတော်မူထိုက်သော အကြောင်းကြောင့်လည်းကောင်း၊ ခပ်သိမ်းသော ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးလွတ်မြောက်တော်မူသော အကြောင်းကြောင့်လည်းကောင်း၊ ဆိတ်ကွယ်ရာ အရပ်၌ မကောင်းမှုကို ပြုတော်မမူသော အကြောင်းကြောင့်လည်းကောင်း၊ အရဟံမည်သော ဂုဏ်တော်မြတ်ကြီးနှင့်ပြည့်စုံတော်မူပါပေ၏။

(ထိုဂုဏ်တော်ကြီးကို အရဟံ၊ အရ ဟံ၊ အ ရဟံ ဟု သုံးမျိုးခေါ်ဆိုနိုင်၏။)

၂။ သမ္မာ သမ္ဗုဒ္ဓ ဂုဏ်တော်

အလုံးစုံသော တရားအပေါင်းကို ဆရာမကူ သယမ္ဘုဉာဏ်တော်မြတ်ဖြင့် ပိုင်းခြားထင်ထင်သိမြင်တော်မူသောအကြောင်းကြောင့် သမ္မာသမ္ဗုဒ္ဓဂုဏ်တော်မြတ်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏။

၃။ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်

ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ တစ်ဆယ့်ငါးပါးနှင့်ပြည့်စုံတော်မူသော အကြောင်းကြောင့် ဝိဇ္ဇာစရဏ သမ္ပန္န ဂုဏ်တော်မြတ်ကြီးနှင့်ပြည့်စုံတော်မူပါပေ၏။

၄။ သုဂတဂုဏ်တော်

ကောင်းသောစကားကိုဆိုတော်မူတတ်သောအကြောင်းကြောင့်လည်းကောင်း၊ ကောင်းသော(နိဗ္ဗာန်သို့)ကြွသွားတော်မူခြင်းရှိသောကြောင့်လည်းကောင်း သုဂတ ဂုဏ်တော်မြတ်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏။

၅။ လောကဝိဒူဂုဏ်တော်

သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကတည်းဟူသော လောက သုံးပါးလုံးကို သိမြင်တော်မူသောအကြောင်းကြောင့် လောကဝိဒူဂုဏ်တော်မြတ်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏။

၆။ အနုတ္တရောပုရိသ ဒမ္မသာရထိ ဂုဏ်တော်

သတ္တဝါတို့ကို လိမ္မာယဉ်ကျေးအောင် ဆိုဆုံးမရာ၌ အတုမရှိ စွမ်းဆောင်တော်မူသောအကြောင်းကြောင့် အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်မြတ်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏။

၇။ သတ္ထာဒေဝမနုဿာန ဂုဏ်တော်

နတ်လူတို့၏ ဆရာဖြစ်တော်မူသောကြောင့်လည်းကောင်း၊ နတ်လူတို့၏ သန္တာန်၌ စွဲမြဲကပ်ရောက်နေသောကိလေသာရောဂါဆိုးကြီးကို ပျောက်ကင်းအောင် ဖယ်ရှားကုသပေးနိုင်သော ဆရာဖြစ်သောကြောင့်လည်းကောင်း သတ္ထာဒေဝမနုဿာန ဂုဏ်တော်မြတ်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏။

၈။ ဗုဒ္ဓဂုဏ်တော်

သစ္စာလေးပါးတရားမြတ်ကို ကိုယ်တော်တိုင်သိမြင်တော်မူ၍ သူတစ်ပါးကိုလည်း သိစေတော်မူနိုင်သောကြောင့် ဗုဒ္ဓဂုဏ်တော်မြတ်ကြီးနှင့်ပြည့်စုံတော်မူပါပေ၏။

ပတ္တမြားငှေမောက်စာပေ

၉။ ဘဂဝါ ဂုဏ်တော်

ဘုန်းတော်ခြောက်စုံ ဂုဏ်တော်အနန္တနှင့်ပြည့်စုံတော်မူသောအကြောင်းကြောင့် ဘဂဝါဂုဏ်တော်မြတ်ကြီးနှင့်ပြည့်စုံတော်မူပါပေ၏။

မိမိနှင့်အတူ ဆောင်ထားလိုသူတို့အတွက် ကျက်မှတ်ထားရန် ဘုရားဂုဏ်တော် ၉ ပါး ပါဠိတော် –

ဣတိပိ သော ဘဂဝါ

အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။

ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါးနှင့်စရဏ တစ်ဆယ့်ငါးပါး

**ဝိဇ္ဇာသုံးပါး**

၁။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်
၂။ ဒိဗ္ဗစက္ခုဉာဏ်
၃။ အာသဝက္ခယဉာဏ်

**ဝိဇ္ဇာရှစ်ပါး**

၁။ ဝိပဿနာဉာဏ်
၂။ စေတောပရိယဉာဏ်
၃။ မနောမယိဒ္ဓိဉာဏ်
၄။ ဒိဗ္ဗသောတဉာဏ်
၅။ ဣဒ္ဓိဝိဓဉာဏ်

(ရှေ့ဉာဏ်သုံးပါးကို ဤဉာဏ်ငါးပါးနှင့်ပေါင်းထည့်လျှင် ဝိဇ္ဇာရှစ်ပါးရ၏။)

**စရဏတစ်ဆယ့်ငါးပါး**

၁။ သဒ္ဓါ
၂။ သတိ
၃။ ဟိရီ
၄။ ဩတ္တပ္ပ
၅။ ဝီရိယ
၆။ သုတ
၇။ ပညာ
၈။ ဘောဇနေမတ္တညုတာ
၉။ ဇာဂရိယာနုယောဂ
၁၀။ သီလ
၁၁။ ဣန္ဒြိယသံဝရ

ဤ(၁၁)ပါးနှင့်ပဌမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်ဟု ဆိုအပ်သော စျာန်(၄)ပါး ပေါင်းလျှင် စရဏ(၁၅)ပါးရ၏။

ဘုန်းတော်ခြောက်ပါး

၁။ ဣဿရိယ–(အစိုးရခြင်း)ဘုန်းတော်
၂။ ဓမ္မ–(တရား)ဘုန်းတော်
၃။ ယသ–(အခြံအရံ)ဘုန်းတော်
၄။ သိရီ–(ကျက်သရေ) ဘုန်းတော်
၅။ ကာမ(အကျိုးကိုပြီးစေခြင်း)ဘုန်းတော်
၆။ ပယတ္တ–(ဝီရိယ)ဘုန်းတော်

## ၆၃။ ဗုဒ္ဓဝုဏ်တော်ကို ပွားများရခြင်းကြောင့် ခံစားရသောအကျိုး

မြတ်စွာဘုရား၏ အရဟံအစရှိသော ဂုဏ်တော်များကို အဖန်တလဲလဲပွားများရသော အကျိုးသည် ကြီးမားလှ၏ဟု မြတ်စွာဘုရားသည် နန္ဒရသေ့ဘဝမှ ရဟန္တာဖြစ်လာသော "သုဘူတိ" မထေရ်မြတ်အား အကြောင်းပြုကာ ဟောကြားခဲ့၏။

ထိုနန္ဒရသေ့သည် လွန်လေပြီးသော ပဒုမုတ္တရ ဘုရားရှင်လက်ထက်အခါက ရသေ့အဖြစ် ဘုရားရှင်အား ပန်း၊ သစ်သီးတို့ကို ကပ်လှူပူဇော်ခဲ့၏။ ထိုအခါ ဘုရားရှင်က –

"နန္ဒရသေ့ – သင်သည် ဘာဝနာတကာတို့ထက် အမြတ်ဆုံးဖြစ်သော ဗုဒ္ဓါနုဿတိဘာဝနာကို စီးဖြန်းလော့။ ဗုဒ္ဓါနုဿတိဘာဝနာကို စီးဖြန်းရသော ကောင်းမှုကြောင့် သင်သည် ကမ္ဘာသုံးသောင်းပတ်လုံး နတ်ပြည်၌ မွေ့လျော်ရအံ့။ နတ်တို့ကို အစိုးရသော သိကြားမင်းအဖြစ် အကြိမ်ပေါင်း (၈၀)၊ စကြာမင်းအကြိမ်(၁၀၀၀)ဖြစ်ရအံ့။ ပဒေသရာဇ်မင်းအဖြစ်ကား မရေမတွက်နိုင်အောင်ဖြစ်အံ့။ သင်သည် ဘဝကြီးငယ်တို့၌ အသုံးအဆောင်ဥစ္စာ၊ ရတနာတို့ရလိမ့်အံ့။ ကမ္ဘာတစ်သိန်းတိုင်အောင် အပါယ်မလားရ။ ဂေါတမဘုရားရှင်လက်ထက်တော်သို့ရောက်သောအခါ ကုဋေရှစ်ဆယ်သောဥစ္စာတို့ကို စွန့်၍ ရဟန်းပြုပြီးလျှင် "သုဘူတိ"အမည်ဖြင့် တေဒဂ်ဘွဲ့ရ ရဟန္တာဖြစ်လတ္တံ့."ဟု ဗျာဒိတ်စကားမြွက်ကြားခဲ့သည်ကိုထောက်လျှင် ဗုဒ္ဓါနုဿတိဘာဝနာ၏အကျိုးကျေးဇူး မည်မျှကြီးမားသည်ကို သိနိုင်ပါ၏။

## ၆၄။ မြတ်ဗုဒ္ဓ၏ ဉာဏ်တော်များ

မြတ်စွာဘုရားသည် ဖြစ်တော်မူခဲ့သော သံသရာဘဝအဆက်ဆက်ပြုခဲ့သော ကုသိုလ်ကံ ပါရမီအလျောက် ဉာဏ်အမျိုးမျိုးကို ရရှိတော်မူ၏။ အရဟတ္တဖိုလ်ဉာဏ်ကိုရတော်မူသည့် တစ်ပြိုင်တည်းမှာပင် မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်၊ အသာဓာရဏဉာဏ်၊ ဒသဗလဉာဏ်စသည့် ဉာဏ်တော်အမျိုးမျိုးကိုရတော်မူ၏။

ယင်းဉာဏ်တော်တို့ကို ကြည်ညိုနိုင်ကြစေရန် အောက်တွင်ဖော်ပြပေအံ့။

**သဗ္ဗညုတဉာဏ်တော်**

အလုံးစုံကိုသိတော်မူသောဉာဏ်တော်ဖြစ်၏။ သဗ္ဗညုတဉာဏ်တော်သည် ဘုရားရှင်အား အမြဲထာဝရဖြစ်နေသည်မဟုတ်။ သိတော်မူလိုသည့်အခါမှသာ ဖြစ်တော်မူသော ဉာဏ်တော်ဖြစ်၏။ အနန္တစကြာဝဠာတစ်ခုလုံးကို တစ်ပြိုင်တည်းသိလိုကသိနိုင်၏။ တစ်ခုချင်း၊ တစ်ပိုင်းချင်းသိလိုကလည်း သိနိုင်၏။ သိလိုသည့်အာရုံကိုညွတ်၍ ဆင်ခြင်မှသာလျှင် သိမြင်နိုင်၏။ အမြဲထာဝရသိနေသည့်ဉာဏ်မျိုးမဟုတ်ချေ။

**အသာဓာရဏဉာဏ်တော် ၆ ပါး**

အခြားပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ အရိယာသာဝကတို့နှင့်မသက်ဆိုင်ဘဲ မြတ်စွာဘုရားတစ်ပါးတည်းသာလျှင် ရအပ်သော ဉာဏ်တော်ဖြစ်ပြီး အရေအတွက်အားဖြင့် (၆)ပါးရှိ၏။

| | | | |
|---|---|---|---|
| ၁။ | ဣန္ဒြိယပရောပရိယတ္တဉာဏ် | = | သတ္တဝါတို့၏ ဣန္ဒြေအနုအရင့်ကို သိတော်မူသောဉာဏ် |
| ၂။ | အာသယာနုသယဉာဏ် | = | နှလုံးသွင်းဓာတ်ခံကိုသိသောဉာဏ် |
| ၃။ | ယမက ပါဋိဟာရိယဉာဏ် | = | ရေမီးအစုံတန်ခိုးပြာဋိဟာကို ပြနိုင်သော ဉာဏ် |
| ၄။ | မဟာကရုဏာ သမာပတ္တိဉာဏ် | = | သတ္တဝါတို့အပေါ် ကြီးစွာသော သနားကြင်နာမှုနှင့်ယှဉ်သောဉာဏ် |
| ၅။ | သဗ္ဗညုတဉာဏ် | = | အလုံးစုံကိုသိတော်မူသောဉာဏ် |
| ၆။ | အနာဝရဏဉာဏ် | = | အပိတ်အပင်အတားအဆီးမရှိ ဖောက်ထွင်းသိမြင်နိုင်သောဉာဏ် |

**ဒသဗလဉာဏ်တော် ၁၀ ပါး**

| | | | |
|---|---|---|---|
| ၁။ | ဌာနာ ဌာနကောသလ္လဉာဏ် | = | အကြောင်း ဟုတ်၊ မဟုတ်သည်ကို အမှန်အတိုင်းသိသောဉာဏ် |
| ၂။ | ဝိပါကဉာဏ် | = | ကံတရားတို့၏ အကျိုးပေးမှုကို အကြောင်းရင်းများနှင့်တကွ အမှန်အတိုင်းသိသောဉာဏ် |

| | | | |
|---|---|---|---|
| ၃။ | သဗ္ဗတ္ထဂါမိနီ ပဋိပဒါဉာဏ် | = | အလုံးစုံသော ဘုံဘဝသို့ လားရောက်စေတတ်သော အကျင့်အမျိုးမျိုးနှင့် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကို အမှန်အတိုင်းသိမြင်သောဉာဏ် |
| ၄။ | အနေကဓာတုနာ နာဓာတုဉာဏ် | = | သတ္တဝါတို့၏ခန္ဓာ၊ အာယတန၊ ဓာတ် အမျိုးမျိုးနှင့် သက်မဲ့တို့၏ ထူးခြားကွဲလွဲချက်တို့ကို အမှန်အတိုင်းသိသော ဉာဏ် |
| ၅။ | နာနာဓိမုတ္တိကဉာဏ် | = | သတ္တဝါတို့၏ နှလုံးသွင်းမှုနှင့်အလိုဆန္ဒ အမျိုးမျိုးရှိနေမှုကို သိမြင်သောဉာဏ် |
| ၆။ | ဣန္ဒြိယ ပရောပရိယဉာဏ် | = | သတ္တဝါတို့၏ ဣန္ဒြေအနုအရင့်ကို သိသောဉာဏ် |
| ၇။ | ဈာနဝိမောက္ခသမာဓိ သမာပတ္တိဉာဏ် | = | ဈာန်တရား၊ ဝိမောက္ခတရား၊ သမာဓိတရား၊ သမာပတ်တို့၏ ညစ်ညူးကြောင်း၊ ဖြူစင်ကြောင်းတရား၊ ဆုတ်ယုတ်ကြောင်း တိုးတက်ကြောင်း တရားကိုသိမြင်သောဉာဏ် |
| ၈။ | ပုဗ္ဗေနိဝါသာနုဿတိဉာဏ် | = | ရှေး၌ဖြစ်ဖူးသော ဘုံဘဝခန္ဓာအစဉ်ကို သိမြင်သောဉာဏ် |
| ၉။ | စုတူပပါတဉာဏ် | = | သတ္တဝါတို့ စုတေခြင်း၊ ပဋိသန္ဓေနေခြင်းကို သိမြင်သောဉာဏ် |
| ၁၀။ | အာသဝက္ခယဉာဏ် | = | အာသဝေါတရားတို့၏ ကုန်ရာဖြစ်သော အရဟတ္တမဂ်ဉာဏ် |

## ၆၅။ ဝဋ်တော် (၁၂)ပါး

၁။ ဒုက္ကရစရိယာ ခြောက်နှစ်တိုင်တိုင်ကျင့်ရခြင်း
၂။ စိဉ္စမာဏာ၏ ကိုယ်ဝန်နှင့်တကွစွပ်စွဲခံရခြင်း
၃။ သုန္ဒရီ ပရိဗိုဇ်မ၏စွပ်စွဲခြင်းကိုခံရခြင်း
၄။ သုန္ဒရီပရိဗိုဇ်မ သေရာတွင် လူအများ၏ယုံမှားခြင်းကို ခံရခြင်း
၅။ ဒေဝဒတ်၏ ကျောက်တုံးလှိမ့်ချခြင်းကိုခံရခြင်း

၆။ ကျောက်လွှာထိ၍ ခြေမတော်တွင် သွေးစိမ်းတည်ရခြင်း
၇။ ဆွမ်းခံချိန်တွင် ဒေဝဒတ်၏အစီအရင်ဖြင့် နာဠာဂီရိဆင်နှင့်တွေ့ရခြင်း
၈။ ခြေမတော်တွင် အနာတည်ရာ၌ ဇီဝက ဓားနှင့်ခွဲခြင်း
၉။ ရဲဖန်ရဲခါ ခေါင်းခဲတော်မူခြင်း
၁၀။ မာရ်နတ်နှိုးဆော်၍ ဝေရဉ္စာတိုင်းသားတို့ကပ်လှူသော မုယောဆွမ်းကို ဘုဉ်းပေးတော်မူရခြင်း
၁၁။ ခါးတော်ကိုက်ခဲသောဝေဒနာခံစားရခြင်း
၁၂။ ဝမ်းတော်လား၍ လွန်စွာအားနွဲ့တော်မူရခြင်း

## ၆၆။ ဘုရားအလောင်းတော်သုံးမျိုး

ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူကြကုန်သော မြတ်စွာဘုရားတို့၏ အလောင်းတော်တို့သည် တစ်မျိုးတစ်စားတည်းမရှိကြကုန်။ နိယတဗျာဒိတ်ခံယူသော ခဏ၌ပင်လျှင် သုံးမျိုးကွဲပြားကြကုန်၏။

၁။ **ပညာဓိက ဘုရားအလောင်းတော်**

နိယတဗျာဒိတ်ခံယူသည့်ဘဝ၌ သာဝကဗောဓိဉာဏ်၌ စိတ်ညွတ်တော်မူလျှင် သဗ္ဗညုမြတ်စွာဘုရား၏ မျက်မှောက်တော်မှ လေးပါဒပါသော ဂါထာ တစ်ဂါထာကို ကြားနာစဉ် ထိုဂါထာ၏ တတိယပါဒါမဆုံးမီ အဘိညာဉ်ခြောက်ပါး၊ ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်ခြင်းငှာ စွမ်းနိုင်သောဘုရားအလောင်းတော်သည် ပညာဉာဏ်အထက်ဆုံးဖြစ်၍ ပညာဓိကဘုရားအလောင်း သို့မဟုတ် ဥဃဋိတညူဘုရားအလောင်းဟုခေါ်၏။

၂။ **သဒ္ဓါဓိကဘုရားအလောင်းတော်**

နိယတဗျာဒိတ်ခံယူသည့်ဘဝ၌ သာဝကဗောဓိဉာဏ်၌ စိတ်ညွတ်တော်မူလျှင် သဗ္ဗညုမြတ်စွာဘုရား၏ မျက်မှောက်တော်မှ လေးပါဒပါသော တစ်ဂါထာကိုကြားနာစဉ် ထိုဂါထာ၏ စတုတ္ထပါဒ မဆုံးမီ အဘိဉာဏ်ခြောက်ပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်ခြင်းငှာ စွမ်းနိုင်သောဘုရားအလောင်းတော်သည် ပညာဉာဏ်အလယ်အလတ်ဖြစ်၍ သဒ္ဓါဓိကဘုရားအလောင်း၊ သို့မဟုတ် ဝိပဥ္စိတညူဘုရားအလောင်းဟု ခေါ်၏။

၃။ **ဝိရိယာဓိက ဘုရားအလောင်းတော်**

နိယတဗျာဒိတ်ခံယူသည့်ဘဝ၌ သာဝကဗောဓိဉာဏ်၌ စိတ်ညွတ်တော်မူ

လျှင် သဗ္ဗညုမြတ်စွာဘုရား၏ မျက်မှောက်တော်မှ လေးပါဒပါသော တစ်ဂါထာကိုကြားနာစဉ် ထိုဂါထာပြီးဆုံးမှပင် အဘိညာဏ်ခြောက်ပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှာ စွမ်းနိုင်သော ဘုရားအလောင်းတော်သည် ပညာဉာဏ်(အထက်ပါအလောင်းတော်ကြီးများထက်) နန့်သောကြောင့် ဝီရိယာဓိက ဘုရားအလောင်း သို့မဟုတ် နေယျဘုရားအလောင်းဟု ခေါ်၏။

ထိုဘုရားအလောင်းသုံးမျိုးသည် ပညာထက်ခြင်း၊ ပညာအလယ်အလတ်ဖြစ်ခြင်း၊ ပညာနန့်ခြင်းဟူသော အကြောင်းရင်းများခြားနားသကဲ့သို့ ထိုဘုရားလောင်းတို့၏ ပါရမီတော်တို့ပြည့်စုံရာကာလအပိုင်းအခြားတို့သည်လည်း ခြားနားကြကုန်၏။

၁။ ပညာဓိကဘုရားအလောင်းတော်သည် လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်း

၂။ သဒ္ဓါဓိကဘုရားအလောင်းတော်သည် ရှစ်အသင်္ချေနှင့်ကမ္ဘာတစ်သိန်း

၃။ ဝီရိယာဓိက ဘုရားအလောင်းတော်သည် တစ်ဆယ့်ခြောက်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း – အသီးသီးကြာအောင် ပါရမီဖြည့်ကျင့်ရ၏။

အကြောင်းမှာ – ပညာဒိကဘုရားအလောင်းတော်မှာ သဒ္ဓါနန့်၍ ပညာထက်၏။ သဒ္ဓါဓိကဘုရားအလောင်းတော်မှာ သဒ္ဓါထက်၍ ပညာအလယ်အလတ်ဖြစ်၏။ ဝီရိယာဓိက ဘုရားအလောင်းတော်မှာ ဝီရိယာထက်၍ ပညာနန့်၏။ ပညာထက်ခြင်း၊ နန့်ခြင်း ကွဲပြားခြင်းကြောင့် ပါရမီဖြည့်သည့်ကာလ ကွာခြားရခြင်းဖြစ်၏။

## ၆၅။ မြတ်ဗုဒ္ဓဝင် ဖြစ်တော်စဉ်

၁။ ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် မဟာသက္ကရာဇ်(၆၇)ခုနှစ်၊ ဝါဆိုလပြည့်နေ့၊ ကြာသပတေးနေ့ ညသန်းခေါင်ယံတွင် မယ်တော်ဝမ်းတိုက်၌ ပဋိသန္ဓေယူတော်မူသည်။

၂။ မဟာသက္ကရာဇ်(၆၈)ခုနှစ်၊ ကဆုန်လပြည့်၊ သောကြာနေ့နံနက်တွင် ဖွားမြင်တော်မူသည်။

၃။ မဟာသက္ကရာဇ်(၉၆)ခုနှစ်တွင် ဥယျာဉ်တော်ထွက်တော်မူ၍ သူအို၊ သူနာ၊ သူသေ၊ ရဟန်း ဟူသော နိမိတ်ကြီးလေးပါးကို မြင်တော်မူသည်။

၄။ မဟာသက္ကရာဇ်(၉၇)ခုနှစ် ဝါဆိုလပြည့်နေ့ သန်းခေါင်ယံတွင် မြတ်သော တောထွက်ခြင်းကို ပြုတော်မူသည်။

၅။ မဟာသက္ကရာဇ်(၁၀၃)ခုနှစ် ကဆုန်လဆန်း(၁၄)ရက် အင်္ဂါနေ့ညတွင် အိပ်မက်ကြီးငါးပါးကို မြင်မက်တော်မူသည်။

၆။ မဟာသက္ကရာဇ်(၁၀၃)ခုနှစ် ကဆုန်လပြည့်နေ့၊ ဗုဒ္ဓဟူးနေ့၊ နေအရဏ်တက်ချိန်တွင် မာရ်ငါးပါးကို အောင်မြင်၍ သဗ္ဗညုတဉာဏ်တော်ရှင်ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

၇။ မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ဝါဆိုလပြည့်နေ့၊ စနေနေ့ညနေ၊ နေအဝင်၊ လထွက်စအချိန်တွင် ပဉ္စဝဂ္ဂီငါးဦးအား ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူသည်။

၈။ မဟာသက္ကရာဇ်(၁၀၄)ခုနှစ်၊ တပေါင်းလတွင် ခမည်းတော်ရှိရာ ကပိလဝတ်ပြည်သို့ ကြွမြန်းတော်မူသည်။

၉။ မဟာသက္ကရာဇ်(၁၁၇)ခုနှစ်၊ ဝါဆိုလဆန်း(၄)ရက်နေ့တွင် ဂါထာတစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော မဟာဥမင်္ဂဇာတ်တော်ကို ဟောကြားတော်မူသည်။

၁၀။ မဟာသက္ကရာဇ်(၁၁၇)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁)ရက်နေ့၊ သောကြာနေ့တွင် မဟာဇနကဇာတ်တော်ကို ဟောတော်မူသည်။

၁၁။ မဟာသက္ကရာဇ်(၁၁၇)ခုနှစ်၊ နတ်တော်လဆန်း(၄)ရက်၊ ဗုဒ္ဓဟူးနေ့ညချမ်းတွင် တေမိယဇာတ်တော်ကို ဟောတော်မူသည်။

၁၂။ မဟာသက္ကရာဇ်(၁၄၈)ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ ညဦးယံ၌ မလ္လာမင်းတို့အား တရားညွှန်ပြ၍ သန်းခေါင်ယံ၌ သုဘဒ္ဒပရိဗိုဇ်ကို ဆုံးမပြီး နောက်တစ်နေ့ အကူးမိုးသောက်ယံတွင် ရဟန်းတို့ဆုံးမတော်မူကာ အရဏ်တက်နီးလင်းအားကြီးအချိန်၌ ပရိနိဗ္ဗာန်စံဝင်တော်မူသည်။

၁၃။ မဟာသက္ကရာဇ်(၁၄၈)ခုနှစ်၊ ကဆုန်လပြည့်ကျော်(၁၂)ရက်နေ့၊ တနင်္ဂနွေနေ့တွင် မြတ်စွာဘုရား၏ ဥတုဇရုပ်ကလာပ်အလောင်းတော်ကို တေဇောဓာတ်လောင်ကျွမ်းတော်မူသည်။

၁၄။ မဟာသက္ကရာဇ်(၁၄၈)ခုနှစ်၊ နယုန်လဆန်း(၅)ရက်နေ့တွင် ရှစ်ပြည်ထောင်မင်းတို့ မြတ်ဗုဒ္ဓ၏ဓာတ်တော်များကို အစဉ်အဆက်ကိုးကွယ်တည်ထားနိုင်ရန် ဝေဖန်ခွဲခြမ်းခြင်းကိစ္စပြီးမြောက်တော်မူသည်။

# ၆၈။ နှစ်ကျိပ်ငါးဆူကုန်သော မြတ်စွာဘုရားတို့၏ ဗုဒ္ဓဝင်အကျဉ်းချုပ်

| စဉ် | ဘွဲ့တော် | ကမ္ဘာ | သက်တမ်း | မြို့တော် | ခမည်းတော် မယ်တော် | မိဖုရား | သားတော် | တောထွက်ပုံ | ဗောဓိပင် | အဂ္ဂသာဝကအစုံ | အဂ္ဂသာဝိကာအစုံ | အလုပ်အကျွေး |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ဒီပင်္ကရာ | သာရမဏ္ဍကမ္ဘာ | တစ်သိန်း | ရမ္မာဝတီ | သုဒေဝမင်းကြီး<br>သုမေဓာမိဖုရား | ပဒုမာဒေဝီ | ဥသဘက္ခန္ဓမင်းသား | ဆင်ယာဉ်ဖြင့်တောထွက်တော်မူသည် | ညောင်ကြတ်ပင် | သုမင်္ဂလမထေရ်<br>တိဿမထေရ် | နန္ဒာထေရီ<br>သုနန္ဒာထေရီ | သာဂတမထေရ် |
| ၂။ | ကောဏ္ဍည | သာရကမ္ဘာ | တစ်သိန်း | ရမ္မာဝတီ | သုနန္ဒမင်းကြီး<br>သုဇာတာမိဖုရား | ရုစိဒေဝီ | ဝိဇိတသေနမင်းသား | မြင်းကသောရထားယာဉ်ဖြင့်<br>တောထွက်တော်မူသည် | နဘဲပင် | ဘဒ္ဒမထေရ်<br>သုဘဒ္ဒမထေရ် | တိဿာထေရီ<br>ဥပတိဿာထေရီ | အနုရုဒ္ဓမထေရ် |
| ၃။ | မင်္ဂလ | သာရမဏ္ဍကမ္ဘာ | ကိုးသောင်း | ဥတ္တရ | ဥတ္တရမင်းကြီး<br>ဥတ္တရာမိဖုရား | ယသဝတီ | သီဝလမင်းသား | အာဇာနည်မြင်းတော်စီး၍<br>တောထွက်တော်မူသည် | ကံ့ကော်ပင် | သုဒေဝမထေရ်<br>ဓမ္မသေနမထေရ် | သီဝလာထေရီ<br>အသောကာထေရီ | ပါလိတမထေရ် |
| ၄။ | သုမန | သာရမဏ္ဍကမ္ဘာ | ကိုးသောင်း | မေခလ | သုဒတ္တမင်းကြီး<br>သိရိမာမိဖုရား | ဝဋံသိကာ | အနုပမမင်းသား | ဆင်ယာဉ်ဖြင့် တောထွက်တော်မူသည် | ကံ့ကော်ပင် | သရဏမထေရ်<br>ဘာဝိတတ္တမထေရ် | သောဏာထေရီ<br>ဥပသောဏာထေရီ | ဥဒေနမထေရ် |
| ၅။ | ရေဝတ | သာရမဏ္ဍကမ္ဘာ | ခြောက်<br>သောင်း | သုဓညဝတီ | ဝိပုလမင်းကြီး<br>ဝိပုလာမိဖုရား | သုဒဿနာ | ဝရုဏမင်းသား | အခြံအရံများစွာဖြင့်<br>တောထွက်တော်မူသည် | ကံ့ကော်ပင် | ဝရုဏမထေရ်<br>ဗြဟ္မဒေဝမထေရ် | ဘဒ္ဒါထေရီ<br>သုဘဒ္ဒါထေရီ | သမ္ဘဝမထေရ် |
| ၆။ | သောဘိတ | သာရမဏ္ဍကမ္ဘာ | ကိုးသောင်း | သုဓမ္မ | သုဓမ္မမင်းကြီး<br>သုဓမ္မာမိဖုရား | မကိလာဒေဝီ | သီဟမင်းသား | နန်းတော်မှာပင်နေ၍ ဒုက္ကရစရိယာ<br>ကျင့်တော်မူသည် | ကံ့ကော်ပင် | အသမ မထေရ်<br>သုနေတ္တမထေရ် | နကုလာထေရီ<br>သုဇာတာထေရီ | အနောမ မထေရ် |
| ၇။ | အနောမ<br>ဒဿီ | ဝရကမ္ဘာ | တစ်သိန်း | စန္ဒဝတီ | ယသဝါမင်းကြီး<br>ယသောဓရာမိဖုရား | သိရိမာဒေဝီ | ဥပဝါဏမင်းသား | ရွှေထမ်းစင်စီးကာ<br>တောထွက်တော်မူသည် | ထောက်ကြံ့ပင် | နိသဘမထေရ်<br>အနောမ မထေရ် | သုန္ဒရီထေရီ<br>သုမနာထေရီ | ဝရုဏမထေရ် |
| ၈။ | ပဒုမ | ဝရကမ္ဘာ | တစ်သိန်း | စမ္ပက | အသမ မင်းကြီး<br>အသမာဒေဝီ | ဥတ္တရာ | ရမ္မမင်းသား | အာဇာနည်မြင်းကသောရထားဖြင့်<br>တောထွက်တော်မူသည် | ကြောင်လျှာကြီးပင် | သာလမထေရ်<br>ဥပသာလမထေရ် | ရာမာထေရီ<br>သုရာမာထေရီ | ဝရုဏမထေရ် |
| ၉။ | နာရဒ | ဝရကမ္ဘာ | ကိုးသောင်း | ဓညဝတီ | သုဒေဝစကြာမင်းကြီး<br>အနောမာမိဖုရား | ဝိဇိတသေနာ | နန္ဒုတ္တရမင်းသား | ခြေလျင်ကြွ၍တောထွက်တော်မူသည် | ကြောင်လျှာနီပင် | ဘဒ္ဒသာလမထေရ်<br>ဝိဇိတမိတ္တမထေရ် | ဥတ္တရာထေရီ<br>ဖဂ္ဂုနီထေရီ | ဝါသေဋ္ဌမထေရ် |
| ၁၀။ | ပဒုမုတ္တရ | သာရကမ္ဘာ | တစ်သိန်း | ဟံသဝတီ | အာနန္ဒမင်းကြီး<br>သုဇာတာမိဖုရား | ဝသုဒတ္တာဒေဝီ | ဥတ္တရမင်းသား | ရွှေနန်းပြာသာဒ်တော်ဖြင့်<br>တောထွက်တော်မူသည် | ထင်းရှူးပင် | ဒေဝလမထေရ်<br>သုဇာတမထေရ် | အမိတာထေရီ<br>အသမာထေရီ | သုမနမထေရ် |

| စဉ် | ဘွဲ့တော် | ကမ္ဘာ | သက်တမ်း | မြို့တော် | ခမည်းတော် မယ်တော် | မိဖုရား | သားတော် | တောထွက်ပုံ | တေဝိပင် | အဂ္ဂသာဝကအစုံ | အဂ္ဂသာဝိကာအစုံ | အလုပ်အကျွေး |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၁။ | သုမေဓ | မဏ္ဍကမ္ဘာ | ကိုးသောင်း | သုဒဿန | သုဒတ္တမင်းကြီး<br>သုဒတ္တာမိဖုရား | သုမနာဒေဝီ | ပုန္နဝသုမင်းသား | ဆင်ယာဉ်ဖြင့် တောထွက်တော်မူ၏။ | ကျည်းပင် | သရဏမထေရ်<br>သဗ္ဗကာမ မထေရ် | ရာမထေရီ<br>သုရာမာထေရီ | သာဂရမထေရ် |
| ၁၂။ | သုဇာတ | မဏ္ဍကမ္ဘာ | ကိုးသောင်း | သုမင်္ဂလ | ဥဂ္ဂတမင်းကြီး<br>ပဘာဝတီ မိဖုရား | သိရိနန္ဒာဒေဝီ | ဥပသေနမင်းသား | မြင်းတော်စီး၍တောထွက်တော်မူသည် | ကြခတ်ဝါးပင် | သုဒဿနမထေရ်<br>သုဒေဝမထေရ် | နာဂါထေရီ<br>နာဂသမာလာထေရီ | နာရဒမထေရ် |
| ၁၃။ | ပိယဒဿီ | ဝရကမ္ဘာ | ကိုးသောင်း | သုဓညဝတီ | သုဒတ္တမင်းကြီး<br>စန္ဒာဒေဝီမိဖုရား | ဝိမလာဒေဝီ | ကဥ္စနာဝေဠုမင်းသား | အာဇာနည်မြင်းကသောရထားဖြင့်<br>တောထွက်တော်မူသည် | ရေခံတက်ပင် | ပါလိတမထေရ်<br>သဗ္ဗဒဿီမထေရ် | သုဇာတာထေရီ<br>ဓမ္မဒိန္နာထေရီ | သောဘိတမထေရ် |
| ၁၄။ | အတ္ထဒဿီ | ဝရကမ္ဘာ | တစ်သိန်း | သောဘဏ | သာဂရမင်းကြီး<br>သုဒဿနာမိဖုရား | ဝိသာခါဒေဝီ | သေလမင်းသား | မြင်းတော်ကိုစီး၍<br>တောထွက်တော်မူသည် | စကားပင် | သန္တမထေရ်<br>ဥပသန္တမထေရ် | ဓမ္မာထေရီ<br>သုဓမ္မာထေရီ | အဘယမထေရ် |
| ၁၅။ | ဓမ္မဒဿီ | ဝရကမ္ဘာ | တစ်သိန်း | သရဏ | သရဏမင်းကြီး<br>သုနန္ဒာဒေဝီမိဖုရား | ဝိစိကောဠိ<br>ဒေဝီ | ပုညဝမ္မနမင်းသား | ရွှေနန်းပြာသာဒ်နှင့်အတူ<br>တောထွက်တော်မူသည် | မျက်နာပန်းပင် | ပဒုမ မထေရ်<br>ဖုဿဒေဝမထေရ် | ခေမာထေရီ<br>သစ္စနာမာထေရီ | သုနေတ္တမထေရ် |
| ၁၆။ | သိဒ္ဓတ္ထ | သာရကမ္ဘာ | တစ်သိန်း | ဝေဘာရ | ဥဒေနမင်းကြီး<br>သုဖဿာ | သောမနဿ<br>ဒေဝီ | အနုပမမင်းသား | ရွှေထမ်းစင်စီးလျက်<br>တောထွက်တော်မူသည် | မဟာလေကားပင် | သမ္ဗလမထေရ်<br>သုမိတ္တမထေရ် | သိဝလာထေရီ<br>သုရာမာထေရီ | ရေဝတမထေရ် |
| ၁၇။ | တိဿ | မဏ္ဍကမ္ဘာ | တစ်သိန်း | ခေမက | ဇနသန္ဓမင်းကြီး<br>ပဒုမာဒေဝီ | သုဘဒ္ဒါဒေဝီ | အာနန္ဒမင်းသား | အာဇာနည်မြင်းကိုစီးလျက်<br>တောထွက်တော်မူသည် | ပိတောက်ပင် | ဗြဟ္မဒေဝမထေရ်<br>ဥဒယမထေရ် | ဖုဿာထေရီ<br>သုဒတ္တာထေရီ | သမင်္ဂမထေရ် |
| ၁၈။ | ဖုဿ | မဏ္ဍကမ္ဘာ | ကိုးသောင်း | ကာသိက | ဇယသေနမင်းကြီး<br>သိရိမာမိဖုရားကြီး | ကိသာဂေါတမီ | အနုပမမင်းသား | ဆင်ယာဉ်ကိုစီးလျက်<br>တောထွက်တော်မူသည် | ရှီရှားပင် | သုရက္ခိတမထေရ်<br>ဓမ္မသေနမထေရ် | စာလာထေရီ<br>ဥပစာလာထေရီ | သဘိယမထေရ် |
| ၁၉။ | ဝိပဿီ | သာရကမ္ဘာ | ရှစ်သောင်း | ဗန္ဓုမတီ | ဗန္ဓုမမင်းကြီး<br>ဗန္ဓုမတီမိဖုရားကြီး | သုဒဿနာ<br>ဒေဝီ | သမဝတ္တက္ခန္ဓမင်းသား | မြင်းကသောရထားယာဉ်ဖြင့်<br>တောထွက်တော်မူသည် | သခွတ်ပင် | ခဏ္ဍမထေရ်<br>တိဿမထေရ် | စန္ဒာထေရီ<br>စန္ဒမိတ္တာထေရီ | အသောကမထေရ် |
| ၂၀။ | သိခီ | မဏ္ဍကမ္ဘာ | ခုနစ်သောင်း | အရုဏဝတီ | အရုဏမင်းကြီး<br>ပဘာဝတီမိဖုရားကြီး | သဗ္ဗကာမာ<br>ဒေဝီ | အတုလမင်းသား | ဆင်ယာဉ်စီးပြီး တောထွက်တော်မူ<br>သည် | သရက်ဖြူပင် | အဘိဘူမထေရ်<br>သမ္ဘဝမထေရ် | သခိလာထေရီ<br>ပဒုမာထေရီ | ခေမင်္ကရမထေရ် |

| စဉ် | ဘွဲ့တော် | ကမ္ဘာ | သက်တမ်း | မြို့တော် | ခမည်းတော် မယ်တော် | မိဖုရား | သားတော် | တောထွက်ပုံ | တေဝိပင် | အဂ္ဂသာဝကအစုံ | အဂ္ဂသာဝိကာအစုံ | အလုပ်အကျွေး |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂၁။ | ဝေဿဘူ | မဏ္ဍကမ္ဘာ | ခြောက်သောင်း | အနောမ | သုပ္ပတီတမင်းကြီး<br>ယသဝဒီမိဖုရား | သုစိတ္တာဒေဝီ | သုပ္ပဗုဒ္ဓမင်းသား | ရွှေထမ်းစင်စီးတော်မူပြီး<br>တောထွက်တော်မူသည် | အင်ကြင်းပင် | သောဏာမထေရ်<br>ဥတ္တရမထေရ် | ရာမာထေရီ<br>သမာလာထေရီ | ဥပသန္တမထေရ် |
| ၂၂။ | ကကုသန္ဓ | ဘဒ္ဒကမ္ဘာ | လေးသောင်း | ခေမဝတီ | ခေမက်ရှင်မင်းကြီး၏<br>ပုရောဟိတ်အဂ္ဂိဒတ္တ<br>ပုဏ္ဏား<br>ဝိသာခါပုဏ္ဏေးမ | ရောစိနီ<br>ပုဏ္ဏေးမ | ဥတ္တရသတို့သား | အာဇာနည်မြင့်ကသောရထားဖြင့်<br>တောထွက်တော်မူသည် | ကုက္ကိုပင် | ဝိဓုရမထေရ်<br>သဉ္ဇီဝမထေရ် | သာမာထေရီ<br>စမ္ပာထေရီ | ဗုဒ္ဓိဇမထေရ် |
| ၂၃။ | ကောဏာဂမန | ဘဒ္ဒကမ္ဘာ | သုံးသောင်း | သောဘဝတီ | ယညဒတ္တပုဏ္ဏားကြီး<br>ဥတ္တရာပုဏ္ဏေးမ | ရုစိဂတ္တာ<br>ပုဏ္ဏေးမ | သတ္တဝါဟသတို့သား | ဆင်ယာဉ်စီး၍တောထွက်တော်မူသည် | ရေသပန်းပင် | ဘိယျောသမထေရ်<br>ဥတ္တရမထေရ် | သမုဒ္ဒါထေရီ<br>ဥတ္တရာထေရီ | သောတ္ထိဇမထေရ် |
| ၂၄။ | ကဿပ | ဘဒ္ဒကမ္ဘာ | နှစ်သောင်း | ဗာရာဏသီ | ဗြဟ္မဒတ္တပုဏ္ဏားကြီး<br>ဓနဝတီပုဏ္ဏေးမ | သုနန္ဒာ<br>ပုဏ္ဏေးမ | ဝိဇိတသေန<br>သတို့သား | စံနန်းပြာသာဒ်နှင့်အတူ<br>တောထွက်တော်မူသည် | ပညောင်ပင် | တိဿမထေရ်<br>ဘာရဒွါဇမထေရ် | အနုဠာထေရီ<br>ဥရုဝေလာထေရီ | သဗ္ဗမိတ္တမထေရ် |
| ၂၅။ | ဂေါတမ | ဘဒ္ဒကမ္ဘာ | တစ်ရာ | ကပိလဝတ် | သုဒ္ဓေါဒနမင်းကြီး<br>မဟာမာယာမိဖုရားကြီး | ယသောဓရာ<br>ဒေဝီ | ရာဟုလာမင်းသား | မြင်းယာဉ်စီးပြီးတောထွက်တော်မူသည် | | သာရိပုတ္တရာမထေရ်<br>မဟာမောဂ္ဂလာန်<br>မထေရ် | ခေမာထေရီ<br>ဥပ္ပလဝဏ်ထေရီ | အာနန္ဒာမထေရ် |

မှတ်ချက် ။ ။ ကမ္ဘာ (၆) မျိုး

(၁) ဘုရားမပွင့်သောကမ္ဘာသည် သုညကမ္ဘာမည်၏။
(၂) ဘုရားတစ်ဆူပွင့်သောကမ္ဘာသည် သာရကမ္ဘာမည်၏။
(၃) ဘုရားနှစ်ဆူပွင့်သောကမ္ဘာသည် မဏ္ဍကမ္ဘာမည်၏။
(၄) ဘုရားသုံးဆူပွင့်သောကမ္ဘာသည် ဝရကမ္ဘာမည်၏။
(၅) ဘုရားလေးဆူပွင့်သောကမ္ဘာသည် သာရမဏ္ဍကမ္ဘာမည်၏။
(၆) ဘုရားငါးဆူပွင့်သောကမ္ဘာသည် ဘဒ္ဒကမ္ဘာမည်၏။

## ၆၉။ ဂေါတမမြတ်စွာဘုရားအလောင်းတော် ဗျာဒိတ်ခံယူခဲ့ပုံ

ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် ဒီပင်္ကရာမြတ်စွာဘုရားအစ ကဿပမြတ်စွာဘုရားအဆုံး နှစ်ကျိပ်လေးဆူကုန်သော မြတ်စွာဘုရားရှင်တို့၏အထံ တော်၌ နိယတဗျာဒိတ်ခံတော်မူခဲ့ပုံမှာ အောက်ပါအတိုင်းဖြစ်ပေ၏။

| အမှတ်စဉ် | ကမ္ဘာအမည် | မြတ်စွာဘုရားအမည် | ဗျာဒိတ်တော်ခံယူသည့်ဘဝ |
|---|---|---|---|
| ၁။ | သာရမဏ္ဍကမ္ဘာ | ဒီပင်္ကရာမြတ်စွာဘုရား | သုမေဓာရှင်ရသေ့ |
| ၂။ | သာရကမ္ဘာ | ကောဏ္ဍညမြတ်စွာဘုရား | ဝိဇိတာဝီစကြဝတေးမင်းမှ ရဟန်းဘဝ |
| ၃။ | သာရမဏ္ဍကမ္ဘာ | မင်္ဂလမြတ်စွာဘုရား | သုရုစိပုဏ္ဏားမှ ရဟန်းဘဝ |
| ၄။ | သာရမဏ္ဍကမ္ဘာ | သုမနမြတ်စွာဘုရား | အတုလနဂါးမင်း |
| ၅။ | သာရမဏ္ဍကမ္ဘာ | ရေဝတမြတ်စွာဘုရား | အတိဒေဝပြဟ္မဏ |
| ၆။ | သာရမဏ္ဍကမ္ဘာ | သောဘိတမြတ်စွာဘုရား | အဇိတပြဟ္မဏ |
| ၇။ | ဝရကမ္ဘာ | အနောမဒဿီမြတ်စွာဘုရား | သေနဒိဗ္ဗဘီလူးမင်း |
| ၈။ | ဝရကမ္ဘာ | ပဒုမမြတ်စွာဘုရား | ခြင်္သေ့မင်း |
| ၉။ | ဝရကမ္ဘာ | နာရဒမြတ်စွာဘုရား | ဇဋိလရသေ့ |
| ၁၀။ | သာရကမ္ဘာ | ပဒုမုတ္တရမြတ်စွာဘုရား | ဇဋိလသူဌေး |
| ၁၁။ | မဏ္ဍကမ္ဘာ | သုမေဓမြတ်စွာဘုရား | ဥတ္တရလုလင် ပုဏ္ဏားမှ ရဟန်းဘဝ |
| ၁၂။ | မဏ္ဍကမ္ဘာ | သုဇာတမြတ်စွာဘုရား | စကြဝတေးမင်းမှရဟန်းဘဝ |
| ၁၃။ | ဝရကမ္ဘာ | ပိယဒဿီမြတ်စွာဘုရား | ကဿပပုဏ္ဏား |
| ၁၄။ | ဝရကမ္ဘာ | အတ္ထဒဿီမြတ်စွာဘုရား | သုသီမရသေ့ |
| ၁၅။ | ဝရကမ္ဘာ | ဓမ္မဒဿီမြတ်စွာဘုရား | သိကြားမင်း |
| ၁၆။ | သာရကမ္ဘာ | သိဒ္ဓတ္ထမြတ်စွာဘုရား | မင်္ဂလရသေ့ |
| ၁၇။ | မဏ္ဍကမ္ဘာ | တိဿမြတ်စွာဘုရား | သုဇာတကေရာဇ်မင်း- ထိုမှရသေ့ |
| ၁၈။ | မဏ္ဍကမ္ဘာ | ဖုဿမြတ်စွာဘုရား | ဝိဇိတာဝီမင်းမှ ရဟန်းဘဝ |
| ၁၉။ | သာရကမ္ဘာ | ဝိပဿီမြတ်စွာဘုရား | အတုလနဂါးမင်း |
| ၂၀။ | မဏ္ဍကမ္ဘာ | သိခီမြတ်စွာဘုရား | အရိန္ဒမမင်း |
| ၂၁။ | မဏ္ဍကမ္ဘာ | ဝေဿဘူမြတ်စွာဘုရား | သုဒဿနမင်းမှ ရဟန်းဘဝ |
| ၂၂။ | ဘဒ္ဒကမ္ဘာ | ကကုသန္ဓမြတ်စွာဘုရား | ခေမာမင်းမှ ရဟန်းဘဝ |
| ၂၃။ | ဘဒ္ဒကမ္ဘာ | ကောဏာဂမနမြတ်စွာဘုရား | ပဗ္ဗတမင်းမှ ရဟန်းဘဝ |
| ၂၄။ | ဘဒ္ဒကမ္ဘာ | ကဿပမြတ်စွာဘုရား | ဇောတိပါလပုဏ္ဏားမှ ရဟန်းဘဝ |

မှတ်ချက် ။ ။ ဗျာဒိတ်တော်ခံယူခဲ့သည့်ဘဝတို့ကို ချုပ်၍ဆိုရလျှင် -

(က) ရသေ့ဘဝ (၅) ဘဝ (ဃ) နဂါးဘဝ (၂) ဘဝ
(ခ) ရဟန်းဘဝ (၉) ဘဝ (င) ဘဝတစ်မျိုးစီ (၃) ဘဝ
(ဂ) လူဘဝ (၅) ဘဝ စုစုပေါင်း(၂၄)ဘဝဖြစ်၏။

# အပိုင်း (၂)

# ဓမ္မရတနာ

## ၁။ ဓမ္မရတနာ

ဗုဒ္ဓရတနာ ဤလောကၷ ပေါ်ထွန်းလာလျှင် ဓမ္မရတနာသည်လည်း ပေါ်ထွန်းလာရမြဲဖြစ်၏။ ဆွေမျိုး ဉာတကာတို့အကျိုး၊ လောကအကျိုးတို့ကို ဆောင်ကြဉ်းပေးနိုင်ရန် ပါရမီတော်များကို အပတ်တကုတ် ကြိုးစား ဖြည့်ဆည်းပြီးမှ သဗ္ဗညုတဉာဏ်တော်မြတ်ကြီးကို ရရှိတော်မူခဲ့သော မြတ်စွာဘုရားသည် သတ္တဝါတို့အပေါ်ထားရှိအပ်သည့် ကြီးမားသော မဟာကရုဏာ၊ မေတ္တာတော်တို့ဖြင့် လောကီချမ်းသာ၊ လောကုတ္တရာနှစ်ဖြာသော ချမ်းသာကို ရရှိခံစားနိုင်ကြစေရန် နေ့မနား၊ ညမနား တရားတော်များကို ဟောကြားတော်မူခဲ့၏။ ဤသို့ဖြင့် ဗုဒ္ဓရတနာ ပေါ်ထွန်းလာသည်နှင့်တစ်ပြိုင်နက် ဓမ္မရတနာသည်လည်း ပေါ်ထွန်းလာရတော့၏။

ဓမ္မရတနာဟူသည် အဘယ်နည်း။ မြတ်စွာဘုရား၊ ဘုရားဖြစ်တော်မူချိန်မှ အစပြု ဟောကြားခဲ့သော **"ဒွေမေဘိက္ခဝေအန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ"** အစရှိ ဓမ္မစကြာ တရားတော်မှအစ **"ဟန္ဒဒါနိဘိက္ခဝေ အာမန္တယာမိဝေါ၊ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပါဒေထ"** ဂါထာတော်အဆုံး အလုံးစုံသော နှုတ်မြွက်စကား ဒေသနာတော်အားလုံးသည် **"ဓမ္မ"** ဖြစ်ကုန်၏။

ထိုဓမ္မသည် သတ္တဝါတို့အား ချမ်းသာရန်အလို့ငှာ ဟောကြားတော်မူခဲ့သောကြောင့် – ကြားနာရသူ၏စိတ်ကို ကြည်လင်စေ၏။ သန့်ရှင်းစေ၏။ အပူကို ငြိမ်းစေ၏။ ကိုယ်ရောစိတ်ပါ ငြိမ်းချမ်းစေ၏။ အမှားအမှန်ကို ခွဲခြားဝေဖန်နိုင်သည့် ပညာကို ရင့်သန်စေ၏။ မဂ်လေးတန်၊ ဖိုလ်လေးတန်နှင့် နိဗ္ဗာန်ကို ကိုယ်တိုင်မျက်မှောက်ပြုနိုင်ကြ၏။

ဓမ္မဆိုသည်မှာ လောကကြီးအတွင်း၌ မိမိ၏ပင်ကိုယ်သဘောသဘာဝအတိုင်း တည့်မတ်မှန်ကန်စွာ တည်ရှိနေသော အရာခပ်သိမ်း၊ သဘောခပ်သိမ်းကို ဆိုပါ၏။ မည်သည့်အခါမျှ ပြောင်းလဲသွားခြင်းမရှိ၊ ထာဝရမှန်ကန်နေသော တရားဖြစ်၏။ အကောင်းကိုပြုလုပ်လျှင် အကောင်းဖြစ်လာ၏။ အဆိုးကိုပြုလျှင် အဆိုးဖြစ်လာ၏။ အကျိုးရှိသောအလုပ်ကိုလုပ်လျှင် အကျိုးကိုရ၏။ အကျိုးမဲ့သောအလုပ်ကိုလုပ်လျှင် အကျိုးမဲ့သောဆင်းရဲခြင်းကိုသာရ၏။

တစ်နည်းဆိုရသော် တရားသည် အမှန်ရှိသော သဘောတရားမှန်သမျှကိုခေါ်၏။ မိမိတို့၌ရှိသော သဘောသည်လည်းကောင်း၊ အစွမ်းသည်လည်းကောင်း ဘယ်သောအခါမျှ ဖောက်ပြန်ပြောင်းလဲခြင်းမရှိ၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးစလုံး၌ ကေန်အမှန်ပြုပြင်ပြောင်းလဲနေ၏။ မည်သူမပြု၊ မည်သူမျှ မဖန်တီး၊ သူ့သဘောသူဆောင်လျက် ရှိကုန်၏။

မီးသည် ပူ၏။ အရာခပ်သိမ်းကို လောင်ကျွမ်းသွားစေတတ်၏။ မည်သူတစ်ဦးတစ်ယောက်မျှ မပူနှင့်၊ အေးပါစေဟု ဖန်တီးတားမြစ်၍မရ၊ ကုသိုလ်၊ အကုသိုလ်တို့သည်လည်း ဓမ္မများဖြစ်ကြ၏။ ကိုယ်ပိုင်စွမ်းရည်များရှိကြ၏။ ယနေ့တွင်ရှိနေသလို မနေ့ကလည်းရှိခဲ့၏။ နက်ဖြန်မှာလည်း ရှိနေမည်သာ ဖြစ်၏။ ယင်းသည်ပင်လျှင် ဓမ္မ၏ မှန်ကန်သော သဘောဖြစ်၏။

ဤသဘောသည် လွယ်လွန်းသည်၊ ရိုးစင်းလွန်းသည်ဟု ထင်ရသော်လည်း စင်စစ်မှာမူ သိရန်ခဲယဉ်းလှ၏။ သဗ္ဗညုတဉာဏ်ပိုင်ရှင်၊ မြတ်စွာဘုရားရှင် ပွင့်တော်မူမှသာ ကြားနိုင်၊ မြင်နိုင်၊ နှလုံးသွင်းနိုင်သော တရားဖြစ်၏။ ထိုဓမ္မကို သိရုံမြင်ရုံမျှနှင့် အကျိုးများ၏။ ထိုဓမ္မ၏ ပင်ကိုယ်သဘောကို သိရှိနားလည် နှလုံးသွင်းနိုင်လျှင် ပို၍ အကျိုးများလှ၏။ ထိုဓမ္မ၏ လမ်းညွှန်ရာအတိုင်း လိုက်နာကျင့်ကြံနိုင်လျှင်မူကား နိဗ္ဗာန်ကိုပင် မျက်မှောက်ပြုနိုင်ကြ၏။

ပမာသော်ကား – "သဗ္ဗေဓမ္မာ အနတ္တာ" (ခပ်သိမ်းသောတရားအပေါင်းသည် မည်သူတစ်ဦးတစ်ယောက်ကမျှ မဖန်တီး၊ မပြုလုပ်၊ သူ့သဘောအတိုင်း သူဖြစ်နေ၏။) ဟူသော ဓမ္မသဘောကို နာကြားသိရှိလိုက်သည်နှင့် "ငါ"ဟူသော "အတ္တ"သည် ပြုတ်၏။ ထို့အတူ "ယေဓမ္မာ ဟေတုပ္ပဘဝါ" အစရှိသော ဂါထာကို နာကြားရခိုက်တွင် ဂါထာတစ်ဝက်မျှ နာကြားရရုံမျှဖြင့် ဂါထာမဆုံးမီအချိန်၌ပင် "ဒိဋ္ဌိ ဝိစိကိစ္ဆာ" ပြုတ်၍ ဓမ္မသေနာပတိ၊ အရှင်သာရိပုတ္တရာမထေရ်မြတ်အလောင်းတော် ဥပတိဿ ပရိဗိုဇ်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

မြတ်စွာဘုရားသည် ထိုဓမ္မခေါ် တရားကို သိမြင်ရရှိနိုင်ရန်အလို့ငှာ၊ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီတော်များကို ဖြည့်ကျင့်လျက် ရှာဖွေခဲ့ရ၏။ ထိုထိုသော ဓမ္မတို့၏ ဖြစ်တည်ခြင်းသဘော၊ ပျက်ယွင်းကုန်ဆုံးသောသဘော၊ အစိုးမရသော သဘောတို့နှင့်တကွ ထိုဓမ္မတို့၏ မမြဲ၊ ဆင်းရဲ၊ မိမိအလိုမလိုက်သောသဘောတို့ ကုန်ဆုံးချုပ်ငြိမ်းရာ နိဗ္ဗာန်၏သဘောတို့ကို သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် သိမြင်တော်မူခဲ့၏။ ထို့ကြောင့် မြတ်စွာဘုရားဟောကြားတော်မူအပ်သော တရားတော်သည် –

(၁) ကောင်းစွာဟောကြားအပ်သော "သွာက္ခာတ"ဂုဏ်တော်၊

(၂) ကိုယ်တိုင်သိမြင်အပ်သော "သန္ဒိဋ္ဌိက"ဂုဏ်တော်၊

(၃) အခါမလင့်၊ အချိန်မဆိုင်းဘဲ ချက်ချင်းအကျိုးပေးတတ်သော "အကာလိက"ဂုဏ်တော်၊

(၄) လာလှည့်ပါ၊ ရှုလှည့်ပါဟု ဖိတ်ခေါ်ထိုက်သော "ဧဟိပဿိက"ဂုဏ်တော်၊

(၅) မိမိ၏စိတ်သန္တာန်၌ အစဉ်ကပ်၍ဆောင်ထိုက်သော "ဩပနေယျိက" ဂုဏ်တော်၊

(၆) အသီးသီးသိမြင်ခံစားအပ်သော "ပစ္စတ္တံဝေဒိတဗ္ဗ"ဂုဏ်တော် – (၆)ပါးနှင့် ပြည့်စုံလျက် လိုက်နာကျင့်ကြံသူတို့၏ စီးပွားချမ်းသာကို ဆောင်နိုင်၏။

## ၂။ အခြံထာဝရအလေးထားပူဇော်အပ်သော တရားတော်

မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ထိုးထွင်းသိမြင်အပ်သော တရားတော်ကို မြတ်စွာဘုရားကိုယ်တော်တိုင် မှီဝဲအားထားရာအဖြစ် ပူဇော်တော်မူခဲ့၏။ မြတ်စွာဘုရား၏ တပည့်သာဝကများကိုလည်း မိမိကဲ့သို့ပင် အမြဲမပြတ်မှီဝဲဆည်းကပ်ပူဇော်နေကြရန် မိန့်ကြားတော်မူခဲ့၏။ တရားတော်ကို အစဉ်အလေးထားပူဇော်နေသူသည် ဘုရားနှင့်အတူရှိနေသူ၊ တရားတော်ကို မြင်သူသည် ဘုရားကိုမြင်သူဟူ၍လည်း မိန့်မှာတော်မူခဲ့၏။

ထို့ကြောင့်ပင် မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံခါနီးအချိန်တွင် –

"ချစ်သားအာနန္ဒာ – ငါဘုရားသည် သုတ်နှင့်အဘိဓမ္မာတရားတော်ကိုလည်း ဟောတော်မူခဲ့ပြီးပြီ။ ဝိနည်းတရားတော်ကိုလည်း ပညတ်တော်မူခဲ့ပြီးပြီ။ ထိုသုတ်၊ ဝိနည်း၊ အဘိဓမ္မာ(ပိဋကသုံးပုံ) တရားတော်များသည် ငါဘုရား ပရိနိဗ္ဗာန်စံ၍ မရှိတော့သည့်အခါ သင်ချစ်သားတို့အတွက် ငါကိုယ်စားအဖြစ် ကျန်ရစ်လိမ့်မည်။ တရားတော်ကို ဘုရားအဖြစ် မှီဝဲပူဇော်နေရစ်ကြ"ဟု မိန့်မှာတော်မူခဲ့သည်ကို ထောက်ရှုလျှင် ဓမ္မဟူသော တရားတော်သည် ကိုယ်နှင့်မကွာ အစဉ်ထားရှိလိုက်နာကျင့်ကြံအပ်ကြောင်း သိသာနိုင်ပါ၏။

## ၃။ တရားတူသော အမိဗ္ဗာယ်အနှစ်ချုပ်

မြတ်စွာဘုရားဟောကြားအပ်သော တရားတော်၏ ကြီးကျယ်များပြားပုံကို ပိဋကတ်ကျမ်းများက ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်အဖြစ် ဖော်ပြကြ၏။ မြတ်စွာဘုရားသည် တရားတော်မြတ်ကို ကိုယ်တော်တိုင် ကျင့်ကြံသိမြင်တော်မူပြီး မည်သည့်လူနတ်ပညာရှိကြီးများကမျှ ပိုသည်လိုသည်၊ မှားသည်ဟု ဖြည့်စွက်ခြင်း၊ ပယ်နုတ်ခြင်း မရှိအောင် ထက်ဝန်းကျင်ပြည့်စုံတော်မူသော တရားတော်မြတ်ကို ဟောကြားတော်မူခဲ့၏။

ဆယ်ပါးသောတရား

| | | |
|---|---|---|
| (၁) | သောတာပတ္တိမဂ် | မဂ်တရား ၄–ပါး |
| (၂) | သကဒါဂါမိမဂ် | |
| (၃) | အနာဂါမိမဂ် | |
| (၄) | အရဟတ္တမဂ် | |

(၅) သောတာပတ္တိဖိုလ်
(၆) သကဒါဂါမိဖိုလ်
(၇) အနာဂါမိဖိုလ်
(၈) အရဟတ္တဖိုလ်
} ဖိုလ်တရား ၄–ပါး

(၉) နိဗ္ဗာန်တရား – ၁–ပါး
(၁၀) ပရိယတ္တိတရား – ၁–ပါး

တရားတော်သည် အမျိုးအစားအားဖြင့် ၄–ပါး၊ အရေအတွက်အားဖြင့် ၁၀–ပါး ရှိ၏။ ပိဋကတ်သုံးပုံ ပါဠိတော်၊ အဋ္ဌကထာ (သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရား)တို့သည် လေ့လာသင်ယူရမည့်တရားဖြစ်၍ ပရိယတ္တိတရား တစ်ခုဖြစ်၏။ သင်ယူလေ့လာရုံမျှနှင့် မရဘဲ လက်တွေ့ကျင့်ကြံအားထုတ်မှ ရနိုင်မျက်မှောက်ပြုနိုင်သော တရားတို့သည် မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်တရား၊ (၉)ပါးရှိ၏။ ယင်းကိုးပါးကို လောကုတ္တရာ တရားများဟုခေါ်ဆို၏။

တရားစာပေကို မှတ်သားထားရာ စာအုပ်စာပေများကို တရားဘဏ္ဍာတိုက်များ ဟုခေါ်၍ ဓမ္မစေတီတော်ဟုလည်း ခေါ်၏။ ထိုတရားတော်များကို ဆောင်ယူ၊ ပို့ချ၊ သင်အံ နေသော ပုဂ္ဂိုလ်တို့ကား ဘဏ္ဍာစိုးများ ဖြစ်ကြ၏။

## ၄။ တရားတော်၏ဂုဏ်တော်ကို ပွားများရခြင်း၏အကျိုး

တရားတော်၏ဂုဏ်ကြီးမြတ်ပုံနှင့်စပ်လျဉ်းပြီး မြတ်စွာဘုရားသည် "စကြာဝဠာ တစ်ခုလုံးပြည့်ဖြာပြည်တိုင်အောင် ပစ္စေကဗုဒ္ဓါ၊ ရဟန္တာပုဂ္ဂိုလ်တို့အား အဝတ်သင်္ကန်း များအစေ့အင ပေးလှူရသော ကုသိုလ်ထက် တရားပွဲတစ်ခု၌ လေးပါဒရှိသော တစ်ဂါထာ အနုမောဒနာတရားအလှူက သာလွန်မြင့်မြတ်၏။ နှိုင်း၍ဆိုရလျှင် တစ်ဆယ့်ခြောက်စိတ်၊ တစ်စိတ်မျှပင်မမှီနိုင်"ဟု ဟောတော်မူခဲ့၏။

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ရဟန်းအပေါင်းခြံရံလျက် စမ္ပာပြည် ဂဂ္ဂရာ ရေကန်အနီးတွင် သီတင်းသုံးနေစဉ် တစ်နေ့သ၌ ဘုရားရှင်သည် ပရိသတ်တို့အား တရားဒေသနာဟောကြားတော်မူနေ၏။

ထိုခဏ၌ ဖားငယ်တစ်ကောင်သည် ရေကန်မှတက်၍ "ဤအသံကား ဓမ္မကို ဟောသောအသံဖြစ်၏"ဟု တရားသံအပေါ် အာရုံယူကာ ပရိသတ်အစွန်၌ဝပ်နေ၏။ ထိုအခါ နွားကျောင်းသားတစ်ယောက်သည် ရောက်လာပြီး မြတ်စွာဘုရား၏တရားတော် ကို မိမိ၏တုတ်နှင်တံကို မြေပေါ်ထောက်လျက် နာနေ၏။ နွားကျောင်းသား၏ တုတ် နှင်တံကား တရားနာရင်းဝပ်နေသော ဖားကလေး၏ ဦးခေါင်းကို ထိုးမိသဖြင့် ဖားကလေး သည် သေဆုံး၍ တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်လေ၏။

ဖားနတ်သားသည် ထိုခဏ၌ပင် အခြံအရံများနှင့်တကွ ဘုရားရှင်ထံမှောက်သို့ ရောက်လာပြီး အကြောင်းစုံကို လျှောက်ထားပြီးနောက် ဘုရားရှင်ထံမှ အကျယ်ဟော တော်မူအပ်သော တရားဒေသနာကို နာကြားရာ တရားအဆုံး၌ သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

## ၅။ တရားအလှူ၊ တရားပူဇော်နည်း

ရတနာမြတ်သုံးပါးအား လှူဒါန်းပူဇော်ရာ၌ မြတ်စွာဘုရားနှင့် သံဃာတော်အရှင်မြတ်တို့အား လှူဒါန်းပူဇော်ရာ၌ အခက်အခဲမရှိသော်လည်း တရားတော်ကား ပုံသဏ္ဌာန် အထင်အရှားမရှိသဖြင့် မည်သို့ပူဇော်ရမည်ကိုမသိ ဖြစ်တတ်၏။

ဆရာတော်အရှင်မြတ်၊ ပညာရှိများက လှူဒါန်းပူဇော်ရန်နည်းများကို ဤသို့ မိန့်ကြားထားကြသည်ကို မှတ်သားရပါ၏။

(၁) ပိဋကသုံးသွယ်၊ နိကာယ်ငါးရပ်ကျမ်းစာမြတ်တို့ကို လှူဒါန်းခြင်း

(၂) သာရေး နာရေးကိစ္စများတွင် တရားဟောရဟန်းအား ကန်တော့ပွဲ သီးခြားပြု၍ လှူဒါန်းခြင်း

(၃) နိဗ္ဗာန်ရောက်ကြောင်းတရားကို ဟောပြောခြင်း၊ ဟောပြောသည်ကို နာယူခြင်း

(၄) ဓမ္မဆိုင်ရာ ကျမ်းစာများကို ပြုစုရေးသားခြင်း၊ ဖတ်ရှုလေ့လာခြင်း

(၅) ပရိယတ္တိစာပေသင်အံကျက်မှတ်ခြင်း၊ စာမေးပွဲကျင်းပ၍ မေးခြင်း၊ ဖြေခြင်း

(၆) စုပေါင်းရွတ်ဆိုသံဂါယနာတင်ခြင်း၊ အက္ခရာတင်ခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း တို့ဖြစ်၏။

## ၆။ ဓမ္မ၏အဓိပ္ပာယ်ကို တစ်နည်းအားဖြင့်ဖွင့်ဆိုခြင်း

ဓမ္မဟူသည် အဘယ်နည်း။ မြန်မာပြန်အားဖြင့် "တရား"ဟု ပြန်ဆိုကြ၏။ တစ်ဖန် "တရား"ဟူသည် အဘယ်နည်းဟု သိရှိရန်လိုလာပြန်၏။ ပါဠိစာပေ၌ ဓမ္မသဒ္ဒါ၏အဓိပ္ပာယ် မှာ ကျယ်ဝန်းများပြားလှ၏။ ထိုထိုသော သုတ္တန်ဒေသနာတို့၌ ဓမ္မသဒ္ဒါကို ဤသို့ဖွင့်ဆို ကြသည်ကို တွေ့ရှိရ၏။

၁။ သင်ယူပို့ချအပ်သော တရားစကားအစဉ် (ပရိယတ္တိ)
၂။ ဖြစ်ရိုးဖြစ်စဉ်ဖြစ်သော သဘော၊ အစဉ်အလာ (ပကတိ)
၃။ အကြောင်းတရား (ဟေတု)
၄။ အမှန်တရား (သစ္စာ)
၅။ ဂုဏ်ကျေးဇူး (ဂုဏ)
၆။ ဉာဏ်ဖြင့်သိမြင်အပ်၊ သိမြင်ကောင်းသောတရားအားလုံး (ဉေယျ)
၇။ အမှန်အားဖြင့် ထင်ရှားရှိသောတရား (သဘာဝ) စသည်ဖြင့် အနက်အမျိုးမျိုးတို့ဖြင့် ဟောကြားထား၏။

လောက၌ တွေ့မြင်ကြားသိနေကြရသော သက်ရှိသက်မဲ့အရာဝတ္ထုတိုင်းသည် ဖြစ်ရိုးဖြစ်စဉ်သဘော၊ အမှန်ထင်ရှားရှိနေသော သဘောအဖြစ် မှတ်ယူနိုင်ကြသော်လည်း စင်စစ်အားဖြင့်မူ အမှန်တကယ်ထင်ရှားရှိသော သဘောတရားများမဟုတ်ချေ။ မှတ်သားခေါ်ဝေါ်၍ လွယ်ကူစေရန် အပေါ်ယံဒြပ်အားဖြင့် အသိအမှတ်ပြုထားသည့် သမ္မုတိသစ္စာများသာဖြစ်၏။ ဥပမာ လူ၊ သစ်ပင် စသော ဝေါဟာရတို့တွင် လူသည် တကယ်ထင်ရှားရှိသော သဘောတရားတစ်ခုမဟုတ်ချေ။ ရုပ်ဓာတ်၊ နာမ်ဓာတ်တို့ ပေါင်းစပ်ဖွဲ့စည်းထားသည်ကို လူဟုခေါ်ဝေါ်သတ်မှတ်နေကြခြင်းသာ ဖြစ်၏။ ထို့ကြောင့် "လူ"ဟူသော ပညတ်အတွင်း၌ အမှန်တကယ်ရှိနေသော ရုပ်ဓာတ်၊ နာမ်ဓာတ်တို့သည်သာလျှင် သဘာဝတရားများဖြစ်၍ ၎င်းတို့ကိုသာလျှင် "ဓမ္မ"ဟု ခေါ်ဆို၏။ လူကောင်ဒြပ်ကြီးသည်ကား ဓမ္မမဟုတ်ချေ။

ထိုနည်းတူပင် သစ်ပင် တောတောင်စသော သက်မဲ့လောကကြီးတစ်ခုလုံးသည်လည်း အရင်းခံအားဖြင့် ရေ၊ မြေ၊ လေ၊ မီးဟူသည့် ဓာတ်ကြီးလေးပါး အစုအဝေးမျှသာ ဖြစ်၏။ သဘာဝတရားများ မဟုတ်ကြ။ ၎င်းတို့အတွင်း၌ ကိန်းအောင်းနေသော ရုပ်ဓာတ်တို့သည်သာလျှင် သဘာဝတရားများဖြစ်၏။ ၎င်းရုပ်ဓာတ်တို့သည်သာလျှင် ဓမ္မဖြစ်၏။

ရုပ်ဓာတ်နာမ်ဓာတ်တို့သည် တွေ့ထိခြင်း၊ ခက်မာခြင်း အစရှိသော ကိုယ်ပိုင်လက္ခဏာများရှိကုန်၏။ အကြောင်းမဲ့ပေါ်ပေါက်လာကြသည်မဟုတ်ဘဲ သက်ဆိုင်ရာအကြောင်းတရားတို့၏ ထောက်ပံ့ကူညီမှုတို့ကြောင့်သာ ဖြစ်ကုန်၏။ ထိုသဘာဝတရားတို့သည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ အသက်၊ လိပ်ပြာ၊ သူ၊ ငါ မဟုတ်ကြ။ အတ္တဇီဝဟူသည် မရှိ။ သုည တသာ ဖြစ်ကုန်၏။ ဤသို့သော ပုဂ္ဂိုလ်၊ သတ္တဝါ၊ အတ္တဇီဝမဟုတ်သော သဘာဝတရား များသည် ဓမ္မဖြစ်ကုန်၏။

## ၇။ တရားတော်၏ ဂုဏ်တော်(၆)ပါး

မြတ်စွာဘုရား(၄၅)ဝါသောကာလပတ်လုံး ဟောကြားတော်မူအပ်သော တရားတော်မြတ်သည် လောကအတွင်းရှိ မည်သည့်အရာနှင့်မျှ နှိုင်းယှဉ်၍မရနိုင်သော ရတနာတစ်ပါးဖြစ်၏။ နတ်လူသတ္တဝါတို့အား မြင့်မြတ်ကောင်းမွန်ရာဆီသို့ လမ်းညွှန်ပို့ဆောင်ပေးနိုင်သော ယာဉ်လည်းဖြစ်၏။ တရားတော်မြတ်တွင် ထူးခြားသာလွန်သော ဂုဏ်တော်(၆)ပါးရှိ၏။ ထို(၆)ပါးကား -

(၁) သွာက္ခာတဂုဏ်တော် - နတ်လူအကျိုးငှာ ကောင်းစွာ ဟောကြားတော်မူခြင်းဟူသောဂုဏ်တော်

(၂) သန္ဒိဋ္ဌိကဂုဏ်တော် - ကိုယ်ပိုင်ကျင့်ကြံခြင်းဖြင့် လက်တွေ့ကောင်းကျိုးချမ်းသာကို မျက်မှောက် ပြုခံစားနိုင်သောဂုဏ်တော်၊

(၃) အကာလိကဂုဏ်တော် - အခါမလင့် ချက်ချင်းလက်ငင်းမှာပင် အကျိုးပေးနိုင်သောဂုဏ်တော်၊

(၄) ဧဟိပဿိက ဂုဏ်တော် - လာလှည့်ရှုလှည့်ဟု ဝမ်းမြောက်ဝမ်းသာ ဖိတ်ခေါ်ထိုက်သော ဂုဏ်တော်

(၅) ဩပနေယျိကဂုဏ်တော် - စိတ်ထဲနှလုံးထဲ၌ အမြဲဆောင်ထားအပ်သော ဂုဏ်တော်

(၆) ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်တော် - သစ္စာသိမြင်ပြီးသော အရိယာပညာရှိကြီးများသာလျှင် ကိုယ်စီကိုယ်င သိအပ်ခံစားအပ်သောဂုဏ်တော်-တို့ဖြစ်၏။

## ၈။ တုညလတဗ္ဗဝထတရား (၁၀)ပါး

(၁) သတ္တဝါတို့၏အသက်ကို သတ်ခြင်းမှရှောင်ကြဉ်ခြင်း၊

(၂) သူတစ်ပါးပိုင်ဆိုင်သောဥစ္စာကို မတရားခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၃) သူတစ်ပါး၏သားမယားကို ကျူးလွန်ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၄) မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၅) မိတ်ဆွေအချင်းချင်း မေတ္တာပျက်စေသော ကုန်းချောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၆) ရုန့်ရင်းကြမ်းတမ်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၇) အကျိုးမဲ့အချည်းနှီးဖြစ်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၈) သူတစ်ပါး၏ပစ္စည်းဥစ္စာကို မတရားရယူရန် ကြံစည်ခြင်းမှရှောင်ကြဉ်ခြင်း၊
(၉) သူတစ်ပါးအား ပျက်စီးအောင်ကြံစည်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၁၀) မှန်ကန်ဖြောင့်မတ်သောအယူဝါဒရှိခြင်း။

## ၉။ အကုသလကမ္မပထတရား(၁၀)ပါး

(၁) သတ္တဝါတို့၏အသက်ကိုသတ်ခြင်း
(၂) သူတစ်ပါး၏ပစ္စည်းကို လုယက်ခိုးယူခြင်း
(၃) သူတစ်ပါး၏သားမယားကို ကျူးလွန်ဖျက်ဆီးခြင်း
(၄) မဟုတ်မမှန်သောစကားကိုပြောဆိုခြင်း
(၅) မိတ်ဆွေအချင်းမေတ္တာပျက်စေသော ကုန်းချောစကားကို ပြောဆိုခြင်း
(၆) ရန့်ရင်းကြမ်းတမ်းသောစကားကို ပြောဆိုခြင်း
(၇) အကျိုးမဲ့အချည်းနှီးသောစကားကိုပြောဆိုခြင်း
(၈) သူတစ်ပါး၏ပစ္စည်းဥစ္စာကို မတရားရယူရန်ကြံစည်ခြင်း
(၉) သူတစ်ပါးအား ပျက်စီးအောင်ကြံစည်အားထုတ်ခြင်း
(၁၀) မှားယွင်းသောအယူဝါဒရှိခြင်း – တို့ ဖြစ်၏။

## ၁၀။ ပုညကြိယဝတ္ထု(၁၀)ပါး

ကောင်းကျိုးချမ်းသာရရှိရန် ပြုမူကျင့်ကြံရမည့်တရားများဟု ဆိုနိုင်၏။

(၁) ဒါန – ပေးကမ်းလှူဒါန်းခြင်း
(၂) သီလ – သီလဆောက်တည်ခြင်း
(၃) ဘာဝနာ – သမထ၊ ဝိပဿနာ ဘာဝနာတရားများကို စီးဖြန်းအားထုတ်ခြင်း
(၄) အပစာယန – အသက်၊ သိက္ခာ၊ ဂုဏ်ကြီးမြတ်သူတို့အား ရိုသေခြင်း
(၅) ဝေယျာဝစ္စ – ကုသိုလ်ရေးဆိုင်ရာအလုပ်တို့၌ ပါဝင်ကူညီခြင်း
(၆) ပတ္တိဒါန – မိမိပြုသောကုသိုလ်အဖို့ကို သတ္တဝါတို့အား အမျှပေးဝေခြင်း၊

ပတ္တာမြားငပေါက်တာငပ

(၇) ပဋ္ဋာနုမောဒန – သူတစ်ပါးပေးဝေသော ကုသိုလ်အဖို့ကို ဝမ်းမြောက်စွာ သာဓုခေါ်ခြင်း
(၈) ဓမ္မဿဝန – သူတော်ကောင်းတရားကို နာကြားခြင်း
(၉) ဓမ္မဒေသနာ – သူတော်ကောင်းတရားကို ဟောပြောခြင်း
(၁၀) ဒိဋ္ဌိဇုကမ္မ – ဖြောင့်မတ်မှန်ကန်သောအယူကိုယူခြင်း–တို့ဖြစ်၏။

## ၁၀။ အကုသိုလ်စေတသိက်(၁၄)ပါး

စိတ်ကိုညစ်နွမ်းပူလောင်ဖန်တီးခြယ်လှယ်နေသော အကုသိုလ်စေတသိက်(၁၄)ပါးရှိကုန်၏။ ထိုစိတ်များမဝင်လာစေရန် မိမိစိတ်ကို ထိန်းသိမ်းစောင့်ရှောက်ရာ၏။ ယင်းတို့ကား –

(၁) မောဟ – အရာတိုင်းကို အမှန်အတိုင်းမမြင်နိုင်အောင် ဖုံးကွယ်ထားသည့်စိတ်၊
(၂) လောဘ – ကာမဂုဏ်အာရုံများကို လိုချင်တပ်မက်သည့်စိတ်၊
(၃) ဒေါသ – ခက်ထန်ကြမ်းကြုတ်သောစိတ်၊
(၄) ဒိဋ္ဌိ – လွဲမှားစွာထင်မြင်ယူဆသောစိတ်၊
(၅) မာန – တက်ကြွထောင်လွှားသောစိတ်၊
(၆) ဣဿာ – မနာလိုဝန်တိုသောစိတ်၊
(၇) မစ္ဆရိယ – နှမြောတွန့်တို သူတစ်ပါးအကျိုးကိုမလိုလားသောစိတ်၊
(၈) ကုက္ကုစ္စ – နောင်တတစ်ဖန်ပူပန်ရသောစိတ်၊
(၉) ထိန – စိတ်ကိုလေးလံထိုင်းမှိုင်းစေသောစိတ်၊
(၁၀) မိဒ္ဓ – စေတသိက်များကို လေးလံထိုင်းမှိုင်းစေသောစိတ်၊
(၁၁) ဝိစိကိစ္ဆာ – ရတနာသုံးပါးအပေါ် ယုံမှားတတ်သောစိတ်၊
(၁၂) အဟိရိက – မကောင်းမှုပြုရန် မရှက်တတ်သောစိတ်၊
(၁၃) အနောတ္တပ္ပ – မကောင်းမှုပြုရန် မကြောက်လန့်သောစိတ်၊
(၁၄) ဥဒ္ဓစ္စ – အငြိမ်မနေပြန့်လွင့်စေသောစိတ်

(စိတ်နှင့်စေတသိက်တို့သည် အာရုံကို သိတတ်ပြီး အာရုံဆီကို ကိုင်းညွတ်တတ်သော သဘောရှိသောကြောင့် နှစ်ခုကိုပေါင်း၍ နာမ်ဟုခေါ်ကြ၏။ ယင်းတို့သည် အလွန်နီးစပ်သောခြားနားခြင်းဖြင့် တစ်ဆက်တည်းဖြစ်နေ၏။ စိတ်သည် သိတတ်သောသဘော၊ စေတသိက်သည် စိတ်ကိုခြယ်လှယ်တတ်သောသဘောဖြစ်ကြ၏။)

## ၀၂။ ဆုထိုက်စေတသိက်(၁၉)ပါး

စိတ်ကိုကြည်လင်ချမ်းမြေ့စေပြီး ကုသိုလ်တရားပွားများနိုင်သော စေတသိက်များမှာ (၁၉)ပါးရှိ၏။ ယင်းတို့မှာ –

(၁) သဒ္ဓါ – ရတနာသုံးပါးနှင့် ကံကို ယုံကြည်သောစိတ်၊
(၂) သတိ – ကောင်းသောအာရုံကို အောက်မေ့သတိရသော စိတ်၊
(၃) ဟိရီ – မကောင်းမှုဒုစရိုက်ကို ရှက်တတ်သောစိတ်၊
(၄) ဩတ္တပ္ပ – မကောင်းမှုဒုစရိုက်ကို ကြောက်ရွံ့ထိတ်လန့်သောစိတ်၊
(၅) အလောဘ – ကာမဂုဏ်အာရုံကိုမလိုလား မတပ်မက်သော စိတ်၊
(၆) အဒေါသ – ကြမ်းတမ်းခက်ထန်ခြင်းမရှိသောစိတ်၊
(၇) တတြမဇ္ဈတ္တတာ – စိတ်စေတသိက်တို့ကို အညီအမျှဖြစ်အောင် ထိန်းပေးသောစိတ်၊
(၈) ကာယပဿဒ္ဓိ – အေးမြကြည်လင်စေသောစိတ်၊
(၉) စိတ္တပဿဒ္ဓိ – ငြိမ်းချမ်း ချမ်းမြေ့စေသောစိတ်၊
(၁၀) ကာယလဟုတာ – ကိုယ်ကို ပေါ့ပါးသွက်လက်စေသောစိတ်၊
(၁၁) စိတ္တလဟုတာ – စေတသိက်ကို ပေါ့ပါးသွက်လက်စေသောစိတ်၊
(၁၂) ကာယမုဒုတာ – ကိုယ်၏နူးညံ့ပျော့ပျောင်းစေသောစိတ်၊
(၁၃) စိတ္တလဟုကာ – စိတ်ကိုနူးညံ့ပျော့ပျောင်းစေသောစိတ်၊
(၁၄) ကာယကမ္မညတာ – ကောင်းမှုပြုရာတွင် ကိုယ်ကို ခန့်ညားစေသော စိတ်၊
(၁၅) စိတ္တကာမ္မညတာ – ကောင်းမှုပြုရာတွင် စေတသိက်ကို ခန့်ညားစေသော စိတ်၊
(၁၆) ကာယပါဂုညတာ – ကောင်းမှုပြုရာတွင် ကိုယ်၏လေ့လာနိုင်နင်းသောစိတ်၊
(၁၇) စိတ္တပါဂုညတာ – ကောင်းမှုပြုရာတွင် စေတသိက် လေ့လာနိုင်နင်းသော စိတ်၊
(၁၈) ကာယဥဇုကတာ – ကောင်းမှုပြုရာတွင် ကိုယ်၏ဖြောင့်မတ်စေသော စိတ်၊
(၁၉) စိတ္တဥဇုကတာ – ကောင်းမှုပြုရာတွင် စေတသိက်၏ဖြောင့်မတ်စေသောစိတ် – တို့ ဖြစ်ကြ၏။

## ၀၃။ ဖဿ (၆)ပါး

အာရုံကို ထိတွေ့ခြင်းဟူသော ဖဿတရားသည် (၆)ပါးရှိကုန်၏။

(၁) စက္ခုသမ္ဖဿ - မျက်စိ၊ ရုပ်အဆင်း၊ မြင်တတ်သောစိတ်သုံးမျိုး ပေါင်းဆုံရာမှ ဖြစ်ပေါ်လာသောသဘော။

(၂) သောတသမ္ဖဿ - နား၊ ရုပ်အသံ၊ ကြားတတ်သောစိတ်သုံးမျိုး ပေါင်းဆုံရာမှ ဖြစ်ပေါ်လာသောသဘော။

(၃) ဃာနသမ္ဖဿ - နှာခေါင်း၊ အနံ့ရုပ်၊ နံတတ်သောစိတ်သုံးမျိုး ပေါင်းဆုံရာမှ ဖြစ်ပေါ်လာသောသဘော။

(၄) ဇိဝှါသမ္ဖဿ - လျှာ၊ အရသာရုပ်၊ အရသာကိုသိတတ်သောစိတ် သုံးမျိုးပေါင်းဆုံရာမှ ဖြစ်ပေါ်လာသောသဘော။

(၅) ကာယသမ္ဖဿ - ကိုယ်၊ အတွေ့အထိရုပ်၊ ထိတွေ့မှုကိုသိတတ် သောစိတ်သုံးမျိုးပေါင်းဆုံရာမှ ဖြစ်ပေါ်လာသော သဘော

(၆) မနောသမ္ဖဿ - ဘဝင်စိတ်၊ ဓမ္မာရုံ၊ ကြံတွေးစိတ်သုံးမျိုးပေါင်းဆုံ ရာမှ ဖြစ်ပေါ်လာသောသဘော။ - တို့ဖြစ်၏။

## ၀၄။ ဝေဒနာ(၆)ပါး

ခံစားမှုဝေဒနာသည် (၆)ပါးရှိကုန်၏။

(၁) စက္ခုသမ္ဖဿဇာဝေဒနာ - အမြင်ထိတွေ့မှု၌ခံစားခြင်း။

(၂) သောတသမ္ဖဿဇာဝေဒနာ - အကြားထိတွေ့မှု၌ခံစားခြင်း။

(၃) ဃာနသမ္ဖဿဇာဝေဒနာ - အနံ့ထိတွေ့မှု၌ခံစားခြင်း။

(၄) ကာယသမ္ဖဿဇာဝေဒနာ - ကိုယ်ထိတွေ့မှု၌ခံစားခြင်း။

(၅) မနောသမ္ဖဿဇာဝေဒနာ - စိတ်၏တွေ့ထိမှု၌ခံစားခြင်း-တို့ဖြစ်၏။

## ၀၅။ တဏှာ(၆)ပါး

(၁) ရူပတဏှာ - အဆင်းအာရုံ၌ တပ်မက်ခြင်း

(၂) သဒ္ဒတဏှာ - အသံအာရုံ၌ တပ်မက်ခြင်း

(၃) ဂန္ဓတဏှာ – အနံ့အာရုံ၌ တပ်မက်ခြင်း
(၄) ရသာတဏှာ – အရသာအာရုံ၌ တပ်မက်ခြင်း
(၅) ဖောဋ္ဌဗ္ဗတဏှာ – အထိအတွေ့အာရုံ၌ တပ်မက်ခြင်း
(၆) ဓမ္မတဏှာ – အတွေးအခေါ်အယူအဆအာရုံ၌ တပ်မက်ခြင်း– တို့ဖြစ်၏။

## ၀၆။ စေတနာ(၆)ပါး

(၁) ရူပသဉ္စေတနာ – ရူပါရုံကိုခံစားတပ်မက်ရန် တိုက်တွန်းလှုံ့ဆော်မှု။
(၂) သဒ္ဒသဉ္စေတနာ – သဒ္ဒါရုံကို ခံစားတပ်မက်ရန်တိုက်တွန်းလှုံ့ဆော်မှု။
(၃) ဂန္ဓသဉ္စေတနာ – ဂန္ဓာရုံကို ခံစားတပ်မက်ရန်တိုက်တွန်းလှုံ့ဆော်မှု။
(၄) ရသသဉ္စေတနာ – ရသာရုံကို ခံစားတပ်မက်ရန်တိုက်တွန်းလှုံ့ဆော်မှု။
(၅) ဖောဋ္ဌဗ္ဗသဉ္စေတနာ– အတွေ့အထိအာရုံကို ခံစားတပ်မက်ရန် တိုက်တွန်း လှုံ့ဆော်မှု။
(၆) ဓမ္မသဉ္စေတနာ – ဓမ္မာရုံကို ခံစားတပ်မက်ရန် တိုက်တွန်းလှုံ့ဆော်မှု တို့ ဖြစ်၏။

## ၀၇။ သမထ ဘာဝနာ

သမထဘာဝနာသည် စိတ်စင်ကြယ်မှုကို ရရှိရန်နှင့် ကြီးမားသော စိတ်တည်ငြိမ်မှုစွမ်းအားကို ရရှိရန် ရှုမှတ်ပွားများရသော ဘာဝနာဖြစ်၏။ သမထဘာဝနာပွားများရန်အတွက် ကမ္မဋ္ဌာန်း(၄၀)ရှိရာ ယင်းတို့အနက် မိမိစရိုက်နှင့် လိုက်ဖက်ဆီလျော်မည့်ကမ္မဋ္ဌာန်းတစ်မျိုးမျိုးကို ရွေးချယ်အသုံးပြုနိုင်၏။ ၎င်းတို့အထဲတွင် အာနာပါန ကမ္မဋ္ဌာန်းသည် ထိရောက်သော ကမ္မဋ္ဌာန်းဖြစ်၏။

ဗုဒ္ဓဘာသာဝင်တို့၏ နောက်ဆုံးပန်းတိုင်ဖြစ်သော နိဗ္ဗာန်သို့သွားရာတွင် သမထယာနိကလမ်း၊ ဝိပဿနာယာနိကလမ်းဟူသော လမ်းနှစ်သွယ်ရှိရာ ဤသမထဘာဝနာသည် သမထယာနိကလမ်း၏ လမ်းတစ်သွယ်ဖြစ်၍ ဈာန်ယာဉ်စီးကာသွားရသောလမ်းဖြစ်၏။ ထိုကမ္မဋ္ဌာန်းပွားများရန်အတွက် ကမ္မဋ္ဌာန်း(၄၀)ရှိ၏။

ယင်းတို့ကား–

(၁) ကသိုဏ်း ၁၀ ပါး

(၂) အသုဘ ၁၀ ပါး

(၃) အနုဿတိ ၁၀ ပါး

(၄) အပ္ပမညာ ၄ ပါး

(၅) အာဟာရေပဋိကူလသညာ ၁ ပါး

(၆) စတုဓာတုဝဝတ္ထာန် ၁ ပါး

(၇) အာရုပ္ပ ၄ ပါး – စုစုပေါင်း (၄၀)ဖြစ်၏။

ယင်းတို့ကို အောက်ပါအတိုင်း ရေတွက်ပြပါအံ့။

(၁) ကသိုဏ်း ၁၀ ပါး

၁။ ပထဝီ(မြေ)ကသိုဏ်း

၂။ အာပေါ(ရေ)ကသိုဏ်း

၃။ တေဇော(မီး)ကသိုဏ်း

၄။ ဝါယော(လေ)ကသိုဏ်း

၅။ နီလ(ညိုပြာရောင်)ကသိုဏ်း

၆။ ပီတ(ရွှေဝါရောင်)ကသိုဏ်း

၇။ လောဟိတ(အနီရောင်)ကသိုဏ်း

၈။ ဩဒါတ(အဖြူရောင်)ကသိုဏ်း

၉။ အာကာသ(ဟင်းလင်းပြင်)ကသိုဏ်း

၁၀။အာလောက(အလင်းရောင်)ကသိုဏ်း – တို့ဖြစ်၏။

(၂) အသုဘ ၁၀ ပါး

| | | |
|---|---|---|
| ၁။ ဥဒ္ဓုမာတကအသုဘ | – | သေပြီးနောက် နှစ်ရက်သုံးရက်အတွင်း ဖူးဖူးရောင်ပုပ် စက်ဆုပ်ဖွယ် အလောင်းကောင်၊ |
| ၂။ ဝိနီလကအသုဘ | – | သေပြီးနောက် သုံးလေးရက်အရောက်တွင် ညိုမဲရောင်ပုပ် စက်ဆုပ်ဖွယ် အလောင်းကောင်၊ |
| ၃။ ဝိပုဗ္ဗကအသုဘ | – | သေပြီးနောက် လေးရက် ငါးရက် အရောက်တွင် ပြည်တစိုစိုပေါက်ကွဲ ယိုထွက်နေသောအလောင်းကောင်၊ |
| ၄။ ဝိစ္ဆိဒ္ဒကအသုဘ | – | ရန်သူတို့က ကိုယ်နှစ်ပိုင်းဖြတ်၍ သတ်ထားသော အလောင်းကောင်၊ |

၅။ ဝိက္ခာယိတကအသုဘ – ခွေး၊ လင်းတ၊ ကျီးတို့ ကိုက်ဖြတ်စားသောက်ထားသောအလောင်းကောင်၊

၆။ ဝိက္ခိတ္တကအသုဘ – ခြေလက်ဦးခေါင်းတကွဲတပြား ဖရိုဖရဲဖြစ်နေသောအလောင်းကောင်၊

၇။ ဟတဝိက္ခိတ္တကအသုဘ – ဓားလှံစသည်တို့ဖြင့် အစိတ်စိတ် အမွှာမွှာကွဲလျက် ဖရိုဖရဲဖြစ်နေသောအလောင်းကောင်၊

၈။ လောဟိတကအသုဘ – သွေးများယိုစီးလျက် တစ်ကိုယ်လုံးပေကျံနေသော အလောင်းကောင်၊

၉။ ပုဠုဝကအသုဘ – ပိုးလောက်ပြည့်လျက် မြင်မကောင်းအောင်ဖြစ်နေသောအလောင်းကောင်၊

၁၀။အဋ္ဌိကအသုဘ – အရိုးစုသက်သက်သာကျန်ရစ်သောအလောင်းကောင် စသည်တို့ဖြစ်၏။

(၃) **အနုဿတိ ၁၀ ပါး**

၁။ ဗုဒ္ဓါနုဿတိ – ဘုရားဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ခြင်း၊

၂။ ဓမ္မာနုဿတိ – တရားဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ခြင်း၊

၃။ သံဃာနုဿတိ – အရိယာသံဃာတော်တို့၏ဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း၊

၄။ သီလာနုဿတိ – မိမိ၏သီလကို မကျိုးမပေါက်အောင်စောင့်ထိန်းထားပုံကို အဖန်ဖန်အောက်မေ့ခြင်း၊

၅။ စာဂါနုဿတိ – မိမိစွန့်ကြဲပေးကမ်းခဲ့သမျှ မြတ်ဒါနကိုအဖန်ဖန်အောက်မေ့ခြင်း၊

၆။ ဒေဝတာနုဿတိ – ကုသိုလ်ရှင်နတ်ပြဟ္မာတို့ကို သက်သေပြုလျက် မိမိ၏ကောင်းမှုများကို အဖန်ဖန်အောက်မေ့ခြင်း၊

၇။ ဥပသမာနုဿတိ – နိဗ္ဗာန်၏ အေးငြိမ်းချမ်းသာပုံကို အာရုံပြု၍ အဖန်ဖန်အောက်မေ့ခြင်း၊

၈။ မရဏာနုဿတိ – သေရမည့်သဘောကို အဖန်ဖန်အောက်မေ့လျက် သံဝေဂရခြင်း၊

၉။ ကာယဂတာနုဿတိ – ဆံပင်စသော(၃၂)ကောဋ္ဌာသနွှာအစု အဝေးကြီးကို အာရုံပြု ရှုမှတ်ခြင်း၊
၁၀။ အာနာပါနဿတိ – ထွက်သက်ဝင်သက်ကို ရှုမှတ်ခြင်း၊

(၄) အပ္ပမညာ ၄ ပါး
၁။ မေတ္တာ – သတ္တဝါတို့အကျိုးစီးပွား လိုလိုလားသော စိတ်ကိုဖြန့်ထားခြင်း၊ မေတ္တာထားခြင်း၊
၂။ ကရုဏာ – ဆင်းရဲဒုက္ခရောက်နေသော သတ္တဝါများ အပေါ် သနားကြင်နာခြင်း၊
၃။ မုဒိတာ – ကြီးပွားချမ်းသာနေသော သတ္တဝါများကို အာရုံပြု၍ ဝမ်းသာအားရရှိခြင်း၊
၄။ ဥပေက္ခာ – သတ္တဝါအပေါင်းတို့သည် မိမိတို့ပြုသော ကံအားလျော်စွာ ဖြစ်နေရသည်ဟု လျစ်လျူပြုခြင်း၊

(၅) အာဟာရေပဋိကူလသညာ ၁ ပါး
၁။ စားအပ်သောအစာအာဟာရ၌ စက်ဆုပ်ရွံရှာဖွယ်အဖြစ်ရှုမြင်ခြင်း။

(၆) စတုဓာတုဝ ဝတ္ထာန် ၁ ပါး
၁။ ခန္ဓာကိုယ်၌ရှိသော ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဓာတ်ကြီး လေးပါးကိုပိုင်းခြားရှုမြင်ခြင်း၊

(၇) အာရုပ္ပ ၄ ပါး
၁။ အာကာသာနဉ္စာယတန – အဆုံးမရှိသော ကောင်းကင်ပညတ် အာရုံ
၂။ ဝိညာဏဉ္စာယတန – အဆုံးမရှိသော ပထမာရုပ္ပဝိညာဉ်အာရုံ
၃။ အာကိဉ္စညာယတန – စိုးစဉ်းမျှအကြွင်းမရှိသော ပထမရုပ္ပ အာရုံ၏ မရှိခြင်းတည်းဟူသော နတ္ထိ ဘောပညက်အာရုံ
၄။ နေဝသညာနာသညာယတန – ရုန့်ရင်းသော သညာမရှိ၊ သိမ်မွေ့ သော သညာမရှိသည်မဟုတ်သောအာရုံ

## ၁၈။ မိမိ၏စရိုက်တိုလိုက်၍ ကမ္မဋ္ဌာန်းတို့ကိုရွေးချယ်ခြင်း

စရိုက် ၆ ပါးရှိ၏။

၁။ ရာဂစရိုက်

၂။ ဒေါသစရိုက်

၃။ မောဟစရိုက်

၄။ ဝိတက်စရိုက်

၅။ သဒ္ဓါစရိုက်

၆။ ဗုဒ္ဓိစရိုက် (ပညာစရိုက်) - တို့ဖြစ်၏။

၁။ ရာဂစရိုက်ကြီးသူသည်
အသုဘ ၁၀ ပါး၊ ကေသာ၊ လောမာစသော ကာယဂတာသတိ ၁ ပါး။ ပေါင်း ဤ(၁၁)ပါးနှင့်သင့်လျော်၏။

၂။ ဒေါသစရိုက်ကြီးသူသည်
ညို၊ ရွှေ၊ နီ၊ ဖြူ ဟူသော ဝဏ္ဏကသိဏ်း(၄)ပါး၊ အပ္ပမညာ(၄)ပါးပေါင်း ဤ(၈)ပါးနှင့်သင့်လျော်၏။

၃။ မောဟစရိုက်ကြီးသူသည်
အာနာပါနကမ္မဋ္ဌာန်းနှင့်သင့်လျော်၏။

၄။ ဝိတက်စရိုက်ကြီးသူသည်
အာနာပါန ကမ္မဋ္ဌာန်းနှင့်သင့်လျော်၏။

၅။ ဗုဒ္ဓိစရိုက်(ပညာ)ကြီးသူသည်
မရဏာ နုဿတိ၊ ဥပသမာ နုဿတိ၊ အာဟာရေပဋိကူလသညာ၊ စတုဓာတုဝ ဝတ္ထာန် ကမ္မဋ္ဌာန်းတို့နှင့်သင့်လျော်၏။

၆။ သဒ္ဓါစရိုက်ကြီးသူသည်
ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ ကမ္မဋ္ဌာန်းတို့နှင့်သင့်လျော်၏။

ဖော်ပြပါ သမထ ဘာဝနာကမ္မဋ္ဌာန်းများသည် ဈာန်ရနိုင်သောအကျင့်၊ ဈာန်လမ်းစဉ်ဟု ဆိုကြ၏။ သို့သော် ကမ္မဋ္ဌာန်း(၄၀)စလုံးမဟုတ်။ အနုဿတိ(၁၀)ပါးမှ ကာယဂတာသတိနှင့် အာနာပါနဿတိမှတစ်ပါး ကျန်အနုဿတိ ၈-ပါး၊ အာဟာရေပဋိကူလသညာ၊ စတုဓာတုဝ ဝတ္ထာန်၊ ဤကမ္မဋ္ဌာန်း(၁၀)ပါးတို့သည် ဈာန်မရနိုင်၊ ကျန်ကမ္မဋ္ဌာန်း(၃၀)ဖြင့်သာလျှင် ပဌမဈာန်စသည့်ဈာန်များကို ရနိုင်၏။

ဈာန်အင်္ဂါ ၅ ပါး

၁။ ဝိတက် - စိတ်ကိုအာရုံသို့တင်ပေးခြင်း

၂။ ဝိစာရ - စိတ်ကို အာရုံပေါ်မှ မကျသွဲစွဲမြဲနေအောင် ရစ်ဝဲလှည့်လည်နေခြင်း

၃။ ပီတိ – နှစ်သက်မှုပီတိဖြင့် စိတ်ကိုကြီးထွားစေခြင်း
၄။ သုခ – စိတ်ရွှင်လန်းဝမ်းမြောက်စေခြင်း
၅။ ဧကဂ္ဂတာ – စိတ်ကိုနိမိတ်အာရုံသို့ စူးစိုက်သက်ဝင်တည်စေခြင်းတို့ ဖြစ်၏။

## ၁၉။ ဈာန်လမ်းစဉ်

ဗုဒ္ဓဝါဒနှင့်အညီ နောက်ဆုံးပန်းတိုင်ဖြစ်သော နိဗ္ဗာန်သို့ရောက်ရှိနိုင်ရန် ကျင့်ကြံရသော လမ်းစဉ်တွင် သမထယာနိကလမ်း၊ ဝိပဿနာယာနိကလမ်းဟူ၍ နှစ်မျိုးရှိ၏။ သမထယာနိကလမ်းကို ဈာန်ယာဉ်စီး၍သွားရသောလမ်းစဉ်ဟုလည်းကောင်း၊ ဝိပဿနာယာနိကလမ်းကို ဉာဏ်ယာဉ်စီး၍သွားရသောလမ်းစဉ်ဟူ၍လည်းကောင်း ခေါ်ဆိုကြ၏။

ဈာန်ဟူသော ဝေါဟာရသည် ကောင်းကင်တွင် သွားနိုင်သော စွမ်းရည်အဖြစ်လည်းကောင်း၊ လူတကာ၏စိတ်တွင် ထူးထွေဆန်းကြယ်အံ့သြဖွယ်များဖြစ်လာအောင် ပြုလုပ်နိုင်သောစွမ်းရည်အဖြစ်လည်းကောင်း၊ လူအချို့က ထင်မြင်ယူဆဖွယ်ရာအဓိပ္ပာယ် ထွေပြားသော ဝေါဟာရဖြစ်သောကြောင့် နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်ဖြစ်သည့် ဈာန်လမ်းစဉ် သို့မဟုတ် သမထယာနိကလမ်းစဉ်နှင့် မည်သို့ကွဲပြားခြားနားမှုရှိကြောင်း ဗုဒ္ဓ၏ ဓမ္မကိုလေ့လာလိုက်စားနေသူတို့အဖို့ သိရှိထားရန် လိုပေ၏။ ထို့ကြောင့် ဤစာအုပ် တစ်နေရာ၌ "သမထဘာဝနာ"ဟူသော ခေါင်းစဉ်ဖြင့် တစ်ခန်းတစ်ကဏ္ဍအဖြစ် တင်ပြထားပြီးဖြစ်သော်လည်း ယခုတစ်ဖန် "ဈာန်လမ်းစဉ်"ဟူသော ခေါင်းစဉ်ဖြင့် ရှင်းလင်း တင်ပြရခြင်း ဖြစ်ပါ၏။

## ၂၀။ ဈာန်နှင့်ဈာန်ရခြင်းတို့သော အဓိပ္ပာယ်

"ဈာန်"ဟူသည် "ဈာန"ဟူသော ပါဠိစကားမှလာ၍ "စူးစိုက်သက်ဝင်ခြင်း၊ စိတ်ကို တစ်နေရာတည်း၌ ငြိမ်သက်စွာထားရှိခြင်း"ဟု အဓိပ္ပာယ်ကောက်ယူနိုင်၏။ စိတ်ကို တစ်နေရာတည်း၌ အချိန်ကြာမြင့်စွာ စူးစိုက်ထားနိုင်အောင် သမထဘာဝနာနည်းဖြင့် လေ့ကျင့်အားထုတ်ခြင်းဖြင့် ထိုစွမ်းရည်ကိုရနိုင်၏။

"ဈာန်ရခြင်း"ဆိုရာ၌လည်း အတားအဆီး အနှောင့်အယှက်များဖြစ်သည့် နီဝရဏ တရားများကို ဖယ်ရှားနိုင်သည်နှင့်အမျှ ထိုပုဂ္ဂိုလ်၏စိတ်သည် တဖြည်းဖြည်းအားကောင်း

လျက် ပဋိဘာဂနိမိတ်အာရုံပေါ်၌ ငြိမ်သက်စွာရပ်တည်နိုင်၏။ ထိုအခါ ဈာန်အင်္ဂါငါးပါးတို့သည် ကြီးထွားအားကောင်းလျက် ထိုပဋိဘာဂနိမိတ်အာရုံထဲသို့ ထိုးဖောက်ဝင်ရောက်သွားဘိသကဲ့သို့ အလွန်ခိုင်မာစွာ စူးစိုက်ငြိမ်သက်လျက် တည်နေတော့၏။ ထိုအခြေအနေကို ဈာန်ရသည်၊ ဈာန်ဝင်စားသည်ဟု ဆိုကြခြင်းဖြစ်၏။

ဤသို့ စိတ်ကို တစ်စုံတစ်သော အာရုံပေါ်သို့တင်၍ ငြိမ်သက်စွာစူးစိုက်ထားနိုင်သော ကျင့်စဉ်များကို မြတ်စွာဘုရားသည် ကမ္မဋ္ဌာန်း(၄၀)ကို ဟောကြားပြည့်နှံထားသည့်အတိုင်း လိုက်နာကျင့်သုံးနိုင်ကြ၏။ ဈာန်ရလိုသူတို့သည် ယင်းကမ္မဋ္ဌာန်း(၄၀)အနက် ကသိုဏ်း(၁၀)ပါးနှင့် အာနာပါနဿတိ ကမ္မဋ္ဌာန်းတို့သည် ရူပဈာန်(၅)မျိုးစလုံးကို ရနိုင်၏။ အသုဘ(၁၀)ပါးနှင့် ကာယဂတာသတိကမ္မဋ္ဌာန်းသည် ပထမဈာန်ကိုသာ ရနိုင်၏။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ ဤကမ္မဋ္ဌာန်း(၃)ပါးသည် စတုတ္ထဈာန်အထိ ရနိုင်၏။ ဥပေက္ခာကမ္မဋ္ဌာန်းကား ရူပ ပဉ္စမဈာန်ကိုသာရနိုင်၏။

ထို့ကြောင့် ကမ္မဋ္ဌာန်းတရားအားထုတ်သူသည် ကမ္မဋ္ဌာန်း(၄၀)ရှိသည့်အနက် မိမိ၏ဝါသနာစရိုက်နှင့်ကိုက်ညီမည့် ကမ္မဋ္ဌာန်းတစ်မျိုးမျိုးကို ရွေးချယ်၍ စွဲမြဲစွာ ရှုမှတ်ပွားများသင့်ကြ၏။

## ၂၀။ စရိုက်(၆)ပါးနှင့်ရွေးချယ်သင့်သောကမ္မဋ္ဌာန်း

၁။ ရာဂစရိုက် – အသုဘ(၁၀)ပါး၊ ကာယဂတာသတိကမ္မဋ္ဌာန်းကို ရွေးသင့်၏။

၂။ ဒေါသစရိုက် – ဗြဟ္မဝိဟာရကမ္မဋ္ဌာန်း၊ ဩဒါတကသိုဏ်းတို့ကို ရွေးချယ်သင့်၏။

၃။ မောဟစရိုက် – အာနပါနဿတိကမ္မဋ္ဌာန်းကို ရွေးချယ်သင့်၏။

၄။ သဒ္ဓါစရိုက် – ဗုဒ္ဓါနုဿတိစသော အနုဿတိကမ္မဋ္ဌာန်းကို ရွေးချယ်သင့်၏။

၅။ ဗုဒ္ဓိစရိုက် – မရဏာနုဿတိ၊ ဥပသမာနုဿတိ၊ အာဟာရေ ပဋိကူလသညာ၊ စတုဓာတုဝ ဝတ္ထာန်ဟူသော ကမ္မဋ္ဌာန်း(၄)မျိုးမှ တစ်ခုခုကိုရွေးချယ်သင့်၏။

၆။ ဝိတက်စရိုက် – အာနာပါနဿတိ ကမ္မဋ္ဌာန်းကို ရွေးချယ်သင့်၏။

## ၂၂။ ဝသီတော် ၅ ပါး

ပါဠိဘာသာအားဖြင့် (ဝသီ+ဘာဝ)ဟူသော ဝေါဟာရနှစ်လုံးကို ပေါင်းစပ်ထားသောစကားရပ်ဖြစ်၏။ အလိုဆန္ဒအတိုင်းဖြစ်စေနိုင်ခြင်း၊ စိတ်ကိုလိုသလိုထားနိုင်ခြင်းဟု အဓိပ္ပာယ်ရသည်။ ဈာန်ရအောင် ရှုပွားရာ၌ မရှိမဖြစ်အရေးကြီးသော အရည်အချင်း တစ်ခုဖြစ်၍ ရှုမှတ်သူသည် ဝသီဘော်နိုင်နင်းအောင် လေ့ကျင့်ထားရန်လို၏။

ဝသီဘော် ၅ ပါးရှိ၏။

| | | | |
|---|---|---|---|
| ၁။ | သမာပဇ္ဇနဝသီဘော် | = | အလိုရှိသောခဏ၌ အလျင်အမြန် ဝင်စားနိုင်ခြင်း။ |
| ၂။ | အဓိဋ္ဌာနဝသီဘော် | = | မိမိအလိုရှိသမျှ အချိန်ကာလကို အပိုအလိုမရှိ အတိအကျဈာန်ဇောဖြစ်စေနိုင်ခြင်း |
| ၃။ | ဝုဋ္ဌာနဝသီဘော် | = | သတ်မှတ်ထားသောအချိန်အတွင်း ဈာန်ဇောကို ရပ်ဆိုင်းနိုင်ခြင်း |
| ၄။ | အာဝဇ္ဇနဝသီဘော် | = | ဈာန်မှထသောအခါ ဈာန်၏အင်္ဂါများကို ပြန်လည်ဆင်ခြင်ရာ၌ လျင်မြန်ခြင်း |
| ၅။ | ပစ္စဝေက္ခဏာဝသီဘော် | = | ဈာန်အင်္ဂါတို့ကိုဆင်ခြင်သော ပစ္စဝေက္ခဏာဇောကို ခုနစ်ကြိမ်ထိမဖြစ်စေဘဲ လေးကြိမ် ငါးကြိမ်မျှသာဖြစ်စေခြင်း |

## ၂၃။ ဓာတ်ကြီး ၄ ပါး

| | | | |
|---|---|---|---|
| ၁။ | ပထဝီ | = | မြေဓာတ်၊ ခက်မာခြင်းလက္ခဏာ၊ ဆောက်တည်ရာသဘော |
| ၂။ | အာပေါ | = | ရေဓာတ်၊ ယိုစီးခြင်းလက္ခဏာ၊ ဖွဲ့စည်းခြင်းသဘော |
| ၃။ | တေဇော | = | မီးဓာတ်၊ ပူလောင်ခြင်းလက္ခဏာ၊ ရင့်ကျက်ခြင်းသဘော |
| ၄။ | ဝါယော | = | လေဓာတ်၊ ထောက်ကန်ရွေ့လျားခြင်း လက္ခဏာ၊ ပင့်မြှောက်ခြင်းသဘော |

## ၂၄။ လက္ခဏာရေး ၃ ပါး

| | | | |
|---|---|---|---|
| ၁။ | အနိစ္စ | = | မမြဲခြင်းသဘော |
| ၂။ | ဒုက္ခ | = | ဆင်းရဲခြင်းသဘော |
| ၃။ | အနတ္တ | = | အစိုးမရခြင်း၊ အလိုမလိုက်ခြင်းသဘော |

## ၂၅။ ရုပ် ၄ မျိုး

| | | | |
|---|---|---|---|
| ၁။ | ကမ္မဇရုပ် | = | ကံကြောင့်ဖြစ်သောရုပ် |
| ၂။ | စိတ္တဇရုပ် | = | စိတ်ကြောင့်ဖြစ်သောရုပ် |
| ၃။ | ဥတုဇရုပ် | = | ဥတုကြောင့်ဖြစ်သောရုပ် |
| ၄။ | အာဟာရဇရုပ် | = | အာဟာရကြောင့်ဖြစ်သောရုပ် |

## ၂၆။ ပဋိသန္ဓေ ၃ မျိုး

| | | | |
|---|---|---|---|
| ၁။ | ဩပပါတိကပဋိသန္ဓေ | = | ကိုယ်အင်္ဂါပြည့်စုံစွာဖြင့် ၁၆ နှစ်အရွယ် ဖြုန်းခနဲဖြစ်ပေါ်ခြင်း |
| ၂။ | သံသေဒဇပဋိသန္ဓေ | = | အညှော်အသား၊ အကျိအချွဲကို စွဲမှီ၍ ဖြစ်ရခြင်း |
| ၃။ | ဂဗ္ဘသေယျက ပဋိသန္ဓေ | = | အမိဝမ်းမှ ဖြစ်ပေါ် ပေါက်ဖွားရခြင်း<br>(က) ဥမှပေါက်ဖွားခြင်း<br>(ခ) သားအိမ်မှပေါက်ဖွားခြင်း |

## ၂၇။ ဝိနယ ထုံးစံ

မြတ်စွာဘုရားသည် (၄၅)ဝါကာလပတ်လုံး သတ္တဝါတို့အား ကယ်တင်ချွတ်ရန် အလို့ငှာ တရားဒေသနာတော်များကို ဟောကြားတော်မူခဲ့၏။ ထိုတရားတော်ဒေသနာများကို နောင်အစဉ်အဆက်တည်စိမ့်သောငှာ မဟာထေရ်ကြီးများက သင်္ဂါယနာခြောက်

ကြိမ်ခြောက်ခါတင်ကာ စိစစ်မှတ်သားခဲ့ကြရာ တူရာတူရာများကို စုစည်း၍ ဝိနည်းပိဋကတ်၊ သုတ္တန်ပိဋကတ်၊ အဘိဓမ္မာပိဋကတ်ဟူ၍ သုံးမျိုးခွဲခြားထားရှိခဲ့ကြ၏။

တစ်ဖန် ထိုပိဋကတ် တော်များကိုပင် (၁) ဒီဃနိကာယ်၊ (၂)မဇ္ဈိမနိကာယ်၊ (၃)သံယုတ္တနိကာယ် (၄) အင်္ဂုတ္တရနိကာယ် (၅) ခုဒ္ဒကနိကာယ်ဟူ၍ နိကာယ်ငါးရပ်ဖြင့် စုစည်းဖော်ပြထား၏။

ပိဋကသုံးပုံ၌ မြတ်စွာဘုရားဟောကြားအပ်သော ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ (ရှစ်သောင်းလေးထောင်)ရှိရာ ဝိနည်းပိဋကတ်တွင် ၂၁၀၀၀ (နှစ်သောင်းတစ်ထောင်)၊ သုတ္တန်ပိဋကတ်တွင် ၂၁၀၀၀ (နှစ်သောင်းတစ်ထောင်)၊ အဘိဓမ္မာပိဋကတ်တွင် ၄၂၀၀၀ (လေးသောင်းနှစ်ထောင်)ရှိပါ၏။

ဝိနယပိဋကတ်တွင် – (၁) သုတ္တဝိဘင်္ဂ (၂) ခန္ဓက (၃) ပရိဝါ ဟု သုံးပိုင်းပါဝင်ပြီး ကဏ္ဍအားဖြင့် – (၁) ပါရာဇိက ကဏ္ဍ (သာသနာမှဆုံးရှုံးသည်ကို ဆုံးမခြင်း)
(၂) ပါစိတ္တိယ ကဏ္ဍ (အပြစ်ကိုဖြေကြားရမည်ကို ဆုံးမခြင်း)
(၃) မဟာဝဂ္ဂ ကဏ္ဍ (အကျယ်အားဖြင့် ဆုံးမခြင်း)
(၄) စူဠဝဂ္ဂ ကဏ္ဍ (အနည်းငယ်အားဖြင့် ဆုံးမခြင်း)
(၅) ပရိဝါရ ကဏ္ဍ (အခြံအရံပြု၍ ဆုံးမခြင်း) – ဟု ခွဲခြားထား၏။

သုတ္တန်ပိဋကတ်တွင် –

(၁) သုတ်သီလက္ခန်(သူတော်ကောင်းတို့၏ အကျင့်ကိုပြဆိုခြင်း)
(၂) သုတ်မဟာဝါ (မြင့်မြတ်သောတရားအစုကိုပြဆိုခြင်း)
(၃) သုတ်ပါထေယျ (နိဗ္ဗာန်ရောက်ကြောင်း အကျင့်တရားတို့ကို ပြဆိုခြင်း) တို့ ပါဝင်သည်။

အဘိဓမ္မာပိဋကတ်တွင် –

(၁) ဓမ္မသင်္ဂဏီ
(၂) ဝိဘင်း
(၃) ဓာတုကထာ
(၄) ပုဂ္ဂလပညတ်
(၅) ကထာဝတ္ထု
(၆) ယမိုက်
(၇) ပဋ္ဌာန်း

– ရုပ်နှင့်နာမ်ဆိုင်ရာနည်းအမျိုးမျိုးကိုဝေဖန်ပြခြင်း တို့ ပါဝင်သည်။

ပိဋကတ်တော်များကို နိကာယ်အားဖြင့်လည်း (၅)မျိုးခွဲထား၏။

၁။ ဒီဃနိကာယ်တွင်

(၁) သုတ်သီလက္ခန်

(၂) သုတ်မဟာဝါ

(၃) သုတ်ပါထေယျ–ဟူသော ရှည်လျားသည့်သုတ်များပါဝင်သည်။

၂။ မဇ္ဈိမနိကာယ်တွင် –

(၁) မူလ ပဏ္ဏာသ

(၂) မဇ္ဈိမပဏ္ဏာသ

(၃) ဥပရိပဏ္ဏာသ – ဟူသော အလယ်အလတ်ဖြစ်သည့် သုတ်များပါဝင်သည်။

၃။ သံယုတ္တနိကာယ်တွင် –

(၁) သဂါထာဝဂ္ဂသံယုတ်

(၂) နိဒါနာဝဂ္ဂသံယုတ်

(၃) ခန္ဓဝဂ္ဂသံယုတ်

(၄) သဠာယတနဝဂ္ဂသံယုတ်

(၅) မဟာဝဂ္ဂသံယုတ် – ဟူသော သုတ်ပေါင်း ၅၅–ခုပါရှိပြီး အစီအစဉ်တကျဖော်ပြထားသည်။

၄။ အင်္ဂုတ္တရ နိကာယ်တွင် –

(၁) ဧကင်္ဂုတ္တရ

(၂) ဒုကင်္ဂုတ္တရ

(၃) တိကင်္ဂုတ္တရ

(၄) စတုက္ကင်္ဂုတ္တရ

(၅) ပဥ္စင်္ဂုတ္တရ

(၆) ဆက္ကင်္ဂုတ္တရ

(၇) သတ္တင်္ဂုတ္တရ

(၈) အဋ္ဌင်္ဂုတ္တရ

(၉) နဝင်္ဂုတ္တရ

(၁၀) ဒသင်္ဂုတ္တရ

(၁၁) ဧကာဒသင်္ဂုတ္တရ – ဟူသော အရေအတွက်တူတရားတို့ကို တစ်ခုစီခွဲပြထားသည်။

၅။ ခုဒ္ဒကနိကာယ်တွင် –

(၁) ခုဒ္ဒကပါဌ ပါဠိ
(၂) ဓမ္မပဒ ပါဠိ
(၃) ဥဒါန ပါဠိ
(၄) ဣတိဝုတ္တကပါဠိ
(၅) သုတ္တနိပါတ ပါဠိ
(၆) ဝိမာနဝတ္ထု ပါဠိ
(၇) ပေတဝတ္ထု ပါဠိ
(၈) ထေရဂါထာ ပါဠိ — အတိုအထွာများကို စုပေါင်းထားခြင်း
(၉) ထေရီဂါထာ ပါဠိ
(၁၀) ဇာတက ပါဠိ
(၁၁) မဟာနိဒ္ဒေသပါဠိ
(၁၂) စူဠနိဒ္ဒေသ ပါဠိ
(၁၃) ပဋိသမ္ဘိဒါမဂ္ဂပါဠိ
(၁၄) ထေရာပဒါန ပါဠိ
(၁၅) ထေရီပဒါန ပါဠိ
(၁၆) ဗုဒ္ဓဝံသ ပါဠိ
(၁၇) စရိယာပိဋက ပါဠိ
(၁၈) နေတ္တိပါဠိ
(၁၉) ပေဋကောပဒေသ ပါဠိ
(၂၀) မိလိန္ဒပဉှာ ပါဠိ — တို့ ပါဝင်သည်။

## ၂၈။ ပိဋကသုံးပုံကို ရေတွက်မှတ်သားနည်းနောက်တစ်နည်း

မြတ်စွာဘုရား ဟောကြားအပ်သော ပိဋကတ်တော်ကို ပညာရှိမထေရ်မြတ်ကြီးများက နည်းအမျိုးမျိုးဖြင့် ရေတွက်မှတ်သားခဲ့ကြရာ (၁) သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူ၍လည်းကောင်း၊ နိကာယ်အားဖြင့် (၂) ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တ နိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကနိကာယ်ဟူ၍ နိကာယ်ငါးရပ်ဖြင့်လည်းကောင်း ဖော်ပြခဲ့ကြ၏။

တစ်ဖန် ထိုပိဋကတ်တော်များကိုပင် နောက်တစ်နည်းဖော်ပြကြ၏။ ပိဋကသုံးပုံသို့မဟုတ် နိကာယ်ငါးရပ်အတွင်းရှိ ဓမ္မက္ခန္ဓာပေါင်း (ဓမ္မတရားပေါင်း) ၈၄၀၀၀ (ရှစ်သောင်းလေးထောင်)ကို သင်္ချာသဘောအရ ခွဲခြားလိုက်ရာ –

၁။ သတိပဋ္ဌာန် (၄) ပါး
၂။ သမ္မပ္ပဓါန် (၄) ပါး
၃။ ဣဒ္ဓိပါဒ် (၄) ပါး
၄။ ဣန္ဒြေ (၅) ပါး
၅။ ဗိုလ် (၅) ပါး
၆။ ဗောဇ္ဈင် (၇) ပါး
၇။ မဂ္ဂင် (၈) ပါး အားဖြင့် ပေါင်း(၃၇)ပါးဖြစ်လာ၏။

၎င်း(၃၇)ပါးကို ဗောဓိပက္ခိယတရား (၃၇)ပါးဟု ခေါ်ဆိုကြ၏။

## ၂၉။ ဗောဓိပက္ခိယတရား (၃၇)ပါး

ဗောဓိပက္ခိယတရား(၃၇)ပါးကိုကြည့်လျှင် မဂ္ဂင်အားဖြင့် မဂ္ဂင်(၈)ပါးမှ လွတ်ကင်းသည်မရှိ။ တစ်ဖန် မဂ္ဂင်(၈)ပါးကို သိက္ခာအားဖြင့်ကြည့်ပြန်လျှင် (၁) သီလ (၂) သမာဓိ (၃) ပညာဟူသော သိက္ခာသုံးပါးတွင် အကျုံးဝင်သည်ချည်းဖြစ်၏။ ထိုသိက္ခာ(၃)ပါးကား သံသရာမှ လွတ်မြောက်ကြောင်း ဝိမုတ္တိတရားများ ဖြစ်ကြ၏။

ဖော်ပြပါ ဗောဓိပက္ခိယတရား(၃၇)ပါးတွင် ပါဝင်သော တရားများကား ဤသို့ဖြစ်၏။

၁။ သတိပဋ္ဌာန် (၄)ပါး
(၁) ကာယာနုပဿနာသတိပဋ္ဌာန် – ကိုယ်၏လှုပ်ရှားမှုကို ရှုမှတ်ခြင်း
(၂) ဝေဒနာနုပဿနာသတိပဋ္ဌာန် – ခံစားမှုဝေဒနာကို ရှုမှတ်ခြင်း
(၃) စိတ္တာနုပဿနာသတိပဋ္ဌာန် – စိတ်၏လှုပ်ရှားမှုကို ရှုမှတ်ခြင်း
(၄) ဓမ္မာနုပဿနာသတိပဋ္ဌာန် – တရားကိုရှုမှတ်ခြင်း

၂။ သမ္မပ္ပဓာန် (၄)ပါး
(၁) မဖြစ်သေးသော အကုသိုလ်များမဖြစ်ပေါ်စေရန်အားထုတ်ခြင်း။
(၂) ဖြစ်ပြီးသော အကုသိုလ်များကို ဖယ်ရှားခြင်းငှာ အားထုတ်ခြင်း။
(၃) မပြု၊ မဖြစ်သေးသောကုသိုလ်တရားများ ဖြစ်ပေါ်လာစေရန် အားထုတ်ခြင်း
(၄) ပြုပြီး၊ ပြုဆဲဖြစ်ကုန်သော ကုသိုလ်တရားတို့ကို တိုးပွားစေခြင်းငှာ အားထုတ်ခြင်း။

၃။ ဣဒ္ဓိပါဒ် (၄)ပါး
(၁) ဆန္ဒိဒ္ဓိပါဒ် – တောင့်တခြင်းကို အမှူးပြု၍ ပြည့်စုံခြင်း
(၂) စိတ္တိဒ္ဓိပါဒ် – စိတ်ကိုအမှူးပြု၍ ပြည့်စုံခြင်း

(၃) ဝီရိယိဒ္ဓိပါဒ် – လုံ့လကိုအမှူးပြု၍ ပြည့်စုံခြင်း
(၄) ဝီမံသိဒ္ဓိပါဒ် – ပညာကိုအမှူးပြု၍ ပြည့်စုံခြင်း

၄။ ဣန္ဒြေ (၅)ပါး
(၁) သဒ္ဓိန္ဒြေ – သဒ္ဓါတရားကို စောင့်စည်းခြင်း
(၂) ဝီရိယန္ဒြေ – ဝီရိယကို စောင့်စည်းခြင်း
(၃) ပညိန္ဒြေ – ပညာကို စောင့်စည်းခြင်း
(၄) သမာဓိန္ဒြေ – သမာဓိကို စောင့်စည်းခြင်း
(၅) သတိန္ဒြေ – သတိကိုစောင့်စည်းခြင်း

၅။ ဗိုလ် (၅) ပါး
(၁) သဒ္ဓါဗိုလ် – သဒ္ဓါအား
(၂) သတိဗိုလ် – သတိအား
(၃) သမာဓိဗိုလ် – သမာဓိအား
(၄) ပညာဗိုလ် – ပညာအား
(၅) ဝီရိယဗိုလ် – ဝီရိယအား

၆။ ဗောဇ္ဈင် (၇) ပါး
(၁) သတိသမ္ဗောဇ္ဈင်
(၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်
(၃) ဝီရိယသမ္ဗောဇ္ဈင်
(၄) ပီတိသမ္ဗောဇ္ဈင်
(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်
(၆) သမာဓိသမ္ဗောဇ္ဈင်
(၇) ဥပေက္ခာသမ္ဗောဇ္ဈင်

၇။ မဂ္ဂင် (၈)ပါး
(၁) သမ္မာဒိဋ္ဌိ – ကောင်းသောမြင်ခြင်း
(၂) သမ္မာသင်္ကပ္ပ – ကောင်းသောကြံစည်ခြင်း
(၃) သမ္မာဝါစာ – ကောင်းသောပြောဆိုခြင်း
(၄) သမ္မာကမ္မန္တ – ကောင်းသောပြုလုပ်ခြင်း
(၅) သမ္မာအာဇီဝ – ကောင်းသောအသက်မွေးခြင်း
(၆) သမ္မာဝါယမ – ကောင်းသောအားထုတ်ခြင်း
(၇) သမ္မာသတိ – ကောင်းသောအောက်မေ့ခြင်း
(၈) သမ္မာသမာဓိ – ကောင်းသောတည်ကြည်ခြင်း

# ၄၀။ သုတ္တန်တရားတော်

မြတ်စွာဘုရား၏ ဟောကြားတော်မူအပ်သည့် တရားဒေသနာတော် ပိဋကသုံးပုံတွင် ပါဝင်သော တရားတော်ဖြစ်၏။ သုတ္တန်ပိဋကတော်၌ သုတ်သီလက္ခန်၊ သုတ်မဟာဝါ၊ သုတ်ပါထေယျဟူသော ကျမ်းသုံးကျမ်းပါဝင်၏။ ယင်းတို့ကို –

၁။ သုတ်သီလက္ခန် – သူတော်ကောင်းတို့၏အလေ့အကျင့်တို့ကို ပြဆိုခြင်း၊
၂။ သုတ်မဟာဝါ – မြင့်မြတ်သောတရားအစုကိုပြဆိုခြင်း၊
၃။ သုတ်ပါထေယျ – နိဗ္ဗာန်ကို မျက်မှောက်ပြုကြောင်း အကျင့်တရားတို့ကို ပြဆိုခြင်း – ဟူ၍ ခွဲခြားဖော်ပြထား၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် သုံးလနှင့်ငါးရက်မြောက်နေ့တွင် အရှင်မဟာကဿပရဟန္တာမထေရ်မြတ်ကြီး အမှူးပြုပြီး ရဟန္တာအရှင်မြတ်ငါးရာတို့က သံဂါယနာတင်တော်မူကြရာ ပထမဦးစွာ ဝိနည်းတရားတော်ကို သံဂါယနာတင်တော်မူကြ၏။ ဝိနည်းတရားတော်ပြီးသော် ဤသုတ္တန်တရားတော်နှင့် အဘိဓမ္မာတရားတော်တို့ကို ဆက်လက်သံဂါယနာတင်တော်မူကြ၏။

ဤသုတ္တန်နှင့်အဘိဓမ္မာတရားတော်တို့ကို သံဃာ့ဥဿျောင်အရှင်မဟာကဿပမထေရ်က မေး၍ အရှင်အာနန္ဒာမထေရ်က ဖြေကြားကာသံဂါယနာတင်တော်မူခြင်းဖြစ်၏။ ဥပမာ ဆိုရသော် –

အရှင်မဟာကဿပမထေရ်က "ငါ့ရှင်အာနန္ဒာ၊ မြတ်စွာဘုရားသည် ဗြဟ္မဇာလသုတ်ကို အဘယ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ ဟောတော်မူပါသနည်း"ဟု မေး၏။ ထိုအခါ အရှင်အာနန္ဒာက "အရှင်မဟာကဿပ၊ ဤဗြဟ္မဇာလသုတ်ကို မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်နှင့် နာလန္ဒမြို့၏အကြားသို့ ကြွရောက်တော်မူသောကာလ သုပ္ပိယပရိဗိုဇ်နှင့်ဗြဟ္မဒတ်လုလင်တို့ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းဖြစ်သည်ကို အကြောင်းပြု၍ ဟောတော်မူပါသည်"ဟု လျှောက်၏။

ဤသို့ စသည်ဖြင့် အလုံးစုံသော သုတ္တန်ပိဋကတ်၊ အဘိဓမ္မာ ပိဋကတ်တို့ကို အရှင်မဟာကဿပမေးတော်မူ၍ အရှင်အာနန္ဒာက ဖြေကြားတော်မူပြီးမှ –

(၁) ရှည်သောပမာဏရှိသော သုံးဆယ့်လေးသုတ်ကို စုပေါင်း၍ ဒီဃနိကာယ်ဟူ၍လည်းကောင်း၊
(၂) အလယ်အလတ်ပမာဏရှိသော တစ်ရာ့ငါးဆယ့်နှစ်သုတ်တို့ကို စုပေါင်း၍ မဇ္ဈိမနိကာယ်ဟူ၍လည်းကောင်း၊
(၃) ငယ်သောပမာဏရှိသော ခုနစ်ထောင့်ခုနစ်ရာခြောက်ဆယ့်ငါးသုတ်ကို စုပေါင်း၍ သံယုတ္တနိကာယ်ဟူ၍လည်းကောင်း၊
(၄) အင်္ဂါတစ်ပါးလွန်သုတ်စု ကိုးထောင့်ငါးရာငါးဆယ့်ခုနစ်သုတ်တို့ကို စုပေါင်း၍ အင်္ဂုတ္တရနိကာယ်ဟူ၍လည်းကောင်း၊

(၅) ခုဒ္ဒကပါဌ၊ ဓမ္မပဒ၊ ဥဒါန်း၊ ဣတိဝုတ်၊ သုတ္တနိပါတ်၊ ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ ထေရဂါထာ၊ ထေရီဂါထာ၊ ဇာတက၊ နိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ်၊ အပါဒါန်၊ ဗုဒ္ဓဝင်၊ စရိယ ပိဋကအားဖြင့် တစ်ဆယ့်ငါးကျမ်းသောသုတ်တို့ကို (အဘိဓမ္မာခုနစ်ကျမ်း၊ ဝိနည်းငါးကျမ်းနှင့် ထိုမှကြွင်းကုန်သော ဘုရားစကားတော်တို့ကို ထည့်သွင်းပေါင်းချုပ်၍) ပေါင်းစု၍ ခု-ဒ္ဒက နိကာယ်ဟူ၍လည်းကောင်း အမည်အရည်သီးခြားသတ်မှတ်လျက် ရဟန္တာအရှင်မြတ်ငါးရာလုံး ပေါင်းရုံး၍ ရွတ်အံသရဇ္ဈာယ်ကြကုန်၏။

ပိဋကသုံးပုံ၌ ဘုရားဟောဓမ္မခန္ဓာပေါင်း (၈၄၀၀၀)ရှိရာ ဤသုတ္တန်ပိဋကတ်၌ ဓမ္မခန္ဓာပေါင်း(၂၁၀၀၀)ရှိလေသည်။

## ၃၀။ ဝိနည်းတရားတော်

မြတ်စွာဘုရားဟောကြားတော်မူအပ်သော တရားတော်တွင် ဝိနည်းတရားတော်သည် အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေ၏။ ဝိနည်းတော်သည် မြတ်စွာဘုရားသာသနာတော်၏ အသက်ဖြစ်၏။ သာသနာတော်ကို ကာကွယ်စောင့်ရှောက်အပ်သည့် မဟာတံတိုင်းကြီးလည်းမည်ပေ၏။ ဝိနည်းတရားတော်တည်ရှိမှသာလျှင် သာသနာတော်ကြီးသည်လည်း အခွန့်ရှည်စွာတည်ရှိနေမည်ဖြစ်၏။

ဝိနည်းတရားတော်သည် သာသနာတော်အတွက် လွန်စွာအရေးကြီးလှသောကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးသည့်အချိန်မှစတင်ပြုလုပ်ခဲ့သည့် ပဌမသင်္ဂါယနာ၊ ဒုတိယသင်္ဂါယနာနှင့် သင်္ဂါယနာအဆက်ဆက်တွင် ဝိနည်းတော်ကို အဦးအစထား၍ သင်္ဂါယနာတင်တော်မူခဲ့၏။ ဝိနည်းတရားတော်သည် ရဟန်းတော်များအား ကာယကံမှု၊ ဝစီကံမှုတို့၌ ယဉ်ကျေးသိမ်မွေ့စေ၍ ကာယ၊ ဝစီ စသော ဒွါရတို့၌ ဖြစ်လတ္တံ့သော ဒုစရိုက်အပြစ်တို့ကို ပိတ်ပင်တားဆီးတတ်သည့် မြတ်စွာဘုရား၏ စည်းမျဉ်း၊ ဥပဒေတော်ကြီးဟူ၍လည်း ဆိုနိုင်၏။

ဝိနည်းတရားတော်ကို သင်္ဂါယနာတင်သောအခါ ရှေးမထေရ်ကြီးများက –

၁။ ရဟန်းယောကျ်ားများနှင့်သက်ဆိုင်သော သိက္ခာပုဒ်များကို အကျယ်အားဖြင့် ဝေဖန်ပြရာအပိုင်း၊ ဘိက္ခု၊ ဝိဘင်္ဂ၊

၂။ ရဟန်းမိန်းမများနှင့် သက်ဆိုင်သော သိက္ခာပုဒ်များကို အကျယ်အားဖြင့် ဝေဖန်ပြရာ အပိုင်း၊ ဘိက္ခုနီ၊ ဝိဘင်္ဂ၊

၃။ မဟာခန္ဓက၊ ဥပေါသထက္ခန္ဓက စသော ကြီးကျယ်ရှည်လျားသော အကြောင်းအရာများကို ဖော်ပြရာအပိုင်း၊ မဟာဝဂ္ဂ၊

၄။ ကမ္မက္ခန္ဓက၊ ပါရိဝါသိကက္ခန္ဓက စသော မဟာဝဂ္ဂခန္ဓကလာအကြောင်းအရာများထက် ငယ်သော၊ တိုတောင်းသောအကြောင်းအရာများကို ဖော်ပြရာအပိုင်း၊ စူဠဝဂ္ဂ၊

၅။ ဝိနည်းဆိုင်ရာတွင် ဆိုဖွယ်ရာအကြွင်းအကျန်မရှိအောင် အချုပ်အရုံးသဖွယ် သိမ်းကျုံး ဖွင့်ဆိုပြရာ ပရိဝါရ–ဟူ၍ အစဉ်အားဖြင့် ငါးမျိုးရှိ၏။ ထိုအပိုင်း ငါးမျိုး ကျမ်းအားဖြင့် ခွဲခြားလိုက်သောအခါ –

၁။ ပါရာဇိကဏ်ပါဠိတော်

၂။ ပါစိတ်ပါဠိတော်

၃။ မဟာဝဂ္ဂပါဠိတော်

၄။ စူဠဝဂ္ဂပါဠိတော်

၅။ ပရိဝါပါဠိတော် – ဟူ၍ ကျမ်းငါးကျမ်းဖြစ်လာ၏။

ပါရာဇိကဏ်ပါဠိတော်တွင် သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်စေနိုင်သော အကြီးဆုံးသောအပြစ်၊ အပြစ်စင်ကြယ်အောင် ကုစားရာ၌ သံဃာကို အလိုရှိအပ်သော ဒုတိယအကြီးဆုံးအပြစ်၊ အပြစ်အမည်ကို အမြဲသတ်မှတ်ထားခြင်းမရှိ သင့်သလို ဆုံးဖြတ်ရသောအပြစ် အာပတ်တစ်မျိုးနှင့် စွန့်ခြင်းရှေ့သွားရှိသောအပြစ်တို့ ပါဝင်သည်။

ပါစိတ်ပါဠိတော်တွင် ဘိက္ခုဝိဘင်္ဂ၌ပါရှိသော ကုသိုလ်စိတ်ကိုလျှော့ကျခြင်းသို့ ရောက်စေနိုင်သည့်အပြစ်၊ ယဉ်ကျေးမှုကျင့်ဝတ်အနေဖြင့် လိုက်နာရသောသိက္ခာပုဒ်များ၊ အဓိကရဏ်း သို့မဟုတ် အပြစ်တို့ကို ငြိမ်းအေးအောင် ဆုံးဖြတ်နည်းဟူသော အပိုင်းကြီး လေးပိုင်းနှင့် ဘိက္ခုနီဝိဘင်္ဂပါဠိအပိုင်းအားလုံးပါဝင်သည်။

ထိုနောက်မှ အစဉ်အတိုင်း မဟာဝဂ္ဂပါဠိတော်၊ စူဠဝဂ္ဂပါဠိတော်၊ ပရိဝါရပါဠိတော် ဟူ၍ တစ်ကျမ်းစီဖွဲ့စည်းကာ ဝိနည်းငါးကျမ်းဟု ရှေးမဟာထေရ်ကြီးများက သတ်မှတ်တော်မူခဲ့ကြသည်။

ဤဝိနည်းတော်သည် ဟိရိ၊ ဩတ္တပ္ပ ဟူသော လောကပါလတရားများကို မြဲမြံနိုင်ခဲ့ အရှည်တည်တံ့စေပြီး ကောင်းမွန်စွာ ကျင့်သုံးတော်မူကြကုန်သော ရဟန်းတော်တို့အား သီလ၏ပြည့်စုံခြင်းကို အမှီပြု၍ နိဗ္ဗာန်သို့ ပို့ဆောင်ပေးမည့် တရားတော်ဖြစ်သည်။ ထို့ကြောင့် ဝိနည်းတော်တည်ရှိမှသာ၊ သာသနာတော်တည်ရှိနိုင်သည်ဟု ဆိုခဲ့ကြခြင်း ဖြစ်လေသည်။

ဝိနည်းတော်နှင့်စပ်လျဉ်း၍ ပိဋကသုံးပုံတွင် ဝိနယပိဋကဟူ၍ သီးခြားခွဲခြားကာ–

(၁) ပါရာဇိက (သာသနာတော်မှ ဆုံးရှုံးသည်ကို ဆုံးမခြင်း)

(၂) ပါစိတ္တိယ (အပြစ်ကိုဖြေကြားရမည်ဟု ဆုံးမခြင်း)

(၃) မဟာဝဂ္ဂ (ကျယ်သောကဏ္ဍအားဖြင့် ဆုံးမခြင်း)

(၄) စူဠဝဂ္ဂ (အနည်းငယ်သောကဏ္ဍအားဖြင့် ဆုံးမခြင်း)

(၅) ပရိဝါယ (အချုပ်အရုံးပြု၍ဆုံးမခြင်း) – ဟူ၍လည်းကောင်း။

ပဉ္စမသင်္ဂါယနာတင်ရာ၌ အရှင်မဟာကဿပ မေးမြန်း၍ ဝိနည်းဓောဒဂ်ရ အရှင်ဥပါလိမထေရ် ဖြေကြားပြီး ဤကား ပါရာဇိကတည်း၊ ဤကား သံဃာဒိသိသ်တည်း၊ ဤကား အနိယတတည်းဟု ရဟန္တာအရှင်မြတ်ကြီးများက တစ်ညီတစ်ညွတ်တည်း အောက်ပါအတိုင်း ခွဲခြားသတ်မှတ်ထားကြ၏။

| | | | | |
|---|---|---|---|---|
| (က) | ဘိက္ခုဝိဝင်– | ၁။ | ပါရာဇိက | (၄) ပါး |
| | | ၂။ | သံဃာဒိသိသ် | (၁၃) ပါး |
| | | ၃။ | အနိယတ | (၂) ပါး |
| | | ၄။ | နိဿဂ္ဂိယပါစိတ် | (၃၀) ပါး |
| | | ၅။ | သုဒ္ဓပါစိတ် | (၉၂) ပါး |
| | | ၆။ | ပါဋိဒေသနီ | (၄) ပါး |
| | | ၇။ | သေခိယ | (၇၅) ပါး |
| | | ၈။ | အဓိကရဏသမထ | (၇) ပါး |
| | | | ပေါင်း | ၂၂၇ ပါး |
| (ခ) | ဘိက္ခုနီဝိဘင်း | ၁။ | ပါရာဇိက | (၈) ပါး |
| | | ၂။ | သံဃာဒိသိသ် | (၁၇) ပါး |
| | | ၃။ | နိဿဂ္ဂိယပါစိတ် | (၃၀) ပါး |
| | | ၄။ | သုဒ္ဓပါစိတ် | (၁၆၆) ပါး |
| | | ၅။ | ပါဋိဒေသနီ | (၈) ပါး |
| | | ၆။ | သေခိယ | (၇၅) ပါး |
| | | ၇။ | အဓိကရဏသမထ | (၇) ပါး |
| | | | ပေါင်း | ၃၁၁ ပါး |

(ဂ) မဟာဝါခန္ဓက

(ဃ) စူဠဝါခန္ဓက

(င) ပရိဝါ – တို့ ဖြစ်ကြ၏ဟူ၍လည်းကောင်း ဖော်ပြထား၏။

## ၄၂။ အဘိဓမ္မာတရားတော်

အဘိဓမ္မာတရားတော်သည် ပိဋကသုံးပုံတွင် တစ်ခုအပါအဝင်ဖြစ်၏။ သုတ္တန်ဓမ္မထက်သာလွန်ထူးခြားသော ပရိယတ္တိဓမ္မဖြစ်သောကြောင့် အဘိဓမ္မာဟုခေါ်၏။ "သာလွန်ထူးခြားသော"ဟု အနက်ရသည့် "အဘိ"နှင့် တရားဟုအနက်ရသည့် "ဓမ္မ"နှစ်ခုကို ပေါင်းစပ်ထားပြီးခေါ်ဆိုခြင်းဖြစ်၏။

သုတ္တန်ပိဋကသည်လည်းကောင်း၊ အဘိဓမ္မာပိဋကသည်လည်းကောင်း "ဓမ္မ" မည်ပေ၏။ မဂ်ဖိုလ်တို့သည်ကား နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဟူသောအကြောင်းကြောင့် အဘိဓမ္မမည်ပေ၏စသည်ဖြင့်လည်း အဓိပ္ပာယ်ဖွင့်ကြ၏။

အဘိဓမ္မာဒေသနာတော်ကို မြတ်စွာဘုရားပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ပဌမသံဂါယနာတင်တော်မူကြသည့် အရှင်မြတ်တို့က ပိဋကအားဖြင့် အဘိဓမ္မာပိဋကတ်ဖြစ်ကြောင်းကိုလည်းကောင်း၊ နိကာယ်အားဖြင့် ခုဒ္ဒကနိကာယ်အဝင်ဖြစ်ကြောင်းကို လည်းကောင်း၊ အင်္ဂါအားဖြင့် ဝေယျာကရဏ ဖြစ်ကြောင်းကိုလည်းကောင်း၊ ဓမ္မက္ခန္ဓာအားဖြင့် လေးသောင်းနှစ်ထောင်ရှိကြောင်းကိုလည်းကောင်း သတ်မှတ်ပိုင်းခြားတော်မူခဲ့ကြ၏။

ထိုအဘိဓမ္မာဒေသနာတော်သည် ကျမ်းအားဖြင့် -

၁။ ဓမ္မသင်္ဂဏီ

၂။ ဝိဘင်္ဂ (ဝိဘင်း)

၃။ ဓာတုကထာ

၄။ ပုဂ္ဂလပညတ္တိ (ပုဂ္ဂလပညတ်)

၅။ ကထာဝတ္ထု

၆။ ယမက (ယမိုက်)

၇။ ပဋ္ဌာန (ပဋ္ဌာန်း) - ဟူ၍ (၇)ကျမ်းရှိ၏။

**၁။ ဓမ္မသင်္ဂဏီကျမ်း**

ကုသလဓမ္မ၊ အကုသလဓမ္မ အစရှိသော ဓမ္မတို့ကို အကျဉ်းချုပ်အားဖြင့် ဟောတော်မူအပ်သောကျမ်းဖြစ်၏။

**၂။ ဝိဘင်္ဂ(ဝိဘင်း)ကျမ်း**

ခန္ဓာစသော ဓမ္မတို့ကို သုတ္တန်နည်း၊ အဘိဓမ္မာနည်း၊ အမေးအဖြေနည်းတို့ဖြင့် အကျယ်တဝင့်ဟောကြားတော်မူသောကျမ်းဖြစ်၏။

**၃။ ဓာတုကထာကျမ်း**

ခန္ဓအစအရဏအဆုံးရှိသော ဓာတ်တရားတို့ကို ပိုင်းခြား၍ ဟောတော်မူသောကျမ်းဖြစ်၏။

**၄။ ပုဂ္ဂလပညတ္တိကျမ်း**

ခန္ဓပညတ်၊ အာယတနပညတ်၊ ဓာတုပညတ်၊ သစ္စပညတ်၊ ဣန္ဒြိယပညတ်ဟူသော သဘာဝပညတ်ငါးမျိုးနှင့်ပုဂ္ဂလပညတ်ဟူသော အသဘာဝပညတ်တို့ကို ဝေဖန်ဟောကြားတော်မူသော ကျမ်းဖြစ်၏။

**၅။ ကထာဝတ္ထုကျမ်း**

ပုဂ္ဂိုလ်နှင့်စပ်သောစကား ပုဂ္ဂလကထာ၊ ဖြဟ္မစရိယကထာစသည့် ကထာတို့၏ တည်ရာဖြစ်သောကျမ်းဖြစ်၏။ ယင်းကျမ်းသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီး

နောက် တတိယသံဂါယနာတင်စဉ်အခါမှ အရှင်မဟာမောဂ္ဂလိပုတ္တမထေရ်ဟောတော်မူခြင်းဖြစ်၏။

၆။ ယမိုက်ကျမ်း

အနုလောမ၊ ပဋိလောမတစ်စုံ၊ ပုစ္ဆာ၊ ဝိသဇ္ဇနာတစ်စုံ၊ သန္နိဋ္ဌာန်၊ သံသယတစ်စုံ၊ ဤသို့အစုံစုံအားဖြင့် ဟောတော်မူသော ကျမ်းဖြစ်၏။

၇။ ပဋ္ဌာန်းကျမ်း

"ပဋ္ဌာန"သဒ္ဒါသည် အကြောင်းအမျိုးမျိုးဟူသော အနက်ရှိပြီး နှစ်ဆယ့်လေးပစ္စည်းတို့တွင် တစ်ခုတစ်ခုသော ပစ္စည်း၌ပင် မြတ်စွာဘုရားသည် အကြောင်းအမျိုးမျိုးကို ဟောတော်မူသည်။ တစ်ခုတစ်ခုသော ပစ္စည်း၏ ပဋ္ဌာန်းဟူသောအမည်ကို နှစ်ဆယ့်လေး ပစ္စည်းလုံးကို ပြဆိုသောကျမ်း၌ တင်စား၍ အစိတ်၏အမည်ကိုအပေါင်း၌ တင်စားသော နည်းအရ ပဋ္ဌာန်းကျမ်းဟုခေါ်ခြင်းဖြစ်၏။ အသုံးမရှိသောနည်းတို့ဖြင့် တန်ဆာဆင်အပ်သော "အနန္တနယပဋ္ဌာန်းကျမ်း"ဟုလည်း ခေါ်ဆိုခဲ့ကြ၏။

မြတ်စွာဘုရားဟောကြားတော်မူအပ်သော အဘိဓမ္မာ(၇)ကျမ်းသည် ယခုအခါ (ဆဋ္ဌသံဂါယနာမူ) စာအုပ်အရေအတွက်အားဖြင့် (၁၂)အုပ်၊ စာမျက်နှာအားဖြင့် (၅၀၀၀) ခန့် ရှိ၏။

အဘိဓမ္မာ(၇)ကျမ်းပါ တရားများကို မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ရောက်တော်မူပြီးနောက် စတုတ္ထသတ္တာဟ(ရတနာဃရ)၌ စံတော်မူစဉ် သုံးသပ်ဆင်ခြင်တော်မူခြင်းဖြစ်၏။ ယင်းအဘိဓမ္မာတရားကိုပင် မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်၌ ဟောကြားတော်မူခဲ့၏။

## ၃၃။ ဓမ္မစကြာတရားတော်၏အနှစ်ချုပ်

ရဟန်းတို့မမှီဝဲ မလေ့လာအပ်သောတရားမှာ နှစ်ပါးရှိ၏။ ယင်းတို့ကား ကာမဂုဏ်စည်းစိမ်များကိုခံစားပြီး ကျင့်သောအကျင့်နှင့် ကာမဂုဏ်စည်းစိမ်ကို စွန့်ပယ်ကာ ခန္ဓာကိုယ်ကို ညှင်းပန်းနှိပ်စက်လျက်ကျင့်သော အကျင့်ဟူ၍ ဖြစ်၏။ ထိုတရားနှစ်ပါး လွတ်မြောက်လျက် အလယ်အလတ်ဖြစ်သော မဇ္ဈိမပဋိပဒါလမ်းစဉ်သည်ရှိ၏။

ယင်းတို့ မှာ –

(၁) ကောင်းစွာသိမြင်ခြင်း
(၂) ကောင်းစွာကြံစည်ခြင်း
(၃) ကောင်းစွာပြောဆိုခြင်း
(၄) ကောင်းစွာပြုလုပ်ခြင်း

(၅) ကောင်းစွာအသက်မွေးမြူခြင်း
(၆) ကောင်းစွာအားထုတ်ခြင်း
(၇) ကောင်းစွာသတိရအောက်မေ့ခြင်း
(၈) ကောင်းစွာတည်ကြည်ခြင်း – တို့ ဖြစ်၏။

ထိုအလယ်အလတ်ဖြစ်သော မဇ္ဈိမပဋိပဒါလမ်းစဉ်သည် ဉာဏ်စက္ခုကိုလည်းကောင်း၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုလည်းကောင်း ပြုနိုင်သည်ဖြစ်၍ နိဗ္ဗာန်အကျိုးငှာ အမှန်ပင်ဖြစ်နိုင်ပါပေ၏။

ဒုက္ခသစ္စာ

ပဋိသန္ဓေနေရခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ မချစ်မနှစ်သက်သူနှင့်အတူတကွနေရခြင်း၊ ချစ်ခင်နှစ်သက်သူနှင့်ကွေကွင်းရခြင်း၊ လို၍မရခြင်းတို့သည် ဆင်းရဲခြင်းဟူသော ဒုက္ခသစ္စာအမှန်တရားများပင် ဖြစ်၏။ ဤခန္ဓာငါးပါးသည် ဆင်းရဲခြင်းအစစ်ပေတည်း။

သမုဒယသစ္စာ

ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာတည်းဟူသော တဏှာသည် ဆင်းရဲခြင်းကို ဖြစ်ပေါ်စေသည့်အကြောင်းရင်း သမုဒယသစ္စာအမှန်တရားပင်တည်း။

နိရောဓသစ္စာ

ဆင်းရဲကြောင်းဖြစ်သော တဏှာချုပ်ငြိမ်းရာဖြစ်သည့် နိဗ္ဗာန်တရားသည် ရှိ၏။ ထိုနိဗ္ဗာန်တရားသည် ဒုက္ခချုပ်ငြိမ်းရာဖြစ်သော နိရောဓသစ္စာအမှန်တရားပေတည်း။

မဂ္ဂသစ္စာ

ကောင်းစွာမြင်ခြင်း၊ ကောင်းစွာကြံစည်ခြင်း၊ ကောင်းစွာပြောဆိုခြင်း၊ ကောင်းစွာပြုလုပ်ခြင်း၊ ကောင်းစွာအသက်မွေးမြူခြင်း၊ ကောင်းစွာအားထုတ်ခြင်း၊ ကောင်းစွာသတိရအောက်မေ့ခြင်း၊ ကောင်းစွာတည်ကြည်ခြင်းဟူသော တရားရှစ်ပါးသည် နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂသစ္စာ အမှန်တရားပေတည်း။

ဒုက္ခသစ္စာ၌ သစ္စဉာဏ်ဖြစ်ပုံ

ရုပ်နာမ်တရားအားလုံးသည် စင်စစ်ကေန် ဆင်းရဲမှန်သော အရိယသစ္စာတည်းဟု ငါဘုရားသည် ရှေးအခါက မကြားဖူးကုန်သော ဒုက္ခသစ္စာတရားတို့၌ မျက်စိဖြင့် မြင်ရသကဲ့သို့ ဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာချေပြီ။

ပဉ္စမြားငေယာက်တာပေ

**ဒုက္ခသစ္စာ၌ ကိစ္စဉာဏ်ဖြစ်ပုံ**

ထိုဒုက္ခမည်သော အရိယသစ္စာကို ပိုင်ပိုင်နိုင်နိုင်ပိုင်းခြား၍ နားလည်သင့်နားလည်ထိုက်၏ဟု ငါဘုရားသည် တစ်ရံတစ်ခါမျှ မကြားဖူးကုန်သော ဒုက္ခသစ္စာတရားတို့၌ မျက်စိဖြင့် မြင်သကဲ့သို့ သိမြင်နိုင်သော ဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်လာချေပြီ။

**ဒုက္ခသစ္စာ၌ ကတဉာဏ်ဖြစ်ပုံ**

ထိုဒုက္ခမည်သော အရိယသစ္စာကို ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ သိပြီးပြီ။ ဤသို့ ငါဘုရားသည် တစ်ရံတစ်ခါမျှ မကြားဖူးကုန်သော ဒုက္ခသစ္စာတရားတို့၌ မျက်စိဖြင့် မြင်ရသကဲ့သို့ သိမြင်နိုင်သော ဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်လာချေပြီ။

**သမုဒယသစ္စာ၌ သစ္စဉာဏ်ဖြစ်ပုံ**

ဤတရားကား ဒုက္ခဖြစ်ကြောင်း အရိယသစ္စာပေတည်းဟု ငါဘုရားသည် ရှေးက မကြားဖူးကုန်သော သမုဒယသစ္စာတရားတို့၌ မျက်စိဖြင့် မြင်ရသကဲ့သို့ မြင်ရသော ဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်လာချေပြီ။

**သမုဒယသစ္စာ၌ ကိစ္စဉာဏ်ဖြစ်ပုံ**

ထိုသမုဒယသစ္စာကို ပယ်ရှားသင့်ပယ်ရှားထိုက်၏ဟု ငါဘုရားသည် တစ်ရံတစ်ခါမျှ မကြားဖူးကုန်သော သမုဒယသစ္စာတရားတို့၌ မျက်စိဖြင့် မြင်ရသကဲ့သို့ မြင်သိနိုင်သော ဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်လာချေပြီ။

**သမုဒယသစ္စာ၌ ကတဉာဏ်ဖြစ်ပုံ**

ထိုသမုဒယသစ္စာကို ပယ်ရှားပြီးပြီ၏ဟု ငါဘုရားသည် ရှေးကမကြားဖူးကုန်သော သမုဒယသစ္စာတရားတို့၌ မျက်စိဖြင့် မြင်ရသကဲ့သို့ သိမြင်နိုင်သော ဉာဏ်မျက်စိသည် ထင်ရှားစွာ ဖြစ်ပေါ်လာချေပြီ။

**နိရောဓသစ္စာ၌ သစ္စဉာဏ်ဖြစ်ပုံ**

ဤနိဗ္ဗာန်တရားသည် ဒုက္ခခပ်သိမ်းကင်းငြိမ်းချုပ်ပျောက်ရာ မှန်ကန်သော သစ္စာပေတည်းဟု ငါဘုရားသည် ရှေးကမကြားဖူးကုန်သော နိရောဓသစ္စာတရားတို့၌ မျက်စိဖြင့် မြင်ရသကဲ့သို့ သိမြင်နိုင်သော ဉာဏ်မျက်စိသည် ထင်ရှားစွာဖြစ်ပေါ်လာချေပြီ။

**နိရောဓသစ္စာ၌ ကိစ္စဉာဏ်ဖြစ်ပုံ**

ထိုနိရောဓသစ္စာကို မျက်မှောက်ပြုသင့်ပြုထိုက်၏ဟု ငါဘုရားသည် တစ်ရံတစ်ခါမျှ မကြားဖူးကုန်သော နိရောဓသစ္စာတရားတို့၌ မျက်စိဖြင့် မြင်ရသကဲ့သို့ သိမြင်နိုင်သော ဉာဏ်မျက်စိသည် ထင်ရှားစွာဖြစ်ပေါ်လာချေပြီ။

**နိရောဓသစ္စာ၌ ကတဉာဏ်ဖြစ်ပုံ**

ထိုနိရောဓသစ္စာကို မျက်မှောက်ပြုပြီးပြီဟု ငါဘုရားသည် ရှေးက တစ်ရံတစ်ခါမျှ မကြားဖူးကုန်သော နိရောဓသစ္စာတရားတို့၌ မျက်စိဖြင့် မြင်ရသကဲ့သို့ သိမြင်နိုင်သော ဉာဏ်မျက်စိသည် ထင်ရှားစွာ ဖြစ်ပေါ်လာချေပြီ။

**မဂ္ဂသစ္စာ၌ သစ္စဉာဏ်ဖြစ်ပုံ**

ဤမဂ္ဂင်ရှစ်ပါးတရားသည် ဒုက္ခ၏ချုပ်ငြိမ်းရာသို့ရောက်ကြောင်း အကျင့်ဖြစ်သော သစ္စာတရားပေတည်းဟု ငါဘုရားသည် ရှေးကမကြားဖူးကုန်သော မဂ္ဂသစ္စာတရားတို့၌ မျက်စိဖြင့် မြင်ရသကဲ့သို့ သိမြင်နိုင်သော ဉာဏ်မျက်စိသည် ထင်ရှားစွာဖြစ်ပေါ်လာချေပြီ။

**မဂ္ဂသစ္စာ၌ ကိစ္စဉာဏ်ဖြစ်ပုံ**

ဒုက္ခ၏ ချုပ်ရာဖြစ်သော နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်းအကျင့်မြတ် ဖြစ်သော ထိုမဂ္ဂသစ္စာကို မိမိသန္တာန်၌ ဖြစ်ပေါ်လာအောင် ကြိုးစားအားထုတ်ထိုက်၏ဟု ငါဘုရားသည် ရှေးကတစ်ရံတစ်ခါမျှ မကြားဖူးကုန်သော မဂ္ဂသစ္စာတရားတို့၌ မျက်စိဖြင့် မြင်ရသကဲ့သို့ သိမြင်နိုင်သော ဉာဏ်မျက်စိသည် ထင်ရှားစွာ ဖြစ်ပေါ်လာချေပြီ။

**မဂ္ဂသစ္စာ၌ ကတဉာဏ်ဖြစ်ပုံ**

ဒုက္ခ၏ချုပ်ရာဖြစ်သော၊ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်မြတ်ဖြစ်သော ထိုမဂ္ဂ သစ္စာတရားကို မိမိသန္တာန်၌ ဖြစ်ပေါ်လာအောင် ကြိုးစားအားထုတ်ပြီးပြီဟု ငါဘုရား သည် ရှေးက တစ်ရံတစ်ခါမျှ မကြားဖူးကုန်သော မဂ္ဂသစ္စာတရားတို့၌ မျက်စိဖြင့် မြင်ရ သကဲ့သို့ သိမြင်ရသောဉာဏ်မျက်စိသည် ထင်ရှားစွာ ဖြစ်ပေါ်လာပြီ။

ရှေးအခါက ငါသည် ဘုရားဖြစ်ကြောင်း ဝန်မခံခဲ့ချေ။ ယခုမှသာလျှင် သုံးလောက ထွတ်ထား သဗ္ဗညုမြတ်စွာဘုရားအဖြစ်သို့ ရောက်ခဲ့ပြီ။

ငါသည် တရားအပေါင်းကို ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိမြင်ရပေပြီ။ နောက်တစ်ဖန် ဘဝသစ်သည် မရှိတော့ပြီ။

ပဉ္စဝဂ္ဂီငါးဦးတို့သည်လည်း နှစ်သက်ဝမ်းမြောက်ကြကုန်၍ အရှင်ကောဏ္ဍညသည် သောတာပန်ဖြစ်လာ၏။

နတ်ဗြဟ္မာအပေါင်းတို့သည်လည်း ကောင်းချီးပေးကြကုန်၏။ တစ်ချိန်တည်းမှာ ပင် တစ်သောင်းသော လောကဓါတ်အလုံးသည် သွက်သွက်ခါအောင် တုန်လှုပ်လေ၏။

မြတ်စွာဘုရားသည် “ငါဘုရားဟောကြားအပ်သည်ကို ကောဏ္ဍညသည် သိသွား ချေပြီ”ဟု ဥဒါန်းစကားမြွက်ကြားတော်မူပြီး ကောဏ္ဍညသည်လည်း မြတ်စွာဘုရားထံ တွင် ရဟန်းအဖြစ် တောင်းခံ၍ မြတ်စွာဘုရားသည် “ဧဟိဘိက္ခု”ခေါ်တော်မူ၏။

## ၃၄။ အနတ္တလက္ခဏသုတ်တရားတော်အနှစ်ချုပ်

မြတ်စွာဘုရားသည် ဗာရာဏသီပြည်၊ ဣသိပတနအမည်ရှိသော မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီငါးဦးတို့အား မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် ဓမ္မစကြာတရားတော်မြတ်ကို စတင်ဟောကြားတော်မူ၍ ထိုမှဆက်လက်၍ ဝါဆိုလပြည့်ကျော်(၅)ရက်နေ့ထိ ဟောတော်မူရာ ပဉ္စဝဂ္ဂီငါးဦးတို့သည် ထေရ်အစဉ်အားဖြင့် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ခဲ့ကြ၏။

ထိုမှတစ်ဖန် မြတ်စွာဘုရားသည် ထိုပဉ္စဝဂ္ဂီရဟန်းတို့၏ အရဟတ္တဖိုလ်အကျိုးငှာ အနတ္တလက္ခဏာသုတ်ဒေသနာတော်ကို ဆက်လက်ဟောတော်မူပြန်၏။ ထိုအနတ္တလက္ခဏာသုတ်ဒေသနာတော်ကို ဟောကြားတော်မူပြီးသည်နှင့် ပဉ္စဝဂ္ဂီရဟန်းတို့သည်လည်း အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။

အနတ္တလက္ခဏာသုတ်တော်ကို ပူဇော်ကြည်ညိုနိုင်ရန်အလို့ငှာ အကျဉ်းချုပ်ပြီး ဖော်ပြပေအံ့။

ရဟန်းတို့ –

ရုပ်သည် အတ္တမဟုတ်၊ နာကျင်ခြင်းမဖြစ်စေလင့်ဟု တားဆီး၍မရအပ်ချေ။

ဝေဒနာသည် အတ္တမဟုတ်၊ နာကျင်ခြင်းမဖြစ်စေလင့်ဟု တားဆီး၍မရအပ်ချေ။

သညာသည် အတ္တမဟုတ်၊ နာကျင်ခြင်းမဖြစ်စေလင့်ဟု တားဆီး၍မရအပ်ချေ။

သင်္ခါရတို့သည် အတ္တမဟုတ်၊ နာကျင်ခြင်းမဖြစ်စေလင့်ဟု တားဆီး၍မရအပ်ချေ။

ဝိညာဏ်သည် အတ္တမဟုတ်၊ နာကျင်ခြင်းမဖြစ်စေလင့်ဟု တားဆီး၍မရအပ်ချေ။

ရဟန်းတို့ –

ရုပ်သည် မြဲသလော၊ မမြဲသလောဟု မေးတော်မူရာ ရဟန်းတို့က မမြဲပါဘုရားဟု လျှောက်၏။

မမြဲသောရုပ်သည် ဆင်းရဲလော၊ ချမ်းသာလောဟု မေးပြန်၏။ ရဟန်းတို့က ဆင်းရဲဖြစ်ပါသည်ဘုရားဟု လျှောက်ကုန်၏။

မမြဲ၊ ဆင်းရဲ၊ ဖောက်ပြန်ခြင်းသဘောရှိသော ရုပ်ကို ငါ့ဟာ၊ ငါ့ဥစ္စာ၊ ငါ့အတ္တတည်းဟု ရှုခြင်းငှာ သင့်လျော်ပါမည်လောဟု မေးတော်မူပြန်ရာ ရဟန်းတို့က မသင့်လျော်ပါ အရှင်ဘုရားဟု လျှောက်ထားကြ၏။

ဝေဒနာသည် မြဲသလော၊ မမြဲသလောဟု မေးတော်မူရာ ရဟန်းတို့က မမြဲပါဘုရားဟု လျှောက်၏။

မမြဲသောဝေဒနာသည် ဆင်းရဲလော၊ ချမ်းသာလောဟု မေးပြန်၏။ ရဟန်းတို့က ဆင်းရဲဖြစ်ပါသည်ဘုရားဟု လျှောက်ကုန်၏။

မမြဲ၊ ဆင်းရဲ၊ ဖောက်ပြန်ခြင်းသဘောရှိသောဝေဒနာကို ငါ့ဟာ၊ ငါ့ဥစ္စာ၊ ငါ့အတ္တတည်းဟု ရှုခြင်းငှာ သင့်လျော်ပါမည်လောဟု မေးတော်မူပြန်ရာ ရဟန်းတို့က မသင့်လျော်ပါအရှင်ဘုရားဟု လျှောက်ထားကြ၏။

သညာသည် မြဲသလော၊ မမြဲသလောဟု မေးတော်မူရာ ရဟန်းတို့က မမြဲပါဘုရားဟု လျှောက်၏။

မမြဲသောသညာသည် ဆင်းရဲလော၊ ချမ်းသာလောဟု မေးပြန်၏။ ရဟန်းတို့က ဆင်းရဲဖြစ်ပါသည်ဘုရားဟု လျှောက်ကုန်၏။

မမြဲ၊ ဆင်းရဲ၊ ဖောက်ပြန်ခြင်းသဘောရှိသောသညာကို ငါ့ဟာ၊ ငါ့ဥစ္စာ၊ ငါ့အတ္တတည်းဟု ရှုခြင်းငှာ သင့်လျော်ပါမည်လောဟု မေးတော်မူပြန်ရာ ရဟန်းတို့က မသင့်လျော်ပါ အရှင်ဘုရားဟု လျှောက်ထားကြ၏။

သင်္ခါရတို့သည် မြဲသလော၊ မမြဲသလောဟု မေးတော်မူရာ ရဟန်းတို့က မမြဲပါဘုရားဟု လျှောက်၏။

မမြဲသော သင်္ခါရတို့သည် ဆင်းရဲလော၊ ချမ်းသာလောဟု မေးပြန်၏။ ရဟန်းတို့က ဆင်းရဲဖြစ်ပါသည်ဘုရားဟု လျှောက်ကုန်၏။

မမြဲ၊ ဆင်းရဲ၊ ဖောက်ပြန်ခြင်းသဘောရှိသော သင်္ခါရတို့ကို ငါ့ဟာ၊ ငါ့ဥစ္စာ၊ ငါ့အတ္တတည်းဟု ရှုခြင်းငှာ သင့်လျော်ပါမည်လောဟု မေးပြန်ရာ ရဟန်းတို့က မသင့်လျော်ပါ အရှင်ဘုရားဟု လျှောက်ထားကြ၏။

ဝိညာဏ်သည် မြဲသလော၊ မမြဲသလောဟု မေးတော်မူရာ ရဟန်းတို့က မမြဲပါဘုရားဟု လျှောက်၏။

မမြဲသော ဝိညာဏ်သည် ဆင်းရဲလော၊ ချမ်းသာလောဟု မေးပြန်၏။ ရဟန်းတို့က ဆင်းရဲဖြစ်ပါသည်ဘုရားဟု လျှောက်ကုန်၏။

မမြဲ၊ ဆင်းရဲ၊ ဖောက်ပြန်ခြင်းသဘောရှိသော ဝိညာဏ်ကို ငါ့ဟာ၊ ငါ့ဥစ္စာ၊ ငါ့အတ္တတည်းဟု ရှုခြင်းငှာ သင့်လျော်ပါမည်လောဟု မေးပြန်ရာ ရဟန်းတို့က မသင့်လျော်ပါ အရှင်ဘုရားဟု လျှောက်ထားကြ၏။

ရဟန်းတို့ – ထို့ကြောင့်

ရုပ်ကို ငါမဟုတ်၊ ငါ့ဥစ္စာမဟုတ်၊ ငါ့အတ္တမဟုတ်ဟု ဟုတ်မှန်သည့်အတိုင်း ကောင်းသောပညာဖြင့် ရှုအပ်၏။

ဝေဒနာကို ငါမဟုတ်၊ ငါ့ဥစ္စာမဟုတ်၊ ငါ့အတ္တမဟုတ်ဟု ဟုတ်မှန်သည့်အတိုင်း ကောင်းသောပညာဖြင့် ရှုအပ်၏။

သညာကို ငါမဟုတ်၊ ငါ့ဥစ္စာမဟုတ်၊ ငါ့အတ္တမဟုတ်ဟု ဟုတ်မှန်သည့်အတိုင်း ကောင်းသောပညာဖြင့် ရှုအပ်၏။

သင်္ခါရတို့ကို ငါမဟုတ်၊ ငါ့ဥစ္စာမဟုတ်၊ ငါ့အတ္တမဟုတ်ဟု ဟုတ်မှန်သည့်အတိုင်း ကောင်းသောပညာဖြင့် ရှုအပ်၏။

ဝိညာဏ်ကို ငါမဟုတ်၊ ငါ့ဥစ္စာမဟုတ်၊ ငါ့အတ္တမဟုတ်ဟု ဟုတ်မှန်သည့်အတိုင်း ကောင်းသောပညာဖြင့် ရှုအပ်၏။

ရဟန်းတို့ – ဤသို့ ရှုသည်ရှိသော် –

အကြားအမြင်ရှိသော အရိယာတပည့်သည် ရုပ်၌ငြီးငွေ့၏။ ဝေဒနာ၌ ငြီးငွေ့၏။ သညာ၌ငြီးငွေ့၏။ သင်္ခါရတို့၌ ငြီးငွေ့၏။ ဝိညာဏ်၌ ငြီးငွေ့၏။ ထိုသို့ငြီးငွေ့ခြင်းကြောင့် မတပ်မက်၊ ကိလေသာမှ လွတ်မြောက်၏။ ကိလေသာမှ လွတ်မြောက်ပြီးသော် ငါသည် ကိလေသာမှ လွတ်မြောက်ပြီဟု အသိဉာဏ်သည်ဖြစ်၏။ ပဋိသန္ဓေနေမှုကုန်ပြီ။ မြတ်သော အကျင့်ကို ကျင့်သုံးအပ်ပြီ။ ဤမဂ်ကိစ္စအလို့ငှာ တစ်ပါးသောပြုဖွယ်ကိစ္စသည် မရှိတော့ပြီဟု သိ၏ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားသည် ဤသို့လျှင် ဤအနတ္တလက္ခဏာသုတ်တရားတော်ကို ဟောတော်မူ၏။ ပဉ္စဝဂ္ဂီရဟန်းတို့သည် ဟောတော်မူသော တရားတော်ကို နှစ်လို့ ကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြကုန်၏။

ဤတရားတော်ကို ဟောတော်မူအပ်သည်ရှိသော် ပဉ္စဝဂ္ဂီရဟန်းတို့၏ စိတ်တို့သည် တစ်စုံတစ်ခုကိုမျှ မစွဲလမ်းမူ၍ အသဝေါတရားအပေါင်းတို့မှ လွတ်မြောက်ကြလေကုန်သတည်း။

ထိုအခါဝယ် မြတ်စွာဘုရားနှင့်တကွ ပဉ္စဝဂ္ဂီရဟန်း(၅)ပါး၊ ပေါင်းရဟန္တာ အရှင်မြတ်(၆)ပါးသည် ဤလောက၌ ဖြစ်ထွန်းပေါ်ပေါက်တော်မူကုန်၏။

## ၃၅။ ဒုက္ခခပ်သိမ်း တင်းငြိမ်းရာအမှန်ပြည်နိဗ္ဗာန်

နိဗ္ဗာန်ဟူသောတရားကို ပညာရှိကြီးများက အမိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြ၏။ နိဗ္ဗာန်သည် လူတို့တင်စားခေါ်ဝေါ်နေကြသော ရွှေဘုံရွှေနန်းကြီးမဟုတ်၊ တည်ရာရှိသော ရွှေပြည်ဌာနကြီးလည်းမဟုတ်၊ ဒုက္ခခပ်သိမ်းကင်းငြိမ်းသော၊ ရုပ်နာမ်သင်္ခါရတရားတို့ ကင်းဆိတ်သော သဘောမျှသာဖြစ်၏။

လက်ညှိုးဖြင့် ညွှန်၍ပြနိုင်သော ထုထည်၊ ပုံသဏ္ဌာန်၊ အရောင်အဆင်း၊ နယ်နိမိတ် အပိုင်းအခြားမရှိ၊ ဖြစ်ပျက်ပြောင်းလဲနေသော သင်္ခါရလည်းမရှိ၊ ကြံစည်စဉ်းစား၍လည်း မသိနိုင်။ ဘာမျှမရှိသော အရာလည်းမဟုတ်။ ငြိမ်းအေးသောသဘော၊ ကင်းဆိတ်သော သဘောရှိ၏။ အထင်အရှားရှိသည်သာဖြစ်၏။ သာမန်ပုဂ္ဂိုလ်များ စိတ်ကူးကြံဆ၍ နိဗ္ဗာန် ကို မမြင်နိုင်။ ကိုယ်တိုင်ဝိပဿနာရှုမှတ်၍ မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ ရင့်သန်အားကောင်း လာသောအခါမှသာ ရောက်နိုင်မျက်မှောက်ပြုနိုင်သောအရာဖြစ်၏။

နိဗ္ဗာန်သည် ဗုဒ္ဓဘာသာဝင်သူတော်စဉ်တို့၏ နောက်ဆုံးနှင့်အမြင့်ဆုံး ပန်းတိုင် ဖြစ်၏။ နိဗ္ဗာန်သည် ဘုရား၊ ရဟန္တာတို့ ပရိနိဗ္ဗာန်ပြုပြီးနောက်မှ မျက်မှောက်ပြုစံဝင်ရသော နိဗ္ဗာန်(အနုပါဒိသေသနိဗ္ဗာန်)နှင့် ခန္ဓာနှင့်တကွ သက်ရှိထင်ရှားလျက် မျက်မှောက်ပြု စံဝင်ရသော (သဉပါဒိသေသနိဗ္ဗာန်)ဟူ၍ နှစ်မျိုးရှိ၏။ တစ်နည်းဆိုရလျှင် ကိလေသာ

ငြိမ်းသော ကိလေသပရိနိဗ္ဗာန်နှင့် ခန္ဓာငြိမ်းသော ခန္ဓ ပရိနိဗ္ဗာန်တို့ ဖြစ်၏။

ထိုနိဗ္ဗာန်ကို ဝိပဿနာဘာဝနာ ယာဉ်စီး၍ အရောက်သွားနိုင်၏။ မဂ္ဂင်(၈)ပါး အကျင့်မြတ်ဖြင့်လည်းကောင်း၊ သတိပဋ္ဌာန်(၄)ပါးဖြင့်လည်းကောင်း၊ သမ္မပ္ပဓာန်(၄)ပါး ဖြင့်လည်းကောင်း၊ ဣဒ္ဓိပါဒ်(၄)ပါးဖြင့်လည်းကောင်း၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင် ခုနစ်ပါးတို့ဖြင့်လည်းကောင်း ရှုမှတ်ပွားများကာ မျက်မှောက်ပြုနိုင်၏။ ချုပ်၍ဆိုသော် ဗောဓိပက္ခိယတရား(၃၇)ပါးဟု ခေါ်ဆို၏။

ဗောဓိပက္ခိယတရား (၃၇)ပါးကား –

၁။ သတိပဋ္ဌာန် (၄)ပါး – အောက်မေ့မှုသတိကိုတည်ရာ အာရုံထား၍ ရှုမှတ်ရသောတရားများ

၂။ သမ္မပ္ပဓာန် (၄)ပါး – မှန်ကန်စွာအားထုတ်ခြင်းကို လက်ကိုင်ပြု၍ ပွားများအားထုတ်ရသောတရားများ

၃။ ဣဒ္ဓိပါဒ် (၄)ပါး – အလျှင်အမြန် ပြီးမြောက်နိုင်သော တန်ခိုး စွမ်းအားဖြစ်ပေါ်စေရန် အားထုတ်ရသော တရားများ

၄။ ဣန္ဒြေ (၅)ပါး – လွှမ်းမိုးခြင်း၊ အစိုးရခြင်းဟူသော တရားများကို လက်ကိုင်ပြု၍ အားထုတ်ရသော တရားများ

၅။ ဗိုလ် (၅)ပါး – ကြီးမားသော အင်အားတရားများကို လက် ကိုင် ပြု၍ အားထုတ်ရသောတရားများ

၆။ ဗောဇ္ဈင် (၇)ပါး – မဂ်ဉာဏ်၏အကြောင်းတရားများကို အခြေခံ ၍ အားထုတ်ရသောတရားများ

၇။ မဂ္ဂင် (၈)ပါး – နိဗ္ဗာန်သို့ ရှေ့ရှုထားရာလမ်းကြောင်းများ အတိုင်း လိုက်နာရှုမှတ်ရသောတရားများ – တို့ ဖြစ်ကြ၏။ ယင်းတရားအားလုံးကို စုပေါင်း၍ ဗောဓိဉာဏ်၏ အပေါင်းအဖော်များ ဘက် တော်သားများ သို့မဟုတ် ဗောဓိပက္ခိယတရား (၃၇)ပါးဟု ခေါ်၏။

## ၃၆။ ဝိပဿနာဘာဝနာ

ဝိပဿနာဘာဝနာသည် ပညတ်ကို ပယ်ခွါ၍ ပရမတ်တရားများကို ရှုမှတ်ပွားများရသော ဘာဝနာဖြစ်၏။ စိတ်နှင့်ရုပ်ကို သမာဓိနှင့်ယှဉ်သော ဘာဝနာဉာဏ်ဖြင့် ခွဲခြမ်းစိတ်ဖြာပြီးလျှင် စိတ်၊ စေတသိက်နှင့် ပရမတ်ရုပ်များကို တစ်ခုစီတစ်ခုစီ ကွဲပြားခြားနားစွာ ပိုင်းခြားသိရှိအောင် ရှုမှတ်ပွားများရသောကျင့်စဉ်ဖြစ်၏။

စိတ်၊ စေတသိက်နှင့် ရုပ်တို့သည် အရှခံတရားများဖြစ်၍ ထက်သန်သော သမာဓိနှင့်ယှဉ်သည့် ဘာဝနာဉာဏ်ဖြင့် ဖြိုခွဲရှုမှတ်ရသောကြောင့် အဘယ်အရာသည် စိတ်၊ စေတသိက်နှင့်ရုပ်တို့ဖြစ်ကြသည်ကို သိထားရမည်ဖြစ်၏။

**စိတ်**

စိတ်ဟူသည် အာရုံကိုသိမှု၊ အာရုံကိုရှာကြံမှုသဘောကို ဆို၏။ ပင်ကိုအားဖြင့် ကြည်လင်၍ ဖြူစင်သန့်ရှင်း၏။ စိတ်ကိုမှီတွယ်၍ ချယ်လှယ်ရန်ဝင်ရောက်လာသော စေတသိက်များကြောင့် စိတ်သည် အမျိုးမျိုးကွဲပြားသွား၏။

စိတ်တစ်ခု ယုတ် ကိုးဆယ်ဟုဆိုကြ။ ၈၉–မျိုးရှိသည်ဟု ဆိုလိုခြင်းဖြစ်၏။ ဇာတိအားဖြင့် ရေတွက်လျှင် –

၁။ အကုသိုလ်စိတ် ၁၂ ပါး
၂။ ကုသိုလ်စိတ် ၂၁ ပါး
၃။ ဝိပါက်စိတ် ၃၆ ပါး
၄။ ကြိယာစိတ် ၂၀ ပါး – ပေါင်း (၈၉)ပါးဖြစ်၏။

တစ်ဖန်ဘုံအားဖြင့်ရေတွက်လျှင် –

၁။ ကာမာဝစရစိတ် ၅၄ ပါး
၂။ ရူပါဝစရစိတ် ၁၅ ပါး
၃။ အရူပါဝစရစိတ် ၁၂ ပါး
၄။ လောကုတ္တရာစိတ် ၈ ပါး – ပေါင်း (၈၉)ပါးဖြစ်၏။

**စေတသိက်**

စေတသိက်ဟူသည် စိတ်ကိုမှီပြီး စိတ်နှင့်အတူဖြစ်ခြင်း၊ ပျက်ခြင်းသဘောရှိသောတရား၊ စိတ်ကိုမှီတွယ်၍ ချယ်လှယ်တတ်သောတရားကိုဆို၏။ စေတသိက်တို့ကြောင့် ပင်ကိုအားဖြင့် ပကတိဖြူစင်သန့်ရှင်းသော စိတ်သည် ညစ်ပေသွားရ၏။ နောက်ကျိသွားရ၏။

စေတသိက်တရားများကား ၅၂ ပါးရှိ၏။

၁။ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါး
၂။ ပကိဏ်းစေတသိက် ၆ ပါး
၃။ အကုသိုလ်စိတ် ၁၄ ပါး
၄။ သောဘဏစေတသိက် ၂၅ ပါး – ပေါင်း ၅၂ ပါး ဖြစ်၏။

ရုပ်

ရုပ်ဟူသည် ဖောက်ပြန်တတ်သော သဘောရှိကုန်၏။ ဖြစ်ပေါ်ပုံကိုလိုက်၍ နိပ္ဖန္နရုပ်၊ အနိပ္ဖန္နရုပ်ဟူ၍ နှစ်ပိုင်းခွဲခြားနိုင်၏။ စုစုပေါင်း (၂၈)ပါးရှိ၏။ ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့် ဖြစ်ပေါ်ရသောရုပ်ကို နိပ္ဖန္နရုပ်ဟူ၍လည်းကောင်း၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရအကြောင်းတရားလေးပါးကြောင့် ဖြစ်ခြင်းပျက်ခြင်းမရှိသောရုပ်ကို အနိပ္ဖန္နရုပ်ဟူ၍လည်းကောင်း ခေါ်ဆိုကြ၏။

နိပ္ဖန္နရုပ်မှာ ၁၈ ပါးရှိ၏။

၁။ မဟာဘူတရုပ် ၄ ပါး
၂။ ပသာဒရုပ် ၅ ပါး
၃။ ဂေါစရရုပ် (အာရုံ) ၄ ပါး
၄။ ဘာဝရုပ် ၂ ပါး
၅။ ဟဒယဝတ္ထုရုပ် ၁ ပါး
၆။ ဇီဝိတရုပ် ၁ ပါး
၇။ အာဟာရရုပ် (သြဇာရုပ်) ၁ ပါး – ပေါင်း ၁၈ ပါး ဖြစ်၏။

အနိပ္ဖန္နရုပ်မှာ ၁၀ ပါးရှိ၏။

၁။ ပရိစ္ဆေဒရုပ် (အာကာသဓာတ်) ၁ ပါး
၂။ ဝိညတ္တိရုပ် ၂ ပါး
၃။ ဝိကာရရုပ် ၃ ပါး
၄။ လက္ခဏာရုပ် ၄ ပါး – ပေါင်း ၁၀ ပါး ဖြစ်၏။

အလုံးစုံသောရုပ်တို့သည် ဟိတ်နှင့်မယှဉ်သောကြောင့် အဟိတ်သာဖြစ်ကုန်၏။ အကြောင်းတစ်ခုကိုမှီ၍သာဖြစ်ကုန်၏။ ပြုပြင်စီရင်အပ်သော သင်္ခတ တရားများသာဖြစ်၏။ အာရုံကိုသိတတ်သော သဘောမရှိ၊ အာသဝေါတရားတို့၏ အာရုံဖြစ်ပြီး လောကီတရား၊ ကာမာဝစရတရားတို့၌ အကျုံးဝင်၏။

ရုပ်တို့သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရား(၄)ပါးကြောင့် ဖြစ်ပေါ်ကုန်၏။

ကံ – သည် ရှေးကပြုခဲ့သော ကောင်းမှု၊ မကောင်းမှုများဖြစ်၏။
စိတ် – ယခု မိမိသန္တာန်၌ရှိနေဆဲ စိတ်၊ စေတသိက်တရားတို့ဖြစ်၏။
ဥတု – သီတတေဇော၊ ဥဏှတေဇောဟူသော မီးဓာတ်နှစ်ပါးဖြစ်၏။
အာဟာရ – ပဋိသန္ဓေမှပါလာသော အဇ္ဈတ္တသြဇာ၊ စားမျိုအပ်သော အစာရေစာတို့မှပါသော မဟိဒ္ဓသြဇာနှစ်ပါးဖြစ်၏။

ဖော်ပြပါရုပ် (၂၈)ပါးတွင် –

၁။ ဝတ္ထုရုပ် ၆ ပါး
ဘာဝရုပ် ၂ ပါး
ဇီဝိတရုပ် ၁ ပါး – ဤ ၉ ပါးသည် ကံကြောင့်ဖြစ်ကုန်၏။

၂။ ဝိညတ်ဒွေးသည် – စိတ်ကြောင့်ဖြစ်ကုန်၏။
၃။ သဒ္ဒါရုံသည် – စိတ်ကြောင့်လည်းဖြစ်၏။ ဥတုကြောင့်လည်း ဖြစ်ကုန်၏။
၄။ ဝိကာရရုပ် ၃ ပါးသည် – စိတ်ကြောင့်လည်းကောင်း၊ ဥတုကြောင့်လည်းကောင်း၊ အာဟာရကြောင့်လည်းကောင်းဖြစ်ကုန်၏။

## ၃၇။ သတိပဋ္ဌာန်နည်းဖြင့် ရှုမှတ်ခြင်း

ရုပ်တရား၊ နာမ်တရားတို့၏ ဖြစ်ပျက်နေမှုအစဉ်ကို မျက်ချည်မပြတ် သတိရှိရှိနှင့် စောင့်ကြည့်နေခြင်းကို သတိပဋ္ဌာန်ဝိပဿနာရှုနည်းဟု ဆို၏။ သတိကိုတည်ရာ အာရုံထား၍ ရှုနည်းဟုလည်း ဆိုနိုင်၏။ အငြိမ်မနေ လှုပ်ရှားပြေးလွှားနေသော စိတ်ကို ထိန်းထားနိုင်ရန် သတိသည် အဓိကကျလှ၏။ ထို့ကြောင့် ဤသတိပဋ္ဌာန်ဝိပဿနာရှုနည်းသည် သံသရာမှ လွတ်မြောက်ရေးအလို့ငှာ လက်ကိုင်ထားရှုမှတ်ရသောနည်းဖြစ်၏။

သတိပဋ္ဌာန် ဝိပဿနာရှုနည်းတွင် အာရုံကိုအမိအရ ဖမ်းဆုပ်ထားရသော တည်ရာကိုလိုက်၍ သတိပဋ္ဌာန်လေးပါးကို ဖော်ပြထား၏။ ယင်းတို့မှာ –

၁။ ကာယနုပဿနာသတိပဋ္ဌာန် – ကိုယ်ကာယကိုတည်ရာထား အဖန်ဖန်တလဲလဲစူးစိုက်ရှုမှတ်နည်း။
၂။ ဝေဒနာနုပဿနာသတိပဋ္ဌာန် – ခံစားမှုဝေဒနာကို တည်ရာထား၍ အဖန်ဖန်တလဲလဲ စူးစိုက်ရှုမှတ်နည်း။
၃။ စိတ္တာနုပဿနာသတိပဋ္ဌာန် – စိတ်ကိုတည်ရာထား၍ အဖန်တလဲလဲ စူးစိုက်ရှုမှတ်နည်း။
၄။ ဓမ္မာနုပဿနာသတိပဋ္ဌာန် – အထက်ပါနည်းသုံးနည်းဖြင့် အားထုတ်ရာမှ ဉာဏ်အမြင်မြင့်လာသောအခါ ရှုမှတ်ရာ၌ တွေ့ကြုံရသော အတားအဆီးများ၊ အစွဲအလမ်းများ၊ စိတ်ခံစားမှုများကို သတိဖြင့် အဖန်တလဲလဲ စူးစိုက်ရှုမှတ်နည်း – ဟူ၍ (၄)မျိုးရှိ၏။

## ၃၈။ နီဝရဏတရား ၅ ပါး

ဘာဝနာကမ္မဋ္ဌာန်း ရှုမှတ်စီးဖြန်းရာ၌ စိတ်၏တည်ငြိမ်မှုသည် လွန်စွာအရေးကြီးလှ၏။ စိတ်တည်ငြိမ်မှု (သမာဓိ) မရှိဘဲ ဘာဝနာကမ္မဋ္ဌာန်းဟူသည် မဖြစ်နိုင်ချေ။ ထိုသို့ စိတ်မတည်ငြိမ်၊ လှုပ်ရှားစေသည့်တရားတို့သည် ကမ္မဋ္ဌာန်း၏ရန်သူ၊ အတားအဆီးတို့ ဖြစ်ကုန်၏။ ပါဠိဘာသာအားဖြင့် နီဝရဏတရားများဟုခေါ်၏။

ထိုနီဝရဏတို့ကား (၅)မျိုးရှိ၏။ ယင်းတို့မှာ -

၁။ ကာမစ္ဆန္ဒနီဝရဏ - ကာမဂုဏ်အာရုံတို့ကို ခံစားလိုက်စားလိုသော စိတ်၊

၂။ ဗျာပါဒ နီဝရဏ - ရန်လိုခြင်း၊ ဒေါသဖြစ်ခြင်း၊ မကျေနပ်သောစိတ်၊

၃။ ထိန မိဒ္ဓနီဝရဏ - ထိုင်းမှိုင်းငိုက်မျည်းသောစိတ်

၄။ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ- စိတ်ပျံ့လွင့်ခြင်း၊ စိတ်ပူလောင်ခြင်းသဘော။

၅။ ဝိစိကိစ္ဆာနီဝရဏ - ယုံမှားသံသယစိတ် - တို့ ဖြစ်၏။

## ၃၉။ ဝိပဿနာဉာဏ်စဉ် (၁၀)ပါး

၁။ သမ္မသနဉာဏ် - ရုပ်နာမ်နှစ်ပါးသင်္ခါရတရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုမြင်သုံးသပ်နိုင်သောဉာဏ်၊

၂။ ဥဒယဗ္ဗယဉာဏ် - ရုပ်နာမ်နှစ်ပါးသင်္ခါရတရားတို့၏ ဖြစ်ခြင်းပျက်ခြင်းကို ရှုမြင်နိုင်သောဉာဏ်

၃။ ဘင်္ဂဉာဏ် - ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့၏ ပျက်ခြင်းသဘောကို ရှုမြင်သုံးသပ်နိုင်ခြင်း၊

၄။ ဘယဉာဏ် - ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့ကို ဘေးရန်အဖြစ် ရှုမြင်သုံးသပ်နိုင်ခြင်း၊

၅။ အာဒီနဝဉာဏ် - ရုပ်နာမ်နှစ်ပါး သင်္ခါရတရားဘို့အပေါ်၌ အပြစ်ဟု ရှုမြင်သုံးသပ်နိုင်ခြင်း၊

၆။ နိဗ္ဗိဒါဉာဏ် - ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့၌ငြီးငွေ့ဖွယ်ဟု ရှုမြင်သုံးသပ်နိုင်ခြင်း၊

၇။ မုဉ္စိတုကမျတာဉာဏ်- ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့မှ လွတ်မြောက်လိုသောဉာဏ်၊

၈။ ပဋိသင်္ခါဉာဏ် - ရုပ်နာမ်နှစ်ပါးသင်္ခါရတရားတို့ကို ထပ်မံ၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုမြင်နိုင်သောဉာဏ်၊

၉။ သင်္ခါရုပေက္ခာဉာဏ်- ရုပ်နာမ်နှစ်ပါးသင်္ခါရတရားတို့အပေါ်၌ ချစ်ခြင်း၊ မုန်းခြင်းမရှိ၊ လျစ်လျူရှုနိုင်သောဉာဏ်၊

၁၀။ အနုလောမဉာဏ် – မဂ်ဉာဏ်နှင့်ရှေးဝိပဿနာဉာဏ်များနှင့် ဆီလျော်သောဉာဏ်၊

မှတ်ချက်။ ။ ယင်း(၁၀)ပါးကို နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ် နှစ်မျိုးကို ထည့်သွင်းကာ ဉာဏ်စဉ်(၁၂)ပါးဟုလည်းကောင်း၊ ၎င်း(၁၂)ပါးတွင် ဂေါတြဘူဉာဏ်နှင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်(၄)မျိုးကို ပေါင်း၍ ဉာဏ်စဉ်(၁၆)ပါးဟူ၍ လည်းကောင်း ခေါ်ဆိုကြ၏။

## ၄၀။ ဝိပဿနာ သမ္မာဒိဋ္ဌိ

သတိပဋ္ဌာန်လေးပါးအနက် မိမိတို့သန်ရာ၊ နှစ်သက်ရာတစ်မျိုးကို အခြေခံ၍ ဝိပဿနာရှုမှတ်သောအခါ နည်းစနစ်မှန်ကန်ရန် အရေးကြီးလှ၏။ ဆရာကောင်းသမားကောင်း၊ နည်းစနစ်ကောင်းများကို မှီဝဲလေ့လာ၍ နည်းစနစ်မှန်စွာ အားထုတ်ရန်လိုအပ်၏။ ဝိပဿနာ သမ္မာဒိဋ္ဌိဖြစ်ရန်လိုအပ်၏။ ကံ ကံ၏အကျိုးကို အလေးအနက်ယုံကြည်သော ကမ္မဿကတာသမ္မာဒိဋ္ဌိဖြစ်ရုံမျှဖြင့် မပြည့်စုံသေးချေ။ ကိုယ်တိုင်ရှုမှတ်ရင်း ရုပ်တရား၊ နာမ်တရားတို့ကို စိတ်ဖြာခွဲခြမ်းပြီး အရှိကိုအရှိအတိုင်း သိမြင်လာသောအခါမှသာလျှင် ထိုပုဂ္ဂိုလ်သည် အယူဝါဒစင်ကြယ်မှု ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပြီဟု ဆိုနိုင်၏။

ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ရန်မှာ ပညတ်နှင့်ပရမတ်ကို ခွဲခြားသိရှိနိုင်ရန်လို၏။ ပညတ်ဟူသည် အမှန်တကယ်မရှိ၊ အထင်အရှားမရှိ။ တကယ်ရှိလေဟန် ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူတစ်ပါး၊ ငါ၊ မိန်းမယောက်ျားစသည်ဖြင့် ခေါ်ဝေါ်စရာစကား၊ ဝေါဟာရများသာဖြစ်၏။ ပရမတ်ဆိုသည်ကာ အစစ်အမှန်ရှိ၊ တကယ်ရှိ၊ အထင်အရှားရှိသော တရားများကိုဆို၏။ ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါး၊ အာယတန ၁၂ ပါး၊ ဓာတ် ၁၈ ပါးဟူ၍ အမျိုးမျိုးခေါ်ဝေါ်နေသော တရားများဖြစ်၏။ ထိုသို့သော ရုပ်နာမ်တရားတို့ကို ဟုတ်တိုင်းမှန်စွာ ခွဲခြားစိတ်ဖြာပြီး သိသောဉာဏ်အမြင်ဖြင့်သာလျှင် ဝိပဿနာသမ္မဒိဋ္ဌိသည်ဖြစ်နိုင်ပါ၏။

ရုပ်နှင့်နာမ်ကို ခွဲခြားသိအောင် ရှုမှတ်ခြင်းသည် ဝိပဿနာအခြေခံဖြစ်၏။ နာမ်သဘော၊ ရုပ်သဘောကို ပြက်ပြက်ထင်ထင်သိမြင်နိုင်ရန် အရေးကြီးလှ၏။ ရုပ်သည် သိတတ်သောသဘောမရှိ၊ ဖောက်ပြန်ပျက်စီးတတ်၏။ ငါ၊ သူတစ်ပါးဟု အခိုင်အမာပြောဆိုရလောက်အောင် အနှစ်မရှိ၊ ရေမြှုပ်နှင့်တူသဖြင့် အကာအတိဖြစ်၏။ နာမ်ကို အမှီပြု၍သာလျှင် လှုပ်ရှားနေရ၏။ နာမ်တရားမှာကား သိတတ်သော သဘောရှိ၏။

သိရုံမျှမက ခန္ဓာတစ်ခုလုံးကို ပြုပြင်ချယ်လှယ်နေ၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော သဘောဖြင့် မမြဲ၊ ဆင်းရဲ၊ သူ့သဘောသူဆောင်နေ၏။

ရုပ်နှင့်နာမ်တို့သည် အကြောင်းတစ်ခုကြောင့်ဖြစ်လာကုန်၏။ ထိုနောက် ပျက်သွားကြကုန်၏။ မပျက်ပါစေနှင့် တားဆီးထား၍မရ။ ဖြစ်ခြင်းပျက်ခြင်းဟူသော အစဉ်ကြီးအတိုင်း ဖြစ်ပျက်နေကြ၏။ ထို့ကြောင့် ခန္ဓာငါးပါးသည် အဖြစ်၊ အပျက်တို့နှင့်သာ ဖွဲ့စည်းထားသဖြင့် ငါနှင့်ဘာမျှမဆိုင်၊ ပတ်သက်ဆက်နွယ်ခြင်းမရှိ၊ ငါဟူသောအတ္တဟူသည် အရိပ်အရောင်ပင်မတွေ့ရ။ ဤ ငါ၏ခန္ဓာကြီးသည် အနတ္တပါတကားဟု အထပ်ထပ်အခါခါ ရှုမှတ်ပွားများကြရမည်ဖြစ်၏။

## ၄၀။ အမြတ်ဆုံးသော ရှုမှတ်ပွားများ၍နေခြင်း

ဝိပဿနာကမ္မဋ္ဌာန်းကို ပွားများအားထုတ်၍နေရခြင်းသည် အမြတ်ဆုံးနေခြင်းဟု ဆိုနိုင်၏။ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်လျက်ပင် ငါ၏ သားတော်ကြီး ကဿပမထေရ်သည် အဘယ်နေခြင်းမျိုးဖြင့် နေလေသနည်းဟု ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ကြည့်ရှုဆင်ခြင်တော်မူရာ "သတ္တဝါတို့ စုတေခြင်းနှင့်ပဋိသန္ဓေနေခြင်းကိုကြည့်လျက် နေထိုင်နေသည်"ကို သိလေ၏။ ထိုအကြောင်းကို သိမြင်တော်မူသော မြတ်စွာဘုရားသည် အရှင်မဟာကဿပအား ဤသို့ ဩဝါဒမိန့်ကြားလေ၏။

"ကဿပ၊ ထိုသို့သတ္တဝါတို့ စုတေခြင်း၊ ပဋိသန္ဓေနေခြင်းကို အဘိညာဉ်တန်ခိုးဖြင့် သိအောင်ကြည့်ရှုနေခြင်းသည် သင်တို့ပြုလုပ်ရမည့်အရာမဟုတ်။ မမေ့မလျော့နေခြင်း (ခန္ဓာ၏ဖြစ်ပျက်မှုအပေါ် ရှုမှတ်ပွားများနေခြင်း)သည်သာလျှင် သင်တို့၏ပြုလုပ်ရမည့်အရာဖြစ်ပေသည်"ဟူ၍ အမြတ်ဆုံးသောနေနည်းကို လမ်းညွှန်မိန့်ကြားခဲ့၏။

## ၄၂။ မြတ်စွာဘုရားတောကြားအပ်သော မဟာသတိပဋ္ဌာနထုတ်တော်လာ ဝိပဿနာရှုမှတ်နည်း

မြတ်စွာဘုရားသည် အကြီးမြတ်အသာလွန်ဆုံးသော မဟာကရုဏာတော် ရှင်ကြီးဖြစ်တော်မူသည့်အားလျော်စွာ သတ္တဝါအပေါင်းတို့အား အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်းဟူသော သမုဒ်ပင်လယ်ပြင်ကြီးထဲမှ ကယ်တင်လွတ်မြောက်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် အလို့ငှာ ကျင့်ကောင်းလမ်းမှန် ဝိပဿနာဘာဝနာတရားကို ဟောကြားညွှန်ပြခဲ့၏။ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းအကျင့်မှန်ဖြစ်သည့် ဝိပဿနာကျင့်နည်းကို သတ္တဝါတို့

၏ အထုံဝါသနာ၊ စရိုက်တို့နှင့်အညီ လမ်းညွှန်ပြသဆုံးမခဲ့သည်မှာ မြတ်ဗုဒ္ဓ၏ဟောကြား အပ်သည့် ဒေသနာတော်များတွင် အများအပြားတွေ့နိုင်ကြမည်ဖြစ်၏။

မြတ်ဗုဒ္ဓသည် နိဗ္ဗာန်ရောက်ကြောင်းတရားတော်ကို နည်းပရိယာယ်အမျိုးမျိုးဖြင့် ဟောကြားတော်မူခဲ့၏။ အရှူခံတရားများဖြစ်ကြသော ခန္ဓာအားဖြင့်လည်းကောင်း၊ အာယတနအားဖြင့်လည်းကောင်း၊ ဓာတ်ဗျဉ်အားဖြင့်လည်းကောင်း၊ သစ္စာလေးပါးအား ဖြင့်လည်းကောင်း မည်သို့ရှုမှတ်ရမည်ကို မှန်ကန်တိကျ၊ သဘာဝကျစွာ ဟောဖော်ညွှန်ပြ တော်မူခဲ့၏။ ထို့ကြောင့် ဆင်းရဲခြင်းကင်းရာမြတ်သောနိဗ္ဗာန်ကို မျက်မှောက်ပြုလိုသော အမျိုးသား၊ အမျိုးသမီးများအဖို့ မြတ်ဗုဒ္ဓ၏ ထိုထိုသောလမ်းညွှန်ကျင့်စဉ်အတိုင်း ရှုမှတ် ပွားများသွားလျှင် အခါမလင့်အကျိုးပေးနိုင်သည့် တရားတော်မြတ်၏ဂုဏ်တော်နှင့် အညီ ဧကန်အမှန် မျက်မှောက်ပြုနိုင်၊ ရနိုင် ရောက်နိုင်ကြမည်သာ ဖြစ်၏။

မြတ်ဗုဒ္ဓသည် ဝိပဿနာကျင့်စဉ်နှင့်စပ်လျဉ်း၍ မဟာသတိပဋ္ဌာနသုတ်တော်တွင် အကျယ်တဝင့်ဟောကြားထား၏။ ထိုသုတ်တွင် သတိကိုအထွတ်တင်၍ သတိပဋ္ဌာန်နည်း ဖြင့် ပွားများအားထုတ်နိုင်မည့်နည်းလမ်းကောင်းများကို ဖော်ပြထား၏။ သတိပဋ္ဌာန် နည်းတွင် (၁) ကာယာနုပဿနာသတိပဋ္ဌာန်၊ (၂) ဝေဒနာ နုပဿနာသတိပဋ္ဌာန်၊ (၃) စိတ္တာ နုပဿနာ သတိပဋ္ဌာန် (၄) ဓမ္မာ နုပဿနာသတိပဋ္ဌာန် စသည်ဖြင့် နိဗ္ဗာန်ရောက်ဖွယ် နည်းလေးသွယ်ကို ပြညွှန်ထား၏။ ထိုနည်းလေးသွယ်တို့ဖြင့် ဓာတ်၊ သစ္စာ၊ ခန္ဓာ၊ အာယ တန၊ ဓာတ်ဗျဉ်တရားများ၏ ပကတိသဘောသဘာဝကို ဖော်ထုတ်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော ယာဉ်ကိုစီးကာ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် မည်သို့ ကျင့်ကြံအားထုတ်နိုင်ကြောင်း တွေ့ရှိခံယူကျင့်သုံးနိုင်ကြမည်ဖြစ်၏။

ထိုမဟာသတိပဋ္ဌာနသုတ်တော်လာ သတိပဋ္ဌာန်တရားလေးပါးနှင့်အညီ မည်သို့ အားထုတ်ကျင့်ကြံနိုင်ကြောင်းကို သိရှိနိုင်ကြစေခြင်းငှာ သုတ်တော်လာ လမ်းညွှန်ချက် အတိုင်း အကျဉ်းအားဖြင့် ဖော်ပြပေအံ့။

## ဝိပဿနာရှုနည်း (၄)နည်း

သတိပဋ္ဌာန်ဝိပဿနာရှုနည်းသည် အကျဉ်းအားဖြင့် (၄)နည်းရှိ၏။

၁။ ကာယနုပဿနာသတိပဋ္ဌာန် = ကိုယ်ကာယအပေါ် အဖန်တလဲလဲ ရှုမှတ်နည်း။

၂။ ဝေဒနာနုပဿနာသတိပဋ္ဌာန် = ဝေဒနာကိုအဖန်တလဲလဲ ရှုမှတ်နည်း။

၃။ စိတ္တာနုပဿနာသတိပဋ္ဌာန် = စိတ်ကို အဖန်တလဲလဲရှုမှတ်နည်း။

၄။ ဓမ္မာနုပဿနာသတိပဋ္ဌာန် = ဉာဏ်အဆင့်မြင့်လာသောအခါ ကြုံတွေ့ရသည့် အတားအဆီး၊ အစွဲ အလမ်း၊ ကောင်းကျိုးချမ်းသာများကို အဖန်တလဲလဲရှုမှတ်နည်း။

တစ်နည်းဆိုသော် – ရူပက္ခန္ဓာကို ရှုမှတ်နည်းသည် ကာယနုပဿနာ ဝိပဿနာ သတိပဋ္ဌာန်ဖြစ်၏။ ဝေဒနက္ခန္ဓာကို ရှုမှတ်နည်းသည် ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဖြစ်၏။ ဝိညာဏက္ခန္ဓာကို ရှုမှတ်နည်းသည် စိတ္တာနုပဿနာ သတိပဋ္ဌာန်ဖြစ်၏။ သညာက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာတို့ကို ရှုမှတ်နည်းသည် ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဖြစ်၏။

တစ်နည်းဆိုပြန်သော် – ခန္ဓာငါးပါးတွင် ရုပ်ချည်းသက်သက်ကို ကာယာနုပဿနာ သတိပဋ္ဌာန်ဖြင့် ရှုမှတ်ခြင်းကိုပြ၏။ အခြားဝေဒနာ၊ သညာ၊ ဝိညာဏ်၊ သင်္ခါရ ဟူသော နာမ်ခန္ဓာလေးပါးကိုမူ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်တို့ဖြင့် ရှုမှတ်ပြီး ရုပ်နှင့်နာမ်နှစ်မျိုးနှစ်ပါးလုံးကိုမူ ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဖြင့် ရှုမှတ်ပွားများခြင်းကို ပြ၏။

**၁။ ကာယနုပဿနာသတိပဋ္ဌာန်**

ကိုယ်ကာယကို ရှုမှတ်ရသောနည်းဖြစ်၍ မိမိ၏ထွက်သက်ဝင်သက်ကိုလည်းကောင်း၊ ဣရိယာပုဒ် ၄–ပါးကိုလည်းကောင်း၊ ကိုယ်နှုတ်နှစ်ပါး၏ လှုပ်ရှားမှုကိုလည်းကောင်း၊ စက်ဆုပ်ရွံရှာဖွယ်များကိုလည်းကောင်း၊ ဓာတ်ကြီးလေးပါး၏အစဉ်ကိုခွဲခြား၍လည်းကောင်း၊ သူသေကောင်၏ မတင့်တယ်သောအနေအထားတို့ကိုလည်းကောင်း မိမိ၏စရိုက်ဝါသနာနှင့်အညီ နှစ်သက်ရာတစ်မျိုးမျိုးကို ရှုမှတ်နိုင်၏။

ထိုသို့ရှုမှတ်သောအခါ မိမိ၏ကိုယ်သည် အတည်မရှိ၊ ဖြစ်ပျက်ပြောင်းလဲနေပါကလား။ ဤသို့မဖြစ်မပျက်ဘဲ တည်မြဲနေပါစေဟုလည်း တားဆီး၍မရပါကလား။ သူ့သဘောသူဆောင်၍ ဖောက်ပြန်နေတာပါလား။ ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခတို့နှင့် ဆက်ဆံနေသည့်အတွက် ဒုက္ခသစ္စာကိုယ်ကြီးပါလား။ မနှစ်မြို့စရာ၊ မသတီစရာ၊ ဆင်းရဲခြင်းအစုအဝေးကြီးပါလားဟု ဉာဏ်တွင်ထင်လာမည်။ ထိုသို့ ကိုယ်၏ အပြစ်ကိုမြင်လာသဖြင့် မိမိကိုယ်အပေါ် ဖွဲလမ်းတပ်မက်သောစိတ်သည် လွင့်ပါးပျောက်ကွယ်သွားမည်ဖြစ်၏။ ထိုအခါ သမုဒယသစ္စာကင်းပြတ်ကာ နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်ကြမည်ဖြစ်၏။

**၂။ ဝေဒနာ နုပဿနာသတိပဋ္ဌာန်**

စိတ်တွင်ဖြစ်ပေါ်လာသော ခံစားချက်ဝေဒနာကို ရှုမှတ်သောနည်းဖြစ်၏။ စိတ်သည် အငြိမ်မနေ လှုပ်ရှားနေတတ်သောသဘောရှိ၍ တစ်ခါတစ်ရံ ချမ်းသာနေတတ်၏။ တစ်ခါတစ်ရံ ဆင်းရဲနေတတ်၏။ တစ်ခါတစ်ရံ၌မူ ချမ်းသာသည်လည်းမဟုတ်၊ ဆင်းရဲသည်လည်းမမည်၊ အလယ်အလတ်ဖြစ်သောသဘောရှိနေတတ်၏။ ထိုဝေဒနာကို ရှုမှတ်သူသည် ချမ်းသာမှုကိုခံစားရလျှင် ချမ်းသာနေမှုကိုလည်းကောင်း၊ ဆင်းရဲမှုကိုခံစားရလျှင် ဆင်းရဲနေမှုကိုလည်းကောင်း၊ ချမ်းသာသည်လည်းမဟုတ်၊ ဆင်းရဲသည်လည်းမမည်သော အလယ်အလတ်သဘောကိုလည်းကောင်း ခံစားရသောအခါ ချမ်းသာသည်၊ ဆင်းရဲသည်၊ သို့မဟုတ် အလယ်အလတ်ဖြစ်သည်ဟု သိနေအောင် ရှုမှတ်နေရမည်။

ကာမဂုဏ်နှင့်ပတ်သက်သော ချမ်းသာမှု သုခဝေဒနာကို ခံစားရလျှင် ကာမဂုဏ်နှင့် ဆက်စပ်ပတ်သက်သော သုခဝေဒနာကို ခံစားနေရသည်ဟု သိနေရမည်။ ကာမဂုဏ်နှင့်မဆက်စပ်မပတ်သက်သော သုခဝေဒနာကို ခံစားနေရလျှင် ကာမဂုဏ်နှင့်မဆက်စပ်သော သုခဝေဒနာကို ခံစားနေရသည်ဟု သိနေရမည်။ ဆင်းရဲသော ဒုက္ခဝေဒနာကို ခံစားရလျှင် ဆင်းရဲဒုက္ခကို ခံစားနေရသည်ဟု သိနေရမည်။ အလယ်အလတ်ဖြစ်သော ဥပေက္ခာဝေဒနာကို ခံစားရလျှင် ဥပေက္ခာဝေဒနာကို ခံစားနေရသည်ဟု သိနေရမည်။ မိမိကိုယ်တွင်းမှာသာမက သူတစ်ပါးကိုယ်တွင်း၌ရှိသော ဝေဒနာများကိုလည်း သိအောင် ရှုမှတ်နေရမည်။

ဤသို့ရှုမှတ်ရင်း ဉာဏ်အမြင်ရင့်သန်လာသောအခါ ငါ သူတစ်ပါးတို့ခံစားနေကြသည့်ဝေဒနာတို့သည် အကြောင်းမဲ့ပေါ်ပေါက်လာသည်မဟုတ်။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ စသည်တို့ကြောင့် ဖြစ်လာရသည်။ တန်ခိုးရှင်တစ်စုံတစ်ယောက်က ဖန်တီး၍ဖြစ်ပေါ်လာခြင်းမဟုတ်။ ဖြစ်ပြီးလျှင် ပျက်သွားကြကုန်၏။ အတည်မြဲခြင်း၊ ချမ်းသာခြင်း၊ မိမိအလိုလိုက်ခြင်းသဘောတို့သည် စိုးစဉ်းမျှပင်မရှိ။ သူ့သဘောသူဆောင်၍နေကြကုန်၏။ ထိုဝေဒနာတို့သည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူ ငါ၊ ယောကျ်ား၊ မိန်းမ မဟုတ်။ ကုန်ခန်းပျက်စီးတတ်သော သဘောမျှသာရှိကုန်၏။ ဤသို့ဉာဏ်တွင် ထင်မြင်လာအောင် အဖန်တလဲလဲ ရှုမှတ်ပွားများရမည်။ ထိုအခါ ဝေဒနာတို့အပေါ် ကပ်ငြိတွယ်တာစွဲလမ်းသော စိတ်သည် တစ်စတစ်စလျှော့ပါးလာကာ ငြိမ်းငွေ့လာ၏။ ထိုမှ တွယ်တာစွဲလမ်းသော စိတ်သည် လုံးဝကင်းစင်သွားသဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ကြမည်ဖြစ်၏။

### ၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန်

မိမိ၏စိတ်အပေါ် စူးစိုက်၍ အဖန်တလဲလဲရှုမှတ်နေခြင်းကို စိတ္တာနုပဿနာဟု ခေါ်၏။ စိတ်သည် အငြိမ်မနေ၊ ပြေးလွှားလှုပ်ရှားတတ်သောသဘောရှိသဖြင့် ထိုစိတ်၏နောက်မှနေ၍ ထက်ကြပ်မကွာလိုက်ပြီး ရှုမှတ်ရသောနည်းဖြစ်၏။ စိတ်ကလေးကြည်လင်၍ စိတ်တည်ငြိမ်နေသောအခါ မိမိ၏စိတ်သည် လောဘ၊ ဒေါသ၊ မောဟစသော အညစ်အကြေးများနှင့်ပေရေညစ်နွမ်းနေသည့်စိတ်လား၊ ကြည်လင်သန့်ရှင်းနေသည့်စိတ်လား၊ ပြန့်လွင့်နေသောစိတ်လား၊ တည်ငြိမ်နေသောစိတ်လား စသဖြင့် စိတ်၏အခြေအနေကို ရှုမှတ်နေရ၏။

မိမိ၏စိတ်ကို ရှုမှတ်နေရာမှ အခြားတစ်ပါးသူ၏စိတ်ကိုလည်း ရှုမှတ်နိုင်၏။ ထိုစိတ်များဖြစ်ပေါ်လာရခြင်း၏အကြောင်းတရားတို့ကိုလည်း ရှုမှတ်ရ၏။ တဏှာကြောင့်လား၊ မာနကြောင့်လား၊ ဒေါသကြောင့်လား။ ဆက်၍ရှုမှတ်ရ၏။ ဖြစ်ပေါ်နေသမျှသော စိတ်တို့ကိုလည်းကောင်း၊ ဖြစ်ပေါ်ရသော အကြောင်းရင်းတို့ကိုလည်းကောင်း ရှုမှတ်ရင်းနှင့်ပင် ထိုထိုသောတရားတို့သည် ဖြစ်ပျက်နေကြကုန်၏။ တည်မြဲခြင်း၊ ချမ်းသာခြင်းတို့ မရှိပါတကားဟု ဉာဏ်ဖြင့် ဆင်ခြင်၍သိရှိလာ၏။ ထိုအခါ ထိုစိတ်တို့အပေါ် ငြိမ်းငွေ့၍ စွဲလမ်းခြင်းကင်းလာ၏။ တပ်မက်စွဲလမ်းခြင်းကင်းသောကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပေတော့၏။

### ၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်

ဓမ္မနုပဿနာ သတိပဋ္ဌာန်သည် ရှုမှတ်နေစဉ် ကြုံတွေ့နေရသော အတားအဆီးများ၊ ခန္ဓာနှင့်စပ်ဆိုင်သော စွဲလမ်းတပ်မက်ဖွယ်ရာများ၊ ဗောဇ္ဈင်(၇)ပါးနှင့် သစ္စာ(၄)ပါးတို့ကို ရှုမှတ်ပွားများခြင်းဖြစ်၏။ မိမိ၏သန္တာန်၌ ကာမစ္ဆန္ဒပေါ်လာလျှင် ကာမစ္ဆန္ဒပေါ်လာနေပါလားဟု ရှု၊ အကြောင်းတစ်ခုကြောင့် ထိုကာမစ္ဆန္ဒပျောက်သွားလျှင် ပျက်ပြီးချုပ်သွားပါလားဟုရှု၊ ဒေါသ၊ ထိန မိဒ္ဓ၊ ဥဒ္ဓစ္စ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာတို့ပေါ်လာလျှင်လည်း ပေါ်လာနေပါလားဟု ရှု၊ ပျက်ပြီးချုပ်သွားလျှင်လည်း ပျက်ပြီးချုပ်သွားပါလားဟု ရှုရမည်။

ထို့အတူ ဥပါဒါနက္ခန္ဓာဟူသော ခန္ဓာငါးပါးတို့၏ဖောက်ပြန်၊ ဖြစ်ပျက်နေပုံကိုလည်းကောင်း၊ အတွင်းအာယတနခြောက်ပါး၊ အပြင်အာယတနခြောက်ပါးတို့၏ ဖြစ်ပေါ်ချုပ်ပျောက်နေပုံကိုလည်းကောင်း၊ ဖြစ်ပေါ်လာသော ဗောဇ္ဈင်တရားများနှင့် ယင်းတို့၏ချုပ်သွားပုံကိုလည်းကောင်း၊ အကြောင်းတရားတို့ ထောက်ပံ့မှုကြောင့် ဖြစ်လာရသော ဤဥပါဒါနက္ခန္ဓငါးပါးသည် ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခတို့နှင့် ဆက်ဆံနေရသဖြင့် ဒုက္ခတည်ရာပါတကား၊ ဒုက္ခမှန်းသိ၍ ထိုခန္ဓာငါးပါးကို မလိုချင်သော စိတ်ပေါ်လာလျှင် စွဲလမ်းခြင်းသမုဒယသစ္စာသည် ချုပ်ငြိမ်းသွားရပါတကား၊ သမုဒယသစ္စာချုပ်ငြိမ်းသည်နှင့်တစ်ပြိုင်နက် နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်တော့သည်တကား။ ထိုသို့ ဒုက္ခသစ္စာကို မြင်အောင်ရှုမှတ်၍ သမုဒယသစ္စာချုပ်ပြီး နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်ရန်အလို့ငှာ မဂ္ဂင်(၈)ပါးတည်းဟူသော မဂ္ဂသစ္စာကို ပွားများ အားထုတ်ရမှာပါလားဟု အရှိကို အရှိအတိုင်း သိရှိနိုင်ရန်လည်းကောင်း သတိကိုလက်ကိုင်ထား၍ ရှုမှတ်ပွားများရမည်ဖြစ်၏။

ထိုသို့အားထုတ်ပွားများသည်ရှိသော် မိမိ၏စိတ်သည် ခန္ဓာငါးပါးအပေါ်၌ စက်ဆုပ်လာကာ ငြီးငွေ့လာ၏။ ငြီးငွေ့သောစိတ်ကြောင့် တပ်မက်စွဲလမ်းမှုတို့သည် ချုပ်ကုန်၏။ တပ်မက်စွဲလမ်းမှု ချုပ်သဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပေတော့၏။

## ၄၃။ မဂ္ဂင်(၈)ပါး၏ သဘောအကျဉ်း

မဂ္ဂင်(၈)ပါးသည် မြတ်စွာဘုရားဟောကြားအပ်သော နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းလမ်းစဉ်ဖြစ်၏။ မဂ္ဂင်(၈)ပါး၏ သဘောသရုပ်မှာ သီလ၊ သမာဓိ၊ ပညာဟူသည့် သိက္ခာသုံးပါးဖြစ်၏။ မဂ္ဂင်(၈)ပါး၏ ကျင့်စဉ်အတိုင်း ပွားများအားထုတ်လိုသူများသည် မဂ္ဂင်(၁)ပါးစီ၏ လိုရင်းသဘောကို သိရှိနားလည်ရန်လို၏။

၁။ သမ္မာဒိဋ္ဌိသဘော - သမ္မာဒိဋ္ဌိကို ကောင်းစွာသိမြင်မှုဟု အကျဉ်းရုံး ၍ အဓိပ္ပါယ်ပြန်ဆိုကြ၏။ ပရိယာယ်အမျိုး ဖြင့် အဓိပ္ပါယ်ဖွင့်ဆိုကြ၏။ အပြားအားဖြင့် သိခြင်း သဘော၊ အနိစ္စစသည်တို့ကို စိစစ်ခြင်းသဘော၊ သစ္စာလေးပါးကို အပြားအားဖြင့် စိစစ်ခြင်းသဘော၊ ကောင်းစွာမှတ်ခြင်းသဘောဖြစ်၏။ ကိလေသာတို့ကို ညှဉ်းဆဲနှိပ်စက်တတ်သော သဘော၊ ထိုးထွင်းမှု၌ ညွတ်စေတတ်သော အထူးထူးရှုမြင်တတ်သော သဘောဖြစ်၏။

၂။ သမ္မာသင်္ကပ္ပသဘော - သမာသင်္ကပ္ပကို ကောင်းစွာကြံစည်မှုဟု အကျဉ်း ချုံး၍ အဓိပ္ပါယ်ပြန်ဆိုကြ၏။ ကြံစည်ခြင်း၊ အထူး ကြံစည်ခြင်း၊ ကောင်းစွာကြံစည်ခြင်းသဘော၊ တည်ကြည်သောစိတ်ကို အာရုံသို့ ရောက်စေခြင်းသဘော၊ စိတ်ကိုအာရုံသို့ရှေးရှုတင်ပေး ခြင်း သဘောဖြစ်၏။

၃။ သမ္မာဝါယမသဘော - ကောင်းစွာ အားထုတ်မှုဟု အကျဉ်းရုံး၍ အဓိပ္ပါယ်ပြန်ဆိုကြ၏။ ပျင်းရိခြင်းမှ ထွက်မြောက် မှု၊ အဆင့်ဆင့်တိုးတက်အားထုတ်မှု၊ အထက်သို့ ရောက်အောင်အားထုတ်မှု၊ လုံ့လစိုက်မှု၊ ဆင်းရဲ ကိုသည်းခံမှု၊ ခိုင်မြဲစွာဆောင်ထားမှုသဘော၊ အစိုးတရအားထုတ်မှု၊ မတုန်မလှုပ် အားထုတ်မှုသဘောဖြစ်၏။

၄။ သမ္မာသတိသဘော - သမ္မာသတိ ကိုကောင်းစွာအောက်မေ့မှုဟု အကျဉ်းချုပ်၍ ပြန်ဆိုကြ၏။ အစဉ်အောက်မေ့မှု တစ်ဖန်အောက်မေ့မှု၊ အာရုံ၌စူးစိုက်မှု၊မမေ့လျော့ မှု၊ မတုန်မလှုပ်အောက်မေ့မှု သဘောဖြစ်၏။

၅။ သမ္မာသမာဓိ - ကောင်းစွာတည်ကြည်မှုဟု အဓိပ္ပါယ်ပြန်ဆိုကြ ၏။ စိတ်၏အစဉ်တည်မှု၊ သက်ဝင်စူးစိုက်၍ တည်မှု၊ မပျံ့လွင့်မှု၊ မတုန်မလှုပ်တည်ကြည်မှု သဘောဖြစ်၏။

အခြားသော သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဟူသော သီလမဂ္ဂင်သုံးပါး ၏ သဘောမှာ ထင်ရှားပြီးဖြစ်၍ ချန်လှပ်ခဲ့၏။

ဖော်ပြပါ မဂ္ဂင်(၅)ပါး၏ သဘောကို ကာမာဝစရ ကုသလပဒဘာဇနီ(ကာမာဝစရ ကုသိုလ်တရားစုကို ဝေဖန်ခြင်း) သဘောဖြင့် ထင်ရှားစေရန် ပြဆိုခြင်းဖြစ်၏။

## ၄၄။ မဂ်ဉာဏ်ပေါ်ပေါက်လာပုံ

ဤသို့ ဖော်ပြပါ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ မဂ္ဂင်တို့၏သဘောဖြင့် တည်ငြိမ်စွာရှုနိုင်သော ဉာဏ်ဖြင့်ရှုမြင်သောအခါ "ခန္ဓာကိုယ်၏ သဘာဝကား ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမစသော သမ္မုတိပညတ်များသည် မရှိ၊ ဖြစ်ပြီး၍ ပျက်နေသောရုပ်နာမ်နှစ်ပါးသာရှိချေ၏တကား" ဟု တွေ့မြင်လာမည်။ ယင်းရုပ်နာမ်နှစ်ပါးကို ဝိပဿနာဉာဏ်ဖြင့် စိုက်၍ကြည့်နေလျှင် ခဏလေးမျှပင်ရက်တည်၍မနေ၊ တစ်ခုပြီးတစ်ခုပျက်နေသည့် အစဉ်တန်းကြီးကိုသာတွေ့ရမည်။ ဤသို့တွေ့မြင်လာသော် ဤခန္ဓာ အတ္တဘောကြီးသည် ခင်မင်စရာ၊ တွယ်တာစရာ အနှစ်သာရဟူ၍ မြူမှုန်ကလေး တစ်မှုန်မျှပင်မရှိပါ တကားဟု အနတ္တသဘောသည် ထင်လာမည်။

ဤသို့ ဝိပဿနာသမ္မာဒိဋ္ဌိဖြင့် ဆင်ခြင်ဖန်များလတ်သော် "ဤခန္ဓာကိုယ်ကို ခိုင်မြဲစေရန်၊ ချမ်းသာစေရန် အဘယ်မည်သော တန်ခိုးရှင်မျှ မစွမ်းနိုင်လေစွတကား။ သူ့သဘောသူဆောင်နေပါတကား။ ခန္ဓာကိုယ်၏ သဘောကားဆင်းရဲတုံး၊ ဒုက္ခတုံး သက်သက်မျှပါတကား၊ ခန္ဓာကိုယ်ကောင်းစားရေး၊ ချမ်းသာရေးတို့အတွက် ကြိုးစားမှုသည် အဓိပ္ပါယ်မရှိ မှားလေစွတကား၊ မိုက်မဲလေစွတကား" ဟု တဝင်းဝင်း တလက်လက် လျှပ်စီးလက်သကဲ့သို့ သမ္မာဒိဋ္ဌိမဂ်ဉာဏ်သည် ပေါ်လာပေမည်။ ထိုအခါ ခန္ဓာကိုယ်၌ တွယ်တာမှုသည် ပြုတ်သွားလေ၏။

ဤသို့ ခန္ဓာကိုယ်၌ တွယ်တာမှုပြုတ်သွားသည်ကိုပင် သက္ကာယဒိဋ္ဌိပြုတ်သွားသည် ဟု ခေါ်ဆို၏။ ဒိဋ္ဌိစေတသိတ်တစ်ခုတည်းသာ ပြုတ်သည်မဟုတ်။ အပါယ်သို့လားစေ တတ်သော အကုသိုလ်မှန်သမျှ ပြုတ်သွားခြင်းဖြစ်၏။

ထိုမှဆက်၍ ဝိပဿနာဉာဏ်ဖြင့် ရှုမှတ်ဆင်ခြင်ပြန်သောအခါ ဒုတိယအကြိမ် မဂ်ဉာဏ်ပေါ်လာရာ ကြွင်းကျန်နေသော ကာမရာဂနှင့် ဒေါသစသော ကိလေသာတို့သည် ခေါင်းပါးအားနည်းသွားပြီး ထကြွမှုလျော့ပါးသွားတော့သည်။

ထိုမှတစ်ဖန် ဝိပဿနာဉာဏ်ဖြင့် ဆက်၍ ရှုမှတ်ဆင်ခြင်သောအခါ တတိယမြောက် မဂ်ဉာဏ်သည် ပေါ်လာ၏။ ထိုအခါ ကာမဘုံ၌ဖြစ်စေတတ်သော လောဘ၊ မာန စသော ကိလေသာအားလုံးပင် အကြွင်းမဲ့ ပြုတ်သွားလေ၏။

တစ်ဖန် ဝိပဿနာဉာဏ်ဖြင့် ဆက်၍ ရှုမှတ်ဆင်ခြင်ပြန်သော် မဂ်ဉာဏ်သုံးကြိမ် တန်ခိုးအစွမ်းဖြင့် မငြိမ်းသတ်နိုင်သေးဘဲ ကြွင်းကျန်နေသော ရာဂ၊ မာန၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာ ဟူသည် ရှိသမျှကိလေသာအညစ်အကြေး မှန်သမျှသည် နောက်တစ်ဖန် ပြန်လည် ဖြစ်ပေါ်မှုမရှိ ချုပ်ငြိမ်းလေတော့၏။ ဤသို့ဖြင့် ထိုရှုမှတ်သော ပုဂ္ဂိုလ်သည် လောင်စာ မရှိသော ဆီမီးကဲ့သို့ ငြိမ်းလျက်နိဗ္ဗာန်ကို မျက်မှောက်ပြုရပေတော့၏။

ထိုပုဂ္ဂိုလ်သည် အဆင့်လေးဆင့်ကို တက်လှမ်းခဲ့ရာ–

(၁) ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာဟူသော အကုသိုလ်တရားတို့ ပြုတ်သွားသည့်အဆင့်သည် သောတာပတ္တိဖိုလ်သို့ ဆိုက်၍သောတာပန်အဖြစ်သို့ရောက်သည်ဟုဆိုကြ၏။

(၂) ထိုမှတစ်ဆင့်တက်၍ ကာမရာဂနှင့် ဒေါသဟူသည့် ကိလေသာတို့ကို မဂ်ဉာဏ်၏ တန်ခိုးဖြင့် ခေါင်းပါးကာ ထကြွမှုနည်းသွားသည့် အဆင့်သည် သကဒါဂါမိဖိုလ်သို့ ရောက်၍ သကဒါဂါမ်အဖြစ်သို့ရောက်သည်ဟု ဆိုကြ၏။

(၃) ထိုမှတစ်ဆင့် တက်၍ ကာမရာဂ၊ ဒေါသနှင့်တကွသော ကာမဘုံ၌ဖြစ်စေတတ်သည့် ကိလေသာတို့သည် အကြွင်းမဲ့ပြုတ်၍ အနာဂါမိဖိုလ်သို့ရောက်ပြီး အနာဂါမ်ဖြစ်သည်ဟု ဆိုကြ၏။

(၄) ဤအဆင့်တွင် ရာဂ၊ မာန၊ အဝိဇ္ဇာတို့နှင့်တကွ တွယ်တာကပ်ငြိမှုကိလေသာမှန်သမျှ အကြွင်းမဲ့ချုပ်၍ အရဟတ္တဖိုလ်သို့ ဆိုက်ကာ ရဟန္တာအဖြစ်သို့ ရောက်သည်ဟု ဆိုကြ၏။

ထိုအခါ ဤခန္ဓာသည် လောင်စာမရှိပြီဖြစ်သော ဆီမီးကဲ့သို့နောက်တစ်ဖန် ဖြစ်ခွင့်မရှိတော့သောကြောင့်–

(က) ခန္ဓာကိုယ်သည် ဒုက္ခသစ္စာ၊
(ခ) တွယ်တာကပ်ငြိမှုသည် သမုဒယသစ္စာ၊
(ဂ) ခန္ဓာ၌ တွယ်တာကပ်ငြိမှုကို ကင်းစေတတ်သော မဂ်ဉာဏ်လေးပါးသည် မဂ္ဂသစ္စာ၊
(ဃ) ခန္ဓာချုပ်ငြိမ်းမှုသည် နိရောဓသစ္စာ၊

ဤသို့ မဂ်ဉာဏ်လေးကြိမ်၌ သစ္စာလေးပါးလေးကြိမ်ဖြစ်လေတော့၏။

## ၄၅။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့်ပယ်ရမည့်တရားများ

မဂ်ဉာဏ်ဖိုလ်ဉာဏ်ရပြီးသော ပုဂ္ဂိုလ်မြတ်တို့သည် အောက်ဖော်ပြပါတရားများကို ပယ်ပြီး ဖြစ်ကုန်၏။

၁။ ကုသိုလ်နှင့်အကုသိုလ်

၂။ ပဟာန် (၃)ပါး

ကုသိုလ်တရားက အကုသိုလ်တရားတို့ကို ဖြစ်နေခိုက်တွင် ပယ်သတ်နိုင်သော တဒင်္ဂပဟာန်။

ရူပါဝစရကုသိုလ်၊ အရူပါဝစရကုသိုလ်တို့သည် အကုသိုလ်တရားများကို

ရက်၊ လ၊ နှစ်၊ တစ်ကမ္ဘာ၊ နှစ်ကမ္ဘာ စသည်ဖြင့် အတန်ကြာအောင်ပယ်ခွာထားနိုင်သော ဝိက္ခမ္ဘနပဟာန်။

မဂ်လေးပါးတရားတို့သည် အကုသိုလ်တရားများကို အပြီးအပိုင်ပယ်နိုင်သော သမုစ္ဆေဒပဟာန် တို့ဖြစ်၏။

၃။ အကုသိုလ်တရားများ

မဂ်ကုသိုလ်ဖြင့် ပယ်အပ်သောအကုသိုလ်တရားများမှာ–

(က) အာသဝေါတရား ၄ ပါး

(ခ) ဩဃတရား ၄ ပါး

(ဂ) ယောဂတရား ၄ ပါး

(ဃ) ဂန္ထတရား ၄ ပါး

(င) ဥပါဒါန်တရား ၄ ပါး

(စ) ဝရဏတရား ၆ ပါး (နီဝရဏတရား ၅ ပါးဟူ၍လည်းရှိ၏။)

(ဆ) အနုသယတရား ၇ ပါး

(ဇ) သံယောဇဉ်တရား ၁၀ ပါး

(ဈ) ကိလေသာတရား ၁၀ ပါး – တို့ဖြစ်ကြ၏။

## ၄၆။ ကိလေသာ(၁၀)ပါးကို အဆင့်သုံးဆင့်ခွဲပြခြင်း

လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ ဟူသော ကိလေသာ (၁၀)ပါးတို့ကို ဖြစ်ထွန်းပေါ်ပေါက်လာပုံအလိုက် အောက်ပါအတိုင်း အဆင့်သုံးဆင့် ခွဲထား၏။

၁။ ဝီတိက္ကမကိလေသာ – ကာယကံမြောက်၊ ဝစီကံမြောက်ဖြစ်မှား ကျူးလွန်းသော ကိလေသာတို့ကိုခေါ်၏။ ဥပမာ သတ်ဖြတ်ခြင်း၊ ခိုးဝှက်ခြင်း၊ ကာမဂုဏ်၌မှားယွင်းခြင်းစသည်တို့ဖြစ်၏။

၂။ ပရိယုဋ္ဌာနကိလေသာ – ကာယကံ၊ ဝစီကံမြောက်ကျူးလွန်မှုမရှိ၊ မနောကံတွင်း၌ ကြံစည်စိတ်ကူးခြင်းမျိုးဖြစ်၏။ ဥပမာ– လောဘ၊ ဒေါသ၊ မောဟ အဆင့်၌သာ ရှိနေသည့် ကိလေသာများဖြစ်ကြ၏။

၃။ အနုသယကိလေသာ – ကာယကံ၊ ဝစီကံမြောက် ကျူးလွန်ခြင်းမရှိ၊ စိတ်ကူးအဆင့် (မနောကံအဆင့်)သို့ပင် မရောက်သေးသော ကိလေသာတို့ကိုခေါ်၏။ ဥပမာ– အကြောင်းတစ်စုံတစ်ရာရှိလာသောအခါ ဖြစ်ပေါ်လာတတ်သော ဣဿာ မစ္ဆရိယ၊ ကုက္ကုစ္စနှင့် မိဒ္ဓစေတသိတ်တရားများဖြစ်ကြ၏။

## ၄၇။ ပရမတ္ထတရားလေးပါး

စိတ်၊ စေတသိတ်၊ ရုပ်၊ နိဗ္ဗာန်တရားလေးပါးကိုခေါ်ဆို၏။

၁။ စိတ် – သိတတ်သောသဘောဖြစ်၏။ ဝီထိစိတ်နှင့်ဘဝင်စိတ် (ဝီထိမုတ် စိတ်)ဟူ၍ နှစ်မျိုးရှိ၏။ ဝီထိစိတ်ဟူသည် မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိ စိတ်၊ ကြံသိစိတ်တို့ဖြစ်ကြ၏။ ဘဝင်စိတ်မှာမူ သတ္တဝါတစ်ဦးသည် အာရုံများကို သိနေခြင်း မရှိဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေချိန်တွင် ဖြစ်ပေါ်နေသော စိတ်မျိုးဖြစ်၏။ ဘဝ တစ်ခု၏ အစဦးစွာဖြစ်သော ပဋိသန္ဓေစိတ်နှင့် နောက်ဆုံးဖြစ်သော စုတိစိတ်တို့သည် လည်း ဘဝင်စိတ်များဖြစ်ကြ၏။

၂။ စေတသိက် – စိတ်ကိုမှီတွယ်၍ဖြစ်သော တရားများကိုခေါ်ဆိုသည်။ စေတသိတ်တရားတို့တွင် သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇)ပါး၊ ပကိဏ်းစေတသိတ် (၆)ပါး၊ အကုသိုလ်စေတသိတ် (၁၄)ပါး၊ သောဘဏစေတသိက် (၂၅)ပါး၊ ပေါင်း ၅၂ ပါးရှိ၏။

၃။ ရုပ် – ဖောက်ပြန်ပျက်စီးတတ်သော သဘောရှိ၏။ အပြားအားဖြင့် ၈၉–ပါးရှိ၏။

၄။ နိဗ္ဗာန် – ဖြစ်ခြင်း၊ ပျက်ခြင်းမရှိ၊ ပကတိချုပ်ပျောက်ငြိမ်းအေးသော သဘောမျှသာဖြစ်၏။ အသက်ရှင်လျက်ဝင်ခံ မျက်မှောက်ပြုရသော သဥပါဒိသေသနိဗ္ဗာန်နှင့် ပရိနိဗ္ဗာန်ပြုပြီးမှ ဝင်ခံမျက်မှောက်ပြုရသော အနုပါဒိသေသနိဗ္ဗာန်နှစ်မျိုးရှိ၏။

## ၄၈။ ဝိညာဏ်များဖေါ်ပေါ်လာပုံ

ဝိညာဏ်ဟူသည် အသိစိတ်ကိုဆို၏။ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်ဟူ၍ (၆)မျိုးရှိ၏။ ဝိညာဏ်တစ်ခုစီသည် သူ့ဘာသာအလိုအလျောက် ပေါ်လာခြင်းမဟုတ်၊ သက်ဆိုင်ရာ အထောက်အပံ့တို့နှင့် ပေါင်းဆုံမိကြမှသာလျှင် ဖြစ်ပေါ်လာနိုင်၏။

၁။ စက္ခုဝိညာဏ် (မြင်သိစိတ်)
အောက်ပါအကြောင်း(၄)မျိုးပေါင်းဆုံမှသာဖြစ်ပေါ်လာနိုင်၏။
(၁) ရူပါရုံ – ရုပ်အဆင်း
(၂) စက္ခုပသာဒ – မျက်စိအကြည်ဓာတ်
(၃) အာလောက – ပြင်ပအလင်းရောင်
(၄) မနသီကာရ – အာရုံစူးစိုက်မှု

၂။ သောတဝိညာဏ် (ကြားသိစိတ်)
အောက်ပါအကြောင်း (၄)မျိုးပြည့်စုံမှသာ ဖြစ်ပေါ်နိုင်သည်။
(၁) သဒ္ဒါရုံ – အသံ
(၂) သောတပသာဒ – နားအကြည်ဓာတ်
(၃) အာကာသ – အသံရွေ့လျားနိုင်သည့်နေရာ၊ အကျယ်အဝန်း
(၄) မနသီကာရ – အာရုံစူးစိုက်မှု

၃။ ဃာနဝိညာဏ် (နံသိစိတ်)
အောက်ပါအကြောင်း (၄)မျိုးနှင့်ပြည့်စုံမှသာဖြစ်ပေါ်နိုင်၏။
(၁) ဂန္ဓာရုံ – အနံ့
(၂) ဃာနပသာဒ – နှာခေါင်းအကြည်ဓာတ်
(၃) ဝါယော – လေ
(၄) မနသီကာရ – အာရုံစူးစိုက်မှု

၄။ ဇိဝှါဝိညာဏ် (စားသိစိတ်)
အောက်ပါအကြောင်း(၄)မျိုးနှင့်ပြည့်စုံမှသာ ဖြစ်ပေါ်နိုင်သည်။
(၁) ရသာရုံ – အရသာ
(၂) ဇိဝှါပသာဒ – လျှာအကြည်ဓာတ်
(၃) အာပေါဓာတ် – ရေ
(၄) မနသီကာရ – အာရုံစူးစိုက်မှု

၅။ ကာယဝိညာဏ် (ထိသိစိတ်)
အောက်ပါအကြောင်း (၄)မျိုးနှင့်ပြည့်စုံမှသာဖြစ်ပေါ်နိုင်သည်။
(၁) ဖောဋ္ဌဗ္ဗာရုံ – အတွေ့အထိ
(၂) ကာယပသာဒ – ကိုယ်အကြည်ဓာတ်
(၃) ပထဝီဓာတ် – အမာခံအစိုင်အခဲ
(၄) မနသီကာရ – အာရုံစူးစိုက်မှု

၆။ မနောဝိညာဏ် (ကြံသိစိတ်)

အောက်ပါအကြောင်း (၄)မျိုးနှင့်ပြည့်စုံသောအခါမှသာဖြစ်ပေါ်နိုင်သည်။

(၁) ဓမ္မာရုံ – သဘောတရား (အာရုံထင်မြင်ခြင်း)

(၂) ဘဝင်စိတ် – ရှေးဘဝင်စိတ်သည် နောက်အာဝဇ္ဇန်းစိတ်ကိုဖြစ်စေနိုင်သော စွမ်းအား

(၃) ဟဒယရုပ် – နှလုံး

(၄) မနသိကာရ – အာရုံစူးစိုက်မှု

## ၄၉။ အာရုံ – ၆ – ပါး

စိတ်၊ ဝိညာဏ် ကသိနိုင်သော အာရုံတို့သည် (၆)ပါးရှိကုန်၏။

၁။ ရူပါရုံ – အဆင်းအာရုံ

၂။ သဒ္ဒါရုံ – အသံအာရုံ

၃။ ဂန္ဓာရုံ – အနံ့အာရုံ

၄။ ရသာရုံ – အရသာအာရုံ

၅။ ဖောဋ္ဌဗ္ဗာရုံ – အတွေ့အထိအာရုံ

၆။ ဓမ္မာရုံ – သဘောတရားအာရုံ

## ၅၀။ ဝိညာဏ် – ၆ – ပါး

အတွင်းစိတ်နှင့် အပြင်အာရုံတို့တွေ့ထိသောအခါ အောက်ပါဝိညာဏ်(၆)ပါးတို့သည် ဖြစ်ပေါ်လာကြကုန်၏။

၁။ စက္ခုဝိညာဏ် – မြင်သိစိတ်

၂။ သောတဝိညာဏ် – ကြားသိစိတ်

၃။ ဃာနဝိညာဏ် – နံသိစိတ်

၄။ ဇိဝှါဝိညာဏ် – စားသိစိတ်

၅။ ကာယဝိညာဏ် – ထိသိစိတ်

၆။ မနောဝိညာဏ် – ကြံသိစိတ်

## ၅၁။ ပဋ္ဌာန်းဒေသနာတော်အကျဉ်းချုပ်

မြတ်ဗုဒ္ဓဟောကြားတော်မူအပ်သော တရားတော်ထဲတွင် ပဋ္ဌာန်းတရားတော်သည် ထင်ရှား၏ အဘိဓမ္မာ(၇)ကျမ်းတွင် တစ်ကျမ်းအဖြစ်ပါဝင်၍ မြတ်ဗုဒ္ဓသည် (၇)ဝါမြောက်တွင် တာဝတိံသာနတ်ပြည်၌ မယ်တော်မိနတ်သားအား အမှူးထား၍ ဟောကြားတော်မူသည့် တရားတော်ဖြစ်၏။

ယင်းတရားတော်တွင် အကြောင်းတရားနှင့် အကျိုးတရားတို့၏ ဆက်စပ်ပြီးဖြစ်ပေါ်လာရပုံကို ဖော်ပြထား၏။ အကြောင်းတရားကို ပစ္စည်း(ပစ္စယ)ဟုခေါ်၍ အကျိုးတရားကို ပစ္စယုပ္ပန် (ပစ္စယုပ္ပန္န)ဟုခေါ်၏။ ထိုသို့ကြောင်းကျိုးဆက်သွယ်နေသော တရားပစ္စည်းနှင့် ပစ္စယုပ္ပန်တို့သည် (၂၄)မျိုးရှိ၏။ ပစ္စည်း (၂၄)မျိုးရှိသည့်အတွက် ပစ္စယုပ္ပန်တို့သည်လည်း (၂၄)မျိုးရှိကုန်၏။

### ၂၄ – ပစ္စည်း

၁။ ဟေတုပစ္စည်း – ထောက်ပံ့တတ်သောအကြောင်းတရား
၂။ အာရမ္မဏပစ္စည်း – အာရုံဟူသောအကြောင်းတရား
၃။ အဓိပတိပစ္စည်း – အကြီးအမှူးပြုခြင်းဟူသောအကြောင်းတရား
၄။ အနန္တရပစ္စည်း – အကြားမရှိ၊ တစ်ဆက်တည်းဖြစ်သောအကြောင်းတရား
၅။ သမနန္တရပစ္စည်း – ပို၍အကြားမရှိ၊တစ်ဆက်တည်းဖြစ်သောအကြောင်းတရား
၆။ သဟဇာတပစ္စည်း – အတူတကွ ဖြစ်ခြင်းဟူသောအကြောင်းတရား
၇။ အညမညပစ္စည်း – အချင်းချင်းအပြန်အလှန်အကြောင်းအကျိုးပြုနိုင်ခြင်းတရား
၈။ နိဿယပစ္စည်း – အမှီခံနိုင်သောအကြောင်းတရား
၉။ ဥပနိဿယပစ္စည်း – အားကြီးသောမှီရာအကြောင်းတရား
၁၀။ ပုရေဇာတပစ္စည်း – ကြိုတင်ဖြစ်နှင့်သောအကြောင်းတရား
၁၁။ ပစ္ဆာဇာတပစ္စည်း – နောက်မှဖြစ်ပေါ်လာသည့်အကြောင်းတရား
၁၂။ အာသေဝနပစ္စည်း – အဖန်ဖန်အထပ်ထပ်ဖြစ်ခြင်း၊မှီဝဲခြင်းဟူသောအကြောင်းတရား
၁၃။ ကမ္မပစ္စည်း – ကံ ဟူသောအကြောင်းတရား
၁၄။ ဝိပါကပစ္စည်း – စေတနာကံ၏အကျိုးဟူသောအကြောင်းတရား
၁၅။ အာဟာရပစ္စည်း – ထမင်း၊ အလုပ်၊ အလွေး၊ အာဟာရဟူသောအကြောင်းတရား
၁၆။ ဣန္ဒြိယပစ္စည်း – အစိုးရခြင်း၊ ပိုင်စိုးခြင်းဟူသောအကြောင်းတရား
၁၇။ ဈာနပစ္စည်း – စူးစိုက်၍အာရုံကိုကြည့်ရှုခြင်းဟူသောအကြောင်းတရား
၁၈။ မဂ္ဂပစ္စည်း – လမ်းခရီး၊ သွားရာလမ်းကြောင်းဟူသောအကြောင်းတရား

၁၉။ သမ္ပယုတ္တပစ္စည်း – အချင်းချင်း အတူတကွဖြစ်ခြင်း၊ ပျက်ခြင်း ဟူသော အကြောင်းတရား
၂၀။ ဝိပ္ပယုတ္တပစ္စည်း – အကြောင်းနှင့်အကျိုးတသားတည်းဖြစ်ခြင်းဟူသော အကြောင်းတရား
၂၁။ အတ္ထိပစ္စည်း – အထင်ရှားရှိခြင်းဟူသော အကြောင်းတရား
၂၂။ နတ္ထိပစ္စည်း – အထင်အရှား မရှိခြင်းဟူသော အကြောင်းတရား
၂၃။ ဝိဂတပစ္စည်း – ကင်းကွာခြင်း၊ မရှိခြင်းဟူသော အကြောင်းတရား
၂၄။ အဝိဂတပစ္စည်း – မကင်းကွာခြင်း၊ ရှိခြင်းဟူသောအကြောင်းတရား

ဤသို့အားဖြင့် (၂၄)ပါးကုန်သော အကြောင်းတရားတို့သည် အနန္တနယသမန္တ ခေါ် ပဋ္ဌာန်းကျမ်းကြီး၌ တည်ရှိကုန်၏။

ဖော်ပြပါပစ္စည်းနှင့် ပစ္စယုပ္ပန် (၂၄)မျိုးတို့၏ အကြောင်းအကျိုးဆက်သွယ်နေပုံကို ကြည်ညိုနိုင်ရန် အလို့ငှာ အကျဉ်းနည်းဖြင့်ရှင်းလင်းပါဦးအံ့။

## ပစ္စယနိဒ္ဒေသ နယယ

**၁။ ဟေတုပစ္စည်း**

ဟေတုဟူသောအကြောင်းရင်း မူလဟေတုပစ္စယသတ္တိဖြင့် ဟိတ် (၆)ပါးနှင့် ယှဉ်ကုန်သော စိတ်စေတသိက်တရားတို့ကို ကျေးဇူးပြု၏။

ဥပမာသော်ကား –ပညောင်ပင်အစရှိသော အပင်တို့၏ အမြစ်တို့သည် ထိုသစ်ပင်ကြီး မယိုင်မလဲ၊ ခိုင်မြဲနေအောင် ကုတ်တွယ်လျက်အကျိုးပြုနေသကဲ့သို့ဖြစ်၏။

**၂။ အာရမ္မဏပစ္စည်း**

အာရမ္မဏဟူသော သိမှုအာရုံ အာရမ္မဏပစ္စယသတ္တိဖြင့် စိတ်၊ စေတသိက်တရားတို့ကို ကျေးဇူးပြု၏။

ဥပမာသော်ကား–နွယ်တန်း၊ တောင်ဝှေး စသည်တို့သည် မျက်မမြင်စသည့် မစွမ်းသန်သူတို့အား လိုရာစီသို့သွားနိုင်အောင် ကျေးဇူးပြုနေသကဲ့သို့ အာရုံတို့သည်လည်း စိတ်၊ စေတသိက်တို့ဖြစ်ပေါ်လာစေရန် အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**၃။ အဓိပတိပစ္စည်း**

အကြီးအမှူးဖြစ်ခြင်းဟူသော အဓိပတိပစ္စယသတ္တိဖြင့် စိတ်၊ စေတသိက်တို့ကိုလည်းကောင်း၊ စိတ္တဇရုပ်တို့ကိုလည်းကောင်း ဖြစ်ပေါ်စေရန် ကျေးဇူးပြု၏။

ဥပမာသော်ကား –စကြဝတေးမင်းသည် မိမိ၏ဩဇာအာဏာ၊ တန်ခိုးဖြင့် အခြားသော တိုင်းနိုင်ငံ၊ ပြည်သူပြည်သားတို့အား ထိန်းချုပ်ထားနိုင်သကဲ့သို့ အစိုးတရဖြစ်ခြင်းဟူသော အဓိပတိပစ္စယသတ္တိဖြင့် စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့အား ကျေးဇူးပြု၏။

**၄။ အနန္တရပစ္စည်း**

အခြားမပြတ်၊ တစ်ဆက်တစ်စပ်တည်းဖြစ်ခြင်းဟူသော အနန္တရပစ္စယသတ္တိဖြင့် စိတ်နှင့် စေတသိက်တို့ကို ကျေးဇူးပြု၏။

ဥပမာသော်ကား–စကြဝတေးမင်း နတ်ရွာစံခြင်းသည် သားကြီးသြရသဖြစ်သော အိမ်ရှေ့မင်းအား အဘိသိတ်ခံနိုင်ခြင်းငှာ အခြားမရှိ၊ တစ်ဆက်တည်းကျေးဇူးပြုသကဲ့သို့ စိတ်နှင့် စေတသိက်တရားတို့ကို အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**၅။ သမနန္တရပစ္စည်း**

ကောင်းစွာ အခြားမရှိ၊ တစ်ဆက်တည်းဖြစ်ခြင်းဟူသော သမနန္တရပစ္စယသတ္တိဖြင့် စိတ်၊ စေတသိက်တို့အား ကျေးဇူးပြု၏။

ဥပမာသော်ကား–စကြဝတေးမင်း၏ အရညဝါသီတောထွက်တော်မူ၍ ရဟန်းပြုခြင်းသည် သားကြီးရတနာအိမ်ရှေ့မင်းအား မင်းဖြစ်စေရန် ကျေးဇူးပြုသကဲ့သို့ စိတ်။ စေတသိက်တို့ဖြစ်စေရန် သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**၆။ သဟဇာတပစ္စည်း**

အတူတကွဖြစ်ခြင်းဟူသော သဟဇာတပစ္စယသတ္တိဖြင့် လေးပါးကုန်သော နာမ်တရားတို့သည် အချင်းချင်း ကျေးဇူးပြု၏။

ဥပမာသော်ကား– ဆီမီးသည် မီးတောက်သည်နှင့် တစ်ပြိုင်နက်အလင်းသည် ဖြစ်ပေါ်လာသကဲ့သို့ ပစ္စယုပ္ပန်အကျိုးတရားတို့ကို သဟဇာတပစ္စယသတ္တိဖြင့်ကျေးဇူးပြုတတ်၏။

**၇။ အညမညပစ္စည်း**

အချင်းချင်းအပြန်အလှန် ထောက်ပံ့ခြင်းဟူသော အညမညပစ္စယသတ္တိဖြင့် လေးပါးကုန်သော နာမ်ခန္ဓာတို့သည် အချင်းချင်းကျေးဇူးပြုတတ်၏။

ဥပမာသော်ကား– ထမင်းချက်ရန်အလို့ငှာပြုလုပ်ထားသည့် သစ်သားသုံးခွတို့တွင် တစ်ချောင်းသည် အခြားတစ်ချောင်းအား အချင်းချင်း ထောက်ပံ့စေခြင်းငှာအပြန်အလှန်ကျေးဇူးပြုသကဲ့သို့ လေးပါးသော နာမ်ခန္ဓာတို့သည် အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်၏။

**၈။ နိဿယပစ္စည်း**

မှီရာတည်ရာတည်းဟူသော နိဿယပစ္စယသတ္တိဖြင့် လေးပါးသောနာမ်ခန္ဓာတို့သည် ကျေးဇူးပြု၏။

ဥပမာသော်ကား– မြေကြီးသည် သစ်ပင်ကြီးငယ်တို့၏ မှီရာတည်ရာဖြစ်သကဲ့သို့ လေးပါးကုန်သော မဟာဘုတ်ရုပ်တို့သည် အချင်းချင်း နိဿယပစ္စယသတ္တိဖြင့်ကျေးဇူးပြုတတ်၏။

၉။ ဥပနိဿယပစ္စည်း

အားကြီးသော မှီရာတည်ရာတည်းဟူသော ဥပနိဿယပစ္စယသတ္တိဖြင့် ရှေး၌ဖြစ်သောကုသိုလ်တရားတို့သည် နောက်၌ဖြစ်ကုန်သော အကုသိုလ်တရားများ၊ အဗျာကတ တရားတို့အား ကျေးဇူးပြုတတ်၏။

ဥပမာသော်ကား– မိုးတွင်းသုံးလပတ်လုံး ရွာသောမိုးကြီးသည် များစွာသော သစ်ပင်၊ သတ္တဝါတို့အား၊ အားကြီးသောမှီရာတည်ရာ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုသကဲ့သို့ ကျေးဇူးပြု၏။

၁၀။ ပုရေဇာတပစ္စည်း

ရှေ့၌ကြိုတင်ဖြစ်နှင့်သော ပုရေဇာတပစ္စယသတ္တိဖြင့် စိတ်၊ စေတသိက်တရားတို့ကို ကျေးဇူးပြုတတ်၏။

ဥပမာသော်ကား– ကမ္ဘာဦးကာလ၌ ဖြစ်သော နေလတို့သည် မိမိတို့ထင်ရှားရှိခိုက်တွင် အလင်းကိုမှီကုန်သော သတ္တဝါတို့အား ရှေ့၌ဖြစ်နှင့်၍ ကျေးဇူးပြုသကဲ့သို့ဖြစ်၏။

၁၁။ ပစ္ဆာဇာတပစ္စည်း

နောက်၌ဖြစ်ကုန်သော စိတ်၊ စေတသိက်တရားတို့သည် ရှေ့၌ဖြစ်ကုန်သော ကိုယ်ကာယအား ပစ္ဆာဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်၏။

ဥပမာသော်ကား – မွေးကာစလင်းတငှက်ငယ်တို့၏ အစာအဟာရအဖြစ် စားချင်သောချင်ခြင်း စေတနာသည်နောက်မှဖြစ်၍ ထင်ရှားရှိသောကိုယ်အားကျေးဇူးပြုသကဲ့သို့ဖြစ်၏။

၁၂။ အာသေဝနပစ္စည်း

အထပ်ထပ်ထုံထားအပ်သော အာသေဝနပစ္စယသတ္တိဖြင့် ရှေးရှေး၌ဖြစ်ကုန်သော ကုသိုလ်တရားတို့သည် နောက်၌ဖြစ်ကုန်သော ကုသိုလ်တရားတို့ကိုလည်းကောင်း၊ ရှေး၌ဖြစ်ကုန်သော အကုသိုလ်တရားတို့သည် နောက်၌ဖြစ်သောအကုသိုလ်တရားတို့ကိုလည်းကောင်း၊ ရှေး၌ဖြစ်ကုန်သော ကြိယာအဗျာကတတရားတို့သည် နောက်၌ဖြစ်ကုန်သော ကြိယာအဗျာကတတရားတို့အား ကျေးဇူးပြု၏။

ဥပမာသော်ကား– အမွှေးအကြိုင်အားဖြင့် အထပ်ထပ်ထုံထားအပ်သော နံ့သာတုံး၊ စန္ဒကူးတုံးသည် နောက်၌ထုံထားအပ်သော နံ့သာတုံး၊ စန္ဒကူးတုံးတို့အား သင်းရနံ့များ ပိုမိုတိုးပွားစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ပင်ဖြစ်၏။

၁၃။ ကမ္မပစ္စည်း

ကုသိုလ်၊ အကုသိုလ်ဖြစ်ကုန်သော စေတနာကံသည် အကျိုးဝိပါက်ဖြစ်ကုန်သော ရုပ်တရားနှင့် နာမ်တရားတို့အား မျိုးစေ့သဘာဝကမ္မ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်၏။

ဥပမာသော်ကား– ကောင်းစွာသိမ်းဆည်းထားအပ်သော စပါးစသည့် မျိုးစေ့သည် အညွန့်အညှောက်ပင်စသည်တို့ ဖြစ်ခြင်းငှာကျေးဇူးပြုသကဲ့သို့ဖြစ်၏။

**၁၄။ ဝိပါကပစ္စည်း**

အကျိုးဝိပါတ်ဖြစ်ကုန်သော လေးပါးကုန်သော နာမ်ခန္ဓာတို့သည် ဝိပါကပစ္စယ သတ္တိဖြင့် အချင်းချင်းကျေးဇူးပြုတတ်ကြကုန်၏။

ဥပမာသော်ကား– ချမ်းအေးလှသော လေညှင်းသည် ချမ်းအေးသောအရိပ်၌ နေသူအား ငြိမ်းချမ်းခြင်းကို ကျေးဇူးပြုသကဲ့သို့ပင်ဖြစ်၏။

**၁၅။ အာဟာရပစ္စည်း**

အလုတ်အလွေးဟူသော ရုပ်အစာအာဟာရသည်လည်းကောင်း၊ ဖဿ၊ စေတနာ၊ ဝိညာဏ်ဟူသော နာမ်အာဟာရသုံးပါးတို့သည်လည်းကောင်း၊ ကိုယ်ကာယနှင့် စိတ်စေတသိက်တရားတို့ကို အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်၏။

ဥပမာသော်ကား– မယိုင်မလဲသွားစေရန် နောက်မှထောက်ကူထားသော သစ်သားတိုင်သည် အိမ်အိုအိမ်ဟောင်းအား ကျေးဇူးပြုသကဲ့သို့ပင်ဖြစ်၏။

**၁၆။ ဣန္ဒြိယပစ္စည်း**

အစိုးတရဖြစ်ခြင်းဟူသော ဣန္ဒြိယပစ္စယသတ္တိဖြင့်မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ တွေ့သိစိတ်၊ ကြံသိစိတ်တို့သည် ၎င်းတို့နှင့်ယှဉ်ဖက်ဖြစ်သော စေတသိက်တရားတို့ကို ကျေးဇူးပြုတတ်၏။

ဥပမာသော်ကား– တစ်နိုင်ငံတည်း၌ ရှိကြသော အစိုးရမင်းတို့သည် တစ်ဦးစီ၌ရှိသော သတ္တိစွမ်းရည်တို့ကို တားမြစ်ပိတ်ပင်ခြင်းမရှိဘဲ မိမိတို့ဆိုင်ရာ အစိုးရမှုတည်မြဲစေရန် ကျေးဇူးပြုသကဲ့သို့ပင်ဖြစ်၏။

**၁၇။ ဈာနပစ္စည်း**

ကပ်၍ရှုတတ်သော ဈာနပစ္စယသတ္တိဖြင့် ဈာန်အင်္ဂါငါးပါးတို့သည် ယှဉ်ဖက်ဖြစ်ကုန်သော စေတသိက်တရားတို့ကိုလည်းကောင်း၊ ထိုဈာန်ကြောင့်ဖြစ်သော ရုပ်တို့ကိုလည်းကောင်း ကျေးဇူးပြုတတ်၏။

ဥပမာသော်ကား– တောင်ထိပ်၊ သစ်ပင်ဖျားတို့ကို တက်၍ကြည့်သော သူသည် အနီး၊ အဝေး၌ရှိကုန်သော မြင်ကွင်းအရပ်ဌာနတို့ကို မြင်နိုင်စေခြင်းငှာကျေးဇူးပြုသကဲ့သို့ ဖြစ်၏။

**၁၈။ မဂ္ဂပစ္စည်း**

ထွက်မြောက်ရာလမ်းတည်းဟူသော မဂ္ဂပစ္စယသတ္တိဖြင့် မဂ္ဂင်တရားကိုးပါး (ပညာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ မိစ္ဆာဒိဋ္ဌိ)တို့သည် မဂ်နှင့်ယှဉ်သောစိတ်၊ စေတသိက်တို့ကိုလည်းကောင်း၊ ထိုမဂ္ဂင်ကြောင့် ဖြစ်ကုန်သော ရုပ်တို့ကိုလည်းကောင်း ကျေးဇူးပြုတတ်၏။

ဥပမာသော်ကား– မြစ်၏ကမ်းတစ်ဘက်မှ အခြားတစ်ဘက်သို့ကူးသူသည် ဤမှာဘက်မှ ထွက်မြောက်ကြောင်းဖြစ်သကဲ့သို့လည်းကောင်း၊ ထိုမှာဘက်မှဤမှာဘက်သို့ ကူးသူသည် ထိုမှာဘက်မှ ထွက်မြောက်ကြောင်းဖြစ်သကဲ့သို့လည်းကောင်း၊ ဆောင်ပို့ထွက်မြောက်ခြင်းဟူသော သတ္တိဖြင့် ကျေးဇူးပြုသကဲ့သို့ဖြစ်၏။

ပဋ္ဌာန်းမြားငယောက်တာပေ

**၁၉။ သမ္ပယုတ္တပစ္စည်း**

ကောင်းစွာယှဉ်ခြင်းဟူသော သမ္ပယုတ္တပစ္စယသတ္တိဖြင့် လေးပါးကုန်သော နာမ်ခန္ဓာတို့သည် အချင်းချင်းယှဉ်ကာအကျိုးပြု၏။

ဥပမာသော်ကား– နို့ရည်၊ ထောပတ်၊ ပျားသကာဟူသော စတုမဓုအရသာသည် အချင်းချင်းရောပြွမ်း၍ ကျေးဇူးပြုသကဲ့သို့ပင်ဖြစ်၏။

**၂၀။ ဝိပ္ပယုတ္တပစ္စည်း**

မယှဉ်ခြင်း၊ မရောပြွမ်းခြင်းဟူသော ဝိပယုတ္တပစ္စယသတ္တိဖြင့် ရုပ်ဝတ္ထုခြောက်ပါးတို့သည် နာမ်ဖြစ်ကုန်သော တရားတို့၏ နောက်၌ဖြစ်ကုန်သော စိတ် ၈၅ပါးနှင့် နာမက္ခန္ဓာတို့အား ကျေးဇူးပြုတတ်၏။

ဥပမာသော်ကား– ချို၊ ချဉ်၊ ဖန်၊ ခါး စသော အရသာခြောက်ပါးတို့သည် မရောနှော မယှဉ်တွဲဘဲ ကျေးဇူးပြုသကဲ့သို့ဖြစ်၏။

**၂၁။ အတ္ထိပစ္စည်း**

ထင်ရှားရှိခြင်းဟူသော အတ္ထိပစ္စယသတ္တိဖြစ် လေးပါးကုန်သောနာမ်ခန္ဓာတို့သည်လည်းကောင်း၊ လေးပါးကုန်သော ရုပ်တို့သည်လည်းကောင်း၊ ပဋိသန္ဓေနာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်တို့သည်လည်းကောင်း၊ စိတ်၊ စေတသိက်ဖြစ်ကုန်သော နာမက္ခန္ဓာလေးပါးတို့သည်လည်းကောင်း၊ မဟာဘုတ်ရုပ်လေးပါးတို့သည်လည်းကောင်း အချင်းချင်းကျေးဇူးပြုတတ်ကြ၏။

မြင်သိစိတ်ကို မျက်စိအကြည်သည်လည်းကောင်း၊ ကြားသိစိတ်ကို နားအကြည်သည်လည်းကောင်း၊ နံသိစိတ်ကို နှာခေါင်းအကြည်သည်လည်းကောင်း၊ စားသိစိတ်ကို လျှာအကြည်သည်လည်းကောင်း၊ ထိသိစိတ်ကို ကိုယ်အကြည်သည်လည်းကောင်း ကျေးဇူးပြုတတ်ကြ၏။

မြင်သိစိတ်ကို ရုပ်အဆင်းဓာတ်သည်လည်းကောင်း၊ ကြားသိစိတ်ကိုအသံရုပ်ဓာတ်သည်လည်းကောင်း၊ နံသိစိတ်ကို အနံ့ရုပ်ဓာတ်သည်လည်းကောင်း၊ စားသိစိတ်ကို ကိုရသာရုပ်ဓာတ်သည်လည်းကောင်း၊ ထိသိစိတ်ကို ကာယကိုယ်အကြည်သည်လည်းကောင်း ကျေးဇူးပြုတတ်ကြ၏။

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဟူသော အာရုံငါးပါးတို့သည် မနောဓာတ်နှင့် ၎င်းနှင့်ယှဉ်သော စေတသိက်တရားတို့အားလည်းကောင်း ကျေးဇူးပြု၏။

အကြင်ဟဒယဝတ္ထုကိုမှီ၍ မနောဓာတ်သည်လည်းကောင်း၊ မနောဝိညာဏဓာတ်သည်လည်းကောင်းဖြစ်ကုန်၏။ ထိုဟဒယဝတ္ထုရုပ်တို့သည် မနောဓာတ်အားလည်းကောင်း၊ မနောဝိညာဏ်ဓာတ်အားလည်းကောင်း၊ ၎င်းတို့နှင့်ယှဉ်သောစေတသိက်တရားတို့အားလည်းကောင်း ကျေးဇူးပြုတတ်၏။

ဥပမာသော်ကား– ဟိမဝန္တာတောင်သည် မိမိကိုမှီသောအားဖြင့်သစ်ပင်မြက်ပင်တို့၏ရှင်သန်ပြန့်ပွားစေခြင်း၌ ထင်ရှားရှိခြင်းဖြင့်ကျေးဇူးပြုသကဲ့သို့ပင်ဖြစ်၏။

ပဋ္ဌာန်းပြီးငယောက်ဓာငပေ

၂၂။ နတ္ထိပစ္စည်း

မရှိခြင်းတည်းဟူသော နတ္ထိပစ္စယတ္တိဖြင့် မိမိ၏အခြားမဲ့၌ကောင်းစွာ ချုပ်ကုန်ပြီးသော စိတ်၊ စေတသိက်ဖြစ်ကုန်သော ရဟန္တာ၏ စုတိကြဉ်သောနမက္ခန္ဓာတရားတို့သည် နောက်တစ်ဖန်ဖြစ်ကုန်သော ရဟန္တာတို့၏ စုတိစိတ်နှင့်တကွ နာမက္ခန္ဓာတို့အား ကျေးဇူးပြုတတ်၏။

ဥပမာသော်ကား– ညဉ်၏ကင်းခြင်းသည် နေ့ဖြစ်စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ဆီမီး၏ငြိမ်းခြင်းသည် အမှောင်ဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့လည်းကောင်း ဖြစ်၏။

၂၃။ ဝိဂတပစ္စည်း

ကင်းခြင်းဟူသော ဝိဂတပစ္စယသတ္တိဖြင့် မိမိအခြားမဲ့၌ကောင်းစွာကင်းကုန်ပြီးသော ရဟန္တာတို့၏ စုတိကြဉ်သော နာမက္ခန္ဓာတရားတို့သည် နောက်တစ်ဖန်ဖြစ်ကုန်သော ရဟန္တာတို့၏ စုတိစိတ်နှင့်တကွဖြစ်သော နမက္ခန္ဓာတို့အားကျေးဇူးပြုတတ်၏။

ဥပမာသော်ကား – နေဝင်ခြင်းသည် လရောင်လင်းစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ပင်ဖြစ်၏။

၂၄။ အဝိဂတပစ္စည်း

မကင်းခြင်းဟူသော အဝိဂတပစ္စယသတ္တိဖြင့် နာမ်ခန္ဓာလေးပါးတို့သည် အချင်းချင်း ကျေးဇူးပြုတတ်ကြ၏။

လေးပါးကုန်သောမဟာဘုတ်ရုပ်တို့သည် အချင်းချင်းကျေးဇူးပြုတတ်ကြ၏။

ပဋိသန္ဓေနာမ်ခန္ဓာနှင့်ဟဒယဝတ္ထုရုပ်တို့သည် အချင်းချင်းကျေးဇူးပြုတတ်ကြ၏။

နာမက္ခန္ဓာလေးပါးတို့သည် စိတ္တဇရုပ်ပဋိသန္ဓေကမ္မဇရုပ်တို့အားကျေးဇူးပြုတတ်၏။

မျက်စိအကြည်သည် မြင်သိစိတ်ကိုလည်းကောင်း၊ နားအကြည်သည် ကြားသိစိတ်ကိုလည်းကောင်း၊ နှာခေါင်းအကြည်သည် နံသိစိတ်ကိုလည်းကောင်း၊ လျှာအကြည်သည် စားသိစိတ်ကိုလည်းကောင်း၊ ကိုယ်ကာယအကြည်သည် ထိသိစိတ်ကိုလည်းကောင်း ကျေးဇူးပြုတတ်ကြ၏။

အဆင်းရုပ်သည် မြင်သိစိတ်ကိုလည်းကောင်း၊ အသံရုပ်သည် ကြားသိစိတ်ကိုလည်းကောင်း၊ အနံ့ရုပ်သည် နံသိစိတ်ကိုလည်းကောင်း၊ အရသာရုပ်သည် လျက်သိစိတ် (စားသိစိတ်)ကိုလည်းကောင်း၊ အတွေ့ရုပ်သည် ထိသိစိတ်ကိုလည်းကောင်း၊ ထိုထိုသော မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်တို့နှင့်ယှဉ်သော စေတသိက်တရားတို့ကိုလည်းကောင်း ကျေးဇူးပြုတတ်ကြ၏။

အကြင်ဟဒယဝတ္ထုရုပ်ကို အမှီပြု၍ မနောဓာတ်သည်လည်းကောင်း၊ မနောဝိညာဏဓာတ်သည်လည်းကောင်းဖြစ်ကုန်၏။ ထိုဟဒယဝတ္ထုရုပ်သည် မနောဓာတ်အား

လည်းကောင်း၊ မနောဝိညာဏဓာတ်အားလည်းကောင်း၊ ၎င်းတို့နှင့်ယှဉ်ကုန်သော စေတသိက်တရားတို့အားလည်းကောင်း မကင်းသောအဖြစ် အဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်၏။

## ပဋ္ဌာန်းဒေသနာတော်ကြီး၏ထူးခြားချက်

ဤပဋ္ဌာန်းဒေသနာတော်ကြီးသည် အဘိဓမ္မာပိဋကတ်တော်၊ အဘိဓမ္မာ(၇)ကျမ်း၌ ပါဝင်သော ကျမ်းတစ်ကျမ်းဖြစ်၏။ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် ရတနာဃရသတ္တာဟခေါ် ဗောဓိပင်၏အနောက်မြောက်ဘက် အတောင် (၄၀)ကွာအရပ်၌ နတ်တို့ဖန်ဆင်းအပ်သော ရတနာဃရရွှေအိမ်သို့ ကြွတော်မူ၍ ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူပြီးလျှင် (၇)ရက်တိုင်တိုင် အဘိဓမ္မာတရားတော်ကို ဆင်ခြင်သုံးသပ်တော်မူ၏။

ထိုသို့ဆင်ခြင်သုံးသပ်တော်မူသောအခါ ပထမအဘိဓမ္မာခြောက်ကျမ်းဖြစ်သော ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်ကျမ်းတို့ကို ဦးစွာဆင်ခြင်သုံးသပ်တော်မူ၏။ ပဋ္ဌာန်းဒေသနာတော်ကြီးဆင်ခြင်တော်မူသည့်အခါမှသာ ဘုရားရှင်၏ ကိုယ်တော်မှ ရောင်ခြည်တော်ခြောက်သွယ်တို့သည် ကွန့်မြူးထွက်ပေါ်လာကာ အနန္တစကြဝဠာသို့ ပျံ့နှံ့လွှမ်းမိုးသွားလေတော့၏။

## ၅၂။ ပဋိစ္စသမုပ္ပါဒ်တရားတော်အကျဉ်းချုပ်

မြတ်ဗုဒ္ဓဟောကြားအပ်သော ပဋိစ္စသမုပ္ပါဒ်တရားတော်သည် အကျိုးတရားတိုင်းသည် အကြောင်းကိုစွဲ၍ ဖြစ်ခြင်း၊ သို့တည်းမဟုတ် အကြောင်းနှင့်အကျိုးတို့သည် ဆက်စပ်နေခြင်း သဘောကိုရှင်းပြထားသည့် တရားတော်ဖြစ်၏။ သတ္တဝါတို့၏ သံသရာကို မြတ်ဗုဒ္ဓသည် ဤပဋိစ္စသမုပ္ပါဒ်တရားတော်ဖြင့် ရှင်းပြထား၏။

၁။ အဝိဇ္ဇာ – အမှန်ကိုအမှန်အတိုင်းမသိခြင်းကြောင့်သင်္ခါရ(ပြုပြင်စီမံခြင်း)ကို ပြုလုပ်ခြင်းဖြစ်၏။

၂။ သင်္ခါရ – ပြုပြင်စီမံခြင်းသင်္ခါရကြောင့် ဝိညာဏ်(ပဋိသန္ဓေဝိပါက်စိတ်၊ ပဝတ္တိအခါလောကီဝိပါက်စိတ်)တို့သည်ဖြစ်ကုန်၏။

၃။ ဝိညာဏ် - ပဋိသန္ဓေဝိပါက်စိတ်၊ ပဝတ္တိအခါလောကီဝိပါက်စိတ်ကြောင့် နာမ်ရုပ်တို့ဖြစ်ကုန်၏။

၄။ နာမ်ရုပ် - နာမ်ရုပ်တို့ကြောင့် သဠာယတန(အတွင်းအာယတန ၆ပါး) တို့ဖြစ်ကုန်၏။

၅။ သဠာယတန - အတွင်းအာယတန-၆-ပါးကြောင့် ဖဿ (အာရုံကို ထိတွေ့ခြင်း) တို့သည် ဖြစ်ကုန်၏။

၆။ ဖဿ - အာရုံကိုထိတွေ့ခြင်း ဖဿကြောင့် ဝေဒနာ (အာရုံ၏ အရသာကိုခံစားခြင်း)တို့သည် ဖြစ်ကုန်၏။

၇။ ဝေဒနာ - အာရုံ၏အရသာကိုခံစားခြင်း ဝေဒနာကြောင့်တဏှာ (စွဲလန်းမှု)တို့သည် ဖြစ်ကုန်၏။

၈။ တဏှာ - စွဲလန်းမှုတဏှာကြောင့် ဥပါဒါန်(ပြင်းထန်စွာစွဲလန်းမှု) တို့ သည်ဖြစ်ကုန်၏။

၉။ ဥပါဒါန် - ပြင်းစွာစွဲလန်းမှုဥပါဒါန်ကြောင့် ဘဝ (ပစ္စုပ္ပန်ကံကြောင့် ဖြစ်သော ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဟူသော အနာဂတ်အကျိုးတရားငါးပါး)တို့ သည် ဖြစ်ကုန်၏။

ပဋိစ္စသမုပ္ပါဒ်တရားတော်ကို အင်္ဂါ(၁၂)ပါး၊ ကာလ(၃)ပါး၊ အစပ်(၃)ပါး၊ အလွှာ (၄)ပါး၊ အချင်းအရာ (၂၀)၊ ဝဋ် (၃)ပါး၊ မူလ (၂)ပါး စသည်တို့ဖြင့် ခွဲခြမ်းဝေဖန်သုံးသပ် ဆင်ခြင်ရန်ဖြစ်၏။

ဆိုလိုသည်မှာ-

၁။ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝတို့သည် အတိတ်အကြောင်း ငါးပါးဖြစ်၏။ (အလွှာတစ်ခု)

၂။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့သည် ပစ္စုပ္ပန်အကျိုး ငါးပါးဖြစ်၏။ (အလွှာတစ်ခု)

၃။ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရတို့သည် ပစ္စုပ္ပန်အကြောင်း ငါးပါးဖြစ်၏။ (အလွှာတစ်ခု)

၄။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့ သည် အနာဂတ်အကျိုး ငါးပါးဖြစ်၏။ (အလွှာတစ်ခု)

စုစုပေါင်း အလွှာ(၄)လွှာဖြစ်၏။

အစပ် (၃)စပ် - အလွှာ ၁ နှင့် ၂ ကြား တစ်စပ်
- အလွှာ ၂ နှင့် ၃ ကြား တစ်စပ်
- အလွှာ ၃ နှင့် ၄ ကြား တစ်စပ်

| | | |
|---|---|---|
| ကာလ (၃)ပါး | – အတိတ်ကာလ<br>ပစ္စုပ္ပန်ကာလ<br>အနာဂတ်ကာလ | |
| အချင်းအရာ(၂၀) | – အတိတ်အကြောင်း ၅ ပါး<br>– ပစ္စုပ္ပန်အကျိုး ၅ ပါး<br>– ပစ္စုပ္ပန်အကြောင်း ၅ ပါး<br>– အနာဂတ်အကျိုး ၅ ပါး | |
| ဝဋ် (၃) ပါး | – ကမ္မဝဋ်<br>– ကိလေသဝဋ်<br>– ဝိပါကဝဋ် | |
| အင်္ဂါ(၁၂)ပါး | – အဝိဇ္ဇာ<br>– သင်္ခါရ | အတိတ်အခွန့်<br>အတိတ်ကာလ |
| | – ဝိညာဏ်<br>– နာမ်ရုပ်<br>– သဠာယတန<br>– ဖဿ<br>– ဝေဒနာ<br>– တဏှာ<br>– ဥပါဒါန်<br>– ကမ္မဘဝ | ပစ္စုပ္ပန်အခွန့်<br>ပစ္စုပ္ပန်ကာလ |
| | – ဇာတိ<br>– ဇရာ၊ မရဏ | အနာဂတ်အခွန့်<br>အနာဂတ်ကာလ |
| မူလ (၂) ပါး | – အဝိဇ္ဇာ<br>– သင်္ခါရ | |

မှတ်ချက်။ ။ အကျယ်ကို ဗုဒ္ဓရတနာ(အပိုင်း–၁) ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း ခေါင်းစဉ်ပါ အကြောင်းတွင် ဖတ်ရှုပါရန်။

## ၅၃။ ဥပေက္ခာ(၁၀)ပါး

၁။ ဆဠင်္ဂုပေက္ခာ – ဒွါရခြောက်ပါး၌ထင်လာသော အာရုံတို့အပေါ် ဝမ်းမြောက်ခြင်း၊ နှလုံးမသာယာခြင်းမရှိ၊ သတိနှင့် ယှဉ်၍ရှုခြင်း၊

၂။ ဗြဟ္မဝိဟာရုပေက္ခာ - သတ္တဝါတို့အပေါ် ကံအတိုင်းသာဖြစ်သည်ဟုရှုခြင်း၊
၃။ ဗောဇ္ဈင်္ဂုပေက္ခာ - မဂ်၏အင်္ဂါအစိတ်အပိုင်းဟုခေါ်အပ်သော ဗောဇ္ဈင်အဖြစ်သို့ ရောက်သောအခါ ယှဉ်ဘက်တရားတို့အပေါ်တွင် အညီအမျှရှုခြင်း၊
၄။ ဝီရိယုပေက္ခာ - အားထုတ်ရာ၌ဝီရိယကို အပိုအလိုမရှိအောင် အညီအမျှရှုခြင်း၊
၅။ သင်္ခါရုပေက္ခာ - နိဝရဏစသောသင်္ခါရတရားတို့ကို အာရုံယူခြင်း၌ လျစ်လျူရှုခြင်း၊
၆။ ဝေဒနုပေက္ခာ - ချမ်းသာခြင်း၊ ဆင်းရဲခြင်းဟူသော ခံစားမှုများအပေါ်အညီအမျှထား၍ ရှုခြင်း၊
၇။ ဝိပဿနုပေက္ခာ - ခန္ဓာစသော တရားတို့၏ အနိစ္စ စသော သဘောကို အထူးမြင်အောင် ဆင်ခြင်ရာ၌ လျစ်လျူရှု၍ ဆင်ခြင်သုံးသပ်ခြင်း၊
၈။ တတြမဇ္ဈတ္တုပေက္ခာ - သဟဇာတဖြစ်ပြီးသော တရားများအပေါ်တွင် လျစ်လျူရှုလျက်နေခြင်း၊
၉။ ဈာနုပေက္ခာ - ဈာန်တရားကိုပွားများရာ၌ တတိယဈာန်၌ဖြစ်သော ချမ်းသာ၌ပင် မကျရောက်စေပဲ လျစ်လျူရှု၍နေခြင်း၊
၁၀။ ပါရိသုဒ္ဓုပေက္ခာ - အလုံးစုံသောဆန့်ကျင်ဘက်တရားတို့မှ စင်ကြယ်သည်ဖြစ်၍ ဆန့်ကျင်ဘက်တရားတို့ကို ငြိမ်းစေမှု၌ လျစ်လျူရှု၍နေခြင်း၊

## ၅၄။ မီး (၁၁)ပါး

၁။ ရာဂမီး - အလိုရမ္မက်ကြီးခြင်း
၂။ ဒေါသမီး - ပြစ်မှားပုတ်ခတ်ခြင်း
၃။ မောဟမီး - အမှန်မသိခြင်း၊ အမှားကိုအမှန်ထင်ခြင်း
၄။ ဇာတိမီး - ပဋိသန္ဓေနေရခြင်း
၅။ ဇရာမီး - အိုမင်းရင့်ရော်ခြင်း
၆။ မရဏမီး - သေကျေပျက်စီးရခြင်း

၇။ သောကမီး – စိုးရိမ်ပူဆွေးရခြင်း
၈။ ပရိဒေဝမီး – ငိုကြွေးရှိက်ငင်ရခြင်း
၉။ ဒုက္ခမီး – ကိုယ်ဆင်းရဲခြင်း
၁၀။ ဒေါမနဿမီး – စိတ်ဆင်းရဲခြင်း
၁၁။ ဥပါယာသမီး – ဆို့တက်မေ့မြောမှုဖြစ်ရခြင်း။

## ၅၅။ စရိယ (၃)မျိုး

၁။ ဗုဒ္ဓတ္ထစရိယ – ဘုရားဖြစ်ရန်အလို့ငှာပါရမီဖြည့်ကျင့်ခြင်း၊
၂။ ဉာတတ္ထစရိယ – အဆွေအမျိုးတို့စီးပွားချမ်းသာရန်အလို့ငှာ ပါရမီဖြည့်ကျင့်ခြင်း၊
၃။ လောကတ္ထစရိယ – လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွားအလို့ငှာ ပါရမီဖြည့်ကျင့်ခြင်း၊

## ၅၆။ မဟာဘိသမယ ဓမ္မသဘင်ကြီးများ

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူသည့်အချိန်မှ (၄၅)ဝါကာလပတ်လုံး ကြီးမားတော်မူသော မဟာကရုဏာတော်ကြီးဖြင့် နေ့တိုင်းပင်တရားဟောဓမ္မသဘင်များ ဆင်ယင်ကျင်းပတော်မူခဲ့၏။ မြတ်စွာဘုရားဟောကြားတော်မူအပ်သော တရားဒေသနာကို နာကြားရသည့် လူ နတ် ဗြဟ္မာ သတ္တဝါများထဲတွင် တစ်ဦးချင်းသော်လည်းကောင်း၊ အစုလိုက်သော်လည်းကောင်း ကျွတ်တမ်းဝင်ကာ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားသူများသည် အတိုင်းမသိများပြားလှ၏။

ယင်းတရားပွဲများထဲမှ သစ္စာလေးပါးတရားကို ထိုးထွင်းသိမြင်လျက် ကျွတ်တမ်းဝင်သွားသူ အရေအတွက် လွန်စွာများပြားသော ဓမ္မသဘင်ကြီးများလည်းရှိခဲ့၏။ ယင်းတို့ကို မဟာဘိသမယ ဓမ္မသဘင်ကြီးများဟု ခေါ်ဆို၏။ ထိုမဟာအဘိသယမဓမ္မသဘင်ကြီးများကား–

၁။ ဓမ္မစကြာတရားပွဲကြီး မဟာဘိသမယ
၂။ မင်္ဂလသုတ်တရားပွဲကြီး မဟာဘိသမယ
၃။ ရတနသုတ်တရားပွဲကြီး မဟာဘိသမယ

၄။ တိရောကုဋ္ဋသုတ်တရားပွဲကြီး မဟာဘိသမယ

၅။ ရှုဠရာဟုလောဝါဒသုတ်တရားပွဲကြီး မဟာဘိသမယ

၆။ သမစိတ္တသုတ်တရားပွဲကြီး မဟာဘိသမယ

၇။ ပရာဘဝသုတ်တရားပွဲကြီး မဟာဘိသမယ

၈။ မဟာသမယ ၆– သုတ်တရားပွဲကြီး မဟာဘိသမယ

၉။ အဘိဓမ္မာဒေသနာတော်တရားပွဲကြီး မဟာဘိသမယ – ဟူ၍ (၉)ပွဲရှိ၏။

ကျွတ်တမ်းဝင်သော လူနတ်ဗြဟ္မာအပေါင်းကား–

၁။ ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူသောအခါ ပဉ္စဝဂ္ဂီဟုခေါ်တွင်သော လူပုဂ္ဂိုလ် (၅)ဦးနှင့် စကြာဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာတို့သည် လာလတ်၍ တရားနာကြရာ ဗြဟ္မာပေါင်း (၁၈)ကုဋေနှင့်မရေမတွက်နိုင်အောင်များလှသော နတ်များသည် ကျွတ်တမ်းဝင်ကြသည်။

၂။ မင်္ဂလသုတ်တရားတော်ကို ဟောကြားတော်မူသောအခါ စကြာဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာတို့ လာလတ်၍တရားနာကြရာ ကုဋေတစ်သိန်းမျှသော နတ်ဗြဟ္မာတို့သည် ရဟန္တာဖြစ်ကြသည်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်အဖြစ် တည်သူများမှာ မရေမတွက်နိုင်ပြီ။

၃။ ရတနသုတ်တော်ကို မြတ်စွာဘုရားသည် ၇–ရက်တိုင်တိုင်ဟောကြားတော်မူရာ တစ်နေ့အတွင်း ရှစ်သောင်းလေးထောင်သော ပုဂ္ဂိုလ်တို့ကျွတ်တမ်းဝင်ကြသည်။

၄။ တိရောကုဋ္ဋသုတ်ကို မြတ်စွာဘုရားသည် ၇–ရက်တိုင်တိုင်ဟောတော်မူရာ တစ်နေ့အတွင်း ရှစ်သောင်းလေးထောင်သော ပုဂ္ဂိုလ်တို့ ကျွတ်တမ်းဝင်ကြသည်။

၅။ ရှုဠရာဟုလောဝါဒသုတ်၊ သမစိတ္တသုတ်၊ ပရာဘဝသုတ်၊ ဓမ္မသဘင်တို့၌ နတ်ဗြဟ္မာအပေါင်း မရေမတွက်နိုင်အောင် ကျွတ်တမ်းဝင်ကြသည်။

၆။ ရှုဠရာဟုလောဝါဒသုတ်၊ သမစိတ္တသုတ်၊ ပရာဘဝသုတ်၊ ဓမ္မသဘင်တို့၌ နတ်ဗြဟ္မာအပေါင်း မရေမတွက်နိုင်အောင် ကျွတ်တမ်းဝင်ကြသည်။

၇။ ရှုဠရာဟုလောဝါဒသုတ်၊ သမစိတ္တသုတ်၊ ပရာဘဝသုတ်၊ ဓမ္မသဘင်တို့၌ နတ်ဗြဟ္မာအပေါင်း မရေမတွက်နိုင်အောင် ကျွတ်တမ်းဝင်ကြသည်။

၈။ မဟာသမယသုတ်တော်ကြီးကို ဟောကြားတော်မူရာတွင် စကြဝဠာ ၁၀ ခုမှ လာရောက်၍ တရားနာကြသည့် နတ် ဗြဟ္မာတို့သည် မရေမတွက်နိုင်အောင်များလှသည်။ ထိုမဟာသမယသုတ်တော်ကြီး၌ ပါဝင်သည့် သမ္မာပရိဗ္ဗာဇနီယသုတ်၊ ဖုရာဘေဒသုတ်၊ ရှုဠဗျူဟသုတ်၊ မဟာဗျူဟသုတ်၊ တုဝဋ္ဋကသုတ်တို့ကို ဟောကြားတော်မူရာတွင် တစ်သုတ်၊ တစ်သုတ်အပြီးတွင် နတ် ဗြဟ္မာပေါင်း ကုဋေတစ်သိန်းစီအရဟတ္တဖိုလ်သို့ ရောက်ခဲ့ကြသည်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်အဖြစ်သို့ ရောက်သည့် နတ်ဗြဟ္မာတို့ကား မရေမတွက်နိုင်ပြီ။

ပဋ္ဌာန်းပြုးငေဟောက်စာပေ

၉။ မြတ်စွာဘုရားသည် အဘိဓမ္မာတရားတော်ကို မယ်တော်ဖြစ်ခဲ့ဖူးသော နတ်သားအား အမှူးထား၍ တာဝတိံသာနတ်ပြည်တွင် ဟောကြားတော်မူသည့်အခါတွင်ကား နတ် ဗြဟ္မာအပေါင်းတို့ လာရောက်၍ တရားနာကြ၏။ တရားတော်ကို နာရ၍ကျွတ်တမ်းဝင်ကြသည့် နတ် ဗြဟ္မာတို့ကား ကုဋေရှစ်သောင်းမျှရှိလေ၏။ မယ်တော်ဖြစ်ခဲ့ဖူးသော နတ်သားမှာ သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်လေသည်။

## ၅၇။ ကိလေသာကိုပယ်နည်းများ

ကာယကံ၊ ဝစီကံတို့ဖြင့် ကိုယ်ထိလက်ရောက် ကျူးလွန်သော ဝိတက္ကမကိလေသာ၊ အဇ္ဈတ္တသန္တာန်၌ ထကြွသောင်းကျန်းတတ်သော ပရိယုဋ္ဌာနကိလေသာ၊ စိတ်အစဉ်၌ အစဉ်ကိန်းဝပ်စွဲမှီနေသော အနုသယကိလေသာတို့သည် ရှိကုန်၏။ ယင်းကိလေသာတို့ကို ဝိတက္ကမပဟာန်ဖြင့်ပယ်နည်း၊ ပရိယုဋ္ဌာနကိလေသာတို့ကို ပရိယုဋ္ဌာနပဟာန်ဖြင့်ပယ်နည်း အနုသယကိလေသာတို့ကို အနုသယပဟာန်ဖြင့် ပယ်နည်းဟူ၍ သုံးမျိုးရှိ၏။

ထိုပဟာန်သုံးမျိုးတွင် ဝိနည်းပိဋကတ၌ ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်းဖြစ်သော ကာယကံ၊ ဝစီကံမှုများကိုပယ်နည်း၊ ဝိတက္ကမပဟာန်ကို ပဓာနထား၍လည်းကောင်း၊ သုတ္တန်ပိဋကတ၌ စိတ်တည်ငြိမ်အေးချမ်းမှုရကြောင်းဖြစ်သော သမာဓိလမ်းစဉ်ကို ဟောကြား၍ အဇ္ဈတ္တသန္တာန်၌ ထကြွသောင်းကျန်းမှု မနောကံမှုများကိုပယ်နည်း ပရိယုဋ္ဌာနပဟာန်ကို အထူးပြု၍လည်းကောင်း၊ အဘိဓမ္မာဒေသနာတွင် နာမရူပပရိစ္ဆေဒဉာဏ်စသော ပညာဘာဝနာကိုအလေးထား၍ ဟောကြားရာ အနုသယပဟာန်ကို ပဓာနထား၍လည်းကောင်း ဟောကြားတော်မူခဲ့၏။

မြတ်စွာဘုရားသည် သတ္တဝါတို့အား မိမိတို့သန္တာန်၌ကိန်းအောင်းလျက်ရှိသော အကုသိုလ် ကိလေသာတို့ကို ပယ်ရှားနိုင်စေရန် ရည်ရွယ်လျက်ဝိနည်း၊ သုတ်၊ အဘိဓမ္မာဟူသော ပိဋကတ်သုံးပုံကိုဟောကြားခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် ဝိတက္ကမကိလေသာ အကြမ်းစားကို သီလဖြင့်လည်းကောင်း၊ အလတ်စား ပရိယုဋ္ဌာနကိလေသာကို သမာဓိဖြင့်လည်းကောင်း၊ အနုစား အနုသယကိလေသာကို ပညာဖြင့်လည်းကောင်း ပယ်သတ်နိုင်ကြောင်းသိရာ၏။

## ၅၈။ မြတ်စွာဘုရားနောက်ဆုံးတော်ကြားတော်မူခဲ့သောတရားတော်များ

### ၁။ မြတ်စွာဘုရားသုဘဒ်ရဟန်းကြီးအား မိန့်ကြားသောတရားတော်

အချင်းသုဘဒ် ... ငါဘုရား၏ သာသနာ၌သာလျှင် ကိလေသာအညစ်အကြေးကို ကင်းဝေးစေတတ်သော အဋ္ဌင်္ဂိက မဂ္ဂပဋိပတ်ကို ရအပ်သည်ဖြစ်သောကြောင့် စွန့်ပစ်အပ်သော တရားကို ပယ်ခွါလျက် သောတာပန်ရဟန်းကိုလည်းကောင်း၊ သကဒါဂါမ်ရဟန်းကို လည်းကောင်း၊ အနာဂါမ်ရဟန်းကိုလည်းကောင်း၊ ရဟန္တာကိုလည်းကောင်း၊ ကောင်းစွာရ အပ်၏။ ထို့ကြောင့် ခန္ဓာပျက်ကြွေသေလွန်သောအခါ အမြိုက်ချမ်းသာကို ကောင်းစွာ ရလေကုန်၏။

အချင်းသုဘဒ် ... ငါဘုရားသည် နိဗ္ဗာန်တရားကိုမြင်လိုသည်ဖြစ်၍ နှစ်ဆယ့်ကိုးနှစ် ကပင် တောသို့ဝင်လျက် သာမညပုဂ္ဂိုလ်တို့ကျင့်လိုခဲလှသော ဒုက္ကရစရိယာအကျင့်ဖြင့် ရှည်မြင့်စွာနေတော်မူသည်။ ရဟန်းပြုသည်မှစ၍ ငါးဆယ့်တစ်နှစ်ပတ်လုံး အမြတ်ဆုံး ဖြစ်သော နိဗ္ဗာန်ကိုအာရုံပြု၍ ဝိပဿနာတရားကို အားထုတ်တော်မူသည်။ ထိုမျှ လောက်သော ကာလအတွင်း၌ ငါ၏သာသနာတော်မှ ကင်းလျက်သန့်ရှင်းသော အကျင့် အယူရှိသော ပုဂ္ဂိုလ်၊ မဂ်ဖိုလ်လမ်းမှန်နိဗ္ဗာန်သို့ ရောက်သောပုဂ္ဂိုလ်ကို တစ်စုံတစ်ယောက် မျှ ငါမြင်တော်မမူ။

### ၂။ မြတ်စွာဘုရားအရှင်အာနန္ဒာအား မိန့်ကြားသောတရားတော်

ချစ်သားအာနန္ဒာ ... ဤစကြာဝဠာတိုက်တစ်သောင်းအတွင်း၌ ရှိနေကုန်သော ပန်းသစ်ပင်အပေါင်းနှင့်တကွ များစွာသောနတ်ဗြဟ္မာတို့သည် အထူးထူးသော ပူဇော် သက္ကာတို့ဖြင့် ငါဘုရားအားရှိခိုးကုန်ပြီ။ ဤသို့ ပူဇော်ကာမျှဖြင့် ငါဘုရားအားညွတ်တွား ပူဇော်သည်မမည်သေး။ မြတ်နိုးတနာပြုသည်မမည်သေး။ လောကုတ္တရာအားလျော်စွာ သော အမှုကိုပြုသည်မမည်သေး။

ချစ်သားအာနန္ဒာ ... အကြင်ဥပသကာ၊ ဥပသိကာမတို့သည်လည်းကောင်း၊ ရဟန်းယောကျာ်း ရဟန်းမိန်းမတို့သည်လည်းကောင်း၊ ငါပညတ်တော်မူအပ်သော ဝါရိတ္တ သီလ၊ စာရိတ္တသီလတို့ကို ရိုသေစွာ ကျင့်ဆောင်ကုန်၏။ ဓမ္မာနုဓမ္မပ္ပဋိပန္နဟုဆိုအပ်သော လောကုတ္တရာတရားအားလျော်သော အကျင့်တို့ကို ရိုသေစွာကျင့်၍ နေကုန်၏။ ထိုသူတို့ သည်သာလျှင် ငါဘုရားကိုရိုသေလေးမြတ်သည်မည်၏။ ချစ်ကြည်မြတ်နိုးရှိခိုးပူဇော်သည် မည်၏။ ထို့ကြောင့် ငါ၏သာသနာ၌ ချမ်းသာကိုအလိုရှိကုန်သော ဥပါသကာ၊ ဥပါသိကာမ၊ ဘိက္ခု၊ ဘိက္ခုနီအများတို့ သည် လောကုတ္တရာ၏ရှေ့အဖို့ဖြစ်သော ကျင့်ဝတ်ပဋိပတ်ကို သာ ရိုသေစွာ ကျင့်သုံးကုန်ရာ၏။

### ၃။ မြတ်စွာဘုရား ရဟန်းတို့အား မိန့်ကြားသောတရားတော်

ချစ်သားရဟန်းတို့ ... ငါဘုရားသည် သင်တို့၏အကျိုးစီးပွားအလို့ငှာ သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူသော သာသနာကိုကောင်းစွာထားအပ်ကုန်ပြီ။ ထိုတရားတို့ကို သင်တို့ မြဲမြံစွာသင်ကြား၍ အဖန်တလဲလဲ ပွားများကြလေကုန်။ ဤသို့ပွားများကြသော် ငါဘုရား၏ သာသနာတော်သည် ရှည်မြင့်စွာ တွန်းပ၍ သိဿာ နသိဿပရမ္မရဖြစ်သော လူနတ်အများတို့သည် အကျိုးစီးပွားများခြင်းငှာ ဖြစ်လေရာ၏။ သာသနာတော်၏ ကာလ အရှည်တည်ထွန်းပေရာသော အကြောင်းတရားကားသတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန် လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး၊ ဤတရားအစုပင်တည်း။ ထိုတရားတို့ကိုလည်း အထူးထူးသော ပရိယာယ်အားဖြင့် သင်တို့အား ဟောကြားအပ်ပြီ။ ဤတရားတို့ကို အဖန်တလဲလဲ နှလုံးသွင်းကာ သင်္ခါရ တရားတို့၏ ကုန်တတ်၊ ပျက်တတ်သောသဘောကို ရှုကြကုန်လော့။

(မြတ်စွာဘုရားနောက်ဆုံး ပရိနိဗ္ဗာန်စံဝင်ခါနီး အချိန်၌ မိန့်ကြားတော်မူခဲ့သော တရားတော်ကို ကျီးသဲလေးထပ်ဆရာတော် ရေးသားစီရင်သော ဓိနတ္ထပကာသနီကျမ်း ကြီးထဲမှ ကောက်နှုတ်ဖော်ပြခြင်းဖြစ်ပါ၏။)

## ၅၉။ သာသနာတော်ကို စောင့်ထိန်းတော်မူခဲ့ကြသော သံဃာတော်အရှင်မြတ် များ၏ သံဂါယနာ အကြိမ်ကြိမ်တင်တော်မူခဲ့ကြပုံ

သုံးလောကသင်းကျစ် ဓမ္မရာဇ်ဖြစ်တော်မူသော မြတ်ဗုဒ္ဓ၏ (၄၅)ဝါလုံးလုံးဟော ကြားအပ်သော တရားဒေသနာတော်များသည် မူလဟောကြားတော်မူထားသည့်အတိုင်း မပျက်မယွင်းဘဲ အစွန့်ရှည်တည်တံ့နိုင်ရန် အလို့ငှာ သံဃာတော်အရှင်မြတ်တို့သည် ခေတ် အဆက်ဆက် ကြိုးပမ်းအားထုတ် ထိန်းသိမ်းခဲ့ကြ၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူသွားသည့် အချိန်မှ ယနေ့ထိ နှစ်ပေါင်း (၂၅၀၀) ကျော်ကာလ တစ်လျှောက်တွင် မြတ်စွာဘုရားဟောကြားတော်မူအပ်သော တရားဒေသနာ ပိဋကတ်တော်များ၊ မပျက်မယွင်း၊ နဂိုအတိုင်းတည်ရှိရှင်သန်စေရေးအ တွက် သံဃာတော်အရှင်မြတ်တို့သည် သံဂါယနာတင်ပွဲများကို–

(၁) မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် (၃)လအကြာတွင် အရှင် မဟာ ကဿပမထေရ်မြတ်ကြီးအား အမှူးထား၍ ပထမသံဂါယနာတင်တော်မူခဲ့ ၏။

(၂) မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် နှစ်ပေါင်း (၁၀၀)အကြာတွင် အရှင်ယသမထေရ်မြတ် ကြောင့်ကြစိုက်တော်မူ၍ အရှင်သဗ္ဗကာမိမထေရ်မြတ်နှင့် အရှင် မဟာရေဝတမထေရ်မြတ်တို့ ကြီးကြပ်လျက် ဒုတိယသံဂါယနာတင်တော်မူခဲ့၏။

(၃) ဒုတိယသံဂါယနာတင်ပြီးနောက် နှစ်ပေါင်း (၁၀၀)ကျော်၊ သာသနာသက္ကရာဇ် (၂၁၈)ခုနှစ်တွင် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်မြတ်အား အမှူးထား၍ တတိယသံဂါယနာတင်တော်မူခဲ့၏။

(၄) တတိယသံဂါယနာတင်ပြီးနောက် နှစ်ပေါင်း (၂၀၀)ကျော်မျှ ကြာသောအခါ သာသနာသက္ကရာဇ် (၄၅၀)ပြည့်ခန့်တွင် အရှင်မဟာဓမ္မရက္ခိတမထေရ် အမှူးပြု၍ စတုတ္ထသံဂါယနာ တင်တော်မူခဲ့၏။

(၅) စတုတ္ထသံဂါယနာတင်ပြီးနောက် နှစ်ပေါင်း (၂၀၀၀)မျှ ကြာသောအခါ၊ သာသနာသက္ကရာဇ် ၂၄၁၅- ခုတွင် အရှင်ဇာဂရာဘိဝံသ၊ တိပိဋကဓရမဟာဓမ္မရာဇာဓိရာဇဂုရု ဆရာတော်ကြီး အမှူးပြု၍ ကျောက်ထက်အက္ခရာတင်ခြင်း၊ ထိုနောက် သံဃာတော် (၂၄၀၀)တို့က အထပ်ထပ်စစ်ဆေးမေးမြန်းပြီးမှ ကုဏ်လ သံပြိုင်ရွတ်ဆိုတော်မူကြ၍ နှုတ်တက်အက္ခရာ တင်တော်မူကြ၏။ ဤသို့ ပဉ္စမသံဂါယနာတင်တော်မူခဲ့၏။

(၆) ပဉ္စမသံဂါယနာတင်ပြီးနောက် နှစ်ပေါင်း (၈၀)အကြာ၊ သာသနာသက္ကရာဇ် (၂၅၀၀)ပြည့်နှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ တံဆိပ်တော်ရ ညောင်ရမ်းဆရာတော်ကြီးအား အမှူးထား၍ ဆဋ္ဌသံဂါယနာတင်တော်မူခဲ့၏။

ဤကဲ့သို့ သံဃာရတနာဖြစ်တော်မူကြကုန်သော သံဃာတော်အရှင်မြတ်တို့သည် သံဂါယနာအကြိမ်ပေါင်း (၆)ကြိမ်တင်ကာ မြတ်ဗုဒ္ဓ၏ ဓမ္မရတနာကိုစောင့်ရှောက် ထိန်းသိမ်းတော်မူကြ၏။ သံဂါယနာကိုကြီးမှူးကာ တင်တော်မူခဲ့ကြသော အရှင်မြတ်များသည် ဖော်ပြခဲ့သည့် သံဂါယနာတင်ပွဲများကို လွယ်လင့်တကူ၊ အခက်အခဲမရှိတင်နိုင်ခဲ့ကြသည်ကား မဟုတ်ချေ။ မြတ်ဗုဒ္ဓ၏ မူရင်းဓမ္မဒေသနာတော်ထဲတွင် လိုရာပြင်ဆင်ထုတ်နုတ်ကာ အဓမ္မဝါဒများ ပေါ်ပေါက်လာချိန်တွင် ထိုအဓမ္မဝါဒများကို ရှင်းလင်းသုတ်သင်ရန် လိုအပ်လာသောအခါတွင်လည်းကောင်း၊ ပညာနှံ့နေး၍ သာသနာတော်မေးမှိန်ယုတ်လျော့လာချိန်တွင် ပိဋကတ်သုံးပုံကို ကောင်းစွာအာဂုံဆောင် ထိန်းသိမ်းနိုင်ရန်အလို့ငှာလည်းကောင်း၊ နောက်ထပ်ပေါ်ပေါက်လာသော ဂိုဏ်းအမျိုးမျိုး၏ အယူအဆအမျိုးမျိုးကို ညှိနှိုင်းဆွေးနွေး ပြုပြင်ရန်လိုအပ်လာသောကြောင့်လည်းကောင်း၊ ဘုရားဟောပိဋကတ်တော်များကို အထပ်ထပ်၊ အဆင့်ဆင့်ရေးကူးရာ၌ သတိချို့ယွင်း၍ ပေါ်ပေါက်လာသော အမှားအယွင်းများကို ညှိနှိုင်းပြင်ဆင်တည်းဖြတ်ရန် လိုအပ်လာသဖြင့်လည်းကောင်း၊ မထေရ်မြတ်တို့သည် သက်ဆိုင်ရာသာသနာ့ဒါယကာ ဘုရင်မင်းမြတ်နှင့် အစိုးရတို့နှင့် ညှိနှိုင်းတိုင်ပင်ကာ အချိန်ယူ အပင်ပန်းခံလျက် သံဂါယနာတင်တော်မူခဲ့ကြ၏။

ထိုသို့ သာသနာတော်ကို အပတ်တကုတ်ကြိုးစားပြီး ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ကြသော သံဃာတော်တို့၏ကျေးဇူးကား ကြီးမားလှပေ၏။ ကျင်းပခဲ့ပြီးဖြစ်သော သံဂါယနာပွဲများသည် မြတ်ဗုဒ္ဓသာသနာတော်ကြီး နှစ်ပေါင်း (၅၀၀၀)မျှမက ဆက်လက်ရှင်သန် တည်တံ့သွားနိုင်ရေးအတွက် အားသစ်လောင်းခြင်းနှင့် တူလှပေရာ ထိုသံဂါယနာတင်ပွဲမည်သို့ပေါ်ပေါက်လာသည်၊ မည်သည့်မထေရ်၊ မည်သည့်သာသနာ့ဒါယမင်း

တို့၏ ဦးဆောင်ကြီးကြပ်၊ ထောက်ပင့်မှုများဖြင့် မည်သို့ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်ကို ထေရဝါဒ ဗုဒ္ဓသာသနာချီးမြှင့်ထောက်ပင့်နေကြသည့် ပြည်သူများသိမြင်နားလည်ကြသည်နှင့်အမျှ ဓမ္မရတနာနှင့် သံဃာရတနာတို့၏ ဂုဏ်ကျေးဇူးများကို ပိုမိုနားလည်ကြည်ညိုနိုင်ကြမည်ဖြစ်၏။

ထို့ကြောင့် ယနေ့ထိ (၆)ကြိမ်၊ (၆)ခါတင်ခဲ့ပြီးသော (၆)တန်သော သံဂါယနာတင်ပွဲများအကြောင်းကို အနည်းငယ်ချဲ့ထွင်လျက် ရေးသားတင်ပြပေအံ့။

၁။ ပထမသံဂါယနာ

မြတ်စွာဘုရားပရိနိဗ္ဗာန်စံဝင်တော်မူ၍ ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ရဟန်းတို့သည် ဖြေမဆည်နိုင်ပဲ ငိုကြွေးဝမ်းနည်းနေချိန်တွင်ပင် သုဘဒ္ဒမည် တောထွက်ရဟန်းကြီးက ရဟန်းတို့အား "ငါ့ရှင်တို့ ... မငိုကြလင့်၊ ငါတို့အား ဤအမှုကိုမပြုနှင့် ဤအမှုကိုသာပြုဟု ပိတ်ပင်တားမြစ်ခဲ့သည့် မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံဝင်သွားပြီဖြစ်၍ ယခုအခါ ငါတို့သည် မြတ်စွာဘုရား၏ လက်မှလွတ်မြောက်ခဲ့ကြပြီ။ ငါတို့အလိုအတိုင်း ပြုနိုင်ကြရပေတော့မည်" ဟု ဝမ်းမြောက်ဝမ်းသာ ပြောဆိုသည်ကို မြတ်စွာဘုရား၏ သာဝကကြီးအရှင်မဟာကဿပ မထေရ်မြတ်ကြီးကြားသိရသောအခါ စိတ်နှလုံးတွင် ယူကျုံးမရဖြစ်ရလေ၏။

ထိုအခါ အရှင်မဟာကဿပမထေရ်သည် "မြတ်စွာဘုရား၏အလောင်းတော် ထင်ရှားရှိနေဆဲမှာပင် ဤသို့သောမသူတော်စကားကိုပြောလေပြီ၊ မဟုတ်မမှန်သော စကားကို ဆိုသူများ အင်အားမကြီးထွားမီ၊ တရားမှန်ဝိနည်းမှန်ဆိုသူများ မကွယ်ပမီ၊ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ တို့ကို စုပေါင်းရွတ်ဆိုခြင်းဟူသော သံဂါယနာတင်ရန်ကား ဧကန်လိုအပ်၏" ဟု ဆင်ခြင်ကြံစည်တော်မူ၏။

အရှင်မြတ်သည် မြတ်ဗုဒ္ဓပရိနိဗ္ဗာန်စံဝင်တော်မူကြောင်းကို ကြားသိ၍ ကုသိနာရုံပြည်၌ စုဝေးရောက်ရှိနေကြကုန်သော သံဃာတော်တို့အား အခြံအရံအဖြစ်ထားပြီး ရဟန္တာမထေရ်မြတ် (၅၀၀)နှင့် အရှင်မဟာကဿပ အကြီးအမှူးပြုကာ သံဂါယနာတင်တော်မူ၏။ အချိန်နှင့် နေရာ အထောက်အကူပြုဒါယကာတို့အား မြတ်စွာဘုရားပရိနိဗ္ဗာန်ဝင်ပြီး (၃)လအကြာ၊ မဟာသက္ကရာဇ် (၁၄၈) ခုနှစ်ဝါခေါင်လပြည့်ကျော် တစ်ရက်နေ့တွင် စတင်ကျင်းပ၍ တပေါင်းလပြည့်နေ့အထိ ခုနစ်လတိုင်တိုင်ကြာ၏။ အဇာတသတ်မင်း၏ အထောက်အပံ့ဖြင့် ရာဇဂြိုဟ်ပြည် ဝေဘာရတောင်ယံ စရည်းပင်ပေါက်ရာသတ္တပါဏိ လိုဏ်ဂူ၌ကျင်းပခြင်းဖြစ်၏။

ဝိနည်းပိဋကတ်တော်၊ သုတ္တပိဋကတ်တော်၊ အဘိဓမ္မာပိဋကတ်တော်ဟူ၍ သုံးပိုင်းခွဲ၍ သံဂါယနာတင်ရာ ဝိနည်းတော်များကို ဝိနယဓရဧတဒဂ်ရ အရှင်ဥပါလိထေရ်က အရှင်မဟာ ကဿပအမေးကို ကောင်းစွာဖြေဆိုတော်မူ၏။ သုတ်နှင့်အဘိဓမ္မာပိဋကတ်တို့ကို အရှင်မဟာကဿပမေး၍ အရှင်အာနန္ဒာကဖြေတော်မူ၏။ ထိုသို့စုံလင်စွာဖြေဆိုပြီးနောက် ရဟန္တာ (၅၀၀)တို့က စုပေါင်းရွတ်ဆိုကာ သဘောတူအတည်ပြုကြ၏။

၂။ ဒုတိယသံဂါယနာ

ပထမသံဂါယနာတင်ပြီးနောက် အနှစ်(၁၀၀)အကြာတွင် ဝဇ္ဇီတိုင်းသား ရဟန်းအချို့က ရွှေငွေကို ကိုင်အပ်၏။ သေရည်ကိုသောက်အပ်၏ဟု ဝိနည်းတော်နှင့်ဆန့်ကျင်ကာ အဓမ္မတရား(၁၀)ပါးကို ကျင့်ကြံဟောပြောနေကြသည်ကို ရှင်းလင်းဖယ်ရှားရန် ဒုတိယသံဂါယနာကို တင်ရခြင်းဖြစ်၏။ ရဟန္တာအရှင်မြတ် အရှင်မဟာယသမထေရ်က သံဂါယနာတင်ပွဲကြီးဖြစ်မြောက်ရေးအတွက် ညှိနှိုင်းစီစဉ်၍ အရှင်သဗ္ဗကာမိမထေရ်ကြီးကြပ်အမှူးပြု၍ ရဟန္တာအရှင်မြတ် (၇၀၀)တို့နှင့်အတူ ဝေသာလီပြည် ဝါလုကာရုံကျောင်းတိုက်၌ (၈)လတိုင်တိုင် သံဂါယနာတင်တော်မူကြ၏။ အထောက်အပံ့ဒါယကာကား ဝေသာလီပြည့်ရှင် ကာလာသောကမင်းဖြစ်၏။

ဤသံဂါယနာတင်ပွဲနှင့် တစ်ချိန်တည်းမှာပင် ဝဇ္ဇီတိုင်းသား သံဃာတစ်သောင်းတို့သည်လည်း ကောသမ္ဗီပြည်၌ စင်ပြိုင်သူတို့၏ သံဂါယနာတင်ကြ၏။ ထိုသံဂါယနာတင်ပွဲတွင် ပမာဏပြုလောက်သော မထေရ်ကြီးများမပါဘဲ သာမညအားဖြင့် ဆရာဟုခေါ်ဆိုရသော ပုဂ္ဂိုလ်များသာ ပါဝင်ကြ၏။ ထိုအချိန်မှစပြီး ထေရဝါဒဂိုဏ်းနှင့် မဟာသံဃိတိဂိုဏ်းဟူ၍ ကွဲသွားကာ ထေရဝါဒဂိုဏ်းမှ (၁၁) ဂိုဏ်း၊ မဟာသံဃိတိဂိုဏ်းမှ (၅) ဂိုဏ်းကွဲသွားပြန်ရာ မူလဂိုဏ်းကြီးနှစ်ဂိုဏ်းနှင့်ပေါင်းလျှင် (၁၈)ဂိုဏ်းဖြစ်လေ၏။

၃။ တတိယသံဂါယနာ

ဒုတိယသံဂါယနာတင်ပြီးနောက် နှစ်ပေါင်း (၁၀၀)ကျော် ကာလသို့ရောက်သောအခါ သာသနာသက္ကရာဇ် (၂၃၅)ခုနှစ်တွင် တတိယသံဂါယနာတင်ပြန်၏။ နေရာကားပါဋလိပုတ်ပြည် အသောကာရာမကျောင်းတော်ဖြစ်ပြီး အထောက်အပံ့ဒါယကာမှာနောင်တွင် သီရိဓမ္မာသောကမင်းတရားကြီးဟု သမိုင်းတွင်လာမည့် အသောကမင်းဖြစ်၏။ အသောကမင်းကြီး၏ ချီးမြှင့်ထောက်ကူမှုကြောင့် သာသနာတော်စည်ပင်တိုးတက်လာချိန်၌ ရဟန်းဘ၀ဖြင့် လွယ်ကူစွာအသက်မွေးအံ့ဟု သာသနာ့ဘောင်သို့ဝင်ရောက်လာကြသည့် ရဟန်းတု ရဟန်းယောင်များသည် ဝိနည်းသိက္ခာများကို လိုက်နာကျင့်ကြံခြင်းမရှိသဖြင့် ရဟန်းကောင်းများက ထိုရဟန်းများနှင့်အတူ ဥပုသ်မပြုဘဲနေကြ၏။ ထိုသို့ သာသနာတော် မသန့်ရှင်း၊ မစင်ကြယ်ဖြစ်နေသည်ကို ရှင်းလင်းသုတ်သင်ရန်အလို့ငှာ ဤတတိယသံဂါယနာတင်ပွဲကြီးကို ကျင်းပရခြင်းဖြစ်၏။

သံဂါယနာတင်ပွဲကြီးသည် သာသနာသက္ကရာဇ် (၂၃၅)ခုနှစ်၊ နယုန်လမှစတင်၍ တပို့တွဲလအထိ (၉)လတိုင်တိုင် ကြာညောင်းခဲ့၏။ သံဂါယနာတင်ပွဲတွင် အရှင်မောဂ္ဂလိပုတ္တမထေရ်မြတ်သည် နာယကအဖြစ် ဆောင်ရွက်၍ ရဟန္တာအရှင်မြတ် (၁၀၀၀)ရွေးချယ်စီစစ်ပြီး အရံသံဃာများစွာနှင့် အတူ သံဂါယနာတင်ကြ၏။ ထိုသံဂါယနာတင်ပွဲကြီးတွင် အဓမ္မဝါဒီတို့၏ အယူအဆများကို ဖယ်ရှားနိုင်ခဲ့သည့်ပြင် ကမ္ဘာ့နိုင်ငံအသီးသီးသို့ သာသနာပြုရဟန်းများကိုာ စေလွှတ်ကာ ဗုဒ္ဓသာသနာတော်ကြီးကို ပြန့်ပွားစည်ပင်စေခဲ့၏။

## ၄။ စတုတ္ထသံဂါယနာ

တတိယသံဂါယနာပွဲအပြီး နှစ်ပေါင်း (၂၀၀)ကျော်၊ သာသနာသက္ကရာဇ် (၄၅၀) ပြည့်နှစ်ခန့်တွင် သီဟိုဠ်ကျွန်းခေါ် သီရိလင်္ကာနိုင်ငံ၌ စတုတ္ထသံဂါယနာကိုတင်ခဲ့၏။ နေရာကား သီဟိုဠ်ကျွန်း မလယဇနပုဒ် အာလောကလိုဏ်ဂူတွင်ဖြစ်၏။ ဒါယကာမှာဝဋ္ဋဂါမဏိ မင်းဖြစ်၏။ ထိုအချိန်တွင် သာသနာတော်မှေးမှိန်လာသဖြင့် ရဟန်းတော်များသည် ပိဋကတ်သုံးပုံကို ကောင်းစွာအာဂုံမဆောင်နိုင်မည်ကို ရဟန္တာအရှင်မြတ်ကြီးများက ဆင်ခြင်မိသောကြောင့် သံဂါယနာတင်ရခြင်းဖြစ်၏။ ပိဋကတ်တော်များကို ပေရွက်ပေါ်တွင် မှတ်တမ်းတင်ရေးသားခဲ့၏။

ဤစတုတ္ထသံဂါယနာပွဲ၏ ထူးခြားချက်မှာ အိန္ဒိယနိုင်ငံ၌ ထေရဝါဒဂိုဏ်းကွယ်ပျောက်နေပြီဖြစ်သဖြင့် အိန္ဒိယပြည်က အသိအမှတ်မပြုကြချေ။ စတုတ္ထသံဂါယနာပွဲအပြီး နှစ် (၂၀၀)ခန့်ကြာမှ ခရစ်နှစ် (၇၈)ခုနှစ်၊ ကနိဿျကမင်းလက်ထက် ကျင်းပသော စတုတ္ထသံဂါယနာအမည်ခံ သံဂါယနာပွဲကိုမူ မဟာယာနဂိုဏ်းဝင်များကသာ အသိအမှတ်ပြု၍ ထေရဝါဒဂိုဏ်းဝင်များက အသိအမှတ် မပြုကြခြင်းပင်ဖြစ်၏။

## ၅။ ပဉ္စမသံဂါယနာ

သီဟိုဠ်ကျွန်းတွင် ကျင်းပပြုလုပ်ခဲ့သော စတုတ္ထသံဂါယနာတင်ပွဲကြီးပြီး၍ နှစ်ပေါင်း(၂၀၀၀)နီးပါးအကြာတွင် မြန်မာနိုင်ငံ၊ မင်းတုန်းမင်းလက်ထက်၊ မန္တလေးမြို့ခေါ် ရတနာပုံမင်းနေပြည်တော်၌ ပဉ္စမသံဂါယနာတင်ပွဲကြီးကို ကျင်းပခဲ့၏။ မြတ်စွာဘုရား၏ ပိဋကတ်တော်များသည် ပေရွက်နှင့်မလျော်၊ မတင့်တယ်ဟု ဆင်ခြင်၍ သာသနာ ၅၀၀၀ ကုန်သည်ထိ တည်တံ့နိုင်ရန် ကျောက်ထက်အက္ခရာတင်ခဲ့ကြ၏။ ဝိနည်းငါးကျမ်းပါဠိတော်ကို ကျောက်ချပ်ရေ (၁၁၁)၊ အဘိဓမ္မာခုနစ်ကျမ်းပါဠိတော်ကို ကျောက်ချပ်ရေ (၂၀၈) နိကာယ်ငါးကျမ်း သုတ္တန်ပါဠိတော်ကို ကျောက်ချပ်ရေ (၄၁၀)၊ ပေါင်းကျောက်ချပ်ရေ (၇၂၉)ချပ်တို့တွင် ရေးထိုးကာ မန္တလေးတောင်ခြေရင်းရှိ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားမဟာရံတံတိုင်းအတွင်း၌ အုတ်ပြာသာဒ်ဂူတစ်ခုစီအတွင်း ကျောက်တစ်ခုစီကိုစိုက်ထူ ကိုးကွယ်ခဲ့သည်။

ပိဋကတ်တော်များကို ကျောက်ထက်မတင်မီ အမှားအယွင်းမရှိ သန့်ရှင်းစင်ကြယ်ရန်အလို့ငှာ တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့ခံ အရှင်ဇာဂရာဘိဝံသမထေရ် ဦးစီးတော်မူသော အဖွဲ့မှ ကြီးကြပ်ပြင်ဆင်ပြီး ခန်းပတ်မြို့စား အတွင်းဝန်မင်းမဟာဥဇနာ အမှူးပြုသည့် ပညာရှိမှူးမတ်ကြီးများက ကြီးကြပ်ရေးထိုးစေခဲ့၏။ ကျောက်စာရေးထိုးခြင်း ကိစ္စပြီးစီး၍ သက္ကရာဇ် ၁၂၃၃- ခုနှစ် တန်ခူးလပြည့်ကျော် (၁၁)ရက်နေ့မှ တော်သလင်းလပြည့်ကျော် (၁၄)ရက်နေ့ထိ ရွှေနန်းပြာသာဒ်ကြီးအတွင်း ပိဋကတ်သုံးပုံကိုစုပေါင်း၍ သံဂါယနာတင်ကြ၏။ တိပိဋကဓရ၊ သိက္ခာကာမ၊ သီလဝိသုဒ္ဓိဖြစ်တော်မူကြကုန်သော သံဃာတော် (၂၄၀၀)တို့က အထပ်ထပ်စစ်ဆေးကာ သံပြိုင်ရွတ်ဆိုနှုတ်တက်အက္ခရာ တင်ကြ၏။ သက္ကရာဇ် ၁၂၃၀ ပြည့်နှစ်မှ ၁၂၃၃- ခုနှစ်ထိ သုံးနှစ်ကြာ၏။

၆။ ဆဋ္ဌသံဂါယနာ

ပဥ္စမသံဂါယနာတင်ပြီးနောက် နှစ်ပေါင်း (၈၀)ကျော်အကြာ၊ မြတ်စွာဘုရားပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် နှစ်ပေါင်း (၂၅၀၀)ပြည့် အထိမ်းအမှတ်အဖြစ် သာသနာနှစ် (၂၅၀၀)ပြည့်၊ မြန်မာသက္ကရာဇ် ၁၃၁၆ခုနှစ် ကဆုန်လပြည့်နေ့တွင် ရန်ကုန်မြို့ မဟာပါသာဏလိုဏ်ဂူတော်အတွင်း၌ ဆဋ္ဌသံဂါယနာတင်ပွဲကြီးကို ကျင်းပခဲ့၏။ ၁၃၁၈–ခုနှစ် ကဆုန်လပြည့်နေ့ထိ (၂)နှစ်ကြာ၏။

မြန်မာနိုင်ငံတော် ဝန်ကြီးချုပ်ဦးနုအမှူးပြုသော အစိုးရအဖွဲ့၏အထောက်အပင့်ဖြင့် မန္တလေးမြို့ အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်ကြီး နာယကအဖြစ် ဆောင်ရွက်၍ သံဂီတိကာရက သံဃာတော်(၅၀၀)တို့က စုပေါင်းကာ သံဂါယနာတင်တော်မူကြ၏။ သီဟိုဠ်၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လာအို စသော ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံတို့ မှ သံဃာတော်(၂၆၁၇)ပါးနှင့် ပြည်တွင်းပြည်ပမှ ကိုယ်စားလှယ်တော်များစွာတို့ သံဂါယနာဖွင့်ပွဲကြီးသို့ တက်ရောက်ခဲ့ကြ၏။

ဆဋ္ဌသံဂါယနာတင်ပွဲတွင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ကမေးသမျှသော ပိဋကတ်တော်နှင့်စပ်လျဉ်းသော မေးခွန်းများကို တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသက ကောင်းစွာဖြေကြားတော်မူ၏။ ထိုသို့ အထပ်ထပ်စစ်ဆေးမေးဖြေပြီးသော ပိဋကတ်တော်များကို သီဟိုဠ်၊ မြန်မာ၊ ယိုးဒယား၊ ကမ္ဘောဒီယား၊ လာအိုနှင့် အင်္ဂလိပ် အက္ခရာပါဠိကျမ်းများနှင့် ညှိနှိုင်း သန့်စင်၍ စက်တင်ပုံနှိပ်ကာ မှတ်တမ်းတင်ခဲ့၏။

ဤသို့ဖြင့် မြတ်စွာဘုရားပရိနိဗ္ဗာန်စံဝင်တော်မူပြီးချိန်မှ ယနေ့ထိ ရှည်လျားလှသော ကာလအတွင်း ခေတ်အဆက်ဆက် သံဃာရတနာ၊ သံဃာတော်အပေါင်းတို့သည် ဗုဒ္ဓသာသနာတော်ကြီး မပျောက်ပျက်၊ မမေးမှိန်ဘဲ ထာဝရလင်းထိန်ရှင်သန်နေစေရန်အလို့ငှာ မဆုတ်နစ်သော ဖွဲလုံ့လ၊ ခိုင်ခံ့သောစိတ်ဓာတ်၊ ကြီးမားသော စေတနာများဖြင့် အပတ်တကုတ် ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ကြ၏။ သံဃာတော်တို့၏ ကျေးဇူးဂုဏ်ကား တုနှိုင်းဖွယ်မမြင်အောင် ကြီးမားလှပါပေ၏။

## ၆၀။ တတိယသံဂါယနာတင်ပြီးနောက် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုအဖွဲ့များ စေလွှတ်ခြင်း

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် နှစ်ပေါင်း (၂၃၅)နှစ်လွန်မြောက်သောအခါ သီရိဓမ္မာသောကမင်းကြီးလက်ထက်၊ သီရိဓမ္မာသောကမင်းကြီး၏ ထောက်ပံ့ချီးမြှောက်မှုဖြင့် ပါဋလိပုတ်ပြည်၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် ဦးစီးကာ ရဟန္တာအပါး (၁၀၀၀)တို့သည် တတိယသံဂါယနာတင်တော်မူခဲ့၏။ ထိုသံဂါယနာတင်ပွဲ အပြီးတွင် ဗုဒ္ဓသာသနာတော်အစွန့်ရှည် တည်တံ့နိုင်စိမ့်သောငှာ ကိုးတိုင်းကိုးဌာနသို့ ရဟန္တာအရှင်မြတ်များ ဦးဆောင်သော သာသနာပြုအဖွဲ့များကို စေလွှတ်တော်မူခဲ့၏။

၁။ မဇ္ဈန္တိကမထေရ်နှင့် အခြားမထေရ်လေးပါးတို့သည် ရှေးအခေါ် ကသ္မီရဂန္ဓာရတိုင်း၊ ယခုအခါကက်ရှမီးယားနှင့် အာဖဂန်နစ္စတန်နယ်သို့လည်းကောင်း၊

၂။ မဟာဒေဝမထေရ်နှင့် အခြားမထေရ်လေးပါးတို့သည် ရှေးအခေါ် မဟိံသတိုင်း၊ ယခုအခေါ် မိုက်ဆိုနယ်သို့လည်းကောင်း၊

၃။ ရက္ခိတမထေရ်နှင့် အခြားလေးပါးတို့သည် ရှေးအခေါ် ဝနဝါသီတိုင်း၊ ယခုအခေါ် ကနရနယ်သို့လည်းကောင်း၊

၄။ ယောနကဓမ္မရက္ခိတမထေရ်နှင့် အခြားလေးပါးတို့သည် ရှေးအခေါ် အပရန္တကတိုင်း၊ ယခုအခေါ် ဘုံဘေနယ်သို့လည်းကောင်း၊

၅။ မဟာဓမ္မရက္ခိတမထေရ်နှင့် အခြားလေးပါးတို့သည် ရှေးအခေါ် မဟာရဋ္ဌတိုင်း၊ ယခုအခေါ် မဟာရပ်ရှ်ထရာနယ်သို့လည်းကောင်း၊

၆။ မဟာရက္ခိတမထေရ်နှင့် အခြားလေးပါးတို့သည် ရှေးအခေါ်ယောနကတိုင်း၊ ယခုအခေါ် ယူနန်နယ်သို့လည်းကောင်း၊

၇။ မဇ္ဈိမ–မထေရ်နှင့် အခြားလေးပါးတို့သည် ဟိမဝန္တာဒေသသို့လည်းကောင်း၊

၈။ သောဏမထေရ်နှင့် အခြားလေးပါးတို့သည် ရှေးအခေါ် သုဝဏ္ဏဘုမ္မိတိုင်း၊ ယခုအခေါ်သုဓမ္မဝတီ သထုံပြည်သို့လည်းကောင်း၊

၉။ မဟိန္ဒမထေရ်နှင့် အခြားလေးပါးတို့သည် ရှေးအခေါ်လင်္ကာဒီပကျွန်း၊ ယခုအခေါ် သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံသို့လည်းကောင်း အသီးသီးကြွရောက် သာသနာပြုတော်မူ၏။

# အပိုင်း (၃)

# သံဃာရတနာ

## ၁။ သံဃာရတနာ

မြတ်စွာဘုရားသည် လူ နတ် ဗြဟ္မာသတ္တဝါတို့၏ စီးပွားချမ်းသာကို ဆောင်ရွက်နိုင်ရန် အလို့ငှာ ဤလောက၌ ထွန်းပေါ်လာပြီးနောက် ဗုဒ္ဓရတနာမြတ်နှင့်အတူ ဓမ္မရတနာ၊ သံဃရတနာတို့သည်လည်း ဆက်လက်ထွန်းပေါ်လာကြကုန်၏။ မြတ်စွာဘုရားသည် ဗောဓိပင်နှင့် ရွှေပလ္လင်ထက်၌ သဗ္ဗညုတဉာဏ်တော်ရှင် ဗုဒ္ဓစင်စစ်ဖြစ်တော်မူပြီးနောက် မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် ဓမ္မစကြာတရားတော်မြတ်ကို ဟောကြားတော်မူ၏။ တစ်ဆက်တည်းမှာပင် အနတ္တလက္ခဏာသုတ်တော်ကို ဟောကြားတော်မူပြန်ရာ ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ မည်သော ပဉ္စဝဂ္ဂီငါးဦးတို့သည် ရဟန္တာမြတ်များအဖြစ်သို့ ရောက်ကုန်ကြ၍ ဤလောကတွင် မြတ်ဗုဒ္ဓအပါအဝင် သံဃာတော် (၆)ပါးတို့သည် ပေါ်ပေါက်လာကုန်၏။

မြတ်စွာဘုရားသည် ပထမဦးဆုံးဝါကို ထိုဓမ္မစကြာတရားဟောကြားရာ မိဂဒါဝုန်တောမှာပင် ဝါကပ်တော်မူရာ ဗာရာဏသီသူဌေးကတော် သုဇာတာ(မြတ်စွာဘုရားအလောင်းတော်အား ဃနာနို့ဆွမ်းကပ်လှူသူ) ၏သား ယသနှင့်သူ၏ သူငယ်ချင်းပေါင်း ငါးကျိပ်လေးဦး (၅၄)ဦးတို့သည် မြတ်စွာဘုရားထံရောက်လာကြပြီး မြတ်စွာဘုရားဟောကြားအပ်သော တရားဒေသနာတော်ကို နာကြားရသဖြင့် ဒေသနာအဆုံး၌ အာသဝေါကုန်ခန်း၊ ရဟန္တာအရှင်မြတ်များအဖြစ်သို့ ရောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရား၏ သာသနာတော်တွင် မြတ်ဗုဒ္ဓအားအမှူးထား၍ ပဉ္စဝဂ္ဂီငါးပါး၊ အရှင်ယသတစ်ပါး အရှင်ယသ၏ အပေါင်းအဖော် (၅၄)ပါး၊ စုစုပေါင်းခြောက်ကျိပ်တစ်ပါး (၆၁)ပါးတို့သည် ပေါ်ထွန်းလာကုန်၏။

တစ်ဖန်မြတ်စွာဘုရားသည် ရဟန္တာ(၆၀)အား ခေါ်တော်မူပြီးလျှင် ရဟန်းတို့ သင်တို့သည်အစ၊ အလယ်၊ အဆုံး သုံးပါးသောဂုဏ်တော်တို့နှင့် ပြည့်စုံ၍ အနက်၊ သဒ္ဒါ၊ ပုဒ်ပါဌ် အက္ခရာတို့နှင့် ပြည့်စုံသောတရားတော်ကို နတ်လူတို့အား ထင်ရှားပြကြကုန်လော့။ ငါသည်လည်း ဤမိဂဒါဝုန်တော၌ ဆက်၍မနေဘဲ ဥရုဝေလကဿပညီနောင် ရှင်တစ်ထောင်ကို ချေချွတ်တရားဟောကြားရန် ဥရုဝေလတောအုပ်ရှိရာသို့ သွားပေးအံ့ ဟု သာသနာစေလွှတ်စကားကို မိန့်ကြားကာ ဥရုဝေလတောအုပ်သို့ ကြွသွားတော်မူ၏။

မြတ်စွာဘုရားသည် ဥရုဝေလတောအုပ်သို့ မရောက်မီ ကပ္ပါသိကမည်သော တောအုပ်ရှိ တစ်ခုသောသစ်ပင်ရင်း၌ ထိုင်နေတော်မူ၏။ ထိုအခါ မိန်းမပျောက်ကိုရှာရန် လှည့်လည်နေကြသော ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်တို့နှင့် တွေ့တော်မူရာ ကောင်းမြတ်

သော တရားဒေသနာတော်ကို အစဉ်အတိုင်းဟောတော်မူ၏။ မင်းသားသုံးကျိပ်တို့သည် ကြည်လင်သောစိတ် ရှိတော်မူကြ၍ တရားတော်၏အဆုံးတွင် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ ဤသို့ဖြင့် ဤလောက၌ ရဟန္တာပေါင်း ကိုးကျိပ် (၉၀)ပါးတို့သည် ပေါ်ပေါက်လာခဲ့၏။

ထိုမှ ဆက်လက်၍ မြတ်စွာဘုရားသည် ဥရုဝေလတောသို့ ကြွချီတော်မူရာ ဂိုဏ်းဆရာကြီးများ ဖြစ်ကြကုန်သော ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပ ဟူသော ရသေ့ညီနောင်သုံးဦးတို့အား တရားရေအေးတိုက်ကျွေး၍ ချေချွတ်တော်မူပြန်၏။ ထိုအခါ နောင်တော် ဥရုဝေလကဿပနှင့် တပည့်ငါးရာတို့သည်လည်းကောင်း၊ ညီလတ် နဒီကဿပနှင့် တပည့်သုံးရာတို့သည်လည်းကောင်း၊ ညီငယ်ဂယာကဿပနှင့် တပည့်နှစ်ရာတို့သည်လည်းကောင်း၊ အာသဝေါကုန်စင်သော ရဟန္တာများအဖြစ်သို့ ရောက်ကြကုန်၏။ ဤသို့ဖြင့် ဤလောက၌ မြတ်စွာဘုရားအား အမှူးထား၍ ရဟန္တာသံဃာတော် (၁၀၉၁)ပါးတို့သည် ပေါ်ပေါက်လာပြီဖြစ်ရာ လူ နတ် ဗြဟ္မာ ဝေနေယျ သတ္တဝါအပေါင်းတို့အတွက် ကိုးကွယ်ဆည်းကပ်ရန် ဗုဒ္ဓရတနာ၊ ဓမ္မရတနာ၊ သံဃရတနာဟူသည့် အတိုင်းမသိကြီးမားမွန်မြတ်သော ရတနာမြတ်သုံးပါးသည် အထင်အရှားပေါ်ပေါက်လာလေတော့၏။

## ၂။ အတိုင်းမသိကြီးမားလှသည့် သံဃဂုဏ်တော်များ

၁။ မြတ်စွာဘုရား၏ အဆုံးအမအတိုင်း ကောင်းစွာလိုက်နာကျင့်ကြံခြင်းဟူသော သုပ္ပဋိပန္နဂုဏ်တော်၊

၂။ ဖြောင့်မတ်မှန်ကန်စွာ ကျင့်ကြံခြင်းဟူသော ဥဇုပ္ပဋိပန္နဂုဏ်တော်၊

၃။ နိဗ္ဗာန်အကျိုးငှာကျင့်ဆောင်ခြင်းဟူသော ဉာယပဋိပန္နဂုဏ်တော်၊

၄။ ရိုသေလေးစားထိုက်အောင် ကျင့်ကြံခြင်းဟူသော သာမိစိပ္ပဋိပန္နဂုဏ်တော်၊

၅။ အဝေးမှယူဆောင်လာသည့်ပစ္စည်းဖြင့် ပူဇော်ခြင်းကိုခံယူထိုက်သော အာဟုနေယျဂုဏ်တော်၊

၆။ ဧည့်သည်အဖို့ စီမံထားသည့် ပစ္စည်းဖြင့် ပူဇော်ခြင်းကိုခံယူထိုက်သော ပါဟုနေယျဂုဏ်တော်၊

၇။ တမလွန်အတွက် ရည်မှန်းပူဇော်ခြင်းကိုခံယူထိုက်သော ဒက္ခိဏေယျဂုဏ်တော်၊

၈။ လက်အုပ်ချီမိုး ရှိခိုးပူဇော်ခြင်းငှာ ထိုက်တော်မူသော အဉ္ဇလီကာရဏီယဂုဏ်တော်၊

၉။ နတ်လူအများကောင်းမှုပွားစေခြင်းငှာ ကုသိုလ်မျိုးစေ့စိုက်ပျိုးကြဲချရာ လယ်မြေသဖွယ် ဖြစ်တော်မူသော ဂုဏ်တော် – တို့ဖြစ်ကြ၏။

## ၃။ သံဃာနှင့် ကျင့်ဝတ်သိက္ခာပုဒ်များ

သံဃာဟူသည် ပါဠိဘာသာမှဆင်းသက်လာပြီး အပေါင်းအစု၊ အသင်းအဖွဲ့ဟူ၍ အဓိပ္ပါယ်ရှိ၏။ အယူချင်း၊ သိက္ခာချင်းတူသော အရိယာပုဂ္ဂိုလ်များကို ရည်ညွှန်းထားခြင်း ဖြစ်၍–

၁။ သောတာပတ္တိမဂ်ပုဂ္ဂိုလ်

၂။ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်

၃။ သကဒါဂါမိမဂ်ပုဂ္ဂိုလ်

၄။ သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်

၅။ အနာဂါမိမဂ်ပုဂ္ဂိုလ်

၆။ အနာဂါမိဖိုလ်ပုဂ္ဂိုလ်

၇။ အရဟတ္တမဂ်ပုဂ္ဂိုလ်

၈။ အရဟတ္တဖိုလ်ပုဂ္ဂိုလ် – စသည်ဖြင့် (၈)ယောက်သော အရိယာသံဃာတို့ ဖြစ်ကြ၏။

တစ်နည်းအားဖြင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်ပြီးကုန်သော အရိယာပုဂ္ဂိုလ်တို့ဖြစ်ကြ၏။

သောတာပန်ပုဂ္ဂိုလ်သည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိလေသာနှစ်ပါးကို ပယ်သတ်ပြီးသူ ဖြစ်၏။

သကဒါဂါမ်သည် သောတာပန်ပုဂ္ဂိုလ်ထက် ရာဂနှင့်ဒေါသစသော ကိလေသာတို့ ပို၍ နည်းသဖြင့် ပို၍မြတ်သူဖြစ်၏။

အနာဂါမ်သည် ရာဂ၊ ဒေါသ စသော ကိလေသာတို့မှ စင်ကြယ်အောင်ဆေးကြော ပြီးသူ ဖြစ်သဖြင့် ပို၍မြတ်၏။

ရဟန္တာသည် လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာအားလုံးကို အမြစ်ပါ မကျန် ပယ်သတ်ထားသူဖြစ်၍ ပို၍မြတ်၏။

ဤပုဂ္ဂိုလ်တို့သည် အရိယာသံဃာ(သို့မဟုတ်) ပရမတ္ထသံဃာဟုခေါ်ဆိုကြပြီး အရိယာ မဖြစ်သေးသော ပုထုဇဉ်သံဃာ (သို့မဟုတ်) သမ္မုတိသံဃာတော်များလည်း သံဃာဟူသော စကားရပ်တွင်ပါဝင်နေ၏။

ထို့ကြောင့် မည်သို့သော သံဃာကိုမဆို သံဃာတော်အမှတ်ဖြင့် ရှိခိုးပူဇော်ဆည်း ကပ်ခြင်းသည် ကြီးမားသော အကျိုးကိုပေးနိုင်ပါ၏။

ရဟန်းသံဃာတော်များ စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်သီလများမှာ–
(၁) ပါတိမောက္ခသံဝရသီလ
(၂) ဣန္ဒြိယသံဝရသီလ
(၃) အာဇီဝပါရိသုဒ္ဓိသီလ
(၄) ပစ္စယသန္နိဿိတ သီလ – ဟူ၍ လေးမျိုးရှိ၏။

ပါတိမောက္ခသံဝရသီလမှာ သိက္ခာပုဒ်(၂၂၇)ပါးရှိ၏။ ယင်းတို့အထဲတွင် မေထုန်မှီဝဲခြင်း၊ ခိုးခြင်း၊ သူ့အသက်သတ်ခြင်း၊ ဈာန်မဂ်ဖိုလ်တရားမရဘဲ ရသည်ဟု လိမ်ညာပြောဆိုမှု ဟူသည့် ပါရာဇိကသိက္ခာပုဒ် (၄)ပါးသည် ရဟန်းတို့အထူးစောင့်ထိန်းအပ်သော သိက္ခာပုဒ်များဖြစ်၏။

ဣန္ဒြိယသံဝရသီလမှာ မျက်စိ၊ နား၊ နှာ စသော ဒွါရတို့၌ အကုသိုလ်မဝင်လာအောင် စောင့်ထိန်းရသော သီလဖြစ်၏။

အာဇီဝပါရိ သုဒ္ဓိသီလမှာ အသက်မွေးဝမ်းကျောင်း စင်ကြယ်အောင် ကာယဒုစရိုက် (၃)ပါး၊ ဝစီဒုစရိုက် (၄)ပါးကို လုံခြုံအောင် စောင့်ထိန်းရသော သီလဖြစ်၏။

ပစ္စယသန္နိဿိတသီလမှာမူ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးဟူသော ပစ္စည်းလေးပါးကို သုံးဆောင်ရာတွင် တဏှာ၊ မာန၊ ဒိဋ္ဌိစသော ကိလေသာများမဝင်ရောက်အောင် ပညာဖြင့် ဆင်ခြင်သုံးစွဲရသည့် သီလဖြစ်၏။

## ၄။ သံဃာကိုရည်မှန်းပြီးလှူဒါန်းရသောကုသိုလ်အကျိုးကြီးမားပုံ

အရိယာသံဃာတော်ကို ရည်မှန်းပြီးလှူဒါန်းရသော ကုသိုလ်အကျိုးကြီးမားပုံကို မြတ်စွာဘုရားသည် ဝေလာမသုတ်တော်တွင် အရှင်အာနန္ဒာမထေရ်အား ဤသို့မိန့်ကြားခဲ့၏။

(၁) ဇမ္ဗူဒီပါကျွန်းတစ်ကျွန်းလုံးကို ဖိတ်ပြီး ၇–နှစ်၊ ၇–လ၊ ၇–ရက်တိုင်တိုင် ထမင်းရည်ချောင်းစီး ကြီးကျယ်စွာလှူဒါန်းရသော ကုသိုလ်ထက် သောတာပန်တစ်ဦးကို ဆွမ်းတစ်နပ်လှူရခြင်းက ပိုမြတ်၏။

(၂) သောတာပန်တစ်ရာကို ပေးလှူခြင်းထက်သကဒါဂါမ်တစ်ဦးကို ပေးလှူရခြင်းက ပိုမြတ်၏။

(၃) သကဒါဂါမ်တစ်ရာကို ပေးလှူခြင်းထက် အနာဂါမ်တစ်ဦးကိုပေးလှူရခြင်းကပိုမြတ်၏။

(၄) အနာဂါမ်တစ်ရာကို ပေးလှူခြင်းထက် ရဟန္တာတစ်ပါးကို ပေးလှူရခြင်းက ပိုမြတ်၏။

(၅) ရဟန္တာတစ်ရာကိုပေးလှူရသော မြတ်ဒါနထက် ပစ္စေကဗုဒ္ဓါတစ်ဆူကို ပေးလှူရခြင်းက ပိုမြတ်၏။

(၆) ပစ္စေကဗုဒ္ဓါတစ်ရာကို ပေးလှူရခြင်းထက် သဗ္ဗညုမြတ်စွာဘုရားအား ပေးလှူရခြင်းက ပိုမြတ်၏။

(၇) သဗ္ဗညုမြတ်စွာဘုရားအား ပေးလှူရခြင်းထက် ဘုရားအမှူးရှိသော သံဃာတော်များကို ပေးလှူရခြင်းကပိုမြတ်၏။

ထို့ကြောင့် သံဃာကိုရည်မှန်းပြီး လှူဒါန်းရသော ကုသိုလ်အကျိုးသည် လွန်စွာကြီးမားလှပေ၏။

## ၅။ သံဃာတော်အရှင်မြတ်တို့၏ သာသနာတော်ကိုစောင့်ရှောက်ခဲ့ကြပုံ

ယနေ့ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး နှစ်ပေါင်း (၂၅၀၀)ကျော်သည့်တိုင်အောင် မပျောက်မပျက်၊ မညှိုးမနွမ်းဘဲ ဆက်လက်ရှင်သန်လာအောင် စောင့်ရှောက်ထိန်းသိမ်းပေးတော်မူခဲ့သည့် ပုဂ္ဂိုလ်များမှာ ရဟန်းသံဃာတော်များပင်ဖြစ်၍ ရဟန်းသံဃာတော်တို့၏ ကျေးဇူးကားဆပ်၍ မကုန်အောင်ကြီးမားလှပါပေ၏။

မြတ်စွာဘုရား (၄၅)ဝါလုံး ဟောကြားတော်မူခဲ့သော ပိဋကတ်တော်များကို အထောက်အကူမရှိ၊ နှုတ်ငုံရအောင် ပင်ပန်းကြီးစွာကျက်မှတ်သိုမှီးထားခဲ့ကြ၏။

ထိုပိဋကတ်တော်လာ တရားများကို လွဲမှားချို့ယွင်းမရှိ၊ ဘုရားဟောကြားတော်မူခဲ့သည့်အတိုင်း တည်ရှိနေအောင် သံဂါယနာတင်ပွဲကြီးများ ကျင်းပကာ အထပ်ထပ်စိစစ်ကာ သန့်ရှင်းအောင် ကြပ်မတ်ပေးတော်မူခဲ့ကြ၏။

သာသနာသုံးရပ်ဖြစ်တော်မူသည့် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ ဆုတ်ယုတ်ခြင်းမရှိ၊ ထာဝစဉ်ထွန်းလင်းတောက်ပနေအောင် ကိုယ်တိုင်သင်ယူခြင်း၊ ပို့ချခြင်း၊ ဟောပြောခြင်း၊ ကျင့်ကြံအားထုတ်ခြင်း၊ ထိုးထွင်းသိမြင်ခြင်းတို့ဖြင့် အပတ်တကုတ် ကြိုးစားအားထုတ်တော်မူခဲ့ကြ၏။

ရဟန်းတော်များ စောင့်ထိန်းအပ်သော သိက္ခာပုဒ်များနှင့်တကွ လိုက်နာကျင့်သုံးအပ်သော သီလတော်များကို အသက်နှင့်လဲကာ ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ကြ၏။

မြတ်စွာဘုရားဟောကြားတော်မူအပ်သော ဝိနည်း၊ သုတ္တန်တရားနှင့် အဘိဓမ္မာတရားများ မကွယ်ပစေဘဲ မြတ်ဗုဒ္ဓ၏သာသနာတော်ကြီး နှစ်ပေါင်း (၅၀၀၀)မကတည်တံ့နေအောင် ကြိုးပမ်းအားထုတ်လျက်ရှိနေကြ၏။

သံဃာတော်အရှင်ကောင်း အရှင်မြတ်တို့၏ ဂုဏ်ကျေးဇူးများကား ကြီးမားလှပေစွ။ ထို့ကြောင့် သံဃာတော်အရှင်မြတ်တို့အား ရတနာမြတ်တစ်ပါးအဖြစ် ဆည်းကပ်ကိုးကွယ်နေရခြင်းဖြစ်ပေ၏။

## ၆။ စံတော်ဝင်အရိယာထံဃာတော်များ

မြတ်စွာဘုရား သက်တော်ထင်ရှားရှိချိန်ကာလမှ စ၍ ရေတွက်ရသည်ရှိသော် ယနေ့တိုင်အောင် သံဃာတော်များသည် သိန်းသန်းမကရှိခဲ့လေသည်။ တက်လိုက်ကျလိုက်၊ နိမ့်ချီမြင့်ချီပြောင်းလဲခဲ့သော လူ့သမိုင်းနှင့်အညီ သာသနာတော်ထွန်းလင်းတောက်ပခဲ့သော ခေတ်ကာလများရှိခဲ့၏။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိချိန်တွင် ဗုဒ္ဓသာသနာတော်သည် နေလိုလလိုထွန်းတောက်ခဲ့သော်လည်း မြတ်စွာဘုရားပရိနိဗ္ဗာန်စံဝင်တော်မူပြီး နောက်နှစ်ပေါင်း (၁၀၀)ကျော်သောအခါ ဝိနည်းတော်ကို လိုက်နာကျင့်သုံးရာ၌ အားနည်းသော၊ ဝိနည်းတော်ကို မိမိတို့ဆန္ဒအရ ပြင်ဆင်ဖြည့်စွက်လိုသော သံဃာများပေါ်ပေါက်လာသောကြောင့် သာသနာတော်မှေးမှိန်ကျဆင်းခဲ့ရ၏။ အရှင်မဟာကဿပမထေရ်မြတ်ကြီးနှင့် အခြားရဟန္တာမထေရ်ကြီးများ စုစည်းထားရှိခဲ့သော ထေရဝါဒသံဃအဖွဲ့ကြီးမှပင် အခြားသံဃာဂိုဏ်းတစ်ဂိုဏ်းကွဲ ထွက်သွားခဲ့၏။

ဗုဒ္ဓသာသနာတော်တွင် အထင်ကရသာသနာပြုမင်းမြတ်တစ်ပါးဖြစ်သော သီရိဓမ္မာသောကမင်းတရားကြီး လက်ထပ်သို့ရောက်သောအခါ သာသနာတော်သည် တစ်ဖန်ပြန်၍ ထွန်းတောက်ပြန့်ပွားခဲ့ပြန်၏။ မင်းကြီးသည် ရဟန္တာအရှင်မြတ် အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်၏အမိုက်ကို ရ၍ သာသနာတော်ကို အစွမ်းကုန်ချီးမြှောက်ခဲ့သည်သာမက မိမိနိုင်ငံအပြင်အပ ကိုးတိုင်းကိုးဌာနသို့ပင် သာသနာပြုအဖွဲ့များ စေလွှတ်ကာ သာသနာတော်ကို ထွန်းကားပြန့်ပွားစေခဲ့၏။

သို့သော် သီရိဓမ္မာသောကမင်းကြီး နတ်ပြည်စံပြီးဆက်၍ နန်းတက်သော ဆင့်မမြောက် မင်းလက်ထပ်တွင် အခြားဘာသာတစ်ခု၏ လွှမ်းမိုးခြင်းခံရ၍ သံဃာတော်များသည် သာသနာတော်ကို ဆက်လက်ချီးမြှင့်နိုင်ဖို့ကို မဆိုထားနှင့် အသက်မသေရပ်တည်နိုင်ရေးအတွက် တောကြို့အုံကြား၊ တိုင်းတစ်ပါးသို့ ပြေးလွှားပုန်းအောင်းခဲ့ရပြန်ရာ သာသနာတော်မှာ ပျောက်ကွယ်လုမတတ်ဖြစ်ခဲ့ရပြန်၏။

တစ်ဖန် သီရိဓမ္မာသောကမင်းကြီး၏ ကျေးဇူးကြောင့် သီဟိုဠ်ကျွန်း (ယနေ့သီရိလင်္ကာနိုင်ငံ) သို့ ပြန့်ပွားသွားသော ဗုဒ္ဓသာသနာတော်သည် ဒုဋ္ဌဂါမဏိမင်းလက်ထက်တွင် တစ်ဖန်ပြန်၍ ရှင်သန်တိုးတက်လာပြန်သော်လည်း နှစ်အနည်းငယ်အတွင်းမှာပင် သူပုန်ထကြွမှုနှင့်ကြုံသဖြင့် သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်မည့် ပုဂ္ဂိုလ်များ မရှိသဖြင့် မှောင်ကျလုနီး ဖြစ်သွားပြန်၏။ ထိုအခါ သံဃာတော်တို့သည် တောကြို့အုံကြားရှိရွာကလေးများတွင်း ပုန်းခိုရင်း သစ်ဥ၊ သစ်ရွက်၊ သစ်မြစ်ဆွမ်းနှင့်ပင် အသက်ဆက်ရရှာ၏။ သို့သော် ထိုသံဃာတော်အရှင်မြတ်များမှာ ဆွမ်း၊ ကွမ်း၊ အာဟာရများကို မျှတလောက်အောင် မသုံးဆောင်ရသဖြင့် အားအင်ချိနဲ့လှသည့် အခြေအနေတွင် ဗုဒ္ဓပိဋကတ်တော်များကို မမေ့မပျောက်အောင် သင်ယူကျက်မှတ်ရွတ်ဆိုခဲ့ကြ၏။ အံ့ဖွယ်ရဟန်းသံဃာတော်များပင် ဖြစ်၏။

ထိုအခြေအနေမှ ဗုဒ္ဓသာသနာတော်သည် ပြန်လည်ရှင်သန်လာပြီး ကျွန်ုပ်တို့ မြန်မာနိုင်ငံ အပါအဝင် အရှေ့တောင်အာရှသို့ ပြန့်နှံ့လာပြန်ရာ မင်းတုန်းမင်းလက်ထက်တွင် တစ်ကြိမ်၊ မြန်မာနိုင်ငံ ကျွန်ဘဝမှ လွတ်မြောက်၍ လွတ်လပ်ရေးရပြီးစကာလတွင် တစ်ကြိမ်၊ နှစ်ကြိမ်တိုင်အောင် သံဂါယနာတင်ပွဲကြီးများကို ဝှဲချီးကြေငြာကျင်းပနိုင်သည်အထိ မြန်မာနိုင်ငံသားတို့၏ ရေးဘုန်းရေးကံကြောင့် မြန်မာနိုင်ငံတွင် အမြစ်တွယ်ရှင်သန်ကြီးထွားခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်ပါ၏။

ဤသို့ဖြင့် နှစ်ပေါင်းနှစ်ထောင်မျှသော ကာလအတွင်း ရတနာသုံးပါး၌ လေးနက်စွာယုံကြည်ပြီး သာသနာတော်ကြီးကို အသက်ပေးစောင့်ရှောက်တော်မူခဲ့ကြကုန်သော သံဃာတော်တို့၏ ဂုဏ်ကျေးဇူးသည် မည်မျှကြီးမားကြောင်းကို သိရှိနားလည်ကာ "သံဃာဂုဏောအနန္တော" ဟု ဆိုသည့်အတိုင်း ကြီးမြတ်သော အရိယာသံဃာတော်များနှင့် သမ္မုတိသံဃာတော်အရှင်မြတ်တို့ကို ရိုသေလေးမြတ်စွာ ရှိခိုးပူဇော်ခြင်းဖြင့် ကြီးမားသော ကုသိုလ်အကျိုးထူးများကို ရရှိခံစားနိုင်ကြပါ၏။

ယင်းသို့ သံဃာတော်တို့၏ သာသနာတော်ကြီး စောင့်ရှောက်ကာကွယ်ခဲ့ကြသော ဂုဏ်ကျေးဇူးများနှင့်အတူ စာရှုသူများအနေဖြင့် ကြီးကျယ်မြင့်မြတ်သော သီလဂုဏ် သမာဓိဂုဏ်၊ ပညာဂုဏ်များကို မြတ်နိုးတနာ၊ သဒ္ဓါပွားကြည်ညိုနိုင်ကြစေရန် မြတ်စွာဘုရားသက်တော်ထင်ရှား ရှိစဉ်က တန်ခိုးပညာ၊ သီလ၊ အကျင့်စသည်တို့၌ စံထားလောက်သည့် ဧတဒဂ်ရ ရဟန္တာအရှင်မြတ်တို့အထဲမှ မထေရ်(၂၁)ပါးတို့၏ အကြောင်းကို ရွေးထုတ်ဖော်ပြထားပါ၏။ ကြီးမြတ်လှသော သံဃာတော်တို့၏ ဂုဏ်တော်များကို အောက်မေ့ပွားများကြကုန်လော့။

## ၁။ အရှင်သာရိပုတ္တရာမထေရ်

အရှင်သာရိပုတ္တရာမထေရ်သည် ဂေါတမမြတ်စွာဘုရား၏ သာသနာတော်၌ တပည့်သာဝကများထဲတွင် အကြီးမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်၏။ မြတ်စွာဘုရား၏ လက်ျာရံအဂ္ဂသာဝကကြီးလည်းဖြစ်၏။ ပညာအရာ၌ အကြီးမြတ်အလွန်ကဲဆုံး ဧတဒဂ်ရပုဂ္ဂိုလ်ကြီးလည်းဖြစ်၏။

အရှင်သည် မဂဓတိုင်း၊ နာလကရွာ၌ ပုဏ္ဏားမျိုး မိဖနှစ်ပါးမှ မွေးဖွားခဲ့၏။ အမည်ရင်းကား ဥပတိဿဖြစ်၏။ မိဖတို့ကား မိစ္ဆာအယူရှိကြကုန်၏။ အရွယ်ရောက်လျှင် ပရိဗိုဇ်အဖြစ်နှင့် နိဗ္ဗာန်ရောက်ကြောင်း တရားကိုရှာဖွေဆည်းပူးရန် လှည့်လည်ရင်း ရာဇဂြိုဟ်မြို့တွင်းသို့ရောက်လာ၏။

ထိုအခါ အရှင်သာရိပုတ္တရာအလောင်း၊ ဥပတိဿပရိဗိုဇ်သည် ရှေ့တူရူမှမြို့တွင်းမှ ဆွမ်းစားပြီးကျောင်းသို့ ပြန်ကြွလာသော ပဉ္စဝဂ္ဂီငါးပါးအနက် တစ်ပါးအပါအဝင်ဖြစ်သူ အရှင်အဿဇိမထေရ်မြတ်ကို မြင်လေလျှင် "ဤအရှင်သည် ဣန္ဒြေအမူအရာသိမ်မွေ့၏။ ရေးကငါမမြင်ဖူး၊ ထူးခြားတင့်တယ်ပေစွ။ အမြိုက်တရားတည်ရာ ရဟန္တာအရှင်မြတ်သော်

လည်းကောင်း၊ သို့မဟုတ် ရဟန္တာဖြစ်ကြောင်း အကျင့်ကောင်းအကျင့်မြတ်တို့နှင့် ပြည့်စုံသူလည်းကောင်းဖြစ်ရာ၏။ ငါသည် ထိုအရှင်အား ချဉ်းကပ်၍ ကျင့်သုံးအပ်သော အကျင့်တရားနှင့် ထိုအကျင့်ကို ညွှန်ပြသူဆရာကို မေးမြန်းရသော် ကောင်းလေစွ– ဟု စိတ်အကြံဖြစ်၍ ထိုအရှင်အဿဇိမထေရ်ထံ ချဉ်းကပ်ကာ ဤသို့မေးမြန်းလျှောက်ထားလေ၏။

"ငါ့ရှင်– သင်၏ ဣန္ဒြေတို့သည် နှစ်သက်ဖွယ်ဖြစ်၏။ ဖြူစင်သန့်ရှင်းသော အဆင်းအသရေလည်းရှိ၏။ သင်၏ ဆရာသည် အဘယ်သူနည်း။ အဘယ်သူ၏တရားစကားကို နှစ်သက်ပါသနည်း။ အဘယ်သူ၏ အဆုံးအမဖြင့်နေသနည်း"

အရှင်မြတ်သည် မြတ်စွာဘုရားအား ရည်မှန်း၍ ရဟန်းပြုကာ မြတ်စွာဘုရားဟောကြားအပ်သော တရားကိုသာနှစ်သက်၍ ထိုဩဝါဒတရားနှင့် အညီ ကျင့်ကြံနေထိုင်ကြောင်းဆိုလေလျှင် ဥပတိဿပရိဗိုဇ်သည် " သင်တို့ဆရာမြတ်စွာဘုရားသည် အဘယ်အယူဝါဒရှိသနည်း။ မည်သို့သော တရားကိုဟောသနည်း။ ထိုတရားကို ကျွန်ုပ်အားဟောကြားပါလော့" ဟု တောင်းပန်၏။

ထိုအခါ အရှင်အဿဇိမထေရ်က–

"အကြင်တရားတို့သည် စွဲလန်းတပ်မက်မှုဟူသော တဏှာကြောင့်ဖြစ်ကြကုန်၏။ ဒုက္ခဟူသော တရားတို့သည်လည်းကောင်း၊ စွဲလန်းမှုတဏှာဟူသော သမုဒယတို့သည်လည်းကောင်း ဖြစ်ပြီးသည်နှင့် ချုပ်ပျောက်သွားကုန်၏။ (ငါတို့ဆရာ) မြတ်စွာဘုရားသည် ထိုအလုံးစုံသော တရားတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ရောက်ကြောင်း တရားကို ဟောတော်မူ၏။ မြတ်စွာဘုရားသည် ထိုအယူဝါဒရှိပေ၏" ဟု အဓိပ္ပါယ်ရသော –

ယေဓမ္မာ ဟေတုပ္ပဘဝါ
တေသံ ဟေတုံ တထာဂတော၊
အာဟ တေသဉ္စယောနိရောဓော
ဧဝံဝါဒီ မဟာသမဏော။

ဟူသော ဂါထာတော်ကို ဟောတော်မူ၏။

ဥပတိဿပရိဗိုဇ်လည်း လေးပါဒရှိသော ဤဂါထာကိုနာကြားရသောအခါ ဂါထာမဆုံးမီ နှစ်ပါဒမျှကိုနာကြားရလျှင်ပင် ရှေးအတိတ်ကဆည်းပူးခဲ့သော ပါရမီအစွမ်းဖြင့် နည်းတစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော သောတာပတ္တိမဂ်သို့ရောက်လေ၏။ နောက်နှစ်ပါဒကို ဆက်၍ နာပြီးမှ ဂါထာဆုံးသောအခါ သစ္စာလေးပါးကိုမြင်၍ မထေရ်မြတ်အား "မြတ်စွာဘုရားသည် ယခုအခါအဘယ်မှာ သီတင်းသုံးနေပါသနည်း" ဟု မေးရာ အရှင်က " ဘုရားသခင်သည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်တော်မူကြောင်း" ပြန်ဖြေ၏။

ထိုစကားကိုကြားလျှင် ဥပတိဿသည် ဝမ်းမြောက်ခြင်းကြီးစွာဖြစ်၍ မထေရ်မြတ်အား" အရှင်ဘုရား ကြွနှင့်တော်မူပါ၊ တပည့်တော်သည် အထက်က ကတိကဝတ်ရှိခဲ့ဖူးသော မိတ်ဆွေတစ်ယောက်အား ခေါ်၍ မြတ်စွာဘုရားထံသို့လာပါအံ့" ဟုဆိုကာ

မိတ်ဆွေ ကောလိတရှိရာသို့ ရောက်လာ၏။ ဥပတိဿလည်း ကောလိတအား အရှင်အဿဇိမထေရ်ကို တွေ့ဆုံရမှ တရားနာရသည့်တိုင်အောင် အလုံးစုံသောအကြောင်းတို့ကိုပြောလေလျှင် ကောလိတလည်း " သင်နာခဲ့ရသော တရားကို ငါ့အားဟောပါလော့" ဟု ဆိုသဖြင့် အထက်ပါဂါထာတော်ကို ဟောပြရာဂါထာအဆုံးတွင် ကောလိတပရိဗိုဇ်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

သောတာပတ္တိဖိုလ်၌တည်ပြီးကုန်သော ဥပတိဿနှင့် ကောလိတတို့သည် တရားတော်ကို ဆက်၍ နာချင်သောစိတ်သည် ပေါ်လာ၍ မြတ်စွာဘုရားထံ မိမိတို့၏တပည့်များနှင့် အတူသွားရောက်ရန်ကြံစည်ကြရာ ထိုသို့မသွားမီ မိမိတို့၏ သဉ္စည်းဆရာကြီးထံ ဝင်ရောက်၍ " အရှင် ... ကျွန်ုပ်တို့သည် နိဗ္ဗာန်တရားကို ဟောကြားညွှန်ပြတတ်သော ဆရာမြတ်ကိုတွေ့ပါပြီ၊ ထိုဆရာမြတ်စွာဘုရားထံသွားကြပါအံ့" ဟု ဆိုကြလေရာ သဉ္စည်းဆရာကြီးသည် မြတ်စွာဘုရားထံမသွားရန် သုံးကြိမ်တိုင်တိုင် တားသော်လည်း မရသဖြင့် သင်တို့သွားလိုသော်သွားကြကုန်– ဟု ဆို၏။ ဥပတိဿနှင့် ကောလိတတို့လည်း မိမိတို့တပည့်ပရိသတ်ငါးရာနှင့်အတူ မြတ်စွာဘုရားရှိရာ ဝေဠုဝန်ကျောင်းတော်သို့ သွားကြကုန်၏။

မြတ်စွာဘုရားလည်း ပရိသတ်လေးပါးတို့အား တရားဟောကြားတော်မူစဉ် အခြံအရံနှင့်တကွ လာကြကုန်သော ဥပတိဿနှင့် ကောလိတတို့ကို မြင်လေလျှင် ရဟန်းတို့ကိုခေါ်၍ "ချစ်သားတို့ ဥပတိဿနှင့် ကောလိတဟူသော အဆွေခင်ပွန်း နှစ်ယောက်တို့သည် ယခုလာကြကုန်ပြီ။ ဤသူနှစ်ဦးသည် ငါဘုရား၏ တပည့်မြတ်အစုံဖြစ်လတ္တံ့" ဟု ကြိုတင်မိန့်ကြားနှင့်၏။ မိတ်ဆွေနှစ်ဦးလည်း မြတ်စွာဘုရားထံမှောက်သို့ရောက်သောအခါ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား– တပည့်တော်တို့အား တရားအမြိုက်ဆေးကို တိုက်ကျွေးတော်မူပါ၊ မြတ်စွာဘုရား၏ အထံတော်၌ ရဟန်းအဖြစ်ကို ရလိုကြပါကုန်၏။" ဟု လျှောက်ထားကြ၏။

မြတ်စွာဘုရားသည် ဧဟိဘိက္ခုခေါ်တော်မူ၍ တန်ခိုးဖြင့်ပြီးသော သပိတ်၊ သင်္ကန်း၊ ပရိက္ခရာတို့ကိုရလျက် ရဟန်းဖြစ်ကြကုန်၏။ မြတ်စွာဘုရားဟောကြားအပ်သော ဒေသနာအဆုံး၌ ဥပတိဿနှင့် ကောလိတတို့မှ တစ်ပါး ငါးရာသောအခြံအရံနောက်လိုက်တို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ ထိုသူနှစ်ဦးကား သာဝကပါရမီဉာဏ်၏ ပရိကံမပြည့်စုံသေးသောကြောင့် ဖြစ်၏။

အရှင် ဥပတိဿနှင့် ကောလိတတို့ အရဟတ္တဖိုလ်သို့ရောက်ရပုံမှာ ဤသို့ဖြစ်၏။

ထိုနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ ကောလိတသည် ရာဇဂြိုဟ်ပြည်အနီးရှိ ကလ္လဝါဠရွာကြီးအတွင်း သစ်ပင်ကြီး၏အရင်း၌ ကမ္မဋ္ဌာန်းစီးဖြန်းနေစဉ် ငိုက်မျဉ်း၍နေ၏။ ထိုအခါ မြတ်စွာဘုရားသည် "အချင်းကောလိတ သင်သည် အိုခြင်း၊ နာခြင်း၊ သေခြင်းလွန်မြောက်ရာ အမြိုက်ချမ်းသာကို ရှာဖွေနေသူဖြစ်လျက် ထိန၊ မိဒ္ဓ၊ ပမာဒဆိုသော မသူတော်တို့နှင့် အဘယ့်ကြောင့်ပေါင်းသင်းနေဘိသနည်း" ဟု မိန့်တော်မူ၍ ကမ္မဋ္ဌာန်းကို ဟောတော်မူရာ အရဟတ္တဖိုလ်သို့ရောက်လေ၏။

အရှင်ဥပတိဿကား ရဟန်းဖြစ်ပြီးနောက် လခွဲမြောက်သောအခါ "သူကရခါတ" မည်သော လိုဏ်ဂူ၌နေစဉ် မြတ်စွာဘုရားသည် ဥပတိဿ၏တူဖြစ်သော ဒီဃနခပရိဗိုဇ်အား ဝေဒနာပရိဂ္ဂဟသုတ်ကို ဟောတော်မူရာ ကြားနာရ၍ ရဟန္တာအဖြစ်သို့ရောက်လေတော့သတည်း။

ထို့နေ့၌ပင်လျှင် မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ တပည့်သံဃာတော်တို့အလယ်၌ အရှင်ဥပတိဿကို ဓမ္မသေနာပတိသာရိပုတ္တရာ ဟူသော အမည်ဖြင့် လက်ျာရံ အဂ္ဂသာဝက အဖြစ်လည်းကောင်း၊ အရှင်ကောလိတကို မဟာမောဂ္ဂလာန်ဟူသောအမည်ဖြင့် လက်ဝဲရံ အဂ္ဂသာဝကအဖြစ်လည်းကောင်း ထားတော်မူ၏။

## ၂။ အရှင်သာရိပုတ္တရာ၏ ရှေးအကြောင်း

အရှင်သာရိပုတ္တရာသည် ဂေါတမမြတ်စွာဘုရား၏ သာသနာတော်၌ မြတ်စွာဘုရားပြီးလျှင် ပညာဉာဏ်အကြီးမြတ်ဆုံး တေဒဂ်ဘွဲ့ရ ဓမ္မသေနာပတိကြီးအဖြစ်လည်းကောင်း၊ မြတ်စွာဘုရား၏ လက်ျာရံအဂ္ဂသာဝကကြီးအဖြစ်လည်းကောင်း ထင်ရှားသူ ပုဂ္ဂိုလ်မြတ်ကြီး တစ်ပါးဖြစ်ပေ၏။ ထိုအဖြစ်မျိုးကား ဖြစ်တောင့်ဖြစ်ခဲလှစွာသော ဒုလ္လဘတရားတစ်ခုဖြစ်၏။ ဘုရားတစ်ဆူပွင့်ထွန်းတော်မူသောအခါမှ ထူးကဲစွာပေါ်ပေါက်လာနိုင်သည့် ပုဂ္ဂိုလ်ထူးဖြစ်၏။ ထိုအဖြစ် ထိုဘဝမျိုးသို့ရောက်ရန်ကား လွယ်ကူလှသည် မဟုတ်ချေ။ သမ္မာသမ္ဗုဒ္ဓဘုရားတစ်ဆူဆူ၏ မျက်မှောက်တော်တွင် ကိုယ်တိုင်ဆုပန်ပြီး ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီကုသိုလ်များ ဖြည့်ကျင့်ပြီးမှသာ ဖြစ်နိုင်ရနိုင်သော အရာဖြစ်၏။

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၏ ရှေးအတိတ်အကြောင်းကား ဤသို့တည်း။ လွန်လေပြီးသော ကမ္ဘာတစ်သိန်းထက်၌ စန္ဒဝတီနေပြည်တော်၌ အနောမဒဿီ မြတ်စွာဘုရားသည် ထင်ရှားပွင့်တော်မူ၏။ ထိုအချိန်တွင် အရှင်သာရိပုတ္တရာသည် မဟာသာလ၏ အမျိုး၌ဖြစ်၍ သရဒလုလင်ဟုအမည်တွင်၏။ သရဒလုလင်တွင် သီရိဝឌ္ဍနမည်သော မိတ်ဆွေတစ်ယောက်ရှိ၏။ နှစ်ဦးစလုံးကား ဥစ္စာစည်းစိမ်ပြည့်ဝသော အမျိုးမှဆင်းသက်လာသူများဖြစ်ကြ၍ အရွယ်ရောက်သော် ဥစ္စာစည်းစိမ်ကို ခံစား၍နေကြ၏။

တစ်နေ့သ၌ သရဒလုလင်သည် မိမိ၏ဥစ္စာစည်းစိမ်နှင့် သားမယားတို့အပေါ်အပြစ်ကိုမြင်၍ ရဟန်းပြုပြီး နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းများကို ရှာရန်မိမိ၏ မိတ်ဆွေ သီရိဝឌ္ဍနအား တိုင်ပင်၏။ သီရိဝឌ္ဍနက ရဟန်းပြုရန်မစွမ်းနိုင်ကြောင်း ပြောကြားသဖြင့် မိမိ၏ဥစ္စာစည်းစိမ်တို့ကို စွန့်၍ ရဟန်းပြု၏။ ခုနစ်သောင်းလေးထောင်ကုန်သော သူတို့သည်လည်း သရဒလုလင်နှင့်အတူလိုက်၍ ရဟန်းပြုကြကုန်၏။

အနောမဒဿီမြတ်စွာဘုရားသည် သရဒရသေ့ကိုမြင်၍ ဗျာဒိတ်ပန်းကို ပန်ဆင်စေလိုရကား တစ်နေ့သ၌ တစ်ပါးတည်းပင် သရဒရသေ့ထံသို့ ကြွလာ၏။ မြတ်စွာဘုရား၏ အရှင်နိသဘ၊ အရှင်အနောမဟူသော လက်ျာယံ၊ လက်ဝဲရံ အဂ္ဂသာဝကနှစ်ပါးသည် နောက်ကရောက်လာသဖြင့် ဘုရားရှင်အားခစားရှိခိုး၍နေ၏။

ထိုအခါသရဒရသေ့သည် ဘုရားသခင်အား ပန်းနေရာခင်း၍ ပူဇော်ရသော် ကောင်းလေစွဟု စိတ်အကြံဖြစ်၍ မိမိ၏ တပည့်ရသေ့တို့အား ပန်းတို့ကိုဆွတ်ခူးစုဆောင်းစေပြီး မြတ်စွာဘုရားအား တစ်ယူဇနာမြင့်သော ပန်းနေရာဖြင့် လှူဒါန်းပူဇော်၏။ မြတ်စွာဘုရားလည်း ထိုပန်းနေရာထက်၌ ၇–ရက်လုံးလုံး နိရောဓသမာပတ်ကို ဝင်စား၍နေ၏။ အဂ္ဂသာဝကနှစ်ပါးလည်း သမာပတ်ဝင်စား၍ ထိုင်နေကြကုန်၏။

မြတ်စွာဘုရားလည်း သမာပတ်မှ ထတော်မူပြီးသော် လက်ျာရံအဂ္ဂသာဝကကြီး နိသဘမထေရ်မြတ်အား ရသေ့တို့အား ပန်းနေရာအလှူအနုမောဒနာချီးမြှင့်ရန် မိန့်တော်မူသောအခါ မထေရ်မြတ်သည် ပိဋကတ်သုံးပုံကို ရောပြွမ်းလျက် ပန်းအနုမောဒနာပြု၏။ တစ်ဖန် မြတ်စွာဘုရားသည် လက်ဝဲရံအနောမ မထေရ်ကိုခေါ်၍ ပန်းနေရာအနုမောဒနာပြုစေပြန်၏။

သရဒရသေ့သည် လက်ျာရံအဂ္ဂသာဝက နိသဘမထေရ်ကိုမြင်၍ ကြည်ညိုစိတ်တို့သည် ပေါ်လာ၍ ထိုနိသဘမထေရ်မြတ်ကဲ့သို့ ဖြစ်လိုသောစိတ်အကြံသည် ဖြစ်ပေါ်လာ၏။ သရဒရသေ့သည် တရားနာပြီးသော် မြတ်စွာဘုရားအား ဤသို့လျှောက်ထားလေ၏။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား ...... တပည့်တော်သည် ဤကောင်းမှုအစုစုတို့ကြောင့် အရှင်ဘုရား၏လက်ျာရံအဂ္ဂသာဝက နိသဘမထေရ်မြတ်ကဲ့သို့ နောင်ပွင့်တော်မူမည့် ဘုရားရှင်၏ သာသနာဝယ် လက်ျာရံအဂ္ဂသာဝကဖြစ်ရပါလို၏"

မြတ်စွာဘုရားလည်း "သင်သည် နောင်လာမည့် ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူမည့် ဂေါတမမြတ်စွာဘုရား၏ သာသနာဝယ် ဓမ္မသေနာပတိ သာရိပုတ္တရာဟူသောအမည်ဖြင့် လက်ျာရံအဂ္ဂသာဝကကြီးဖြစ်လတ္တံ့ဟု ဗျာဒိတ်ပေးတော်မူ၏။ ဤသို့ သရဒရသေ့သည် မြတ်စွာဘုရား၏ ရွှေနှုတ်တော်မှ မြွက်ဟပြောကြားအပ်သော ဗျာဒိတ်စကားကို ကြားရလျှင် ဝမ်းမြောက်ရွှင်လန်းသော စိတ်များပေါ်ပေါက်လာရာ မိမိ၏မိတ်ဆွေ သီရိဝឌ္ဍနအား မိမိကဲ့သို့ပင် အဂ္ဂသာဝကကြီးတစ်ပါးအဖြစ် ဆုပန်စေလိုသဖြင့် သီရိဝឌ္ဍနထံသွား၍ ဘုရားထံသွားကာ ဆုပန်နိုင်စေရန် ပို့ဆောင်ပေးပြန်၏။ သီရိဝឌ္ဍနလည်း မြတ်စွာဘုရားအား သင်္ကန်း၊ ဆွမ်း၊ အဖျော်တို့ကို ခုနစ်ရက်လုံးလုံး ဆက်ကပ်လှူဒါန်းပြီးနောက် တရားနာ၏။ တရားနာပြီးသော် မြတ်စွာဘုရားထံ၌ ဤသို့ဆုတောင်း၏။

"အရှင်ဘုရား ...... တပည့်တော်၏ မိတ်ဆွေသရဒရသေ့သည် နောင်ပွင့်တော်မူမည့် ဂေါတမဘုရား သာသနာဝယ် လက်ျာရံအဂ္ဂသာဝကအဖြစ်ရလိုကြောင်း ဆုတောင်းသကဲ့သို့ပင် တပည့်တော်သည်လည်း ထိုဂေါတမမြတ်စွာဘုရား၏ သာသနာမှာပင် လက်ဝဲရံ အဂ္ဂသာဝကအဖြစ်ရလိုပါ၏"

ထိုအခါ မြတ်စွာဘုရားသည် "ချစ်သား သီရိဝឌ္ဍန သင်သည် ထိုဂေါတမမြတ်စွာဘုရား၏ သာသနာဝယ် မဟာမောဂ္ဂလာန်ဟူသော အမည်ဖြင့် လက်ဝဲရံအဂ္ဂသာဝကဖြစ်လတ္တံ့."ဟု ဗျာဒိတ်ပေးတော်မူ၏။

ထိုသို့သော ဆုတောင်းများအတိုင်း သရဒရသေ့နှင့် သီရိဝဍ္ဎနတို့သည် ထိုမှတစ် သင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီများဖြည့်ကျင့်ပြီးနောက် ဤဂေါတမမြတ်စွာဘုရား သာသနာတော်၌ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ ဟူ၍လည်းကောင်း၊ မဟာမောဂ္ဂ လာန်ဟူ၍လည်းကောင်း၊ မြင့်မြတ်သော လက်ျာရံနှင့် လက်ဝဲရံအဂ္ဂသာဝကကြီးနှစ်ပါး အဖြစ်သို့ ရောက်ရှိခဲ့လေတော့သတည်း။

## ၃။ အရှင်မဟာမောဂ္ဂလာန်မထေရ်

အရှင်မဟာမောဂ္ဂလာန် အလောင်းသည် ရာဇဂြိုဟ်ပြည်အနီး ကောလိတမည် သော ရွာ၌ မောဂ္ဂလီအမည်ရှိသော သူဌေးကတော် ပုဏ္ဏားမကြီး၏ ဝမ်းတိုက်ဝယ်ပဋိ သန္ဓေယူ၍ ဆယ်လစေ့ရောက်သော် မွေးဖွားလေ၏။ အမည်ကိုကား ကောလိတရွာ အကြီးအကဲမျိုး၏ သားဖြစ်သောကြောင့် ကောလိတဟု မှည့်ကြကုန်၏။

တစ်ချိန်တည်းမှာပင် ဥပတိဿရွာနေ ရူပသာရီမည်သော သူဌေးကတော်ကြီး သည် ဥပတိဿမည်သော သားကိုမွေးဖွား၏။ ထိုသူငယ်နှစ်ဦးသည် မိဘချင်းရင်းနှီးချစ် ခင်သည့် သူငယ်ချင်း မိတ်ဆွေများဖြစ်သကဲ့သို့ အချင်းချင်းရင်းနှီးချစ်ခင်ကြကုန်၏။ အသက်အရွယ် ကြီးပြင်းလာသောအခါ ယောက်ျားတို့တတ်အပ်သော အတတ်ပညာများ ကို တစ်ဘက်ကမ်းရောက်အောင် တတ်မြောက်ကြလေ၏။

တစ်နေ့သ၌ နက္ခတ်သဘင်ပွဲနှင့် ကြုံကြိုက်သဖြင့် နှစ်ယောက်အတူထိုင်ကာ ပွဲကြည့်ကြလေ၏။ ထိုနေ့ကား အခြားသောနေ့များကဲ့သို့မဟုတ်ဘဲ စိတ်နှလုံးရွှင်မြူးဖွယ် အကာ၊ အခုန်၊ အဆို၊ အတီးတို့၌ သာယာနှစ်သက်ခြင်းမရှိ၊ "ဤပျော်ပွဲသဘင်၌ နှစ်သက် ရှုချင်ဖွယ်ရာ ဟူသည်အဘယ်နည်း။ ကပြသီဆိုနေကြသူတို့နှင့်တကွ ပွဲကြည့်လာသူတို့ အားလုံးသည် အနှစ်တစ်ရာမရောက်မီ ချုပ်ဆုံးကွယ်ပျောက်သွားရမည်ကား အမှန်ပင် တည်း။ ဤခန္ဓာသည် မတည်မြဲပါတကား။ ငါတို့သည် ထိုသေခြင်းဘေးမှ လွတ်မြောက် ကြောင်းတရားကို ရအောင်ရှာဖွေသင့်လှ၏။" ဟူသော သံဝေဂကိုပွားလျက်ပင်ထိုင်နေ ကြကုန်၏။

ထိုအခါ တစ်ဦးကတစ်ဦး၏ မျက်နှာမသာယာညှိုးငယ်သည်ကိုမြင်၍ အကြောင်း ကိုမေးကြသော် နှစ်ဦးစလုံး၏ ခံစားချက်သည် အတူတူချည်းသာဖြစ်၍ လူ့ဘောင်တွင် ကာမဂုဏ်ခံစားခြင်းမပြုဘဲ သံသရာမှလွတ်မြောက်ကြောင်းတရားကို အတူရှာကြရန် စိတ်တူညီကြသဖြင့် သဉ္စည်းပရိဗိုဇ်ဆရာကြီးထံ၌ သွားကာ ရဟန်းပြုကြကုန်၏။

သူတို့နှစ်ဦးကား ပါရမီဉာဏ်ရင့်သန်သူများဖြစ်ကြသည့် အားလျော်စွာ နှစ်ရက် သုံးရက်အတွင်းမှာပင် သဉ္စည်းဆရာကြီး၏ အယူဝါဒအားလုံးကို သင်ယူတတ်မြောက် ကြကုန်သော် "ထိုအယူအဝါဒမျှလောက်ဖြင့် သံသရာမှ လွတ်မြောက်ခြင်းငှာ ဖြစ်နိုင်မည် မဟုတ်။ ထိုထက်လွန်မြတ်သောတရားကိုသိ၍ ထိုတရားကိုဟောနိုင်သည့် ဆရာသည် ကေန်ရှိရမည်" ဟု ကြံစည်၍ အရပ်တကာသို့ လှည့်ကာ သံသရာမှ လွတ်မြောက်ရေးနှင့် စပ်လျဉ်းသော တရားကိုမေးမြန်းဆွေးနွေးကြလေ၏။

ဤသို့လှည့်လည်သွားလာနေသော်လည်း ဆရာတင်လောက်သူကိုကား မတွေ့ရသဖြင့် "ငါတို့နှစ်ဦးသည် တစ်ယောက်တစ်လမ်းသွား၍ ဆရာကိုရှာကြအံ့။ ထိုဆရာကိုတွေ့လျှင် (သံသရာမှလွတ်မြောက်ကြောင်း အမြိုက်တရားကို ဦးစွာရရှိသိမြင်လျှင် ထိုသူသည် ကျန်သောသူအား ပြန်ကြားပြောဆိုကြစတမ်း" ဟု ကတိကဝတ်ထား၍ လှည့်လည်သွားလာကြကုန်၏။

ထိုအချိန်ကား သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား၊ ဘုရားအဖြစ်သို့ရောက်၍ ရာဇဂြိုဟ်ပြည်သို့ ကြွရောက်ကာ သီတင်းသုံးနေချိန်ဖြစ်၏။ ဥပတိဿပရိဗိုဇ်သည် ပဉ္စဝဂ္ဂီငါးပါးထဲမှ အရှင်အဿဇိမထေရ်နှင့်တွေ့၍ ထိုမထေရ်ဟောတော်မူသော "ယေဓမ္မာ ဟေတုပ္ပဘဝါ" အစချီသော ဂါထာတော်ကိုနာရ၍ သောတာပန်အဖြစ်သို့ရောက်ခဲ့၏။ ထို့အတူ ဥပတိဿပရိဗိုဇ်ထံမှ ထိုဂါထာကိုပင်ကြားနာရပြန်ရာ ကောလိတပရိဗိုဇ်သည်လည်း သောတာပန်အဖြစ်သို့ရောက်ခဲ့ပြန်၏။

ထိုမှတစ်ဖန် ဥပတိဿနှင့် ကောလိတတို့သည် မြတ်စွာဘုရားထံတော်၌ ရဟန်းပြုကြလေလျှင် ကောလိတသည် ခုနစ်ရက်မြောက်၌ ရဟန္တာဖြစ်၍ ဥပတိဿသည် တစ်ဆယ့်ငါးရက်ကြာသောအချိန်၌ ရဟန္တာဖြစ်၏။ မြတ်စွာဘုရားသည် ဥပတိဿအား အရှင်သာရိပုတ္တရာဟူ၍အမည်ဖြင့် ပညာအရာ၌ ဧတဒဂ်ရလကျ်ာရံအဂ္ဂသာဝကအဖြစ်လည်းကောင်း၊ ကောလိတအား မဟာမောဂ္ဂလာန်ဟူ၍အမည်ဖြင့် တန်ခိုးအရာ၌ ဧတဒဂ်ရ လက်ဝဲရံအဂ္ဂသာဝက အဖြစ်လည်းကောင်း ချီးမြှောက်တော်မူ၏။

**မှတ်ချက်။** ။ ဤကား အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကြီး၏ လက်ဝဲရံအဂ္ဂသာဝကကြီးဖြစ်လာပုံဖြစ်၏။ အရှင်သာရိပုတ္တရာမထေရ်မြတ် လကျ်ာရံအဂ္ဂသာဝကကြီးဖြစ်လာပုံနှင့်တွဲ၍ တပေါင်းတည်းဖော်ပြလိုက်ခြင်းဖြစ်၏။ အရှင်သာရိပုတ္တရာ အကြောင်းတွင်လည်း အရှင်မဟာမောဂ္ဂလာန်အကြောင်းကို တွဲပြီးဖော်ပြထားရာ နှစ်နေရာစလုံးတွင် ဖတ်ရှုနိုင်ကြပါ၏။

### ၄။ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်မထေရ်တို့ရှေးအကြောင်း

မြတ်ဗုဒ္ဓ၏ မြတ်သာသနာတော်တွင် ကြီးမြတ်သော အဂ္ဂသာဝကကြီးများဖြစ်တော်မူကြသော အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်နှစ်ပါးသည် ရှေးပါရမီဖြည့်ကျင့်စဉ်က များသောအားဖြင့် အတူတကွဖြစ်ခဲ့ကြ၍ နောက်ဆုံးပစ္ဆိမဘဝ၌လည်း အတူတကွရဟန်းပြုတော်မူကာ အရဟတ္တဖိုလ်သို့ရောက်ပြီး မြတ်ဗုဒ္ဓ၏အဂ္ဂသာဝကကြီးများအဖြစ် အတူတကွရောက်ကြသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များဖြစ်ကြပေ၏။ ထို့ကြောင့် ဗုဒ္ဓစာပေများ၌ မထေရ်ကြီးနှစ်ပါးအား တစ်ပေါင်းတည်းထား၍ ရေးသားဖော်ပြကြ၏။ ထိုနည်းတူပင် အရှင်နှစ်ပါး၏ ရှေးအကြောင်းကို ဤတွင်အတူပေါင်း၍ ဖော်ပြပါအံ့။

ပဏ္ဏာမြား‌ဧေယာက်တာပေ

လွန်လေပြီးသော တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်ပင် အရှင်သာရိပုတ္တရာအလောင်းနှင့် အရှင်မဟာမောဂ္ဂလာန်အလောင်းတို့သည် ပစ္စည်းဥစ္စာကြွယ်ဝသော အမျိုးတို့၌ ဖြစ်ကြ၍ တစ်ဦးက သရဒလုလင်၊ တစ်ဦးက သီရိဝឌ္ဍနလုလင်ဟု အမည်တွင်လေ၏။ ငယ်စဉ်က အတူးကစားဖက်များဖြစ်ကြသကဲ့သို့ အရွယ်ရောက်သောအခါ၌လည်း ရင်းနှီးချစ်ခင်လှသော သူငယ်ချင်းများဖြစ်လာကြကုန်၏။

သရဒလုလင်သည် လောကကိုငြီးငွေ့သဖြင့် ရဟန်းပြုရန်ကြံစည်၍ သူငယ်ချင်းသီရိဝឌ္ဍနလုလင်အား မိမိနှင့်အတူ ရဟန်းပြုရန်တိုက်တွန်း၏။ သီရိဝឌ္ဍနလုလင်က "မိမိသည်ရဟန်းမပြုလို၊ မိတ်ဆွေသာလျှင် ရဟန်းပြုပါလော့" ဟုဆိုသဖြင့် သရဒလုလင်သည်နောက်လိုက်အပေါင်းအသင်း (၇၄၀၀၀) ခုနစ်သောင်းလေးထောင်နှင့်အတူ ရဟန်းပြု၏။

ထိုအချိန်တွင် လောက၌ မနောမဒဿီမြတ်စွာဘုရားသည် ပွင့်ထွန်းတော်မူလာ၏။ တစ်နေ့သော် မြတ်စွာဘုရားသည် သရဒရသေ့နှင့် အပေါင်းရသေ့တို့၏ အကျိုးကိုမြင်တော်မူ၍ ထိုသရဒရသေ့နေရာသို့ ကြွမြန်းတော်မူလာ၏။ သရဒရသေ့နှင့် တပည့်ရသေ့ပေါင်းတို့လည်း မြတ်စွာဘုရားအား သစ်သီးမျိုးစုံကိုလည်းကောင်း၊ သောက်တော်ရေတို့ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းပြီး ဘုရား၏နေရာတော်ကို ပန်းမျိုးစုံဖြင့် အထပ်ထပ်ခင်းကာ ပူဇော်ကြကုန်၏။ တစ်ဖန်ခင်းထားအပ်သော ပန်းနေရာထက်တွင် နိရောဓသမာပတ် ဝင်စား၍ နေတော်မူသော မြတ်စွာဘုရားအား ပန်းထီးမိုး၍ရပ်နေ၏။

မြတ်စွာဘုရား နိရောဓသမာပတ်မှထ၍ သရဒရသေ့နှင့် တပည့်တို့၏ကောင်းမှုကုသိုလ်အဖို့ အနုမောဒနာ တရားဟောရန် နိသဘမည်သော လက်ျာရံအဂ္ဂသာဝကနှင့်အနောမမည်သော လက်ဝဲရံအဂ္ဂသာဝက မထေရ်မြတ်နှစ်ပါးတို့အား မိန့်တော်မူသဖြင့်မထေရ်မြတ်တို့လည်း အနုမောဒနာတရားကို အစဉ်အတိုင်း ဟောကြားကြကုန်၏။ ထို့နောက်တွင် မနောမဒဿီ မြတ်စွာဘုရားသည် တရားဟောကြား၏။ တရားတော်၏ဒေသနာအဆုံးတွင် သရဒရသေ့မှကြွင်း၍ အခြားရသေ့တို့သည် အရဟတ္တဖိုလ်သို့ရောက်ကုန်၏။

သရဒရသေ့ကား မြတ်စွာဘုရား၏ လက်ျာရံအဂ္ဂသာဝကမထေရ် အရှင်နိသဘအား ကြည့်၍ မိမိလည်း ထိုမထေရ်ကဲ့သို့ ဖြစ်လိုသောစိတ်က ကာဆီးထားသဖြင့် တရားမရနိုင်ဘဲ ရှိနေ၏။ သရဒရသေ့သည် "မိမိပြုသော ကောင်းမှုအတွက် သိကြားမင်း၊ ဗြဟ္မာမင်းအဖြစ် အလိုမရှိပါ။ ဤနိသဘ မထေရ်မြတ်ကဲ့သို့ တစ်ဆူဆူသော ဘုရားရှင်တို့၏လက်ျာရံအဂ္ဂသာဝက ဖြစ်ရပါလို၏" ဟုဆုတောင်း၏။ မြတ်စွာဘုရားလည်း "သင်သည်တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းလွန်သောအခါ ဂေါတမဗုဒ္ဓ၏သာသနာဝယ် သာရိပုတ္တရာဟူသော ဘွဲ့အမည်ဖြင့် လက်ျာရံအဂ္ဂသာဝက ဖြစ်လိမ့်မည်" ဟု ဗျာဒိတ်စကားမိန့်ကြားပြီးပြန်လည်ကြွမြန်းသွားတော်မူ၏။

သရဒရသေ့လည်း ဝမ်းမြောက်ရွှင်လန်းခြင်းဖြစ်၍ မိမိ၏သူငယ်ချင်း သီရိဝឌ္ဍနအားမိမိကဲ့သို့ အဂ္ဂသာဝကတစ်ပါးဖြစ်စေလိုသော စိတ်သည်ပေါ်လာသဖြင့် သူငယ်ချင်းထံသွားပြီး ထိုအကြောင်းကိုပြောလေ၏။ သီရိဝឌ္ဍနလည်း ထိုအကြံကိုဝမ်းမြောက်စွာ လက်ခံ၍

သရဒရသေ့၏ လမ်းညွှန်ရာအတိုင်း မြတ်စွာဘုရား အမှူးပြုသော သံဃာတော်တို့အား ဆွမ်း၊ သင်္ကန်းတို့ကို ကပ်လှူပူဇော်၏။ ဤသို့ကြီးစွာသော အလှူကိုပြုပြီးသောအခါ သိရိဝဍ္ဎန လုလင်သည် မြတ်စွာဘုရားအား "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဤကောင်းမှုကြောင့် တပည့်တော်၏ မိတ်ဆွေသရဒရှင်ရသေ့သည် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူမည့် ဂေါတမမြတ်စွာဘုရား သာသနာတော်၌ အရှင်သာရိပုတ္တရာအမည်ဖြင့် လက်ျာရံအဂ္ဂသာဝကဖြစ်သောအခါ တပည့်တော်သည်လည်း ထိုမြတ်စွာဘုရား၏ လက်ဝဲရံအဂ္ဂသာဝက ဖြစ်ရပါလို၏" ဟု ဆုတောင်းလေ၏။ မြတ်စွာဘုရားလည်း "သင်သည် ဂေါတမမြတ်စွာဘုရားရှင်၏ လက်ဝဲရံ အဂ္ဂသာဝက ကေန်ဖြစ်လိမ့်မည်" ဟု ဗျာဒိတ်စကား မြွက်ကြားတော်မူ၏။

ဤအမျိုးသားကောင်းနှစ်ဦးသည် လူ့လောက၊ နတ်လောက၊ ဗြဟ္မာလောကတို့၌ အဖန်ဖန်ကျင်လည်လျက် အဂ္ဂသာဝကပါရမီ ကုသိုလ်များကို ဖြည့်ဆီးပြီး ဤဘဒ္ဒကမ္ဘာ၌ ဂေါတမမြတ်စွာဘုရား ပွင့်ထွန်းတော်မူလာသောအခါ သရဒ ရသေ့သည် အရှင်သာရိပုတ္တရာအမည်ဖြင့် လက်ျာရံအဂ္ဂသာဝကအဖြစ်သို့ လည်းကောင်း၊ သိရိဝဍ္ဎနသည် အရှင်မဟာမောဂ္ဂလာန်အမည်ဖြင့် လက်ဝဲရံအဂ္ဂသာဝကအဖြစ်သို့ ရောက်ရှိခဲ့လေတော့သတည်း။

### ၅။ အရှင်မဟာကဿပမထေရ်

အရှင်မဟာကဿပမထေရ် အလောင်းအလျာ ပိပ္ပလိလုလင်သည် မဂဓတိုင်း၊ မဟာတိတ္ထရွာ၌ ကပိလသူဌေးကြီး၏ သူဌေးကတော်ဝမ်းတွင် ပဋိသန္ဓေစွဲနေ၍ ဆယ်လရောက်သောအခါ မွေးဖွားသန့်စင်ခဲ့၏။ အရွယ်ရောက်သော် မိဘတို့က သင့်လျော်သောအမျိုးသမီးကို ရှာဖွေ၍ အိမ်ထောင်ချပေးရန် စီစဉ်သော်လည်း အထက်ဗြဟ္မာပြည်မှ လာသူဖြစ်၍ ထိုအစီအစဉ်ကို လက်မခံခဲ့ချေ။

သို့သော် မိဘတို့က အဖန်ဖန်အခါပြောဆိုသဖြင့် ဉပါယ်တမျဉ်ပြုကာ အလွန်တရာလှပသော အပျိုစင်ရုပ်တစ်ခုကို ရွှေဖြင့်ပြု၍ ထိုရွှေစင်ရုပ်ကိုပြပြီး ဤရွှေစင်ရုပ်ကဲ့သို့ လှပသော မိန်းကလေးကိုရပါက မိမိသည် ထိုမိန်းကလေးနှင့် လက်ထပ်မည်ဟု ကတိပြု၏။

မိဘများကလည်း ပညာရှိပုဏ္ဏားတို့ကို အရပ်ရှစ်မျက်နှာသို့စေလွှတ်၍ ထိုရွှေစင်ရုပ်နှင့်တူသော မိန်းကလေးကိုရှာဖွေစေလျှင် မဒ္ဒတိုင်း၊ သာဂလမြို့မှ ဘဒ္ဒါကာပိလာနိ ပုဏ္ဏားသူဌေးသမီးအား တွေ့၍ ထိမ်းမြားရန် စီစဉ်ကြလေ၏။ ထိုသတို့သမီး ဘဒ္ဒါကာပိလာနိ သူဌေးသမီးသည်လည်း ပိပ္ပလိသတို့သားကဲ့သို့ပင် ဗြဟ္မာပြည်မှစုတေလာသူဖြစ်၍ အိမ်ထောင်ပြုခြင်း၌ အလိုမရှိချေ။

သို့သော် ပိပ္ပလိနှင့်ဘဒ္ဒါကာပိလာနိတို့သည် မိဘတို့၏စကားကို မပယ်လှန်ဘဲ လက်ထပ်ထိမ်းမြားခြင်းကို ပြုခဲ့သော်လည်း တစ်ဦးနှင့်တစ်ဦး မောင်နှမအရင်းအချာများ ပမာနေထိုင်ကြရန် ကတိကဝတ်ပြု၍ နေထိုင်ခဲ့ကြလေ၏။ နှစ်ဘက်မိဘတို့ လွန်သော် သူတို့သည် သူဌေးကြီးနှင့် သူဌေးကတော်ကြီးများ ဖြစ်လာကြကုန်၏။

ကြာလတ်သော် ပိပ္ပလိသူဌေးသည် မိမိ၏စည်းစိမ်ဥစ္စာကို စွန့်၍ ရဟန်းပြုရသော် ကောင်းလေစွာဟု အကြံဖြစ်၍ ထိုအကြောင်းကို ဘဒ္ဒါကာပိလာနီသူဌေးကတော်အား တိုင်ပင်၏။ ဘဒ္ဒါကာပိလာနီလည်း မိမိ၌လည်း ထိုသို့ပင် ရှင်ရဟန်းမ ပြုရန်ကြံစည်ထား ကြောင်း ပြောပြရာ နှစ်ဦးစလုံးသည် ရှိသမျှသော ဥစ္စာစည်းစိမ်တို့ကို စွန့်၍ရဟန်းပြုကြ ကုန်၏။

သူတို့နှစ်ဦးသည် တစ်လမ်းတည်း၌ အတူသွားရန်မသင့်လျော်ရကား တစ်ယောက် လျှင် တစ်လမ်းစီခွဲ၍ တော်သို့ဝင်ကြကုန်၏။ ထိုအချိန်သည် ဂေါတမမြတ်စွာဘုရား ပွင့်တော်မူပြီး ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်ဆဲဖြစ်၏။ မြတ်စွာဘုရားသည် ပိပ္ပလိလုလင် ရဟန်းပြု၍ တောထွက်လာသည်ကိုမြင်တော်မူရာ ထိုသူလာရာလမ်းတစ်နေရာရှိ တစ်ခုသောပညောင်ပင်ရင်း၌ ဘုရား၏တင့်တယ်ခြင်းဖြင့် ထိုင်နေတော်မူ၏။

အရှင်မဟာကဿပ မထေရ်အလောင်း ပိပ္ပလိရဟန်းသည် ပညောင်ပင်ရင်း၌ တင့် တယ်စွာ ထိုင်နေတော်မူသော မြတ်စွာဘုရားအား ဖူးမြင်ရသောအခါ ကြည်ညို ဝမ်းမြောက် ခြင်းသည် ဖြစ်၍ မြတ်စွာဘုရားအနီးသို့ကပ်လျက် ရိုသေစွာရှိခိုးကာ "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကျွန်ုပ်၏ ဆရာဖြစ်တော်မူပါပေ၏။" ဟု နှုတ်မြွက်၍ တပည့်ခံလေ၏။ မြတ်စွာဘုရားသည် အရှင်မဟာကဿပ အလောင်း အလျာအား အဆုံးအမသြဝါဒ ပေးပြီး ရဟန်းအဖြစ်သို့ရောက်ပြီးနောက် မြတ်စွာဘုရား သည် နေရာမှထကာ ထွက်ကြွ သွားရာ အရှင်မဟာကဿပ မထေရ်လည်း နောက်နားမှ လိုက်ပါသွား၏။

ခရီးအတန်ကြာသွားပြီးသော် မြတ်စွာဘုရားသည် ခရီးလမ်းမကြီးမှခွဲထွက်ပြီး သစ်ပင်ရင်းတစ်ခု၌ ထိုင်ရန် ဟန်ပြင်နေသည်ကိုမြင်၍ မထေရ်သည် မိမိ၏ဒုကုဋ်သင်္ကန်း ကြီးကို လေးခေါက်ပြုကာ ခင်းပေး၍ ထိုင်တော်မူပါရန် လျှောက်ထားရာ မြတ်စွာဘုရား လည်း ထိုင်တော်မူ၏။ မြတ်စွာဘုရားသည် ထိုဒုကုဋ်သင်္ကန်းကြီး၏ နူးညံ့ကြောင်းကို ချီးမွမ်းသည်ကိုကြားလျှင် အရိပ်အခြည်ကိုသိသော အရှင်မဟာကဿပက "ဤသင်္ကန်း ကြီးကို မြတ်စွာဘုရားအား လှူဒါန်းပါ၏" ဟု လျှောက်သော် မြတ်စွာဘုရားက "ချစ်သား ကဿပ သင်သည် အဘယ်သင်္ကန်းကို ဝတ်ရုံပါမည်နည်း" ဟုမေးပြန်၏။ အရှင်မဟာ ကဿပက တစ်ဖန် "မြတ်စွာဘုရား–အရှင်ဘုရားဝတ်ရုံတော်မူသော သင်္ကန်းကို ရပါမူ တပည့်တော် ဝတ်ရုံပါမည်ဘုရား" ဟု လျှောက်သဖြင့် မြတ်စွာဘုရားသည် ဝတ်ရုံတော် မူသော ပံသုကူသင်္ကန်းကြီးကို မထေရ်မြတ်အားပေးတော်မူ၏။

အရှင်မဟာကဿပသည် မြတ်စွာဘုရား၏ အထံတော်မှာပင် ဓုတင်အကျင့် တစ်ဆယ့်သုံးပါးကို ကောင်းစွာခံယူဆောက်တည်ပြီးလျှင် ရဟန်းတရားပွားများအားထုတ် တော်မူရာ ရှစ်ရက်မြောက်နေ့၌ သဋ္ဌိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူ၏။ မြတ်စွာဘုရားသည် အရှင်မဟာကဿပမထေရ်အား "ကောင်း

မြတ်သော ဓုတင်အကျင့်မြတ်ကို ကိုယ်တိုင်ကျင့်သုံး၍ သူတစ်ပါးအားလည်း ကျင့်သုံးရန် ဟောကြားပြသဆုံးမတတ်သော ရဟန်းတို့တွင် မဟာကဿပမထေရ်သည် အသာလွန်ဆုံး အကြီးမြတ်ဆုံးဖြစ်ပေ၏" ဟု ဧတဒဂ်ပေးတော်မူ၏။

**အရှင်မဟာကဿပ၏ရှေးဆုတောင်း**

အရှင်မဟာကဿပမထေရ်မြတ်ကြီးသည် ဂေါတမမြတ်စွာဘုရား၏ သာသနာတော်၌ မြတ်စွာဘုရား၏ နှစ်ထပ်သင်္ကန်းကြီးကို ဝတ်ရုံရသည်သာမက ဓုတင်အကျင့်၌ ဧတဒဂ်ရ တတိယသာဝကကြီးအဖြစ် ရောက်ရှိခဲ့သည်မှာ အကြောင်းမဲ့မဟုတ်ချေ။ ရှေးဘဝ သဗ္ဗညုဘုရားတစ်ဆူတွင် ဖြစ်လိုသော ဆန္ဒပြင်းစွာဖြင့် ဆုတောင်းခဲ့သော ကြောင့်ဖြစ်၏။

ဤကမ္ဘာမှ ပြန်၍ရေတွက်သော ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူသော ပဒုမုတ္တရ ဘုရားလက်ထက်တော်တွင် အရှင်မဟာကဿပအလောင်း သူတော်ကောင်းသည် ဝေဒေဟမည်သော သူဌေးတစ်ဦးဖြစ်ခဲ့၏။ ဝေဒေဟသူဌေးသည် နံ့သာ၊ ပန်းစသည်တို့ကို ယူဆောင်၍ မြတ်စွာဘုရားကျောင်းတော်သို့ သွား၍ပူဇော်ကာ သင့်တင့်ရာ၌ထိုင်နေ၏။

ထိုအခါ ပဒုမုတ္တမြတ်စွာဘုရားသည် တတိယသာဝကဖြစ်သည့် အရှင်မဟာနိသဘ မထေရ်မြတ်ကို "ရဟန်းတို့ ကိုယ်တိုင်လည်း ဓုတင်အကျင့်မြတ်ကို ကျင့်သုံး၍ သီတင်းသုံးဖော်သံဃာတို့အားလည်း ဓုတင်အကျင့်မြတ်ကို ကျင့်သုံးရန်ဟောပြောဆုံးမတတ်သည့် အရာ၌ ငါဘုရား၏ သာဝကရဟန်းတို့အနက် နိသဘမထေရ်သည် အသာဆုံးအမြတ်ဆုံး ဖြစ်ပေသည်" ဟု ဧတဒဂ်ရာထူးထားတော်မူ၏။

ထိုစကားကိုကြားလျှင် ဝေဒေဟသူဌေးသည် ထိုနိသဘ မထေရ်မြတ်ကဲ့သို့ ဖြစ်လိုသော ဆန္ဒသည် ပြင်းပြစွာပေါ်လာသဖြင့် မြတ်စွာဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းလုပ်ကျွေးပြီး "အရှင်ဘုရား – ဤကောင်းမှုကြောင့် တပည့်တော်သည် တစ်ဆူဆူသော မြတ်စွာဘုရားတို့ထံတော်တွင် ဤနိသဘမထေရ်မြတ်ကဲ့သို့ ဓုတင်ဆောင်ရာ၌ ဧတဒဂ်ရ၊ တတိယသာဝကကြီးအဖြစ် ရလိုပါ၏" ဟု ဆုတောင်း၏။ မြတ်စွာဘုရားလည်း "သင်သည် နောင်အခါဝယ် ကမ္ဘာတစ်သိန်းအဆုံး၌ ပွင့်တော်မူမည့် ဂေါတမဘုရား လက်ထက်တွင် ဓုတင်ဆောင် ဧတဒဂ်ဘွဲ့ရ၊ အရှင်မဟာကဿပမည်သော တတိယ သာဝကကြီးသည် ဖြစ်လတ္တံ့." ဟု ဗျာဒိတ်ပေးတော်မူ၏။

**၆။ အရှင်ဥရုဝေလကဿပမထေရ်**

ဥရုဝေလကဿပသည် မြတ်စွာဘုရားရှင်လက်ထက်တော်အခါက ထင်ရှားသည့် ရသေ့ညီနောင်သုံးဦး အနက် အကြီးဆုံးဖြစ်၏။ ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပဟု အသီးသီး အမည်တွင်၏။ ထိုညီနောင်သုံးဦးသည် ရသေ့ရဟန်းပြုပြီးနောက် ဥရုဝေလတောအုပ်စသည့် နေရာဌာနအသီးသီးသို့ လှည့်လည်ကာ နေထိုင်ကြ၏။

ဥရုဝေလ ရသေ့ကြီးသည် ဥရုဝေလတောအုပ်တွင်နေပြီး ရသေ့ငါးရာအခြံအရံရှိ၏။ ညီ အလတ်ဖြစ်သူ နဒီကဿပမှာ ဂင်္ဂါမြစ်ကြီးနံဘေးတစ်နေရာ၌နေပြီး တပည့်သုံးရာရှိ၏။ ညီအငယ်ဆုံးဖြစ်သူ ဂယာကဿပကား ဂယာသီသဟူသော အရပ်၌နေ၍ တပည့်နှစ်ရာ ရှိ၏။ ထိုရသေ့ညီနောင်တို့သည် ဂိုဏ်းဆရာကြီးများဖြစ်ကြပြီး တပည့်အင်အားတစ် ထောင်ရှိလေ၏။

မြတ်စွာဘုရားသည် ပထမဝါကို မိဂဒါဝုန်တော၌ ဝါကပ်ဆိုတော်မူပြီး ဝါကျွတ် သောအခါ ဥရုဝေလတောအုပ်သို့ ကြွတော်မူလာပြီး ဥရုဝေလကဿပဂိုဏ်းဆရာကြီးအား ချေချွတ်ဆုံးမတော်မူရာ အခြံအရံတပည့်ငါးရာနှင့်အတူ ဧဟိဘိက္ခုရဟန်းချည်းဖြစ်ကြလေ ၏။ နောင်တော်ဖြစ်သူ ဥရုဝေလကဿပရဟန်းပြုကြောင်း ကြားသိရ၍ ညီဖြစ်သူ နဒီ ကဿပနှင့် ဂယာကဿပတို့သည်လည်း မြတ်စွာဘုရားအထံ၌ မိမိတို့၏တပည့်များနှင့် အတူ ဧဟိဘိက္ခုရဟန်းများဖြစ်လာကြကုန်၏။

မြတ်စွာဘုရားသည် ရသေ့ညီနောင်သုံးဦးနှင့် အခြံအရံရဟန်းတစ်ထောင်တို့အား မီးနှင့်စပ်လျဉ်းသော အာဒိတ္တပရိယာယသုတ်တော်ကို ဟောတော်မူရာ ရသေ့ကြီးသုံးဦး နှင့် တပည့်တစ်ထောင်တို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ တစ်နေ့သ၌ မြတ်စွာ ဘုရားသည် သံဃာတို့၏အလယ်၌ထိုင်ကာ "ရဟန်းတို့ ... ငါ၏သာဝကရဟန်းတို့တွင် များသောအခြံအရံရှိကြသည့်အရာတွင် အသာလွန်ဆုံး၊ အကြီးမြတ်ဆုံးဖြစ်ပေ၏" ဟု ဧတဒဂ်ပေးတော်မူ၏။

အရှင်ဥရုဝေလကဿပမထေရ်သည် ဤသို့သောဧတဒဂ်ဘွဲ့ထူးကို ခံယူရရှိတော် မူခြင်းသည် အကြောင်းမဲ့မဟုတ်။ ရှေးရှေးသောဘဝတစ်ခုက တောင်းခဲ့သော ဆုကြောင့် ဖြစ်၏။ အရှင်ဥရုဝေလကဿပမထေရ်အလောင်း အမျိုးကောင်းသားသည် ရှေးကမ္ဘာ တစ်သိန်းထက်က ပွင့်တော်မူသော ပဒုမုတ္တရမြတ်စွာဘုရားထံမှောက်၌ တရားနာနေစဉ် မြတ်စွာဘုရားက ရဟန်းတော်တစ်ပါးအား ပရိသတ်အခြံအရံများသောနေရာ၌ အသာ လွန်ဆုံး၊ အမြတ်ဆုံးဧတဒဂ်ဘွဲ့ ပေးတော်မူသည်ကိုမြင်၍ မြတ်စွာဘုရားထံ မိမိသည် လည်း နောင်ပွင့်လတ္တံ့သော ဘုရားတစ်ဆူဆူတွင် ထိုရဟန်းကဲ့သို့ ဧတဒဂ်ရပုဂ္ဂိုလ်ဖြစ်ရ ပါလို၏ဟု ဆုတောင်းခဲ့၏။ ထိုဆုတောင်းကြောင့်ပင်လျှင် ထိုအမျိုးကောင်းသားသည် ဥရုဝေလကဿပ ဟူသောအမည်ရ၍ ဤမြတ်စွာဘုရား၏ သာသနာဝယ် အခြံအရံများ သည့်နေရာ၌ အသာလွန်ဆုံး အမြတ်ဆုံးဧတဒဂ်ဘွဲ့ထူးကို ထိုက်ထိုက်တန်တန် ရရှိခဲ့ခြင်း ဖြစ်ပေ၏။

**၇။ အရှင်အနုရုဒ္ဓါမထေရ်**

လွန်လေပြီးသော ကမ္ဘာတစ်သိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရားသည် ပွင့်ထွန်း တော်မူ၏။ ထိုစဉ်အခါ အနုရုဒ္ဓါမထေရ်အလောင်းအလျာသည် သူကြွယ်တစ်ဦးဖြစ်၍ တစ်နေ့တွင် မြတ်စွာဘုရား၏ ကျောင်းတိုက်တော်သို့ တရားနာရန်အခြားတရားနာ ပရိ

သတ်တို့နှင့်အတူ ရောက်သွားလေ၏။ မြတ်စွာဘုရားအား ရှိသေစွာရှိခိုး၍ ပရိသတ်အစွန်၌ ထိုင်ကာ တရားနာ၏။

ပဒုမုတ္တရမြတ်စွာဘုရားသည် တရားဒေသနာတော်ကို ကောင်းစွာဟောကြားတော်မူပြီးနောက် ရဟန်းတစ်ပါးအား ဒိဗ္ဗစက္ခု အဘိညာဏ်ရသောအရာ၌ ဧတဒဂ်ဘွဲ့ထူးရာထူးကို ထားတော်မူ၏။ ထိုအချင်းအရာကို မြင်သောအခါ ထိုသူကြွယ်သည် ထိုဧတဒဂ်ရ ရဟန်းအား၊ အားကျ၍ ထိုရဟန်းကဲ့သို့ဖြစ်လိုသော ဆန္ဒသည် သူ၏သန္တာန်တွင် အားကြီးစွာပေါ်လာ၏။ "ငါသည်လည်း နောင်အခါ ပွင့်တော်မူမည့် ဘုရားတစ်ဆူဆူ၏ သာသနာ၌ ဒိဗ္ဗစက္ခုအဘိညာဏ်အရာတွင် ဧတဒဂ်ရသူဖြစ်ရပါမူ ကောင်းလေစွ" ဟု စိတ်အကြံသည်ပေါ်လာ၍ မြတ်စွာဘုရားအမှူးရှိသော သံဃာတော်တို့ကို ခုနစ်ရက်တိုင်တိုင် ကြီးစွာသော အလှူဒါနကိုပြုလေ၏။

ထိုသို့ပြုပြီးသော် သူကြွယ်သည် မြတ်စွာဘုရားထံ၌ "မြတ်စွာဘုရား၊ တပည့်တော်သည် ဤကောင်းမှုအတွက် လူ၊ နတ်၊ စည်းစိမ်ကို မတောင့်တပါ။ လွန်ခဲ့သော ခုနစ်ရက်က အကြင်ရဟန်းတော်တစ်ပါးကို ဒိဗ္ဗစက္ခု အဘိညာဏ်ရသောအရာ၌ အသာလွန်ဆုံး ဧတဒဂ်ထားတော်မူသကဲ့သို့ တပည့်တော်သည်လည်း နောင်ပွင့်တော်မူမည့် ဘုရားတစ်ဆူဆူ၏ သာသနာဝယ် ဒိဗ္ဗစက္ခုဉာဏ်အရာ၌ ဧတဒဂ်ရ ရဟန်းဖြစ်ရပါလို၏" ဟု ဆုတောင်းလေ၏။ မြတ်စွာဘုရားလည်း "နောင်အခါဝယ် ကမ္ဘာတစ်သိန်း အဆုံး၌ ဂေါတမ ဘုရားပွင့်တော်မူလျှင် ထိုမြတ်စွာဘုရား၏ သာသနာ၌သင်သည် အနုရုဒ္ဓါဟူသော အမည်ဖြင့် ဒိဗ္ဗစက္ခုအဘိညာဏ်အရာ၌ ဧတဒဂ်ရ ပုဂ္ဂိုလ်မြတ်တစ်ပါးဖြစ်အံ့" ဟု ဗျာဒိတ်ပေးတော်မူ၏။

အရှင်အနုရုဒ္ဓါအလောင်း သူတော်ကောင်းသည် ထိုဘဝမှစတေ၍ လူ့ပြည် နတ်ပြည်တို့၌ အစုန်အဆန် ကျင်လည်ပြီးနောက် ဤဂေါတမမြတ်စွာဘုရားပွင့်တော်မူသောအခါ ကပိလဝတ်ပြည်၊ သုက္ကောဒနသာကီဝင်မင်း၏ မိဖုရားထံသန္ဓေယူ၍ မွေးဖွား၏။ အမည်ကား အနုရုဒ္ဓါဖြစ်၏။ မြတ်စွာဘုရား၏ ဝမ်းကွဲညီလည်းတော်စပ်၏။

အရွယ်သို့ရောက်လတ်သော် အနုရုဒ္ဓါမင်းသားသည် ဘဒ္ဒိယ၊ အာနန္ဒ၊ ဘဂု၊ ကိမိလ၊ ဒေဝဒတ္တမင်းသား ငါးဦးနှင့် ဥပါလိဆတ္တာသည်တို့နှင့်အတူ မြတ်စွာဘုရားထံ မှောက်သို့ ရောက်လာ၏။ ထိုအချိန်တွင် မြတ်စွာဘုရားသည် အနုပိယတောအုပ်၌ သီတင်းသုံးနေတော်မူ၏။ သူတို့အားလုံးသည် မြတ်စွာဘုရားထံတွင် ရဟန်းပြုကြကုန်သော် ဘဒ္ဒိယမထေရ်သည် ရဟန္တာဖြစ်တော်မူ၏။ အနုရုဒ္ဓါမထေရ်သည် ရှေးဘဝဆုတောင်းနှင့်အညီ ဒိဗ္ဗစက္ခုအဘိညာဏ်ကိုရတော်မူ၏။ အာနန္ဒာမထေရ်မှာ သောတာပန်ဖြစ်တော်မူ၏။ ရှင်ဒေဝဒတ်သည် လောကီသမာပတ် (၈)ပါးနှင့် လောကီအဘိညာဏ်ကို ရရှိလေ၏။ ဘဂုမထေရ်နှင့် ကိမိလမထေရ်သည် နောင်တွင် အရဟတ္တဖိုလ်သို့ ရောက်တော်မူကြ၏။

ထိုမှလွန်၍ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် များစွာသော ရဟန်တို့အား ဧတဒဂ်ဘွဲ့ထူးဂုဏ်ထူးများ ပေးအပ်ချီးမြှင့်သောအခါ

မြတ်စွာဘုရားသည် အရှင်အနုရုဒ္ဓါအား "ငါဘုရား၏ ဒိဗ္ဗစက္ခုအဘိညာဏ်ကို ရကြသော သာဝကများထဲတွင် အနုရုဒ္ဓါသည် အသာလွန်၊ အမြတ်ဆုံးဖြစ်၏" ဟု ဧတဒဂ်အရာ၌ ထားတော်မူ၏။

၈။ အရှင်မန္တာဏိပုတ္တ–ပုဏ္ဏမထေရ်

ပုဏ္ဏမထေရ်အလောင်းတော်သည် ကပိလဝတ်မင်းနေပြည်တော်အနီး ဒေါဏ ဝတ္ထုမည်သော ပုဏ္ဏားရွာ ပုဏ္ဏားသူဌေးမျိုး၌ဖြစ်၏။ ငယ်မည်မှာ ပုဏ္ဏဖြစ်၏ မိခင် မန္တာဏိ ပုဏ္ဏေးမကြီး၏ အမည်ကိုစွဲ၍ မန္တာဏိပုတ္တ–ပုဏ္ဏမထေရ်ဟုခေါ်ကြ၏။ မန္တာဏိ ပုဏ္ဏေးမကြီးသည် မြတ်စွာဘုရား၏ သာသနာဝယ် သစ္စာလေးပါးကို အလျဉ်ဆုံး အဦးဆုံး သိမြင်သော ရဟန်းတို့တွင် အသာလွန်ဆုံး၊ အမြတ်ဆုံး၊ ရတ္တညူဧတဒဂ်ရ အရှင် ကောဏ္ဍညမထေရ်ကြီး၏ နှမဖြစ်၍ ပုဏ္ဏမထေရ်သည် ထိုအရှင်၏တူလည်းဖြစ်၏။

ထိုမန္တာဏိပုတ္တ–ပုဏ္ဏမထေရ်သူမြတ်အလောင်း သူတော်ကောင်းသည် လွန်လေ ပြီးသော ကမ္ဘာတစ်သိန်းအထက်က ပဒုမုတ္တရမြတ်စွာဘုရားပွင့်တော်မူကာလ ဟံသာဝတီ မြို့၌ ပုဏ္ဏားမျိုးတွင်ဖြစ်၍ ဂေါတမဟူသောအမည်တွင်၏။ အရွယ်သို့ရောက်သော် ဗေဒင် သုံးပုံ၌ ကျွမ်းကျင်လိမ္မာသူဖြစ်၍ အခြံအရံငါးရာနှင့်အတူ လှည့်လည်သွားနေရင်းနှင့်ပင် မိမိတတ်မြောက်ကျွမ်းကျင်ထားသော အတတ်ပညာသည် အနှစ်မရှိ၊ ဖြဟ္မာပြည်သို့ ရောက်ရန်အလို့ငှာ တရားကိုသာရှာမှီးအံ့ဟု ကြံလျက်တပည့်ငါးရာတို့နှင့်အတူ ရဟန်း ပြု၏။ ဂေါတမရသေ့နှင့် တပည့်တို့သည် ကသိုဏ်းပရိကံပွားကြသဖြင့် အားလုံးပင် လောကီ အဘိညာဏ်ငါးပါးနှင့် တကွ ဈာန်သမာပတ်တို့ကို ရကြကုန်၏။

ပဒုမုတ္တရမြတ်စွာဘုရားသည် ဂေါတမရသေ့၏ နောင်အနာဂတ်တွင် ဓမ္မကထိက အရာ၌ အသာလွန်ဆုံး ဧတဒဂ်ရပုဂ္ဂိုလ်ဖြစ်အံ့သည်ကို မြင်တော်မူ၍ ဂေါတမရသေ့၏ ကျောင်းသင်္ခမ်းသို့ကြွရောက်လာတော်မူ၏။ ဂေါတမရသေ့သည် မြတ်စွာဘုရားကိုမြင် သည်နှင့် ခရီးဦးကြိုဆိုကာ ဘုရားနေရာတော်ကို ခင်းပေးလေ၏။ မြတ်စွာဘုရားလည်း ခင်းအပ်သောနေရာတော်တွင် ထိုင်လျက်တရားဟောတော်မူ၏။ ထို့နောက် အခြား တပည့်တို့သည် ရောက်လာကြကုန်၍ ၎င်းတို့ရွေးဆွတ်ရှာဖွေခဲ့ကြသော သစ်သီးများအား သစ်သီးဆွမ်းကပ်လှူကြ၏။

မြတ်စွာဘုရား ဆွမ်းဘုန်းပြီးသော် အဂ္ဂသာဝကနှစ်ပါးနှင့် ရဟန်းတစ်သိန်းနှင့် အတူ ငါ့ထံမှောက်ရောက်စေသတည်းဟု ကြံစည်တော်မူလိုက်ရာ မကြာမီ ရောက်လာကြလေ၏။ ထိုအခါ ဂေါတမရသေ့သည် ဘုရားအမှူးရှိသော သံဃာတို့အား ပူဇော်ရန် ပန်းမျိုးစုံကို ရှာဖွေရွေးဆွတ်စေ၍ ပန်းနေရာတော်ကို ပြင်ဆင်ကြကုန်၏။ မြတ် စွာဘုရားလည်း ထိုပန်းနေရာထက်တွင် ထိုင်တော်မူ၍ နိရောဓသမာပတ်ကို ဝင်စားတော် မူ၏။

ခုနစ်ရက်မြောက်သောနေ့၌ မြတ်စွာဘုရားသည် နိရောဓသမာပတ်မှထ၍ ဓမ္မကထိက တေဒဂ်ရ သာဝကရဟန်းအား ပန်းနေရာအနုမောဒနာဟောကြားစေတော်မူသော် ဂေါတမရသေ့သည် နောင်ပွင့်တော်မူမည့် ဘုရားသာသနာတွင် ထိုသာဝကအရှင်မြတ်ကဲ့သို့ တေဒဂ်ဘွဲ့ရ ဓမ္မကထိကရဟန်းအဖြစ်ရလိုသော ဆန္ဒသည် ကြီးမားစွာပေါ်ပေါက်လာ၏။ ထို့နောက်တွင် မြတ်စွာဘုရားသည် မင်္ဂဖိုလ်ရောက်ကြောင်း တရားတော်ကို ဆက်၍ဟောကြားတော်မူ၏။ ဒေသနာအဆုံးတွင် ဂေါတမရသေ့သည် မြတ်စွာဘုရားထံတော်တွင် ထိုတရားဟောကြားရာ၌ အသာလွန်ဆုံးသော တေဒဂ်ဘွဲ့ရ မထေရ်မြတ်ကဲ့သို့ နောင်ပွင့်တော်မူမည့် ဘုရားတစ်ဆူဆူတွင် တေဒဂ်ဘွဲ့ရ ဓမ္မကထိကအဖြစ် ရလိုကြောင်း ဆုတောင်းလေ၏။ မြတ်စွာဘုရားလည်း နောင်ပွင့်လတ္တံ့သော ဂေါတမမြတ်စွာဘုရား သာသနာ၌ မန္တာဏီပုတ္တ–ပုဏ္ဏမထေရ်ဟူသော အမည်ဖြင့် တရားဒေသနာဟောကြားတော်မူသော ရဟန်းတို့တွင် အသာလွန်ဆုံး တေဒဂ်ဘွဲ့ရ သာဝကမထေရ်မြတ်သည် ဖြစ်အံ့” ဟု ဗျာဒိတ်ပေးတော်မူ၏။

ဂေါတမရသေ့သည် မြတ်စွာဘုရားအား အသက်ထက်ဆုံး ပြုစုလုပ်ကျွေးလျက် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်တို့၌ ကျင်လည်ပြီးနောက် ဤဂေါတမမြတ်စွာဘုရား၏ သာသနာဝယ် ကပိလဝတ်မင်းနေပြည်တော်အနီး ဒေါဏဝတ္ထုရွာ၊ ပုဏ္ဏားမျိုး၌ဖြစ်၏။ မိခင်မန္တာဏီပုဏ္ဏေးမအမည်ကိုစွဲ၍ မန္တာဏီပုတ္တ–ပုဏ္ဏဟု အမည်တွင်၏။

ထိုအချိန်တွင် ဂေါတမမြတ်စွာဘုရားပွင့်တော်မူ၍ ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူ၏။ ဦးရီးတော်စပ်သူ ကောဏ္ဍညမထေရ်သည် သူ၏နှမသားပုဏ္ဏအား ရှင်ရဟန်းပြုပေးပြီးလျှင် မြတ်စွာဘုရားထံခေါ်ဆောင်လာပြီး မြတ်စွာဘုရားအားဖူးမြင်စေ၏။ ပုဏ္ဏမထေရ်သည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို နာကြား၍ ရဟန်းတရားပွားများအားထုတ်ရာ မကြာမီ အရဟတ္တဖိုလ်သို့ရောက်တော်မူလေ၏။

မန္တာဏီပုတ္တ–ပုဏ္ဏမထေရ်ထံ၌ အမျိုးကောင်းသားငါးရာတို့သည် ရဟန်းပြုကြကုန်၏။ ထိုရဟန်းတို့ကို မထေရ်သည် ကထာဝတ္ထုဆယ်ပါးတို့ဖြင့် ဆုံးမတော်မူရာ အားလုံးပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကုန်၏။ မန္တာဏီပုတ္တ–ပုဏ္ဏမထေရ်အား တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာသည် ဝိသုဒ္ဓိခုနစ်ပါးတရားအစဉ်ကို မေးမြန်းတော်မူရာ အရှင်ပုဏ္ဏမထေရ်သည် မေးတိုင်းသောပြဿနာတို့ကို ကောင်းစွာဖြေကြားတော်မူ၏။

မြတ်စွာဘုရားသည် တစ်ခုသောတရားသဘင်၌ “ရဟန်းတို့ တရားဟောကောင်းကြသည့် ငါ့သားတပည့်သာဝက ရဟန်းတို့တွင် မန္တာဏီပုဏ္ဏေးမ၏သား ပုဏ္ဏမထေရ်သည် အသာလွန်ဆုံး၊ အမြတ်ဆုံးဖြစ်၏” ဟု တေဒဂ်ထားတော်မူ၏။

မှတ်ချက်။ ။ ကထာဝတ္ထုဆယ်ပါးတို့မှာ–

| | | |
|---|---|---|
| ၁။ အပ္ပိစ္ဆကထာ | = | အလိုနည်းမှုနှင့် စပ်သောတရားစကား |
| ၂။ သန္တုဋ္ဌိကထာ | = | ရောင့်ရဲလွယ်မှုနှင့် စပ်သောတရားစကား |

ပဋ္ဌာန်ပြားငှေမောက်ဓာပေ

၃။ ပဝိဝေက ကထာ = ဝိဝေကသုံးပါးနှင့် စပ်သောတရားစကား
၄။ အသံသဂ္ဂကထာ = သံသဂ္ဂငါးမျိုးမှကင်းခြင်းနှင့် စပ်သောတရားစကား
၅။ ဝီရိယာရမ္ဘကထာ = ဝီရိယနှင့် စပ်သောတရားစကား
၆။ သီလကထာ = သီလနှင့် စပ်သောတရားစကား
၇။ သမာဓိကထာ = သမာဓိနှင့် စပ်သောတရားစကား
၈။ ပညာကထာ = ပညာနှင့် စပ်သောတရားစကား
၉။ ဝိမုတ္တိကထာ = အရဟတ္တဖိုလ်နှင့် စပ်သောတရားစကား
၁၀။ ဝိမုတ္တိဉာဏဒဿနကထာ = ပစ္စဝေက္ခဏာဉာဏ်နှင့် စပ်သောတရားစကား
တို့ဖြစ်၏။

၉။ အရှင်သီဝလိမထေရ်

အရှင်သီဝလိမထေရ်အလောင်း အမျိုးသားကောင်းသည် ကျွန်ုပ်တို့၏ မြတ်စွာဘုရားပွင့်ထွန်းတော်မူလာချိန်တွင် ကောလိယသာကီဝင်မင်းမျိုး၌ဖြစ်၏။ မယ်တော်ကား သုပ္ပဝါသာခေါ် သာကီဝင်မင်းသမီးဖြစ်၏။ အရှင်သီဝလိ မထေရ်အလောင်းအလျာကို ကိုယ်ဝန်ဆောင်စဉ် မယ်တော်သည် ရှေးကထက်ပစ္စည်းဥစ္စာတို့သည် ပြည့်စုံကုန်၏။ လူအပေါင်းတို့ကို ပေးလှူသည်ရှိသော် ပေးလှူသောပစ္စည်းသည် မကုန်နိုင်ပေ။

မယ်တော်သည် ထိုကိုယ်ဝန်ကို ဆယ်လမက ခုနစ်နှစ်တိုင်အောင် ဆောင်ခဲ့ရသော်လည်း မမွေးဖွားနိုင်ဘဲရှိရာ ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားသဖြင့် မြတ်စွာဘုရားက "ကောလိယ မင်းသမီး သုပ္ပဝါသာသည် အနာရောဂါမရှိ ပကတိချမ်းသာစွာ သားကိုမွေးဖွားစေသတည်း" ဟု မိန့်တော်မူ၏။ ထိုခဏ၌ ချက်ချင်းပင် မင်းသမီးသည် သားယောက်ကိုချမ်းသာစွာ ဖွားမြင်၏။ ထိုသူငယ်ကိုလည်း သီဝလိဟုအမည်ပေး၏။

သီဝလိသူငယ်သည် မိခင်ဝမ်း၌ ခုနစ်နှစ်ကြာအောင်နေခဲ့ရသောကြောင့် အခြားခုနစ်နှစ်အရွယ် သူငယ်တို့ကဲ့သို့ပြုနိုင်စွမ်း ရှိသူဖြစ်၏။ ထို့ကြောင့် မွေးဖွားပြီး(၇)ရက်ကြာသော် အရှင်သာရိပုတ္တရာသည် သီဝလိသူငယ်နှင့် စကားနီးနှောရာမှ သီဝလိသည်ရှင်အဖြစ်သို့ ရောက်၏။ ရှင်သီဝလိသူငယ်သည် ပထမဆံဝန်းကိုရိတ်စဉ် ခဏ၌ သောတာပတ္တိဖိုလ်၌တည်၏။ ဒုတိယဆံဝန်းရိတ်စဉ် ခဏတွင် သကဒါဂါမ်အဖြစ်လည်းကောင်း၊ တတိယဆံဝန်းရိတ်စဉ်ခဏ၌ အနာဂါမ်အဖြစ်လည်းကောင်းရောက်၍ အားလုံးသောဆံဝန်းကိုရိတ်ပြီးသော် အရဟတ္တဖိုလ်သို့ရောက်လေ၏။

ထိုသီဝလိသူငယ်ကို ရှင်ရဟန်းပြုသောနေ့မှစ၍ ရဟန်းသံဃာတော်တို့အား ပစ္စည်းလေးပါးသည် အလိုရှိတိုင်းပေါ်များကုန်၏။ ထို့ကြောင့်ပင် မြတ်စွာဘုရားက အရှင်သီဝလိမထေရ်အား "ပစ္စည်းလေးပါး၊ လာဘ်လာဘပေါ်များသော ရဟန်းတို့တွင် သီဝလိရဟန်းသည် အသာလွန်ဆုံး၊ အမြင့်မြတ်ဆုံး ဧတဒဂ်ကို ချီးမြှင့်တော်မူ၏။

အရှင်သီဝလိမထေရ်၏ ရှေးအကြောင်းကား ဤသို့ဖြစ်၏။

အရှင်သီဝလိမထေရ်လောင်း အမျိုးကောင်းသားသည် ကမ္ဘာတစ်သိန်းထက်က ပွင့်တော်မူသော ပဒုမုတ္တရမြတ်စွာဘုရားအား ခုနစ်ရက်ပတ်လုံး အလှူကြီးပေးကာ ထိုမြတ်စွာဘုရားထံမှောက်တွင် ထိုမြတ်စွာဘုရား၏ သာသနာဝယ်လာဘ်လာဘပေါများသော ရဟန်းတို့တွင် အသာလွန်ဆုံးဧတဒဂ်ရမထေရ်ကဲ့သို့ ဖြစ်ရပါလို၏ဟု ဆုတောင်းခဲ့၏။

တစ်ဖန်တုံလည်း ယနေ့မှ (၉၁)ထက်၌ ပွင့်တော်မူသော ဝိပဿီမြတ်စွာဘုရားထံတော်၌ ပျားရည်နှင့်နို့ခဲကို လှူဒါန်းပြီး "ဖြစ်လေရာ သံသရာဘဝ၌ လာဘ်လာဘပေါများရာ၌ အထွတ်အမြတ်ရောက်သူ၊ အခြံအရံအကျော်အစော၌ အထွတ်အမြတ်ရောက်သူ ပုဂ္ဂိုလ်စင်စစ်ဖြစ်ရလို၏" ဟု ဆုတောင်းခဲ့၏။

ထိုဆုတောင်းများကြောင့် အရှင်သီဝလိမထေရ်သည် ဤမျက်မှောက်ဘဝ ဝယ် ဂေါတမမြတ်စွာဘုရားထံမှောက်၌ လာဘ်လာဘပေါများသူ ရဟန်းတို့တွင် အသာလွန်ဆုံး၊ အမြတ်ဆုံး ဧတဒဂ်ရသာဝက မထေရ်တစ်ပါးအဖြစ်သို့ ရောက်ခဲ့ရခြင်းဖြစ်လေ၏။

**၁၀။ အရှင်သုဘူတိမထေရ်**

သုဘူတိမထေရ်အလောင်း အမျိုးကောင်းသားသည် သာဝတ္ထိပြည်သုမနသူဌေး၏သား၊ အနာထပိဏ်သူဌေး၏ ညီဖြစ်၍ သုဘူတိဟုအမည်တွင်၏။ တစ်နေ့သော် နောင်တော်ဖြစ်သော အနာထပိဏ်သူဌေးနှင့် အတူ ဇေတဝန်ကျောင်းတော်ကြီးကို ရေစက်ချလှူဒါန်းပွဲသို့ တက်ရောက်၍ မြတ်စွာဘုရားဟောကြားအပ်သော တရားတော်ကို နာရလျှင်ကြီးစွာသော သဒ္ဓါတရားဖြစ်ပေါ်၍ ရဟန်းပြု၏။ သုဘူတိမထေရ်တွင်၏။

သုဘူတိမထေရ်သည် ဒွေမာတိကာတို့ကို ကောင်းစွာသင်ယူတက်မြောက်ပြီးနောက် ရဟန်းတရားပွားများကာ အားထုတ်လေသော် မေတ္တာဈာန်ကို အခြေပြုကာ ဝိပဿနာတရားပွားများတော်မူရာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူ၏။ မထေရ်မြတ်သည် ဆွမ်းခံကြွရာ၌ မေတ္တာဈာန်မှ ထပြီးမှ အလှူခံလေ့ရှိသဖြင့် မြတ်သော အလှူကိုခံထိုက်ရာ၌ အသာလွန်ဆုံး၊ အမြတ်ဆုံး ဧတဒဂ်ဘွဲ့ကိုလည်းကောင်း၊ ကိလေသာကင်းကွာ ချမ်းသာစွာနေခြင်း၌ အသာလွန်ဆုံး၊ အမြတ်ဆုံးဧတဒဂ်ဘွဲ့ကိုလည်းကောင်း၊ ဧတဒဂ်ဘွဲ့ထူးနှစ်ခုကို ရရှိတော်မူသော မထေရ်မြတ်တစ်ပါးဖြစ်တော်မူ၏။

ဤကဲ့သို့ ထူးခြားလှသည့် ဧတဒဂ်ဘွဲ့ထူးများကိုအပ်နှင်းခြင်းခံရသည်မှာ ရှေးအတိတ်ကပြုခဲ့သော ဆုတောင်းကြောင့် ဖြစ်ပေ၏။ အရှင်မြတ်၏ဆုတောင်းကား ဤသို့တည်း။

လွန်လေပြီးသော ကမ္ဘာတစ်သိန်းထက်က လူ့လောကတွင် ပဒုမုတ္တရမြတ်စွာဘုရားပွင့်တော်မမူမီကာလတွင် ပုဏ္ဏားမျိုး၌ဖြစ်၍ နန္ဒလုလင်ဟုအမည်တွင်၏။ အရွယ်ရောက်သော် ဗေဒင်ကျမ်းများကို သင်ယူသဖြင့် တစ်ဘက်ကမ်းရောက်အောင် တက်မြောက်၏။ သို့သော် ဗေဒင်အတက်၌ အနှစ်သာရကိုမတွေ့ရသဖြင့် မိမိ၏အခြံအရံများနှင့်

အတူ ရဟန်းပြု၏။ ကမ္မဋ္ဌာန်းတရားအားထုတ်ကြရာ ဈာန်အဘိညာဏ်ရပုဂ္ဂိုလ်များဖြစ်ကြကုန်၏။

ထိုအချိန်တွင် ပဒုမုတ္တရမြတ်စွာဘုရားပွင့်တော်မူလာ၍ နန္ဒရသေ့နှင့်အပေါင်းပါတို့ နေထိုင်ရာ အရပ်သို့ကြွလာ၏။ နန္ဒရသေ့နှင့် တပည့်အပေါင်းတို့သည် မြတ်စွာဘုရားအား သစ်သီးဆွမ်းဖြင့်လည်းကောင်း၊ ပန်းနေရာခင်းကျင်း၍လည်းကောင်း လှူဒါန်းဆက်ကပ်ပူဇော်ကြ၏။ ထိုအလှူအဖို့ အနုမောဒနာပြုရန် မြတ်စွာဘုရားသည် (၁)ကိလေသာကင်းရှင်းစွာနေခြင်းအင်္ဂါ (၂) မြတ်သောအလှူကိုခံထိုက်ခြင်းအင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော သာဝက မထေရ်အား အမိန့်ပေးသဖြင့် ထိုမထေရ်သည် ပိဋကတ်သုံးပုံကို ဆင်ခြင်၍ တရားဟော၏။

နန္ဒရသေ့သည် ထိုဧတဒဂ်ဘွဲ့နှစ်ခုရ သာဝကမထေရ်ကဲ့သို့ဖြစ်လိုသော ဆန္ဒသည် ပြင်းပြစွာပေါ်လာရာ မြတ်စွာဘုရားထံ၌"ဤပြုရသော ကုသိုလ်တို့ကြောင့် နောင်ပွင့်တော်မူမည့် မြတ်စွာဘုရား တစ်ဆူဆူတွင် ထိုရဟန်းကဲ့သို့ ဖြစ်ရပါလို၏။" ဟု ဆုတောင်းလေ၏။ မြတ်စွာဘုရားသည် နောင်ပွင့်တော်မူမည့် ဂေါတမမြတ်စွာဘုရား၏ သာသနာတွင် သုဘူတိဟူသောအမည်ဖြင့် ကိလေသာကင်းရှင်းစွာနေခြင်း၊ မြတ်သော အလှူကိုခံထိုက်ခြင်းဟူသော အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသူ ဧတဒဂ်ဘွဲ့ထူးနှစ်ခု ရသာဝက ရဟန်းဖြစ်အံ့" ဟု ဗျာဒိတ်ပေးတော်မူခဲ့၏။ ဤဆုတောင်းနှင့်အညီ သုဘူတိမထေရ်သည် မြတ်စွာဘုရား၏ ဧတဒဂ်ဘွဲ့နှစ်ခုဖြင့် ချီးမြှင့်ခြင်းခံရသူ သာဝကမထေရ်မြတ်ဘဝသို့ ရောက်ခဲ့ရခြင်းဖြစ်ပေ၏။

## ၁၁။ အရှင်ဝက္ကလိမထေရ်

ဝက္ကလိမထေရ်အလောင်း အမျိုးသားကောင်းသည် အကျွန်ုပ်တို့ဂေါတမမြတ်စွာဘုရားပွင့်ထွန်းတော်မူသော ကာလတွင် သာဝတ္ထိပြည်တွင် ပုဏ္ဏားမျိုး၌ဖြစ်လာ၏။ အမည်ကား ဝက္ကလိလုလင်ဖြစ်၏။ အရွယ်ရောက်လတ်သော ဗေဒင်သုံးပုံ၌ တစ်ဘက်ကမ်း ရောက်အောင် တတ်မြောက်လေ၏။

ဝက္ကလိလုလင်သည် တစ်နေ့သော် ရဟန်းအပေါင်းခြံရံလျက် သာဝတ္ထိပြည်တွင်းသို့ ကြွချီတော်မူလာသော မြတ်စွာဘုရားကို ဖူးမြော်ရ၍ မြတ်စွာဘုရား၏ ရူပကာယ အသရေတော်ကို ဖူးမြော်ရခြင်း၌ တင်းတိမ်ရောင့်ရဲမှု မရှိရကား နောက်တော်မှ လိုက်လာကာ ကျောင်းတော်သို့ လိုက်လာ၏။ မြတ်စွာဘုရားသည် တရားကိုဟောတော်မူသော် ဘုရားရှင်၏ မျက်မှောက် (ရှေ့တည့်တည့်)၌နေ၍ တရားကိုနာယူလေ၏။

ဝက္ကလိသည် ဤမျှနှင့်မရောင့်ရဲသေးဘဲ မြတ်စွာဘုရားအား ထာဝစဉ်ဖူးမြော်ခွင့် ရစေရန် ရည်ရွယ်၍ ဘုရားရှင်ထံတော်၌ ရဟန်းပြုလေ၏။ ဝက္ကလိမထေရ်သည် ဆွမ်းဘုဉ်းပေးသော အချိန်ကိုထား၍ ကျန်အချိန်များတွင် မြတ်စွာဘုရားအား ဖူးမြင်လောက်သော နေရာတွင်ထိုင်ကာ ဖူးမြင်လျက်သာနေ၏။ ရဟန်းတရားပွားများခြင်းကိုကား မပြုချေ။

မြတ်စွာဘုရားသည် ထိုအကြောင်းကို သိသော်လည်း တစ်စုံတစ်ရာ မိန့်ကြားခြင်း မပြုဘဲ ဝက္ကလိရဟန်း၏ ဉာဏ်ရင့်ကျက်ခြင်းသို့ ရောက်သည့်တိုင်စောင့်ဆိုင်းလျက် နေတော်မူ၏။ တစ်နေ့သော် ဝက္ကလိ၏အသိတရားရစေရန် တတ်နိုင်လောက်ပြီဟု သိတော်မူလျှင် ဤသို့မိန့်ကြားလေ၏။

"ချစ်သား ဝက္ကလိ– ဤခန္ဓာအပုပ်အကောင်ကို ကြည့်နေခြင်းဖြင့် သင့်အား အဘယ်အကျိုးရှိအံ့နည်း။ ငါဘုရားဟောတော်မူသော တရားကိုရှုကြည့်သူသည်သာ ငါဘုရားအား ရှုကြည့်သူ၊ ကြည်ညိုသူဖြစ်၏။ သင်သည် ငါဟောကြားအပ်သော တရားကို ရှုမှတ်ပွားများပါလော့" ဟု မိန့်ကြားသော်လည်း ဘုရားရှင်အနားမှ မခွာဘဲနေပြန်၏။

မြတ်စွာဘုရားသည် ဝက္ကလိရဟန်းအား ထိတ်လန့်စေခြင်းငှာ "ဝက္ကလိ ရဟန်း၊ ငါဘုရား၏ အနီးမှလွတ်ရာဖယ်ရှားသွားလေလော့" ဟု နှင်ထုတ်တော်မူ၏။ ဝက္ကလိလည်း ငါ့အားဘုရားရှင်သည် နှင်ထုတ်လေပြီဟု ဝမ်းနည်းကာ ဂိဇ္ဈကုဋ်တောင်ကမ်းပါးမှ ခုန်ချရန် ဟန်ပြင်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် ကျောင်းတော်မှ နေ၍ ဝက္ကလိရှိရာ အရပ်ဆီသို့ ရောင်ခြည်တော်လွှတ်ကာ ဝက္ကလိရဟန်းစိတ်ရွှင်လန်းနေခိုက်၌ တရားကိုညွှန် ပြကာ "လာလော့ –ချစ်သား" ဟု ခေါ်တော်မူ၏။

ဝက္ကလိရဟန်းလည်း အားကြီးသောပီတိသည်ဖြစ်လျက် ဘုရားရှင်နှင့်မျက်နှာမူမိရာ ကောင်းကင်သို့ ပျံတက်၍ မြတ်စွာဘုရားဟောတော်မူသော တရားကိုဝိပဿနာ တင်ဆင်ခြင်လျက်ပင် အရဟတ္တဖိုလ်သို့ရောက်လေ၏။ မြတ်စွာဘုရားလည်း ဝက္ကလိမထေရ်အား "သက်ဝင်ယုံကြည်မှု သဒ္ဓါတရားရှိခြင်း၌ ဝက္ကလိရဟန်းသည် အသာလွန်ဆုံး ဖြစ်၏။ " ဟူသော ဧတဒဂ်ဘွဲ့ထူးကို ပေးတော်မူ၏။

ဤသို့ ဝက္ကလိမထေရ် ယုံကြည်မှု သဒ္ဓါအရာ၌ ဧတဒဂ်ရတော်မူသည်မှာ ကမ္ဘာ တစ်သိန်းထက်၌ ပွင့်တော်မူသော ပဒုမုတ္တရ ဘုရားရှင်ထံတွင် ဆုတောင်းခဲ့သောကြောင့် ဖြစ်၏။ ထိုဘဝ၌ ဝက္ကလိမထေရ်အလောင်းအလျာသည် အမျိုးကောင်းသားတစ်ယောက် ဖြစ်ပြီး ထိုမြတ်စွာဘုရား၏ တရားတော်ကိုနာနေစဉ် မြတ်စွာဘုရား၏ သဒ္ဓါတရားကြီးမား လွန်ကဲခြင်း၌ ဧတဒဂ်ရသာဝကရဟန်းကို အားကျ၍ ထိုရဟန်းကဲ့သို့ နောင်လာမည့်ဘုရား တစ်ဆူဆူတွင် ဖြစ်ရပါစေသော" ဟု ဆုတောင်းခဲ့၏။ မြတ်စွာဘုရားလည်း ဆုတောင်း တိုင်း ပြည့်စုံမည်ကိုသိ၍ ဗျာဒိတ်စကားမြွက်ကြားတော်မူ၏။

### ၁၂။ အရှင်ရာဟုလာမထေရ်နှင့် အရှင်ရဋ္ဌပါလမထေရ်

အရှင်ရာဟုလာမထေရ်အလောင်း အမျိုးသားကောင်းသည် အလောင်းတော် သိဒ္ဓတ္ထမင်းသားနှင့် ယသော်ဓရာမိဖုရားတို့မှ မွေးဖွားလာသူဖြစ်၏။ သက်တော်ခုနစ်နှစ် အရွယ်ကပင်လျှင် မြတ်စွာဘုရားထံသို့ရောက်၍ ရှင်ရဟန်းဖြစ်လာ၏။ ဘုရားရှင်သည် သားတော်၏ သိက္ခာပုဒ်၌ ပျက်ယွင်းခြင်းမရှိစေရန် ရာဟုလောဝါဒသုတ် ဒေသနာ ဖြင့် မပြတ်ဆုံးမ၏။ ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာကဿပတို့ထံမှ လည်း အဆုံးအမတို့ကို မပြတ်နာယူ၏။

ရှင်ရာဟုလာသည် နံနက်စောစွာထ၍ သဲကိုလက်ခုပ်ဖြင့် ကျုံးပြီးသော် ဤသဲလုံးမျှလောက်သော ဩဝါဒစကားတို့ကို မြတ်စွာဘုရားထံမှလည်းကောင်း၊ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာကဿပတို့ထံမှလည်းကောင်း ယနေ့နာကြားရမူ ငါ့အားကောင်းလေစွဟု တောင့်တလေ့ရှိ၏။

ခုနစ်နှစ်အရွယ်မှ တစ်ဆယ့်ရှစ်နှစ်အရွယ်တိုင်အောင် ပျက်ရယ်သောစကားကို ရံခါမျှမဆို၊ "ငါ မြတ်စွာဘုရားသားတော်ပဲ" ဟူသော မိမိ၏ဇာတိမာန်ဖြင့် ခက်ထန်တင်းမာခြင်းလည်းမရှိ၊ မြတ်စွာဘုရား၏ ဝစ္စကုဋီ၌ပင်အိပ်ကာ မိမိကိုယ်ကိုနှိမ့်ချတတ်၏။ မြတ်စွာဘုရားသည် သားတော်၏သက်တော် တစ်ဆယ့်ရှစ်နှစ်အရွယ်၊ ဉာဏ်ရင့်သောအဖြစ်ကို သိတော်မူ၍ စူဠရာဟုလောဝါဒသုတ်တော်ကို ဟောတော်မူရာ အရှင်ရာဟုလာသည် ဒေသနာတော်အဆုံး၌ အရဟတ္တဖိုလ်သို့ ရောက်တော်မူ၏။

မြတ်စွာဘုရားသည် အရှင်ရာဟုလာမထေရ်အား "သိက္ခာသုံးပါးလိုလားကြသည့် တပည့်သာဝကများထဲတွင် ရာဟုလာသည် အသာလွန်ဆုံး၊ အမြတ်ဆုံးဖြစ်ပေ၏" ဟု ဧတဒဂ်ဘွဲ့ကိုပေးတော်မူ၏။

အရှင်ရာဟုလာမထေရ်၏ ရှေးအကြောင်းကား လွန်လေပြီးသော ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူသော ပဒုမုတ္တရမြတ်စွာဘုရား၏ သာသနာတော်တွင် သူကြွယ်အမျိုး၌ ဖြစ်၏။ သူ့တွင် အခြားမိတ်ဆွေသူကြွယ်တစ်ဦးလည်းရှိ၏။ ထိုသူကြွယ်နှစ်ဦးသည် ဟိမဝန္တာနေ တန်ခိုးရှင်ရသေ့နှစ်ဦးအား ဆွမ်းလုပ်ကျွေးကြ၏။ ရသေ့တို့က ဆွမ်းအနုမောဒနာပြုကြပြီးသော် အရှင်ရာဟုလာအလောင်း သူကြွယ်က နဂါးမင်းအဖြစ်ကို ဆုတောင်း၏။ အခြားမိတ်ဆွေသူကြွယ်ကား သိကြားမင်းဆုတောင်း၏။ သူတို့နှစ်ဦးလည်း ဆုတောင်းသည့်တိုင်း ဖြစ်ကြကုန်၏။

အရှင်ရာဟုလာအလောင်း နဂါးမင်းသည် အခြားနတ်မင်းကြီးတို့နှင့်အတူ သိကြားမင်းထံ ခစားဆည်းကပ်ရန်သွားသောအခါ နဂါးမင်းနှင့် သိကြားမင်းတို့သည် မိမိတို့၏ ရှေးဘဝအကြောင်းကို သတိရကြကုန်သော် နဂါးမင်းသည် မိမိဘဝအဖို့ ရှက်နိုး၍ စိတ်မကောင်းဖြစ်လေ၏။ ထိုအခါ မိတ်ဆွေသိကြားမင်းက နဂါးမင်းအား လူ့ပြည်၌ပွင့်ထွန်းလျက်ရှိတော်မူသော ပဒုမုတ္တရဘုရားရှင်ထံ ကောင်းမှုကြီးစွာပြု၍ သိကြားမင်းဘဝကို တောင့်တ၍ ဆုတောင်းရန် အားပေးစကားပြောလေသော် နဂါးမင်းလည်း မိတ်ဆွေနဂါးမင်းအကြံအတိုင်း ပြုလုပ်၏။

နဂါးမင်းသည် မြတ်စွာဘုရားအား နဂါးဗိမာန်သို့ပင့်ဖိတ်ကာ အလှူကြီးပေးလေ၏။ ထိုအခါ မြတ်စွာဘုရားသည် သားတော်ဥပရေဝတမည်သော သာမဏေနှင့်အတူကြွလာကာ ဘုရား၏ နေရာတော်၌ ထိုင်နေ၏။ ထိုအခါ ရှင်ရာဟုလာအလောင်းနဂါးမင်းသည် ဘုရားရှင်၏နောက်ဆုံးနေရာ၌ ထိုင်နေတော်မူသော ဘုရား၏သားတော် ဥပရေဝတ သာမဏေငယ်ကိုကြည့်ကာ ထိုသာမဏေကဲ့သို့ ဖြစ်လိုသော ဆန္ဒသည် ကြီးမားလှကာ ထိုသာမဏေကဲ့သို့ နောင်ပွင့်တော်မူမည့် ဘုရားတစ်ဆူဆူထံ၌ ဖြစ်ရပါလို

၏။" ဟု ဆုတောင်း၏။ ထိုဆုတောင်းသည့်အတိုင်း ဧကန်ဖြစ်လိမ့်မည်ကို မြင်တော်မူသော မြတ်စွာဘုရားသည် "နောင်သောအခါတွင် ဂေါတမမြတ်စွာဘုရား၏ သားတော်စင်စစ်ဖြစ်လတ္တံ့." ဟု ဗျာဒိတ်ပေးတော်မူ၏။

ထိုအကြောင်းကို နဂါးမင်းသည် မိတ်ဆွေသိကြားမင်းအား သိစေသောအခါ သိကြားမင်းလည်း မြတ်စွာဘုရားအားကြီးစွာသော ပူဇော်သက္ကာရပြုပြီး "တပည့်တော်သည် အရှင်ဘုရား၏သဒ္ဓါပဗ္ဗဇိတ တေဒဂ်ရ ရဟန်းကဲ့သို့ဖြစ်ရပါလို၏" ဟု ဆုတောင်းခဲ့ရာ ဤဂေါတမမြတ်စွာဘုရား၏ သာသနာဝယ် သဒ္ဓါပဗ္ဗဇိတတေဒဂ်ရ အရှင်ရဋ္ဌပါလမထေရ် သာဝက ရဟန်းတစ်ပါးဖြစ်လာလေ၏။

အရှင်ရဋ္ဌပါလမထေရ်အကြောင်းမှာကား ဤသို့တည်း။

ဤသို့ဖြင့် အရှင်ရဋ္ဌပါလ မထေရ်အလောင်းသိကြားမင်းသည် ပဒုမုတ္တရ မြတ်စွာဘုရား၏ထံတော်တွင် ထိုဘုရားရှင်၏ သဒ္ဓါပဗ္ဗဇိတ တေဒဂ်ရမထေရ်သာဝကအား ကြည်ညိုအားကျ၍ "ထိုရဟန်းကဲ့သို့ ဖြစ်ရပါလို၏" ဟု ဆုတောင်းရင်းရှိခဲ့သည့်အတိုင်း လူ့ပြည်နတ်ပြည်တို့၌ စုန်ချည်ဆန်ချည်လှည့်လည် ကျက်စားပြီးလျှင် ဤဂေါတမမြတ်စွာဘုရားလက်ထက်တော်သို့ ရောက်လာသောအခါ ကုရုတိုင်းကုလ္လကောဋ္ဌိက နိဂုံး၌ အမျိုးကောင်းသားတစ်ယောက် ဖြစ်လာ၏။

ထိုအမျိုးကောင်းသားသည် အရွယ်သို့ရောက်လျှင် မိဘတို့အား ခဲယဉ်းစွာခွင့်တောင်း၍ ရဟန်းပြု၏။ ထိုသို့ ရဟန်းပြုသည်ကို ဘခင်က မကျေနပ်သဖြင့် မိမိ၏ အိမ်တံခါးဝသို့ ရဟန်းတော်များ ကြွလာသည်ကိုမြင်တိုင်း ဆဲရေးရေရွတ်လေ့ရှိ၏။ အမျိုးကောင်းသား လည်း သဒ္ဓါတရားထက်သန်သူဖြစ်သည့်အလျောက် ဝိပဿနာတရားကို ပွားများအားထုတ်လေလျှင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်၍ အရှင်ရဋ္ဌပါလမထေရ်ဟု တွင်လေ၏။

မြတ်စွာဘုရားသည် နောင်တစ်ချိန်သောအခါ၌ အရိယာသံဃာတော်တို့၏ အလယ်၌ ထိုင်တော်မူ၍ တေဒဂ်ဘွဲ့ထူးချီးကျူးအပ်နှင်းတော်မူသောအခါ အရှင်ရဋ္ဌပါလမထေရ်ကို "ရဟန်းတို့ သဒ္ဓါတရားဖြင့် ရဟန်းပြုကြသည့် ငါဘုရား၏ တပည့်သာဝက ရဟန်းတို့တွင် ရဋ္ဌပါလမထေရ်သည် အသာဆုံး၊ အမြတ်ဆုံးဖြစ်ပေ၏။" ဟု တေဒဂ်ထားတော်မူလေ၏။

## ၁၃။ အရှင်အာနန္ဒာမထေရ်

ဤ ဂေါတမမြတ်စွာဘုရား၏ သာသနာတော်တွင် လူသိအများဆုံး၊ အကျော်ကြားဆုံး မထေရ်မြတ်တစ်ပါးဖြစ်တော်မူပြီး အသာလွန်ဆုံး၊ အမြတ်ဆုံးတေဒဂ်(၅)ဘွဲ့ရ ပုဂ္ဂိုလ်မြတ်ကား အရှင်အာနန္ဒာပင်ဖြစ်ပေ၏။ ဤသို့ ထူးခြားသောအဖြစ်ကို ရရှိနိုင်ရန်မှာလည်း ရှေးရှေးကပြုခဲ့သော ပါရမီအဆောက်အဦ ဆုတောင်းများကြောင့်ဖြစ်၏။

အရှင်အာနန္ဒာမထေရ် အလောင်းအမျိုးသားကောင်းသည် လွန်လေပြီးသော

ကမ္ဘာတစ်သိန်းထက်ကာလ၌ ပွင့်ထွန်းတော်မူသော ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော်တွင် ပဒုမုတ္တရမြတ်စွာဘုရား လူ့အဖြစ်ရှိစဉ်ကာလ ဖတူမိကွဲဖြစ်သော ညီငယ်ဖြစ်၏။ အမည်ကား သုမနမင်းသားဖြစ်၏။ ဖခမည်းတော် အာနန္ဒာမင်းကြီးသည် သားတော်ငယ် သုမနအား နေပြည်တော်မှ (၁၂၀)ယူဇနာဝေးသော အရပ်၌ မြို့စားအဖြစ်ခန့်ထားသဖြင့် တစ်ရံတစ်ခါသာလျှင် နေပြည်တော်သို့ လာရောက်၍ နောင်တော်မြတ်စွာဘုရားကို လည်းကောင်း၊ ဘခမည်းတော်ကိုလည်းကောင်းဖူးမြော်ရလေ၏။

တစ်နေ့သ၌ သုမနမင်းသားအုပ်ချုပ်ရာ နယ်မြေ၌ သူပုန်တို့ထကြွကြကုန်၍ မင်းသားသည် ထိုသူပုန်ရန်ကို အောင်မြင်စွာ ဖြိုခွင်းနိုင်သဖြင့် ခမည်းတော်မင်းကြီးက ဆုလာဘ်အဖြစ် နှစ်သက်ရာကို တောင်းပါလော့ဟု မိန့်တော်မူ၏။ မင်းသားလည်း အခြားဆုကို မတောင်းဘဲ ဝါတွင်းသုံးလပတ်လုံး (နောင်တော်) ပဒုမုတ္တရမြတ်စွာဘုရားကို ပြုစုလုပ်ကျွေးရန် ဆုကိုသာတောင်းလေသော် ခမည်းတော်မင်းကြီးက ခွင့်မပြု၍ "ချစ်သား–ဘုရားရှင်တို့၏ စိတ်သည် သိနိုင်ခဲလှ၏။ ဘုရားရှင်က သားတော်ပင့်ဆောင်ရာသို့ ကြွရောက်ရန် အလိုမရှိလျှင် အဘယ်မှာဖြစ်နိုင်အံ့နည်း" ဟု စကားကိုလွှဲ၍ဆိုလိုက်၏။

သုမနမင်းသားသည် မြတ်စွာဘုရား၏ စိတ်တော်ကိုသိရှိရန် ဘုရားရှင်သီတင်းသုံးရာ ကျောင်းတော်သို့ ရောက်သွား၏။ ရောက်လေသော် မြတ်စွာဘုရား၏ အလုပ်အကျွေး သုမနမထေရ်အား မြတ်စွာဘုရားအား ဖူးမြော်ခွင့်ရရန် ခွင့်တောင်း၏။ သုမနမထေရ်သည် ရေဟုထင်သော မြေပြင်၌ ငုပ်လျှိုး၍ ဘုရားရှင်သီတင်းသုံးတော်မူရာ ကျောင်းတော်သို့ သွားပြီး မြတ်စွာဘုရားအား ညီတော်သုမနဖူးမြော်လိုကြောင်း လျှောက်ထား၏။ ဘုရားရှင်က "ထိုသို့ဖြစ်လျှင် နေရာကိုခင်းလော့" ဟု မိန့်တော်မူရာ သုမနမထေရ်သည် သုမနမင်းသားမြင်စဉ်ပင် ဘုရားနေရာတော်ကို ယူဆောင်ခဲ့၍ ဂန္ဓကုဋီကျောင်းတော် အတွင်း၌ ငုပ်လျှိုပြီးလျှင် ပရိဝုဏ်အပြင်ဘက်၌ ထင်ရှားစွာပေါ်လာ၍ ဘုရားနေရာတော်ကို ခင်းလေ၏။ သုမနမင်းသားသည် ဤအံ့ဖွယ်နှစ်ပါးကိုမြင်သောအခါ "ဤရဟန်းသည် တန်ခိုးကြီးစွာတကား"ဟု စဉ်းစားဆင်ခြင်မိ၏။

မြတ်စွာဘုရားသည် ကျောင်းတော်မှ ထွက်၍ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူကာ သုမနမင်းသားအား နှုတ်ဆက်စကားပြောလေသော် မင်းသားက "ဤမထေရ်သည် စကားတစ်ခွန်းတည်းဖြင့်ပင် တပည့်တော်အားမြတ်စွာဘုရားကို ပြတော်မူ၏။ ဤအရှင်သုမနသည် အရှင်ဘုရား၏ သာသနာတော်၌ အကျွမ်းဝင်သူဖြစ်၏ ဟု ထင်ပါသည်ဘုရား" ဟု လျှောက်ရာ ဘုရားရှင်လည်း ဝန်ခံတော်မူ၏။

သုမနမင်းသားသည် မိမိ၏အကြံအစည်အတိုင်း မြတ်စွာဘုရားအား ဝါတွင်းသုံးလပတ်လုံး လုပ်ကျွေးခွင့်ရရန် ခွင့်တောင်းလေသော် ခွင့်ပြုတော်မူသဖြင့် ဘုရားရှင်နှင့် သံဃာတစ်သိန်းတို့နေရာ ကျောင်းတော်ကြီးကို အမြန်တည်ဆောက်ပြီးလျှင် မြတ်စွာဘုရားသည် သံဃာတော်များနှင့်အတူ ကြွရောက်သီတင်းသုံးတော်မူ၏။

သုမနမင်းသားသည် ကျောင်းတော်မှာပင်နေ၍ ဆွမ်းလုပ်ကျွေး၏။ ဝါကျွတ်ချိန် ရောက်လတ်သော် ပြုသမျှကို ကုသိုလ်ကောင်းမှုအဖို့ ဆုတောင်းရေစက်ချသောအခါ "ဘုန်းတော်ကြီးသောမြတ်စွာဘုရား ဤကောင်းမှုအစုစုတို့အဖို့ တပည့်တော်သည် နတ်မင်း၊ ဗြဟ္မာမင်းစည်းစိမ်ကို အလိုမရှိပါ။ မြတ်စွာဘုရား၏ အလုပ်အကျွေး၊ ဥပဋ္ဌာကရဟန်းအဖြစ်ကိုသာ တောင့်တပါ၏။ ထို့ကြောင့် တပည့်တော်သည် နောင်ပွင့်တော်မူမည့် ဘုရားတစ်ဆူဆူ၏ သာသနာဝယ် ဤသုမနမထေရ်သူမြတ်ကဲ့သို့ အလုပ်အကျွေး ရဟန်းဖြစ်ရပါလို၏" ဟု ဆုတောင်း၏။ မြတ်စွာဘုရားသည်လည်း ပြည့်စုံမည်ကို မြင်တော်မူ၍ ဗျာဒိတ်ပေးတော်မူ၏။

ထိုဘဝမှစုတေ၍ လူ့ပြည်နတ်ပြည်တို့၌ ကျင်လည်လျက် ကျွန်ုပ်တို့၏ ဂေါ်တမ မြတ်စွာဘုရားပွင့်ထွန်းတော်မူသောအခါ ကပိလဝတ်ပြည်ဝယ် အမိတောဒနသာကီဝင် မင်း၏ သားဖြစ်လာ၏။ သိဒ္ဓတ္ထမင်းသားနှင့် ဝမ်းကွဲညီတော်စပ်သူဖြစ်လာ၏။ သိဒ္ဓတ္ထမင်းသား ဘုရားအဖြစ်သို့ရောက်၍ ကပိလဝတ်ပြည်သို့ ကြွရောက်တော်မူပြီး ပြန်ကြွသွားသော အခါ မြတ်စွာဘုရားထံတော်၌ ရဟန်းပြု၏။ ရဟန်းပြုပြီး မကြာမြင့်မီမှာပင် အရှင်မန္တာဏီ ပုတ္တ–ပုဏ္ဏမထေရ်မြတ်၏ အထံ၌ တရားစကားကို နာရ၍ သောတာပတ္တိဖိုလ်၌ တည်လေ၏။

မြတ်စွာဘုရားသည် ဝါတော်နှစ်ဆယ်ရသည်တိုင် အလုပ်အကျွေးရဟန်းဟူ၍ သီးခြားမရှိသေးချေ။ အရှင်နာဂိတ၊ အရှင်ဥပဝါန၊ သုနက္ခတ္တရဟန်း၊ အရှင်သာရိပုတ္တရာ အရှင်စုန္ဒ၊ အရှင်သာဂတ၊ အရှင်ရာဓ၊ အရှင်မေဃိယမထေရ်တို့သည် တစ်ခါတစ်ရံ အလုပ်အကျွေးပြုခဲ့ကြသည်။ ထို့ကြောင့် တစ်နေ့သောတရားသဘင်၌ မြတ်စွာဘုရား သည် မြတ်စွာဘုရားအားအမြဲတမ်းလုပ်ကျွေးပြုစုရန် ရဟန်းတစ်ပါးကို စဉ်းစားရွေးချယ် ရန် မိန့်တော်မူ၏။

ပထမဦးစွာ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်အစရှိသော ရှစ်ကျိပ်သော မဟာသာဝကကြီးများက မိမိတို့လုပ်ကျွေးပါမည့်အကြောင်း ခွင့်တောင်းသော်လည်း မြတ်စွာဘုရားက ခွင့်မပြုချေ။ ထို့နောက်တွင် အရှင်အာနန္ဒာမထေရ်သည် ရဟန်းတို့၏ တောင်းပန်ချက်နှင့်အညီ ထိုင်နေရာကထလျက် ဤသို့လျှောက်၏။

မြတ်စွာဘုရား တပည့်တော်အား အကယ်၍ (၁)ကိုယ်တော်မြတ်ရအပ်သော ကောင်းမြတ်သော သင်္ကန်းတို့ကို မပေးစွန့်ဘူးဆိုလျှင် (၂) ကောင်းမြတ်သောဆွမ်းကို မပေးစွန့်နိုင်ဘူးဆိုလျှင် (၃) ဂန္ဓကုဋီတိုက်အတွင်း၌ ကိုယ်တော်မြတ်နှင့် နေထိုင်ခွင့် မပေးဘူးဆိုလျှင် (၄) ကိုယ်တော်မြတ်အား ဖိတ်ကြားရာသို့ တပည့်တော်အား ခေါ်ဆောင်၍ ကြွသွားတော်မမူဘူးဆိုလျှင် ဤဆုလေးပါးကိုသနားချီးမြှောက်တော်မူလျှင် တပည့်တော်သည် အရှင်ဘုရားအား ပြုစုလုပ်ကျွေးပါရစေဘုရား။ (ဤဆုလေးပါးကို ပယ်လေးပါဟု ဆိုကြ၏။)

ပဌာန်ပြုံးပေါက်စာပေ

တစ်ဖန်– မြတ်စွာဘုရား အကယ်၍ (၁)တပည့်တော်ပင့်လျှောက်ရာ အရပ်သို့ လိုက်ပါချီးမြှောက်တော်မူမည်ဆိုလျှင် (၂) တစ်နယ်တစ်ပါးမှ ဘုရားဖူးလာရောက်သူတို့အား ခဏအတွင်းမှာပင် ဖူးမြော်စေနိုင်ခွင့်ရမည်ဆိုလျှင် (၃) တပည့်တော်၏ သန္တာန်ဝယ် တရားနှင့်စပ်၍ ယုံမှားသံသယဖြစ်သော ခဏမှာပင် ဘုရားရှင်ထံကပ်ရောက်ကာ မေးမြန်းခွင့်ရမည်ဆိုလျှင် (၄) တပည့်တော်၏ မျက်ကွယ်တွင်ဟောကြားတော်မူအပ်သော တရားတော်ကို တစ်ဖန်ပြန်ရောက်လာလျှင် တပည့်တော်အား သနားသဖြင့် ဟောကြားတော်မူမည်ဆိုလျှင် တပည့်တော်သည် ရှင်တော်ဘုရားအား ပြုစုလုပ်ကျွေးပါရစေဘုရား။

(ဤဆုလေးပါးကို ခံလေးပါဟု ဆိုကြ၏။) မြတ်စွာဘုရားလည်း ခွင့်ပြုတော်မူ၏။

အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူပြီးနောက် ပထမသံဂါယနာမတင်မီ တစ်ရက်အလိုတွင် အရဟတ္တဖိုလ်သို့ ရောက်ခဲ့၏။ အရှင်မြတ်၏ ကျေးဇူးကား မြတ်စွာဘုရားအားလည်းကောင်း၊ ဗုဒ္ဓသာသနာတော်ကြီးအားလည်းကောင်း လွန်စွာကြီးမားလှ၏။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါက အရှင်သည် အရဟတ္တဖိုလ်သို့ မရောက်သေးဘဲ သောတာပန်ပုဂ္ဂိုလ်တစ်ဦးမျှသာ ဖြစ်သော်လည်း အရှင်မဟာကဿပ၊ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်စသော သာဝကကြီးများကဲ့သို့ပင် သာသနာတော်၌ ထင်ရှား၏။ ထိုသာဝကကြီးများ၏ ရင်းနှီးလေးစားခြင်းကို ခံရ၏။

မြတ်စွာဘုရား၏ ဥပဋ္ဌာက အလုပ်အကျွေးရဟန်းအဖြစ် အထူးဝါယမ စိုက်ထုတ်ကာ နေ့ညမဟူ လစ်ဟင်းမှုမရှိအောင် ဆောင်ရွက်၏။ မြတ်စွာဘုရားက အရေးကိစ္စရှိ၍ ခေါ်တော်မူသောအခါ အသင့်နိုးကြားနေရန်ရည်ရွယ်ပြီး အိပ်နေထိုင်နေခြင်းမရှိဘဲ ညအခါတွင် မီးတိုင်ကြီးကို ကိုင်ကာ မြတ်စွာဘုရား၏ ဂန္ဓကုဋီတိုက်တော်ကြီးကို လှည့်ပတ်နေတတ်၏။ အမှတ်အသားကောင်းသည့်ပြင် ဉာဏ်ပညာလည်းထက်မြက်၏။ အသက် (၁၂၀)ရှည်၏။

ထို့ကြောင့် မြတ်စွာဘုရား သက်တော်ထင်ရှားရှိနေစဉ်ကပင် မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား–

(၁) အကြားအမြင်များသော သာဝကရဟန်းတို့တွင် အသာလွန်ဆုံး၊ အမြတ်ဆုံးဖြစ်သော ဧတဒဂ်ဘွဲ့။

(၂) သတိရှိသော သာဝကရဟန်းတို့တွင် အသာလွန်ဆုံး၊ အမြတ်ဆုံးသော ဧတဒဂ်ဘွဲ့။

(၃) ဘုရားရှင်ဟောကြားအပ်သည့်အတိုင်း ပုဒ်တို့ကိုသိစွမ်းနိုင်သော အသိပညာရှိကုန်သော သာဝကရဟန်းတို့တွင် အသာလွန်ဆုံး၊ အမြတ်ဆုံးဖြစ်သော ဧတဒဂ်ဘွဲ့။

(၄) လုံ့လဝီရိယရှိကြသော သာဝကရဟန်းတို့တွင် အသာလွန်ဆုံး၊ အမြတ်ဆုံးဖြစ်သော ဧတဒဂ်ဘွဲ့။

(၅) မြတ်စွာဘုရားကိုပြုစုလုပ်ကျွေးကြသည့် သာဝကရဟန်းတို့တွင် အသာလွန်ဆုံး၊ အမြတ်ဆုံးသော တေဒဂ်ဘွဲ့ စုစုပေါင်း တေဒဂ်ဘွဲ့ ငါးဘွဲ့ဖြင့် မြတ်စွာဘုရား၏ ချီးမြှောက်ခြင်းကို ခံခဲ့ရ၏။

**၁၄။ အရှင်ဗာဟိယ – ဒါရုစီရိယမထေရ်**

ဗာဟိယ–ဒါရုစီရိယ မထေရ်သည် မြတ်စွာဘုရား၏ သာသနာတော်တွင် ထူးခြားသူဖြစ်၏။ မြတ်စွာဘုရား ဟောကြားအပ်သော တရားကိုနာရ၍ အရဟတ္တဖိုလ်သို့ ရောက်၍ ရဟန်းပြုရန်အလို့ငှာ သပိတ်၊ သင်္ကန်း ပရိက္ခရာကို ရှာရင်းပင် နွားမတစ်ကောင်၏ ဝှေ့ခြင်းကိုခံရပြီး အသက်ကုန်ခြင်းကို ရောက်ခဲ့၏။ ထိုအကြောင်းကိုစွဲ၍ မြတ်စွာဘုရားက "ရဟန်းတို့– လျင်မြန်စွာရအပ်သည့် မဂ်ဖိုလ်အသိဉာဏ်ရှိကြသော သာဝကရဟန်းတို့တွင် အသာလွန်ဆုံး၊ အမြတ်ဆုံးဖြစ်ပေ၏။" ဟု ချီးကျူးကာ တေဒဂ်ဘွဲ့ကိုပေးတော်မူ၏။

အရှင်ဗာဟိယ – ဒါရုစီရိယ၏ အကြောင်း ဤသို့တည်း။

ဤဗာဟိယ– ဒါရုစီရိယအလောင်း အမျိုးကောင်းသားသည် လွန်လေပြီးသော ကမ္ဘာတစ်သိန်းထက်ကာလက ပဒုမုတ္တရ မြတ်စွာဘုရားပွင့်ထွန်းတော်မူချိန်တွင် ဟံသာဝတီမင်းနေပြည်တော်ရှိ အမျိုးကောင်းမိဘတို့မှ မွေးဖွားခဲ့၏။ ထိုအမျိုးသားကောင်းသည် မြတ်စွာဘုရားထံ၌ တရားဒေသနာတော်ကို နာယူနေစဉ်မြတ်စွာဘုရားက ရဟန်းတော်တစ်ပါးအား မဂ်ဖိုလ်အသိဉာဏ်ကို လျင်မြန်စွာရရှိကြသော ရဟန်းတို့တွင် အသာလွန်ဆုံး အမြတ်ဆုံး တေဒဂ်အရာ၌ ထားတော်မူသည်တွေ့မြင်ရသဖြင့် ထိုမထေရ်ကဲ့သို့ဖြစ်ချင်သော စိတ်သည် ပေါ်လာ၏။ ထို့ကြောင့် ပဒုမုတ္တရမြတ်စွာဘုရားအား ကုသိုလ်ကောင်းမှုပြု၍ ချီးမြှောက်ပူဇော်ပြီးလျှင် နောင်ပွင့်တော်မူမည့် ဘုရားတစ်ဆူဆူတွင် ထိုတေဒဂ်မထေရ်မြတ်ကဲ့သို့ ဖြစ်ရပါလို၏" ဟု ဆုတောင်းခဲ့၏။ မြတ်စွာဘုရားသည် ဆုတောင်းပြည့်မည်ကိုမြင်၍ ဗျာဒိတ်စကားမိန့်ကြားတော်မူခဲ့လေ၏။

ထိုဘဝမှ စုတေ၍ လူ့ပြည်၊ နတ်ပြည်တို့၌ ကျင်လည်လျက် ဤဂေါတမမြတ်စွာဘုရားပွင့်ချိန်တွင် ဗာဟိယတိုင်း၌ အမျိုးကောင်းသားတစ်ယောက် ဖြစ်လာ၏။ အရွယ်သို့ရောက်သော် စီးပွားရှာရန်အလို့ငှာ ပင်လယ်ခရီးသွားရာတွင် သင်္ဘောပျက်၍ အသက်မသေဘဲ သုပ္ပါရကဆိပ်ကမ်းသို့ ရောက်လာ၏။ ထို အမျိုးကောင်းသားသည် အဝတ်မရှိ၊ တုံးလုံးဖြစ်နေ၍ သစ်သားပျဉ်ချပ်များကို တွဲသီကာဝတ်ရုံပြီးနေ၏။ လူအများကလည်း ထိုအသွင်ကိုကြည့်၍ သူတော်သူမြတ်အဖြစ် မှတ်ယူကာ ပေးကမ်းလှူဒါန်းကြကုန်၏။ ထိုအချိန်မှစပြီး သူ့အမည်မှာ ဗာဟိယ–ဒါရုစီရိယ (သစ်သားအဝတ်ကို ဆင်ယူ ဒါရုစီရိယ) ဖြစ်လာ၏။

ထိုအခါ ကဿပဘုရားလက်ထက်က အတူတကွရဟန်းတရားအားထုတ်ခဲ့သူ အနာဂါမ်ဗြဟ္မာကြီးသည် သူ့မိတ်ဆွေဒါရုစီရိယ၏ အဖြစ်ကို မြင်၍ ဒါရုစီရိယထံလာပြီး

လောကတွင် ဘုရားရှင်ပွင့်ထွန်းနေပြီဖြစ်၍ ထိုမြတ်စွာဘုရားထံသွား၍ တရားနာရန် အကြံပြုတိုက်တွန်း၏။ ထို့ကြောင့် ဒါရုစီရိယသည် မြတ်စွာဘုရား သီတင်းသုံးရာ သာဝတ္ထိပြည်သို့ရောက်လာ၏။ သူသည် မြတ်စွာဘုရားအား ဆွမ်းခံစဉ်၌ တွေ့ဆုံ၍ တရားဟောရန် သုံးကြိမ်သုံးခါ တောင်းပန်ပြီးနောက် မြတ်စွာဘုရားသည် တရားဟောလေ၏။ ဒေသနာတော်၏ အဆုံးတွင် ဗာဟိယ–ဒါရုစီရိယသည် ပဋိသမ္ဘိဒါဉာဏ်လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ခဲ့၏။

အရှင်ဗာဟိယ– ဒါရုစီရိယသည် မြတ်စွာဘုရားအား ရဟန်းပြုပေးရန် တောင်းပန်ပြီး သပိတ်၊ သင်္ကန်းရှာရန် အသွားတွင် ရှေးကပြုခဲ့သောကံကြောင့် သားသည်နွားမတစ်ကောင်၏ ဝှေ့သတ်ခြင်းကိုခံရ၍ ပရိနိဗ္ဗာန်ပြုတော်မူ၏။

၁၅။ အရှင်ဥပါလိမထေရ်

အရှင်ဥပါလိမထေရ်သည် ဤဂေါတမမြတ်စွာဘုရားလက်ထက် သာသနာတော်၌ မြတ်စွာဘုရား၏ ရဟန်းသာဝကတို့တွင် ဝိနည်းဆောင်သောအရာ၌ အသာလွန်ဆုံး၊ အကြီးမြတ်ဆုံး ဧတဒဂ်ရမထေရ်မြတ် တစ်ပါးဖြစ်၏။ မထေရ်မြတ်သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ကျင်းပပြုလုပ်သော ပထမသံဂါယနာပွဲ၌ ဝိနယရေပုဂ္ဂိုလ်အဖြစ် အရှင်မဟာကဿပမထေရ်မြတ်ကြီး မေးသမျှသောဝိနည်းတော်ဆိုင်ရာ မေးခွန်းအားလုံးကို မချွတ်မယွင်း တိကျမှန်ကန်စွာ ဖြေဆိုနိုင်တော်မူခဲ့သည့် ဝိဿဇ္ဇက ပုဂ္ဂိုလ်ကြီးဖြစ်တော်မူ၏။

အရှင်ဥပါလိမထေရ်သည် ဤမြတ်စွာဘုရား၏ သာသနာ၌ ဝိနည်းဆောင်သော ရဟန်းတို့တွင် အသာလွန်ဆုံး၊ အမြတ်ဆုံးသော ဧတဒဂ်ဘွဲ့ထူးကို ရရှိခဲ့သည့်မှာ ရှေးက ပြုခဲ့သော ပါရမီကုသိုလ်ကြောင့်ပင်ဖြစ်၏။ ဤ မထေရ်မြတ်သည် လွန်လေပြီးသော ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူသော ပဒုမုတ္တရမြတ်စွာဘုရား၏ ထံမှောက်တွင် မြတ်သောအလှူကိုပြု၍ ဆုတောင်းခဲ့၏။ အရှင်ဥပါလိမထေရ်အလောင်း အမျိုးကောင်းသားသည် မင်းနေပြည်တော် ဟံသာဝတီမြို့၌ အမျိုးကောင်းမိဘနှစ်ပါးမှ မွေးဖွားခဲ့၏။

ထိုအမျိုးကောင်းသားသည် တစ်နေ့သ၌ တရားနာအံ့သောငှာ ပဒုမုတ္တရမြတ်စွာဘုရားထံမှောက်သို့ ရောက်လာ၏။ မြတ်စွာဘုရားသည် တရားတော်ကို အစဉ်အတိုင်း ဟောတော်မူပြီးသော် ရဟန်းတော်တစ်ပါးအား ဝိနည်းဆောင်သော ရဟန်းသာဝကတို့တွင် အသာလွန်ဆုံး၊ အမြတ်ဆုံး ဧတဒဂ်ကိုထားတော်မူသည်ကို မြင်ရသဖြင့် ထိုဥပါလိမထေရ်အလောင်း အမျိုးကောင်းသားသည် ထိုဧတဒဂ်ရ–ရဟန်းကဲ့သို့ဖြစ်လိုသော စေတနာသည် ပေါ်လာလေ၏။

ထိုအမျိုးကောင်းသားသည် အဓိကာရကောင်းမှုကုသိုလ်ကိုပြုပြီးလျှင် မြတ်စွာဘုရားထံ ထိုရဟန်းကဲ့သို့ ဖြစ်ရပါလို၏ဟု ဆုတောင်း၏။ မြတ်စွာဘုရားသည် နောင်အခါပြည့်စုံမည်ဖြစ်၍ ဗျာဒိတ်ပေးတော်မူခဲ့၏။

ထိုအမျိုးကောင်းသားသည် ထိုဘဝမှ စုတေသေလွန်၍ လူနတ်စည်းစိမ်တို့ကို အကြိမ်ကြိမ်ခံစားပြီးနောက် ဤမြတ်စွာဘုရား၏ သာသနာဝယ် ဆေတ္တာသည်အမျိုး၌ ဖြစ်၍ ဥပါလိဟု အမည်တွင်၏။ အရွယ်ရောက်လတ်သော် ဆံ၊ မုတ်ဆိတ်တို့ကို သင်ပေးရသော ဆေတ္တာသည်အဖြစ်ဖြင့် သာကီဝင်မင်းသားများထံ ခစားဝင်ရသူဖြစ်လေရာ ထိုဘဒ္ဒိယ၊ အနုရုဒ္ဓါ၊ ကိမိလ၊ ဘဂု၊ အာနန္ဒ၊ ဒေဝဒတ္တ ဟူသော သာကီဝင်မင်းသား (၆)ဦးနှင့် အတူ ရဟန်းပြု၏။

ဥပါလိမထေရ်သည် ရဟန်းဖြစ်ပြီးနောက် မြတ်စွာဘုရားထံ၌ တရားနာ၍ တောကျောင်းတစ်ကျောင်းသို့သွား၍ နေထိုင်ခွင့်ပြုပါရန် ခွင့်တောင်းရာ မြတ်စွာဘုရားက "ချစ်သား ဥပါလိ၊ တောကျောင်း၌နေလျှင် ဝိပဿနာကမ္မဋ္ဌာန်း တစ်မျိုးတည်းကိုသာ ပြုလုပ်နိုင်မည်။ ငါဘုရားအနီး၌နေမူကား ဝိပဿနာဓူရ၊ ဂန္ထဓူရဟူသော နှစ်ပါးစုံပြည့်ဝကုံလုံလိမ့်မည်" ဟု မိန့်တော်မူရာ မထေရ်လည်း နှစ်သက်အားရလျက် အပတ်တကုတ် အားထုတ်တော်မူရာ မကြာမီအရဟတ္တဖိုလ်သို့ ရောက်လေ၏။ ဘုရားရှင်သည် ဥပါလိမထေရ်အား ကိုယ်တော်တိုင်ပင် အလုံးစုံသော ဝိနည်း ပိဋကတ်ကို ပို့ချသင်ပြပေးတော်မူ၏။

ဥပါလိမထေရ်သည် (၁)ဘာရုကစ္ဆကဝတ္ထု၊ (၂) အဇ္ဈုကဝတ္ထု (၃)ကုမာရဝတ္ထုပါ ဖြစ်ရပ်များကို သဗ္ဗညုတဉာဏ်တော်နှင့် နှီးညှိလျက် မြတ်စွာဘုရားရှင်အလိုကျ ဖြေကြားဆုံးဖြတ်နိုင်ခဲ့သဖြင့် မြတ်စွာဘုရား၏ သာဓုခေါ်တော်မူ၏။ ရှေးကတောင်းခဲ့သော ဆုနှင့်အညီ မြတ်စွာဘုရား၏ ဝိနည်းဆောင်သော ရဟန်းတို့တွင် အသာလွန်ဆုံး၊ အမြတ်ဆုံး ဧတဒဂ်အရာ၌ ထားခြင်းကိုလည်း ခံခဲ့ရသည်။

၁၆။ အရှင်နန္ဒမထေရ်

အရှင်နန္ဒမထေရ်သည် မြတ်စွာဘုရားရှင်၏ မိထွေးတော်မဟာပဇာပတိဂေါတမီမှ မွေးဖွားလာသူဖြစ်၍ မြတ်စွာဘုရားရှင်၏ အဘတူအမိကွဲညီဖြစ်လေ၏။ အလောင်းတော်ကို ဖွားမြင်တော်မူပြီး နှစ်ရက်သုံးရက်အကြာတွင် ဖွားမြင်သူဖြစ်၏။

မြတ်စွာဘုရား သာသနာတွင် အရှင်အာနန္ဒာမထေရ်နှင့် အရှင်နန္ဒမထေရ်တို့သည် အမည်ဆင်တူကြရာ ကွဲပြားခြားနားစွာ မသိသူများရှိကြ၏။ အရှင်အာနန္ဒာသည် ဘုရားရှင်၏ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ ညီအမိတောဒနသာကီဝင်မင်း၏ သားတော်ဖြစ်၍ ဝမ်းကွဲညီတော်စပ်၏။ အရှင်နန္ဒမထေရ်ကား ဘတူမိကွဲညီဖြစ်၏။

မြတ်စွာဘုရား ဖြစ်တော်မူပြီးနောက် ကပိလဝတ်နေပြည်တော်သို့ ကြွချီတော်မူသည့် သုံးရက်မြောက်နေ့တွင် မြတ်စွာဘုရားသည် ညီတော်နန္ဒမင်းသားအား ရဟန်းပြုပေးတော်မူ၏။ ရဟန်းဘဝသို့ရောက်နေသော်လည်း အရှင်နန္ဒမထေရ်သည် နမတော် ဇနပဒကလျာဏီ အပေါ်စွဲလန်းလျက်ရှိသဖြင့် မမွေ့လျော်ခြင်းသည်ဖြစ်၏။ ရဟန်းတရားကိုမကျင့်နိုင်ချေ။ ထိုအကြောင်းကို သိမြင်တော်မူသော မြတ်စွာဘုရားသည် နန္ဒမထေရ်

အား နတ်ပြည်သို့ သွားလိုသည့်စိတ် ပေါ်ပေါက်လာအောင် အားပေးစကားပြော၍ တာဝတိံသာနတ်ပြည်သို့ ခေါ်ဆောင်သွားကာ လမ်းခရီးအကြား လယ်ကွက်ထဲရှိ အရုပ်ဆိုးလှသော မျောက်အိုမကြီးကိုပြ၏။ ဤမျောက်အိုမကြီးနှင့် ဇနပဒကလျာဏီမင်းသမီးတို့နှစ်ယောက်တွင် မည်သူပိုလှကြောင်း၊ တစ်ဖန်နတ်ပြည်သို့ရောက်သောအခါ လှပသောနတ်သမီးများကိုပြကာ ဇနပဒကလျာဏီမင်းသမီးနှင့် ဤနတ်သမီးတို့တွင် မည်သူပိုလှကြောင်း မေးမြန်းတော်မူရာ ဤနတ်သမီးတို့သည် လူသားစင်စစ်ဖြစ်သော ဇနပဒကလျာဏီမင်းသမီးထက် ပို၍အဆင်းလှပါကုန်၏ ဟု နန္ဒမထေရ်က လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားသည် "သင်ချစ်သားကသာ သာသနာတော်၌နေ၍ ရဟန်းတရားအားထုတ်လျှင် ဤနတ်သမီးငါးရာကို ရရှိရန်ငါ တာဝန်ယူ၏။" ဟု မိန့်တော်မူလျှင် နန္ဒမထေရ်လည်း ရဟန်းတရားကိုကြိုးစား အားထုတ်တော်မူရာ မကြာမြင့်မီပင် ရဟန္တာအဖြစ်သို့ရောက်လေ၏။ နောင်သောအခါ မြတ်စွာဘုရားသည် နန္ဒမထေရ်အား "ဣန္ဒြေခြောက်ပါးတို့၌ လုံခြုံစွာစောင့်ရှောက်ကြသော သာဝကရဟန်းတို့တွင် အသာလွန်ဆုံး အမြတ်ဆုံးဖြစ်၏" ဟူသည့် ဧတဒဂ်ကိုပေးတော်မူ၏။

အရှင်နန္ဒမထေရ်သည် ဤကဲ့သို့ ဣန္ဒြေခြောက်ပါးတံခါးတို့၌ လုံခြုံအောင်စောင့်ရှောက်ကြသည့် ရဟန်းတို့တွင် အသာလွန်ဆုံး၊ အမြတ်ဆုံးဧတဒဂ်ကို ထားတော်မူခြင်းကို ခံခဲ့ရသည်မှာ ရှေးရှေးက တောင်းခဲ့သောဆုတောင်းကြောင့်ဖြစ်ပေ၏။ အရှင်နန္ဒမထေရ်အလောင်းတော်သည် လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်ကာလ၌ ပွင့်ထွန်းတော်မူသော ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တွင် ဟံသာဝတီမည်သော မင်းနေပြည်တော်၌ တစ်ယောက်သော အမျိုးသားကောင်းဖြစ်ခဲ့၏။

တစ်နေ့သောအခါ ထိုအမျိုးသားကောင်းသည် မြတ်စွာဘုရားကျောင်းတော်သို့ သွားကာ တရားနာ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတစ်ပါးအား "ဣန္ဒြေယေသုဂုတ္တဒွါရ– ရဟန်း" တို့တွင် အသာလွန်ဆုံး၊ အမြတ်ဆုံး ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကိုမြင်ရသဖြင့် ထိုရဟန်းကဲ့သို့ဖြစ်လိုသော စိတ်သည် ပေါ်ပေါက်လာ၏။ ထို့ကြောင့် မြတ်စွာဘုရားထံ၌ ကြီးစွာသော ကုသိုလ်ကောင်းမှုကိုပြုပြီးလျှင် ထိုဧတဒဂ်ရ–ရဟန်းကဲ့သို့ နောင်ပွင့်တော်မူမည့် ဘုရားတစ်ဆူဆူတွင် ဧတဒဂ်ရ– ရဟန်းဖြစ်ရပါလို၏ဟု ဆုတောင်းခဲ့ရာ မြတ်စွာဘုရားသည် ဆုတောင်းပြည့်မည်ကို မြင်တော်မူရာ ဗျာဒိတ်စကားမြွက်ကြားတော်မူခဲ့၏။

### ၁၇။ အရှင်ကာဠုဒါယီမထေရ်

အရှင်ကာဠုဒါယီမထေရ်သူမြတ်လောင်းတော်သည် လွန်လေပြီးသော ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူသော ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော်တွင် ဟံသာဝတီမင်းနေပြည်တော်၌ အမျိုးကောင်းသားတစ်ယောက်ဖြစ်ခဲ့၏။ ထိုအမျိုးကောင်းသားသည် မြတ်စွာဘုရား၏တရားတော်ကို နာကြားနေစဉ် မြတ်စွာဘုရားရဟန်းတော်တစ်

ပါးအား “ ဆွေတော်မျိုးတော်တို့ကို သဒ္ဓါကြည်ညိုနှင့်ကြသော (မြတ်စွာဘုရားအား မဖူးမြော်ရသေးမီကပင်) အရာဝယ် အသာလွန်၊ အမြတ်ဆုံးဧတဒဂ်ရာထူး” ကိုထားတော်မူသည်ကိုမြင်ရ၍ ပဒုမုတ္တရ မြတ်စွာဘုရားထံ၌ “ထိုအရှင်မြတ်ကဲ့သို့ နောင်ပွင့်တော်မူမည့်လတ္တံ့ သော ဘုရားတစ်ဆူဆူတွင် ဖြစ်ရပါစေသား” ဟု ဆုတောင်းခဲ့၏။ မြတ်စွာဘုရားလည်း အနာဂတ်ကာလ၌ ပြည့်စုံမည်ကိုမြင်တော်မူ၍ ဗျာဒိတ်ပေးတော်မူ၏။

ထိုအမျိုးကောင်းသားသည် ပဒုမုတ္တရမြတ်စွာဘုရားအား ကြည်ညိုသဒ္ဓါကြီးစွာဖြင့် ဒါနမျိုးစေ့ကို ကောင်းစွာစိုက်ပျိုးကျဲချခဲ့ရသော ကောင်းမှုကံကြောင့် ဘဝပေါင်းများစွာ၌ ကျင်လည်ကျက်စားခဲ့ရပြီး ကျွန်ုပ်တို့မြတ်စွာဘုရားပွင့်အံ့သော ကာလတွင် ကပိလဝတ်ပြည်၌ အမတ်တစ်ဦး၏အိမ်၌ ဖြစ်လေ၏။ ပဋိသန္ဓေနေ၍ ဖွားမြင်သော် အလောင်းတော်သိဒ္ဓတ္ထမင်းသားနှင့် တစ်နေ့တည်းမှာပင် ဖွားမြင်၏။ ထို့ကြောင့် ထိုနေ့မှာပင် ထိုသူငယ်ကို သုဒ္ဓေါဒနမင်းကြီးသည် သားတော်သိဒ္ဓတ္ထမင်းသား၏ ဖွားဖက်တော်အဖြစ် အလောင်းတော်အားလုပ်ကျွေးရန် နန်းတော်သို့ယူဆောင်ခဲ့၏။ အမည်ကား ကာဠုဒါယီဖြစ်၏။

မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ရောက်တော်မူပြီးနောက် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူစဉ် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် “ငါ၏သားတော် ဘုရားကို ဤကပိလဝတ်ပြည်သို့ရောက်အောင် ပင့်ဆောင်ခဲ့ရမည်” ဟုမိန့်တော်မူကာ အမတ်တို့ကို စေလွှတ်၍ ပင့်ဆောင်စေ၏။ သို့ရာတွင် သွားသောအမတ်တို့သည် အရေအတွက်အားဖြင့် (၉၀၀၀)ရှိပြီဖြစ်သော်လည်း တစ်ဦးတစ်ယောက်မျှ ပြန်မလာကြဘဲ အားလုံးနှင်နှင်ရဟန်းဖြစ်သွားကြကုန်၏။

မင်းကြီးသည် လူလည်းမလာ၊ သတင်းလည်းမကြားဖြစ်ရသည်ကို မကျေနပ်သေးဘဲ စကားအပြောအဆို၌ လိမ္မာ ကျွမ်းကျင်သော ကာဠုဒါယီအမတ်အား ပင့်လျှောက်ရန် စေလွှတ်လိုက်ပြန်၏။ ကာဠုဒါယီလည်း မြတ်စွာဘုရားထံ၌ ရဟန်းပြုခွင့်ပေးရန် ကြိုတင်လျှောက်ထားပြီး သွားလေ၏။ ကာဠုဒါယီသည် မြတ်စွာဘုရားထံတော်၌ ရဟန်းပြုပြီးသော် လည်း မိမိဆောင်ရွက်ရန် တာဝန်ကိုမမေ့ဘဲ မြတ်စွာဘုရား ကပိလဝတ်ပြည်သို့ ဒေသစာရီကြွချီ တော်မူပါမည့်အကြောင်းကို လမ်းခရီး၏ဂုဏ်ကျေးဇူးကို ဖော်ကျူးထားသော ဂါထာခြောက်ဆယ်တို့ဖြင့် လျှောက်ထားတောင်းပန်လေ၏။

မြတ်စွာဘုရားသည် ဤအချိန်ကား ကပိလဝတ်ပြည်သို့ ကြွချီရန်အချိန်ဖြစ်ပေသည်ဟု ကြံစည်ဆင်ခြင်ကာ ရဟန္တာမထေရ်နှစ်သောင်းခြံရံကာ ကပိလဝတ်နေပြည်တော်သို့ ကြွချီတော်မူလေ၏။ ဤသို့ဖြင့် ကာဠုဒါယီမထေရ်သည် မြတ်စွာဘုရားအား ကပိလဝတ်ပြည်သို့ ကြွချီရန် လျှောက်ထားတောင်းပန် နိုင်ခဲ့သည်သာမက မြတ်စွာဘုရားအား ဖူးမြင်ခြင်းမပြုရသေးမီအချိန်ကပင် သုဒ္ဓေါဒနမင်းကြီးနှင့် ဆွေတော်မျိုးတော်၊ မှူးတော်မတ်တော် အစရှိသော ပုဂ္ဂိုလ်အားလုံးတို့အား သဒ္ဓါရွှန်းစိုကြည်ညိုစေရန် စွမ်းဆောင်နိုင်ခဲ့ပေ၏။

ပဌမပြီးမြောက်ပေ

ထို့ကြောင့် မြတ်စွာဘုရားသည် တစ်ခုသော ဓမ္မသဘင်၌ " ရဟန်းတို့ ဆွေတော်မျိုးတော်တို့အား ငါ့ဘုရား၌ သက်ဝင်ကြည်ညိုခြင်းကို ဖြစ်စေကြသော တပည့်သာဝက ရဟန်းတို့တွင် ကာဠုဒါယီသည် အသာလွန်ဆုံး၊ အကြီးမြတ်ဆုံးဖြစ်ပေ၏။" ဟု မိန့်ကြားကာ ဧတဒဂ်အရာ၌ ထားလေ၏။

**၁၈။ အရှင်ဗာကုလမထေရ်**

အရှင်ဗာကုလမထေရ်သည် ကျွန်ုပ်တို့၏မြတ်စွာဘုရား သာသနာတော်တွင် အနာရောဂါကင်းသော ရဟန်းသာဝကများတွင် အသာလွန်ဆုံး၊ အမြတ်ဆုံး ဧတဒဂ်ထားတော်မူခြင်း ခံရသည့်ပြင် အသက် (၈၀)အရွယ်မှ ရဟန်းဖြစ်ပြီးလျှင် အသက် (၁၆၀)ရှည်တော်မူ၍ သက်တော်ရှည်မထေရ်မြတ်ကြီး တစ်ပါး ဖြစ်သောကြောင့်ထင်ရှားလှ၏။

ဤမထေရ်၏ ပစ္ဆိမဘဝ၌ ဤကဲ့သို့သော ဂုဏ်ထူးဝိသေသများဖြင့် ထူးခြားစွာ ဖြစ်ရခြင်းမှာလည်း ရှေးရှေးကပြုခဲ့သော ဆုတောင်းကြောင့် ဖြစ်ပါ၏။ အရှင်ဗာကုလမထေရ်အလောင်း သူတော်ကောင်းသည် ရှေးလွန်လေပြီးသော တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်ကာလ၌ ပွင့်တော်မူသော အနောမဒဿီမြတ်စွာဘုရား လက်ထက်တော်တွင် ရသေ့ရဟန်းဖြစ်၏။ ထိုရသေ့သည် မြတ်စွာဘုရားအား ဖူးမြော်ရန် လာလတ်သော် မြတ်စွာဘုရား မမာမကျန်းဖြစ်နေသည်ကို ကြားသိရ၍ မြတ်စွာဘုရားအား အထူးထူးသော ဆေးတို့ကို ဖော်စပ်ပြီး အလုပ်အကျွေးရဟန်းမှ တစ်ဆင့် ကပ်လှူခဲ့၏။ မြတ်စွာဘုရားလည်း ထိုဆေးကိုမှီဝဲရသဖြင့် ရောဂါသည်ပျောက်ကင်းသွားလေ၏။

ရသေ့သည် မြတ်စွာဘုရား ကျန်းမာတော်မူလာသည်ကို သိရှိ၍ မြတ်စွာဘုရားထံသို့ သွားရောက်ကာ မိမိပြုရသော ဆေးအလှူ ကုသိုလ်ကံကြောင့် မိမိ၏ကိုယ်ဝယ်နှာခေါင်း တစ်ကြိမ်ညှစ်သည့် ကာလမျှလည်း အနာရောဂါမဖြစ်ပါစေသား ဟု ဆုတောင်းလျှောက်ထားလေ၏။

ထိုရသေ့သည် ပဒုမုတ္တရာဘုရားရှင်လက်ထက်တော်သို့ ရောက်လေသော် ဟံသာဝတီမင်းနေပြည်တော်တွင် အမျိုးကောင်းသားတစ်ယောက် ဖြစ်လာ၏။ ထိုအမျိုးကောင်းသားသည် မြတ်စွာဘုရားထံသို့ တရားနာရန်သွားသောအခါ မြတ်စွာဘုရားက ရဟန်းတစ်ပါးအား အနာကင်းသောအရာ၌ အသာလွန်ဆုံး၊ အမြတ်ဆုံး ဧတဒဂ်ထားတော်မူသည်ကို မြင်ရ၍ မြတ်စွာဘုရားအား အလှူကြီးပေးကာ ထိုကုသိုလ်ကြောင့် နောင်ပွင့်တော်မူမည့် ဘုရားတစ်ဆူဆူတွင် ထိုဧတဒဂ်ဘွဲ့ရ အရှင်ကဲ့သို့ ဖြစ်ရပါလို၏ဟု ဆုတောင်းခဲ့၏။ မြတ်စွာဘုရားလည်း ပြည့်စုံအံ့သည်ကိုမြင်၍ ဗျာဒိတ်စကား မိန့်ကြားခဲ့၏။

တစ်ဖန် ထိုအမျိုးကောင်းသားသည် ဝိပဿီမြတ်စွာဘုရား လက်ထက်၌ ရသေ့ဖြစ်၍ ဟိမဝန္တာ၌နေ၏။ တစ်နေ့သောအခါ ရသေ့သည် မြတ်စွာဘုရား၏ သားတော်ရဟန်းများ အဆိပ်မြက်ပွင့်ရနံ့ကို ရှူမိ၍ နာဖျားကြရာ ထိုရဟန်းတို့အား ဆေးဝါးအမျိုးမျိုး ဖော်စပ်ကာ လှူဒါန်းသဖြင့် ရဟန်းတို့လည်း ရောဂါပျောက်ကင်း၍ ချမ်းသာကုန်၏။

ထိုရသေ့သည် ထိုဘဝမှ စုတေခဲ့ပြီး နတ်ပြည်၊ လူ့ပြည်တို့၌ အဖန်ဖန်ကျင်လည်ခဲ့၍ ဤဘုရားသာသနာတော်တွင် ဗာကုလသူဌေးဖြစ်လာ၏။ ငယ်စဉ်ကလေးဘဝမှာ မြစ်ထဲ၌ ခေါင်းဆေးနေစဉ် အစာထင်၍ ငါးကြီးတစ်ကောင်၏ ဟပ်ယူမျိုချခြင်းကို ခံခဲ့ရသော်လည်း ထိုငါးကြီးကို ဗာရာဏသီမှ တံငါသည်တစ်ဦးက ဖမ်းမိ၍ ဝမ်းဗိုက်ကိုခွဲရာ ကလေးကိုမြင်၍ ဝမ်းမြောက်စွာမွေးမြူခဲ့၏။ နောင်သောအခါ ဗာကုလသည် နှစ်ဘက်မိဘများမှ အမွေရသဖြင့် အလွန်ချမ်းသာသော သူဌေးကြီးဖြစ်လာ၏။

ဗာကုလသူဌေးသည် အသက်ရှစ်ဆယ်တင်းတင်းပြည့်သည်အထိ သူဌေးစည်းစိမ်ကို ခံစားခဲ့ရာ မြတ်စွာဘုရား ဗာရာဏသီပြည်သို့ ဆိုက်ရောက်စဉ်ကာလ မြတ်စွာဘုရား၏ တရားတော်ကို နာရ၍ ရဟန်းပြု၏။ ဗာကုလမထေရ်ဟုတွင်၏။ ခုနစ်ရက်မျှ တရားကျင့်ပြီးသော် ရဟန္တာအဖြစ်သို့ရောက်လေ၏။ မြတ်စွာဘုရားသည် ဓမ္မသဘင်အလယ်၌ "ရဟန်းတို့ အနာရောဂါကင်းသည့် ရဟန်းတို့တွင် ဗာကုလမထေရ်သည် အသာလွန်ဆုံး အမြတ်ဆုံးဖြစ်ပေ၏" ဟု ဧတဒဂ်ဘွဲ့ကိုချီးမြှင့်ခဲ့ရာ ဗာကုလသည် ပဒုမုတ္တရ ဘုရားရှင်လက်ထက်တွင် တောင်းခဲ့သည့် ဆုတောင်းနှင့်အညီ ဧတဒဂ်ဘွဲ့ရ မထေရ်တစ်ပါးဖြစ်လာ၏။

၁၉။ အရှင်ရာဓ မထေရ်

ရာဇဂြိုဟ်ပြည်၌ မွေးဖွားပြီး ရာဓလုလင်အမည်ရှိ၏။ အရွယ်ရောက်လျှင် အိမ်ထောင်ပြုပြီးလျှင် သားမယားတို့ကို လုပ်ကျွေးပြီးနေ၏။ အိုမင်းမစွမ်းရှိလာသောအခါ လူ့ဘောင်ကိုငြီးငွေ့၍ ရဟန်းပြုရန် ကျောင်းတောင်သို့သွားသော်လည်း မထေရ်တစ်ပါးမျှ ရဟန်းပြုပေးရန် အလိုမရှိကြချေ။ ထို့ကြောင့် မြတ်စွာဘုရားရှင်ထံသွား၍ ထိုအကြောင်းကို လျှောက်ထားရာ မြတ်စွာဘုရားက အရှင်သာရိပုတ္တရာအား ရဟန်းပြုပေးရန် မိန့်ကြားသဖြင့် ရဟန်းဖြစ်လာ၏။ ရာဓမထေရ်ဟု အမည်တွင်၏။

ထိုနောက် အသက်ကြီးမှ ရဟန်းပြုသော ရာဓမထေရ်သည် အရှင်သာရိပုတ္တရာထံ၌ ကမ္မဋ္ဌာန်းတရားကို သင်ယူ၍ အားထုတ်ရာ မကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ရောက်၏။ ရာဓမထေရ်သည် ဆိုဆုံးမလွယ်သူဖြစ်၏။ အမျက်မထွက်တတ်ချေ။ တစ်ခုသော တရားသဘင်တွင် ရာဓမထေရ်အား ဓမ္မဒေသနာဉာဏ်ပညာ ပဋိဘာန်ကိုဖြစ်စေသော အရာဝယ်အသာဆုံး၊ အမြတ်ဆုံး ဧတဒဂ်ဘွဲ့ကိုပေးတော်မူ၏။

မထေရ်မြတ်သည် ဤသို့သော ဧတဒဂ်ဘွဲ့ကို ရရှိနိုင်ရန် လွန်လေပြီးသော ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူသော ပဒုမုတ္တရာမြတ်စွာဘုရားထံတွင် ဓမ္မဒေသနာဉာဏ်ပညာ ပဋိဘာန်ဖြစ်စေသော အရာဝယ် ဧတဒဂ်ထားခံရသူ ရဟန်းတစ်ပါးကိုမြင်ရ၍ ထိုရဟန်းကဲ့သို့ ဖြစ်ရပါလိုကြောင်း ဆုတောင်းခဲ့၏။

ပဋ္ဌာမြားဝေဟက်တာပေ

## ၂၀။ အရှင်ဒဗ္ဗမထေရ်

အရှင်သည် မလ္လတိုင်း၊ အနုပီယမြို့ တစ်ဦးသော မလ္လမင်း၏အိမ်၌ မွေးဖွားလာ၏။ သူငယ်ကို မွေးခါနီးတွင် မိခင်သည် ကွယ်လွန်သဖြင့် သုသာန်သို့ ထုတ်၍ သဂြိုဟ်ရာ မိခင်၏ဝမ်းလွှာမှာ နှစ်ခြမ်းကွဲကာ သူငယ်သည် ကောင်းမှုကုသိုလ်အစွမ်းကြောင့် ကောင်းကင်သို့ လွင့်တက်သွားပြီး နေဇာမြက်ပုံပေါ်၌ ကျလေ၏။ လူတို့သည် သူငယ်အား အဖွားဖြစ်သူထံအပ်၍ မွေးစေရာ ဒဗ္ဗဟုအမည်မှည့်ကြကုန်၏။

ခုနစ်နှစ်အရွယ်သို့ ရောက်လေသော် အဖွားသည် သူငယ်အားမြတ်စွာဘုရားထံ ခေါ်ဆောင်ကာ ရှင်ရဟန်းပြုစေ၏။ မြတ်စွာဘုရားသည် အနီးတွင်ရှိသော မထေရ်တစ်ပါးအား ရှင်ရဟန်းပြုစေတော်မူရာ ဦးခေါင်းရိတ်ရင်း၊ တစပဉ္စက ကမ္မဋ္ဌာန်းကိုစီးဖြန်းရာ ခေါင်းရိတ်ပြီးချိန်တွင် အရဟတ္တဖိုလ်သို့ရောက်လေ၏။ မြတ်စွာဘုရားသည် အရှင်ဒဗ္ဗကို သံဃာအတွက် နေရာခင်းရာဝယ် အသာလွန်ဆုံး၊ အကြီးမြတ်ဆုံး ဧတဒဂ်ကို ထားတော်မူ၏။

အရှင်ဒဗ္ဗမထေရ်သည် လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်တွင် ပွင့်တော်မူသော ပဒုမုတ္တရ မြတ်စွာဘုရားထံ၌ အလှူကြီးပေးကာ ဧတဒဂ်ရဟန်းတစ်ပါးဖြစ်ရပါလို၏ဟု ဆုတောင်းခဲ့၏။ အရှင်ဒဗ္ဗအလောင်း အမျိုးသားကောင်းသည် ပဒုမုတ္တရမြတ်စွာဘုရားထံ တရားနာနေစဉ် မြတ်စွာဘုရားက တပည့်ရဟန်းတော်တစ်ပါးအား " ရဟန်းသံဃာ အတွက် နေရာခင်းရာ၌ အသာလွန်ဆုံး၊ အကြီးမြတ်ဆုံးဧတဒဂ်ထားတော်မူသည်ကို တွေ့မြင်ရ၍ တပည့်တော်သည် နောင်ပွင့်တော်မူမည့် မြတ်စွာဘုရား တစ်ဆူဆူထံ၌ ဤရဟန်းကဲ့သို့ ဖြစ်ရပါလိုကြောင်း ဆုတောင်းခဲ့သည့်အတိုင်း ဤမျက်မှောက်ဘဝတွင် ရဟန်းပြုကာ ဧတဒဂ်ဘွဲ့ကိုရတော်မူခြင်းဖြစ်၏။

## ၂၁။ အရှင်ရေဝတမထေရ်

အရှင်ရေဝတမထေရ်အလောင်း အမျိုးကောင်းသားသည် မဂဓတိုင်း နာလကရွာ၌ မယ်တော်ပုဏ္ဏေးမကြီး၏ ဝမ်းတွင် ပဋိသန္ဓေယူကာ မွေးဖွားလာသူဖြစ်လေ၏။ သူ၏ အစ်ကိုတို့ကား မြတ်စွာဘုရား၏ သာသနာတော်တွင် ထင်ရှားသော အရှင်သာရိပုတ္တရာ၊ အရှင်စုန္ဒနှင့် အရှင်ဥပသေနတို့ဖြစ်ကြ၏။

အနည်းငယ်ကြီးပြင်းလာသောအခါ မိဘနှစ်ပါးသည် သူ၏အစ်ကိုများကဲ့သို့ အိမ်ရာမထောင် ရဟန်းဘောင်သို့ဝင်ရောက်သွားမည်ကို စိုးရိမ်၍ သင့်တော်သော အမျိုးသမီးငယ်နှင့် ထိမ်းမြားရန် စီစဉ်ကြ၏။ ရေဝတသူငယ်သည် လက်ထက်ခြင်းမပြုလိုသဖြင့် တောကျောင်းတစ်ကျောင်းသို့သွားကာ ရှင်သာမဏေပြု၏။ ထိုမှတစ်ဖန် အသက်နှစ်ဆယ် ပြည့်လတ်သော် ရဟန်းဖြစ်လာပြီး ကမ္မဋ္ဌာန်းအလုပ်ကို ပြုရန်အလို့ငှာ ကျောက်စရစ်ပေါ် များသော ရှားတောထဲဝင်ကာ အားထုတ်လေ၏။ အရှင်ရေဝတသည် မကြာမြင့်မီမှာပင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ကျောက်စရစ်ပေါသော တောကျောင်း၌နေသူဖြစ်၍ ခဒိရဝနိယရေဝတမထေရ်ဟုတွင်၏။

မြတ်စွာဘုရားသည် တစ်ခုသောဓမ္မသဘင်၌ အရှင်ရေဝတမထေရ်အား တောကျောင်းနေသော တပည့်ရဟန်းတို့၌ အသာလွန်ဆုံး၊ အကြီးမြတ်ဆုံး ဧတဒဂ်အရာ၌ ထားတော်မူ၏။

အရှင်ရေဝတ၏ ရှေးအကြောင်းကား လွန်လေပြီးသော ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူသော ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်တွင် ဟံသာဝတီပြည်၌ အမျိုးသားကောင်းတစ်ယောက်ဖြစ်လေ၏။ တစ်နေ့သော် ထိုအမျိုးကောင်းသားသည် ဘုရားအမှူးရှိသော ရဟန်းတို့ကို လှေဖောင်ဖွဲ့ပြီး မြစ်တစ်ဘက်ကမ်းသို့ ပို့ဆောင်ပေးကာ မြတ်စွာဘုရားအနီး၌ ထိုင်နေ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတစ်ပါးကို တောကျောင်းနေသောအရာ၌ ဧတဒဂ်ထားတော်မူသည်ကိုတွေ့မြင်ရ၍ " ငါသည်လည်း ဤရဟန်းကဲ့သို့ နောင်တွင်ပွင့်မည့် ဘုရားတစ်ဆူဆူတွင် ဖြစ်ရပါလို၏" ဟု တောင်းရာ မြတ်စွာဘုရားလည်း ဆုတောင်းပြည့်အံ့သည်ကို မြင်၍ ဗျာဒိတ်စကားမြွက်ကြားတော်မူ၏။

## ၂၂။ အရှင်ကစ္စည်းမထေရ်

အရှင်ကစ္စည်းမထေရ် အလောင်းသည် ဥဇ္ဇေနီပြည်၊ ပုရောဟိတ်ပုဏ္ဏား၏သားဖြစ်လာ၏။ အမည်ကို မိဘတို့က ကဥ္စနသတို့သားဟု မှည့်ကြကုန်၏။ ဗေဒင်သုံးပုံကို အပြီးတိုင် သင်ကြားပြီး ဘခင်ကွယ်လွန်လျှင် ပုရောဟိတ်ကြီးဖြစ်လာ၏။

တစ်နေ့သော် စဏ္ဍပဇ္ဇောတမင်းသည် မြတ်စွာဘုရားအား ဖူးမြင်လိုသဖြင့် အမတ်တို့နှင့်တိုင်ပင်ပြီး ပုရောဟိတ်ဖြစ်သူ ကစ္စနကိုမြတ်စွာဘုရားအား ပင့်ဆောင်ရန်တာဝန်ပေး၏။ ကစ္စာနပုရောဟိတ်လည်း အပေါင်းအဖော်ခုနစ်ယောက်နှင့်အတူ မြတ်စွာဘုရားထံ သွားရောက်ပြီး မြတ်စွာဘုရားအား ပင့်ဆောင်၏။ ထိုအခါ မြတ်စွာဘုရားသည် ကစ္စာနပုရောဟိတ်အား တရားဟောလေရာ ဒေသနာတော်အဆုံးတွင် အခြားအဖော်ခုနစ်ယောက်နှင့်အတူ ပဋိသမ္ဘိဒါပတ္တရဟန္တာအဖြစ်သို့ ရောက်လေ၏။ နောင်သောအခါ မြတ်စွာဘုရားသည် အရှင်ကစ္စည်းမထေရ်အား အကျဉ်းအားဖြင့်ဟောကြားအပ်သော တရားစကား၏ အဓိပ္ပါယ်ကို အကျယ်အားဖြင့် ဝေဖန်ခွဲခြမ်းစိတ်ဖြာဟောကြားရာ၌ မထေရ်မြတ်၏ ရှေးအကြောင်းကား လွန်လေပြီးသော ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူသောအခါ သူကြွယ်မျိုး၌ ဖြစ်လေ၏။ ထိုအမျိုးကောင်းသားသည် အရွယ်ရောက်လျှင် ဘုရားကျောင်းတော်သို့သွား၍ တရားနာလေ့ရှိ၏။ တစ်နေ့သော် တရားနာယူနေစဉ် မြတ်စွာဘုရားရှင်က ရဟန်းတစ်ပါးအား "အကျဉ်းအားဖြင့် ဟောကြားအပ်သော တရားစကားကို အကျယ်အားဖြင့် ခွဲခြမ်းဝေဖန်ဟောကြားရာ၌ အသာလွန်ဆုံး၊ အကြီးမြတ်ဆုံးသော ဧတဒဂ်ထားတော်မူသည်ကို မြင်တွေ့ရသဖြင့် ကောင်းမှုကြီးစွာပြုလုပ်ပြီး ထိုရဟန်းကဲ့သို့ နောင်ပွင့်တော်မူမည့် ဘုရားတစ်ဆူဆူတွင် ဖြစ်ရပါစေတည်းဟု ဆုတောင်းခဲ့၏။ မြတ်စွာဘုရားလည်း ဆုတောင်းပြည့်အံ့သည်ကို မြင်၍ ဗျာဒိတ်ပေးတော်မူ၏။

## ၂၃။ ဂေါတမမြတ်စွာဘုရားလက်ထက်တေဒဂ်ဘွဲ့ရ ရဟန္တာမထေရ်မြတ် ၄၁-ဦး

| အမှတ်စဉ် | ဘွဲ့တော် | ရရှိသည့်တေဒဂ်အမည် |
|---|---|---|
| ၁။ | အရှင်ကောဏ္ဍည | ဝါကြီးရင့်ခြင်း၌ အကြီးမြတ်ဆုံးတေဒဂ် |
| ၂။ | အရှင်သာရိပုတ္တရာ | ဉာဏ်ပညာကြီးမားခြင်း၌ အကြီးမြတ်ဆုံး တေဒဂ် |
| ၃။ | အရှင်မဟာမောဂ္ဂလာန် | တန်ခိုးဣဒ္ဓိပါဒ်ကြီးမားခြင်း၌ အကြီးမြတ်ဆုံး တေဒဂ် |
| ၄။ | အရှင်မဟာကဿပ | ဓုတင်ဆောင်ခြင်း၌ အကြီးမြတ်ဆုံးတေဒဂ် |
| ၅။ | အရှင်အနုရုဒ္ဓါ | ဒိဗ္ဗစက္ခုအဘိဉာဏ်ရရှိခြင်း၌ အကြီးမြတ်ဆုံး တေဒဂ် |
| ၆။ | အရှင်ဘဒ္ဒိယ | အမျိုးမြတ်ခြင်း၌ အကြီးမြတ်ဆုံးတေဒဂ် |
| ၇။ | အရှင်လကုဏ္ဍကဘဒ္ဒိယ | အသံသာယာခြင်း၌ အကြီးမြတ်ဆုံးတေဒဂ် |
| ၈။ | အရှင်ပိဏ္ဍောလဘာရဒွါဇ | ရဲတင်းသောစကားကိုဆိုခြင်း၌ အကြီးမြတ် ဆုံး တေဒဂ် |
| ၉။ | အရှင်ပုဏ္ဏ | ဓမ္မကထိကအရာတရားဟောရာ၌ အကြီး မြတ်ဆုံးတေဒဂ် |
| ၁၀။ | အရှင်ကစ္စာန | အကျဉ်းကိုအကျယ်ဟောခြင်း၌ အကြီးမြတ် ဆုံးတေဒဂ် |
| ၁၁။ | အရှင်စူဠပန္ထက | မနောမယအဘိဉာဉ်ဖန်ဆင်းခြင်း၌ အကြီး မြတ်ဆုံးတေဒဂ် |
| ၁၂။ | အရှင်မဟာပန္ထက | အရူပစျာန်မှထ၍ရဟန္တာဖြစ်ခြင်း၌ အကြီး မြတ်ဆုံးတေဒဂ် |
| ၁၃။ | အရှင်သုဘူတိ | အပြစ်မရှိသောနေခြင်းနှင့် အလှူခံထိုက်ခြင်း ၌ အကြီးမြတ်ဆုံးတေဒဂ် |
| ၁၄။ | အရှင်ခဒိရဝနိယရေဝတ | တောရဆောက်တည်ခြင်း၌ အကြီးမြတ်ဆုံး တေဒဂ် |
| ၁၅။ | အရှင်ကင်္ခါရေဝတ | ဈာန်ဝင်ခြင်း၌ အကြီးမြတ်ဆုံးတေဒဂ် |
| ၁၆။ | အရှင်သောဏကောဠိဝိသ | လုံ့လဝီရိယကြီးခြင်း၌ အကြီးမြတ်ဆုံးတေဒဂ် |
| ၁၇။ | အရှင်သောဏကုဋိကဏ္ဏ | အဟောအပြောကောင်းခြင်း၌ အကြီးမြတ် ဆုံး တေဒဂ် |
| ၁၈။ | အရှင်သီဝလိ | လာဘ်ပေါ်များခြင်း၌ အကြီးမြတ်ဆုံးတေဒဂ် |

| အမှတ်စဉ် | ဘွဲ့တော် | ရရှိသည့်တေဒဂ်အမည် |
|---|---|---|
| ၁၉။ | အရှင်ဝက္ကလိ | သဒ္ဓါတရားလွန်ကဲခြင်း၌ အကြီးမြတ်ဆုံး တေဒဂ် |
| ၂၀။ | အရှင်ရာဟုလာ | သိက္ခာသုံးပါးကျင့်ဆောင်ခြင်း၌ အကြီးမြတ်ဆုံးတေဒဂ် |
| ၂၁။ | အရှင်ရဋ္ဌပါလ | သဒ္ဓါ၍ ရဟန်းပြုခြင်း၌ အကြီးမြတ်ဆုံးတေဒဂ် |
| ၂၂။ | အရှင်ကုဏ္ဍဓာန | စာရေးတံမဲပထမယူခြင်း၌ အကြီးမြတ်ဆုံး တေဒဂ် |
| ၂၃။ | အရှင်ဝင်္ဂီသ | ဖွဲ့ဆိုသီကုံးမှု၌ ဉာဏ်ပဋိဘာန်ရှိခြင်း၌ အသာလွန်ဆုံး တေဒဂ် |
| ၂၄။ | အရှင်ဥပသေန | ကြည်ညိုဖွယ်ရာဖြစ်ခြင်း၌ အကြီးမြတ်ဆုံး တေဒဂ် |
| ၂၅။ | အရှင်ဒဗ္ဗ | သံဃာတော်များအတွက်နေရာချထားခြင်း၌ အကြီးမြတ်ဆုံးတေဒဂ် |
| ၂၆။ | အရှင်ပိလိန္ဒဝစ္ဆ | နတ်တို့ချစ်မြတ်နိုးခြင်းခံရခြင်း၌ အကြီးမြတ်ဆုံးတေဒဂ် |
| ၂၇။ | အရှင်ဒါရုစီရိယ | လျင်မြန်စွာထိုးထွင်းသိခြင်း၌ အကြီးမြတ်ဆုံး တေဒဂ် |
| ၂၈။ | အရှင်ကုမာရကဿပ | ဆန်းကျယ်စွာတရားဟောခြင်း၌ အကြီးမြတ်ဆုံးတေဒဂ် |
| ၂၉။ | အရှင်မဟာကောဋ္ဌိတ | ပဋိသမ္ဘိဒါလေးပါးရခြင်း၌ အကြီးမြတ်ဆုံး တေဒဂ် |
| ၃၀။ | အရှင်အာနန္ဒာ | အကြားအမြင်များခြင်း၊ သတိကောင်းခြင်း၊ ဉာဏ်ကောင်းခြင်း၊ လုံ့လကြီးခြင်း၊ အပြုစုကောင်းခြင်း၌ အကြီးမြတ်ဆုံးတေဒဂ် |
| ၃၁။ | အရှင်ဥရုဝေလကဿပ | အခြံအရံများခြင်း၌ အကြီးမြတ်ဆုံးတေဒဂ် |
| ၃၂။ | အရှင်ကာဠုဒါယီ | ဆွေတော်မျိုးတော်တို့ကို ကြည်ညိုစေခြင်း၌ အကြီးမြတ်ဆုံးတေဒဂ် |
| ၃၃။ | အရှင်ဗာကုလ | ကျန်းမာရေးနှင့်ပြည့်စုံခြင်း၌အမြတ်ဆုံး တေဒဂ် |
| ၃၄။ | အရှင်သောဘိတ | ပုဗ္ဗေနိဝါသအဘိညာဉ်၌ အမြတ်ဆုံးတေဒဂ် |
| ၃၅။ | အရှင်ဥပါလိ | ဝိနည်းဆောင်ခြင်း၌ အမြတ်ဆုံးတေဒဂ် |

| အမှတ်စဉ် | ဘွဲ့တော် | ရရှိသည့်ဧတဒဂ်အမည် |
|---|---|---|
| ၃၆။ | အရှင်နန္ဒက | ဘိက္ခုနီတို့အားဆုံးမခြင်း၌ အကြီးမြတ်ဆုံး ဧတဒဂ် |
| ၃၇။ | အရှင်နန္ဒ | ဣန္ဒြေစောင့်ခြင်း၌ အကြီးမြတ်ဆုံးဧတဒဂ် |
| ၃၈။ | အရှင်မဟာကပ္ပိန | ရဟန်းများအားဆုံးမခြင်း၌ အကြီးမြတ်ဆုံး ဧတဒဂ် |
| ၃၉။ | အရှင်သာဂတ | တေဇောဓာတ်သမာပတ်ဝင်စားခြင်း၌ အကြီး မြတ်ဆုံးဧတဒဂ် |
| ၄၀။ | အရှင်ရာဓ | ဒေသကဘုရားရှင်အား ဒေသနာဉာဏ်အဆင့် ဆင့်ပွင့်စေခြင်း၌ အကြီးမြတ်ဆုံးဧတဒဂ် |
| ၄၁။ | အရှင်မောဃရာဇ | ခေါင်းပါးသော သင်္ကန်းကိုဆောင်ခြင်း၌ အကြီး မြတ်ဆုံး ဧတဒဂ် |

၂၄။ မြတ်စွာဘုရား၏ ဧတဒဂ်ထားခြင်းခံရသော ရဟန်းမိန်းမ(၁၃)ဦး

| အမှတ်စဉ် | ဘွဲ့တော် | ရရှိသည့်ဧတဒဂ်အမည် |
|---|---|---|
| ၁။ | မိထွေးတော်မဟာပဇာပတိ ဂေါတမီ | ဝါကြီးရင့်ခြင်း၌ အကြီးမြတ်ဆုံးဧတဒဂ် |
| ၂။ | ခေမာထေရီ | ဉာဏ်ပညာကြီးမြတ်ခြင်း၌ အကြီးမြတ်ဆုံး ဧတဒဂ် |
| ၃။ | ဥပ္ပလဝဏ်ထေရီ | တန်ခိုးဣဒ္ဓိပါဒ်ကြီးမားခြင်း၌ အကြီးမြတ်ဆုံး ဧတဒဂ် |
| ၄။ | ပဋာစာရီထေရီ | ဝိနည်းဆောင်ခြင်း၌ အကြီးမြတ်ဆုံးဧတဒဂ် |
| ၅။ | ဓမ္မဒိန္နာထေရီ | ဓမ္မကထိကအရာတရားဟောရာ၌ အကြီး မြတ်ဆုံးဧတဒဂ် |
| ၆။ | နန္ဒာထေရီ | ဈာန်ဝင်စားရာ၌ အကြီးမြတ်ဆုံးဧတဒဂ် |
| ၇။ | သောဏာထေရီ | လုံ့လဝီရိယအရာ၌ အကြီးမြတ်ဆုံးဧတဒဂ် |
| ၈။ | သကုလာထေရီ | ဒိဗ္ဗစက္ခုဉာဏ်အရာ၌ အကြီးမြတ်ဆုံးဧတဒဂ် |
| ၉။ | ဘဒ္ဒါကုဏ္ဍလထေရီ | အဘိညာဉ်အရာ၌ အလျင်မြန်ဆုံး၊ အကြီး မြတ်ဆုံးဧတဒဂ် |
| ၁၀။ | ဘဒ္ဒါကပိလာနိထေရီ | ပုဗ္ဗေနိဝါသဉာဏ်အရာ၌ အကြီးမြတ်ဆုံး ဧတဒဂ် |

| အမှတ်စဉ် | ဘွဲ့တော် | ရရှိသည့်တေဒဂ်အမည် |
|---|---|---|
| ၁၁။ | ဘဒ္ဒကစ္စာနာယသောဓရာ ထေရီ | ဉာဏ်အမြော်အမြင်ကြီးရာ၌ အကြီးမြတ်ဆုံး တေဒဂ် |
| ၁၂။ | ကိသာဂေါတမီထေရီ | ပံ့သုကူသင်္ကန်းကိုဆောင်ရာ၌ အကြီးမြတ်ဆုံး တေဒဂ် |
| ၁၃။ | သိင်္ဂါလမာတာဒေဝီ | သဒ္ဓါအားကြီးသောအရာ၌ အကြီးမြတ်ဆုံး တေဒဂ် |

၂၅။ ဂေါတမမြတ်စွာဘုရားလက်ထက်လက်ျာရံ ရဟန္တာမထေရ် (၄၀)

၁။ အရှင်သာရိပုတ္တရာ (အဂ္ဂသာဝက)
၂။ အရှင်အညာသိကောဏ္ဍည
၃။ အရှင်ဝပ္ပ
၄။ အရှင်ဘဒ္ဒိယ
၅။ အရှင်မဟာနာမ်
၆။ အရှင်အဿဇိ
၇။ အရှင်နာလက
၈။ အရှင်ယသ
၉။ အရှင်ဝိမလ
၁၀။ အရှင်သုဗာဟု
၁၁။ အရှင်ပုဏ္ဏဇိ
၁၂။ အရှင်ဂဝမ္ပတိ
၁၃။ အရှင်ဥရုဝေလကဿပ
၁၄။ အရှင်နဒီကဿပ
၁၅။ အရှင်ဂယာကဿပ
၁၆။ အရှင်မဟာကဿပ
၁၇။ အရှင်မဟာကစ္စည်း
၁၈။ အရှင်မဟာကောဋ္ဌိတ
၁၉။ အရှင်မဟာကပ္ပိန
၂၀။ အရှင်မဟာစုန္ဒ
၂၁။ အရှင်အနုရုဒ္ဓါ
၂၂။ အရှင်ကင်္ခါရေဝတ
၂၃။ အရှင်အာနန္ဒာ
၂၄။ အရှင်နန္ဒက
၂၅။ အရှင်ဘဂု
၂၆။ အရှင်နန္ဒိယ
၂၇။ အရှင်ကိမိလ
၂၈။ အရှင်ဘဒ္ဒိယ
၂၉။ အရှင်ရာဟုလာ
၃၀။ အရှင်သီဝလိ
၃၁။ အရှင်ဥပါလိ
၃၂။ အရှင်ဒဗ္ဗ
၃၃။ အရှင်ဥပသေန
၃၄။ အရှင်ခဒိရဝနိယရေဝတ
၃၅။ အရှင်မဟာပုဏ္ဏ
၃၆။ အရှင်စူဠပုဏ္ဏ
၃၇။ အရှင်သောဏကုဋိကဏ္ဏ
၃၈။ အရှင်သောဏကောဠိဝိသ
၃၉။ အရှင်ရာဓ
၄၀။ အရှင်သုဘူတိ

ပဋ္ဌာပြုးငယောက်တာပေ

## ၂၆။ ဂေါတမမြတ်စွာဘုရားလက်ထက်လက်ဝဲရံ ရဟန္တာမထေရ် (၄၀)

၁။ အရှင်မဟာမောဂ္ဂလာန် (အဂ္ဂသာဝက)
၂။ အရှင်အင်္ဂုလိမာလ
၃။ အရှင်ဝက္ကလိ
၄။ အရှင်ကာဠုဒါယီ
၅။ အရှင်မဟာဥဒါယီ
၆။ အရှင်ပိလိန္ဒဝစ္ဆ
၇။ အရှင်သောဘိတ
၈။ အရှင်ကုမာရကဿပ
၉။ အရှင်ရဋ္ဌပါလ
၁၀။ အရှင်ဝင်္ဂီသ
၁၁။ အရှင်သဘိယ
၁၂။ အရှင်သေလ
၁၃။ အရှင်ဥပဝါန
၁၄။ အရှင်မေဃိယ
၁၅။ အရှင်သာဂတ
၁၆။ အရှင်နာဂိတ
၁၇။ အရှင်လကုဏ္ဍကဘဒ္ဒိယ
၁၈။ အရှင်ပိဏ္ဍောလဘာရဒွါဇ
၁၉။ အရှင်မဟာပန္ထက
၂၀။ အရှင်စူဠပန္ထက
၂၁။ အရှင်ဗာကုလ
၂၂။ အရှင်ကုဏ္ဍဓာန
၂၃။ အရှင်ဒါရုစီရိယ
၂၄။ အရှင်ယသောဇ
၂၅။ အရှင်အဇိတ
၂၆။ အရှင်တိဿမေတ္တေယျ
၂၇။ အရှင်ပုဏ္ဏက
၂၈။ အရှင်မေတ္တဂူ
၂၉။ အရှင်ဓောတက
၃၀။ အရှင်ဥပသီဝ
၃၁။ အရှင်နန္ဒ
၃၂။ အရှင်ဟေမက
၃၃။ အရှင်တောဒေယျ
၃၄။ အရှင်ကပ္ပ
၃၅။ အရှင်ဇတုကဏ္ဏိ
၃၆။ အရှင်ဘဒြာဝုဓ
၃၇။ အရှင်ဥဒယ
၃၈။ အရှင်ပေါသာလ
၃၉။ အရှင်ပိင်္ဂိယ
၄၀။ အရှင်မောဃရာဇ

၂၇။ ဘုရားရှင်၏ တေဒဂ်ထားခြင်းခံရသော လူပုဂ္ဂိုလ် ယောကျ်ား (၁၀)ယောက်

| အမှတ်စဉ် | လူအမည် | ရရှိသည့်တေဒဂ်အမည် |
|---|---|---|
| ၁။ | တပုဿ၊ ဘလ္လိကညီနောင် | ရှေးဦးစွာသရဏဂုံတည်သောအရာ၌ တေဒဂ်ရသည်။ |
| ၂။ | အနာထပိဏ်သူဌေး | ပေးလှူသည့်အရာ၌ တေဒဂ်ရသည်။ |
| ၃။ | စိတ္တသူကြွယ် | တရားဟောသောအရာ၌ တေဒဂ်ရသည်။ |
| ၄။ | ဟတ္ထာဠဝက | ဝတ္ထုလေးပါးဖြင့်သင်္ဂြိုဟ်ထောက်ပံ့သော အရာ၌ တေဒဂ်ရသည်။ |
| ၅။ | မဟာနာမ်သာကီဝင်မင်း | အကောင်းအမြတ်တို့ကို အခါအမပြတ်ပေးလှူ တတ်သောအရာ၌ တေဒဂ်ရသည်။ |
| ၆။ | ဥဂ္ဂတသူကြွယ် | သံဃာကိုလုပ်ကျွေးရာ၌ တေဒဂ်ရသည်။ |
| ၇။ | ဥဂ္ဂသူကြွယ် | နှစ်သက်ရာအမြတ်ကိုလှူသောအရာ၌ တေဒဂ် ရသည်။ |
| ၈။ | သူရဗန် | မတုန်မလှုပ်ကြည်ညိုခြင်း၌ တေဒဂ်ရသည်။ |
| ၉။ | ဇီဝက | ပုဂ္ဂိုလ်ကိုကြည်ညိုတတ်သည့်အရာ၌ တေဒဂ် ရသည်။ |
| ၁၀။ | နကုလပိတာ | အကျွမ်းဝင်သောနေရာ၌ တေဒဂ်ရသည်။ |

၂၈။ ဘုရားရှင်၏ တေဒဂ်ထားခြင်းခံရသော လူပုဂ္ဂိုလ် မိန်းမ(၁၀)ယောက်

| အမှတ်စဉ် | လူအမည် | ရရှိသည့်တေဒဂ်အမည် |
|---|---|---|
| ၁။ | သူဌေးသမီးသုဇာတာ | ရှေးဦးစွာသရဏဂုံတည်ရာ၌ တေဒဂ်ရသည်။ |
| ၂။ | ဝိသာခါ | ပေးလှူတတ်ခြင်း၌ တေဒဂ်ရသည်။ |
| ၃။ | ခုဇ္ဇုတ္တရာ | အကြားအမြင်များသောအရာ၌ တေဒဂ်ရ သည်။ |
| ၄။ | သာမာဝတီ | မေတ္တာနှင့်နေသောအရာ၌ တေဒဂ်ရသည်။ |
| ၅။ | နန္ဒမာတာဥတ္တရာ | ဈာန်ဝင်စားသောအရာ၌ တေဒဂ်ရသည်။ |
| ၆။ | သုပ္ပဝါသာ | အကောင်းအမြတ်ကိုပေးလှူသည့်အရာ၌ တေဒဂ်ရသည်။ |
| ၇။ | သုပ္ပိယာ | သူနာကိုလုပ်ကျွေးပြုစုရာ၌ တေဒဂ်ရသည်။ |
| ၈။ | ကာတိယာနီ | မတုန်မလှုပ်ကြည်ညိုရာ၌ တေဒဂ်ရသည်။ |
| ၉။ | နကုလမာတာ | အကျွမ်းဝင်ခြင်း၌ တေဒဂ်ရသည်။ |
| ၁၀။ | ကာနိဒါယိကာမ | တစ်ဆင့်ကြား၍ကြည်ညိုရာ၌ တေဒဂ်ရသည်။ |

## နောက်ဆက်တွဲ

## မြန်မာနိုင်ငံနှင့် ဗုဒ္ဓသာသနာ

မြန်မာနိုင်ငံသို့ ဗုဒ္ဓဘာသာသနာတော် ရောက်ရှိခဲ့သောအချိန်ကို ရှေးဟောင်းသာသနာဝင် သမိုင်းမှတ်တမ်းများက အိန္ဒိယနိုင်ငံ၊ ပါတလိပုတ်ပြည့်ရှင် သီရိဓမ္မာသောကမင်းကြီး နန်းစံချိန်၊ သာသနာသက္ကရာဇ် (၂၃၆)ခုလောက်၊ အချိန်တဝိုက်ကဟု ရည်ညွှန်းဖော်ပြကြ၏။ သီရိဓမ္မာသောကမင်းကြီးသည် ဗုဒ္ဓသာသနာတော်ပြန့်ပွားတိုးတက်နိုင် စိမ့်သောငှာ တတိယအကြိမ် သံဂါယနာပွဲကြီးကို ကျင်းပပြီးနောက် မြန်မာနိုင်ငံအောက်ပိုင်း၊ သုဝဏ္ဏဘူမိဒေသသို့ သောဏနှင့် ဥတ္တရမထေရ်မြတ်နှစ်ပါး ဦးဆောင်ကာကြွရောက်တော်မူခဲ့သော အချိန်ပင်ဖြစ်ပါသည်၏။

ထိုမထေရ်မြတ်နှစ်ပါးသည် သုဓမ္မဝတီသထုံမြို့ကို ဗဟိုပြုပြီး ယနေ့ မွန်ပြည်နယ် အပါအဝင် ရာမညဒေသတစ်ဝှမ်းလုံး၌ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး၏ အခြေခံအုတ်မြစ်ကိုချခဲ့ပေးကြရာ ရာမညဒေသတစ်ခုလုံးတွင် ဗုဒ္ဓသာသနာတော်၏ အလင်းရောင်သည် နေရောင်လရောင်ပမာ ထွန်းလင်းတောက်ပခဲ့လေ၏။

ထိုနည်းတူစွာပင် ဗုဒ္ဓသာသနာတော်သည် ပျူတို့နေထိုင်ရာ ဗိဿနိုး၊ သရေခေတ္တရာ စသော ဒေသတဝိုက်ဆီ၌ မွန်တို့၏ရာမညဒေသသို့ ဗုဒ္ဓသာသနာတော် ရောက်လာချိန်နှင့် မရှေးမနှောင်းမှာပင် ရောက်ရှိခဲ့ပြီး အေဒီ (၄)ရာစုလောက်တွင် စည်ပင်တိုးတက်နေပြီ ဖြစ်သည့်ဟု သမိုင်းသုတေသီတို့က ဆိုကြ၏။

စစ်ကဲ မောင်ရွှေနော်ရေးသော မွန်ရာဇဝင်စေတီတော်ပေါင်းချုပ်သမိုင်းစသော စာအုပ်စာတမ်းများသည် မြန်မာနိုင်ငံအောက်ပိုင်းဒေသသို့ ဗုဒ္ဓဘာသာရောက်ရှိခဲ့သည့် အချိန်ကို ထိုထက်စောစွာ ဖော်ပြကြ၏။ မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် (၈)ဝါမြောက်၊ မဟာသက္ကရာဇ်(၁၁၁)ခုနှစ်တွင် ရဟန္တာ (၅၀၀) ခြံရံပြီး သုဓမ္မဝတီသထုံပြည်သို့ ကြွရောက်တော်မူခဲ့ကြောင်း ဖော်ပြထားခြင်းဖြစ်၏။ ထို့ကြောင့် သုဓမ္မဝတီ သထုံပြည်ကို ဗဟိုပြုသော ရာမညဒေသတွင် ဗုဒ္ဓသာသနာတော်သည် အရှင်သောဏနှင့် ဥတ္တရမထေရ်မြတ်နှစ်ပါး ကြွရောက်လာခြင်း မပြုမီကပင်လျှင် စတင်ရောက်ရှိခဲ့ပြီ ဖြစ်ကြောင်း ဆိုနိုင်ပါ၏။

မူလကနဦး သန္ဓေတည်ပြီးသော မြတ်ဗုဒ္ဓသာသနာတော်သည် နောင်တွင် အရှင်သောဏနှင့် ဥတ္တရမထေရ်နှစ်ပါးတို့ သာသနာပြုရောက်လာပြီးသည့် နောက်ပိုင်းတွင် သာသနာတော်သည် အရှိန်အဟုန်နှင့် တိုးတက်စည်ပင်လာကာ ဘုရင်မင်းမြတ်နန်းစိုက်ရာ သုဓမ္မဝတီမြို့သည် အခြားအရှေ့တောင်အာရှနိုင်ငံများ ဖြစ်ကြသည့် ကမ္ဘောဒီးယား၊ ထိုင်း၊ လာအို စသည့်ဒေသများမှ ရဟန်းသံဃာတော်များပင် လာရောက်ကာ ဗုဒ္ဓပိဋကတ်စာပေများသင်ကြားပို့ချရာ အချက်အချာဒေသကြီးတစ်ခုဖြစ်လာခဲ့၏။

သို့ရာတွင် ဖော်ပြခဲ့သည့် မွန်တို့၏ရာမညဒေသနှင့် ပျူဒေသတို့၌ ထွန်းကားပေါ်ပေါက်နေသည့် ဗုဒ္ဓဘာသာသည် မဟာယာန၊ ဟိန္ဒူနှင့် ရှေးဟောင်းအစွဲအလန်း၊ အယူအဆ၊ နတ်ကိုးကွယ်ယုံကြည်မှုတို့နှင့် ရောနှောနေပေရာ ထေရဝါဒဗုဒ္ဓဘာသာ အစစ်အမှန်ဖြစ်သည်ဟု မဆိုသာသေးချေ။

ဤအခြေအနေသည် (၁၁) ရာစု အလယ်ပိုင်းခရစ်နှစ် (၁၀၄၄)ခုနှစ်တွင် နန်းတက်သည့် အနိရုဒ္ဓဒေဝခေါ် အနော်ရထာမင်းလက်ထက်သို့ ရောက်သောအခါ ပြောင်းလဲသွားကာ စစ်မှန်သော ထေရဝါဒဗုဒ္ဓသာသနာသည် ပုဂံတွင် အခြေကျကာ တဖြည်းဖြည်းရှင်သန် ဖွံ့ဖြိုးခဲ့၏။ အနော်ရထာမင်းသည် သထုံမှကြွလာသော မွန်ရဟန်းရှင်အရဟံ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် သုဓမ္မဝတီ သထုံပြည်မှ ပိဋကတ်တော်များ၊ ပညာရှိရဟန်းတော်များ၊ ပညာတတ်လူပုဂ္ဂိုလ်များကို ပုဂံသို့ပင့်ဆောင်ခေါ်ယူကာ ပုဂံတွင် အမြစ်တွယ်ထွန်းကားနေသည့် အမ္မဝါဒီ အရည်းကြီးတို့ကို ဖယ်ရှား၍ ဗုဒ္ဓဘာသာ၊ ဗုဒ္ဓယဉ်ကျေးမှုတို့ကို အားသွန်ခွန်စိုက် ပြုစုပျိုးထောင် ချီးမြှောက်အားပေးခဲ့သောကြောင့် ဖြစ်၏။

ထို့ကြောင့် ပုဂံသည် ဗုဒ္ဓသာသနာသမိုင်းတွင် လက်မှန်မဆွ၊ ပထမဦးစွာ ပိဋကစာပေများ သင်ယူပို့ချခြင်း၊ ဗုဒ္ဓယဉ်ကျေးမှုများအခြေတည်ရာ စေတီပုထိုးများ၊ ကျောင်းကန်ဘုရားများကို တည်ဆောက်ကိုးကွယ်ခြင်းတို့ ပေါ်ထွက်လာကာ သီဟိုဠ်၊ ယိုးဒယား၊ ကမ္ဘောဒီယားနိုင်ငံတို့ကပင် အလေးအမြတ်ပြုရာ ဗုဒ္ဓဘာသာအခြေစိုက် ဌာနကြီးတစ်ခုအဖြစ် ရောက်ခဲ့၏။ ထို့အတူ အနော်ရထာမင်းတရားကြီးသည် ဗုဒ္ဓသာသနာသမိုင်းတွင် သီရိဓမ္မာသောကမင်းကြီးပြီးလျှင် ဒုတိယအရှိန်အဝါ၊ ကျေးဇူးအကြီးဆုံး သာသနာပြုဒါယကာမင်းတစ်ပါးအဖြစ် သာသနာသမိုင်းတွင် ထင်ရှားခဲ့၏။

ထို့အပြင် အရှေ့တောင်အာရှ ကျွန်းဆွယ်တစ်ခုလုံးကို ဘာသာရေးနည်းဖြင့် လွှမ်းခြုံစည်းရုံး ညီညွတ်စေပြီးလျှင် မဇ္ဈိမနှင့် တရုတ်ပြည်တို့ကို ရင်ဆိုင်နိုင်စွမ်းရှိသည့် ဗုဒ္ဓဝါဒီတို့၏ တန်ခိုးအရှိန်အဝါကြီးလှသော ဧကရာဇ်နိုင်ငံတော်ကြီးကို အနော်ရထာမင်းဦးဆောင်သော မြန်မာနိုင်ငံသားတို့သည် ကြိုးပမ်းတည်ဆောက်နိုင်ခဲ့ကြ၏။

အနော်ရထာလွန်သော် ကျန်စစ်သားမင်း၊ နရပတိစည်သူမင်း စသော ပုဂံမင်းတို့သည် ဗုဒ္ဓသာသနာတော်ကို ဆက်လက်ချီးမြှောက်ခဲ့ကြ၏။ ပြည်သူအပေါင်းတို့သည်လည်း မြတ်စွာဘုရား၏ အဆုံးအမအောက်တွင် ယဉ်ကျေးလိမ္မာစွာနေထိုင်ကြသဖြင့် ပုဂံမြို့ကြီးတစ်ခွင်လုံး၌ "လှည်းဝင်ရိုးသံ၊ တည်ညံ၊ ပုဂံဘုရားပေါင်း" ဆိုသည့်အတိုင်း စေတီ၊ ပုထိုး၊ ကျောင်းကန်ဇရပ်များကို တည်ထားကိုးကွယ်ကြ၏။

တစ်ဘက်ကလည်း ဗုဒ္ဓအဆုံးအမ၊ စာပေကျမ်းဂန်များကို လေ့ကျက်လိုက်စားသူများ၊ များပြားစွာပေါ်ထွက်လာကာ ကျစွာမင်းနှင့် သံပျင်မင်းသမီးကဲ့သို့သော ကျမ်းပြုသူ၊ ပရိယတ္တိစာပေပို့ချသူများပင် ပေါ်ပေါက်လာခဲ့၏။ ထို့အတူ သာသနာ့ဂုဏ်ဆောင်ရဟန်းသူမြတ်များလည်း ပေါ်ပေါက်ခဲ့၏။ ယင်းတို့မှာ ရှင်အရဟံမထေရ်၊ ပုံသုကူမထေရ်၊ ဆပဒမထေရ်စသည်တို့ဖြစ်၏။

ဤသို့ဖြင့် ဗုဒ္ဓသာသနာတော်သည် ဘုရားအလောင်းအမည်ခံထားသော (သို့မဟုတ်) ဘုရားဆုပန်သူအဖြစ် ခံယူထားသောမင်းတို့၏ ချီးမြှောက်အားပေးမှုဖြင့် ပင်းယ၊ ညောင်ရမ်း၊ အင်းဝ၊ ဟံသာဝတီစသော ခေတ်အသီးသီးကို ကျော်ဖြတ်လာခဲ့ရာ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ်၊ လွတ်လပ်ရေးခေတ်များဆီသို့ ရောက်လာ၏။ မည်သို့ပင်ခေတ်အမျိုးမျိုးပြောင်းလဲခဲ့စေကာမူ ဗုဒ္ဓသာသနာတော်၏ အရှိန်အဝါကားကျဆင်းသွားခြင်းမရှိချေ။ သမိုင်းတွင်အောင် အရေးပါလှသော သာသနာပြုလုပ်ငန်းကြီးများပင် ပေါ်ပေါက်ခဲ့သည်ကို တွေ့နိုင်ပါ၏။

ကုန်းဘောင်ခေတ်နောက်ပိုင်း၊ မင်းတုန်းမင်းလက်ထက်တွင် ပဉ္စမသံဂါယနာတင်ပွဲကြီးကိုလည်းကောင်း၊ လွတ်လပ်ရေးရပြီးနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ခေတ်တွင် ဆဋ္ဌသံဂါယနာတင်ပွဲကြီးကိုလည်းကောင်း၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့များတွင် စည်ကားစွာ ကျင်းပပြုလုပ်ခဲ့ရာ ယနေ့ဗုဒ္ဓသာသနာတော်ကြီးသည် မြန်မာနိုင်ငံအတွင်းမှာသာမက ကမ္ဘာ့နိုင်ငံများစွာထိတိုင် စည်ပင်ပြန့်ပွားထွန်းလင်းလျက် ရှိနေပေတော့၏။

ဦးဝမ်ထိန်

# မြန်မာနိုင်ငံသမိုင်းဝင်သာသနာပိုင်ဆရာတော်ကြီးများ

| အမှတ်စဉ် | သာသနာပိုင်ဆရာတော်အမည် | ပေါ်ပေါက်ခဲ့သောခေတ်နှင့်မင်းအမည် |
|---|---|---|
| ၁။ | ပန်တူကြီးသံဃရာဇာ | အင်းဝခေတ်၊ သတိုးမင်းဖျားလက်ထက် |
| ၂။ | ပင်လယ်ကျေးသံဃရာဇာ | အင်းဝခေတ်၊ မင်းကြီးစွာစော်ကဲလက်ထက် |
| ၃။ | အောင်စည်းခုံသံဃရာဇာ | အင်းဝခေတ်၊ မင်းခေါင်ကြီးလက်ထက် |
| ၄။ | ရခိုင်မဟာသံဃရာဇာ | အင်းဝခေတ်၊ မင်းကြီးစွာစော်ကဲလက်ထက် |
| ၅။ | အမြင့်ဆရာတော် | အင်းဝခေတ်၊ မင်းကြီးစွာစော်ကဲလက်ထက် |
| ၆။ | အရှင်သဒ္ဓမ္မဋ္ဌိတိဆရာတော် | အင်းဝခေတ်၊ နရပတိမင်းလက်ထက် |
| ၇။ | အရှင်အရိယာဝံသဆရာတော် | ပြည်ဘုရင်သတိုးမင်းစောလက်ထက် |
| ၈။ | အရှင်အတုလဝံသဆရာတော် | ပြည်ဘုရင်နရပတိလက်ထက် |
| ၉။ | ချောင်းဆုံသံဃရာဇာ | အင်းဝခေတ်၊ နရပတိမင်းလက်ထက် |
| ၁၀။ | မွန်သံဃရာဇာ | တောင်ငူခေတ်၊ တပင်ရွှေထီးမင်းလက်ထက် |
| ၁၁။ | ဟံသာဝတီမဟာသံဃရာဇာ | ဟံသာဝတီခေတ်၊ ဆင်ဖြူများရှင်မင်းတရားလက်ထက် |
| ၁၂။ | မဟာသံဃနာထဆရာတော် | ညောင်ရမ်းခေတ်၊ အနောက်ဘက်လွန်မင်းလက်ထက် |
| ၁၃။ | အတုလဆရာတော် | ကုန်းဘောင်ခေတ်၊ အလောင်းမင်းတရားလက်ထက် |
| ၁၄။ | တောင်တွင်းကြီးဆရာတော် | ကုန်းဘောင်ခေတ်၊ နောင်တော်ကြီးလက်ထက် |
| ၁၅။ | စရစ်ဆရာတော် | ကုန်းဘောင်ခေတ်၊ ဆင်ဖြူရှင်မင်းလက်ထက် |
| ၁၆။ | အရှင်သာပုံ | ကုန်းဘောင်ခေတ်၊ ဆင်ဖြူရှင်မင်းလက်ထက် |
| ၁၇။ | ထန်းတစ်ပင်ဆရာတော် | ကုန်းဘောင်ခေတ်၊ စဉ့်ကူးမင်းလက်ထက် |
| ၁၈။ | မန်လည်ဆရာတော် | ကုန်းဘောင်ခေတ်၊ ဘိုးတော်မင်းတရားလက်ထက် |
| ၁၉။ | မင်းအိုဆရာတော် | ကုန်းဘောင်ခေတ်၊ ဘိုးတော်မင်းတရားလက်ထက် |
| ၂၀။ | ဆုံတားဆရာတော် | ကုန်းဘောင်ခေတ်၊ ဘိုးတော်မင်းတရားလက်ထက် |
| ၂၁။ | မင်းရွာဆရာတော် | ကုန်းဘောင်ခေတ်၊ ဘိုးတော်မင်းတရားလက်ထက် |

## မြန်မာနိုင်ငံဝံသမိုင်းဝင်သာသနာပိုင်ဆရာတော်ကြီးများ

| အမှတ်စဉ် | သာသနာပိုင် ဆရာတော်အမည် | ပေါ်ပေါက်ခဲ့သောခေတ်နှင့် မင်းအမည် |
|---|---|---|
| ၂၂။ | ပထမမောင်းထောင် ဆရာတော် | ကုန်းဘောင်ခေတ်၊ ဘိုးတော်မင်းတရား လက်ထက် |
| ၂၃။ | စလင်းဆရာတော် | ကုန်းဘောင်ခေတ်၊ ဘကြီးတော်ဘုရားမင်း လက်ထက် |
| ၂၄။ | သဲအင်းဆရာတော် | ကုန်းဘောင်ခေတ်၊ ဘကြီးတော်ဘုရားမင်း လက်ထက် |
| ၂၅။ | ဒုတိယမောင်းထောင် ဆရာတော် | ကုန်းဘောင်ခေတ်၊ မင်းတုန်းမင်းလက်ထက် |
| ၂၆။ | ဒုတိယဖားကရာဆရာတော် | ကုန်းဘောင်ခေတ်၊ ပုဂံမင်းလက်ထက် |
| ၂၇။ | တောင်တော်ဆရာတော် | ကုန်းဘောင်ခေတ်၊ သီပေါမင်းလက်ထက် |
| ၂၈။ | ပခန်းဆရာတော် | ကုန်းဘောင်ခေတ်၊ သီပေါမင်းလက်ထက် |
| ၂၉။ | မိုးထားဆရာတော် | ကုန်းဘောင်ခေတ်၊ သီပေါမင်းလက်ထက် |
| ၃၀။ | တောင်ခွင်ဆရာတော် | ကိုလိုနီခေတ်၊ ဘုရင်ခံဆာဟူးဗန်း |

## မှီငြမ်းပြုစာအုပ်စာတမ်းများ


၁။ မဟာဝင်ဝတ္ထု၊ ကျီးသဲလေးထပ်ဆရာတော်၊ သုဓမ္မဝတီ၊ ရန်ကုန်၊ ၁၉၅၃ ခု။

၂။ ဇိနတ္ထပကာသနီကျမ်း၊ ကျီးသဲလေးထပ်ဆရာတော်၊ ဟံသာဝတီ၊ ရန်ကုန်၊ ၁၃၀၅ ခု။

၃။ နိုင်ငံတော်ဗုဒ္ဓသာသနမဟာဗုဒ္ဓဝင် (တွဲ၊ ၈အုပ်)၊ တိပိဋကဓရဆရာတော်၊ ဦးဝိစိတ္တသာရာဘိဝံသ။

၄။ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၊ ပဌမငါးခုန်ဆရာတော်၊ ဇမ္ဗူမိတ်ဆွေ၊ ရန်ကုန်၊ ၁၉၄၈ ခု။

၅။ ကမ္ဘာ့ဌာန်းကျမ်းကြီး၊ လယ်တီဆရာတော်၊ ဖွဲ့စာပေ၊ ရန်ကုန်မြို့။

၆။ အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်၊ သာသနာရေးဦးစီးဌာန၊ ရန်ကုန်၊ ၁၉၉၂ ခု။

၇။ သံယုတ်ပါဠိတော် မြန်မာပြန်၊ သာသနာရေးဦးစီးဌာန၊ ရန်ကုန်၊ ၁၉၉၂ ခု။

၈။ ပါစိတ်ပါဠိတော်မြန်မာပြန်၊ သာသနာရေးဦးစီးဌာန၊ ရန်ကုန်၊ ၁၉၉၂ ခု။

၉။ မဟာဝဂ်ပါဠိတော် မြန်မာပြန်၊ သာသနာရေးဦးစီးဌာန၊ ရန်ကုန်၊ ၁၉၉၂ ခု။


ပဏ္ဍာမြားငယောက်စာပေ

၁၀။ ပရိဝါပါဠိတော်မြန်မာပြန်၊ သာသနာရေးဦးစီးဌာန၊ ရန်ကုန်၊ ၁၉၉၂ ခု။
၁၁။ ဥပရိပဏ္ဏာသပါဠိတော်မြန်မာပြန်၊ သာသနာရေးဦးစီးဌာန၊ ရန်ကုန်၊ ၁၉၉၂ ခု။
၁၂။ ပါထိကဝဂ်ပါဠိတော်မြန်မာပြန်၊ သာသနာရေးဦးစီးဌာန၊ ရန်ကုန်၊ ၁၉၉၂ ခု။
၁၃။ ခုဒ္ဒကပါဠိတော်မြန်မာပြန်၊ သာသနာရေးဦးစီးဌာန၊ ရန်ကုန်၊ ၁၉၉၂ ခု။
၁၄။ ဗုဒ္ဓနိုင်ငံတော်၊ ဒု-တွဲ၊ အရှင်သံဝရာဘိဝံသ၊ ယောဂီပုံနှိပ်တိုက်၊ ရန်ကုန်။
၁၅။ နိဗ္ဗာနဒီပနီ၊ လယ်တီဆရာတော်၊ ဟံသာဝတီ၊ ရန်ကုန်။
၁၆။ ဓိနာလင်္ကာရဋီကာ၊ အရှင်ဗုဒ္ဓရက္ခိတ၊ သုဓမ္မဝတီ၊ ရန်ကုန်၊ ၁၃၁၂ ခု။
၁၇။ မိလိန္ဒပဉှာဝတ္ထု၊ ဒန့်တိုင်ဆရာတော်၊ သုဓမ္မဝတီ၊ ရန်ကုန်၊ ၁၂၉၂ ခု။
၁၈။ ပါရာယနဝတ္ထု၊ ရှင်မဟာသီလဝံသ၊ ဟံသာဝတီ၊ ရန်ကုန်၊ ၁၂၇၆ ခု။
၁၉။ ထေရာဘာသာပြန်၊ ပ-ဒု-တ တွဲများ၊ လယ်တီပဏ္ဍိတဦးမောင်ကြီး၊ ဒဂုန်၊ ရန်ကုန်။
၂၀။ ဗုဒ္ဓဘာသာအခြေပြု၊ မေဒိနီဆရာတော်၊ ဟံသာဝတီ၊ ရန်ကုန်၊ ၁၉၅၁ ခု။
၂၁။ ဓမ္မပဒဝတ္ထုတော်ကြီး၊ ညောင်လေးပင်တောရဆရာတော်
၂၂။ ဓမ္မစကြာတရားတော်၊ အနတ္တလက္ခဏာသုတ်တရားတော်၊ အရှင်ဇနကာဘိဝံသ ၁၉၉၁ ခု။
၂၃။ ဓမ္မပဒပါဠိတော်နိဿယနှင့် ဝတ္ထုနိဒါန်း၊ သင်္ဂဇာဆရာတော်၊ ဏ္ဍသာသယ ပုံနှိပ်တိုက်။
၂၄။ ပဋ္ဌာန်းတရားတော်၊ ဒေါက်တာအရှင်ကုမာရာဘိဝံသ၊ မိုးဝင်းပုံနှိပ်တိုက်၊ ရန်ကုန်။
၂၅။ မြန်မာ့စွယ်စုံကျမ်း အတွဲ ၆၊ ၁၃၊ စာပေဗိမာန်၊ ရန်ကုန်။
၂၆။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ ပ- ဒု-တ တွဲများ၊ သာသနာရေးဦးစီးဌာန၊ ၁၉၉၃၊ ၂၀၀၄ ခု။ မောင်အုံ၊ မဟာဝိဇ္ဇာ(ဘုံဘော)

# ပတ္တမြားစာပေ မှ
## ဆရာကြီး ဦးဝမ်ထိန် ပြုစုသည်
## ပညာရေးအထောက်အကူပြု/ကျောင်းသားလက်စွဲစာအုပ်များ

❀❀❀❀❀

၁။ ကမ္ဘာ့နေ့ကြီး ရက်ကြီးများနှင့် မြန်မာ့နေ့ကြီးရက်ကြီးများ
၂။ အခြေခံပညာအထက်တန်း ပြိုင်ပွဲဝင် စံပြစာစီစာကုံးများ
၃။ အခြေခံပညာအလယ်တန်း ပြိုင်ပွဲဝင် စံပြစာစီစာကုံးများ
၄။ အလယ်တန်း စံပြစာစီစာကုံးများ (သတ္တမတန်းနှင့်အဋ္ဌမတန်းအတွက်)
၅။ စံပြတက္ကသိုလ်ဝင် စာစီစာကုံးများ (နဝမတန်းနှင့်ဒသမတန်းအတွက်)
၆။ အလယ်တန်းနှင့် အထက်တန်း ကျောင်းသားများအတွက်
English Grammar With Letters and Essays
၇။ အလယ်တန်း အင်္ဂလိပ်စာ (100) Letters and Essays
(သတ္တမတန်းနှင့် အဋ္ဌမတန်းအတွက်)
၈။ အခြေခံမူလတန်းနှင့် မူလတန်းလွန် စံပြစာစီစာကုံးများ
၉။ မြန်စာဂုဏ်ရည် ပုလဲရတနာ အဆင့်မြင့်စာစီစာကုံးများ
၁၀။ 'လက်စွဲ' အင်္ဂလိပ်-မြန်မာ ကျောင်းသားသုံး အိတ်ဆောင် အဘိဓာန် (အသံထွက်ပါ)
၁၁။ 'လက်စွဲ' မြန်မာ-အင်္ဂလိပ် အိတ်ဆောင်အဘိဓာန်
၁၂။ 'ပတ္တမြားရတနာ'တက္ကသိုလ်ဝင် စာစီစာကုံးများ
၁၃။ 'ပတ္တမြားရတနာ'အလယ်တန်း စာစီစာကုံးများ
၁၄။ 'ပတ္တမြားရတနာ'မူလတန်းနှင့်မူလတန်းလွန် စာစီစာကုံးများ
၁၅။ 'ပတ္တမြားရတနာ' မြန်မာ့(၁၂)လရာသီပွဲတော် စာစီစာကုံးများ
၁၆။ အထက်တန်းကျောင်းသားများအတွက် 'လက်တွေ့စာစီစာကုံးများရေးနည်းလမ်းညွှန်'
၁၇။ အထက်တန်းကျောင်းသားများအတွက် 'လို-တို-ရှင်း အမြန်ဖတ် ပတ္တမြားရတနာ စာစီစာကုံးများ'
၁၈။ မြန်မာနှင့်ကမ္ဘာ နေ့ထူးနေ့မြတ်များဆိုင်ရာ ပြိုင်ပွဲဝင်ကဗျာများ
၁၉။ မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာ လက်တွေ့ရေးသားနည်းလမ်းညွှန်နှင့် ကျွမ်းကျင်မှုဆိုင်ရာ လေ့ကျင့်ခန်းများ
၂၀။ တက္ကသိုလ်ဝင်တန်း အင်္ဂလိပ် မေးနှင်း ပေါင်းချုပ် - Grade XI
၂၁။ နဝမတန်း အင်္ဂလိပ် မေးနှင်း ပေါင်းချုပ် - Grade X

**မှာယူရန်လိပ်စာ**

ပတ္တမြားစာပေ

အမှတ်(၁၆၈/မြေညီ)၊ ၃၃-လမ်း(အပေါ်)၊ ရန်ကုန်မြို့။
ဆိုင်ဖုန်း-၃၈၆၄၀၈၊ ၀၉ ၅၁-၁၄၀၈၆၊ ၀၉-၇၃၀၄၉၁၂၄
အိမ်ဖုန်း-၃၉၅၀၁၁၊ ၀၉ ၅၁-၁၄၀၈၇

ဆရာကြီး **ဦးဝမ်ထိန်** ပြုစုသည့်

## သုတပညာပေး စာအုပ်ကောင်း (၂၀)အုပ်

၁။ မြတ်ဗုဒ္ဓနှင့်မြတ်သာသနာ
၂။ ခုဒ္ဒကနိကာယ် "ဓမ္မပဒဂါထာဓမ္မရသများ"
၃။ မဃဒေဝလင်္ကာသစ်ကြီး နီတိများ
၄။ မဃဒေဝလင်္ကာသစ်ကြီး၏ အနှစ်ချုပ်စကားပြေ
၅။ ဖြောင့်သောမြား (သို့မဟုတ်) ယောက်ျားကောင်းဟူသည်
၆။ ကောင်းကျိုးကိုယ်၌ တည်စေသော်
၇။ မြင်းမိုရ်ထက်မြင့်သော စိတ်ထားများ
၈။ ရွှေလှေကားနှင့် တက်ခဲ့ပါ
၉။ လူတန်းစေ့ဘဝ တည်ဆောက်နိုင်ရေး
၁၀။ မေတ္တာဆောင် အောင်စေသတည်း
၁၁။ ကိုယ်ပိုင်အသိဖြင့် ဘဝခရီးကို အောင်မြင်စွာ လျှောက်လှမ်းခြင်း
၁၂။ "မြန်မာ့ရိုးရာ ဓမ္မသတ်ပုံပြင်များ"
၁၃။ "ခေါင်းလောင်းတီးသော ဘီလူးကြီးနှင့် အခြားပုံပြင်များ"
၁၄။ Applied English Speaking (I + II + III)
၁၅။ English Word Families (A to Z)
၁၆။ Modern English Grammar For Everyone
၁၇။ လေးစားအတုယူဖွယ် ကမ္ဘာ့စာဆိုကြီးများနှင့်အခြားပုဂ္ဂိုလ်ကျော်များ
၁၈။ စကားပုံများက ဖော်ညွှန်းနေသော မြန်မာ့စိတ်ဓာတ်နှင့်
မြန်မာမှုဆိုင်ရာဝေလေ့ထုံးတမ်းများ

---

**ဆရာကြီး ဦးဝမ်ထိန်ရေးသားပြုစုသည့် မကြာမီထွက်ရှိမည့် စာစီစာကုံးစာအုပ်(၃)အုပ်**

၁။ ပတ္တမြားရတနာ "ကမ္ဘာ့နေ့ကြီးရက်ကြီးများ၊ မြန်မာ့နေ့ကြီးရက်ကြီးများ"
၂။ တက္ကသိုလ်ဝင်တန်း လက်ရွေးစင် စာစီစာကုံးများ
၃။ အခြေခံပညာအလယ်တန်း လက်ရွေးစင် စာစီစာကုံးများ

---

**မှာယူရန်လိပ်စာ**

ပတ္တမြားငမောက်စာပေ
အမှတ်(၁၆၈/မြေညီ)၊ ၃၃-လမ်း(အထက်)၊ ရန်ကုန်မြို့။
ဆိုင်ဖုန်း-၃၈၆၃၀၈၊ ၀၉ ၅၁-၁၄၀၈၆၊ ၀၉-၇၃၀၄၉၁၂၄
အိမ်ဖုန်း-၃၉၅၀၁၁၊ ၀၉ ၅၁-၁၄၀၈၇

ပတ္တမြားငမောက်စာပေ

ရဟန်းတို့ ...

သာသနာတော်၏ကာလ အရှည်တည်တွန်း ပေရာသော အကြောင်းတရားကား သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓါန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနှစ်ပါး၊ ဤတရားအစုပင်တည်း။ ထိုတရားတို့ကိုလည်း ငါသည် အထူးထူးသော ပရိယာယ်အားဖြင့် သင်တို့အား ဟောကြားအပ်ပြီ။ ဤတရားတို့ကို အဖန်ဖန်တလဲလဲ နှလုံးသွင်းကာ သဒ္ဓါရတရားတို့၏ ကုန်တတ်၊ ပျက်တတ်သော သဘောကို ရှုကြကုန်လော့ ...

မြတ်ဗုဒ္ဓ

# မြတ်ဗုဒ္ဓနှင့် မြတ်သာသနာ

ဦးဝမ်ထိန်